http://www.dhammadownload.com

မဟာသတိပဋ္ဌာန်သုတ်ကို
ရှင်းလင်းမှုဝ့်ဆိုထားသော

တာဝနာဝတ္တု

မွေဒူတ အရှင်ပညာဇောတ

သိရီပဝရမွောစရိယ
ဝိသိဋ္ဌဒီဃဘာဏက
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ
ပိဋကတ္တယပါရဂူ
အဂ္ဂမဟာမွေကထိက

ဒုတိယ ပုံနှိပ်

http://www.dhammadownload.com



http://www.dhammadownload.com

မဟာသတိပဋ္ဌာန်သုတ်ကို

ရှင်းလင်းဖွင့်ဆိုထားသော

ဘာဝနာဝတ္ထု

THE STORY OF BHĀVANĀ

ဓမ္မဒူတ အရှင်ပညာဇောတ

သိရိပဝရ ဓမ္မာစရိယ - ဝိသိဋ္ဌ ဒီဃဘာဏက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဝိဇ္ဇာစရိယ ပါရဂူ

အဂ္ဂမဟာ ဓမ္မကထိက

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၁၅/၉၈ (၁၁)
မှက်နာပုံးခွင့်ပြုချက်အမှတ်- ၂၄/၉၈ (၁၁)
တန်ဖိုး -
အုပ်ရေ - (၁၀၀၀) -

ထုတ်ဝေသူကပြစာ

အေးရွှေအိမ်
တိုင်းလင်းစာပေတိုက် (၀၁၂၉၉) ၈/၆၅၊
အုပ်စု (၃)၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီး
ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

အေးကျင်လှိုင်
ကျော့အောင်အော့ပ်ဆက် (၀၃၂၄၉)
အမှတ် (၈၈)၊ ၄၄ - လမ်း၊ ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

❁	နိဒါန်း	၁
❁	ပုဗ္ဗကိစ္စ (၁၀) ပါး	၂၉
❁	ကာယာနုပဿနာ သတိပဋ္ဌာန်	၅၇
	၁။ အာနာပါနပိုင်း	၅၈
	၂။ ဣရိယာပထပိုင်း	၁၀၈
	၃။ သမ္ပဇဉ်ပိုင်း	၁၂၉
	၄။ ပဋိကူလမနသိကာရပိုင်း	၁၅၀
	၅။ ဓာတုမနသိကာရပိုင်း	၁၇၇
	၆။ နဝသိဝထိကပိုင်း	၁၉၃
❁	ဝေဒနာနုပဿနာ သတိပဋ္ဌာန်	၂၁၃
❁	စိတ္တာနုပဿနာ သတိပဋ္ဌာန်	၂၆၅
❁	ဓမ္မာနုပဿနာ သတိပဋ္ဌာန်	၂၇၉
	၁။ နီဝရဏပိုင်း	၂၈၀
	၂။ ခန္ဓာပိုင်း	၃၁၀
	၃။ အာယတနပိုင်း	၃၂၅
	၄။ ဗောဇ္ဈင်ပိုင်း	၃၆၈
	၅။ သစ္စာပိုင်း	၄၀၆
❁	နိဂုံး	၄၅၄

http://www.dhammadownload.com

http://www.dhammadownload.com

ဓမ္မဒူတဆရာတော်ကြီး၏
ထေရုပတ္တိအကျဉ်းချုပ်

နေရပ်လိပ်စာ

ဘွဲ့တော် - ဓမ္မဒူတ အရှင်ပညာဇောတ။
အသက်တော် - ၆၃ နှစ်၊ သိက္ခာ ၄၃ ဝါ။
သီတင်းသုံးရာဌာန - မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊
တောင်စွန်း ဓမ္မဒူတတောရ။

ဖွားမြင်တော်မူခြင်း

ဖွားမြင်ရာဌာန - ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟသံတမြို့နယ်၊ ဧရာဝတီတိုင်း။

ခမည်းတော်၊ မယ်တော် - ဦးတွတ် - ဒေါ်ငွေတင်။

ဖွားသက္ကရာဇ် - ၁၂၉၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄) ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀း၁၅) နာရီ။

မွေးချင်းများ - ဒေါ်သိန်း၊ အရှင်သုမိတ္တာဘိဝံသ၊ ဦးသန်းမောင်၊ ဦးသောင်း၊ ဦးလှထွန်း၊ ဦးချစ်၊ ဒေါ်မြင့်၊ ဦးအုန်းမောင်အားဖြင့် ရှစ်ယောက် ရှိရာတွင် ဓမ္မဒူတအရှင်ပညာဇောတသည် ခြောက်ယောက်မြောက် ဖြစ်ပါသည်။

ငယ်မည် - မောင်ချစ်

http://www.dhammadownload.com

ရှင်ရဟန်းအဖြစ်သို့ ရောက်ခြင်း

ရှင်ဖြစ်ရာဌာနနှင့် နေ့စွဲ - ဟသံတမြို့နယ်၊ ရေလဲကျေးရွာ စာသင်တိုက်။ ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်နေ့။

ဥပဇ္ဈာယ်ဆရာ - အရှင်ဥတ္တမ၊ ရေလဲကျေးရွာစာသင်တိုက်။

ဒါယကာ - ဦးတွတ်၊ ဒေါ်ငွေတင်၊ ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာ အုပ်စု၊ ဟသံတမြို့နယ်။

ရဟန်းဖြစ်ရာဌာနနှင့် နေ့စွဲ - ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှမ်းလမ်း၊ အောက်မဂ်္ဂလာသိဒ္ဓိတိုက်၊ ဗဒ္ဓသိမ်။ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် ၉း၁၅ နာရီ။

ဥပဇ္ဈာယ်ဆရာ - ဓေယျဝတီကျောင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဥတ္တမ။

ရဟန်းဒါယကာ - ဦးစံ၊ ဒေါ်တင်၊ သင်္ဂီဟပွဲရုံ၊ ရွှေတောင်တန်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ရှင်ဘွဲ့တော် - ရှင်ပညာဇောတ။

ရဟန်းဘွဲ့တော် - အရှင်ပညာဇောတ။

စာပေပရိယတ္တိသင်ကြားခြင်း

ကျောင်းသားဘဝ - ၁၂ နှစ်သားမှ ကျောင်းနေ၍ မြန်မာစာ၊ သခ်ၤာ၊ ၁၅ စောင်တွဲမှု သင်ခဲ့သည်။ ရေလဲကျေးရွာ စာသင်တိုက်၊ အရှင်ဥတ္တမ။

ရှင်သာမဏေဘဝ - ငယ်၊ လတ်၊ ကြီးအထိ သင်ယူခဲ့သည်။ ဆရာတော် အရှင်ဥတ္တမ (ရန်ကုန်)၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ (ရန်ကုန်)၊ အရှင်ဇနကာဘိဝံသ (အမရပူရ) တို့ဖြစ်ပါသည်။

ရဟန်းဘဝ - ဓမ္မာစရိယနှင့် ဒီဃဘာဏက အောင်သည်အထိသင်ယူခဲ့သည်။ ခေတ်ပညာများကို သံဃာ့တက္ကသိုလ်၌ သုံးနှစ်သင်ယူခဲ့သည်။ အရှင် ကောဒါဘိဝံသ (မန္တလေး)၊ အရှင် နာရဒါဘိဝံသ (မန္တလေး)၊ အရှင် သေဋ္ဌလ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးလှမောင်၊ ဦးဖေအောင်၊ ဦးစဝ်ထွန်းမှတ်ဝင်းတို့ ဖြစ်ပါသည်။

ပဋိပတ္တိကျင့်ခြင်း - ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေမင်းတောရ အရှင်ကောသလ္လမဟာထေရ်အထံ၌ လေးဝါတိုင်တိုင် သင်ကျင့်ခဲ့သည်။

http://www.dhammadownload.com

တရားဟောနှင့် ကျမ်းပြု - အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အမရပူရ၊ အရှင်ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)၊ ပဌာန်း ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မိုးကုတ်ဆရာတော် (အပ္ပမဟာပဏ္ဍိတ)၊ စာရေးဆရာဦးသော်ဇင်တို့အထံ၌ တရားဟော၊ တရားပြ နှင့် ကျမ်းပြုအတတ်ကို သင်ယူခဲ့သည်။

အောင်မြင်ခဲ့သော စာမေးပွဲများ - အစိုးရစာချုတန်း၌ မြန်မာဂုဏ်ထူး နှင့် အောင်မြင်ခဲ့၍ 'သာသနဓဇ သိရီပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်၊ တိပိဋကဓရ ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆို နိုင်ခဲ့၍ 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃ ဘာဏက' ဘွဲ့တံဆိပ်နှင့် စေတီယင်္ဂဏ စာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်း သန့်ရှင်းစွာပြန်ဆိုနိုင် ခဲ့၍ 'အဘိ သိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်များ ရရှိခဲ့သည်။

စာပေကျမ်းကန် ပို့ချသင်ကြားပေးခဲ့ခြင်း - တောင်စွန်းဓမ္မဒူတတောရ၌ ရှင်ရဟန်း (၁၀၀) ကျော်၊ မဏိဇေယျူသိလရှင်စာသင်တိုက်၌ သီလရှင် ၅၀ ကျော်တို့ကို မူလ၊ ငယ်၊ လတ်၊ ကြီး၊ စာချတန်းတို့ကို သင်ကြားပို့ချလျှက် ရှိသည်။

တည်ထောင်ခဲ့သော စာသင်တိုက်များ

(၁) ဓမ္မဒူတတောရ စာသင်တိုက်၊ တောင်စွန်း
(ရှင်ရဟန်း ၁၃၀ ကျော်ရှိ)

(၂) မဏိဇေယျူ သီလရှင်စာသင်တိုက်၊ တောင်စွန်း
(သီလရှင် ၆၀ ကျော်ရှိ)

(၃) ဓမ္မဒီပရိပ်သာ၊ အင်းရဲ၊ ကျုံပျော်
(ရှင်ရဟန်း၊ သီလရှင် ၃၀ ကျော်)

(၄) ဓမ္မဒူတကျောင်းတိုက်၊ မုဒုံ (ရှင်ရဟန်း ၂၀ ကျော်ရှိ)

(၅) ဓမ္မဒူတရိပ်သာ၊ သထုံ
(တစ်နှစ်လျှင် နှစ်ကြိမ် တရားစခန်းဖွင့် စာသင်)

(၆) ဓမ္မဒူတ၊ ရွှေညောင်ပင်ရိပ်သာ၊ ဇရစ်ရိုးကျေးရွာ၊ ကျုံပျော်မြို့။

(၇) ဓမ္မဒူတ၊ အောင်မင်္ဂလာရွှေကျင်ကျောင်း၊ နိုင်းပြိုင်ရွာ၊ မုဒုံမြို့။

(၈) ဓမ္မဒူတ၊ အောင်မြေသုခကျောင်း၊ ဟသံတမြို့။

http://www.dhammadownload.com

ရေးသားပြုစုသော ကျမ်းစာများ

၁။	ဒါနဝတ္ထု	(၃) ကြိမ်ရိုက်ဆဲ
၂။	သီလဝတ္ထု	။
၃။	ဗုဒ္ဓဓမ္မပြဿနာများ (၁)	။
၄။	ဘာဝနာဝတ္ထု	။
၅။	ဒေါသဖြေဖျောက်နည်း	(၂) ကြိမ်ရိုက်ပြီး
၆။	ဗုဒ္ဓဓမ္မပြဿနာများနှင့်	(၂) ကြိမ်ရိုက်ဆဲ
၇။	ဗုဒ္ဓ၏သက်သက်လွတ်	။
၈။	ဗုဒ္ဓဓမ္မပြဿနာများ (၃)	။
၉။	ရှင်လောင်းသင် ရှင်ကျင့်ဝတ်	(၂) ကြိမ်ရိုက်ဆဲ
၁၀။	ဗုဒ္ဓဓမ္မပြဿနာများ (၄)	။
၁၁။	အယူဝါဒရှင်းတမ်း	။
၁၂။	ဗုဒ္ဓဓမ္မပြဿနာများ (၅)	။
၁၃။	ဗုဒ္ဓဓမ္မပြဿနာများ (၆)	။
၁၄။	ငြင်းခုံပွဲမှ အမြတ်	။
၁၅။	မွေးမေ့မေတ္တာ	(၂) ကြိမ်ရိုက်ပြီး
၁၆။	ဗုဒ္ဓဓမ္မပြဿနာများ (၇)	(၂) ကြိမ်ရိုက်ဆဲ
၁၇။	အလှူခံတစ်ကျိပ်လေး	။
၁၈။	ဗုဒ္ဓဓမ္မပြဿနာများ (၈)	။
၁၉။	ဓမ္မာနုပဿနာသတိပဋ္ဌာန်ရှုပွားနည်း	(၄) ကြိမ်ရိုက်ဆဲ
၂၀။	ဝေဒနာရှုပွားနည်း	(၃) ကြိမ်ရိုက်ပြီး
၂၁။	မီးကျီးတွင်းမှ ပွင့်သောကြာ	(၂) ကြိမ်ရိုက်ပြီး
၂၂။	ဓမ္မအန္တရာယ်ကာကွယ်ရေး	(၂) ကြိမ်ရိုက်ဆဲ
၂၃။	ဗုဒ္ဓဓမ္မပြဿနာများ (၉)	။
၂၄။	သာသနာ့လမ်းစဉ်	(၂) ကြိမ်ရိုက်ပြီး
၂၅။	မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်	။
၂၆။	အလှူသင်တန်း	(၂) ကြိမ်ရိုက်ဆဲ
၂၇။	အမှောင်နှင့်အလင်း	(၂) ကြိမ်ရိုက်ပြီး
၂၈။	မျှတမှ တရားရ	(၂) ကြိမ်ရိုက်ဆဲ

http://www.dhammadownload.com

၂၉။	အနေကဇာတင်နည်း (၇) နည်း	(၁) ကြိမ်ရိုက်ပြီး
၃၀။	ဓာရဏာပရိတ်နှင့် ဘုရားရှိခိုးများ	။
၃၁။	သက်ရှင်ဆွမ်းကျွေးတရားတော်	(၂) ကြိမ်ရိုက်ပြီး
၃၂။	ဗုဒ္ဓဓမ္မပြဿနာများ (၁၀)	(၁) ကြိမ်ရိုက်ပြီး
၃၃။	ဓာရဏာပရိတ်နှင့် ပါဠိဖတ်နည်း ပုံသေနည်း	(၁) ကြိမ်ရိုက်ပြီး
၃၄။	ဝိဇ္ဇာနှင့် စရဏ	(၂) ကြိမ်ရိုက်ဆဲ
၃၅။	မဲ့သေ ပြုံးသေ	(၁) ကြိမ်ရိုက်ပြီး
၃၆။	သောကငြိမ်းသတ် တရားမြတ်	။
၃၇။	သက်သက်လွတ်ဆောင်းပါးများ	(၁) ကြိမ်ရိုက်ဆဲ
၃၈။	ဒဏ်ဆယ်ပါး	။
၃၉။	ဗုဒ္ဓဓမ္မပြဿနာများ (၁၁)	(၁) ကြိမ်ရိုက်ပြီး
၄၀။	အာဠာဝကဒျတ်ခန်း	(၁) ကြိမ်ရိုက်ဆဲ
၄၁။	ဓမ္မဒူတ ဆရာတော်ကြီး၏ အဆုံးအမများ	(၁) ကြိမ်ရိုက်ပြီး
၄၂။	ဝိပဿနာဆိုတာ ဘာလဲ	။
၄၃။	ဆောင်ပါးပေါင်းချုပ်	။

တို့ဖြစ်ပါသည်။

သာသနာရေး အားပေးဆောင်ရွက်ခဲ့ခြင်း။

သာသနာရေးဆိုင်ရာ အဖွဲ့များ၌ - ဘီးလင်းမြို့နယ်၊ ရွှေကျင်နိကာယ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် (၁၀) နှစ်၊ သမ္မုတိရ သံဃကိုယ်စားလှယ်၊ ရွှေကျင်နိကာယ ပြည်နယ်သံဃနာယကအဖွဲ့ဝင်၊ ရွှေကျင်နိကာယ ဂိုဏ်းလုံး ဝန်ဆောင် နာယက။

သာသနာပြုခဲ့သောလုပ်ငန်းများ - ဓမ္မဒူတတောရကျောင်းတိုက်၌ ဝါတွင်းကာလ ပရိယတ္တိစာပေပို့ချခြင်း၊ တစ်နှစ်ပတ်လုံး ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် (၁၀) ရက်စခန်း၊ (၇) ရက်စခန်း စသည်စခန်းပေါင်း (၇၀) ကျော်တို့တွင် တရားဟောတရားပြလျက်ရှိပြီး ဘုရားပွဲ၊ စာပြန်ပွဲ၊ အလှူပွဲများတွင်လည်း တရားဟောကြားပေးခဲ့ပါသည်။

http://www.dhammadownload.com

အခြားရရှိခဲ့သော ဘွဲ့တံဆိပ်များ - ၁၉၉၃ ခုနှစ်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ 'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်၌ သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိ စာမေးပွဲအသင်းကြီးမှ 'ဝိဋ္ဌကတ္တယ ပါရဂူ' ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ 'အဂ္ဂမဟာဓမ္မကထိက' ဘွဲ့တံဆိပ်ကိုလည်းကောင်း ဆက်ကပ်ခံရပါသည်။

ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ထူးခြားသော ဆောင်ရွက်ချက် -စာချခြင်း၊ တရားဟောခြင်း၊ တရားပြခြင်းကိစ္စများ ပြီးလျှင်ပြီးချင်း အားချိန်နားချိန် သီးခြားမထားဘဲ ကျမ်းစာကြည့်ရှုခြင်း၊ ကျမ်းစာရေးသားခြင်း၊ ဆောင်းပါးများရေးသားခြင်းဖြင့် အချိန်ကို ကုန်လွန်စေပါသည်။

ဆရာတော်သည် စာရေး၊ စာချ၊ တရားဟော၊ တရားပြ သာသနာ့အလုပ်တစ်ခုမှ အလုပ်တစ်ခုကို ပြောင်းလွဲလုပ်ကိုင်နေရင်းဖြင့်သာ အနားယူလေ့ရှိပါသည်။

ထူးခြားသော မိန့်မှာချက်များ

'သာသနာတော်မှာနေတဲ့ သာသနာ့ဝန်ထမ်းဆိုတာ အမြဲတမ်းဝန်ထမ်းနေရမယ်၊ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့တာဝန်ဆိုတာ သင်တာ ကျင့်တာပဲ၊ သင်ယူရင်း ကျင့်ရမယ်၊ ကျင့်ရင်းလည်း သင်ယူရမယ်၊ မသင်မကျင့်လျှင် သာသနာ့ဝန်ထမ်း မဟုတ်ဘူး။ သာသနာတော်နှင့် မထိုက်တန်ဘူး။

မိမိတို့အတွက် သင်ပြီးကျင့်ပြီးလျှင် အများအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး။ ဗုဒ္ဓဘုရားရှင်သည်ပင် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့လည်း သေသည့်တိုင်အောင် သာသနာ့အကျိုးကို သယ်ပိုးရွက်ဆောင်ကြပါ' ဟု မိန့်ကြားလေ့ရှိပါသည်။

တစ်ဘဝ၊ တစ်ခန္ဓာ ချုပ်ငြိမ်းတော်မူခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ဓမ္မဒေသနာခရီး ကြွချီနေစဉ် ၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ (၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်) တနလ်ာနေ့၊ နံနက် (၁) နာရီ (၃၃) မိနစ် အချိန်၌ ရန်ကုန်မြို့တွင် တစ်ဘဝ တစ်ခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဘာဝနာဝတ္ထု

နိဒါန်းနှင့် ပုဗ္ဗကိစ္စ (၁၀) ပါး

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်း

သံသရာ "ခန္ဓာ၊ အာယတန၊ ဓာတ်ဟူသော ရုပ်-နာမ် နှစ်ရပ် ပရမတ်တရား တို့၏ အစဉ်မပြတ် မရပ်မနား တရစပ်ဖြစ်ပွားလျှံနေသော အခြင်း အရာကို သံသရာဟူ၍ ခေါ်သည်။ မှန်၏၊ ရုပ်-နာမ်နှစ်ပါးတို့သည် မြစ်ရေ အသွင် အစဉ်မပြတ် ရဟတ်အလား ဆုံလည်နွားကဲ့သို့ ဝဋ်ဆုံးပါး သံသရာ ဖြစ်ပျက်ကာ မျောပါလျက် ပြေးသွားနေကြကုန်၏။"

မွန်စိန်တောရ ရုပ်-နာမ် နှစ်ပါးဟူသော သတ္တဝါ သံသရာ ခရီးသွားတို့ သည်လည်း ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝ၊ ဤဘဝ ထဲမှာပင် ဤအရပ်မှ ထိုအရပ်၊ ထိုအရပ်မှ ဤအရပ် စသည်ဖြင့် အထပ်ထပ် အဖန်ဖန် တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား လှည့်လည်နေကြ ရသည့် ဓမ္မတာအတိုင်းပင် သတ္တဝါတစ်ယောက်ဖြစ်သော မိမိသည်လည်း တစ်တောဝင်ထွက်၊ တစ်တောင်တက်ဆင်း၊ သစ်တစ်ပင် ရင်း၊ ဝါးတစ်ပင်ရိပ် ခိုလှုံရာမှ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရသို့ ရောက်ခဲ့ပြန်လေပြီ။

မိမိခေါ်ရာ မည်သည် "မွန်စိန်တောရ" ဟူသော အမည်မှာ မိမိရောက် ခါမှ မှည့်ခေါ်လိုက်သော အမည်ဖြစ်၏။ ဇေတ မင်းသား၏ဥယျာဉ်၌ ဆောက်လုပ်သည့်ကျောင်းကို ဇေတဝန်ကျောင်း ခေါ်သလို

http://www.dhammadownload.com

ဒကာ-မွန်စိန်၏ ဥယျာဉ်ထဲတွင် ဆောက်လုပ်ထားသည့်တောရ ကျောင်းဖြစ်၍ **"မွန်စိန်တောရ"** ဟု မှည့်ခေါ်လိုက်ခြင်းဖြစ်ပါ၏။ အစင် ရွာမှ လူအများနှင့် အနီးအပါးမှ လူအများကမူ တောကျောင်းဟူ၍ လည်းကောင်း၊ တောရကျောင်း ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။

တောရကျောင်းအင်္ဂါ ညီညွတ်စွာ မွန်စိန်တောရမှာ အစင်ရွာ၏ မြောက်ဘက်တွင် တည်ရှိ၏။ ရွာနှင့်လည်း မလှမ်းမကမ်းပင်။ ဝိဝေကလည်းရ၏။ တိတ်ဆိတ်ငြိမ်သက်၏။ လူသံသူသံ မဆိုထား ဘီ ကျယ်လွန်းလှသော လောက်(ဒ်)စပီကာသံပင် မကြားရ။ လူဆိုးသူခိုးမရှိ။ သားရဲတိရစ္ဆာန် ဘေးရန်လည်းမရှိ၊ "မဝေးနီးမော၊ မရောလူရှင်၊ မှက်ခြင်ပါးနည်း၊ ပစ္စည်း၊ မိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေကျောင်းအင်္ဂါ" ဟူသော တောရကျောင်း အင်္ဂါနှင့်လည်း ပြည့်စုံညီညွတ်လှ၏။

သာယာတင့်မော စိန်မွန်တော တောရကျောင်း တည်နေရာ ခြံဥယျာဉ်မှာ ဖလံလိန်တောင်စောင်း တောင်ခြေတွင်ဖြစ်၍ ရှံညွန် ဗွက်အိုင်မရှိ။ သန့်ရှင်းသော ခြံဥယျာဉ်ကြီး ဖြစ်၏။ ခြံဥယျာဉ်ထဲတွင် စိမ်းလန်းစိုပြည်သော ငှက်ပျော၊ အုန်း၊ ကွမ်းသီး၊ တည်း၊ ကျဲကော၊ မာလကာ၊ သရက်၊ ဒူးရင်း၊ ပိန္နဲ၊ နရွဲ၊ စုံကဒတ် စသော သီးပင်များ၊ သနပ်ခါး၊ စကားဝါ၊ စံပယ်၊ ဇီဇဝါ၊ နှင်းဆီ စသော ပန်းမျိုးစုံများ၊ ရာဘာစသော အစေးပင်များ၊ အရိပ်ကောင်းသော တောသစ်ပင်ကြီးငယ်များ၊ ရေတံခွန်စိမ့်စိမ်းများ၊ လှိုဏ်မြောင်များနှင့် တောကြက်၊ တောငှက်မျိုးစုံတို့၏ တွန်မြူးသံများဖြင့် သာယာတင့်မောလှပါ၏။

နတ်တူးစမ်းပမာ မွန်စိန်တောရ တည်ရှိရာ တောင်ခါးလယ်လောက်မှာ စမ်းပေါက်တစ်ပေါက်မှ နတ်တူးစမ်းပမာ စမ်းရေများ လွှဲထွက်လျက်ရှိ၏။ ယင်းစမ်းပေါက်ရှေ့မှ ကန်ငယ်လေး တစ်ကန်ဆည်ကာ ပိုက်သွယ်လျက် အောက်ဘက်ရှိ လှောင်ကန်ကြီးသုံး လုံးဆီသို့ ရေများလွှတ်၍ သိုလှောင်ထား၏။ ယင်းကန်ကြီးနှစ်လုံးမှ ရေများကို ကျောင်း ၆ လုံးရှိရာ သိမ်ကျောင်းမှတစ်ပါး၊ ကျောင်း ၅ လုံး ဆီသို့ ပိုက်အသီးသီးသွယ်၍ ရေချိုးခန်း၊

http://www.dhammadownload.com

ကုဋ္ဌီ၊ သုံးရေ၊ သောက်ရေအိုးစင် အထိ ရေလွှတ်ပေး၍ ရေချမ်းသာလှ၏။

စာအုပ်များစုံလင် ကျောင်းကလေးများမှာ မကြီးမသေး၊ တစ်ပါးနေမျှတသော ကျောင်းများဖြစ်၏။ တစ်ကျောင်း နှင့်တစ်ကျောင်း မနီးလွန်း၊ မဝေးလွန်းလှ။ တောင်စောင်းတွင် အထက် အောက် စီရရီ တည်ရှိနေသည်မှာ နတ်ဘုံနတ်နန်းများပမာ ကျက်သရေ ရှိလှပါ၏။ ကျောင်းတိုင်းတွင် ဘုရားဆောင်၊ အိပ်ခန်း၊ ဆွမ်းစားခန်း၊ စင်္ကြံန်၊ ကုဋ္ဌီ၊ ရေချိုးခန်း စသည် စုံညီပြည့်ဝလှ၏။ အထူးသဖြင့် နိကယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ စာကြည့်စာအုံအလင်တို့မှာ ဗီရိုကြီးငယ်များဖြင့် အပြည့် ကျောင်းတိုင်းတွင် ရှိ၏။

ရှုခင်းသာ တောရကျောင်းတွင်းမှမူ အဝေးအနီးရှိ ရှုကြီးရှုငယ်များကို မမြင်ရ။ ဖလ်လိန်တောင်ထိပ်သို့ အညောင်းပြေ လမ်းလျှောက်တက်သွားမူ မှိုင်းညို့မှုန်ပြာ ရေဇလာဖွေးဖွေး လှိုင်းတံပိုးကြီးငယ် လှေကြီးငယ်တို့နှင့် ရှုကြည့်မဆုံးနိုင်သော အလှဆင်ပြင်ကျယ် ရေပင်လယ်ကြီးနှင့် ရေးမြို့၊ ဇီးဖြူသောင်စသော မြို့ရွာကြီးငယ်များ၊ ရှုခင်းသာများကို တွေ့မြင်နိုင်ပါ၏။

ကိုရင်တိသဿ မိမိသည် ဖလ်လိန်တောင်ထိပ်သို့ တက်တိုင်းပင် ခုနစ်နှစ်အရွယ် အငယ်ကလေးနှင့် တောထွက်ပြီး တရားအားထုတ်သော် သုံးလကျော်အကြာမှာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားသော သာမဏေကျော် ကိုရင်တိသဿနှင့် ဘုရားရှင်တို့ မေးဖြေ သောစကားကို ကြားယောင်မိပေ၏။

"ချစ်သား တိသ၊ ဒီတောင်ထိပ်ကနေ ကြည့်ရှုသော် ဘာကိုမြင်ရသလဲ"

"မြတ်စွာဘုရား၊ မဟာသမုဒ္ဒရာကြီးကို မြင်ရပါတယ်ဘုရား"

"ချစ်သားတိသ၊ မဟာသမုဒ္ဒရာကြီးကိုမြင်ရတော့ သင့်စိတ် ထဲမှာ ဘယ်လိုအကြံအစည် ဖြစ်သလဲ"

"မြတ်စွာဘုရား၊ ဟောသမုဒ္ဒရာကြီးကိုမြင်ရတော့ 'ငါဒုက္ခ ရောက်၍ ငိုခဲ့ရတဲ့မျက်ရည်တွေဟာ မဟာသမုဒ္ဒရာလေးစင်းရှိ ရေတွေ ထက်ပင်

http://www.dhammadownload.com

များလှပါသေးကလား' လို့ အကြံအစည်ဖြစ်မိပါတယ် ဘုရား"

"ချစ်သား တိသ၊ သာဓု သာဓု၊ ဒီအတိုင်းပဲ ချစ်သားတိသ သတ္တဝါတစ်ယောက် ဒုက္ခရောက်၍ ငိုခဲ့ရတဲ့မျက်ရည်တွေဟာ မဟာသမုဒ္ဒရာလေးစင်းရှိ ရေတွေထက်ပင် များလှပါသေးတယ်"

"ချစ်သား တိသ၊ သင် ဘယ်နေရာမှာနေသလဲ"

"မြတ်စွာဘုရား၊ ဒီတောင်လိုဏ်ခေါင်းထဲမှာ နေပါတယ် ဘုရား၊"

"ချစ်သားတိသ၊ သင် ဒီတောင်လိုဏ်ခေါင်းထဲမှာနေတော့ဘယ်လို အကြံအစည်ဖြစ်သလဲ"

"မြတ်စွာဘုရား၊ 'ငါသေသဖြင့်ဒီတောင်လိုဏ်ခေါင်းထဲမှာချည်းပဲ အလောင်းတွေ မြုပ်ခဲ့ရတဲ့ဘဝဟာ ရေတွက်မရ များပြားလှပြီတကား' လို့ အကြံအစည်ဖြစ်မိပါတယ်ဘုရား"

"ချစ်သား တိသ၊ သာဓု သာဓု ဒီအတိုင်းပဲ ချစ်သားတိသ၊ ဒီသတ္တဝါတွေဟာ ဒီမြေကြီးပေါ်မှာ မသေဖူးတဲ့နေရာရယ်လို့ မရှိဘူး"

အငိုအသေ ဒုက္ခမလွတ်သေး "အင်း၊ ယခုဆိုလျှင် ကိုရင်ကလေး တိသကတော့ အငို၊ အသေ၊ ဒုက္ခ လွတ်ရာ နိဗ္ဗာန်သို့ ဝင်စံသွားပြီ။ ငါ့မှာတော့ အငို၊ အသေ၊ ဒုက္ခ မလွတ်သေးပါကလား။ ရှေ့ဆက်လက်၍ ဘယ်လောက်တောင် ငိုရ၊ သေရ၊ ဒုက္ခရောက်ရဦးမလဲ မသိဘူး။ အငို၊ အသေ၊ ဒုက္ခလွတ်ကြောင်း နည်း လမ်းကောင်းကတော့ ကိုရင်တိသ ကျင့်ကြံသွားသလို ဝိပဿနာတရားကိုပဲ စနစ်တကျ ကျင့်ကြံအားထုတ်မှုပဲရှိတယ်"

အကျိုးရှိမည် "အင်း၊ ငါလဲ ဒါနဝတ္ထု၊ သီလဝတ္ထု စာအုပ်တို့တွင် ဘာဝနာဝတ္ထုကို ဆက်လက်ရေးသားပါအုံးဟု ဝန်ခံခဲ့သည်။ ယင်းဝန်ခံချက်ကြွေးလည်းကြေအောင် ဘာဝနာတရားကိုလည်း စနစ်တကျ ကျင့်ကြံအားထုတ်တတ်အောင် မဟာသတိပဋ္ဌာန်ကို အလုပ်စခန်းများ၊ ဝတ္ထုသာဓကများဖြင့် ချဲ့ထွင်ရှင်းလင်းဖွင့်ဆို၍ ဆောင်လွယ်၊ ဖတ်ချင်ဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးရမှုကား ကောင်းလေစွ"

http://www.dhammadownload.com

မအောင်မြင်ခဲ့ "မိမိသည် ဖလ်လိန်တောင်ထိပ် တက်တိုင်းပင် ကိုရင်တိသဿကို သတိရကာ ယင်းသို့အကြံအစည်ဖြစ်ခဲ့ပါ၏။ သို့ဖြစ်သော်လည်း မိမိ မွန်စိန်တောရရောက်သည်မှာ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ပင်ရှိခဲ့ပြီ။ မိမိအတွက် ကိုယ်ရေးကိုယ်တာ၊ အားထုတ်ခြင်း၊ စာကြည့်ရှုခြင်း၊ နွေရာသီတွင် အများအတွက် တရားပေးခြင်းဖြင့် ယင်းအကြံအစည်မှာ အကောင်အထည်မပေါ်လာ၊ မထမြောက်ခဲ့ပါ။"

ရေးသားပါအုံ့ "သံသရာ ခရီးသည် တစ်ယောက်ဖြစ်သည့် မိမိသည် ခရီးသည်၏ ဘဝအလျောက် ယခုနှစ် ဝါကျွတ်လျှင် လက်ရှိနေထိုင်ရာ မွန်စိန်တောရမှ တခြားတောရတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရန် အစီအစဉ်ရှိနေ၏။ မွန်စိန်တောရတွင် စာအုပ်စာတမ်းစုံလင်တုန်း ဘာဝနာဝတ္ထု ကို ရေးသားပါအုံ့။ ကုသိုလ် အထူးယူပါအုံ့"

ပညာသည် အမြတ်ဆုံး ကုသိုလ်တရား ဖြစ်ပေါ်လာခြင်း၌ ပညာသည် ရှေ့ဆောင်ရှေ့သွား တရားဖြစ်၏။ မှန်၏။ ပညာသည် သတ္တဝါအားလုံးတို့၏ မှီခိုကိုးကွယ်ရာ၊ ပုန်းအောင်းလှဲလျောင်းရာလည်း ဖြစ်၏။ နိဗ္ဗာန်သို့ ရောက်ကြရာ၌လည်း ပညာနှင့်ကင်း၍ မရောက်နိုင်ကြကုန်။ ပညာနှင့်သာ ရောက်ကြရကုန်၏။ ပညာသည် လောကမှာအမြတ်ဆုံးဖြစ်၏။

ချဲ့ဦးအုံ့၊ သစ္စာလေးပါး သိမြင်နိုင်သောတရားသည် ပညာမှ တစ်ပါးသော တရားဟူ၍ မရှိ။ သစ္စာလေးပါးကို မသိ၊ မမြင်ရလျှင်လည်း နိဗ္ဗာန်သို့ မရောက်နိုင်။ နိဗ္ဗာန်သို့ရောက်စေတတ်သော တရားတို့တွင် ပညာ သည်သာ ဦးစီးဦးကိုင် အချုပ်အခြာပဓါနဖြစ်၏။

ပညာသုံးမျိုး ထိုပညာသည် ဒါနနှင့် ယှဉ်သောပညာ၊ သီလနှင့်ယှဉ်သော ပညာ၊ ဘာဝနာနှင့်ယှဉ်သော ပညာဟူ၍ သုံးမျိုးရှိ၏။ ယင်းကို အတိုချုပ်၍ခေါ်သော်-

၁။ ဒါနသည်

http://www.dhammadownload.com

၂။ သီလ ပညာ
၃။ ဘာဝနာပညာ ဟူ၍ ခေါ်ဆိုနိုင်၏။

လုပ်ငန်းကြီး ၃-မျိုး "ဗုဒ္ဓသာသနာဝင်တို့၏ အဓိက ရည်မှန်းချက် ပန်းတိုင်ကား နိဗ္ဗာန်ရောက်ရေး၊ ရရေးပင်ဖြစ်၏။ ယင်းနိဗ္ဗာန်ရောက်ရေး၊ ရရေးအတွက် ဗုဒ္ဓသာသနာဝင်တို့ အမြဲတမ်း သင့်လျော်သလို အားထုတ်ပြုလုပ်နေကြသည့် အဓိကလုပ်ငန်းကြီးတို့မှာ-

၁။ ဒါနပညာလုပ်ငန်းကြီး
၂။ သီလပညာလုပ်ငန်းကြီး
၃။ ဘာဝနာပညာလုပ်ငန်းကြီး

ဟူ၍ လုပ်ငန်းကြီး ၃-မျိုးတို့ ရှိကုန်၏။

အဝေးအနီး ယင်းလုပ်ငန်းကြီး ၃-မျိုးတို့တွင် အမှတ်တစ်နှင့် နှစ်လုပ်ငန်းကြီး ၃-မျိုးတို့မှာ နိဗ္ဗာန်ရောက်ရေး၊ ရရေးအတွက် ဝေးသော အကြောင်း၊ ဝေးသော လမ်းခရီးဖြစ်၏။ အမှတ်သုံး ဘာဝနာပညာလုပ်ငန်း ကြီးမှာ နိဗ္ဗာန်ရောက်ရေး၊ ရရေးအတွက် နီးသောအကြောင်း၊ နီးသော လမ်းခရီးဖြစ်၏။

သင့်သလိုပြုရမည် နိဗ္ဗာန် ရောက်ရေး၊ ရရေးအတွက် ဝေးသော အကြောင်း၊ ဝေးသောခရီးပင်ဖြစ်စေ၊ နီးသော အကြောင်း၊ နီးသော ခရီးပင်ဖြစ်စေ၊ ဘယ်လုပ်ငန်းကြီးပြီးမှ ဘယ်လုပ်ငန်း ကြီးကို ပြုလုပ်မည်ဟု သတ်မှတ်ချက်မထားဘဲ လုပ်ငန်းကြီးသုံးခုတို့တွင် တစ်ခုကိုသော်လည်းကောင်း၊ နှစ်ခုကိုသော် လည်းကောင်း၊ သုံးခုကိုသော် လည်းကောင်း သင့်လျော်သလို အမြဲတမ်း ပြုလုပ်ရမည်သာ ဖြစ်၏။ ပြုလည်း ပြုလုပ်နေကြ၏။

ပိုမို၍ စနစ်ကျရန် ယင်းလုပ်ငန်းကြီး သုံးခုတို့အနက်မှ ဒါနပညာ လုပ်ငန်းကြီးတို့အတွက် "ဒါနဝတ္ထု "The Story

http://www.dhammadownload.com

of Dana" စာအုပ်ကိုသော်လည်းကောင်း၊ သီလပညာလုပ်ငန်းကြီးအတွက် "သီလဝတ္ထု The Story of Sila" စာအုပ်ကိုလည်းကောင်း ရေးသား၍ အသိပေးခဲ့ပြီးဖြစ်၏။ ထိုမှတစ်ပါး အထွေထွေဗဟုသုတအတွက် ဗုဒ္ဓ ဓမ္မ ပြဿနာများ (၁) ကိုလည်းကောင်း ထုတ်ဝေပြီးဖြစ်၏။ ယင်းစာသုံး အုပ်တို့ကို စာရှူသူ ဖတ်ရှုပြီးကောင်း ဖတ်ရှုပြီး ဖြစ်နေပါလိမ့်မည်။

ယခုတစ်ခါ ယင်းလုပ်ငန်းကြီး သုံးခုတို့အနက်မှ ဘာဝနာပညာ လုပ်ငန်းကြီးကို မပြုလုပ်ဖူးသေးသူတို့ ပြုလုပ်ချင်လာအောင်၊ ပြုလုပ်ဆဲ သူတို့ ရှေ့ကထက် ပိုမိုး၍ စနစ်တကျ ပြုလုပ်အားထုတ်တတ်ရန် ရည် ရွယ်၍ မိမိသည် "ဘာဝနာဝတ္ထု- The Story of Bhavana" စာအုပ်ကို ရေးသားပါ တော့မည်။

ဘာဝနာရှင်းချက် ယင်း ဘာဝနာဝတ္ထုကို မရေးသားမီ ဘာဝနာဟူသော စကားလုံးကို ရှင်းရန် လိုအပ်၏။ မှန်၏။ ဘာဝနာဟူသော စကားလုံးသည် မြန်မာစကားလုံးမဟုတ်။ ပါဠိစကားလုံးဖြစ်၏။ ယင်း ဘာဝနာဟူသော ပါဠိစကားလုံးကို အင်္ဂလိပ်စာပေပညာရှင်တို့က "Meditation, Mental-Culture, Earnest Con-sideration, Cultivation-By mind, Developing by means of thought, Realsing Increasing, Application, စသည်ဖြင့် အမျိုးမျိုး ပြန်ဆိုကြ၏။ ယင်းတို့ အလိုဆိုသော ဘာဝနာဝတ္ထုကို "The Story of Meditation" ဟူ၍ လည်းကောင်း၊ "The Story of mentalculture" စသည်ဖြင့် လည်းကောင်း၊ ပြန်ဆိုရမည် ဖြစ်၏။ သို့သော် ယင်းသို့ ပြန်ဆိုချက်ကို မိမိသည် မကြိုက်နှစ်သက်၍ ယင်းသို့ ပြန်မဆိုဘဲ မူလ ပါဠိစကားအတိုင်းပင် ဘာဝနာ ဝတ္ထု The Story of Bhavana ဟူ၍ပဲ ပြန်ဆိုလိုက်ပါသည်။

မြန်မာတို့ကမူ ဘာဝနာဟူသော ပါဠိစကားလုံးကို မြန်မာစကားလုံး လိုပင် ပိုင်နိုင်စွာ သုံးနိုင်လျက် ရှိ၏။ မြန်မာလို သီးခြား မပြန်ဆိုတော့ပေ။ မြန်မာလို ပြန်ဆိုသော် "လွန်ကဲမြင့်မြတ်သော ကုသိုလ်စိတ်ကို စု၍ ဖြစ်စေတတ်၊ တိုးတက်ပွားများစေတတ်သော ပညာရပ်" ဟု ပြန်ဆိုရမည် ဖြစ်ပေ၏။

ဘာဝနာ ၂-မျိုး ယင်း ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ

http://www.dhammadownload.com

ဟူ၍ ၂-မျိုးရှိ၏။ သို့မဟုတ် သမထ ဘာဝနာပညာ၊ ဝိပဿနာဘာဝနာပညာ ဟူ၍ ၂-မျိုးရှိ၏။ ယင်းကို အတိုချုပ်၍ ဆိုလျှင် "သမထပညာ၊ ဝိပဿနာပညာ" ဟူ၍ ခေါ်ဆိုနိုင် ၏။ ယင်းတွင် သမထကို Calm, Quietude of heart, Tranquillity, Cssation, စသည်ဖြင့် ပြန်ဆိုကြ၏။ ဝိပဿနာကိုမူ Insight, Intuition, Spiritual-insight, Inward vision, Contempliation, Introspection, Seeing-clearly, စသည်ဖြင့် ပြန်ဆိုကြ၏။

မြန်မာတို့ကမူ သမထနှင့်ဝိပဿနာဟူသော ပါဠိစကားလုံးတို့ကိုလည်း မြန်မာစကားလုံးကဲ့သို့ပင် ဝိုင်နိုင်စွာ သုံးနိုင်လျက်ရှိ၏။ မြန်မာလိုပင် မပြန်ဆိုတော့ပေ။ သမထကို မြန်မာလို ပြန်ဆိုသော် "ကိလေသာတို့ကို ငြိမ်းစေတတ်သော ပညာရပ်" ဟူ၍ ပြန်ဆိုနိုင်ပါ၏။ ဝိပဿနာကိုမူ "အပေါ်ယံ အမြွေးအကာ ပညတ်လွှာကို ခွာလှန်ဖယ်ထား၍ သိနေကြ ပညတ်ဉာဏ်ထက် ထူးသောအားဖြင့် အကြောင်းအကျိုးဖြစ်သော ရုပ်-နာမ် အစစ်ကိုမြင်တတ်သော ပညာရပ်" ဟူ၍လည်းကောင်း၊ သို့မဟုတ် "အထူးထူး အပြားပြားသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟူသော အချင်းအရာအားဖြင့် ရှုတတ်၊ သိမြင်တတ်သော ပညာရပ်" ဟူ၍ လည်းကောင်း ပြန်ဆိုနိုင်ပါ၏။

အစဉ်မှီး၍ရေးမည် မိမိသည် ဤဘာဝနာဝတ္ထုကို ရေးသားရာ၌ ကိုယ်တွေ့ဉာဏ်ကို သုံးကာ ကိုယ်ထင်သလို မရေးသား ဘဲ မဟာသတိပဋ္ဌာန်သုတ်ကြီးကိုမူထား၍ ယင်းသုတ်ကြီးမှ တပါး တခြားပါဠိတော်များ ယင်းပါဠိတော်တို့၏ အဖွင့်သံဝဏ္ဏနာ၊ အဋ္ဌကထာ၊ ဋီကာများ၊ ထိုမှတပါး သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး အကျင့်တရားတို့ကြောင့် နိုင်ငံကျော် ကမ္ဘာကျော် ဖြစ်တော်မူကြကုန်သော-

၁။ ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု၊ ဝိသုဒ္ဓါစာရ ကဝိဓဇ ဓိပတိ သိရီပဝရ မဟာဓမ္မရာဇဂုရု၊ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး။

၂။ အဂ္ဂမဟာပဏ္ဍိတ၊ ပညာပါရဂူ Dilit(London) ဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး။

၃။ အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇာ ဂုရု၊

http://www.dhammadownload.com

ဘွဲ့တံဆိပ်တော်ရ သင်္ဃာဆရာတော်ဘုရားကြီး။

၄။ ပိဋ္ဌကတ္တာယကောဝိဒ၊ ဘာသန္တရဆေက၊ ကဗျာပါရဂူ မာန်လည်ဆရာတော်ဘုရားကြီး။

၅။ ကန္ဒီမြို့၊ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး။

၆။ ပခုက္ကူမြို့၊ အလယ်တိုက် အဂ္ဂမဟာပဏ္ဍိတ၊ ဂဏဝိနာယက အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး။

၇။ မန္တလေးမြို့၊ မစိုးရိမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ပဉ္စာန်းဆရာတော်ဘုရားကြီး။

၈။ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး။

၉။ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ ဘာသန္တရကောဝိဒ၊ သမယန္တရဝိဒူ၊ သံလျင်တောရ ဆရာတော်ဘုရားကြီး

ဟူသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ၉-ပါးတို့၏ ကျမ်းစာများနှင့် မျက်မှောက်ဩဝါဒအချို့ကို အစဉ်မှီး၍ ရေးသားပါမည်။

အပြစ်မတင်သင့် ဤသို့ဆိုသော် စာရှုသူက "ကိုယ်တွေ့ဉာဏ်မြင်မပါ၊ စာတွေ့ လျှောက်ရေးနေသည်" ဟု အပြစ် မတင်သင့်ပါ။ ယင်း ဖော်ပြခဲ့ပြီး စာများသည် ဘုရားရှင်၏ကိုယ်တွေ့၊ ရဟန္တာအရှင်မြတ်များ၏ ကိုယ်တွေ့၊ ဆရာတော်ဘုရားကြီးများ၏ ကိုယ်တွေ့တွေကို မပျောက်ပျက်စေရန် သံဂါယနာတင်ခြင်း၊ မှတ်တမ်းတင်ထားခြင်းဖြင့် ယနေ့ မိမိတို့ မျက်မှောက် အရောက် တွေ့ရှိနေရပေ၏။ ယင်းကိုယ်တွေ့များနှင့် မိမိ၏ကိုယ်တွေ့ ဉာဏ်မြင် နှိုင်းစာမှု မိုးနှင့်မြေကြီးမက ကွာပါလိမ့်မည်။

တရားမြို့တော်ကြီး အို စာရှုသူဆက်လက်၍ရှုကြည့်ပါဘိ။ ပရိယတ္တိ သဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓ သဒ္ဓမ္မဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့သည့် ဘုရားရှင်သည် **"တရားမြို့တော်ကြီး"** ကို ဖန်ဆင်းတော်မူခဲ့ပါ၏။ ယင်း တရား

http://www.dhammadownload.com

မြို့တော်ကြီး၌-

၁။ သီလ တည်းဟူသော တံတိုင်းရှိ၏။
၂။ ရှက်မှု ဟိရီ တည်းဟူသော ကျုံးရှိ၏။
၃။ ဉာဏ် တည်းဟူသော တံခါးမုခ်ရှိ၏။
၄။ ဝီရိယ တည်းဟူသော ပြအိုးရှိ၏။
၅။ သဒ္ဓါ တည်းဟူသော တုရိဏ်တိုင်ရှိ၏။
၆။ သတိ တည်းဟူသော တံခါးစောင့်ရှိ၏။
၇။ ပညာ တည်းဟူသော ပြသာဒ်ရှိ၏။
၈။ သုတ္တန်ဒေသနာ တည်းဟူသော ခရီးငယ်ရှိ၏။
၉။ အဘိဓမ္မာ ဒေသနာ တည်းဟူသော ခရီးဆုံးရှိ၏။
၁၀။ ဝိနည်း ဒေသနာ တည်းဟူသော ဆုံးဖြတ်ရာသဘင်ရှိ၏။
၁၁။ သတိပဋ္ဌာန် တည်းဟူသော ကျယ်သောလမ်းမတော်ရှိ၏။

ဈေးကြီး ၈-ဈေးအို စာရှူသူ၊ ဘုရားရှင်၏ တရားမြို့တော်ရှိ သတိပဋ္ဌာန် တည်းဟူသော ကျယ်သော လမ်းမတော် ၌ ဖြန့်ခင်းအပ်သော အိမ်ဈေးသဘင်ကြီးတို့သည်-

၁။ **ပုပ္ပါပဏ** အနိစ္စသညာ အစရှိသော တရားတည်းဟူသော ပန်းဈေး။

၂။ **ဂန္ဓာပဏ** အလုံးစုံသော သီလ တည်းဟူသော နံ့သာဈေး။

၃။ **ဖလာပဏ** လောကုတ္တရာတရား တည်းဟူသော အသီးဈေး။

၄။ **အဂဒါပဏ** သစ္စာလေးပါးတရား တည်းဟူသော အဆိပ်ကို ပြယ်စေတတ်သော ဘယဆေးဈေး။

၅။ **သြသဓာပဏ** ဗောဓိပက္ခိယတရား ၃၇-ပါး တည်းဟူသော အနာရောဂါကို ပျောက်စေတတ်သော ဆေးဈေး။

၆။ **အမတာပဏ** ကာယဂတာ သတိတည်းဟူသော မ

http://www.dhammadownload.com

သေစေတတ်သော အမြဲကပ်အရသာ ဆေးဝေးး။

၇။ **ရတနာပဏာ** သီလရတနာ၊ သမာဓိရတနာ၊ ပညာရတနာ၊ ဝိမုတ္တိရတနာ၊ ဝိမုတ္တိဉာဏ ဒဿနရတနာ၊ ပဋိသန္ဓိဒါရတနာ၊ ဗောဇ္ဈင်ရတနာ တည်းဟူသော ရတနာဝေးး။

၈။ **သဗ္ဗာပဏာ** အင်္ဂါ ၉-ပါးနှင့် ပြည့်စုံသော တရားတော်တည်းဟူသော ပစ္စည်းစုံရုံနိုင်သော (ဗဟိဝေးး) အားဖြင့် ဘုရားရှင်၏ တရားမြို့တော်ကြီးဌ မြို့တော်အင်္ဂါ ၁၁-ပါး၊ ဝေးးကြီး ၈-ဝေးးတို့ တည်ရှိကုန်၏။ (မိလိန္ဒပဉှာ)

ဗဟိဝေးးကြီး အို စာရှုသူ၊ သတိပဋ္ဌာန်လမ်းမကြီးဌ ခင်းကျင်းအပ်သော ဝေးးကြီး ၈-ဝေးးအနက်မှ ၈-ခုမြောက် သဗ္ဗာပဏာ အင်္ဂါ ၉-ပါးနှင့် ပြည့်စုံသော တရားတော်တည်းဟူသော ဗဟိဝေးးကြီး ခင်းကျင်းပုံကို ရှုကြည့်ပါဘိ။

ဘုရားရှင်၏ တရားတော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကိစ္စ **'ဝိမုတ္တိရသ'** အားဖြင့် တစ်ပါးသာ ဖြစ်၏။ ဟောပြမှု **'ဓမ္မ'** နှင့် ဆုံးမမှု **'ဝိနယ'** အားဖြင့်မူ ၂-ပါးရှိ၏။

ပေါင်းစပ်စုစည်းမှု 'ဝိဋ္ဌက'အားဖြင့် ခွဲဝေလျှင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ၃-ပါးဖြစ်လာ၏။ သဘောတူရာ ပေါင်းထားမှုအပေါင်း 'နိကာယ'အားဖြင့်မူ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် ဟူ၍ ၅-ပါး ဖြစ်လာ၏။

အစိတ်အပိုင်း အင်္ဂါအားဖြင့် ခွဲဝေပြန်မှု သုတ်၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟူ၍ ၉-မျိုး ဖြစ်လာ၏။

တရားအစု **'ဓမ္မက္ခန္ဓာ'**အားဖြင့်မူ ရှစ်သောင်းလေးထောင်ရှိ၏။ အဘိဓမ္မာဌ ဓမ္မက္ခန္ဓာ ၄၂၀၀၀-ရှိ၏။ ဝိနည်းဌ ဓမ္မက္ခန္ဓာ ၂၁၀၀၀-ရှိ ၏။ သုတ္တန်ဌ ဓမ္မက္ခန္ဓာ ၂၁၀၀၀ ရှိ၏။

သုတ္တန်နှင့်ကျွတ် အို စာရှုသူ၊ ဘုရားရှင်၏ တရားတော်တည်းဟူသော ပစ္စည်း

http://www.dhammadownload.com

စုံရနိုင်သော ဗဟိုဈေးကြီး ခင်းကျင်းပုံကို ဆက်လက်၍ ရှုကြည့်ပါဘိ။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှစ၍ နိဗ္ဗာန်ဝင်စံသည့်တိုင်အောင် ၄၅ ဝါပတ်လုံး သတ္တဝါတို့အား အကျွတ်တရားရစေရန် ဟောကြားတော်မူသော တရားတော်တို့မှာ **'သုတ္တန်တရားတော်'** တို့သာ ဖြစ်ကုန်၏။

မှန်၏။ အဘိဓမ္မာ တရားတော်ကို ဘုရားရှင်(၇)ဝါ အရမှ တာဝတိံသာနတ်ပြည်တွင် ဟောတော်မူ၏။ လူ့ပြည်တွင် ဟောသည်မဟုတ်ပါ။ ပါတိမောက္ခုဒ္ဒေသ၌ အကျုံးဝင်သော ဝိနည်းတရားတော်များကို ဘုရားရှင် ဝါတော် (၂၀) အရမှ စတင်၍ ပညတ်တော်မူ၏။ (သုတ္တန်တရား မနာချင် ပါဘူးဆိုသူများ ဤအချက်ကို အထူးသတိရှိပါ)

သိက္ခာခွဲဝေမှု တဖန်ရှုပါဦး၊ ဝိနည်းတွင် ပဓာနအားဖြင့် သီလသိက္ခာ သက်သက်ကိုသာ ဟောတော်မူ၏။ အဘိဓမ္မာတွင် ပညာ၊ သိက္ခာကျက်စားရာ၊ ကွန်မြူးရာအချက်ကိုသာ ဟောတော်မူ၏။ သုတ္တန်တွင်ကား လူ၊ ရှင်၊ ရဟန်းနှင့်တကွ နတ်ဗြဟ္မာတို့ အတွက်ပါ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ဟောတော်မူ၏။

ပြဋ္ဌာန်းမှု ဝိနည်းသည် ကရုဏာပြဋ္ဌာန်းသော တရားတော်ဖြစ်၏။ အဘိဓမ္မာသည် ပညာပြဋ္ဌာန်း၍ သုတ္တန်ကား ကရုဏာ ပညာ နှစ်ပါးလုံးပြဋ္ဌာန်း၏။ တစ်နည်းဆိုသော် ကရုဏာနှင့် ပညာတရား ရှေ့သွားပြု၍ သုတ္တန်တရားတော်ကို ဘုရားရှင်ဟောတော်မူခဲ့သည်ဟု ဆိုသင့်၏။

ထို့ကြောင့် ကရုဏာပြဋ္ဌာန်းသော ဝိနည်းနှင့် ပညာပြဋ္ဌာန်းသော အဘိဓမ္မာ၌ ဘုရားရှင်သည် သတ္တဝါတို့၏ အလို၊ အကြိုက်၊ ဆန္ဒ၊ အဇ္ဈာသယကို မလိုက်ဘဲ ဟောတော်မူခဲ့သည်။

အနာနှင့်ဆေး ဝိနည်းမှာ ရဟန်းတော်များ လိုက်နာရန် အမိန့်ပေးပညတ်ထားသည့် အာဏာဒေသနာတော်ဖြစ်၏။ အဘိဓမ္မာမှာ ဓမ္မသဘော၊ ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍ ဟောကြားတော်မူထားသည့် ပရမတ္ထ

http://www.dhammadownload.com

ဒေသနာ၊ နာမရူပပရိစ္ဆေဒကထာအဖြစ်၏။ သူတို့နှစ်မျာ သဘင်္ဂစိတ်တို့၏ အလို
အကြိုက်တို့လိုက်၍ အနာနှင့်ဆော်း ကိုက်အောင်ပေးတော်မူကာ ဗာရာဏသီထူးကို
ရစေသောအားဖြင့် ဟောကြားတော်မူခဲ့သည်။ (ပါရာဇိကကဏ္ဍ အဋ္ဌကထာ)

ဝိဘင်္ဂပ္ပကရဏ လက်စဉ်ဒီဂ ဂိုဏ်းဥပဓိဝင် ဝဏ္ဏပဒနိဒ္ဒေသ ။။

ပုဂ္ဂိုလ်နှင့်ကွဲပြားခြင်း ပရမတ်ပုထုဇဉ် သတ္တဝါတို့မှာ သဲသဲရဲရဲရှည်ရေးအတွက်
ချဲပေးနေသော တဏှာ ကိလေသာ၊ ဒိဋ္ဌိကိလေ
သတဲ့ဟူ၍ ခေါင်းဆောင်ပြု-မျိုးရိုးလေ၏။ ယင်း၂-မျိုးကိုပင် တဏှာမာန၊ မိစ္ဆာဒိဋ္ဌိ
ဝဋ်ကြွေးစရိုက်မျိုးသော သတ္တဝါဟုခေါ်ပြန်၏။
ဒေး၊ ဒိဋ္ဌ ဒိန္ဓိမ ဒိန္ဓိး၊ ဝါ ဒိဋ္ဌိ၊ ဒိန္ဓိ၊ ဒေးဝိဘင်္ဂပ္ပကရဏ မူဝဏ္ဏနာ
ပုဂ္ဂိုလ်၄-မျိုး ယင်းပုဂ္ဂိုလ်တို့ကား ဒိဋ္ဌိ-မျိုးတို့ ။။ လွန်ကဲသူတို့မှာလည်း
အသိပညာ အထက်နှင့် အနုံ့ဟု ရှိပြန်၍ ပုဂ္ဂိုလ်၄-မျိုးခွဲ
ပြန်သည်။ ယင်းတို့ကား ဒိဓိ ဥဂ္ဃဋိတညူ၊ ဝိပစိတညူ၊ နေယျ၊ ပဒပရမ
။။ ဤ၄-မျိုးတို့ကား အသိပေါ်လွန်ကဲ၍ အသိမခေါ်နိုင်သူ ဒေသနာစရိုက်မမှန်
ခြင်းကြောင့် ဒိဋ္ဌိမာန ပုဂ္ဂိုလ်ဒေသနာ ဒုပ္ပဋိပတ္တိ ဖြစ်ကြ၏။

"ဤ၄-မျိုးတို့တွင် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်သည် ဒေသနာစရိုက်မှန်၍ အသိမြန်သော်လည်း လွန်ကဲသူ
ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား တဏှာစရိုက်မှန်သော်လည်း အသိမမြန်ကြ၊ ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား
ဒေသနာစရိုက်မှန်သော်လည်း အသိမမြန်ကြ၊ ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား ဒေသနာစရိုက်လည်း
မမှန်၊ အသိလည်း မမြန်ကြ၊ ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား ဒေသနာစရိုက်လည်း မမှန်၊ အသိလည်း
မမြန်ကြ၊ ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား ဒေသနာစရိုက်လည်း မမှန်၊ အသိလည်း မမြန်ကြ၊ ဒိဋ္ဌိမာန
ပုဂ္ဂိုလ်တို့ကား ဒေသနာစရိုက်လည်း မမှန်၊ အသိလည်း မမြန်ကြ၊ ဒိဋ္ဌိမာန ပုဂ္ဂိုလ်တို့ကား
ဒေသနာစရိုက်လည်း မမှန်၊ အသိလည်း မ

http://www.dhammadownload.com

ပုဂ္ဂိုလ်အတွက် ဟောတော်မူခဲ့၏။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဒိဋ္ဌိစရိတ မန္ဒပညာပုဂ္ဂိုလ် အတွက် ဟောတော်မူခဲ့၏။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဒိဋ္ဌိစရိတ တိက္ခပညာ ပုဂ္ဂိုလ် အတွက် ဟောထားတော်မူခဲ့၏။ (သုတ်မဟာဝါအဋ္ဌကထာ)

ကမ္မဋ္ဌာန်းအပေးလွဲ ယင်းသို့ ခွဲခြား၍ ဟောကြားတော်မူသည်ကို ထောက်ရှုပါလျှင် ကမ္မဋ္ဌာန်းနည်း တစ်မျိုးတည်းနှင့် လာလာသမျှ ပုဂ္ဂိုလ်တို့အား တရားပြလျှင် တရားရနိုင် မရနိုင် စဉ်းစား ဝေဖန်သင့်၏။ မှန်၏။ တရားစစ်သူကြီး ရှင်သာရိပုတ္တသည်ပင် ကမ္မဋ္ဌာန်း အပေးလွဲခဲ့၏။

တရားစစ်သူကြီး ရှင်သာရိပုတ္တသည် မိမိတပည့် ရဟန်းတစ်ပါးအား ရဟန္တာဖြစ်အောင် ကမ္မဋ္ဌာန်းတရားမပေးနိုင်၍ ကြံစည်စဉ်းစား၏။

"အမှန်စင်စစ်အားဖြင့် ဒီရဟန်းဟာ ဘုရားရှင် ဟောကြားချေ ချွတ်အပ်တဲ့ ဗုဒ္ဓဝေနေယျ ဖြစ်တန်ရာ၏။ ဘုရားရှင်ထံ ခေါ်သွားအံ့"

ရှင်သာရိပုတ္တသည် ယင်းသို့ စဉ်းစားပြီးလျှင် ရဟန်းတော်ကို ဘုရားရှင်ထံ ခေါ်သွားပြီးသော် ဘုရားရှင်ကို လျှောက်ထား၏။

"မြတ်စွာဘုရား၊ တပည့်တော် ဒီရဟန်းကို ကမ္မဋ္ဌာန်းပေးပါ၏။ ဒီရဟန်းလဲ ကြိုးစားအားထုတ်ပါ၏။ ဒါပေမယ့် လေးလကြာတာတောင်မှ နိမိတ်မျှ မရပါ။ ယင်းသို့ဖြစ်၍ ဘုရားရှင်ထံ ခေါ်လာပါတယ်ဘုရား"

"သာရိပုတ္တ၊ သင်သည် ဒီရဟန်းကို ဘယ်ကမ္မဋ္ဌာန်းပေးသလဲ"

"မြတ်စွာဘုရား၊ တပည့်တော် အသုဘကမ္မဋ္ဌာန်း ပေးပါတယ် ဘုရား"

"သာရိပုတ္တ၊ သင်၏ သန္တာန်၌ သတ္တဝါတို့၏ အလိုဆန္ဒ အဇ္ဈာ သယကို သိနိုင်သော 'အာသယာနုသယဉာဏ်' မရှိဘူး၊ သင်သွားတော့၊ ညနေ ကျလျှင် သင့်တပည့်ကို လာခေါ်လှည့်"

ဘုရားရှင်သည် ယင်းရဟန်းတော်အား နှစ်သက်ဖွယ်သော သင်္ကန်း၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပေး၏။ သန့်ရှင်းသော သရက်ဥယျာဉ်၌

http://www.dhammadownload.com

လေးထောင့်ကန်တစ်ခု ဖန်ဆင်း၍ ပဒုမ္မာကြာရုံကြီး၌ ပဒုမ္မာကြာပွင့်ကို ဖန်ဆင်းကာ "ပဒုမ္မာကြာပွင့်ကို ရှုကြည့်လော့" ဟု မိန့်တော်မူ၍ ဂန္ဓကုဋီတိုက်သို့ ဝင်တော်မူ၏။

ရဟန်းတော်သည် ပဒုမ္မာကြာပွင့်ကို အဖန်တလဲလဲ ရှုကြည့်၏။ ပဒုမ္မာကြာပွင့်သည် ရှုကြည့်နေစဉ်ပင် ညှိုးခြောက်၍ အဆင်းပျက်၏။ ခဏချင်းဖြင့်ပင် ပွင့်ချပ်နှင့် ဝတ်မှုန်ဝတ်ဆံတို့ ကြွေကျကုန်၍ အချပ်မျှသာ ကျန်တော့၏။ ထိုအခါ ရဟန်းတော်သည် စဉ်းစား၏။

"ဒီပဒုမ္မာကြာပွင့်ဟာ ယခုပင်လျှင် လှပသော အဆင်းရှိ၏။ ရှုချင်စဖွယ်ရှိ၏။ သို့ဖြစ်ပါလျက် ပဒုမ္မာကြာပွင့်၏။ အဆင်းသည် ဖောက်ပြန်၏။ ပွင့်ချပ်နှင့် ဝတ်မှုန်ဝတ်ဆံတို့ ကြွေကျသွားတော့၏။ အချက်မျှသာ ကြွင်းတော့၏။ ဒီလိုလှပခြင်းသဘောရှိတဲ့ ပဒုမ္မာကြာပွင့်တောင်မှ ညှိုးခြင်းသို့ ရောက်တုံသေး၏။ ငါ၏ကိုယ်သည်ကား အဘယ့်ကြောင့် အိုခြင်းသို့ မရောက်ဘဲ ရှိအံ့နည်း။ သခိါရတရား အားလုံးတို့သည် အမြဲမရှိကုန်စွတကား"

ရဟန်းတော်သည် ယင်းသို့ စဉ်းစားပြီး မိမိခန္ဓာကိုယ်ရှိ ရုပ်နာမ်ဓမ္မသခိါရတို့ကို ဝိပဿနာ ရှုပွား၏။ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်မှနေ၍ သြဘာသ ရောင်ခြည်တော်လွှတ်ကာ ဤတရားကို ဟောတော်မူ၏။

"ရဟန်း၊ တန်ဆောင်မုန်းလ၌ ပွင့်သော ကုမုဒြာကြာကို လက်ဖြင့် ဖြတ်သကဲ့သို့ သင်သည် မိမိ၏ ချစ်ခြင်းကို ဖြတ်လော့။ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောတော်မူအပ်၏။ သင်သည် ငြိမ်းရာဖြစ်သော နိဗ္ဗာန်ခရီးကို သာလျှင်ပွားစေလော့"

ရဟန်းတော်သည် တရားအဆုံး၌ ရဟန္တာဖြစ်သွား၏။ ညနေ ရောက်သော် ရှင်သာရိပုတ္တရာသည် တပည့်ရဟန်းအား လာ၍ ခေါ်သွားတော့သတည်း။ (ဧကနိပါတ်ဧတဒ် အဋ္ဌကထာ) (ဓမ္မပဒ အဋ္ဌကထာ)

မလ္လောက်ပတ်၍ အိုစာရှူသူ၊ ဤဝတ္ထုကို ရှုကြည့်ပါ၊ ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းသည် ဘဝငါးရာတိုင်တိုင် ရွှေပန်းတိမ်သည် ဖြစ်ခဲ့ရကား စင်ကြယ်သော ရွှေကိုမြင်ခြင်း၌ အလေ့အလာများခဲ့သဖြင့် မတင့်မတယ် စက်ဆုပ်ဖွယ် အသုဘကမ္မဋ္ဌာန်းနှင့် မလ္လောက်ပတ်၍ ၄-လ အားထုတ်

http://www.dhammadownload.com

သော်လည်းဘုန်မိတ်မျှ မရခဲ့။ ကြံတွေးမှုပေါ် ပြုံးဝင်နေပေး ခုဇလုံကဝှေးဟာ ဘုန်ကိုဝဏ္ဏကဆွဲ ပြန်ပြင်လာခဲ့မှ ငှပေါ် "တာခင်ဗျားကို ဒီကဝိုပ်ကလေးမွေးစုပေး" လာနည်းပြောင်းသင့် ဆောင်အခါ ဘုရားရှင်က စရိုက်သိရှိနည်းပြောင်း ဖူးစာဆုတ်ခဲ့။ အခင်ဗျားကို ဟင်ခိုင်းသော် တိုစစ်ထိုင်တည်းနှင့်ပင် ရဟန္တာဖြစ်သည်ကိုထောက်လျှင် ဆရာစွဲ နည်းစွဲ မစွဲသဖြင့် နည်းပြောင်းရှိ အားထုတ်သင့်၏။ နည်းပြောင်း ဖူးစာဆုတ်ရှိ ခဏချင်း တရားတိုးတက်သူများကို မိမိများစွာ ပြတ်ခဲ့ရ၏။ ။ခေါ်ဆိုခြင်း ။ခေါ်ဆိုခြင်း

ရောဂါ ၂-မျိုး အိုစာရှိသူ အတွေ့တွေ့ကြုံနာခဲ့ခက်သော ရောဂါနှိပ်စက်လာ ဖြစ်သော ရောဂါဒဏ်ချက်ကို ကိုယ်ခံဖြစ်သော ရောဂါဒဏ်ချက်၊ ထိတွေ့ဖြစ်သော ရောဂါဒဏ်ချက်ဟူ၍ ၂-မျိုးတို့ ရှိကုန်၏။ ယင်းတွင် ဝတ္ထုစွန့်ပစ်လိုသူ ကိုယ်ခံဖြစ်သော ရောဂါဒဏ်ချက် မရှိခြင်းကို ဝန်ခံကုန်သော်ဘူး နှစ်နှစ်၊ အနှစ်ဆစ်ရှိရာ အနှစ်ဆုတ်ရာအလွန် ကိုယ်ခံဖြစ်သော ရောဂါဒဏ်ချက် မှရှိခြင်းကို ဝန်ခံကုန်သော်သူတို့ကို ဖော်ပြခြင်းငှာ ။ ။ ။

http://www.dhammadownload.com

"ရဟန်းတို့၊ အဆိပ်ကို ပယ်ဖျောက်တတ်ကုန်သော ဆေးတို့သည် ရှိကုန်၏။ ကိလေသာအဆိပ်ကို ပယ်ဖျောက်တတ်သော တရားတည်းဟူသော ဆေးနှင့်တူသော တခြားဆေးမရှိ။ ရဟန်းတို့၊ ဤတရားဆေးကို သောက်ကြကုန်လော့"

"ရဟန်းတို့၊ တရားတည်းဟူသော ဆေးကို သောက်သုံး၍ မအို၊ မသေကုန်သည် ဖြစ်ရာ၏။ ကမ္မဋ္ဌာန်းတရား ရှုပွားအားထုတ်၍ ဥပဓိတရားတို့၏ ကုန်ခြင်းကြောင့် ငြိမ်းလေကုန်၏။ (မိလိန္ဒပဉ္ဌာ)

ရဟန်းတို့၊ ငါသည် ဖျားနာသော လူအပေါင်းကို မြင်တော်မူ၍ အမြိုက်အရသာတည်းဟူသော ဆေးဈေးသဘင်ကြီးကို ခင်းကျင်းတော်မူ၏။ ယင်း အမြိုက်အရသာ တည်းဟူသော ဆေးတော်ကြီးကို ကုသိုလ်ဖြစ်တည်းဟူသော အဖိုးဖြင့် ဝယ်၍ သင်တို့သည် မအို၊ မသေ၊ အမြဲနေရအောင် သောက်သုံးကြကုန်လော့" (မိလိန္ဒပဉ္ဌာ)

ဆေးဝယ်စားပါ အို စာရှုသူ၊ သင့်တွင် ရောဂါကင်းစင်ပါရဲ့လား။

အကယ်၍ သင့်တွင် ရောဂါမှစင်ဘဲ ရောဂါရှင် ဖြစ်နေအံ့၊ သင်သည် တရားမြို့တော်ကြီးသို့ သုတ္တန်ဒေသနာတည်းဟူ သော လမ်းခရီးငယ်ဖြင့်သွား၍ သတိပဋ္ဌာန်တည်းဟူသော လမ်းခရီးမကြီး၌ ဖြန့်ခင်း ရောင်းချလျက်ရှိသော ဈေးတန်းကြီး ၈-တန်းမှ သင့် အတွက် သင့်လျော်ရာ ရွေး၍ ဝယ်ယူရန်ဆေးတို့မှာ-

၁။ ရုပ် ကမ္မဋ္ဌာန်းသက်သက်ဆေး

၂။ နာမ် ကမ္မဋ္ဌာန်းသက်သက်ဆေး

၃။ ရုပ်နာမ်ရောစပ်သော ကမ္မဋ္ဌာန်းဆေး

ဟူ၍ ဆေး ၃-မျိုးတို့ပင် ရှိပေကုန်၏။ ယင်းဆေး ၃-မျိုးမှ ဆေးညွှန်း ကို ကြည့်၍ သင့်ရောဂါနှင့် တည့်မည်ထင်သော ဆေးကို ဝယ်ယူ စား သုံးရမည်ဖြစ်၏။

လေးမျိုးခွဲကု အို စာရှုသူ၊ အထက်ပါ ဆေး၂-မျိုးတို့ဖြင့် သင့် ရောဂါကို ဆေးချက်ချ ကုသရာတွင် သင်၏

http://www.dhammadownload.com

ရောဂါ အခြေအနေကိုလိုက်၍ ၄-မျိုးခွဲပြီး ကုသရမည်ဖြစ်၏။ ယင်းတို့ ကား-

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်ကုနည်း၊
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကုနည်း၊
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကုနည်း၊
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကုနည်း၊

ဟူ၍ အကျဉ်းအားဖြင့် ၄-နည်း ရှိပေ၏။ ဆေးစာအညွှန်းနှင့် တကွ အကျယ်မှာ စာကိုယ်တွင် တွေ့ရှိပါလိမ့်မည်၊ ဆက်လက်ရှုကြည့်ပါ။

ဆေးကုဌာနများ အို စာရှုသူ၊ သင့် သန္တာန်တွင် ကမ္ဘာအသချေ်က စွဲကပ်လာသော ကိလေသာ နာတာရှည်ရောဂါကြီး ကို အမြစ်ဖြတ် အမြန်ပျောက်ကင်းအောင် ကုသရေးအတွက် ကုသစဉ် ကာမ ဂုဏ် အညှော်တွေမိပြီး ကိလေသာ ငန်းမန်းတွေ ကြွ၍ ရောင်ထမှုမဖြစ်ရန်-

၁။ တောအုပ်မြိုင်စောင်းများ၊ သစ်ပင်ချုံတောများ၊
၂။ ရှိ၊ မြောင်၊ စိမ့်စမ်း၊ တောင်တန်းများ၊ လိုဏ်ဂူများ၊
၃။ ကမ္ဘဋ္ဌာန်းနှင့်ဆိုင်ရာ ရိပ်သာများ၊ ကျောင်းများ၊ ဇရပ်များ၊
၄။ ဆိတ်ငြိမ်ရာဌာန၊ ဝိဝေကရရှိရာဌာနများ၊

စသော သင့်လျော် လျောက်ပတ်သည့် ဆေးကုဌာနများသို့ အမြန်ချဉ်းကပ်၍ သွားရောက်ကုစားပါ။ တရားဆေးကို တွင်တွင်စားသုံးပါ။

ရှေးကံချည်း ပုံမချသင့် အို စာရှုသူ၊ ယင်းသို့ မိမိ၏ ကိလေသာ နာတာ ရှည်ဌာန တစ်ခုခုရှိ ဆေးဆရာ တစ်ဦးဦးထံတွင် ဆေးကုသနေစဉ် ကိလေသာနာတာရှည်ရောဂါ မပျောက် သည့်ပြင် အရှုး ထကာ ကိုယ်ရောဂါပါ ဖြစ်လာသည်ကို တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးပါလိမ့်မည်။ ယင်းသို့ ဖြစ်လာသော် ရှေးကံကြောင့်ဟု ကံကို ချည်း ပုံမချသင့်ပါ။ ဆေးဆရာ ဆေးပေးမကောင်းလို့လား၊ မိမိ စား သုံးနည်း မမှန်လို့လား၊ ဆေးကုဌာနနှင့် မသင့်လျော်လို့လား စသည်ဖြင့် တစ်ခုခုကြောင့်လည်း ဖြစ်နိုင်၏။ မှန်၏၊ ဘုရားရှင်လည်း ဟောခဲ့ပါ၏။

http://www.dhammadownload.com

ဝေဒနာဖြစ်ကြောင်း ၈-ပါး ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဝက ပရိဗိုဇ်သည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ မေးလျှောက်၏။

"အရှင်ဂေါတမ၊ ပုဂ္ဂိုလ်၊ သတ္တဝါသည် သုခဝေဒနာကို ဖြစ်စေ၊ ဒုက္ခဝေဒနာကိုဖြစ်စေ၊ ဥပေက္ခာဝေဒနာကိုဖြစ်စေ ဝေဒနာတစ်ပါး၊ပါးကို ခံစား၏။ ထိုအားလုံးသည် ရှေးကံကြောင့်ဖြစ်၏ဟု ဆိုလေ့ရှိကုန်သော ရသေ့ရဟန်းအချို့တို့ ရှိကြပါကုန်၏။ ဤအရာ၌ အရှင်ဂေါတမသည် အဘယ်သို့ ဆိုပါသနည်း။"

"သီဝက ဤလောက၌ အချို့ဝေဒနာတို့သည် သည်းခြေကြောင့် ဖြစ်ကုန်၏။ အချို့ဝေဒနာတို့သည် သလိပ်ကြောင့်၊ လေကြောင့်၊ သည်းခြေ-သလိပ်-လေသုံးပါးစုံကြောင့် ဥတုဖောက်ပြန်ခြင်းကြောင့် မညီမညွတ် အားထုတ်ပြုခြင်းကြောင့် သူတစ်ပါးတို့ လုံ့လပယောဂကြောင့် အချို့ဝေဒနာတို့သည် ကံကြောင့် ဖြစ်ကုန်၏"

"သီဝက၊ ယင်းအကြောင်းကို ကိုယ်တိုင်လည်း သိအပ်၏။ လောကသည်လည်း အမှန်ဟု သမုတ်အပ်၏။ သီဝက၊ ထို့ကြောင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူသော ခံစားမှုဝေဒနာအားလုံးကို "ရှေးကံကြောင့် ဖြစ်၏" ဟု ဆိုလေ့ ယူလေ့ရှိကုန်သော ရသေ့ရဟန်းတို့သည် ကိုယ်တိုင် သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ လောကဥစ္ဆေအမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ ထို့ကြောင့် ယင်းရသေ့၊ ရဟန်းအချို့တို့၏ စကားကို အမှားဟု ငါဆို၏။" (သံယုတ်ပါဠိတော်)

"တဖြာမှတ်ဖွယ်၊ ဝမ်းဝယ်တံဆိပ်၊ မြဲခတ်နှိပ်လော့၊ သလိပ်-သည်းခြေ၊ လေ-သန္ဓိပါတ်၊ မပြတ်ယှဉ်မှု၊ ဥတုဟာရ၊ ပယောဂနှင့် ကမ္မတရား ဤရှစ်ပါးကား ပိုင်းခြားသက်ဆစ်၊ သေကြောင်းဖြစ်၏။" (မဃဒေဝ)

လျော်စွာကျင့် အို စာရှူသူ၊ ယင်းအကြောင်းတွေကြောင့် ဘုရားရှင်သည် လျော်စွာကျင့်ရေးအတွက် အနာယုသာသုတ် ၂-သုတ်တို့ကို ဟောတော်မူခဲ့၏။ ယင်းတို့ကို လက်ဖြင့်ပင် ဖော်ပြ

http://www.dhammadownload.com

ရသော် အောက်ပါအတိုင်း ဖြစ်၏။ (ပဋ္ဌဂိုတ္တရ)

"ညီးချစ်မှတ်ယူ၊ ဤလူဇာတ်၌၊ လျောက်ပတ်စွာဖြင့်၊ လူ့ဘဝ၌ ပကတိစားနှင့် ဆေးဝါးစာကြေ၊ သွားထွေကာလ၊ ဗြဟ္မစာရီ၊ ဤငါးလီမှု၊ လောကီလူ့ပေါင်း၊ သက်ရှည်ကြောင်းတည်း။" (မဃဒေဝ)

"ငြင်းတို့မှ၊ ဆက်ပြကျမ်းရပ်၊ တစ်နည်းမှတို့လျှော့၊ လျောက်ပတ်ကျင့်ဖြား၊ လျောက်ပတ်စားနှင့်၊ ဆေးဝါးစာကြေ၊ တွေ့ကြုံဖြည့်သို့လျှို့၊ မိတ္တရကြောင်းကောင်း၊ ပေါင်းသင်းသမှု၊ ဤငါးခုမှု၊ လောကီ လူ့ပေါင်း၊ ရှည်ဖြောင်းအလကဲ့၊ တစ်နည်းထွက်၏။"

အာမခံချက် အို စာရှုသူ၊ ဘာဝနာတရားကို ဘုရားရှင်၏ညွှန်ကြားချက် ဒေသနာတော်အတိုင်း အားထုတ်လျှင် ရရှိမည့် အကျိုးတရား ဂုဏ်ပါးကို ဘုရားရှင်ကိုယ်တိုင် အာမခံထား၍ ဟောကြားတော်မူခဲ့ပါ၏။

ရဟန်းတို့၊ ဤသတိပဋ္ဌာန် ခရီးလမ်းမကြီးသည်၊ ဒိဋ္ဌဓမ္မသုခဝိဟာရဿ = သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ သမ္ပရာယိကဉာဏဿ = နိုးရိမ်ခြင်းသောကြည်၊ ဒိဋ္ဌဓမ္မိကဒေဝဓမ္မာနံ သမတ္တတ္ထမာယ = ဤဘဝ၌ ဒိဋ္ဌဓမ္မိကဒေဝဓမ္မာနံ = ဤဘဝ၌ ကိုယ်ဆင့်ရဲခြင်း၊ ဒုက္ခ၊ စိတ်ဆင့်ရဲခြင်း၊ ဒေါမနဿတို့ ချုပ်ငြိမ်းရန်၊ သမ္ပရာယိကဒေဝဓမ္မာနံ = အရိယမဂ်ကို ရရန်၊

၇။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ = နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖိတ်ခေါ်ခြင်းတည်းဟူသော ခရီးလမ်းမကြီးဖြစ်ပေ၏။ (သုတ်မဟာသတိပဋ္ဌာန)

နိဒ်းချိန်ပါ အို စာရှုသူ၊ အထက်ပါ အာမခံချက်ကို ချိန်ဆီးပြီးမှ အားထုတ်ယင်း ရွေးသော်၊ တရားအားထုတ်ယင်း ထ၍ ငိုရသော်၊ တရားအားထုတ်စဉ်ရင်း ကိုယ်စိတ်ဆင်းရဲမှု ဖိလှုပ်သော် ဘာလိုနေ၍လဲ ဘာပို နေ၍လဲ စဉ်းစားကြည့်ပါ။ နည်းလမ်းမှန်၍ စနစ်ကျသော် စိုးရိမ်ငိုကြွေးရသူမှာ စိုးရိမ်မှု၊ ငိုကြွေးမှု ပျောက်ရမည်။ ကိုယ်စိတ် ဆင်းရဲနေသူမှာ ကိုယ်စိတ်

http://www.dhammadownload.com

ဆင်းရဲပျောက်ရမည် မဟုတ်ပါလော။

ဆင်းရဲနှင့်သစ္စာမသိ အို စာရှူသူ၊ ဘုရားရှင်၏ ဒေသနာချိုနံသီးကို ဆက်လက်၍ ရှုကြည့်ကာ နှိုင်းချိန်၍ ကြည့်ပါဦး။ ဘုရားရှင်သည် အောက်ပါအတိုင်း ဒေသနာချိန်သီး ထားခဲ့ပါ၏။

"ရဟန်းတို့၊ အရိယသစ္စာ ၄-ပါး သိမှုကို ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿနှင့်တကွ ဖြစ်၏ဟု ငါဘုရား မဟောကြား၊ ရဟန်းတို့ စင်စစ်သော်ကား အရိယသစ္စာ ၄-ပါး သိမှုကို ချမ်းသာခြင်း သုခ၊ ဝမ်းမြောက်ခြင်း သောမနဿနှင့်တကွသာ ဖြစ်သည် ဟု ငါဘုရား ဟောကြား၏" (သစ္စသံယုတ်)

ဗောဓိမင်းသားအကြံ အို စာရှူသူ၊ ဆက်လက်၍ ရှုကြည့်ပါဘိ။ ဝိရိယလွဲမှား မတရားဒုက္ခခံ၍ တရားမရနိုင်ပုံ ဒေသနာချိန်သီးများမှာ မှားလှပါဘိ။ ဒေသနာချိန်သီးကို လက်မလွတ်ပါနှင့်။

"ဗောဓိမင်းသားသည် ကောကနဒပြာသာဒ်တက် မင်္ဂလာအခမ်းအနားတွင် ဘုရားအမှူးရှိ သံဃာတော်များကို ပင့်လျှောက်၍ ဆွမ်းကပ်ပြီးသော် ဘုရားရှင်ကို လျှောက်၏"

"မြတ်စွာဘုရား၊ တပည့်တော်အား ချမ်းသာနှင့် ရင်းနှီးသဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲဒုက္ခနှင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏ဟု ဤသို့ အကြံအစည်ဖြစ်ပါသည်။"

"မင်းသား၊ ငါလဲ ဘုရားမဖြစ်မီ သစ္စာ ၄-ပါးတရား ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က 'ချမ်းသာနှင့် ရင်းနှီး သဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲဒုက္ခနှင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏' ဟု ဤသို့ အကြံအစည်ဖြစ်ဖူးပြီ" (မဇ္ဈိမ ပဏ္ဏာသပါဠိတော်)

အို စာရှူသူ၊ ဘုရားရှင်သည် ယင်းသို့ မိန့်တော်မူပြီးသော် တောထွက်၍ ဒုက္ကရစရိယာကျင့်ပုံ အလုံးစုံကို ဟောတော်မူ၏။ ထို့နောက် ယင်း ဒုက္ကရစရိယာအကျင့်ကို ပယ်ရှားကာ အနုစားလမ်းစဉ်သို့လည်း မလိုက်၊

http://www.dhammadownload.com

အကြမ်းစားလမ်းစဉ်သို့လည်း မလိုက်ဘဲ အကြမ်းအနုတို့အလယ် 'မဇ္ဈိမပဋိပဒါလမ်းစဉ်' သို့ လိုက်၍ ကျင့်ကြံ အားထုတ်မှ ဘုရားဖြစ်တော်မူပုံကို ဟောကြားတော်မူ၏။

သမာဓိရမှ သစ္စာသိ "ရဟန်းတို့၊ တည်ကြည်မှု သမာဓိကို ပွားများကြကုန်လော့၊ တည်ကြည်သော ရဟန်းသည် 'ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်း' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ (သစ္စသံယုတ်)

ချမ်းသာစွာအားထုတ် အို စာရှုသူ၊ အထက်ပါ ဒေသနာအရ သမာဓိရမှ သစ္စာသိမြင်မယ်ဆိုတာ မထင်ရှားပါလော။ ယင်း သမာဓိရအောင် မည်သို့ အားထုတ်မည်နည်း။ ဤအချက်ကို ဆက်စပ်တတ်ဖို့ အရေးကြီးလှပါ၏။ အောက်ပါဒေသနာချိန်သီးကို ရှုကြည့်ပါဦး။

ဓမ္မတာ ခေါ ဘိက္ခဝေယ် သုခိနော စိတ္တံ သမာဓိယတိ= ရဟန်းတို့ ချမ်းသာသောသူအား စိတ်တည်ကြည်ခြင်းသည် ဓမ္မတာသဘောပေတည်း။

ဓမ္မတာ ခေါ ဘိက္ခဝေယ် သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ = ရဟန်းတို့ တည်ကြည်သောသူအား အဟုတ်အမှန်ကို သိမြင်ခြင်းသည် ဓမ္မတာသဘောပေတည်း။ (အင်္ဂုတ္တရ)

ယင်းဒေသနာချိန်သီးကို ရှုကြည့်သော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကို ရည်သန်၍ ဝိပဿနာ ဘာဝနာတရား ရှုပွားသူတို့သည် သမာဓိ ဖြစ်စေခြင်းငှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် ရှုပွားအားထုတ်ရမည်မှာ မထင်ရှားပါလား။ ဆင်းရဲလျှင် လမ်းလွဲပြီမှတ်။

စူဠသောတာပန် အို စာရှုသူ၊ ဤဘာဝနာဝတ္ထုတွင် ချမ်းသာစွာနှင့် အားထုတ်တတ်ရန် နည်းလမ်းတွေကို ဖော်ပြထားပါ၏။ အဓိက ရည်မှန်းချက်ပန်းတိုင် နိဗ္ဗာန်သို့ အလျင်အမြန်ရောက်လိုမူ ဤဘာဝနာဝတ္ထုလာ ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်ပါ။ ယင်းသို့

http://www.dhammadownload.com

အားထုတ်သော် ယခုဘဝ၌ပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန် ရနိုင်ပါ၏။ အကယ်၍မရသော် သောတာပန်အငယ်၊ သောတာပန်ဖြစ်လုခါနီးဟူသော 'စူဠသောတာပန်' ဖြစ်၍ အားကိုးစရာ ကိုးကွယ်စရာကြီးကို ရသဖြင့် ကောင်းသော သုဂတိဘဝသို့သာ အမြဲသွားရပါ၏။ စူဠသောတာပန်အဖြစ်နှင့် နတ်ပြည် ရောက်သူသည် ထိုနတ်ပြည်၌ပင်လျှင် 'မဟာသောတာပန်' ဖြစ်နိုင်ပါ၏။

မဟာသောတာပန် အို စာရှူသူ၊ အထက်မဂ်ဖိုလ်တွေ့ အသာထားပါဘိ၊ အောက်ဆုံးအဆင့် သောတာပတ္တိမဂ်ကို ရ၍ မဟာသောတာပန်ဖြစ်ပါလျှင်-

၁။ အပါယ် ၄-ပါးကျရောက်မှု ဒုက္ခကင်းလွတ်သွားခြင်း။

၂။ အပါယ် ၄-ပါး ကျရောက်နိုင်သည့် မကောင်းမှုကို မလုပ်မိတော့ခြင်း။

၃။ ကမ္ဘာအဆက်ဆက် လိုက်လာနေသော အပါယ် ၄ ပါး ချမည့် ကံဟောင်းတွေ အကြွင်းမဲ့ကုန်ခြင်း။

၄။ ဒီဘဝ၌ ကျူးလွန်မိပြီး ပဋ္ဌာနန္တရိယကံမှတစ်ပါး ရှိရှိသမျှ ကံသစ်တွေ အကြွင်းမဲ့ ပျက်စီးကုန်ခြင်း။

၅။ လူ၊ နတ်စည်းစိမ်ကို လွတ်လပ်ပျော်ရွှင်စွာ ခံစံရခြင်း။

၆။ လူပြည်၊ နတ်ပြည်တို့တွင် မိမိ ပျော်မွေ့ရာဌာနကို မိမိသဘောကျ ရွေးယူနိုင်ခွင်ရှိခြင်း။

၇။ လူပြည်၌ နေပျော်ခဲ့လျှင် နူနာရောဂါစွဲခြင်း၊ အင်္ဂါချို့ခြင်း မရှိခြင်း၊ ဆင်းရဲ မွဲတေသော အမျိုး၌ မဖြစ်ခြင်း၊ အမျိုးကောင်း အမျိုးမြတ်၌သာ ဖြစ်ခြင်း။

၈။ ဘဝအားဖြင့် ၇-ကြိမ်ဖြစ်ခွင့် ရှိနေသဖြင့် နှစ်ပေါင်း ခြောက်ထောင်လေးရာငါးဆယ် တစ်ကုဋေနှင့် ခြောက်သန်းအထိ နတ်စည်းစိမ်နှင့် ပျော်နိုင်ခြင်း။

၉။ နတ်ပြည်မှတစ်ဆင့် ဗြဟ္မာဘုံ ကူးပြောင်းနေလိုသော် လူသုံး၊ နတ်သုံး နှစ်တို့နှင့် ရောတွက်မရ ကြာမြင့်စွာ စံပျော်နိုင်ခြင်း။

၁၀။ ထိုနောက်မှ သေမှုဒဏ်ကို ကျော်လွန်ကာ နိဗ္ဗာန်ချမ်းသာသို့

http://www.dhammadownload.com

ကူးပြောင်း သက်ဝင်သွားနိုင်ခြင်း။
ဟူသော အကျိုးထူးများကို မလွဲတမ်းမုချ ရရှိနိုင်ပေသည်။
(ဉာဏ်လှေခါးကျမ်းကြီး)

ဝိရိယလွန်မှား အို စာရှုသူ၊ စာကိုယ်တွင် ဖော်ပြထားသော ရှုပွားအားထုတ်နည်းတို့ကို ယခု နိဒါန်းလာ ချိန်သီးတို့နှင့် နှိုင်းချိန်၍ စနစ်တကျ မျှတစွာ အားထုတ်ပါမူ စူဠသောတာပန်၊ မဟာသောတာပန်စသော အကျိုးတရားများကို မုချကောန် အမှန်ပင် ရနိုင်ပါ၏။

သို့မဟုတ်ဘဲ အားထုတ်လျှင် ပြီးရောဆိုတဲ့သဘောနှင့် ဝိရိယလွန်မှားမှုဖြစ်သော ရှင်တိသကဲ့သို့လည်းကောင်း၊ ရှုနှမ်းခြင်း စသည်ဖြင့်လည်းကောင်း ဖြစ်တတ်ပါ၏။

ဘုရားရှင် သာဝတ္ထာပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးကောင်းသား ၃၀ တို့သည် ရဟန်းပြုပြီးသော် ၅ ဝါတိုင်တိုင် စာသင်၏။ ဒွေမာတိကာ သင်၏။ အပ်-မအပ် အဆုံးအဖြတ် သင်၏။ မင်္ဂလာ အနုမောဒနာတရား၊ အမင်္ဂလာအနုမောဒနာတရား၊ ဆွမ်းအနုမောဒနာတရားဟူသော အနုမောဒနာတရား ၃-ပုဒ်တို့ကိုသင်ပြီးသော် "ရဟန်းတရားကို ကြိုးစားအားထုတ်အံ့" ဟု ဆုံးဖြတ်၍ ဘုရားရှင်ကို လျှောက်ထားကုန်၏။

"မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဘဝတို့၌ ငြီးငွေ့ပါကုန်၏။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ ဖျားနာခြင်း၊ သေခြင်းဘေးမှ ကြောက်ပါကုန်၏။ တပည့်တော်တို့အား သံသရာမှထွက်မြောက်ရန် ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပါကုန် ဘုရား"

ဘုရားရှင်သည် ယင်းတို့၏ အလိုဆန္ဒ အစွမ်းသတ္တိကို ကြည့်၍ ယင်းတို့နှင့် လျော်ကန်ပတ်သော ကမ္မဋ္ဌာန်းတရားကို ဟောတော်မူ၏။ ရဟန်းတော်တို့သည် နာယူပြီးသော် တောထွက်ကုန်၏။ ယင်းတို့ အထဲတွင် ရှင်တိသသည် ပျင်းရိ၏။ ဝိရိယမရှိ။ အစာအာဟာရ၌ တပ်မက်မော၏။ သို့ဖြစ်၍ ရှင်တိသသည် စဉ်းစား၏။-

"ငါသည် တောရကျောင်း၌ မနေနိုင်။ ကမ္မဋ္ဌာန်းလည်း အားမထုတ်နိုင်။ ဆွမ်းလည်းခံ၍ မစားနိုင်။ ငါ့အား တောရကျောင်း၌ နေလို့

http://www.dhammadownload.com

ဘာအကျိုးရှိအံ့နည်း။ ပြန်တော့အံ့"

ယင်းသို့ စဉ်းစားပြီးလျှင် ဝိရိယကို စွန့်လွှတ်ကာ ဇောတဝန်ကျောင်းသို့ ပြန်လာခဲ့၏။ ရှင်တိဿမှ တပါးသောရဟန်းတို့သည် ဝါတွင်းသုံးလကြိုးစားအားထုတ်ရာ မြေကြီးကို ပဲ့တင်ထပ်စေကုန်လျက် ရဟန္တာဖြစ်ကုန်၏။

ရဟန်းတော်တို့သည် သီတင်းကျွတ်လျှင် ဘုရားရှင်ထံသွား၍ ရအပ်သောကျေးဇူးကို လျှောက်ထားကုန်၏။ ဘုရားရှင်သည် ချီးမွမ်းတော်မူ၏။ ရှင်တိဿသည် ယင်းတို့ကို မြင်ကြားသော် မိမိလည်း ရဟန်းတရားကိုကြိုးစားအားထုတ်လိုစိတ် ဖြစ်လာ၏။ သို့ဖြစ်၍ ထိုညဉ့်၌ အပြင်းအထန် ဝိရိယထား၍ အလွန်လျင်မြန်စွာ ရဟန်းတရားကို အား ထုတ်ရာ မဖျိမယာမ် လွန်သော် အမှိတ်ကဲ့ပျဉ်မှိ၍ ရပ်လျက် ငိုက်မျဉ်း လဲကျ၏။ ပေါင်ရိုးထက်ပိုင်း ကျိုးသွား၏။ ဝေဒနာ ပြင်းထန်စွာ ဖြစ်၏။ (ဇက နိပါတ်ဇာတ် အဋ္ဌကထာ)

ဘာကြောင့် ပေါင်ကျိုးသလဲ ရှင်တိဿ ဘာကြောင့် ပေါင်ကျိုးသလဲ၊ စိစစ်သော် သူများတွေ့ စနစ်တကျ ဝိရိယမှန်မှန်နှင့် သုံးလအားထုတ်၍ ရသည့်တရားကို တစ်ရက်ထဲနှင့်ရအောင် အားထုတ်မည်ဆိုပြီး ဝိရိယလွဲမှား မတရားကြိုးစား၍ ပေါင်ကျိုးရသည်။ တစ်ချို့တရားအားထုတ်ယင်း ရူးသူတို့မှာ ရှင်တိဿကဲ့သို့ပင် မိမိကိုယ်တိုင် ဝိရိယလွဲမှားခြင်း၊ ဆရာက လွဲမှားအောင် အားပေး၍ လွဲမှားခြင်း စသည်တို့ကြောင့် ရူးရသည်။

လေ့လာနည်း အို စာရှူသူ၊ အဓိကပန်းတိုင် နိဗ္ဗာန်ရရေးအတွက် ဘာလုပ်ရမည်နည်း။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်ရမည်။

၁။ မဂ်ဖိုလ်ရရေးအတွက် ဝိပဿနာဉာဏ်ရအောင် အားထုတ် ရမည်။

၂။ ဝိပဿနာဉာဏ်ရရေးအတွက် ရုပ်နာမ် ၂-ပါးတွင် တစ်ပါး ပါးကို အနုပဿနာ ၄-ပါးနှင့်အညီ အားထုတ်ရမည်။

၃။ အနုပဿနာ ၄-ပါးနှင့်အညီ အားထုတ်နိုင်အောင် ဆိုင်ရာ ရုပ်နာမ် ၂-ပါးကို စိစစ်ရမည်။

http://www.dhammadownload.com

၄။ ရုပ်နှင့်နာမ်တွင် လူတို့အတွက် ရုပ်ကစ၍ ညွှန်ပြမှုများလျက် နတ်တို့အတွက် နာမ်ကစ၍ ညွှန်ပြမှု များခဲ့သည်။

၅။ ရုပ်တို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်နှင့် စပ်ဆိုင်ရာ မိမိတို့၏ အတွင်းအဖျော့တွေကာယရုပ်ကို ရှုပွားရမည်။

၆။ ယင်းသို့ ရှုပွားတတ်ရန် ရှုပွားသည့် ကိရိယာ တန်ဆာ ဖြစ်သော ဗောဇ္ဈင်နှင့် မဂ္ဂင်တို့ကို ကြိုတင်၍ နားလည်ရမည်၊ သို့ဖြစ်ရကား-

(က) ဗောဇ္ဈင်ပိုင်းကို အဦးအစ ကျော်၍ ကြည့်ရှုပါ။

(ခ) ဗောဇ္ဈင်ပိုင်းပြီးသော် သစ္စာပိုင်းကို ကျော်၍ ကြည့်ရှုပါ။

(ဂ) သစ္စာပိုင်းပြီးသော် ပုဗ္ဗကိစ္စ ၁၀-ပါးကို ပြန်၍ ကြည့်ပြီး မိမိနှစ်သက်ရာ သတိပဋ္ဌာန် တစ်ပါးပါးကို လေ့လာ၍ ကြိုးစားအားထုတ်ပါ။

ကျော်နိုင်ပါသည် ဤဘာဝနာဝတ္ထုတွင် ပါဠိလိုသူများအတွက် ပါဠိအနည်းငယ် ထည့်ထားပါသည်။ ယင်း ပါဠိတို့ကို မဖတ်တတ်သော်လည်းကောင်း၊ မဖတ်လိုသော်လည်းကောင်း၊ ကျော်လွှား၍ ညီမျှခြင်း လက္ခဏာ နောက်ရှိ မြန်မာစကားပြေ သက်သက်ကိုသာ ဖတ်ရှုနိုင်ပါသည်။ မြန်မာစကားပြေတွင် ပါဠိအဓိပ္ပါယ် အပြည့်အဝပါရှိပါသည်။

ပါဠိလို မြန်မာစကားပြေပြန်ရာတွင် စကား ချောမောစေရန် "ဟိ-စ-ပန" စသော ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့ အနက်တို့ကို အများ အားဖြင့် ချန်ထား၍ ပြန်ဆိုပါသည်။ အတတ်နိုင်ဆုံး မြန်မာကျကျ ပြန် ဆိုပါသည်။

ကိုယ်တိုင်သိလိမ့်မည် ဤဘာဝနာဝတ္ထုတွင် ဝိပဿနာရှုနည်း အားလုံးတို့မှာ ဉာဏ်စဉ်တက်၍ မဂ်ပေါက် ဖိုလ်ဝင်နိုင်သော နည်းကောင်း လမ်းမှန်တွေချည်း ဖြစ်ပါ၏။ သို့သော် ဉာဏ်စဉ် တက်၍ မဂ်ပေါက် ဖိုလ်ဝင်ပုံ စသည်တို့မှာ ထိုထိုစာအုပ်များစွာတို့တွင် ရှုကြည့်နိုင်သည် ဖြစ်ရကား ဤဘာဝနာဝတ္ထုဌ် ယင်းတို့ကို မဖော်ပြတော့ပါ။ ကြိုက်နှစ်သက်ရာ ရှုပွားနည်းတစ်ခုခုကို ညွှန်ကြားချက်အတိုင်း စနစ်တကျ လေ့လာအားထုတ်၍

http://www.dhammadownload.com

ဉာဏ်စဉ်တက်ကာ မဂ်ပေါက်၊ ဖိုလ် ဝင်လာပါလျှင် ကိုယ်တိုင် သိရှိလိမ့်မည် ဖြစ်ပါသတည်း။

မှတ်တမ်းတင်ပါသည် ဤဘာဝနာဝတ္ထုကို ရေးသားရာ၌ အကြံဉာဏ် ပေးခြင်း၊ လိုတိုး ပိုလျော့ စသည်ဖြင့် ပရိယတ္တိ အမြင်၊ ပဋိပတ်အမြင် ဟူသော အမြင် ၂-ပါးရှိ အောက်ဖော်ပြပါ အရှင်မြတ် တို့က ကြည့်ရှုသုတ်သင် ပြင်ဆင်ပေးသည်ကို အထူးကျေးဇူးတင်ရှိကြောင်း ဤနေရာ၌ မှတ်တမ်းတင်အပ်ပါသတည်း။

၁။ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရ အရှင်ဝဏ္ဏိတ (ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)

၂။ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရ အရှင်အာစိဏ္ဏ (သီရိပဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ (အိုင်-အေ)

၃။ ရန်ကုန်မြို့ ကမ္ဘာအေး၊ ရေကူး သံဃတက္ကသိုလ် သီရိပဝရ ဓမ္မာစရိယ ပညာရေးဝန်ဆောင် အရှင်အာဒိစ္စဝိယ၊ အရှင် ဃောသိတ။

၄။ အင်္ဂပူမြို့နယ် ကွင်းကောက်တောင်ဘက်၊ တောရကျောင်းကြီး အရှင်ဝါသဝ (သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)

အရှင်ပညာဇောတ
ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ
၁၃၃၇ ခု၊ ဝါဆိုလပြည့်နေ့
(၂၂-၇-၇၅)

အရှင်ပညာဇောတ
မွန်စိန်တောရ
အစင်ရွာ-ရေးမြို့နယ်
၁၃၃၇ ခု၊ ဝါဆိုလပြည့်နေ့
(၂၂-၇-၇၅)

http://www.dhammadownload.com

ဥပမာမုံတိုက်ဝိဒိုဝဲယဒိုဂ် ဒါဥ္စာပါဌတာဒါဝ ဟိနိ ၊ဧကံပဒကိမ ဇာဇိဂဇဒ္ဓိစဏ္ဍာဠ
။းဥဠဂဇးပဖိဗျါ

ဇာတဠုဂ်ကြဧ ဥိဂုးဂဇးဂုခ ဂိုဂ်ဠ္ဌဝဂနဝဂဇဂ်ဠ္ဌ ဥိဠ္ဌဇးပဒဒိဂဇးမိဇဇိဝမု
ဠ္ဌိယနိပ ဒုံဗျါဥိဠ္ဌဇဖ ဂျွှဂခဝို ၊ဂိဝတိဂ် ၊ဒဒ်ခြဲးပခ
ဝိဝမျါဒ်ဂျွှဧ ပဝဂြါပခဇိဂဇဧခ ဂြိုးပ-၂ ဒ်မျါဧ ဂဇခဠ့ပ ဒ်မျါဧးဇိဝပဒြိုပ ၊ဒ်မျါဧ
းဒ်ဂဏ်ခဂြိုဒ်ဝဲးနွှးဂုဂခဲးဠ္ဌဧ ဂိဂ်ဥိဠ္ဌဇးပခဒ်ဇဧဒ်ပြဲ ဒ်ဇဇိဂဠ့ဂဂြိုဥိဠ္ဌဂဏ် ဂဂ့ဂိဝ
။းဥဠဂဇးပပိဧဧဒ်ဝဲးဗိဇဇိဝမု ဥိဠ္ဌခနဂြိုဠ္ဌ

ဠ္ဌဝိဝဗိ) ဂဝြိုဠ္ဌဝဒ်ဂျွှဧ ဂ့ဂဇခနိုဖိနိုမ္ဘ ဂဠ္ဌဒ်ဖဧ ဒိယန္ဒျမြိုးဂုခ ။ငု
(ယဂြိဖဧဂနဂ္ဌမ္ဘဂဂ ၊ယဂြိဖဧဂမ္ဘဖ ဂုဝဝဂြိုဝ ဒုံနုလဇာဧဇဧယနီ
ဂုဝဝဂြိုဝ) ဏ္ဍာဇိဧဧဒ်ဂျွှဧ ဂ့ဂဇခနိုဖိနိုမ္ဘ ဂဠ္ဌဒ်ဖဧ ဒိယန္ဒျမြိုးဂုခ ။၂
(ဧဧခ-ဒ်ဒြိဧ) ယဂြိဖဧဂနဂ္ဌမ္ဘဂဂ ၊ယဂြိဖဧဂမ္ဘဖ
ဂုဝဝဂြိုဝ ဝိဒိုဝဲဇ္ဈဂဇဂဇဝ်ဝ ဒ်ဂုဂခ ၊းဧဧခဧမ္ဘဂဂ ဂြိုမြိုနိုဂုဂနိုဂုခ ။၄
ဒ်ဂျွှဧ ၊ဧယဝိဖဖွဝ်ဧဧဒ်ဂျွှဧ ဒ်ဧဖဧခနိုဝဝ်ဂုခဧဧဠ့ပ ယဂြိဖဧဂမ္ဘဖ
။ဧဝဝ်ဝ်ဧဧဇဧခ
ဒ်ဂြိုးဒ်ဇုဂခဂ္ဂဧဝခ ၊ဂိဂဧဒ်ဧဧဝခဇိဂဧဧခဧဒ်ဒ်ဂ ဒိယန္ဒျမြိုဗ္ဘဂ်ဂ်ိဧဧ ။၃
(ယဂြိဖဧဂလုဂဂ္ဌမ္ဘဂဂ ဧယဂြိဖဧဂမ္ဘဖ ဖဝနဇာဧဧ) ဝဧဧဂါဝဒ်ဂျွှဧ

ဧဧခဧဧဠ့ပဒ်ဂျွှဧ
ယဂြိဖဧဂမ္ဘဖ ဂုဝဝဂြိုဝ ဒုံနုလဇာဧဧဇဧယနီ ဠ္ဌဝိဝဗိ
နုခဒ်ဠ့ပြါဟဂြိုဂါဂ ၊ခ ၅၁၄၀
(၈၅-၃-၂၂)

ဧဧခဧဧဠ့ပဒ်ဂျွှဧ
ဂ့ဂဇခနိုဖိနိုမ္ဘ
ဒိယန္ဒျမြိုးဂုခ-ဂဠ္ဌဒ်ဖဧ
နုခဒ်ဠ့ပြါဟဂြိုဂါဂ ၊ခ ၅၁၄၀
(၈၅-၃-၂၂)

http://www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ"

"ပုဗ္ဗကိစ္စ ၁၀-ပါး"

ရှေးဦးပြုဖွယ် ရှေးဦးပြုဖွယ်ကို "ပုဗ္ဗကိစ္စ" ဟူ၍ ခေါ်၏။ ယင်းပုဗ္ဗကိစ္စသည် သူ့နေရာနှင့်သူ ပုဗ္ဗကိစ္စ ဟူ၍ များစွာရှိ၏။ ဥပမာသော် အိမ်ဆောက်မည့်သူသည် အိမ်မဆောက်မီ ရှေးဦးစွာ အိမ်နေရာကို အမှိုက်ရှင်းခြင်း၊ မြေညှိခြင်း စသည် ပြုလုပ်ရာ ယင်းကို ပုဗ္ဗကိစ္စ ဟူ၍ ခေါ်ရ၏။

ဤ၌ ဝိပဿနာတရားကို မရှုပွား အားမထုတ်မီ ရှေးဦးစွာ မိမိစိတ်တွင် နီဝရဏညစ်ကြေး အပြစ်ဘေးကင်း၍ ကြည်လင်သန့်ရှင်းကြောက်ခြင်းမရှိ ရဲတင်းဘိအောင် ရှေးဦးပြုဖွယ်ကို ပုဗ္ဗကိစ္စဟူ၍ ခေါ်၏။ ယင်းသည် ၁၀ ပါးရှိ၏။ ယင်းတို့ကား -

၁။ ဘုရားပင့်ခြင်း၊
၂။ ကန်တော့ခြင်း၊
၃။ ဘုရားရှိခိုးခြင်း၊
၄။ ခန္ဓာကိုယ်စွန့်လှူခြင်း၊
၅။ ကမ္မဋ္ဌာန်းတောင်းခြင်း၊
၆။ သီလခံယူခြင်း၊
၇။ ဗုဒ္ဓါနုဿတိပွားခြင်း၊
၈။ မေတ္တာပွားခြင်း၊
၉။ မရဏဿတိပွားခြင်း၊
၁၀။ ပတ္ထနာပြု ဆုတောင်းခြင်းဟူ၍ ၁၀ ပါးရှိ၏။
ယင်းတွင်-

၁။ **ဘုရားပင့်ခြင်း** ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဋ္ဌာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အစိန္တေယျ သုံးလောက ထွတ်ထား

http://www.dhammadownload.com

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားတပည့်တော်၏ ကေသာ ဥဿျောင် ပိတုန်းရောင်ဖြင့် ညိုမှောင်မည်းနက် ကိန်းစက်ရာမှ ဗိမာန် သာဆန်း ဤဦးခေါင်းတော် တည်းဟူသော ကျောင်းသခိမ်း၌ လျောင်း ထိုင် ရပ် သွား လေးပါး ဣရိယာ မျှတစွာဖြင့် ကြည်သာရွှင်ပြုံး ကြွရောက် ကာ သီတင်းသုံးတော်မူလှည့်ပါ အရှင်ဘုရား။

ဘုရားပင့်ရကြောင်း အဘယ့်ကြောင့် ဘုရားပင့်ရသနည်း။ ဘုရားရှင်ကို ရှိခိုးချင်၊ ကန်တော့ချင်လို့ မိမိဦးခေါင်းပေါ်သို့ ပင့်တင်ရခြင်းဖြစ်၏။ ယင်းသို့ပင့်တင်ထားသော် "မိမိဦးခေါင်းပေါ်မှာ ဘုရားရှင် သီတင်းသုံးနေတော်မူပါကလား" ဟု အာရုံရောက်သဖြင့် တရားအားထုတ်ရာ၌ လေးစား၏။ မကောင်းသောအပြု၊ အပြော၊ အကြံ အစည်တို့ကို မပြုရဲ၊ မပြောရဲ၊ မကြံစည်ရဲတော့ပေ။ တရားအာရုံ၌သာ စိတ်သက်ဝင်တော့၏။

ရှေးထုံးလဲရှိ ယင်းသို့ ဘုရားပင့်ခြင်းကိစ္စကို သာသနာပြု အကျော်အမော် ရှေးက သင်္ဃာ ဆရာတော်ဘုရားကြီးသည် စတုရာရက္ခကျမ်းကို မပြုမီ ရှေးဦးအစ ရတနာသုံးပါးကို ရှိခိုးမှုပြုရန် ဤသို့ ဘုရားပင့်ခဲ့သည်-

"စကြဝဠာ အနန္တတိုင် မွေးကြိုင် ကောင်းမွန်၍ ထူးကဲလွန်မြတ်သော နံ့သာဖြစ်တော်မူသဖြင့် စကြဝဠာလောကဓာတ် တိုက်တစ်သောင်းမှ ခညောင်း ပူဇော် ဖူးမျှော်လာကြသည့် နတ်ဗြဟ္မာအားလုံး ပျားပိတုန်းတို့ စုရုံး ရွှင်လန်း စုပ်နမ်းရာဖြစ်သော ဘုရားရှင်၏ခြေတော် အစုံ ကြာပဒုံသည် ဘုရားတပည့်တော်၏ မြတ်ရာထားတင် ဦးထိပ်ပြင်၌ တန့်ရပ်တည်နေတော်မူလှည့်ပါ ဘုရား"

၂။ **ကန်တော့ခြင်း** သြကာသ သြကာသ သြကာသ ကာယ ဝစီ မနောချီလျက် သုံးလီစေတနာ လေးဖြာ ပဏာမ ပူဇနဖြင့် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါး မိဘနှစ်ပါး ဆရာသမားတို့နှင့်တကွ ပြစ်မှားမိသူ ပုဂ္ဂိုလ်အများတို့အား

http://www.dhammadownload.com

ဘုရားတပည့်တော် ရှိသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား။

ရှိခိုးခြင်းလေးမျိုး ဤကန်တော့ခန်းတွင် "လေးဖြာပဏာမ" ဟု ဆိုထားသည်၊

"နမဿန္တိတိ ကာယေန။ နမဿန္တိ၊ ဝါစာယ နမဿန္တိ၊ မနသာ နမဿန္တိ၊ ဓမ္မာနုဓမ္မပွဋိပတ္တိယာန၊ မဿန္တိ" ဟူသော ဆက္ကဂုံတ္တရအဋ္ဌကထာအရ ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်ဖြင့် ရှိခိုးခြင်းထည့်ထား၍ ရှိခိုးခြင်း လေးမျိုးရှိရကား "လေးဖြာ ပဏာမ" ဟု ဆိုထားပါသည်။

ဘုရားရှင်၏ ချီးမွမ်းခံရသူများ ဘုရားရှင် နောက်လေးလ အကြာတွင် ပရိနိဗ္ဗာန်စံတော့ မည်ဟုသိရသောအခါ ရဟန်းတော်အများမှာ သောကပရိဒေဝဖြစ်ကြရ ၏။ "ဘယ်သို့ပြုရမည်နည်း" ဟု ကြံစည်ဆွေးနွေးကာ ဘုရားရှင်အနား မှ မခွာနိုင်ဖြစ်ကြရ၏။ ရှင်အတ္တဒတ္တ၊ ရှင်တိဿ၊ ရှင်ဓမ္မာရာမ ရဟန်း တော်သုံးပါးမှာကား "ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မည်၊ ငါတို့မှာလည်း အာသဝမကုန်သေး။ ဘုရားရှင် ပရိနိဗ္ဗာန်မစံမီ အာသဝကုန်အောင် ကြိုး စားသင့်၏" ဟု တစ်ပါးချင်းခွဲကာ တရားသာအားထုတ်နေကြကုန်၏။

ရဟန်းအများက ထိုရဟန်းများ ဘုရားရှင်ကို အရေးမစိုက်ကြောင်း လျှောက်ထားသောအခါ ဘုရားရှင် ခေါ်တော်မူ၍ မေးလျှင် အကြောင်း ကို သိရသဖြင့် ချီးကျူးတော်မူခဲ့၏-

"ငါဘုရားကို ပစ္စည်းအာမိသဖြင့် ပူဇော်ရုံမျှနှင့် ငါဘုရားအပေါ်မှာ ချစ်ရာမရောက်၊ အကျင့်တရားဖြင့် ပူဇော်မှသာ ငါဘုရားအပေါ်မှာ ချစ်ရာ အရှိအသေပြုရာ လေးစားရာရောက်သည်" (ဓမ္မပဒအဋ္ဌကထာ)

အမြတ်ဆုံးပူဇော်ခြင်း ဘုရားရှင် ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်၌ စံနေတော်မူချိန်တွင် နတ်ဗြဟ္မာတို့၏ လွန်လွန်

http://www.dhammadownload.com

ကဲကဲ ပစ္စည်းအမျိုးမျိုးဖြင့် ပူဇော်ကြပုံ တွေ့မြင်သောအခါ ရှင်အာနန္ဒာ အား "အာနန္ဒ၊ ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး။ မင်၊ ဖိုလ်၊ နိဗ္ဗာန်အား လျော်သော ဓမ္မပူဇာခေါ် တရားကျင့် ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံးသော ပူဇော်ခြင်းမည်၏" ဟု ဟော တော်မူခဲ့၏။ (သုတ်မဟာဝါ ပါဠိတော်)

သီစေချင် ယင်းသို့ အကျင့်ဖြင့် ရှိခိုးပူဇော်ခြင်း အကျိုးများပုံကို သိစေလိုလျှင် လူသိများသော ရှိခိုးခြင်း ၃-မျိုးတွင် အကျင့်ဖြင့် ရှိခိုးခြင်း တစ်မျိုးထည့်၍ "လေးဖြာပဏာမ" ဟု ဆိုထားပါသည်။ အို စာရှူသူ၊ သာသနာတော် အရှည်တည်ရေး၊ တပည့်သာဝကများ ကောင်း စားချမ်းသာရေးအတွက် ဘုရားရှင် လိုလားတော်မူသော တရားကျင့်ခြင်း၊ ဓမ္မပူဇာခေါ် အကောင်းဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ကာ ဘုရားရှင်တပည့် ဗုဒ္ဓသာသနာဝင်အစစ် ဖြစ်နိုင်ကြရန် ကြိုးစားပါလော့။

ပြစ်မှားပြစ် "အပြစ်ကင်းကွာ၊ နိပ္ပရာဒ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သော့မြူသည်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီး မျိုချောင်း၊ မိကျောင်း-သစ်ကျား၊ ဖမ်းစားဘီလူး၊ ရေကူးလေမှောက်၊ စိတ်နောက် သွေးအန်၊ စက်ပျံမိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသတ်၊ ကျိုးပြတ်အင်္ဂါ၊ နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွေ-ငွေ-ကွဲ-နွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ကြီးဒဏ် ရောက်၍၊ နောက်၌အမြဲ၊ သေဖောက်လဲ သော်၊ ငရဲကြီးစွာ၊ လားတို့ရာ၏"

"အရိယာစစ်၊ ဖြစ်သားတမူ၊ မြတ်သောသူကို၊ အရိယူပဝါ၊ ယုတ်မာ စကား၊ ဒေါသအားဖြင့်၊ ပြစ်မှားချွတ်လွဲ၊ စွပ်စွဲဖရုသ်၊ ဆဲဆိုခုတ်သား၊ ကြမ်းကြုတ်ဝစန၊ နူတ်ဓားမလည်း၊ သူများကိုယ်မှာ၊ အရာမရှိ၊ မိမိကိုယ်သာ၊ ဖြစ်တတ်စွာ၏၊ အရိယာပြစ်မှား၊ ဆိုးရွားမိုက်ညစ်၊ ထိုက်ပြစ်ကား၊ စင်စစ် ကြီးမား၊ ဟူတုံငြား၏" (မဃဒေဝ)

http://www.dhammadownload.com

ကန်တော့ကျိုး ပြစ်မှားသူ့ထံ၊ ကျိုးနွံခယ၊ တောင်းပန်ကလည်း၊ ပျောက်ပစမြဲ၊ မလွဲကေန်၊ မတောင်းပန်က၊ သေလွန်ထုတ်ချောက်၊ ငရဲရောက်၏။ မီးလောက်ထင်ငြား၊ သူမြတ်များ တို့၊ မမှားအပ်စွာ၊ ရှားတို့ရာ၏။ (မဃဒေဝ)

တိရစ္ဆာန်ပြစ်မှား အရိယာစစ်၊ မဟုတ်ဖြစ်စေ၊ အပြစ်မဲ့ဘိ၊ သီလရှိသား၊ တိရစ္ဆာန်၊ အဟိတ်မျှလည်း၊ ဒေါသအမှု၊ ပြစ်မှားပြုက၊ ယခုဘဝ၊ ဤဒိဋ္ဌပင်၊ ဒုက္ခဖြစ်ဆိုး၊ မကောင်းကျိုးဖြင့်၊ မိုးကြိုးလောင်မီး၊ ကျပျက်စီးရှင့်။

"အတီရေးခါ၊ တောဟောမာဝယ်၊ ပညာဇာတိ၊ မွေးကျိုးသို၍၊ မွေးမိ မွေးကြ၊ နန္ဒိယဟု၊ ရွှယ်လှဆင်းရောင်၊ မျောက်ညီနောင်ကို၊ နှစ် ကောင်လုံးပင်၊ ပစ်သတ်ကျင်၍၊ အိမ်တွင်းအသီး၊ လောင်မီးကျငြား၊ သမီးသားနှင့်၊ မယား လည်းကောင်း၊ ကိုယ်ပါပေါင်း၍၊ အလောင်းလေးခု၊ တစ်ခုတည်းသာ၊ ဖုတ်ရ စွာ၏။" (မဃဒေဝ)

အို စာရှူသူ၊ ပြစ်မှားခြင်း၏ အပြစ်တွေကို သိပြီမဟုတ်လော။ ယင်း ပြစ်မှားပစ်တွေကို ကန်တော့တောင်းပန်လျှင်လည်း ပျောက်ပါ၏။ သို့ ဖြစ်ပါ၍ ကန်တော့ခန်းတွင် "ရတနာမြတ်သုံးပါး၊ မိဘနှစ်ပါး၊ ဆရာသမား"ဟု အမည် ဖော်နိုင်သမျှကို ဖော်၍ မဖော်နိုင်ဘဲ ကျန်သည်တို့ကို "ပြစ်မှားမိသူ အများ တို့အား" ဟု သိမ်း၍ ဆိုထားပါသည်။

၃။ **ဘုရားရှိခိုးခြင်း** "နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" (၃ ကြိမ်)

ယောဘဂဝါ အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် **အရဟံစ** = ပူဇော်ထူးကို ခံတော်မူထိုက်သည် လည်းကောင်း၊ **သမ္မာသမ္ဗုဒ္ဓေါစ** = မဖေါက်မပြန်၊ ကိုယ်တော်တိုင်သာ သစ္စာ လေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်၊ သိမြင်တော်မူပြီးသည် လည်းကောင်း၊ **ဟောတိ** = မုချမသွေ ဖြစ်တော်မူပါပေ၏။

http://www.dhammadownload.com

အရဟာတော = ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ** = မဖောက်မပြန် ကိုယ်တော်တိုင်သာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော၊ **ဘဂဝတော** = ဘုန်းတော် ခြောက်စုံကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြား ထိုရှင်တော်မြတ်ဘုရား အား၊ **မေ** = ရပ်နာမ်နှစ်ဖြာ ဟုတ်မှန်ရာကို သူငါမှည့်ခေါ် ဘုရား တပည့်တော်၏၊ **နမော** = ခြေလက်နဖူး၊ တတောင် ဒူးဟု၊ ငါးဦးတည် ရိုး၊ ကော်ရော်မျိုးဖြင့်၊ ရှိခိုးခြင်းသည်၊ **အတ္ထု** = အမှန်ပင် ဖြစ်ပါ၏။

ဣမိနာဇုဒ္ဓပဏာမေန = ဤသို့ မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာကြောင့်၊ **မေ** = ရပ်နာမ်နှစ်ဖြာ ဟုတ်မှန်ရာကို သူငါမှည့်ခေါ် ဘုရားတပည့်တော်အား၊ **ယထိစ္ဆိတတ္ထော** = အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သော ကောင်းကျိုးချမ်းသာ အဖြာဖြာသည်၊ **ယထာလဗ္ဘာ သယံ** = အကြင် အကြင် အလိုရှိတိုင်း၊ **သမိဇ္ဈန္တု** = ပြီးပြည့်စုံပါစေသတည်း။

(အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဦးနန္ဒဝံသ)

အို စာရှူသူ၊ အချို့ကား ကန်တော့တာနှင့် ရှိခိုးတာ မကွဲကြပါ။ မိမိသည် လူတော်တော်များများကို "ဘုရားရှိခိုးရလား" ဟု မေးကြည့်ရာ "ရတယ်" ဟု ပြောကြ၏။ "ဘာဘုရားရှိခိုးလဲ၊ ဆိုပြစမ်း" ဟု ဆိုခိုင်းလျှင် "ဩကာသ"ကို ဆိုပြကြ၏။ ဩကာသမှာ မရှိခိုးခင် အပြစ်ကို တောင်းပန်ခြင်းဖြစ်၏။ တောင်းပန်ပြီးမှ မိမိနှစ်သက်သော ဘုရားရှိခိုးဖြင့် ရှိခိုး ရခြင်းဖြစ်၏။

ဘုရားရှိခိုးရက်ျိး ဘုရားရှိခိုးရခြင်းသည် ဘေးဒုက္ခခပ်သိမ်းကို ကင်းငြိမ်းစေလျက် ချမ်းသာသုခအပေါင်းနှင့် ပြည့်စုံစေ၏။ ဘုရားရှိခိုးခြင်းသည် စင်စစ်အပြစ်တ်ထားကို ပွားများ မွေးမြူရခြင်း ဖြစ်ပေ၏။ အပြစ်တ်ထားကို ပွားများမွေးမြူရခြင်းသည် အပျက်စိတ်ထားများကို အဝေးသို့ လွှင့်ပါးစေ၏။ ဤ၌ အပြစ်တ်ဟူသည် ကုသိုလ်စိတ်ကို ခေါ်၍ အပျက်စိတ်ဟူသည် အကုသိုလ်စိတ်ကို ခေါ်၏။

အပျက်စိတ်ထား ကင်းစင်အောင် အပြစ်တ်ထားပွားများခြင်းသည်

http://www.dhammadownload.com

မိမိ၏ ကိုယ်ခန္ဓာနှင့်တကွ စိတ်ဓါတ်ပါ ကောင်းမွန်ခိုင်ခံ့လျက် အေးချမ်းတည်ငြိမ်မှုကို ရရှိနိုင်ပေ၏။

ဘုရားရှိခိုး ဆုတောင်းခြင်းသည် မိမိ၏စိတ်ဓါတ်ကို အဓိပတိ ပစ္စည်းတပ်၍ တိုးမြှင့်ပေးခြင်းဖြစ်၏။ စိတ်ဓါတ်အင်အား မြင့်မားလာသောအခါ မိမိ ရည်မှန်းသော အရာကို ရရှိစေနိုင်၏။

အို စာရှူသူ၊ ဘုရားရှိခိုးရကျိုးတွင် တစ်ခြားများစွာ ရှိပါသေး၏။ သို့သော် နေရာကျဉ်း၍ မဖော်ပြပါရစေနှင့်တော့။ **"မိမိ ရည်မှန်းသော အရာကို ရရှိနိုင်၏။"** ဆိုသည့်အထဲတွင်သာ ထည့်သွင်း၍ မှတ်ယူပါ လော့။

၄။ ခန္ဓာကိုယ်စွန့်လှူခြင်း "ဣမာဟံ ဘန္တေ အတ္တဘာဝံ တုံမှာကံ ပရိစ္စာမိ သြဝဒိတုံ" (၃ ခေါက်)

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြား ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ရုပ်နာမ်ထွေးရော ဤခန္ဓာကိုယ် အတ္တဘောကို ရှင်တော်မြတ်ဘုရားတို့အား အလိုရှိသလို ဆုံးမတော်မူနိုင်ပါစေခြင်း အကျိုးငှာ စွန့်လှူဒါန်းပါ၏ အရှင်ဘုရား။

၅။ ကမ္မဋ္ဌာန်းတောင်းခြင်း အဟံ ဘန္တေ သံသရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ ယာစာမိ၊ ဒေထ မေ ဘန္တေ ဘဂဝါ အနုကမ္ပံ ဥပါဒါယ။ (၃ ခေါက်)

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြား ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ လျင်မြန်စွာ ကျွတ်လွတ်ပါရခြင်းအကျိုးငှာ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို တောင်းပန်ပါ၏။။ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြား ရှင်တော်မြတ်ဘုရားသည် ဘုရားတပည့်တော်အား အစဉ် သနားတော်မူသည်ကို အကြောင်းပြု၍ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပေးသနားတော်မူကြပါကုန် အရှင်ဘုရား။

http://www.dhammadownload.com

(**ကမ္မဋ္ဌာန်းတောင်းရခြင်း** အို စာရှုသူ၊ မိမိသည် အထက်ပါ စာပိုဒ်ကို **ခန္ဓာလျှုရခြင်းအကြောင်း**) **ဗုဒ္ဓဿ ဝါ ဘဂဝတော အာစရိယဿဝါ အတ္တာနံ နိယျာတေတွာ သမ္မန္နဝိမုတ္တိနာ ဟုတွာ ကမ္မဋ္ဌာနံ ယာစိတမ္ဗံ** "ဘုရားရှင်အား လည်းကောင်း၊ သို့မဟုတ် ဆရာအားလည်းကောင်း မိမိခန္ဓာကိုယ်ကို အပ်နှင်း စွန့်လျှု၍ ပြည့်စုံသော အလိုဆန္ဒ နှလုံးသွင်းလျက် ကမ္မဋ္ဌာန်းတောင်းအပ်၏" ဟုဆိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ ရေးခြင်းဖြစ်၏။

ပြည့်စုံသောအလိုဆန္ဒ နှလုံးသွင်း ယင်းတွင် "ပြည့်စုံသော အလိုဆန္ဒ နှလုံးသွင်း" ဟူသည် အဘယ်နည်းဟု သိသင့်၏။ ယင်းကို မဃဒေဝလင်္ကာဖြင့်ပင် ပြည့်စုံ၍ မိမိ မစွက်ဖက်ဘဲ မူရင်းကို ဖော်ပြပါအံ့-

"နိယတဟု၊ ဆုရမှန်ဘိ၊ လက်ကိုင်ရှိသား၊ ဗောဓိဉာဏ်ချစ်၊ လောင်း တော်စစ်တို့၊ နိက္ခမဏ္ဍာ၊ ကြီးကျွန်ဖြင့်၊ ဃရာဝါသ၊ သမ္မာဓဟု၊ ကာမဖျင်းသိမ်၊ ဝဋ်စည်းစိမ်ကို၊ နှောင်အိမ်လျှောင်တိုက်၊ မှတ်ပိုက်ထင်ရှိ၊ အမြဲသိ၏။ ပဝိဝေက၊ အဏ္ဍာသယဖြင့်၊ ကာမကိလေ၊ ဖော်ရံရွှေကို၊ ငန်းမြွေ ပတ်ရစ်၊ ဘေးအဖြစ်သို့၊ စင်စစ်ထင်ကြ၊ အလောဘဓါတ်၊ အလိုမြတ်ဖြင့်၊ နတ်၏ရိပ်ငြိမ်၊ ကြီးစည်းစိမ်နှင့်၊ တွေ့ကြိမ်ဘိလည်း၊ လောင်ညှိလျှံညီး၊ မီးပုံကြီးသို့၊ အပြီးထင်လစ်၊ အဒေါသဏ္ဍာ၊ မေတ္တာဟူထ၊ ကြီးဆန္ဒဖြင့်၊ ဇီဝခြွေဖြုတ်၊ သက်ကိုနုတ်သည့်၊ သောဏုတ်အတူ၊ ပြစ်မှားသူလျက်၊ မရှုဒေါသ၊ အမောဟဖြင့်၊ မောဟအဝိဇ္ဇာ၊ မှောင်မဝိတ်ဘဲ၊ နိဿရဏ၊ အဏ္ဍာသယဖြင့်၊ ဘဝသုံးဖြာ၊ သေမင်းရွာသို့၊ ပြင်းစွာထင်လတ်၊ အမြဲ မှတ်၍၊ မပြတ်ပြကတော့၊ မြင်ဓလေ့ကြောင့်၊ မမွေ့လျှော်၊ စံမပျော်သည်၊ စိတ်တော်ငြီးငွေ့၊ ထွက်ကြည်တည်း။"

"ယောဂီသည် ယင်းအလောဘ အစရှိသည်တို့၏ အစွမ်းဖြင့် ခြောက် ပါးကုန်သော အခြင်းအရာတို့ဖြင့် ပြည့်စုံသော အလိုဆန္ဒနှလုံးသွင်း ရှိရာ၏။ ယင်းသို့ရှိသော "သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ" ဟူသော ဗောဓိ ၃-ပါးတို့တွင် တစ်ပါးပါးသို့ရောက်၏" (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ခန္ဓာကိုယ်စွန့်လျှုရကျိုး မိမိ ခန္ဓာကိုယ်ကို ဘုရားရှင်အား စွန့်လျှုဒါန်း ထားလျှင် ကြောက်မက်ဖွယ်အာရုံ ထင်လာသော်

http://www.dhammadownload.com

မကြောက်မထိတ်တော့ သည့်အပြင် "ပညာရှိ၊ သင်သည် ရှေးဦးကပင် မိမိကိုယ်ကို ဘုရားရှင်အား အပ်နှင်းစွန့်လွှတ်ခဲ့သည် မဟုတ်ပါလော" ဟု ဆင်ခြင်သော် ယောဂီအား ဝမ်းမြောက်မှု သောမနဿပင် ဖြစ်၏။

ဥပမာသော် လူတစ်ယောက်မှာ အကောင်းဆုံး အနှစ်သက်ဆုံး အဝတ် တစ်ထည်ရှိ၏။ ယင်းကို ကြွက်ကိုက်သော်လည်းကောင်း၊ ခြစားသော် လည်းကောင်း၊ စိတ်မချမ်းသာမှု ဒေါမနဿဖြစ်ရာ၏။ အဘယ့်ကြောင့်နည်း။ ငါ့ဥစ္စာဟူ၍ သိမ်းပိုက်ထားသောကြောင့်တည်း။ သို့မဟုတ် ယင်းအဝတ်ကို သက်နှံးမရှိသော ရဟန်းတစ်ပါးအား လှူရာ၏။ ရဟန်းတော်သည် ထိုအဝတ်ကို အပိုင်းပိုင်းဖြတ်၍ သက်နှံးချုပ်သော် ဝမ်းမြောက် မှု သောမနဿပင် ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်း။ ငါ့ဥစ္စာမဟုတ်၊ သက်နှံးအတွက် လှူထားပြီး ဖြစ်သော ကြောင့်တည်း။

ဤ၌ မလှူရသေးသော အဝတ်နှင့် မလှူရသေးသော ခန္ဓာကိုယ်တူ၏။ လှူပြီးသော အဝတ်နှင့် လှူပြီးသော ခန္ဓာကိုယ်တူ၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

၆။ သီလခံယူခြင်း "အဟံ ဘန္တေ နိဗ္ဗာနံ ပတ္ထယိတ္တာ တိသရဏေန သဟ ပဉ္စသီလံ သမာဒိယာမိ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် နိဗ္ဗာန်ကို လိုလား တောင့်တ ပါ၍ သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလကို ကောင်းစွာ ဆောက်တည်ပါ၏။

" သို့မဟုတ်-

အဟံ ဘန္တေ နိဗ္ဗာနံ ပတ္ထယိတ္တာ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သမာဒိယာမိ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် နိဗ္ဗာန်ကို လိုလား တောင့်တ ပါ၍ သရဏဂုံ ၃-ပါးနှင့်တကွ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ဥပုသ် သီလကို ကောင်းစွာ ဆောက်တည်ပါ၏" သို့မဟုတ်-

"အဟံ ဘန္တေ နိဗ္ဗာနံ ပတ္ထယိတ္တာ တိသရဏေန သဟ အာဇီဝဋ္ဌ မကသီလံ သမာဒိယာမိ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် နိဗ္ဗာန်ကို လိုလား တောင့်တ ပါ၍ သရဏဂုံ ၃-ပါးနှင့်တကွ အသက်မွေးခြင်းလျှင် ၈-ခုမြောက်သော

http://www.dhammadownload.com

သီလကို ကောင်းစွာ ဆောက်တည်ပါ၏"

သီလခံယူရကြောင်း ပြဆိုခဲ့သော သီလများတို့တွင် မိမိတို့ ကြိုက်နှစ်သက်ရာ သီလတစ်မျိုးမျိုးကို ခံယူဆောက်တည်ပါ။ အဘယ့်ကြောင့် သီလခံယူဆောက်တည်ရသနည်းဆိုသော် အကျယ်ကို 'သီလဝတ္ထု' တွင် ရှုပါ။ အကျဉ်းမူ ဤသို့ကြောင့် ဖြစ်ပေ၏။

တစ်ခုသော သန်းခေါက်ယံအချိန်ဝယ် ဇေတဝန်ကျောင်းတိုက် ဘုရားရှင်ထံမှောက်သို့ နတ်သားတစ်ယောက် လာရောက်၍ ဤသို့ လျှောက်ထား၏။

"ဂေါတမရွယ်ဖွား ရှင်တော်မြတ်ဘုရား၊ တဏှာတည်း ဟူသော အတွင်းရှပ် အပြင်ရှပ်သည် ရှိနေခဲ့ပါပြီ၊ ယင်း တဏှာတည်း ဟူသော အရှပ်သည် သူ့ရောကိုယ်ပါ သတ္တဝါအပေါင်းကို ရှပ်စေအပ်ပါပြီ။ တို့ကြောင့် တိုတဏှာအရှပ် ဖြေဖြုတ်နိုင်ကြောင်း တရားကောင်းကို မေး လျှောက်ပါ၏။ အဘယ်သူသည် ဤတဏှာအရှပ်ကို ဖြေဖြုတ်နိုင်ပါအံ့နည်း။

တိဟိတ်ကမ္မဇ ပဋိသန္ဓေပညာ လုံလဝီရိယ ပါဠိဟာရိပညာနှင့် ပြည့်စုံသော သံသရာဘေးကို ရှုတတ်သည့် ဃောဂီသည် သီလ၌ရပ်တည်ပြီး၍ သမာဓိစိတ်ဓါတ်နှင့် ဝိပဿနာပညာကို ရှုပွားသည်ရှိသော် ဤတဏှာအရှပ်ကို ဖြေဖြုတ်နိုင်ရာ၏။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

ဤကား ဘုရားရှင်ကိုယ်တော်တိုင် ဟောသော သီလလိုအပ်ကြောင်း သာဓကဖြစ်၏။ တိကဝိတ္ထရအဋ္ဌကထာတွင် "**ဓမ္မာနုဓမ္မပဋိပန္နော တိ နဝလောကုတ္တရဓမ္မသင်္ခါတ အနုဓမ္မံ သဟသီလေန ပုဗ္ဗဘာဂပဋိပဒံ ပဋိပန္နော** = ကိုးပါးသော လောကုတ္တရာ တရားအား ဓမ္မော်စွာ ကျင့်ခြင်းဟူသည်" ကိုးပါးသော လောကုတ္တရာ တရားအား လျော်သော တရားဖြစ်သော ရှေးအဖို့၌ဖြစ်သော အကျင့်ကို သီလနှင့်တကွ ကျင့်ခြင်းတည်း" ဟူ၍ သီလလိုကြောင်း အထူးဖွင့်ပြ၏။

http://www.dhammadownload.com

၇။ ဗုဒ္ဓါနုဿတိပွားခြင်း ၁။ သောဘဂဝါ ဣတိပိ အရဟံ = ထို မြတ်စွာဘုရားသည် ပူဇော်အထူးကိုခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း "အရဟံ" မည်တော်မူပါပေ၏။

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္မုဒ္ဓေါ = ထို မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း "သမ္မာသမ္မုဒ္ဓ" မည်တော်မူပါပေ၏။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော = ထို မြတ်စွာဘုရားသည် အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း "ဝိဇ္ဇာစရဏသမ္ပန္နဲ" မည်တော်မူပါပေ၏။

၄။ သော ဘဂဝါ ဣတိပိ သုဂတော = ထို မြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း "သုဂတ" မည်တော်မူပါပေ၏။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ = ထို မြတ်စွာဘုရားသည် လောကသုံးပါးကို ပိုင်းခြား၍ သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း "လောကဝိဒူ" မည်တော်မူပါပေ၏။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ = ထို မြတ်စွာဘုရားသည် ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း "အနုတ္တရော ပုရိသဒမ္မသာရထိ" မည်တော်မူပါပေ၏။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ = ထို မြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း "သတ္ထာဒေဝမနုဿာနံ" မည်တော်မူပါပေ၏။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ = ထို မြတ်စွာဘုရားသည် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတစ်ပါးတို့ကို သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း "ဗုဒ္ဓ" မည်တော်မူပါပေ၏။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ = ထိုမြတ်စွာဘုရားသည် ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း "ဘဂဝါ" မည်တော်မူပါပေ၏။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိ ၂-နည်း ဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်ဖန် ပွားများခြင်း၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် စိတ်ရှင်လန်းချမ်းမြေ့တက်ကြွစေခြင်းငှာ ပွားများခြင်းနှင့် ဝိပဿနာအကျိုးငှာ ပွားများခြင်းဟူ၍ ၂-နည်းရှိ၏။ ယင်းတွင် ဤနေရာ၌ စိတ်ရှင်လန်း ချမ်းမြေ့ တက်ကြွစေခြင်းငှာ ရည်ရွယ်သည်။

ရေပြင်-မြေထင် ယင်း ဗုဒ္ဓါနုဿတိ အကျိုးအာနိသင်တွင်ကား များပြားလှပါဘိ၏။ ဤတွင်မူ အနည်းငယ်မျှ ဖော်ပြပါအံ့။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ်က သဒ္ဓါတရားနှင့် ပြည့်စုံသော ဒကာတစ်ယောက်သည် နေ့စဉ် ဇေတဝန်ကျောင်းသို့ တရားနာသွားလေ့ရှိ၏။ တစ်နေ့သော် နောက်ကျနေ၏။ လေ့ရှင်ကလည်း လေ့ကို ဟိုဘက်ကမ်းတွင် ထားခဲ့၍ တရားနာသွားပြီ။ ဤဘက်တွင် လေ့မရှိတော့။ တရားနာလည်း သွားလိုလှ၏။

သို့ဖြင့် သူသည် ဘုရားရှင်လျှင် အာရုံရှိသော ပီတိကို ယူလျက် မြစ်သို့ဆင်း၏။ ခြေနှစ်ဖက်ကို ရေမနစ်ကုန်။ ရေပြင်ကို မြေပြင်ကဲ့သို့ ပင် သွားနိုင်၏။ ရေလယ်သို့ ရောက်သော် လှိုင်းကြီး၏။ ယင်းကို မြင် သော် ကြောက်စိတ် ဝင်လာ၏။ ထိုအခါ သူ၏ ဘုရားရှင်လျှင် အာရုံ ရှိသော ပီတိသည် အားနည်းသွား၏။ ခြေနှစ်ဘက်ကို အတန်ငယ် မြုပ် သွား၏။

သူသည် လှိုင်းကြီးတွေကို မကြည့်မရှု အာရုံမပြုတော့ဘဲ တဖန် ဘုရားရှင်လျှင် အာရုံရှိသော ပီတိကို ဖြစ်စေ၏။ ခြေနှစ်ဘက်ကို ရေမှ ပြန်ပေါ်လာ၏။ သို့ဖြင့် သူသည် ဇေတဝန်ကျောင်းသို့ ရောက်၏။ သူ့ ကို ဘုရားရှင်က မေး၏။

"ဒကာ၊ ဘယ်လိုလဲ၊ ပင်ပန်းခြင်း ကင်းရှင်းစွာနှင့် လမ်းခရီး လာခဲ့ရ၏လော"

"မြတ်စွာဘုရား၊ ဘုရားရှင်၏ ဂုဏ်တော်လျှင် အာရုံရှိသော ပီတိကို ဖြစ်စေလျက် ရေပြင်၌ ထောက်တည်ရာကို ရ၍ မြေပြင်ကဲ့သို့ နင်းလာရပါ၏"

"ဒကာ၊ သင်သာလျှင် ဘုရားကျေးဇူးကို အောက်မေ့၍ ရေပြင်၌

http://www.dhammadownload.com

ထောက်တည်ရာ ရသည်မဟုတ်သေး။ ရှေးတုန်းက ဒကာတို့သည် သမုဒ္ဒရာ အလယ်၌ လှေသင်္ဘောပျက်သော် ဘုရားကျောင်းတို့ကို အောက်မေ့ကုန်သည် ဖြစ်၍ ထောက်တည်ရာကို ရဖူးကုန်၏" (သီလာနိသံသဇာတ်)

မင်္ဂ-ဖိုလ်ရနိုင် "ဥပါသကာတို့၊ ဘုရားဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည်ကား သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ကို ပေးစွမ်းနိုင်"
(ဧကနိပါတ်ဇာတ် အဋ္ဌကထာ)

"ရဟန်းတို့၊ ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော တစ်ပါးသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားသည် စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ ဝဋ်ဆင်းရဲ၌ တပ်စွန်းခြင်းကင်းသော မဂ်ဖိုလ်ရခြင်းငှာ၊ ဝဋ်ဆင်းရဲ၌ တပ်စွန်းတတ်သော တဏှာချုပ်ခြင်းငှာ၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်း ခြင်းငှာ၊ ထူးမြတ်သော ဂုဏ်ဖြင့် နိဗ္ဗာန်ကို သိခြင်းငှာ၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို သိခြင်းငှာ ဖြစ်၏"
(ဧကနိပါတ် အဂုံတွိုရ်)

လိုတ-ရနိုင် "သမထ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါ နုဿတိ ဘာဝနာကို ပွားများလော့၊ ဤဗုဒ္ဓါနုဿတိဘာဝနာကို ပွားများသည်ရှိသော် စိတ်နှလုံးအလိုဆန္ဒ ရှိသမျှ အလုံးစုံ ပြည့်လိမ့်မည်"
(သုဘူတိထေရအပဒါန်)

၈။ မေတ္တာပွားခြင်း ၁။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၂။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ဘယဘေးမှ ဝေး ပါစေ။

၃။ လန့်တတ် မလန့်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၄။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

၅။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။

http://www.dhammadownload.com

ပြု။ ဤမှ ထူးရှေ့နိုးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။
၇။ ငါ့ဘုရားတော်ကြီးမိုး မသိမ်းများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။
၈။ သန္ဓေပဝတ္တိ နှစ်ရှိများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။
၉။ ရှည် တို လယ် လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။ ဒိုးကြားရာအရပ်ဒေသများတွင် လိုလေသေးမရှိပါနှင့်" ဒါနှစ်ဟိုမှီ-ဂိမ ၁၀။ ကြီး ငယ် လယ် လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် ပြည့်ပါစေ။ ဟိုဂိမ ဟိုဂိမမိုဂိုလမ်း ဟိုဂိမမိုဂိုဒေသ ဟိုစိုဂိုလ်ပ ၁၁။ ကဋ္ဌမိုင်း (သေး လယ်) လတ် သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်ပြည့်ပါစေ။ ၁၂။ တစ်ယောက်သူကား တစ်ယောက်အားလည်းစား အပြုံးနှင့်ပါစေ။ ၁၃။ တစ်ရပ်ရွာတွင် တစ်ယောက်မြင် မာန်ဝင်တော့မဲ့ကင်းပါစေ။ ၁၄။ ငါ့ကိုယ် နှုတ် စိတ်တွင် ခေါ်သဖြင့် ပြုကျင့်ခဲ့ရဲ့ ကင်းပါစေ။ "ဤဖဝါ လားဒါခြင်း ဂိုဂနိုးဇွန် ဝိဟိုလွှာလားခ လားဒါခြင်း ဂိုဂနိုးဇွန် ဒုံဝါဂိုဟဂု (ဤကိုလွှဂုံ ဤမေတ္တာပွားနည်းမှာ ပရိတ်ကြီးလာ မေတ္တာသုတ်မှ မေတ္တာပို့ နည်းကို အများသိလွယ်အောင် ရေးထားခြင်းဖြစ်၏။ ယင်းတွင် "ချမ်းသာ ကိုယ်စိတ် ပြည့်ပါစေ" ဟူ သုံးနှုန်းထားခဲ့သည်မှာ မူသစ်တွင်ထားသည့် မုန့်မုန့်စိတ်ကို သရဏဂုံများ ဆွမ်းသွားသည့်အခါ သူတို့ပြုကြည့်ပါ။ "ပြည့် ပါစေ" ဟု အသုံးများ၏။ တဖန် ပြည့်ပါစေ အခေါ်မှာ မရှိသေးတာကို ပြည့်စေသည့် သဘောရောက်၏။ ထို့ကြောင့် ဤတွင် ပြည့်ပါစေဟု သုံးနှုန်းထားပါသည်။ ဝါလွှင ဂွးဂမ္ဘဖဝါဖဝါ ဖဂဝိုဂးဂုံဂဂုံ ။ဂ ဒါခြင်းလွှလွှမခ ။ဇ **ကရုဏာပွားနည်း** ယင်းမေတ္တာသုတ်လာ မေတ္တာပွားနည်းကို မှီး၍ ။ဇခါပ ဝဂခ မုးဂဇခဂဂုံဂ ကရုဏာပွားလိုသော် "ဒုက္ခာ မုစ္စန္တု" ဟု ပြန်ဆို၍ အောက်ပါအတိုင်း ပွားများရာ၏။

ဂဝဖိဂုံဂဝါ။ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။ ။ဂဇါပဂုံဂုပါ

၂။ ဒုလန့်တုတ် မလွန့်တတ် နှစ်ရပ်များစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၃။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

http://www.dhammadownload.com

၄။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၅။ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၆။ ဘဝဇာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၇။ သန္ဓေ ပဝတ္တိ နှစ်ရှိများစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၈။ ရှည် တို လယ် လတ် သုံးရပ်များစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၉။ ကြီး ငယ် လယ် လတ် သုံးရပ်များစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

၁၀။ ဝိုင်း၊ သေး၊ လယ် လတ် သုံးရပ်များစွာ သတ္တဝါ ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ။

မုဒိတာပွားနည်း မုဒိတာ ပွားလိုသော် "ယဟာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု" ဟူသော မုဒိတာပွား ပါဠိကို "ရတာ လျော့ခြင်း ကင်းပါစေ" ဟုပြန်ဆို၍ အထက်ပါ ကရဏီယပွား ၁၀ ပုဒ်အဆုံး "ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ" ကိုဖြုတ်၍ "ရဟာလျော့ခြင်း ကင်းပါစေ" ထည့်၍ ပွားပါ။

"ရတာ၊ လျော့ခြင်း ကင်းပါစေ" ဆိုသည်မှာ မိမိတွင် ရရှိထားတဲ့ ပစ္စည်းဥစ္စာ အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်းစသည်တို့မှ လျော့နည်းခြင်း ကင်းပါစေဟု ဆိုလိုခြင်းဖြစ်၏။

ဥပေက္ခာပွားနည်း ဥပက္ခာ ပွားလိုသော် "ကမ္မဿကာ" ဟူသော ဥပေက္ခာပွား ပါဠိကို "ကံသာ မူလဝိုင်ကြပေ" ဟု ပြန်ဆို၍ ကရဏီယပွားနည်း ၁၀ ပုဒ်မှ အခြားပိုဒ် ဒုက္ခာခပ်သိမ်း ငြိမ်းပါစေ" ဖြုတ်၍ "ကံသာမူလ ပိုင်ကြပေ" ထည့်၍ပွားပါ။

အထူးမှာ ဤဥပေက္ခာပွားရာတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ တို့ကဲ့သို့ "ပြည့်ပါစေ" ဟူ၍ "စေ" နှင့်ပွား၍ မရပေါ။ "ကံသာ ကိုယ်ပိုင် ဥစ္စာရှိပါပေ

http://www.dhammadownload.com

တယ်" စသည်ဖြင့် ဝမ်းသာတဲ့ဘက်ကိုလည်းမပါ။ ဝမ်းနည်း တဲ့ဘက်သို့လည်း မရောက်စေပဲ ယင်းနှစ်မျိုးတို့၏ အလယ် အလတ်သဘောနှင့် ပွားရမည်။

မေတ္တာပွားကျိုး မေတ္တာပွားကျိုးသည် များပြားလှ၏။ ယင်းမှအနည်းငယ် ထုတ်ပြ ပါအံ့။

အခါတပါး ဘုရားရှင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်၏-

"ရဟန်းတို့၊ ရိုသေလေးစား မှီဝဲအပ်၊ ပွားစေအပ်၊ များစွာပြုအပ်၊ က-သောဃာဉ်ကဲ့သို့ ပြုအပ်၊ တည်ရာကဲ့သို့ ပြုအပ်၊ ဆောက်တည်အပ်၊ လေ့ကျင့်အပ်၊ ကောင်းစွာ အားထုတ်အပ်သော မေတ္တာနှင့် ယှဉ်သည့် စေတောဝိမုတ္တိကြောင့် ၁၁-ပါးကုန်သော အကျိုးတို့သည် မချုတ်ဧကန် အမှန်ဖြစ်ကုန်၏။ ယင်းတို့ကား-

၁။ချမ်းသာစွာအိပ်ရ၏၊
၂။ချမ်းသာစွာ နိုးရ၏၊
၃။ယုတ်မာဆိုးဝါးသော အိပ်မက်များကို မမြင်မက်ရ၊
၄။လူတို့ ချစ်ခင်၏၊
၅။နတ်တို့ ချစ်ခင်၏၊
၆။နတ်တို့ စောင့်ရှောက်၏၊
၇။မီးမလောင်၊ အဆိပ်မသင့်၊ လက်နက်မစူးရှ၊
၈။စိတ်တည်ကြည်၏၊
၉။မျက်နှာအဆင်းကြည်လင်၏၊
၁၀။မတွေဝေပဲ သေရ၏၊
၁၁။ဤဘဝ မင်ဉာဏ်ကို ထိုးထွင်း၍ မရခဲ့သော ဗြဟ္မာ ပြည်သို့ လားရ၏၊

ဟူ၍ ၁၁ မျိုးတို့ မချုတ် ဧကန် အမှန်ဖြစ်ကုန်၏။"

ရည်ညွှန်း - မရည်ညွှန်း "ရဟန်းတို့၊ ရဟန်းမည်သည်ကား ခပ်သိမ်းကုန်သော သတ္တဝါတို့၌ ရည်ညွှန်း မရည်ညွှန်း"၏

http://www.dhammadownload.com

အစွမ်းအားဖြင့် မေတ္တာကို ပွားစေအပ်၏။

၁။ မိမိ၏ အစီးအပွားကို လိုသောသူကိုလည်း အစီးအပွားကို လိုသောစိတ်ဖြင့် နှံ့စေအပ်။

၂။ မိမိ၏ အစီးအပွားကို မလိုသောသူကိုလည်း အစီးအပွားကို လိုသောစိတ်ဖြင့် နှံ့စေအပ်၏။

၃။ မိမိ၏ အစီအပွားကို လိုသည်လည်းမဟုတ်။ မလိုသည်လည်း မဟုတ်၊ လျစ်လျူရှုသောသူကိုလည်း အစီးအပွားကို လိုသောစိတ်ဖြင့် နှံ့စေအပ်၏။

ဤသို့ ခပ်သိမ်းကုန်သော သတ္တဝါတို့၌ ရည်ညွှန်း-မရည်ညွှန်း၏ အစွမ်းအားဖြင့် မေတ္တာကို တိုးပွားစေအပ်၏။ ကရဏာ၊ မုဒိတာနှင့် ဥပက္ခာကိုလည်း ပွားစေအပ်၏။ လေးပါးကုန်သော ဗြဟ္မဝိဟာရ ဘာဝနာတို့ကို ပွားအပ်သည်သာလျှင်တည်း။ (အရကဇာတ်- ဒုကနိပါတ်)

ခြောက်လှန့်ခံရ "အခါတပါး ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူပြီးလျှင် ဟိမဝန္တာနှင့် တစပ်တည်း တည်နေသော တောအုပ်တခုသို့ ဝင်ရောက်ကာသစ်ပင်ရင်း၌ တရားအားထုတ် နေကြကုန်၏။ ထိုရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်များရှိ ရက္ခစိုးနတ်များမှာ သစ်ပင်ပေါ်၌ မနေဝံကြဘဲ ကလေးများကို လက်ဆွဲကာ လှည့်လည် နေကြရကုန်၏။

တနေ့ပြန်ကြွနိုးနိုးနှင့် စောင့်မျှော်နေခဲ့ရာ ဝါဆိုလပြည့်ကျော် ခဲ့သဖြင့် အရှင်မြတ်များ မပြန်တော့မည်ကိုသိရ၍ မနေဝံအောင်ညဉ့်အခါ ကြောက်မက် ဖွယ် အဆင်းအသံများ ပြကာ အနံ့ဆိုးများလွှတ်လျက် ခြောက်လှန့်ကြတော့၏။ ရဟန်းတော်များ ထိတ်လန့်ကြ၍ ရောဂါ အမျိုးမျိုးရကုန်၏။ သမာဓိလည်း မရသဖြင့် မိမိတို့ ဤအရပ်မှာ ဆက်လက် မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဝါတွင်း၌ပင် ဘုရားရှင်ထံပြန်၍ အကြောင်းကို လျှောက်ကြကုန်၏။"

နတ်များဝတ်ပြု ဘုရားရှင်လည်း ဤရဟန်းများမှာ ထိုနေရင်းအရပ် မှလွဲ၍ တခြားသပွာယဖြစ်ရာ အရပ်မရှိဟု မြင်

http://www.dhammadownload.com

တော်မူ၍ ထိုအရပ်သို့ပင် ပြန်လည်နေကြရန် မိန့်တော်မူလေလျှင် မေတ္တာသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှာလည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာလည်းကောင်း သင်ကြားပေးတော်မူလိုက်၏။

ရဟန်းတော်များလည်း ပြန်လာကြပြီးလျှင် ဘုရားရှင်သင်ကြားပေးတော်မူသည့်အတိုင်း မေတ္တာသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာ ကို ပွားများကြရာ နတ်အများက ချစ်မြတ်နိုးကြလျက် ဝတ်ကြီးဝတ်ငယ် များပင် ပြုလုပ် စောင့်ရှောက်ကြ၏။ ထိုရဟန်းများလည်း မေတ္တာဘာဝနာပွား၍ ထိုမေတ္တာကို အခြေခံကာ ဝိပဿနာရှုပွားအားထုတ်ရာ ထိုဝါတွင်း မှာပင် အာသဝေါ ရဟန္တာဖြစ်ကုန်၏။ (ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ)

နတ်တို့ငိုကြွေးခြင်း ပါဋ္ဌလိပုတ်ပြည်တွင် ဝိသာခအမည်ရှိ သူကြွယ် တယောက်ရှိ၏။ သူသည် "သီဟိုဠ်ကျွန်းတွင် စေတီပုထိုး အမျိုးမျိုးတည်းဟူသော ပန်းတို့ဖြင့်တန်ဆာဆင်အပ်၏။ သင်္ကန်း ရောင်ဖြင့် တပြောင်ပြောင်တောက်ပ၏။" စသည်ဖြင့်သတင်းကြား၍ မိမိ စည်းစိမ်ကို သားမယားတို့အား အပ်နှင်းပြီး သီဟိုဠ်ကျွန်းမဟာဝိဟာရ ကျောင်း သို့သွားကာ ရဟန်းပြု၏။

ရဟန်းငါးဝါ ဒွေမာတိကာ လေ့လာပြီးသော လျောက်ပတ်သော ကမ္မဋ္ဌာန်းသင်၍ တောထွက်ကာ တရားအားထုတ်၏။ တနေရာ၌ လေးလ ထက်လွန်၍ မနေ။ တနေ့သော် သမာပတ်မှ အထ ဤသို့ဥဒါန်းကျူးရင့်၏

"အို- အချင်းတို့၊ ငါသည် ရဟန်းပြုသော ကာလမှစ၍ တောတွင်း သို့ရောက်လာသောကာလအတွင်း၌ ချွတ်ချော် တိမ်းယိမ်းသော အကျင့်မည် သည်မရှိ။ သူတော်ကောင်းတို့ ရအပ်သောဂုဏ်ကျေးဇူးတို့ကို သင်သည်ရပေစွ"

ရဟန်းတော် ဝိသာခသည် ယင်းတောမှ စိတ္တလတတောင်သို့ သွားရာ တောအုပ်၌ လမ်းနှစ်ခွတွင် ဘယ်သွားရမှန်းမသိ ဖြစ်နေစဉ် "ဤလမ်းသည် စိတ္တလတတောင်သို့ သွားသောလမ်းတည်း" ဟု နတ်တို့ ခရီးညွှန်၍ စိတ္တလတတောင်သို့ ရောက်၏။ ယင်းတွင် လေးလနေ၍ "သွားတော့အံ့" ကြံ၍အိပ်၏။ ထိုစဉ်ငိုကြွေးသံကြား၏-

"ငိုကြွေးနေတာ ဘယ်သူလဲ"

http://www.dhammadownload.com

"အရှင်ဘုရား၊ အကျွန်ုပ် သပြေပင်စောင့်နတ်ပါ"

"အဘယ့်ကြောင့် ငိုကြွေးသနည်း"

"အရှင်ဘုရားကြွတော်မူမည် ဆို၍ ငိုကြွေးပါသည်"

"ဒီမှာငါနေတဲ့အတွက် သင်တို့မှာ ဘာကျေးဇူးရှိသလဲ"

"အရှင်ဘုရားသည် ဒီနေရာမှာနေတဲ့အတွက် နတ်အချင်းချင်း မေတ္တာမျှကြပါကုန်၏။ အရှင်ဘုရားကြွသွားတော်မူခဲ့သော် နတ်များ ရှေးအတိုင်း ခိုက်ရန်များကြပါလိမ့်မည်။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုကြပါကုန်လိမ့်မည်"

"ဒီမှာ ငါနေတဲ့အတွက် သင်တို့မှာ ချမ်းသာစွာနေရတယ်ဆိုလျှင် ကောင်းလှပေ၏"

အရှင်ဝိသာခသည် လေးလ ဆက်နေပြန်၏။ နောက်လေးလ၌ လည်း ထို့အတူ နေရပြန်၏။ ဤနည်းဖြင့် ယင်း၌ပင် ပရိနိဗ္ဗာန်စံရလေ၏။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

နွားမ လှံမစူး နွားမတစ်ကောင်သည် သားငယ်ကို နို့တိုက်ကာ နေ၏။ မုဆိုးလှံဖြင့်ထိုးလိုက်ရာ နွာမကိုယ်၌ ထိ၍ ထန်းရွက် အလား ပျော်ခွေ၍သွား၏။ လှံမစူးနိုင်သော ဤနွားမ၏ မေတ္တာသည် သား၌ ချစ်စိတ် ထက်သန်ခြင်းမျှသာ။ ဥပစာရ၊ အပ္ပနာ၊ မေတ္တာစျာန် မဟုတ်သေးချေ။ ထို့ကြောင့် ဒေါသကိုပယ်ရှား၍ မဂ်ဖိုလ်ကို ရည်မှန်း သောသူသည် အာနုဘော်ကြီးမားသော မေတ္တာဘာဝနာကို အဖန်ဖန် ပွားများရာ၏။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

၉။ **မရဏာသတိပွားခြင်း** ၁။အဓုဝံမေဇီဝိတံ = ငါ၏အသက်သည် မမြဲပါတကား၊

၂။ ဓုဝံ မေ မရဏံ = ငါ၏ သေခြင်းသည် မြဲပါတကား၊

၃။ အဝဿံ မယာ မရိတဗ္ဗမေဝ = ငါသည် မချွတ်ကင်း အမှန်သေရမှာပါတကား၊

၄။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏ အသက်သည် သေခြင်း

http://www.dhammadownload.com

လျှင် အဆုံးရှိခြေ၏ တကား၊

၅။ ဇီဝိတမေဝ အနိယတံ = အသက်ရှင်ခြင်းသည် သာလျှင် မမြဲပါ တကား၊

၆။ မရဏံ နိယတံ = သေခြင်းကတော့ မြဲပါတကား၊

ရက်ကန်းသည်မလေး အာဠာဝီပြည် ဆွမ်းကျွေးပွဲတခုတွင် ဘုရားရှင်သည် အထက်ပါ မရဏာသတိ တရားတော်ကို ဟော၏။ မရဏာသတိ မပွားများသူမှာ မြေကိုမြင်၍ တုတ်လက်နက်စသည် မပါသူသည် ကြောက်ရွံ့သည့်ပမာ ကြောက်ရွံ့လျက်သေရ၏။ မရဏာသတိပွားများ သူများကား မြေကိုမြင်ရာ တုတ်လက်နက် စသည် ပါသဖြင့် ခြောက်လှန့်၍သော်လည်းကောင်း၊ ဖမ်း၍သော်လည်းကောင်း။ လွတ်ပစ်လိုက်နိုင်သကဲ့သို့ မကြောက်မရွံ့သေရ၏၊ ထို့ကြောင့် မရဏာသတိကို ပွားကြကုန်လော့။

ပရိသတ်အများမူကား တရားကိုမမှေပစ်လိုက်ကုန်၏။ ၁၆ နှစ်ရွယ် ရက်ကန်းသည်မကလေးသည် "ဘုရားရှင်တို့၏ တရားစကားတော်သည် ကြော်၊ အံ့ဖွယ်ရှိပေစွ၊ ငါသည် မရဏာသတိပွားများသင့်၏" ဟု ယုံကြည်လေးစားစွာဖြင့် မပြတ်ပွား၏။ သုံးနှစ်ကြာသော် ဘုရားရှင် တဖန်ကြွလာ၍ တရားပွဲပရိသတ်ရှေ့တွင် ရက်ကန်းသည်မကလေးကို မေး၏။

"ချစ်သမီး၊ သင်ဘယ်က လာသလဲ"

"မသိပါ အရှင်ဘုရား"

"ဘယ်သို့ သွားမှာလဲ"

"မသိပါ အရှင်ဘုရား"

"မသိဘူးလား"

"သိပါတယ်အရှင်ဘုရား"

"သိသလား"

"မသိပါ အရှင်ဘုရား"

ယင်းသို့ ဖြေဆိုသော် နောက်မှ တရားနာပရိသတ်သည် ကျွတ်စီကျွက်ညံနှင့် "ဤ သူငယ်မသည် ဘုရားရှင်မေးတာကို ဖြေချင်ရာ ဖြေနေသည်" ဟုအပြစ်တင်စကား အမျိုးမျိုး ပြောကြားနေ၏။ ဘုရားရှင်သည်

http://www.dhammadownload.com

ယင်းပရိသတ်ကို ငြိမ်သက်စေ၍ ထပ်ဆင့်မေးပြန်၏။ ထိုအခါ ရက်ကန်းသည်မကလေးက ရှင်းပြ၏။

"အဘယ်ဘဝက လာသည်ကို မသိ၍ မသိပါ" ဟုဖြေပါသည်။

"အဘယ်ဘဝသို့ သွားရမည် မသိ၍ မသိပါ" ဟု ဖြေပါသည်။

"သေရမည်ကို သိ၍ သိပါသည်" ဟု ဖြေပါသည်။

"သေရမည့်အချိန်ကို မသိ၍ မသိပါ"ဟုဖြေပါသည်။

ထိုအခါက ဘုရားရှင်သည် သာဓုခေါ်၍ တရားဟောတော်မူ၏။

"ဤလောကီ လူအပေါင်းသည် ပညာမျက်စိ မရှိသဖြင့် အမိုက်အကန်းဖြစ်။ ဤလောကီ လူအပေါင်း၌ အနိစ္စ စသော သဘောကို ရှုမြင်သောသူ နည်းပါး၏။ ပိုက်ကွန်မှ လွတ်ထွက်သော ငှက်သည် အနည်းငယ်သာ ရှိသကဲ့သို့ လူအနည်းငယ်မျှသာ နတ်ရွာ နိဗ္ဗာန်သို့ သွား၏"

တရားဆုံးသော် ရက်ကန်းသည်မကလေး သောတာပန်တည်၍ ကွယ်လွန်သောအခါ တုသိတာ နတ်ဘုံ၌ ဖြစ်၏။ (ဓမ္မပဒအဋ္ဌကထာ)

ကြောက်တတ်သော ရဟန်း သာဝတ္ထိပြည်သား အမျိုးကောင်းသား တစ်ယောက်သည် သာသနာတော်ကို ကြည်ညိုး၍ ရဟန်းပြု၏။ သို့သော် သူသည် ကြောက်လန့်တတ်၏။ လေကြောင့် သစ်ရွက်သစ်ခက်ကျသော် လည်းကောင်း၊ ငှက်ပျံသံကြားသော်လည်းကောင်း၊ ကျီ၊ တောဝက် စသော သားကောင်တို့၏ အသံကိုကြားသော်လည်းကောင်း သေဘေးမှ ကြောက်လန့်၍ ပြင်းထန်စွာ အော်ဟစ်ပြေးလေ့ရှိ၏။

ထိုရဟန်းကား "ငါသည်မချွတ်အမှန် သေရအံ့" ဟုသတိမျှလည်း မရှိ။ မှန်၏။ ထိုရဟန်းသည် "ငါသည် မချွတ်အမှန် သေရအံ့" ဟု အကယ်၍ သိငြားအံ့၊ သေခြင်းဘေးကို ဤမျှလောက် မကြောက်လန့်ရာ၊ ထိုရဟန်းသည် မရဏာသတိကမ္မဋ္ဌာန်းကို မပွားများသည့်အတွက်ကြောင့်သာ ဤမျှလောက် သေဘေးမှ ကြောက်လန့်ခြင်းဖြစ်၏။ ထိုရဟန်း၏ ကြောက်လန့်ကြောင်း ရဟန်းသံဃာအများ သိကြသဖြင့် တစ်နေ့ ဓမ္မသဘင်၌ ဤသို့ပြောကြ၏။

"ငါ့ရှင်တို့၊ ဤမည်သော ရဟန်းသည် သေခြင်းဘေးမှ ကြောက်လန့်၏။ ရဟန်းမည်သည် ငါသည် မချွတ်ဧကန် အမှန်ပင် သေရအံ့"ဟု

http://www.dhammadownload.com

မရဏာသတိကမ္မဋ္ဌာန်းကို ပွားများသင့်၏။ (ဒုဗ္ဘလကဇာတ်)

ရဟန်းရှစ်ပါး မရဏာသတိပွား - အခါတစ်ပါး ဘုရားရှင်သည် နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤစကားကို မိန့်၏။

"ရဟန်းတို့၊ သေခြင်းကို အောက်မေ့မှု 'မရဏာသတိ' ကို ပွားများအပ်၊ ကြီးမြတ်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏။ အာနိသင်ကြီး၏။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံး ရှိ၏။ ရဟန်းတို့၊ သင်တို့သည် မရဏာသတိကို ပွားများကုန်၏လော"

ထိုအခါ မရဏာသတိ ပွားများသော ရဟန်းတော် ၈ ပါးက အသီးသီး ဤသို့လျှောက်ထားကြ၏-

၁။ "ငါသည် တစ်နေ့တစ်ညဥ့်မျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေ၏။ ငါ့အား စစ်စစ်ရဟန်းကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏" ဟု တပည့်တော် ဤသို့မရဏာသတိကို ပွားများပါ၏။

၂။ ငါသည် တစ်နေ့မျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။

၃။ ငါသည် နေ့ဝက်မျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။

၄။ ငါသည် ဆွမ်းတစ်ထပ်စားအချိန်အတွင်းမျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။

၅။ ငါသည် ဆွမ်းတစ်ထပ်စားအချိန်ဝယ် တစ်ဝက်မျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။

၆။ ငါသည် ဆွမ်းလေးလုတ် ငါးလုတ်ကို မျိုဝါးနေချိန်အတွင်းမျှ အသက်ရှင်ရပါမူကား ကောင်းလေစွ။

၇။ ငါသည် ဆွမ်းတစ်လုတ်ကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်နေရပါမူကား ကောင်းလေစွ။

၈။ ငါသည် ဝင်လေရှူ၍ ထွက်လေထုတ်ချိန်၊ ထွက်လေထုတ်၍

http://www.dhammadownload.com

ဝင်လေရှူချိန်အတွင်း အသက်ရှင်ရပါမူကား ကောင်းလေစွ။
မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။
ငါ့အား စင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏"
ဟု တပည့်တော် ဤသို့မရဏာသတိကိုပွားများပါ၏။

ယင်းသို့ မရဏာသတိ ပွားများသော ရဟန်းတော်ရှစ်ပါးတို့ အသီးသီး လျှောက်ထားပြီးသော် ဘုရားရှင်သည် ဤသို့မိန့်၏-

"ရဟန်းတို့၊ ရှေးရဟန်း ၆ ပါးတို့ကို မမေ့မလျော့လျော့ နေကုန်၏ဟူ၍လည်းကောင်း၊ အာသဝေါတရား ကုန်ခန်းရန် နံ့နှေးစွာ မရဏာသတိကို ပွားများကုန်၏" ဟူ၍ လည်းကောင်း ဆိုအပ်ကုန်၏။

"ရဟန်းတို့ နောက်ဆုံး ၂ ပါးတို့ကိုကား မမေ့မလျော့ နေကုန်၏ ဟူ၍လည်းကောင်း၊ အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ မရဏာသတိကို ပွားများကုန်၏" ဟူ၍လည်းကောင်း ဆိုအပ်ကုန်၏။

"ရဟန်းတို့၊ ထို့ကြောင့် 'မမေ့မလျော့ နေကုန်အံ့၊ အာသဝေါတရားကုန်ခန်းရန် ထက်သန်စွာ မရဏာသတိကို ပွားများကုန်အံ့" ဟု ကျင့်ရမည်။ ရဟန်းတို့ သင်တို့ဤသို့သာ ကျင့်ရမည်" (အင်္ဂုတ္တရပါဠိတော်)

နေ့ညဉ့်တစ်စုံ၊ တစ်နေကုန်နှင့်၊
ဝက်ကုံတစ်ရပ်၊ တစ်ထပ်ဆွမ်းစား၊
တစ်ဝက်အားဖြင့်၊ လေးငါးလုတ်တွင်း၊
တစ်လုတ်တွင်းပါ၊ ဝင်ခါထွက်သက်၊
အသက်ရှင်ရ၊ ကောင်းလေစွဟု၊
တောင့်တရှစ်ပါး၊ ထိုအများတွင်၊
နောက်ဖျားနှစ်ယောက်၊ ချီးမွမ်းလောက်၏။

http://www.dhammadownload.com

ခြောက်ယောက်ရှေ့မှာ၊ နံ့နေးစွာဟု၊
မိန့်မှာစကား၊ ဟောမြွက်ကြားသည်၊
ဘုရားရှိစဉ်တုန်းကတည်း။

တိုက်တွန်းရန်မလို အို စာရှသူ၊ မရဏာသတိ အကျိုးတရားကို အကိုးအကားနှင့်တကွ ပြခဲ့ပြီ။ စာရှသူအား မရဏာသတိပွားများဖို့ တိုက်တွန်းရန်ပင် မလိုတော့ပါ။ အခန်းသိမ်းအနေနှင့် ဖော်ပြရသော်-

"အဇ္ဈောကိစ္စံ၊ အာတပ္ပံ၊ ကောဇညာ
မရဏံ သုဝေ၊ ဘဒ္ဒေကရတ်၊ ရှင်တော်မြတ်တို့၊
ဟောမှတ်အလို၊ ဤလူ့ကိုယ်၌၊ ကုသိုလ်အစုတ်၊
အားထုတ်အပ်စွ၊ ဝီရိယကို၊ ကြံရအောက်မေ့၊
ချိန်မရွေ့ပဲ၊ ယနေ့ပင်သာ၊ ပြုအပ်စွာ၏၊
သေခါသေချိန်၊ ပြက္ခဒိန်ဝေဖန်၊ နက်ဖြန်သန်ဘက်၊
သေမည့်ရက်ကို၊ ချိန်းချက်မရှိ၊ ဘယ်သူသိအံ့" (မဃဒေဝ)

စိတ်ကြည်လင်ရန်သာ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ မရဏာသတိတို့ကို ပွားများရန် ညွှန်ထားခြင်းသည် ဝိပဿနာကမ္မဋ္ဌာန်းပွားများဖို့ရန်အတွက် စိတ်ကြည်လင်မှု၊ သောရန်ကင်းမှု၊ သံဝေဂတရား တိုးပွားမှုစသည်တို့ကို ရှေးရှု၍ ညွှန်းထားခြင်းဖြစ်ပါသည်။

စင်စစ် ဗြဟ္မဝိဟာရဘာဝနာကို အပြည့်အစုံပွားများလိုသော ယောဂီတို့သည် ရှေးဦးစွာ မေတ္တာဘာဝနာကို ပေါက်ရောက်အောင် အားထုတ်ပွားများပြီးမှ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဘာဝနာတို့ကို အဆင့်ဆင့်တက်၍ အားထုတ်ရာ၏။

၁၀။ ပတ္တနာပြု-ဆုတောင်းခြင်း အကျွန်ုပ်သည် ရှေးရှေးဘဝ ယခုဘဝ ပြုပြုသမျှသောဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရား အပေါင်းတို့သည် အကျွန်ုပ် အလိုရှိအပ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရခြင်း၊ ရောက်ခြင်း၊ မျက်မှောက်ပြုခြင်းငှာ လျင်မြန်စွာ

http://www.dhammadownload.com

ကျေးဇူးပြုပါစေသတည်း။

ပုဂ္ဂိုလ် ၄ မျိုး အို စာရှုသူ၊ ပတ္ထနာပြု ဆုတောင်းခြင်းအလုပ်ကို အလကား ဟု မထင်မှတ်ပါနှင့်။ ရှေးက ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓ အလောင်း၊ သာဝကအလောင်းတို့၏ လမ်းရိုးလမ်းမှန်ကြီးပင် ဖြစ်ပါ၏။ ဆုတောင်းမှန်မှန် မတောင်းမူ ဘယ်သို့ကွာခြားသနည်း။

၁။ ပုဂ္ဂိုလ်တစ်ဦးမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားငါးပါးရှိတယ်။ ဆုတောင်းမူ မရှိလျှင် လားရာ သုဂတိဘဝ မမြဲဘူး။

၂။ ပုဂ္ဂိုလ်တစ်ဦးမှာ တရားငါးပါး မရှိဘူး။ ဆုတောင်းမူတော့ ရှိတယ်ဆိုလျှင်လည်း လားရာ သုဂတိဘဝ မမြဲဘူး။

၃။ ပုဂ္ဂိုလ်တစ်ဦးမှာ တရားငါးပါးလည်းရှိတယ်။ ဆုတောင်းမူ လည်းရှိတယ်ဆိုလျှင် မိမိလိုသော လားရာသုဂတိဘဝ မြဲတယ်။

၄။ ပုဂ္ဂိုလ်တစ်ဦးမှာ တရားငါးပါးလည်းမရှိဘူး၊ ဆုလည်း တောင်းမူမရှိဘူး ဆိုလျှင်တော့ သုဂတိဘဝအတွက် မျှော်လင့်ချက် မရှိတော့။

ဥပမာသော် ကောင်းကင်သို့ ပစ်မြှောက်လိုက်သော တုတ်ချောင်းသည် မည်သို့ပြန်ကျလာမည်ဟု သတ်မှတ်ချက်မရှိသလို သတ္တဝါတို့၏ ပဋိသန္ဓေယူခြင်းသည် မမြဲ။ ထို့ကြောင့် ကုသိုလ်ပြုပြီးသော် မိမိလိုရာ သုဂတိ အရာဌာန ဆုတစ်ခုခုကို တောင်းသင့်၏။ အလောင်းတော်များ ထုံးတမ်းနည်းလမ်းကို အစဉ်မှီးပါ။ (သခါရုပပတ္တိသုတ် အဋ္ဌကထာ)

တရားရနိုင်ပါသလား အိုစာရှုသူ၊ "ပုဗ္ဗကိစ္စတွေကလည်းများလှချည်လား။ ပုဗ္ဗကိစ္စပြုတော့ တရားရနိုင်ပါသလား။ ပုဗ္ဗကိစ္စ မပြုတော့ တရားမရနိုင်ဘူးလား" ဟုလည်း မစောဒနာပါနှင့်။ ပုဂ္ဂိုလ်လေးမျိုးကို အထူးသတိပြုပါ။

၁။ အကျဉ်းပြရုံ၊ ဟောရုံနှင့် တရားရနိုင်သူ "ဥဂ္ဃဋိတညူပုဂ္ဂိုလ်" ဥပမာသော် ဤပုဗ္ဗကိစ္စ ၁၀ ပါးကို အစဉ်ပြခဲ့သလို အကျဉ်း

http://www.dhammadownload.com

မာတိကာ ၁၀ ခု သရုပ်ကို ပြရုံမျှနှင့် တရားရနိုင်သော ပုဂ္ဂိုလ်အဖို့မှာ ပုဗ္ဗကိစ္စ မလိုပါ။

၂။ အကျယ်ပြရုံ ဟောရုံနှင့် တရားရသူ "ဝိပဿီတည့ုပုဂ္ဂိုလ်" ဥပမာသော် ယခု ပုဗ္ဗကိစ္စတို့ကို ၁၀ ပါးလုံး စုံအောင်ရှင်းပြမှ နားလည်သဘောပေါက်၍ တရားရနိုင်သော ပုဂ္ဂိုလ်အဖို့မှာလည်း ပုဗ္ဗကိစ္စ မလိုပါ။ တရားပွဲတွင်ပင် ကိစ္စပြီးနိုင်သည့် ပုဂ္ဂိုလ်အမျိုးအစားဖြစ်၏။

၃။ အကျဉ်း၊ အကျယ် ဟောရုံနှင့် တရားမရနိုင်သေးပဲ ပါဠိသင်၊ အဋ္ဌကထာသင်၊ နှလုံးသွင်း ကောင်းကောင်းထား၊ မိတ်ကောင်းလည်း မှီဝဲ၊ တရားလည်းနာ၊ ကျက်၊ မှတ်၊ ရွတ်ဖတ်၊ ပြန်၊ အံ၊ ဆောင်ထား၊ အဖန်ဖန် အားထုတ်၊ ပွားများနိုင်မှ တရားရနိုင်သူ "နေယျပုဂ္ဂိုလ်" အဖို့မှာ ပုဗ္ဗကိစ္စ လိုအပ်ပါသည်။

၄။ များစွာဟောလည်း မရ။ များစွာနာကြား၊ မှတ်သား၊ ဆောင်ထား၊ ရွတ်ဖတ်၊ ဟောကြား၊ ပို့ချ၊ နှလုံးသွင်းကောင်းလည်းရှိ။ မိတ်ကောင်းလည်းမှီဝဲ။ ကြိုးစားအားထုတ်သော်လည်း ဤဘဝတွင် တရားမရနိုင်သူ "ပဒပရမပုဂ္ဂိုလ်" အဖို့မှာမူ ပုဗ္ဗကိစ္စ အထူးလိုပါသည်။

"သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို
စကားတို့ကို နှလုံးမသွင်းအပ်။ သူတစ်ပါးတို့၏
ကောင်းသော အမှု၊ မကောင်းသော အမှု၊ ပြု မပြုကို
မကြည့်ရှု မဆင်ခြင်ရာ။ မိမိ၏ ကောင်း သောအမှု
မကောင်းသောအမှု ပြု မပြုကိုသာ လျှင် ကြည့်ရှု
ဆင်ခြင်ရာ၏"

အကျဉ်းချုပ် ပုဗ္ဗကိစ္စ ၁၀ ပါးလုံး ပြုလုပ်ရန် အခြိန်မရသော်လည်းကောင်း၊ မစွမ်းနိုင်သော် လည်းကောင်း၊ ကန်တော့ခြင်း၊ ခန္ဓာကိုယ် စွန့်လွှတ်ခြင်း၊ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ မရဏာဿတိပွားများခြင်း ငါးပါးတို့ကိုတော့ ပြုလုပ်ပါ။ ယင်းတွင်လည်း ဗုဒ္ဓါနုဿတိကို တစ်ပါး စီသာ ပွားများလိုက ပွားများနိုင်သလို မေတ္တာနှင့်မရဏာဿတိတို့ကိုလည်း တစ်ပုဒ်စီသာ ပွားများလိုက ပွားများနိုင်ပါသည်။

http://www.dhammadownload.com

ဣရိယာပုတ် အိစာရှူသူ၊ ပုဗ္ဗကိစ္စ ၁၀ ပါးတို့ကို ကြိုက်နှစ်သက်သည့် ဣရိယာပုတ်နှင့် ပြုလုပ်နိုင်ပါသည်။ ပုဗ္ဗကိစ္စပြုပြီးသော် တရားကိုလည်း ကြိုက်နှစ်သက်သည့် ဣရိယာပုတ်နှင့် အားထုတ်နိုင်ပါသည်။ ကြိုက်နှစ်သက်သည့် ဣရိယာပုတ်နှင့် ပုဗ္ဗကိစ္စ ပြုနိုင်သည်ဆိုလျှင် စကြိုးလျှောက်၍ ပုဗ္ဗကိစ္စပြုပြီးထိုင်လျက် တရားအားထုတ်လျှင် ရနိုင်ပါသလားဟု မစောဒနာပါနှင့်။ အောက်ပါ ပါဠိတော်ကို ရွတ်ပါ။

ဝစသာ မနသာ စေဝ၊
ဝန္နာ မေ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊
ဂမနေစာပိ သဗ္ဗဒါ။

အကျွန်ုပ်သည် ထိုရှင်တော်မြတ်ဘုရားတို့ကို အိပ်သောအခါ၌လည်းကောင်း၊ ထိုင်သောအခါ၌ လည်းကောင်း၊ ရပ်သောအခါ၌လည်းကောင်း၊ သွားသောအခါ၌လည်းကောင်း၊ အခါခပ်သိမ်း နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ရှိခိုးပါ၏။ (အာဠာနာဋိယသုတ်)

အမျှဝေပါ သို့ဖြစ်၍ ကြိုက်နှစ်သက်သည့် ဣရိယာပုတ်နှင့် ပုဗ္ဗ ကိစ္စ ပြုပြီး တရားအားထုတ်ပြီးသော် မိမိကဲ့သို့ ကုသိုလ်မပြုနိုင်သူ၊ ကုသိုလ်ပြုခွင့် မရသူများကို မိမိကုသိုလ် ရယူနိုင်သလို ရယူနိုင်ပါစေဟု မေတ္တာထား၍ အမျှဝေပါ။

ဤသို့ပြုရာ၊ ပဏာမနှင့်၊ ဒါန သီလာ၊ ဘာဝနာဟု၊ မြတ်ကောင်းမှုကို၊ မိဘ ဆရာ၊ ဉာတကာနှင့်၊ ယမရာဇာ၊ ဣန္ဒာသက္က၊ စစ္စာဥသုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ သတ္တဝါအနန္တတို့အား၊ ရကြပါစေ၊ အမျှဝေ၏။ ထိုကုသလ၊ မြတ်ပုညကို၊ အမျှရ၍၊ ချမ်းသာကြသည်၊ ဖြစ်ကြပါစေ ကုန်သော်ဝ်၊

အမျှ-အမျှ-အမျှ ယူတော်မူကြ ပါကုန်လော့"

(၃) ကြိမ် အမျှဝေပါ။



http://www.dhammadownload.com

http://www.dhammadownload.com

ဘာဝနာဝတ္ထု

ကာယာနုပဿနာသတိပဋ္ဌာန်

http://www.dhammadownload.com

၁။ အာနာပါနပိုင်း

ကာယ ၆ မျိုး "ဤအာနာပါနပိုင်းသည် ကာယဂတာသတိ ခေါ်ကာယာနုပဿနာ သတိပဋ္ဌာန်တွင် ပါဝင်နေသောကြောင့် ယင်း အာနာပါနပိုင်းကို မရှင်းပြမီ ကာယဂတာသတိ ခေါ် ကာယာနုပဿနာသတိပဋ္ဌာန်လာ "ကာယ" အမျိုးအစားတို့ကို ဦးစွာရှင်းပြရန်လိုအပ်ပေ၏။

ချဲ့ဦးအံ့၊ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်၊ နိဗ္ဗာန်ကို တွေ့မြင်နိုင်ရေး အတွက် ရှုပွားအားထုတ်ရန် "ကာယ" အမျိုးအစားပေါင်းများစွာတို့တွင် ကာယဂတာသတိ ခေါ် ကာယာနုပဿနာသတိပဋ္ဌာန်လာ "ကာယ" အမျိုးအစားတို့ကို ရုပ်ကမ္မာဋ္ဌာန်းအတွက် စနစ်တကျရှုပွား အားထုတ်တတ်ရန် နားလည်ဖို့သည် အရေးအကြီးဆုံးဖြစ်၏။ သို့ဖြစ်၍ "ကာယ" အမျိုးအစားတို့ကို စီစစ်သော်-

၁။ အာနာပါနကာယ၊	၂။ ဣရိယာပထကာယ၊
၃။ သမ္ပဇညကာယ၊	၄။ ပဋိကူလမနသိကာရ ကာယ၊
၅။ ဓာတုမနသိကာရကာယ	၆။ နဝသိဝထိကာယ၊

ဟူ၍ "ကာယ ၆ မျိုး" တို့ကိုတွေ့ရှိနိုင်၏။ (ကာယဂတာသတိသုတ်)

http://www.dhammadownload.com

ကာယခေါ်ဆိုပုံ "အဘယ်ကြောင့် ကာယဟူ၍ ခေါ်ဆိုသနည်း။ အင်္ဂါကြီးငယ်တို့နှင့် ဆံပင်အစရှိကုန်သော ဘူတရုပ်၊ ဥပါဒါရုပ်တို့၏ အပေါင်းဟူသော အနက်ကြောင့် "ရုပ်အပေါင်းတို့=ရူပကာယ" ကို ကာယဟူ၍ ခေါ်ဆိုအပ်၏။ တစ်ဖုံဆိုသော် စက်ဆုပ်အပ်ကုန်သော ဆံပင်အစရှိကုန်သော ကောဋ္ဌာသ အစုအဝေးတို့၏ ဖြစ်ရာအရပ်ဟူသော အနက်ကြောင့် "ရုပ်အပေါင်း = ရူပကာယ" ကို ကာယဟူ၍ ခေါ်ဆိုအပ်၏။
(သုတ်မဟာဝါအဋ္ဌကထာ)

ကာယဂတာသတိ "ကာယဂတာသတိ" ဟူသည် ယင်း "ရူပကာယ ၆ မျိုး" ကို အာရုံပြု၍ ဖြစ်သော သတိကို ခေါ်ဆိုသည်။ သို့ဖြစ်၍ "ကာယဂတာသတိ" ဟူ၍ဆိုလျှင် ကာယအရ ယင်း "ရူပကာယ ၆ မျိုး" လုံးကို မြင်ထားရမည်ဖြစ်၏။ ပဋိကူလမနသိကာရခေါ် ကောဋ္ဌာသကမ္မဋ္ဌာန်း တစ်ခုတည်းကွက်မြင်၍ မဖြစ်နိုင် မပြည့်စုံနိုင်။
(ကာယဂတာသတိသုတ်)

အကျိုးတရား "ရဟန်းတို့၊ မည်သည့် ပုဂ္ဂိုလ်မဆို မဟာသမုဒ္ဒရာကို စိတ်ဖြင့် ပျံနှံ့အောင် ရှုနိုင်ငြားအံ့၊ သမုဒ္ဒရာသို့ သက်ဆင်းကုန်သော မြစ်ငယ်ဟူသမျှတို့သည် ထိုသူ၏စိတ်၌ အတွင်းဝင်ပြီး ဖြစ်ကုန်သကဲ့သို့ ထို့အတူ မည်သည့်ပုဂ္ဂိုလ်မဆို ဆံပင်အစရှိကုန်သော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း "ကာယဂတာသတိ" ကို ပွားများနိုင်၊ အဖန်ဖန် အလေ့အလာပြုနိုင်ငြားအံ့၊ ဝိဇ္ဇာအဖို့ အစုံ၌ ဖြစ်ကုန်သော ကုသိုလ်တရား ဟူသမျှတို့သည် ထိုသူ၏ ဘာဝနာစိတ်၌ အတွင်းဝင်ပြီး ဖြစ်ကုန်၏။
(ဧကဂိုတ္တရပါဠိတော်)

"ရဟန်းတို့၊ 'ကာယဂတာသတိ' ဟူသော တစ်ခုသော တရားကို ပွားများအပ်၊ အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော်

၁။ ကြီးစွာထိတ်လန့်ခြင်း သံဝေဂဉာဏ် အလို့ငှာဖြစ်၏။

၂။ ကြီးစွာသော အကျိုးကို ရခြင်းငှာ ဖြစ်၏။

http://www.dhammadownload.com

၃။ ကြီးစွာသော ယောဂ ၄ ပါးကုန်ရာသို့ ရောက်ခြင်းငှာ ဖြစ်၏။
၄-၅။ သတိသမ္မဇဉ်အလို့ငှာ ဉာဏ်အမြင်ကို ရရှိခြင်းငှာဖြစ်၏။
၆။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှာ ဖြစ်၏။
၇-၉။ မင်္ဂဉာဏ်ဝိဇ္ဇာ၊ မင်္ဂနှင့်ယှဉ်သော ဝိမုတ္တိတရား၊ အရဟတ္တဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။
၁၀-၁၂။ နာမကာယ၊ ရူပကာယသည်လည်း ငြိမ်းအေး၏။ စိတ်သည်လည်း ငြိမ်းအေး၏။ ဝိတက်၊ ဝိစာရတို့သည်လည်း ငြိမ်းအေးကုန်၏။
၁၃။ အလုံးစုံသော ဝိဇ္ဇာအဖို့အစုဥ် ဖြစ်ကုန်သောတရားတို့သည်လည်း ပွားများပြည့်စုံခြင်းသို့ ရောက်ကုန်၏။
၁၄။ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်။
၁၅။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။
၁၆။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏။
၁၇။ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှာ ဖြစ်ကုန်၏။
၁၈-၂၀။ အသွီမာနသည် ကင်းပျောက်၏။ အဝိဇ္ဇာသည် ကင်းပျောက်၏။ ဝိဇ္ဇာသည် ဖြစ်ပေါ်၏။
၂၁။ အနုသယတို့သည် အကြွင်းမဲ့ ကင်းကွာခြင်းသို့ ရောက်ကုန်၏။
၂၂။ သံယောဇဉ်တို့ ကင်းပျောက်ကုန်၏။
၂၃။ ပညာဖြင့် ခွဲဖောက်သိမြင်ခြင်းကို ရောက်ခြင်းငှာဖြစ်၏။
၂၄။ အကြောင်းကင်းသော ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။
၂၅။ များစွာသော ဓါတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။
၂၆။ အမျိုးမျိုးသော ဓါတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။

http://www.dhammadownload.com

၂၇။ များစွာသော ဓါတ်တို့ကို ခွဲခြမ်း၍ သိနိုင်၏။

၂၈-၃၁။ ဖိုလ် ၄-ပါးကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။

၃၂-၃၄။ ပညာကို ရခြင်း၊ ပညာ၏ တိုးပွားခြင်း၊ ပညာ၏ပြန့်ပြောခြင်းငှာ ဖြစ်၏။

၃၅-၄၁။ မြတ်သောပညာ၊ ကြီးကျယ်သောပညာ၊ ပြန့်ပြောသော ပညာ၊ နက်နဲသောပညာ၊ မည်သည့်ပုဂ္ဂိုလ်၏ ပညာနှင့်မျှ မနီးကပ်၊ မယှဉ်သာသောပညာ၊ မြေကြီးအထုနှင့်တူသော ပညာနှင့် ပညာ၏များခြင်းအလို့ငှာ ဖြစ်၏။

၄၂-၄၇။ လျင်သော၊ ပေါ့ပါးသော၊ ရွှင်သော၊ မြန်သော၊ ထက်သော ကိလေသာထုကို ဖောက်ခွဲနိုင်သော ပညာအလို့ငှာဖြစ်၏။

၄၈-၄၉။ မမွေ့လျော်ခြင်း၊ ကြောက်လန့်ခြင်းကို သည်းခံနိုင်၏။

၅၀။ အချမ်း၊ အပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းအတွေ့တို့ကို သည်းခံနိုင်၏။ မကောင်းသောစကား၊ အသက်ကို ဆောင်နိုင်သောဒုက္ခ ဝေဒနာတို့ကို သည်းခံနိုင်၏။

၄၁။ ဗျာန် ၄-ပါးတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းဘဲရ၏။

၅၂-၆၀။ တန်ခိုးဖန်ဆင်းမှု ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ် သူတစ်ပါးစိတ်သိမှု ပရစိတ္တဝိဇာနန အဘိညာဉ်၊ ရှေးရှေး ဘဝသိနိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် အာသဝက္ခယဉာဏ်တို့ကို ရခြင်းငှာဖြစ်၏။

(စကဝိတ္တရပါဠိတော်နှင့် ကာယဂတာသတိသုတ်)

နိဗ္ဗာန်နှင့်လွဲ "ရဟန်းတို့ ကာယဂတာသတိကို မသုံးဆောင်ကုန်သူ၊ မသုံးဆောင်အပ်ကုန်သူ၊ မေ့လျော့ကုန်သူတို့သည် အမြို့က် နိဗ္ဗာန်ကို မသုံးဆောင်ရသည်၊ မသုံးဆောင်အပ်သည်၊ မေ့လျော့သည် မည်ကုန်၏"

"ရဟန်းတို့ ကာယဂတာသတိကို ဆုတ်ယုတ်စေအပ်သူ၊ ချုတ်ယွင်းစေအပ်သူ၊ ပျောက်ပျက်စေအပ်သူတို့သည် အမြို့က်နိဗ္ဗာန်ကို ဆုတ်ယုတ်စေအပ်

http://www.dhammadownload.com

သည်။ ပျောက်ပျက်စေအပ်သည်မည်၏"

"ရဟန်းတို့ ကာယဂတာသတိကို မမှီဝဲ၊ မပွားများ၊ အဖန်ဖန် အလေ့အလာ မပြုအပ်သူတို့သည် အမြိုက်နိဗ္ဗာန်ကို မမှီဝဲ၊ မပွားများ၊ အဖန်ဖန် အလေ့အလာ မပြုအပ်သည် မည်၏"

"ရဟန်းတို့ ကာယဂတာသကိုကို ထူးသောဉာဏ်ဖြင့် မသိအပ်၊ ဝိုင်းခြား၍ မသိအပ်၊ မျက်မှောက် မပြုအပ်သူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မသိအပ်၊ ဝိုင်းခြား၍ မသိအပ်၊ မျက်မှောက်မပြုအပ်သည် မည်၏" (ဧကဂိုတ္တရ)

နိဗ္ဗာန်နှင့်မလွဲ "ရဟန်းတို့ ကာယဂတာသတိကို သုံးဆောင်အပ်သူ၊ သုံးဆောင်သူ၊ မမေ့လျော့သူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်သည်၊ သုံးဆောင်ရသည်၊ မမေ့မလျော့သည်မည်၏။"

"ရဟန်းတို့ ကာယဂတာသတိကို မဆုတ်ယုတ်၊ မချုတ်ယွင်း မပျောက်ပျက်စေအပ်သူတို့သည် အမြိုက်နိဗ္ဗာန်ကို မဆုတ်ယုတ်၊ မချုတ်ယွင်း၊ မပျောက်ပျက်စေအပ်သည် မည်၏"

"ရဟန်းတို့ ကာယဂတာသတိကို မှီဝဲ၊ ပွားများ၊ အဖန်ဖန်အလေ့အလာပြုအပ်သူတို့သည် အမြိုက်နိဗ္ဗာန်ကို မှီဝဲ၊ ပွားများ၊ အဖန်ဖန်အလေ့အလာပြုအပ်သည် မည်၏"

"ရဟန်းတို့ ကာယဂတာသတိကို ထူးသောဉာဏ်ဖြင့် သိအပ်၊ ဝိုင်းခြား၍ သိအပ်၊ မျက်မှောက်ပြုအပ်သူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် သိအပ်၊ ဝိုင်းခြား၍ သိအပ်၊ မျက်မှောက်ပြုအပ်သည် မည်၏" (ဧကဂိုတ္တရပါဠိတော်)

ကာယာနုပဿနာ ယင်းကာယဂတာသတိ ကမ္မဋ္ဌာန်းကိုပင် ကာယာနုပဿနာကမ္မဋ္ဌာန်းဟူ၍ ခေါ်၏။ သို့ဖြစ်၍ ကာယအရေပြာခဲ့ပြီးသော အာနာပါနကာယစသော "ကာယ ၆-မျိုးကိုယူ၍ အနုပဿနာအရ အဖန်ဖန်ရှုပွားတတ်သည့် ဉာဏ်ပညာကို ကာယာနုပဿနာ" ဟု ခေါ်ဆိုသည်။ ယင်းကာယာနုပဿနာအတိုင်းအချုပ်မှာ အောက်ပါပါဠိတော်ပင်ဖြစ်၏။

http://www.dhammadownload.com

အချုပ်ပြပါဠိ "ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္မဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ" = **ဘိက္ခဝေ** = ရဟန်းတို့၊ **ဣဓ** = ဤသာသနာတော်၌၊ **ဘိက္ခု** = ယောဂီရဟန်းသည်-

၁။ **အာတာပီ** = ရူပကာယကို အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍၊ **သမ္မဇာနော** = ရူပကာယကို ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ **သတိမာ** = ရူပကာယကို အောက်မေ့တတ်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊

၂။ **လောကေ** = ရူပုပါဒါနက္ခန္ဓာဟူသော လောက၌၊

၃။ **အဘိဇ္ဈာဒေါမနဿံ** = ရူပကာယကို တပ်သောအားဖြင့် ရှေးရှုကြံခြင်းဟူသော လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို၊ **ဝိနေယျ** = တဒင်္ဂ၊ ဝိက္ခမ္ဘနအားဖြင့် ဖျောက်၍၊

၅။ **ကာယေ** = ရုပ်အပေါင်း = ရူပကာယ၌၊

၆။ **ကာယာနုပဿီ** = အင်္ဂါကြီးငယ် အပေါင်းဟူသော ကာယကို အဖန်ဖန်ရှုလေ့သည်ဖြစ်၍ **ဝိဟရတိ** = နေ၏။

ကာယာနုပဿီ = ဆံပင်၊ အမွေး အစရှိသော ကောဋ္ဌာသအပေါင်းဟူသော ကာယကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

ကာယာနုပဿီ = ဘူတရုပ်၊ ဥပါဒါရုပ် အပေါင်းဟူသော ကာယကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

ကာယာနုပဿီ = အနိစ္စ အခြင်းအရာ၊ ဒုက္ခ အခြင်းအရာ၊ အနတ္တ အခြင်းအရာ၊ အသုဘ အခြင်းအရာအပေါင်းဟူသော ကာယကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

(သုတ်မဟာဝါပါဠိတော်)

ရှင်းလင်းချက် ယင်းပါဠိတော်၌ "ကာယေ" ဆိုပြီးလျှင် "ကာယာနုပဿီ" ဟု တဖန် "ကာယ" ကို ဆိုခြင်းသည် ဝေဒနာ၊ စိတ္တ၊ မမ္မတို့နှင့် မရောနှောသောအားဖြင့် သီးသန့်ခြားနား၍ တည်စေခြင်း၊ တခဲနက်

http://www.dhammadownload.com

ဃနကို ခွဲခြမ်း ဝေဖန်ခြင်းအစရှိသည်ကို ပြခြင်းအကျိုးငှာ ဆိုခြင်း ဖြစ်၏။ ယင်းသို့ဖြစ်၍ ရုပ်အပေါင်း ရူပကာယဌ် ဝေဒနာ၊ စိတ္တ၊ ဓမ္မ တို့ကို မရှုရ။ ရူပကာယဌ် ရူပကာယကိုသာ ရှုရမည်ဟု ဆိုလိုသည်။

ထိမှတစ်ပါး = ရူပကာယဌ် အင်္ဂါကြီးငယ်တို့မှ လွတ်သော တစ်ခု သောတရားကို ရှုပွားနေသည်လည်း မဟုတ်။ ဆံပင်၊ အမွေး အစရှိသော ကောဋ္ဌာသတို့မှ လွတ်သော ယောကျ်ား မိန်းမကို ရှုပွားနေသည်လည်း မဟုတ်။ ဆံပင်၊ အမွေး အစရှိသော ဘူတရုပ်၊ ဥပါဒါရုပ်တို့မှလွတ်သော တစ်ခုသော တရားကို ရှုပွားနေသည်လည်းမဟုတ်။

အဟုတ်အမှန်ကား = ရထားအိမ်၊ ရထားသန် အစရှိသော ရထား၏ အဆောက်အအုံကို အဖန်ဖန် ရှုတတ်သကဲ့သို့၊ ပြာသာဒ်၊ အိမ် အစရှိသော မြို့၏ အစိတ်အပေါင်းကို အဖန်ဖန်ရှုတတ်သကဲ့သို့ ငှက်ပျောတုံး၊ ငှက်ပျော ရွက်၊ ငှက်ပျောဖူးကို အသီးအခြား ခွဲခြမ်းဝေဖန်တတ်သကဲ့သို့ အချည်းနှီး သော လက်ဆုပ်ကိုဖြေသကဲ့သို့ ထို့အတူ အင်္ဂါကြီးငယ်အပေါင်း ဆံပင်၊ အမွေးအစရှိသော ကောဋ္ဌာသအပေါင်း၊ ဘူတရုပ် ဥပါဒါရုပ်အပေါင်းကို အဖန်ဖန်ရှုပွား၍ နေ၏။

(သုတ်မဟာဝါအဋ္ဌကထာ)

သိရန်အချက်များ အထက်ပါ ပါဠိတော်အမှတ် (၁) ဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်ကို ရှုပွားလိုသူ ယောဂီဌ် ပြည့်စုံရမည့် အင်္ဂါ ၃ ပါးကို ပြ၏။ မှန်၏။ သတိမှကင်းသော အဖန်ဖန် ရှုပွားခြင်း အနုပဿနာမည်သည် မရှိနိုင်သောကြောင့် ယောဂီသည် သတိဖြင့် အာရုံသို့ ဝိုင်းခြားသိမ်းဆည်းယူ၍ ပညာဖြင့် အဖန်ဖန်ရှုပွား၏။

(သုတ်မဟာဝါအဋ္ဌကထာ)

သတိပဋ္ဌာန်-မပြည့်စုံ ချဲ့ဦးအံ့။ ကိလေသာတို့ကို ပြင်းစွာ ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လမရှိသော ယောဂီ၏ အတွင်း သန္တာန်၌ တွန့်တို ပစ်ချတတ်သော ပျင်းရိမှု = ကောသဇ္ဇသည် ကမ္မဋ္ဌာန်း၏ အန္တရာယ်ကို ပြုတတ်၏။

http://www.dhammadownload.com

မဖောက်မပြန် ဟုတ်မှန်စွာ ထက်ဝန်းကျင်မှ အညီအညွတ်အပြား အားဖြင့် သိတတ်သော ဉာဏ်မရှိသော ယောဂီသည် သီလကို သုတ်သင်ခြင်း၊ ရေတွက်ခြင်း၊ သင်ယူခြင်း၌ လိမ်မာခြင်း အစရှိသောအကြောင်းကို သိမ်းဆည်းခြင်းနှင့် အကြောင်းမဟုတ်သောတရားကို ရှောင်ကြဉ်ခြင်း၌ ပြင်းစွာ တွေဝေ၏။

ပျောက်ပျက်၊ မေ့လျော့သော၊ သတိရှိသော ယောဂီတို့သည် သင့်မြတ်သောအကြောင်းကို မစွန့်လွှတ်ခြင်းနှင့် အကြောင်းမဟုတ်သောတရားကို မသိမ်းဆည်းခြင်း၌ မစွမ်းနိုင်။ ထို့ကြောင့် ယင်းယောဂီအား သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရား မပြည့်စုံနိုင်။ ဝီရိယ၊ ပညာ၊ အသိတရားတို့၏ အာနုဘော်ကြောင့်သာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရား ပြည့်စုံနိုင်သည်ဖြစ်သောကြောင့် ယင်းတရား ၃ ပါးတို့ကို ဘုရားရှင် ဟောတော်မူ၏။ (သုတ်မဟာဝါအဋ္ဌကထာ)

သီစရာလောက အမှတ် (၂) ဖြင့် ယောဂီသိရမည့် လောကကို ပြသည်။ အဘယ်ကြောင့် လောကဟူ၍ ခေါ်သနည်း။ ပျက်စီးတတ်၊ ပရမ်းပတာ ပျက်စီးတတ်သည့် အနက်ကြောင့် ရုပ်အပေါင်း ရူပကာယဟူသော ရူပုပါဒါနက္ခန္ဓာကို ဤ၌ လောကဟူ၍ ဆိုအပ်၏။

အကျိုးတရား အမှတ် (၃) ဖြင့် ယောဂီရှိရမည့် အကျိုးတရားကို ပြ၏။ မှန်၏။ နိဝရဏတရား၌ အကျုံးဝင်သော၊ အားရှိသော အဘိဇ္ဈာခေါ် ကာမစ္ဆန္ဒ၊ ဒေါမနဿခေါ် ဗျာပါဒတရား ၂ ပါးအပေါင်းကို ပြလိုက်ခြင်းဖြင့် နိဝရဏတရား အားလုံးပယ်ခြင်းကို ဘုရားရှင်ဟော်တော်မူအပ်သည်ဟု သိအပ်၏။

အထူးအားဖြင့် အဘိဇ္ဈာကိုပယ်ခြင်းဖြင့် ရူပဇလ၊ ယောဇွန၊ အရောဂျ အစရှိသော ကိုယ်၏ပြည့်စုံခြင်းလျှင် အကြောင်းရှိသောချစ်ခြင်း၊ ကိုယ်၌ မွေ့လျော်ခြင်း၊ ကိုယ်၌ ထင်ရှားမရှိကုန်။ မဟုတ် မမှန်ကုန်သော သုဘဘာဝ၊ သုခဘာဝ၊ မနုညာ၊ နိစ္စတာ အစရှိသည်တို့ကို ထည့်သွင်းခြင်းကို၊ ပယ်ခြင်းကို ဘုရားရှင် ဟောတော်မူအပ်၏။

ဒေါမနဿကို ပယ်ခြင်းဖြင့် ကိုယ်၏ပျက်စီးခြင်းလျှင် အကြောင်း

http://www.dhammadownload.com

ရှိသော မုန်းခြင်း၊ ဆန့်ကျင်ခြင်း၊ ကာယာနုပဿနာဘာဝနာ၌ မမွေ့လျော်ခြင်း၊ ကိုယ်၌ ထင်ရှားရှိကုန်၊ ဟုတ်မှန်ကုန်သော အသုဘဘာဝ၊ အသုဘာဝ အမနုညာ၊ အနိစ္စတာ အစရှိသည်တို့ကို ပယ်ခြင်းတရားကို ဟောတော်မူအပ်၏။

ယင်းသို့ဆိုသဖြင့် အားထုတ်အပ်သော ကမ္မဋ္ဌာန်း၏ သက်ဝင်ကျက်စားသော ယောဂီ၏ အားထုတ်အပ်သော ကမ္မဋ္ဌာန်း၏ အာဘော်ကို လည်းကောင်း၊ ကမ္မဋ္ဌာန်းကို အားထုတ်နိုင်စွမ်းရှိသည့် အဖြစ်ကို လည်းကောင်းပြုအပ်၏။ (သုတ်မဟာဝါအဋ္ဌကထာ)

ပုံသိရန်နှင့်ရှုပုံ အမှတ် (၄) ဖြင့် ယောဂီသိရမည့် ကာယအမျိုးအစားကို ပြ၏။ အမှတ် (၅) ဖြင့် ရှုပွားပုံအခြင်းအရာနှင့် ရှုပွားသော ယောဂီကိုပြ၏။ ဤတွင် အနုပဿနာ ၇ ပါးဖြင့် ရှုပွားပုံကို ဆက်၍ ပြဦးအံ့။

အနုပဿနာ ၇ ပါး ဤရုပ်အပေါင်း ရူပကာယ ခန္ဓာကိုယ်၌ ကာယာနုပဿနာအကျင့်ကို ကျင့်ကြံသော ယောဂီသည်-

၁။ အနိစ္စတော အနုပဿတိ နော နိစ္စတော-အနိစ္စ ဟူ၍သာ အဖန်ဖန်ရှု၏။ နိစ္စဟူ၍ အဖန်ဖန် မရှု။

၂။ ဒုက္ခတော အနုပဿတိ နော သုခတော - ဒုက္ခဟူ၍သာ အဖန်ဖန် ရှု၏။ သုခဟူ၍ မရှု။

၃။ အနတ္တတော အနုပဿတိ နော အတ္တာ=အနတ္တဟူ၍သာ အဖန်ဖန် ရှု၏။ အတ္တဟူ၍ မရှု။

ဧဝံအနုပဿနော = ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ အဖန်ဖန် ရှုသည် ရှိသော်-

၄။ နိဗ္ဗိန္ဒတိ နော နန္ဒကိ - ငြီးငွေ့စိတ်ပျက်၏။ သပ္ပိတိကတဏှာဖြင့် မနှစ်သက်။

၅။ ဝိရဇ္ဇတိ နော ရဇ္ဇတိ-တပ်ခြင်းကင်း၏။ ရာဂဖြင့် မတပ်မက်။

http://www.dhammadownload.com

ဧဝံအရဏ္ဍော = ဤသို့ ရာဂဖြင့် မတပ်မက်သည် ရှိသော်-
၆။ နိရောဓေတိ နော သမုဒေတိ-ရာဂကိုချုပ်စေ၏၊ မဖြစ်စေ။

ဧဝံပဋိပန္နော = ဤသို့ ကျင့်သည်ရှိသော်-
၇။ ပဋိနိဿဋ္ဌေတိ နော အာဒိယတိ-စိတ်ကို နိဗ္ဗာန်သို့ စွန့်လွှတ်၏၊ ကိလေသာဖြင့် မယူ။

ထိယောဂီသည် ယင်းမိမိ၏ စတုသမုဋ္ဌာနိက ရူပကာယကို-
၁။ အနိစ္စတော အနုပဿန္တော၊ နိစ္စသည် ပဇဟတိ = အနိစ္စဟူ၍ အဖန်ဖန်ရှုသော် နိစ္စသညာကို ပယ်စွန့်၏။
၂။ ဒုက္ခတော အနုပဿန္တော သုခသေည် ပဇဟတိ-ဒုက္ခ ဟူ၍ အဖန်ဖန်ရှုသော် သုခသညာကို ပယ်စွန့်၏။
၃။ အနတ္တတော အနုပဿန္တော အတ္တသည် ပဇဟတိ = အနတ္တဟူ၍ အဖန်ဖန်ရှုသော် အတ္တသညာကို ပယ်စွန့်၏။
၄။ နိဗ္ဗိန္ဒန္တော နန္ဒိ ပဇဟတိ = ငြီးငွေ့ စိတ်ပျက်သည်ရှိသော် နှစ်သက်သော သပ္ပိတိကတဏှာကို ပယ်စွန့်၏။
၅။ ဝိရဇ္ဇန္တော ရာဂံ ပဇဟတိ = တပ်ခြင်း ကင်းသည်ရှိသော် တပ်မက်ခြင်း ရာဂကို ပယ်စွန့်၏။
၆။ နိရောဓေန္တော သမုဒယံ ပဇဟတိ = ချုပ်စေသည်ရှိသော် ဖြစ်ကြောင်း၊ ဖြစ်ရာ၊ ဖြစ်သော တဏှာကို စွန့်ပယ်၏။
၇။ ပဋိနိဿဋ္ဌေန္တော အာဒါနံ ပဇဟတိ = စိတ်ကို နိဗ္ဗာန်သို့ စွန့်လွှတ်သည်ရှိသော် ကိလေသာဖြင့် ယူခြင်းကို ပယ်စွန့်၏။

ပြပြီးပါပြီ ဤတွင်ရွေ့ ကာယဂတာသတိခေါ်ပုံနှင့် ယင်းကာယဂတာသတိ၏ အကျိုးတရားများကို လည်းကောင်း၊ ကာယာနုပဿနာခေါ်ပုံနှင့် ယင်းကာယာနုပဿနာ၏ အကျိုးတရားများကို လည်းကောင်း၊ သိသင့်သည့်အချက်များကို လည်းကောင်း၊ ရှုပွားပုံအချုပ်ကို လည်းကောင်း ပြပြီးပါပြီ။ ယခုအခါ ယင်းကာယဂတာသတိ ခေါ် ကာယာနုပဿနာ သတိပဋ္ဌာန်တွင် ပါဝင်သော အာနာပါနပိုင်းကို ပြပါအံ့။

http://www.dhammadownload.com

အာနာပါနခေါ်ပုံ "အာနာပါန" ဟု ဆိုလိုက်လျှင်ပင် မြန်မာတို့က မြန်မာစကားလိုပင် သုံးနှုန်းနိုင်လျက် ရှိ၏။ ထို့ပြင် "ဝင်လေ-ထွက်လေ" "ဝင်သက်-ထွက်သက်" ဟုလည်းကောင်း၊ "ထွက်လေ-ဝင်လေ" "ထွက်သက်-ဝင်သက်" ဟုလည်းကောင်း မြန်မာလိုလည်း အပြန်အလှန် သုံးနှုန်းလျက်ရှိ၏။

မြန်မာတို့က ယင်းအာနာပါနကို အပြန်အလှန်သုံးနှုန်းသလိုပင် ပါဠိဋ္ဌကာများကလည်း အပြန်အလှန် သုံးနှုန်းပြကြသည်။ ချဲ့ဦးအံ့၊ "အာနာပါန" ကို ပုဒ်ခွဲသော် "အာန" ပုဒ်၊ "အပါန" ပုဒ်ဟူ၍ ၂ ပုဒ်ဖြစ်လာ၏။

ယင်းအာနနှင့် အပါနတို့ကို "**အာနန္တိအဿာသော** = အာနဟူသည် အတွင်းဘက် ဝင်လေမည်၏။ **အပါနန္တိပဿာသော** = အပါနဟူသည် အပြင်ဘက် ထွက်လေမည်၏။" ဟု ဖွင့်ပြ၏။ (ဝဋ္ဋသမ္ဘိဒါမဂ်ပါဠိ)

တဖန် "**အာနန္တိ အဿန္တရံ ပဝိသနဝါတော** = အာနဟူသည် အတွင်းဘက် ဝင်လေတည်း၊ **အပါနန္တိ ဗဟိနိက္ခမနဝါတော** = အပါနဟူသည် အပြင်ဘက် ထွက်လေတည်း" ဟု ဖွင့်ပြ၏။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

တဖန် "အဿာသောတိ ဗဟိနိက္ခမနဝါတော = အဿာသ ဟူသည် အပြင်ဘက် ထွက်လေတည်း၊ ပဿာသောတိ အန္တောပဝိသန ဝါတော = ပဿာသဟူသည် အတွင်းဘက် ဝင်လေတည်း" ဟု ဖွင့်ပြ၏။
(ပါရာဇိကဏ် အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ညှိပြချက် ဤတွင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်က အာနကို အဿာသနှင့် အပါနကို ပဿာသနှင့် တွဲ၍ရှင်းပြသည်။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာက အာနနှင့်အပါနကို ကိုင်၍ရှင်းသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ပါရာဇိကဏ် အဋ္ဌကထာတို့က အဿာသနှင့် ပဿာသတို့ကိုကိုင်၍ ရှင်းပြသည်။ သူ့ရှင်းပြချက်နှင့်သူ မှန်ကြသည်ချည်းဖြစ်၏။

http://www.dhammadownload.com

အဘယ်သို့ မှန်ကြသနည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ပါရာဇိကဏ် အဋ္ဌကထာတို့အလိုမှာ လူသားတို့ မိခင်ဝမ်းတွင်းမှ မွေးဖွားလာချိန်မှစ၍ ထွက်လေက အရင်ထွက်မှကြောင့် အာနအရ ထွက်လေ၊ အပါနအရ ဝင်လေ ဟူ၍ "အာနာပါန = ထွက်လေ-ဝင်လေ" ဟု ဘာသာပြန်ဆိုသည်။

ပဋိသန္ဓိဒါမဂ် အဋ္ဌကထာအလိုမှာ အာနာပါနအရ ပြောဆိုနေသည်မှာ မွေးဖွားမှုကိစ္စကို ပြောဆိုနေ၊ ဘုရားဟောနေသည် မဟုတ်၊ ကမ္မဋ္ဌာန်း ရှုပွားမှုကိုသာ ပြောဆိုဟောကြွန်နေသဖြင့် သဗ္ဗကာယပဋိသံဝေဒီ အရ လေ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို ရှုပွားကြရာတွင် ယောဂီဟူသမျှ ဝင်လေအပေါ်ကစ၍ ရှုပွားကြရမြဲဟူသော ကမ္မဋ္ဌာန်းကိစ္စကို အဓိကထားပြီး ပြောဆို၊ ဟောကြွန်သော အရာဖြစ်၍ ယင်းအာနနှင့် အပါနအရမှာ ဝင်လေနှင့် ထွက်လေဟု ဘာသာပြန်သည်။ ဤဘာဝနာဝတ္ထုတွင် ယင်းကိုမှီး၍ ဝင်လေ-ထွက်လေဟုသာ သုံးနှုန်း၍ ပြပါအံ့။

အာနာပါနသတိ-သမာဓိ "ဝင်လေ-ထွက်လေ အာရုံပေါ်မှာ သမာဓိရနိုင်ရေးအတွက် ရှေ့ပြေးဖြစ်သောသတိကို ကပ်ပေးကာ ရှုပွားနေမှုကို "အာနာပါနဿတိ" ဟု ခေါ်ဆိုသည်။ တဖန် ဝင်လေ-ထွက်လေ တို့ကိုကပ်ပြီး အထပ်ထပ်ရှုပွားသဖြင့် သတိအားကောင်းလာချိန်မှာ ထွက်ပေါ် လာသောသမာဓိကို "အာနာပါနဿတိ သမာဓိ" ဟုခေါ်ဆိုသည်။

အာနာပါနကမ္မဋ္ဌာန်း "အရှုပွားခံ အာရုံသည် သမာဓိနှင့် ပညာဖြစ်ဖြစ်ပေါ်ရာ လုပ်ငန်းဌာနဖြစ်၍ "ကမ္မဋ္ဌာန်း" ဟုခေါ်သည်။ တဖန် ယင်းအရှုပွားခံ အာရုံသည်ပင် ဆက်ကာထပ်၍ ရှုပွားနိုင်ရန် ထောက်ပံ့ချက်တစ်ရပ်ဖြစ်ပြန်၍ "ကမ္မဋ္ဌာန်း" ဟုခေါ်သည်။ ဝင်လေ - ထွက်လေစုသည် သမာဓိနှင့်ပညာတို့ ပေါ်ထွက်လာရန် အရှုပွားခံ အာရုံဖြစ်၍ "အာနာပါနကမ္မဋ္ဌာန်း" ဟုခေါ်သည်။

http://www.dhammadownload.com

အာနာပါနအချီး "ရဟန်းတို့ အာနာပါနဿတိ သမာဓိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် အကျိုးကြီး၏။ အာနိသင်ကြီး၏။ သံယောဇဉ်ကို ပယ်ခြင်း၊ အနုသယတို့ကို ကောင်းစွာ ခွာခြင်း၊ အဓွန့်ကာလတို့ကို ပိုင်းခြား၍ သိခြင်း၊ အာသဝတို့ ကုန်ခြင်းငှာ ဖြစ်၏။ (မဟာဝဂ္ဂသံယုတ်)

ရဟန်းတို့ နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွင့်တက်သော မြူမှုန်ကို အခါမဲ့သည်းထန်စွာ ရွာသွန်းသောမိုးကြီးသည် တစ်ခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေသကဲ့သို့ ဤအတူပင် အာနာပါနဿတိသမာဓိသည် ပွားများလေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏။ မွန်လည်း မွန်မြတ်၊ ထပ်လောင်း ဖြည့်စွက်စရာလည်း မလို။ ချမ်းသာသောနေရာလည်း ဖြစ်၏။ ဖြစ်တိုင်း၊ ဖြစ်တိုင်းသော အကုသိုလ် အယုတ်တရားတို့ကိုလည်း တစ်ခဏချင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်၏။

(မဟာဝဂ္ဂသံယုတ်)

ကိုယ်မပင်ပန်း "ရဟန်းတို့၊ ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါက သစ္စာလေးပါး မသိသေးသော ဘုရားလောင်းဖြစ်စဉ် အာနာပါန သမာဓိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော နေခြင်း မျိုးဖြင့် အနေများခဲ့၏။

ရဟန်းတို့ ယင်းအာနာပါနဿတိသမာဓိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော နေခြင်းမျိုးဖြင့် အနေများခဲ့သော ငါ့အား ကိုယ်မပင်ပန်း၊ မျက်စိတို့ မပင်ပန်းကုန်။ ငါ၏စိတ်သည်လည်း မစွဲလမ်း၍ အာသဝတို့မှ လွတ်မြောက်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ယောဂီရဟန်းသည်-

၁။ "ကိုယ်မပင်ပန်းရာ၊ မျက်စိတို့ မပင်ပန်းရာကုန်၊ ငါ၏စိတ်သည်လည်း မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်မြောက်ရာ၏" ဟု အလိုရှိခဲ့မူ-

၂။ "ငါသည် အိမ်နေသူ လူတို့၏ကာမဂုဏ်ကိုမှီသော အောက်မေ့မှု၊ ကြံစည်မှုတို့ကို ပယ်ကုန်ရာ၏" ဟုလည်း အလိုရှိခဲ့မူ-

http://www.dhammadownload.com

၃။ "စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟူ အမှတ်ရှိသည်ဖြစ်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၄။ "စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၅။ "စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရရှိသည်ဖြစ်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၆။ "စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေလို၏" ဟူလည်း အလိုရှိခဲ့မူ-

၇။ "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုလည်းကောင်း၊ စက်ဆုပ်ဖွယ် အာရုံကိုလည်းကောင်း ထိုနှစ်မျိုးစုံကို ကြဉ်၍ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ အမျှရှုလျက် နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၈။ "ကာမတို့မှ ဆိတ်၍သာလျှင်၊ အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်၊ ကြံစည်မှုဝိတက်၊ သုံးသပ်ဆင်ခြင်မှု ဝိစာရနှင့်တကွဖြစ်သော နီဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှုပီတိ၊ ချမ်းသာသုခရှိသော ပဌမစျာန်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၉။ "ဝိတက်၊ ဝိစာရတို့ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု သမာဓိကို ပွားစေတတ်သော ကြံစည်မှုဝိတက်၊ သုံးသပ်ဆင်ခြင်မှု ဝိစာရမရှိသော တည်ကြည်မှု၊ သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်မှု၊ ပီတိ၊ ချမ်းသာမှုသုခရှိသော ဒုတိယစျာန်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၀။ "နှစ်သိမ့်မှု ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက်နေလို၏။ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာသုခကိုလည်း ကိုယ်ဖြင့် ခံစားလို၏။ အကြင် တတိယစျာန်ကြောင့် ထိုသူ့ကို 'လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာ နေလေ့ရှိသူ' ဟု အရိယာပုဂ္ဂိုလ်တို့ ပြောကြားကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၁။ "ချမ်းသာ၊ ဆင်းရဲကို ပယ်ခြင်းကြောင့် လည်းကောင်း၊

http://www.dhammadownload.com

ရှေးဦးကပင်လျှင် ဝမ်းသာခြင်း၊ နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့် လည်းကောင်း၊ ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၂။ "အလုံးစုံသော ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှုပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု စီးဖြန်းကာ အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၃။ အလုံးစုံသော အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးမရှိ' ဟု စီးဖြန်းကာ ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၄။ "အလုံးစုံသော ဝိညာဏဉ္စာယတစျာန်ကို လွန်မြောက်၍ တစ်စုံတစ်ရာမရှိဟု စီးဖြန်းကာ အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၅။ "အလုံးစုံသော အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်ကို ရောက်၍နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

၁၆။ "အလုံးစုံသော နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ သညာ၊ ဝေဒနာတို့၏ ချုပ်ရာ၊ နိရောဓသမာပတ်သို့ ရောက်၍ နေလို၏" ဟုလည်း အလိုရှိခဲ့မူ-

"ဤအာနာပါနဿတိသမာဓိကိုသာ ကောင်းစွာနှလုံးသွင်းအပ်၏။

ရဟန်းတို့၊ အာနာပါနဿတိ သမာဓိကို ဤသို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာကို ခံစားသည်ဖြစ်ခဲ့မူ ထိုသုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည် မမြဲဟု သိ၏။ လွှမ်းမိုး၍ မတည်နိုင်ဟု သိ၏။ မနှစ်သက်အပ်ဟု သိ၏။ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာကို ခံစားသည်ဖြစ်ခဲ့မူ မယှဉ်သည်ဖြစ်၍ ထို သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာကို ခံစား၏။

ရဟန်းတို့၊ ဥပမာသော်ကား ဆီနှင့်မီးစာကိုစွဲ၍ ဆီမီးသည် တောက်

http://www.dhammadownload.com

လောင်ရာ၏။ ယင်း ဆီနှင့်မီးစာ ကုန်ခြင်းကြောင့် မီးစာမရှိသည်ဖြစ်၍ ဆီမီးငြိမ်းရာ သကဲ့သို့ ဤအတူပင် ရဟန်းသည် ကိုယ်အပိုင်းအခြား၊ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ကိုယ်အပိုင်း အခြား၊ အသက်အပိုင်းအခြားရှိသော စေတနာကို ခံစား၏ဟု သိ၏။ ခန္ဓာကိုယ်ပျက်စီးသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အသက်ဆုံးသည့်တိုင်အောင် "ဤဘဝ၌ပင်လျှင် အလုံးစုံသော ခံစားခြင်းဝေဒနာတို့ကို မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ့်" ဟု သိ၏။

(မဟာဝဂ္ဂသံယုတ်)

တစ်မျိုးတည်းပွားသော် "ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ ရှင်အာနန္ဒသည် ဘုရားရှင်ထံမှောက် လာရောက်၍ လျှောက်ထား၏-

"မြတ်စွာဘုရား တစ်မျိုးတည်းသော တရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရား ၄ မျိုးတို့ကို ပြည့်စေ၏။ တရား ၄ မျိုးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရား ၇ မျိုးကို ပြည့်စေကုန်၏။ တရား ၇ မျိုးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များမှာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရား ၂ မျိုးတို့ကို ပြည့်စေ ကုန်၏။ ဤတရားမျိုးသည် ရှိပါ၏လော။"

"အာနန္ဒ၊ ဤတရားမျိုးသည် ရှိသည်သာတည်း"

"မြတ်စွာဘုရား၊ အဘယ်တရားပါနည်း။"

"အာနန္ဒာ၊ အာနာပါနဿတိသမာဓိတည်း။ ယင်းကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန် ၄ ပါးတို့ကို ပြည့်စေကုန်၏။ သတိပဋ္ဌာန် ၄ ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင် ၇ ပါးတို့ကို ပြည့်စေကုန်၏ ဗောဇ္ဈင် ၇ ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်ဝိဇ္ဇာနှင့် လွတ်မြောက်မှု ဝိမုတ္တိတို့ကို ပြည့်စေကုန်၏။

(မဟာဝဂ္ဂသံယုတ်)

http://www.dhammadownload.com

ကိုယ်စိတ်မတုန်လှုပ် * ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ ရှင်မဟာကပ္ပိနသည် ဘုရားရှင်၏ မနီးမဝေး၌ တင်ပျဉ်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။ ဘုရားရှင်သည် ယင်း မဟာကပ္ပိနကို မြင်တော်မူသော် ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့၊ ဤကပ္ပိနရဟန်း၏ ကိုယ်တုန်ခြင်း၊ လှုပ်ခြင်းကို သင်တို့ မြင်ကုန်သလော"

"မြတ်စွာဘုရား၊ သံဃာ့အလယ်၌ လည်းကောင်း၊ တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ ထိုအရှင်မဟာကပ္ပိန ထိုင်နေသည်ကို မြင်ကြရသောအခါ ထိုအရှင်မဟာကပ္ပိန၏ ကိုယ်တုန်ခြင်း၊ လှုပ်ခြင်းကို တပည့်တော်တို့ မမြင်ရပါဘုရား"

"ရဟန်းတို့၊ အာနာပါနသတိသမာဓိကို ပွားများခြင်း၊ ကြိမ်ဖန် များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်း၊ လှုပ်ခြင်း၊ စိတ်တုန်ခြင်း၊ လှုပ်ခြင်းမဖြစ်။ ရဟန်းတို့၊ ထိုရဟန်းသည် ယင်းအာနာပါနသတိ သမာဓိ ကို အလိုရှိတိုင်း မဆင်းရဲ မပင်ပန်းဘဲ ရ၏" (မဟာဝဂ္ဂသံယုတ်)

ဒေသနာမျဉ်းကြောင်း နည်းလမ်းကောင်း အိုစာရှူသူ၊ အာနာပါနကမ္မဋ္ဌာန်း၏ အကျိုးတရား တွေကား များလှ၏။ သို့သော် ယင်းအကျိုးတရား တွေရရန် ပြခဲ့ပြီးသော ဒေသနာမျဉ်းကြောင်း နည်းလမ်းကောင်းဟူနှင့် မိမိအားထုတ်ပုံနှင့် ကိုက်ညီ၊ မကိုက်ညီ ချိန်ထိုး ကြည့်ရှုသင့်၏။

ချိန်ထိုးသော် အာနာပါန အားထုတ်သူသည် ငြိမ်သက်၏။ ကိုယ် မပင်ပန်းကုန်၊ မျက်စိတို့ မပင်ပန်းကုန်၊ ကိုယ်မတုန်မလှုပ်၊ စိတ်မတုန် မလှုပ်။ ယင်းသို့အားထုတ်ပါရဲ့လား။ ယင်းသို့ အားမထုတ်သော် ဒေသနာ မျဉ်းကြောင်းနှင့် ကိုက်ညီပါရဲ့လား စသည်ဖြင့် ချိန်ထိုးကြည့်ပါ။

အာနာပါနဖြင့် အနေများသည် ဘုရားရှင်သည် ဣစ္ဆာနင်္ဂလရွာ ဣစ္ဆာ နင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ

http://www.dhammadownload.com

စဉ်အခါ ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့၊ ငါသည် သုံးလပတ်လုံး တစ်ပါးတည်းကိန်းအောင်း နေလို၏။ ဆွမ်းပို့မည့် ရဟန်းတော်တစ်ပါးမှတပါး ငါ့ထံ မည်သူမျှ မလာရ"

ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ဝန်ခံ၍ နေထိုင် ကြကုန်၏။ ဘုရားရှင်သည် သုံးလလွန်သော် တစ်ပါးတည်းကိန်းအောင်းရာမှ ထတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့၊ သာသနာပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့က "ငါ့ရှင်တို့၊ ရဟန်းဂေါတမသည် မိုးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်း" ဟု အကယ်၍ မေးကုန်ငြားအံ့။ ယင်းပရိဗိုဇ်တို့အား "ငါ့ရှင်တို့၊ ဘုရားရှင်သည် မိုးလပတ်လုံး အာနာပါနဿတိသမာဓိဖြင့် အနေများ၏" ဟု သင်တို့ ဖြေကုန်ရာ၏။ (မဟာဝဂ္ဂသံယုတ်)

မြတ်ဘုရား၏ နေခြင်း ရဟန်းတို့၊ အာနာပါနဿတိသမာဓိကို အရိယာ တို့၏ နေခြင်းဟူ၍လည်းကောင်း၊ မြတ်သော နေခြင်းဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၏ နေခြင်းဟူ၍လည်းကောင်း ပြောဆိုရာ၏။ ရဟန်းတို့ကျင့်ဆဲ သေကွဲဖြစ်ကုန်။ အရဟတ္တဖိုလ်သို့ မရောက် သေးကုန်။ အတုမရှိသော ယောဂ၏ကုန်ရာ နိဗ္ဗာန်ကို တောင့်တ၍ နေကုန် သော ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို ပွားများအပ်၊ ကြိမ်ဖန် များစွာ ပြုလုပ်အပ်သည်ရှိသော် အာသဝကုန်ခြင်းငှာ ဖြစ်၏။

ရဟန်းတို့၊ ပူဇော်အထူးကို ခံထိုက်ကုန်၊ အာသဝကုန်ပြီးကုန် မဂ် အကျင့်ကိုကျင့်ပြီးကုန်၊ မဂ်ကိစ္စကို ပြုပြီးကုန်၊ ခန္ဓာဝန်ကို ချပြီးကုန်၊ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးကုန်၊ ဘဝသံယောဇဉ် ကုန်ပြီးကုန်၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ယခုဘဝ ၌ပင် ချမ်းသာစွာနေရခြင်း၊ သတိသမ္ပဇဉ် ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းငှာ ဖြစ်၏။ (မဟာဝဂ္ဂသံယုတ်)

http://www.dhammadownload.com

လူတိုင်းအလုပ် အိုစာရှုသူ၊ အထက်ပါပါဠိတော်အလိုကို အသေအချာ ရှုကြည့်သော် အာနာပါနကမ္မဋ္ဌာန်းသည် တရားမရသေးသူရော၊ တရားရပြီးသူပါ ရှုပွားရမည့် ကမ္မဋ္ဌာန်းဟူ၍ ဆိုလိုသည်မှာ မထင်ရှားပါလော။ သို့ဖြစ်၍ အာနာပါနကမ္မဋ္ဌာန်းသည် 'လူတိုင်း' အလုပ်ဟူ၍ မှတ်ယူကာ ယင်းအာနာပါနကမ္မဋ္ဌာန်းပြည့်စုံရေးအတွက် အောက်ပါအချက်တို့ကို လိုက်နာပါ။

အမြန်သိနိုင် ရဟန်းတို့

၁။ အမှုသစ်ကို အားထုတ်မှုနည်းပါးခြင်း၊ ကိစ္စနည်းပါးခြင်း၊ မွေးမြူလွယ်ခြင်း၊ အသက်၏အဆောက်အအုံဖြစ်သော ပစ္စည်း ၄ ပါးတို့၌ ရောင့်ရဲလွယ်ခြင်း။

၂။ အစားအသောက်နည်းပါးခြင်း၊ ဝမ်းရေးကို အားမထုတ် ခြင်း။

၃။ အအိပ်နည်းပါးခြင်း၊ နိုးကြားမှု၌ အားထုတ်ခြင်း။

၄။ တော၌နေခြင်း၊ အစွန်အဖျားကျသောကျောင်းလျှင် နေရာရှိခြင်း။

၅။ ကိလေသာမှ လွှတ်မြောက်တိုင်းသောစိတ်ကို ဆင်ခြင်ခြင်း ဟူသောတရား ၅ မျိုးတို့နှင့်ပြည့်စုံသော ယောဂီရဟန်းသည် အာနာပါနဿတိကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်သည်။ (ပဋ္ဌဂုံတ္တရ)

အလုပ်စဉ်နှင်းသင် "အာနာပါန ကမ္မဋ္ဌာန်းကို ရှုပွားလိုသော ယောဂီသည် ကလျာဏမိတ္တခေါ် ဆရာသမားကောင်းထံ ချဉ်းကပ်၍-

၁။ ဥဂ္ဂဟော - ကမ္မဋ္ဌာန်းပါဠိအနက်ကို စုံစမ်းခြင်း၊

၂။ ပရိပုစ္ဆာ - သင်ပြီး ကမ္မဋ္ဌာန်း၌ သံသယရှိတာကို မေးခြင်း၊

၃။ ဥပဋ္ဌာနံ - နိမိတ်ထင်ဟန်ကို စုံစမ်းခြင်း၊

၄။ အပွနာ - ဈာန်ဝင်စားဟန်ကို စုံစမ်းခြင်း၊

၅။ လက္ခဏာ - အစမှသည် အဆုံးတိုင်အောင် ကမ္မဋ္ဌာန်း၏ သဘောကိုမှတ်ခြင်း၊

http://www.dhammadownload.com

ဟူ၍ ၅ ပါးသော အစပ်အဆက် အဆစ်အပိုင်း ရှိသော အာနာပါန ကမ္မဋ္ဌာန်းကို သင်ယူရာ၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အလုပ်စခန်းဖွင့် "ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလ ဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္တွာ"

"ရဟန်းတို့၊ ဤသာသနာတော်၌ သံသရာဘေးကို မြင်မြော်နိုင်သူ ယောဂီရဟန်းသည် တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာ အိမ်၊ ကျောင်း၊ ဧရပ်၌ ထက်ဝယ်ပလ္လင် ဖွဲ့ခွေထိုင်နေ၍ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့် ထားလျက် သတိကို ကမ္မဋ္ဌာန်းအချက် ဝင်လေ-ထွက်လေဘက်သို့ ရှေးရှု ခိုင်မြဲစွာထားကာ ရှုပွားအားထုတ်၍ ထိုင်နေ၏။ (အာနပါနသတိသုတ်)

လျော်သောနေရာ အထက်ပါ ပါဠိတော်၌ အရညဂတော ဝါစသည် ဖြင့် ပြဆိုခြင်းသည် ယောဂီရဟန်းတို့၏ သတိပဋ္ဌာန် ဘာဝနာ အလုပ်အားလျော်သော ကျောင်းကို သိမ်းဆည်းခြင်းကို ပိုင်းခြား၍ ပြခြင်းဖြစ်၏။ ယင်းကို ထောက်သော် တရားအားထုတ်ရန် အကောင်းဆုံးနေရာသည် ပဌမတန်းစား တောအုပ်၊ ဒုတိယတန်းစား သစ်ပင်ရင်း၊ တတိယတန်းစား ဆိတ်ငြိမ်ရာ အိမ်၊ ကျောင်း၊ ဧရပ်၊ တိုက်ခန်း၊ စသည်ဟု မှတ်ပါ။ တောမထွက်နိုင်သူတို့က တောထွက်မှ တရားရမှာလား လို့ဆိုသော် ယင်းဒေသနာတော်ကို ဖျက်စီးရာ ရောက်သည်။ တရားမရနိုင်ကြပ်ကြပ်သတိပြု။ (သုတ်မဟာဝါအဋ္ဌကထာ)

ပုံစံခင်း၍ ရှင်းရန် ကောက်ကျစ်စဉ်းလဲသော နွားယှဉ် ကအပ်သော လှည်းသည် လမ်းလွဲလမ်းမှားသို့ ပြေးသွားသကဲ့သို့ ထို့အတူ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ရှုပါရုံအစရှိကုန်သော အာရုံတို့၌ အစဉ်အဆက် သက်ဝင်ကျက်စား သွားလာနေသော ယောဂီရဟန်း၏ စိတ်သည် ကမ္မဋ္ဌာန်းတည်းဟူသော ခရီးသို့ သွားရောက်ခြင်းငှာ အလို မရှိ။ ကမ္မဋ္ဌာန်းလမ်း မဟုတ်သော လမ်းလွဲလမ်းမှားသို့သာလျှင် ပြေးသွား၏။

http://www.dhammadownload.com

ဥပမာသော် ကောက်ကျစ်စဉ်းလဲသော နို့ရည်ကို သောက်စို့၍ ကြီးပွားသော ကောက်ကျစ်စဉ်းလဲသော နွားငယ်ကို ဆုံးမလိုသော နွားကျောင်းသားသည် နွားမမှ ဖယ်ခွာ၍ အစွန်အဖျား အနားအရပ်တစ်ခု၌ တိုင်ကြီးကြီးစိုက်ကာ ယင်းတိုင်၌ လွန်ကြိုးဖြင့် ဖွဲ့ချည်ရ၏။ ယင်းသို့ ဖွဲ့ချည်ထားသည် ရှိသော် ထိုနွားကျောင်းသား၏ ယင်းနွားငယ်သည် ထို မှတ္တုမှ ရုန်းကန်ကြည့်၍ ထွက်မပြေးနိုင်သည်ရှိသော် ထိုတိုင်သို့သာလျှင် ကပ်၍ ဝပ်ရာ အိပ်ရာသက့ဲသို့-

ထို့အတူ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အဆင်းမျိုးစုံ ရူပါရုံ အစရှိသော အရာသာကို သောက်စို့ခြင်းဖြင့် ကြီးပွားလျက် ကိလေသာသည် ဖျက်ဆီးအပ်သော စိတ်ကို ဆုံးမလိုသော ယောဂီရဟန်းသည် ရူပါရုံ အစရှိသော အာရုံမှ ဖယ်ခွာ၍ တောအုပ်၊ သစ်တစ်ပင်ရင်း၊ လူရှင်တို့မှ ကင်းဆိတ်သော အိမ်၊ ကျောင်း၊ ဧရပ်သို့ ဝင်ကာ ယင်း၌ သတိပဋ္ဌာန် အာရုံတည်းဟူသော လွန်ကြိုးဖြင့် ဖွဲ့ချည်အပ်၏။

ယင်းသို့ ဖွဲ့ချည်အပ်သည် ရှိသော် ထိုယောဂီရဟန်း၏ ယင်းစိတ်သည် ထိုမှတ္တုမှ တုန်လှုပ်၍ ရှေး၌ လေ့ကျက်အပ်ပြီးသော ရူပါရုံ အစရှိသော အာရုံကို မရရှိသော် သတိတည်းဟူသော လွန်ကြိုးကို ဖြတ်၍ မပြေးနိုင်ရကား ထိုသတိပဋ္ဌာန်တည်းဟူသော အာရုံတိုင်၌ပင် ဥပစာရ၊ အပ္ပနာစျာန်တို့၏ အစွမ်းအားဖြင့် မှီလည်း မှီ၏။ အိပ်လည်း အိပ်၏။ ထို့ကြောင့် ရှေးအဋ္ဌကထာ ဆရာတို့လည်း ဤသို့ ဆိုကုန်၏။

"ဤလောက၌ နွားငယ်ကို ဆုံးမလိုသူသည် တိုင်၌ လွန်ကြိုးဖြင့် နှိုင်မြဲစွာ ဖွဲ့ချည်ရာသက့ဲသို့ ဤအတူ ဘုရားရှင်သာသနာတော်၌ မိမိစိတ်တည်းဟူသော နွားကို ဆုံးမလိုသူ ယောဂီသည် သတိတည်းဟူသော လွန်ကြိုးဖြင့် ကမ္မဋ္ဌာန်းတည်းဟူသော အာရုံတိုင်၌ မြဲမြံ တင်းကျပ်စွာ ဖွဲ့ချည်ရာ၏"

"သစ်မင်းသည် တောရှုပ်၊ တောင်ခေါင်း၊ ချုံပိတ်ပေါင်း၌ ပုန်းအောင်းတွယ်ကပ်၍ သားကောင်တို့ကို ဖမ်းယူနိုင်သက့ဲသို့ ဤသို့သာလျှင် တောအုပ်၊ သစ်ပင်ရင်း အစရှိသည်တို့၌ ကမ္မဋ္ဌာန်းတရား ကြိုးစား ရှုပွားသော ယောဂီသည် အစဉ်အားဖြင့် မဂ် ၄-ပါး ဖိုလ် ၄-ပါးတို့ကို ဖမ်းယူ

http://www.dhammadownload.com

ရရှိနိုင်၏။" (သုတ်မဟာဝါ အဋ္ဌကထာ)

တင်ပလ္လင်ခွေ၍ တရားအားထုတ်သောအခါ တင်ပလ္လင်ခွေပြီး ထိုင်၍ အားထုတ်မှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့် အထူး သင့်လျော်သောကြောင့် နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္တာ = တင်ပလ္လင် ခွေပြီး ထိုင်၏" ဟု ဟောတော်မူသည်။ စင်စစ်သော်ကား လျောင်း၊ ထိုင်၊ ရပ်၊ သွား ၄- ပါး ဣရိယာပုတ်လုံး၌ပင် သတိမြဲစွာ ရှုပွား ရမည်၊ ရှုပွားနိုင်သည်။
(အာနာပါန ဒီပနီ)

ကိုယ်ဖြောင့်မတ် ထိုင်သောအခါမှု ကိုယ်ကို ဖြောင့်မတ် စေရမည်။ ဘယ်ဘက်လည်း မတိမ်းရဘူး။ ညာဘက်ကိုလည်း မတိမ်းရဘူး။ ရှေ့ကိုလည်း မကိုင်းရဘူး။ နောက်ကိုလည်း မလန်ရဘူး။ ယိမ်းလည်း ထိုးမနေရဘူး။ ရှေ့တို့နောက်ငင်လည်း ဖြစ်မနေရဘူး။ နိမ့်ချည်မြင့်ချည်လည်း ဖြစ်မနေရဘူး။ (ပဋိသမ္ဘိဒါမဂ်ပါဠိ)

ကိုယ်ဖြောင့်ကျိုး ဤသို့ ကိုယ်ကို ဖြောင့်ဖြောင့် ထိုင်သော် ၁၈-ချောင်းသော ကျောက်ကုန်းရိုးတို့ အဖျားချင်းတည့်တည့် ထိမိ၍ အရေ၊ အသား၊ အကြောတို့လည်း မကွေးမကောက်။ သို့ဖြစ်၍ အရေ၊ အသား၊ အကြောတို့ ကွေးကောက်ခြင်းကြောင့် ခဏတိုင်း ဖြစ်မည့် ဆင်းရဲဒုက္ခဝေဒနာများ မဖြစ်တော့။ ဆင်းရဲဒုက္ခ ဝေဒနာများ မဖြစ်သော် စိတ်တည်မှု သမာဓိရ၏။ အာနာပါနကမ္မဋ္ဌာန်းမှ မလျော့ကျတိုးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏။ (သုတ်သီလက္ခန်အဋ္ဌကထာ)

လိုရင်း ၄-ချက် ဖော်ပြပြီးခဲ့သော "အလုပ်စခန်းဖွင့်" ပါဠိတော်ကို ကောက်ချက်ချလျှင်-

၁။ ယောဂီနှင့် သင့်လျော်မည့် နေရာကို သိရမည်။

၂။ အားထုတ်နိုင်မည့် ဣရိယာပုတ်ကို သိရမည်။

၃။ ထိုင်အားထုတ်မှု အထက်ပိုင်းကိုယ် ဖြောင့်မတ်ရမည်။

http://www.dhammadownload.com

၄။ မိမိအားထုတ်မည့် ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသတိ ထားရမည်ဟူ၍ လိုရင်းအချုပ် ၄-ချက်ရ၏။ ယင်း ၄-ချက်နှင့်အညီ ရှုပွား အားထုတ်ပါ။

ပဋ္ဌမစတုက္က

၁။ သတော၀ အဿသတိ၊ သတော၀ ပဿသတိ၊

၂။ ဒီဃံ ၀ါ အဿသန္တော 'ဒီဃံ အဿသာမိ' တိ ပဇာနာတိ၊
ဒီဃံ ၀ါ ပဿသန္တော 'ဒီဃံ ပဿသာမိ' တိ ပဇာနာတိ၊
ရဿံ ၀ါ အဿသန္တော 'ရဿံ အဿသာမိ' တိ ပဇာနာတိ၊
ရဿံ ၀ါ အဿသန္တော 'ရဿံ ပဿသာမိ' တိ ပဇာနာတိ၊

၃။ "သဗ္ဗကာယပဋိသံ၀ေဒီ 'အဿသိဿာမိ' တိ သိက္ခတိ၊
'သဗ္ဗကာယပဋိသံ၀ေဒီ 'ပဿသိဿာမိ' တိ သိက္ခတိ၊

၄။ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိ' တိ သိက္ခတိ၊
'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိ' တိ သိက္ခတိ၊

ထို အာနာပါန ကမ္မဋ္ဌာန်းကို ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည်-

၁။ မလစ်စေမှု သတိပြု၍သာလျှင် ဝင်လေကို ရှု၏။ မလစ်စေမှု သတိပြု၍သာလျှင် ထွက်လေကို ထုတ်၏။

၂။ ရှည်စွာ ဝင်လေကို ရှုသော် "ရှည်စွာ ဝင်လေ ရှု၏" ဟု သိ၏။ ရှည်စွာ ထွက်လေကို ထုတ်သော် "ရှည်စွာ ထွက်လေကို ထုတ်၏" ဟု သိ၏။ တိုစွာ ဝင်လေကို ရှုသော် "တိုစွာ ဝင်လေကို ရှု၏" ဟု သိ၏။ တိုစွာ ထွက်လေကို ထုတ်သော် "တိုစွာ ထွက်လေကို ထုတ်၏" ဟု သိ၏။

၃။ 'ဝင်လေ၏ အစ-အလယ်-အဆုံး အကုန်လုံး ထင်လင်းသည်ဖြစ်၍ ဝင်လေကို ရှုအံ့' ဟု အားထုတ်၏။ "ထွက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံး ထင်လင်းသည်ဖြစ်၍ ထွက်လေကို ထုတ်အံ့' ဟု အားထုတ်၏။

၄။ 'ဝင်လေဟူသော ကာယသင်္ခါရကို အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက် ဝင်လေကို ရှုအံ့' ဟု အားထုတ်၏။ 'ထွက်လေဟူသော

http://www.dhammadownload.com

ကာယသခ်ိဳရကို အစဥ်အတိုင်း ချုပ်ငြိမ်းစေလျက် ထွက်လေကို ထုတ်အံ့ ဟု အားထုတ်၏။
(အာနာပါနဿတိသုတ်)

ရှင်းလင်းချက် * သတိမြဲရာ ပဌမာ၊ ဒု-မှာ ရှည်-တို သိ၊
* လုံးစုံလင်းရာ တ-ဠ်သာ၊ စ-မှာ ငြိမ်းစေဘိ၊

၁။ ပဌမခန်းမှာ ဝင်လေထွက်လေတို့ဠ်ဠ သတိမြဲမှုကိုသာ အားထုတ်ရမည်။ အရှည်အတို စသည်တို့ကို နှလုံးမသွင်းရ။ ဝင်လေ၊ ထွက်လေတို့၏ ထိခိုက်မှု ထင်ရှားရာ နှာသီးဖျား၊ သို့မဟုတ် အထက်နှုတ်ခမ်းဖျားတစ်ခုခုဠ် သတိကို ခိုင်မြဲစွာထား၍ ဝင်လေ၊ ထွက်လေတို့ ဝင်တိုင်း ထွက်တိုင်း သိအောင် အားထုတ်ရမည်။

၂။ ယင်းသို့ သိမှ ပိုင်နိုင်ပြီးနောက် ဒုတိယခန်းမှာ မိမိ၏ ဝင်လေ၊ ထွက်လေကို ရှည်လျှင် ရှည်မှန်း၊ တိုလျှင် တိုမှန်း သိအောင် အားထုတ်ရမည်။ ဝင်လေ-ထွက်လေ အဝင်အထွက် နေးသည်ကို အရှည်၊ အဝင်အထွက် မြန်သည်ကို အတိုဟု ဆိုသည်။ သို့ဖြစ်၍ ရှည်မှု၊ တိုမှု၊ နေးမှု၊ မြန်မှုကို တစ်ခု မလွတ် သိအောင် အားထုတ်ရမည်။

၃။ ယင်းသို့ အရှည်၊ အတို၊ အနေး၊ အမြန်ကို သိမှ ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ရင်ချိုင့်၊ ၄င်းမှ ချက်တိုင်ကျအောင် ဝင်လေ၊ ထွက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ မြင်သိအောင် အားထုတ်ရမည်။

၄။ ယင်းသို့ အစ-အလယ်-အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရုန့်ရင်းကြမ်းတမ်းသော ဝင်လေထွက်လေတို့ကို အဆင့်ဆင့် သိမ်မွေ့၍သွားအောင် အားထုတ်ရမည်။ ငါဠ် ဝင်လေ၊ ထွက်လေ ပျောက်၍ သွားပြီဟု ထင်ရအောင် အားထုတ်ရမည်။ (အာနာပါနဒီပနီ)

အဋ္ဌကထာနည်း - အနေးအမြန်၊ အစဥ်မှန်၊ နှစ်တန် ရေတွက်နည်း၊

http://www.dhammadownload.com

- အမြဲအမြန်၊ အတွဲသန်၊ တစ်ဖန် ဖွဲ့ထားနည်း၊
- ငြိမ်ဝပ်ပြန့်ပြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။

အဌကထာလာနည်း ၃ နည်းတို့ကား-

၁။ ဝင်လေ၊ ထွက်လေထိခိုက်ရာ နှစ်ဌာနတွင် မိမိထင်ရှားရာ တစ်ဌာနဌ် အစွဲပြု၍ အစဌ် ရေတွက်နည်းဖြင့် အားထုတ်ရာ၏။

၂။ အလယ်ဌ် အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။

၃။ အဆုံးဌ် ဝင်လေ၊ ထွက်လေတို့ဌ် အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

ဂဏနာနည်း ယင်းတွင် ဂဏနာနည်းခေါ် ရေတွက်နည်းသည် နှေးနှေးရေတွက်နည်း၊ မြန်မြန်ရေတွက်နည်းဟူ၍ နှစ်မျိုးရှိ၏။

ယင်းတွင်-

၁။ ဝင်လေ၊ ထွက်လေ ထိခိုက်ရာဌာန နှစ်ပါးတွင် တစ်ပါးပါးဌ် စိတ်ကိုစူးစိုက်ထား၍ အားထုတ်သောအခါ အစဌ် စိတ်မငြိမ်သက်သည့်အတွက်ကြောင့် ဝင်လေ၊ ထွက်လေတို့ အချက်တိုင်း စိတ်ဌ် မထင်ရှားကုန်သေး၊ ယင်းတို့ မထင်ရှားသောအချက်ကို မရေတွက်မူ၍ ထင်ရှားသောအချက်ကိုသာ ရေတွက်ခြင်းကြောင့် "နှေးနှေးရေတွက်နည်း" ဖြစ်၏။

(အာနာပါနဒီပနီ)

ရေတွက်ပုံ ရေတွက်သောအခါ ဝင်လေ၊ ထွက်လေနှစ်ပါးတွင် ထင်ရှားရာ တစ်ပါးပါးကို "တစ်" ဟု ရေတွက်ရာ၏။ ၄င်းနောက် နှစ်ပါးလုံးပင် ထင်ရှားသည်ချည်းဖြစ်၍ လာခဲ့လျှင် အစဉ်အတိုင်း ၂၊ ၃၊ ၄၊ ၅ ဟု ရေတွက်ရ၏။ မထင်ရှားသည့်အချက်ပါခဲ့လျှင် ယင်းကို မရေ တွက်မူ၍ ထင်ရှားသည့်အချက် မတွေ့သေးသမျှ ကာလပတ်လုံး ရပ်တန့်၍ တစ်၊ တစ်စသည်ဖြင့် ရေတွက်ဆဲအတိုင်းသာ ထပ်၍ရေတွက်နေရာ၏။ ထင်ရှားသောအချက်ပေါ်လာမှ နှစ်စသည်ဖြင့် အထက်သို့တက်၍ ရေတွက်ရ၏။ ငါးသို့ရောက်လျှင် တစ်သို့ပြန်ရ၏။

http://www.dhammadownload.com

ဝါရဆွဲသော် တစ်မှစ၍ ငါးတွင် တဝါရ၊ တစ်မှစ၍ ခြောက်တွင် တစ်ဝါရ၊ တစ်မှစ၍ ခုနှစ်တွင် တစ်ဝါရ၊ တစ်မှစ၍ ရှစ်တွင် တစ်ဝါရ၊ တစ်မှစ၍ ကိုးတွင် တစ်ဝါရ၊ တစ်မှစ၍ တစ်ဆယ်တွင် တစ်ဝါရ အားဖြင့် ခြောက်ဝါရတို့ဖြင့် ရေတွက်ရ၏။ ၄င်းတို့ကို ပဌမဝါရ၊ ဆဋ္ဌမဝါရဟူ၍လည်း အစဉ်အတိုင်း ခေါ်ရ၏။ ဆဋ္ဌမဝါရပြီးလျှင် ပဌမဝါရသို့ ပြန်ပါလေ။ ယင်း ခြောက်ဝါရလုံးကိုမှ တစ်ဝါရဟူ၍လည်း ခေါ်ကြသေး၏။

(အာနာပါနဒီပနီ)

၂။ ယင်းသို့ ရေတွက်သဖြင့် ဝင်တိုင်း ထွက်တိုင်းသော လေ တို့ ထင်ရှားကုန်သည်ရှိသော် တစ်၊ နှစ်စသော ဂဏန်းချက်လည်း စိပ် ၍ လာလိမ့်မည်။ ဝင်လေ၊ ထွက်လေ အချက်များလည်း ထင်ရှားသည် ချည်း ဖြစ်လာသောအခါ နေးနေး ရေတွက်နည်းကို လွတ်၍ မြန်မြန် ရေ တွက်နည်းဖြင့် ရေတွက်ရ၏။ တစ်၊ နှစ်စသော ဂဏန်းချက် မပြတ်မစဲ မြန်ရ၏။ တစ်ခုကိုမျှ သတိ မလစ်စေရ။ ဝင်လေ၊ ထွက်လေ အစဉ်နှင့် ဂဏန်းစဉ်သည် အခုန်အကျော် အလစ်အလပ် မရှိစေရ။ အစဉ် မှန်စေရမည်။

တစ်၊ နှစ်စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့် ရွတ်ဆိုဖွယ် မရှိ။ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့၍ မရေတွက်သော်လည်း ရေတွက်သည် နှင့် ထပ်တူ အသိစွဲမြဲ၏။ အားထုတ်တိုင်း တစ်ခုမျှ အမှတ်မဲ့ လွတ်မသွား။ ဝင်လေ၊ ထွက်လေတို့ ထိရာဌာနဠ်သာ သတိထားလျှင် ထိတိုင်းထိတိုင်း သိနေ၏။ ယင်းကို မြန်မြန် ရေတွက်နည်းဟု ခေါ်၏။

(အာနာပါနဒီပနီ)

စိတ်ပျံ့လွင့်ခြင်း အားထုတ်သူ ယောဂီသည် ဝင်လေ၊ ထွက်လေ ထင်ရှားအောင် ဆိုပြီး ဝင်လေနှင့်တကွ အတွင်းသို့ စိတ်ကို သွင်းလိုက်ပြီးလျှင် အတွင်း၌ လေခတ်သကဲ့သို့ လည်းကောင်း၊ အဆီပြည့်သကဲ့သို့ လည်းကောင်း၊ ထွက်လေနှင့်တကွ အပြင်သို့ စိတ် ကို ထိရာဌာနမှ လွတ်၍ လိုက်လျှင် အပြင်ဝယ် အထူးထူးသော အာရုံ၌

http://www.dhammadownload.com

စိတ်ပျံလွှင့်၏။ ထိရာထိရာအရပ်၌ သတိကို ဖြစ်စေ၍ ရှုသော ယောဂီ အားသာ အာနာပါန ဘာဝနာ ပြည့်စုံ၏။ (ဝိသုဒ္ဓိမဂ်)

အနုဗန္ဓနာနည်း ရေတွက်ခြင်း ဂဏန်းသခ်ၤာနှင့် ကင်း၍ အခြားအာရုံသို့လည်း စိတ်မထွက်၊ ပြင်ပသို့လည်း ပျံ့ လွှင့်သည့် ဝိတက်မရှိ။ ဝင်လေ၊ ထွက်လေအာရုံ၌ သတိ ထည့်သည့် တိုင်အောင် ရေတွက်နိုင်လျှင် ဂဏနာနည်း လွတ်၍ ထိရာဌာန၌ပင် သတိထားလျက် "ဤကား ဝင်လေ၊ ဤကား ထွက်လေ" ဟု ဝင်လေ၊ ထွက်လေသို့ အစဉ်လိုက်၍ ရှုခြင်းကို "အနုဗန္ဓနာနည်း" ဟု ခေါ်၏။ ယင်းသို့ ဝင်လေ၊ ထွက်လေသို့ အစဉ်လိုက်ခြင်းသည် "အစ၊ အလယ်၊ အဆုံး" ၏ အစွမ်းဖြင့် ဆိုသည် မဟုတ်။

ချဲ့ဦးအုံ့။ ဝင်လေ၏ အစကား နှာခေါင်းဖျား၊ အလယ်ကား နှလုံး၏ အထက်အဖို့၊ အဆုံးကား ချက်တည်း။ ထွက်လေ၏ အစကား ချက်၊ အလယ်ကား နှလုံး၏ အထက်အဖို့၊ အဆုံးကား နှာခေါင်းဖျား၊ နှုတ်ခမ်းဖျားတည်း။ ယင်း ဝင်လေ၊ ထွက်လေတို့၏ အစ၊ အလယ်၊ အဆုံးသို့ အစဉ်မလိုက်အပ်။ ဝင်လေ၊ ထွက်လေတိုင်း မလွတ်စေမူ၍ "ထိရာဌာန"က နေလျက် ရှုမှားရမည်။ ယင်းကိုပင် "အနုဗန္ဓနာနည်း" ခေါ်၏။ (ဝိသုဒ္ဓိမဂ်)

ဖုသနာနည်း "ဖုသနာနည်းဟူ၍ သီးခြားမရှိ။ ရှေးနည်းနှစ်ပါး၌ ဝင်လေပြီ။ မှန်၏။ ထိရာဌာန၌ သတိထားလျက် ရေတွက် ခြင်း၊ အစဉ်လိုက်ခြင်းသည်ပင် ဖုသနာနည်း" မည်၏။ ဖုသနာနည်းဖြင့် ကင်းသော ဂဏနာနည်း၊ အနုဗန္ဓနာနည်းဟူ၍ မရှိ။ ယင်းကို ပုခက်လွဲ သော သူဆွံ့၊ တံခါးစောင့်သူ၊ လွှသမား ဥပမာတို့ဖြင့် သိအပ်၏။

သူဆွံ့ဥပမာ ပုခက်၌ ကစားနေသော မိသားစုနှစ်ယောက်တို့၏ ပုခက်ကို တိုင်းဝိုင်း၌ထိုင်၍ လွှဲပေးနေသော ဆွံ့အသူသည် အားမထုတ်ပဲ ထိုင်ရာကပင် ပုခက်၏ အစွန်းနှစ်ဘက် အလယ်ချက်တို့ကို အလိုလို မြင်ရသကဲ့သို့ ဝင်လေ၊ ထွက်လေ ထိရာဌာန၌ပင် သတိဖြင့် နေလျက် ဝင်လေ၊

http://www.dhammadownload.com

ထွက်လေတို့၏ အစ၊ အလယ်၊ အဆုံးကို အလိုလို သိမြင်သည်။ (ဝိသုဒ္ဓိမဂ်)

တံခါးစောင့်ဥပမာ တံခါးစောင့်သည် မြို့တွင်း၊ မြို့ပတို့၌ မစုံထောက်မူ၍ တံခါးပေါက်၌ ရောက်လာတိုင်းသော သူတို့ကိုသာ စုံစမ်းထောက်လှမ်းသကဲ့သို့ ဝင်လေ၊ ထွက်လေ ထိရာဌာနသို့ ရောက်လာတိုင်းသော ဝင်လေ၊ ထွက်လေကိုသာ အာရုံပြု ရှုပွားရသည်။

လွှသမားဥပမာ ဝင်လေ၊ ငွေ့လေ ထိရာဌာနနှင့် ဝင်လေ၊ ထွက်လေနှစ်ပါးအားဖြင့် တရားသုံးပါးတို့သည် တစ်ခုတည်းသော စိတ်၏ အာရုံမဖြစ်နိုင်၊ ယင်းသို့ မဖြစ်နိုင်သည်ရှိသော် ဝင်လေ၊ ထွက်လေ ထိရာဌာနဟူသော နိမိတ်နှင့် ဝင်လေ၊ ထွက်လေနှစ်ပါးအားဖြင့် တရားသုံးပါးတို့ကို အာရုံပြုသောအားဖြင့် မသိသူ ယောဂီအား အာနာပါနဿတိဘာဝနာ မပြည့်စုံနိုင်။ အာရုံပြုသောအားဖြင့် သိသူယောဂီအားသာလျှင် ပြည့်စုံ၏။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

ချဲ့ဦးအံ့၊ မြေညီ၌ ချထားသောသစ်တုံးကို လွှဖြင့်ဖြတ်ခဲ့သော ယောက်ျားသည် သစ်တုံး၌ထိခိုက်သော လွှသွားတင်သာ အာရုံပြု၏။ သို့သော်လာတိုင်း၊ သွားတိုင်းသော လွှသွားသည်လည်း ထင်ရှား၏။ သစ်တုံးကို ဖြတ်သည့်ဝီရိယဟူသော ပဓာနလည်း ထင်ရှား၏။ ဖြတ်ခြင်းကိစ္စဟူသော ပယောဂကိုလည်း ပြီးစေ၏။ အစိတ်စိတ် ကွဲပြတ်ခြင်း ယင်းဖြင့် ဇရုပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်းဆောက်ရခြင်း အကျိုးထူးကိုလည်း ရ၏။

ထို့အတူ စိတ်ကို ဖွဲ့ချည်ထားကြောင်း၊ သတိ၏ မှတ်ကြောင်းဖြစ်သော နာသီးဖျား၊ အထက်နှုတ်ခမ်းဖျားဟူသော သစ်တုံး၌ ထိခိုက်လာသော ဝင်လေ၊ ထွက်လေဟူသော လွှသွားကိုသာ အာရုံပြုသော်လည်း လာတိုင်း၊ သွားတိုင်းသော ဝင်လေ၊ ထွက်လေသည် ထင်ရှား၏။ ကိုယ်စိတ်၏ ဘာဝနာမှုအား ခံကြောင်းဖြစ်သော ဝီရိယဟူသော ပဓာနလည်း ထင်ရှား၏။ ဈာန်ကိုရခြင်း အကြောင်းဖြစ်သော ကမ္မဋ္ဌာန်းကို လုံ့လပြုခြင်းဟူသော ကိရိယာကိုလည်း ပြီးစေ၏။ သံယောဇဉ်ကင်းပ အနုသယကုန်ခြင်းဟူသော အကျိုးထူးကိုလည်းရ၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

http://www.dhammadownload.com

ဌာပနာနည်း ဌာပနာနည်းလည်း အသီးအခြား မရှိ။ ပဋိဘာဂ နိမိတ် ထင်ပြီးသည်နောက် အပွနာ ဖြစ်ပေါ်လာအောင် စိတ်ကို ထားခြင်း၊ တည်စေခြင်းကို "ဌာပနာနည်း" ခေါ်သည်။ ယင်းသို့ ပွားများသည်ရှိသော် အချို့မှာ မကြာမီ နိမိတ်ထင်၏။ ဝိစာရ စသော စျာန်အင်္ဂါတို့ဖြင့် တန်ဆာဆင်အပ်သော ဝိတက်၊ ဧကဂ္ဂတာ ဟူသော အပွနာစျာန် ဖြစ်ပေါ်လာ၏။

ဆက်ဦးအံ့။ အချို့မှာ ဂဏနာနည်းမှစ၍ အစဉ်အားဖြင့် ဝင်လေ၊ ထွက်လေ အကြမ်းစားများ ချုပ်ငြိမ်းပြီး ကိုယ် ပူပန်ခြင်း ငြိမ်း၏။ စိတ် လည်း ပေါ့ပါး၏။ ကိုယ်မှာ ကောင်းကင်သို့ ပျံတက် ခုန်လွှား သွား တော့မည့်အလား ဖြစ်၏။ မှန်၏။ မပူပန်သော ကိုယ်သည်လည်း ဝါဂွမ်း ကဲ့သို့ ပေါ့ပါး၏။

အချို့သော ပုဂ္ဂိုလ်အား ခေါင်းလောင်း၊ ကြေးစည်ကို ထိုးနှက်သော အခါ ကြာလေ အသံ သိမ်မွေ့ ပျောက်ကွယ်သွားလေ ဖြစ်သကဲ့သို့ ဝင် လေ၊ ထွက်လေတို့သည် ကြာလေ သိမ်မွေ့လေ ဖြစ်ကာ ပျောက်ကွယ်သွား တတ်၏။

အထူးကို ဆိုဦးအံ့ အာနာပါနမှ တစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ကြာလေ ထင်ရှားလေ ဖြစ်ကုန်၏။ အာနာပါနကား ယင်းသို့ မဟုတ်။ ကြာလေ သိမ်မွေ့လေ ဖြစ်လာ၏။ မထင်ရှားခြင်းသို့ ရောက်တတ်၏။ ယင်းသို့ ထင်သော် ယောဂီသည် နေရာမှ ထ၍ မသွားအပ်။

"ဣရိယာပထံ ဝိကောပေတွာ ဂစ္ဆတော ဟိ ကမ္မဋ္ဌာနံ နဝနဝ မေဝဟောတိ။ တသ္မာ ယထာ နိသိန္နေနေဝ ဒေသတော အာဟာရိတဗ္ဗံ= အပြစ်ကို ဆိုဦးအံ့။ ဣရိယာပုတ်ကို ဖျက်၍သွားသော ယောဂီအတွက် အာနာပါနကမ္မဋ္ဌာန်း အသစ်အသစ်သာ ဖြစ်တော့၏။ ထို့ကြောင့် နေမြဲတိုင်း၊ ဣရိယာပုတ်ဖြင့်သာ မူလရှုပွားနေသော ထိရာဌာနမှ ဆောင်အပ် ရှုပွားအပ်၏။ အဘယ်သို့ ဆောင် အပ်သနည်း။" (ဝိသုဒ္ဓိမဂ်)

အသက်မရှူသူများ "အမိဝမ်းဖြစ်၊ ရေနစ်ငုပ်ပါ၊ ဗြဟ္မာဟူသမျှ၊

http://www.dhammadownload.com

နိရောဓဝင်၊ စတုတ္ထစျာန်နေ၊ တွေဝေသောသူ၊ သေသောသူဟု၊ ခုနှစ်ခုတွင်၊ သင်မဝင်ခဲ့၊ သတိပညာ၊ နည်းသည့်တာကြောင့်၊ သင့်မှာ မထင်ရှိခဲ့သည်" (ပရမတ္ထသရုပဘေဒနီ)

"နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနာ သတိ ဘာဝနံ ဝဒါမိ = ရဟန်းတို့, ငါသည် သတိ ယွင်းဖောက် မေ့ပျောက်တတ်သော သမ္ပဇဉ် ပညာကင်းသူ အား အာနာပါနသတိ ဘာဝနာကို ဟော တော်မမူ"

(အာနာပါနသတိသုတ်)

ဟူသော စကားကို ဘုရားရှင်သည် သင်ကဲ့သို့သော သူကိုပင် ရည်ရွယ်၍ ဟောတော်မူအပ်သည် မဟုတ်ပါလော။ သင့်မှာ သတိကင်း၍သာ ဝင်လေ၊ ထွက်လေ မထင်ရှားခြင်းဖြစ်သည်။ အသက်မရှူသူ ခုနှစ်ဦးတွင် သင် မပါဝင်ဟု မိမိကိုယ်ကို မိမိ ဆုံးမလျက် ထွက်ပြေး ပျောက်ရှသော နွားကို ရေဆိပ်မှ စောင့်၍ ဖမ်းဆီးချုပ်နှောင်ကာ လယ်ထွန်သော လယ်သမားကဲ့သို့, ရှေးရှု ပွားများနေကျ နာသီးဖျား၊ အထက်နှုတ်ခမ်းဖျားဟူသော ဝင်လေ၊ ထွက်လေ ထိခိုက်ရာ ဌာနမှသာ စိတ်ကို စောင့်လျက် ဆက်လက်ရှုပွားရ၏။ ယင်းသို့ ရှုပွားသော် မကြာမီ ထင်ရှားလာ၏။

ယင်းသို့ ထင်လာသောအခါ ဝင်လေ၊ ထွက်လေဟူသော နွားကို ထိရာဌာနဟူသော ထမ်းပိုးဌ သတိတည်းဟူသော လွန်ကြိုးဖြင့် ချည်တုပ်ကာ ပညာနှင်တံဖြင့် ရိုက်ခတ် ထိုးနှက်၍ ထွန်ရေး ထယ်ရေးစပ်အောင် မောင်းနှင် ထွန်ယက်ရမည်။ မကြာခင် နိမိတ်ထင်လာမည်။

(ဝိသုဒ္ဓိမဂ်)

အထူးမှတ် "ဣရိယာပုတ် မဖျက်သင့်ဟူသော အမှာကို အသေအချာ ရှုကြည့်ပါ။ အဘယ်ကမ္မဋ္ဌာန်းအတွက် သီးခြားဆိုထား

http://www.dhammadownload.com

သနည်း။ ကမ္မဋ္ဌာန်း တိုင်းနှင့် ဆိုင်သလော။ ယင်းပါဠိကို ကိုးကားကာ တခြား ကမ္မဋ္ဌာန်းများ တွင် သုံးသင့်သလော။"

အသပ္ပာယ ၇ ပါး ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ် မပျောက်စေမူ၍ တစ်နေ့တစ်ခြား ထင်ရှားပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကို ထားရမည်။ ဘာဝနာမူ၏ ဆုတ်ယုတ်ကြောင်း အသပ္ပာယ ခုနှစ်ပါးကို ကြဉ်ရှောင်၍ သပ္ပာယ ခုနှစ် ပါးကို မှီဝဲရာ၏။

၁။ ဘာဝနာမူ၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန
၂။ ဆွမ်းခံရွာ
၃။ စကားပြောမှု
၄။ အပေါင်းအဖော်
၅။ အစားအစာဘောဇဉ်
၆။ အပူအအေးဥတု
၇။ ဣရိယာပုတ်

အပ္ပနာကောသလ္လ ၁၀ ပါး အပ္ပနာ၌ လိမ္မာ ကျွမ်းကျင်ကြောင်း အပ္ပနာကောသလ္လ ၁၀ ပါးကို ပြည့်စုံစေရာ၏။

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု
၂။ ဝင်လေ၊ ထွက်လေဟူသော အာရုံနိမိတ်၌ လိမ္မာမှု
၃။ ဣန္ဒြေငါးပါးကို ညီညွတ်အောင် ပြုမှု။
၄။ တက်ကြွလွန်းသော စိတ်ကို နှိပ်မှု။
၅။ ဆုတ်နစ်လွန်းသော စိတ်ကို ချီးမြှောက်မှု။
၆။ ခြောက်သွေ့လွန်းသော စိတ်ကို ရွှင်စေမှု။
၇။ ညီညွတ်သော လျစ်လျူမှု။
၈။ သမာဓိမရှိသူကို ကြဉ်ရှောင်မှု။
၉။ သမာဓိရှိသူကို ပေါင်းသင်းမှု။

http://www.dhammadownload.com

၁၀။ အပွနာစျာန်ကို ရခြင်းငှာ အမြဲ စိတ်ညွှတ်မှုတည်း။

ယင်း သပွာယနှင့် အပွနာကောသလ္လတို့ကို ပြည့်စုံစေ၍ ပဋိဘာဂနိမိတ်၌ အစွဲကြီးစွဲ၍ အမြဲကြီး မြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများစေရာ၏။ ရူပါဝစရ စတုတ္ထစျာန်တိုင်အောင် ဌာပနာခေတ် ဖြစ်၍ ယင်းတိုင်အောင် ပွားများရာ၏။ (အာနာပါနဒီပနီ)

နိမိတ် ၃ ပါး ဂဏနာအခန်း၌ ထင်မြင်အပ်သော ဝင်လေ၊ ထွက်လေ အာရုံများသည် "ပရိကမ္မနိမိတ်" မည်၏။ အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည်ပင်လျှင် "ဥဂ္ဂဟနိမိတ်" မည်၏။ ဋ္ဌပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် "ပဋိဘာဂနိမိတ်" မည်၏။ (အာနာပါနဒီပနီ)

နိမိတ်ရှင်းချက် ဥဂ္ဂဟ နိမိတ်သည် လဲ၇မ်း၊ ဝါ၇မ်း၊ လေအလျဉ်၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပုလဲလုံး၊ ဝါရိုး၊ သစ်သား၊ နှင်တံကျင်၊ ရှည်သော ဆောက်လုံး ကြိုးမျှင်၊ ပန်းဆိုင်း၊ မီးခိုးညစ်၊ ကျယ်ပြန့်သော ပင့်ကူချည်မျှင်၊ တိမ်တိုက်လွှာ၊ ပဒုမ္မာကြာပွင့်၊ ရထားစက်ဘီး၊ လဝန်း၊ နေဝန်းတို့ကဲ့သို့ လှုပ်ရှားသော အခြင်းအရာအားဖြင့် အမှတ်သညာ အားလျော်စွာ ထင်၏။

ပဋိဘာဂနိမိတ်သည် ကြယ်ရောင်၊ ပတ္တမြားလုံး စသည်ကဲ့သို့ ငြိမ်သက်စွာ ထင်၏။ တစ်ခုတည်းသော သုတ်သည်ပင် သညာအားလျော်စွာ ရေတံခွန်၊ မြစ်၊ တောအရေး၊ ချမ်းအေးလှစွာ အခက်အရွက်နှင့် ပြည့်စုံသော အသီးပြည့်သော သစ်ပင်ကဲ့သို့ နိမိတ်တစ်ခုတည်းပင် သညာအားလျော်စွာ ထင်လေသည်။

ယင်းသို့ ပဋိဘာဂနိမိတ်ထင်၍ ဥပစာရစျာန်သို့ ရှိုပြီးသော် ဝီရိယ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ယောဂီသည် ဝင်လေ၊ ထွက်လေနှစ်ပါး၌ အရှည်အတိုအားဖြင့် နှစ်ပါးစီဖြစ်သော အခြင်းအရာလေးပါးကို စွန့်လွှတ်ပယ်ဖျောက်ပြီးလျှင် ခြင်းရာလေးပါး ထင်ရှားမရှ။ ပဋိဘာဂနိမိတ်၌ စိတ်ကို ထားလျက် ထိုဌာပနာဖြင့်သာလျှင် မိမိစိတ်ကို အပွနာဖြင့် ဖွဲ့၏။ (ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

သမာဓိ ၃ ပါး ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်နှစ်ပါး အခိုက်၌ ပွား များသော ဘာဝနာသမာဓိသည် "ပရိကမ္မဘာဝနာသမာဓိ" မည်၏။ ဌာပနာခေတ်တွင် အပွနာစျာန်သို့ မရောက်မီ အကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် "ဥပစာရ ဘာဝနာသမာဓိ" မည်၏။ စတုက္ကနည်းအားဖြင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ဟု ဆိုအပ်သော ရူပါဝစရစျာန်လေးပါးသည် "အပွနာသမာဓိ" မည်၏။ (အာနာပါနဒီပနီ)

အဆုံးအဖြတ် ပဋိဘာဂနိမိတ် မထင်မီ ဂဏနာနည်း အခိုက်၌ ဂဏ နာနည်း၊ ဖုသနာနည်း နှစ်ပါးရ၏။ ဂဏန်းသုံးပါးကို လွတ်၍ အစဉ် လိုက်သောအခါ အနုဗန္ဓနာနည်း၊ ဖုသနာနည်းနှစ်ပါးရ၏။ ပဋိဘာဂနိမိတ်သည် ထင်သည်မှစ၍ ဝင်လေ၊ ထွက်လေနှစ်ပါး တစ်သားတည်းကဲ့သို့ မတုန် မလှုပ် ထင်သောကြောင့် အစဉ်လိုက်ဖွယ် ထိရာဌာန၌ သတိထားဖွယ် မရှိ။ ထိုနိမိတ်၌ စိတ်ကို ကြည်စွာထားလျှင်ပင် အပွနာ ဖြစ်ပေါ်လာရကား ဌာပနာတစ်ပါး တည်းသာ ရ၏ဟု မှတ်လေ။ (ဝိသုဒ္ဓိမဂ်)

ဝိပဿနာသို့ ကူးနည်း အာနာပါန ဝိပဿနာလမ်းသို့ ကူးသန်း ရွှေ့ပြောင်း သော် ဝင်လေ၊ ထွက်လေ ရှုမှုကို ဥပစာရကိစ္စမျှ ပြုလုပ်၍ မိမိ သိရင်းစွဲရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့တွင် အလိုရှိရာ သခ်ါရခန္ဓ တစ်ခုခုကိုယူ၍ ဉာဏ်ဖြင့် စေ့စေ့ရှုရှုလည်း ဝိပဿနာပွားရာ၏။

ဝင်လေ၊ ထွက်လေ ရှုမှုကို ဥပစာရကိစ္စမျှ ဆိုသည်မှာ အချိန် နာရီထား၍ အားထုတ်သူတို့မှာ အလုပ်ခွင်သို့ ဝင်သောအခါတိုင်း စိတ် ကို ချုပ်တည်းထားခြင်းငှာ တည်ငြိမ်စေခြင်းငှာ ရှေးဦးစွာ ဝင်လေ၊ ထွက် လေကို ရှုမှုတည်း။ စိတ်တည်ငြိမ်သောအခါမှ အလိုရှိရာ ခန္ဓာတစ်ပါးပါး ကို ဝိပဿနာရှုရာ၏။ (အာနာပါနဒီပနီ)

တစ်နည်းဆိုသော် ဝင်လေ၊ ထွက်လေကို ရှုပွားသော ယောဂီသည် "ဤဝင်လေ၊ ထွက်လေတို့သည် အဘယ်ကို မှီကုန်သနည်း။ စိတ်စေ တသိက်တို့၏ တည်ရာအရပ်ဟူသော ဝတ္ထုကို မှီကုန်၏။ ဝတ္ထုမည်သော

http://www.dhammadownload.com

ကရဇကာယတည်း။ ကရဇကာယမည်သည် မဟာဘုတ် ဓါတ်ကြီးလေး ပါးတို့နှင့် ဥပါဒါရုပ်တို့တည်း" ဤသို့ ရုပ်ကို သိမ်းဆည်း၏။

ယင်းနောက် ထို ကရဇကာယဟူသော အာရုံရှိကုန်သော ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိညာဏ်ဟူသော ဖဿ ပဉ္စမက တရားတို့ က "ဤတရားအပေါင်းသည် နာမ်မည်၏" ဤသို့ နာမ်ရုပ်ကို သိမ်း ဆည်းပြီးလျှင် ယင်း နာမ်ရုပ်၏ အကြောင်းကို ရှာမှီးသော အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်ကို မြင်၍ "ဤနာမ်ရုပ်သည် ပစ္စည်းပစ္စုယုပ္ပန်အကြောင်း အကျိုးတရား မျှသာ တည်း။ ပစ္စည်း၊ ပစ္စုယုပန်အကြောင်း အကျိုးမှတစ်ပါး ပုဂ္ဂိုလ်၊ သတ္တဝါမရှိ"

ဤသို့ ယုံမှားခြင်း လွန်မြောက်သည် ဖြစ်၍ အကြောင်းနှင့်တကွ ဖြစ်သော နာမ်ရုပ်၌ လက္ခဏာရေးသုံးပါးကို တင်၍ ထင်မြင်အောင် ဝိပဿနာကို ပွားစေသည်ရှိသော် မဂ်အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။

(သုတ်မဟာဝါအဋ္ဌကထာ)။

တနည်းဆိုသော် စျာန်ရအောင် အားထုတ်သော ယောဂီသည် ဤစျာန် အင်္ဂါတို့သည် အဘယ်ကို မှီကုန်သနည်း။ ဝတ္ထုကို မီကုန်၏။ ဝတ္ထုမည်သည် ကရဇကာယတည်း။ စျာန်အင်္ဂါတို့သည် နာမ်မည်ကုန်၏။ ကရဇကာယသည် ရုပ်မည်၏။ ဤသို့ နာမ်ရုပ်ကို ပိုင်းခြားမှတ်သား၍ ယင်းနာမ်ရုပ်၏ အကြောင်းကို ရှာသော် အရဟတ္တဖိုလ်သို့ရောက်၏။ (အထက်မှီးပါ) (သုတ်မဟာဝါအဋ္ဌကထာ)

ဝါယောဓါတ်အနေ အာနာပါန ခေါ် ဝင်လေ၊ ထွက်လေကို ဝါယော ဓါတ်အနေ ရှုပွားလိုခဲ့သော် ဝင်လေ၊ ထွက်လေကို အာရုံပြု မရှုပွားရဘဲ ယင်း ဝင်လေ၊ ထွက်လေတို့ အသုံးပြုရာ နာခေါင်းဖျား အတွင်းမှာဖြစ်စေ၊ ပါးစပ်ရှိ အာခေါင်နှင့် နှာသီးဖျား၊ အထက်နှုတ်ခမ်း ဖျားမှာဖြစ်စေ၊ ယင်းလေကို ဝင်ခိုက်၊ ထွက်ခိုက်မှာ တွန်းသဘော၊ တိုးသဘော၊ ကန်သဘော၊ သက်သက်ကို အသိကပ်ပြီး ရှုပွားပါ။

ယင်းသို့ တွန်းမှု၊ တိုးမှု ကိစ္စသက်သက် အပေါ်မှာသာ အသိကပ်ပြီး အထပ်ထပ် ရှုပွားနေခဲ့သော် ဝင်မှု၊ ထွက်မှုအပေါ် အာရုံအဖြစ် မထားတော့ဘဲ တွန်းမှု၊ တိုးမှု၊ ကန်မှုအပေါ်မှာသာ အာရုံအဖြစ်ဖြင့် ထင်မြင်လာပါလိမ့်မည်။ ဆက်လက်ရှုသော် ရုပ်နာမ်ကွဲသည်မှစ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အထိ ဆိုက်

http://www.dhammadownload.com

ရောက်ပါလိမ့်မည်။

မှတ်ချက် ဝင်လေ၏ တွန်းသဘော သက်သက်၊ သို့မဟုတ် ထွက်လေ၏ တွန်းသဘောသက်သက်၏ တစ်ခုစီလည်း ရှုပွားနိုင်သည်။ အဝင်အထွက် တွန်းသဘောကို ပြိုင်တူ ရှုပွားသော် မောတတ်သည်။ မမောမူ အစုံရှုနိုင်ပါ၏။ တွန်း၊ တိုး၊ ကန် သုံးခု ထင်ရှားရာ တစ်ခုကိုသာ အသိကပ်ရှုပါ။

တေဇော်ဓါတ် အာနာပါနခေါ် ဝင်လေ၊ ထွက်လေတို့ကို တေဇောဓါတ် အနေ ရှုပွားလိုခဲ့သော် ဝင်လေ၊ ထွက်လေကို အာရုံပြု မရှုပွားဘဲ ယင်းလေတို့ အသုံးပြုရာ နှာခေါင်းဖုအတွင်းမှာဖြစ်စေ၊ ပါးစပ်ရှိ အာခေါင်နှင့် နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျားမှာ ဖြစ်စေ ယင်းလေတို့ ဝင်ခိုက်၊ ထွက်ခိုက်မှာ ပူသဘော၊ အေးသဘောနှစ်ခုတွင် ထင်ရှားရာတစ်ခုခုကို ရှုပွားပါ။

ဝင်လေမှာ အအေးတွေ့နိုင်၍ ထွက်လေမှာ အပူတွေ့နိုင်သည်။ အပူတွေ့သော် ယင်းတွေ့ရသော အပူသဘောကို အရှုခံအာရုံအဖြစ်ထားပြီး ဆက်တိုက်သိနေအောင် သတိကပ်ကာ အထပ်ထပ်ရှုပွားပါ။(အအေးမှာ နည်းတူပြို)

ပထဝီဓာတ် အာနာပါနကိစ္စ၌ လူများစုအတွက် ပထဝီဓာတ်ရှုပွားရေးမှာ ခက်ခဲပါလိမ့်မည်။ ပုဂ္ဂိုလ်အများ မရှုပွားနိုင်သော အချက်ပင် ဖြစ်ပါ၏။ သို့သော် ရှုပွားနိုင်သူများအတွက် ဖော်ပြပါမည်။

အာနာပါနဌာန၌ ပထဝီဓာတ်အနေ ရှုပွားလိုသော် ဝင်လေ၊ ထွက်လေတို့ အသုံးပြုရာဌာန၌ ကြမ်းသဘော၊ ပိသဘော၊ မာသဘော၊ လေးသဘောတို့တွင် ယောဂီ၏ အသိဉာဏ်၌ ထင်ရှားရာ သဘောတစ်ခုခုကို စွဲကိုင်ပြီး ရှုပွားလျှင် ပထဝီဓာတ်ကို ရှုပွားသည် မည်၏။

ယင်းသို့ ဝင်လေနှင့် ထွက်လေတို့ တိုးထိရာတွင် ကြမ်းသဘော၊ ပိသဘောစသည် သည် လက်နှင့် လက်ချင်း ထိသလောက် မကြမ်းနိုင်၊ မပိနိုင်၊ မမာနိုင်ဘဲ လေနှင့် ထိသလောက်သာ ကြမ်းနိုင်၊ ပိနိုင်၊ မာနိုင်၊ လေးနိုင်၏။

http://www.dhammadownload.com

သို့ဖြစ်၍ ထိုမျှ နူးညံ့စွာ ကြမ်းမှု၊ ပိမှု၊ မာမှု၊ လေးမှု သဘော ကို သတိအားကောင်းအောင် မွေးမြူပြီး ရှုပွားသော် ဉာဏ်ထက်သူတို့မှာ ရုပ်နာမ်သဘောတို့ကို သိကာ မဂ်ဖိုလ်အထိ ဆိုက်ပါလိမ့်မည်။
(ဉာဏ်လှေကားကျမ်းကြီး)

အာပေါဓာတ် အာပေါဓာတ်သည် အသိမ်မွေ့ အခက်ခဲဆုံး ဓာတ်ဖြစ်၏။ ပြခဲ့ပြီးသော ဓာတ်ကြီးသုံးပါးတို့လို ထိတွေ့နိုင်သည်လည်း မဟုတ်ပေ။ ကြည့်လည်း မမြင်နိုင်။ ကြားလည်း မကြားနိုင်ပေ။ ဉာဏ်ဖြင့် သုံးသပ် နိုင်မှ မြင်သိနိုင်မည်။

ယင်းအာပေါဓာတ်သည် ပြခဲ့ပြီး ဓာတ်ကြီးသုံးပါးပေါ်မှာ မှီတွယ် နေသည်။ သို့ဖြစ်၍ ဓာတ်ကြီးသုံးပါးကို မိမိရရ တွေ့မြင်လျှင် အာပေါဓာတ် ကို ဉာဏ်ကြီးသူတို့ သိမြင်နိုင်မည်။

သို့ဖြစ်၍ အာပေါဓာတ်ကို ရှုလိုသူသည် ပူမှုတေဇောဓာတ်ကို တွေ့သည်ဆိုပါစို့။ ထိုအခါ ယင်း တေဇောဓာတ်ကိုပင် အထပ်ထပ် ရှုပွား ပါ။ ထိုအခါ တေဇောဓာတ်၏ တိုးလာ၊ ပွားလာ၊ စည်ကားလာချက်ကို ဉာဏ်၌ သိမြင်လာလိမ့်မည်။ တစ်ဖန် ယင်း တေဇောဓာတ်တွေ ပြယ်မသွား အောင် ဖွဲ့ပေး၊ စည်းပေး၊ နှောင်ပေးတဲ့ သဘောတွေကိုပါသိလာလိမ့်မည်။ ထိုသို့ တွေ့သိမှုကို အာပေါဓာတ်၏ တိုးပွားသဘော၊ စည်ကားသဘော၊ ဖွဲ့စည်းသဘောတို့ကို တွေ့သိမှုဟု ဆိုလေ၏။

"နေတံမမ" အာနာပါနခေါ် **အဏ္ဏတ္တိကဝါယောဓာတ်ကို** မဇ္ဈိမပဏ္ဏာသ နှင့် ဥပရိပဏ္ဏာသ ပါဠိတော်များအလို "နေတံမမ" စသည်အရ ရှုပွား လိုသော်-

၁။ "နေတံ မမ" ဤလေသည် ငါဟာ မဟုတ်ပါတကား။

၂။ "နေသောဟ မသ္မိ" ဤလေသည် ငါလည်း မဟုတ်ပါ တကား။

၃။ "န မေသော အတ္တာ" ဤလေသည် ငါ့ကိုယ်လည်း မဟုတ် ပါတကား။

ဟု ယထာဘူတခေါ် တိုးနေ၊ တွန်းနေ၊ ကန်နေသော လေသဘောသက်သက်မျှ

http://www.dhammadownload.com

ကိုသာ တိတိကျကျ သိလာ၊ ထင်လာအောင် သမ္မာပညာခေါ် ဝိပဿနာဖြင့် ရှုပွားနေမည်။ ယင်းကို ရှုပွားသော် နိဗ္ဗိန္ဒတိစသော ပါဠိတော်အရ ဉာဏ် စဉ်တက်၍ မဂ်ဖိုလ်ဆိုက်ပါလိမ့်မည်။

ကာယာနုပဿနာဤတွင်ရှေ့ ပဌမစတုက္က အပြီးသတ်ပါသတည်း၊ ယင်းပဌမ စတုက္ကသည် ကာယာနုပဿနာ သတိပဋ္ဌာန် အလုပ် သက် သက်တည်း။ မှန်၏။ ဝင်လေ၊ ထွက်လေသည် ရူပကာယစိတ်ဖြစ်၍ ကာယ မည်၏။ ဘုရားရှင်လည်း ဤသို့ ဟောတော်မူခဲ့၏။

> "ကာယေသု ကာယညတရဟံ ဘိက္ခဝေ ဧဝံ ဝဒါမိ ယဒိဒံ အဿာသပဿာသာ = ရဟန်းတို့ ဝင်လေ၊ ထွက်လေ နှစ်ပါးအပေါင်းကို ပထဝီကာယ၊ အာပေါကာယ အစရှိသော ကာယအများတို့တွင် ဝါယောကာယတစ်ပါးဟူ၍ ငါဘုရား ဟောတော်မူ၏။" (အာနာပါနသတိသုတ်)

ဒုတိယ စတုက္က

၁။ "ပီတိပဋိသံဝေဒီ အဿသိဿာမိ"တိ ဘိက္ခတိ၊
"ပီတိပဋိသံဝေဒီ ပဿသိဿာမိ"တိ သိက္ခတိ။
၂။ "သုခပဋိသံဝေဒီ အဿသိဿာမိ"တိ သိက္ခတိ၊
"သုခပဋိသံဝေဒီ အဿသိဿာမိ"တိ သိက္ခတိ။
၃။ "စိတ္တသင်္ခါရ ပဋိသံဝေဒီ အဿသိဿာမိ"တိ သိက္ခသိ၊
"စိတ္တသင်္ခါရ ပဋိသံဝေဒီ ပဿသိဿာမိ"တိ သိက္ခတိ။
၄။ "ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမိ"တိ သိက္ခတိ၊
"ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမိ"တိ သိက္ခတိ။

၁။ နှစ်သိမ့်ခြင်းပီတိကို ထင်ရှားစေ၍ ဝင်လေကို ရှုအံ့ဟု အား ထုတ်၏။ နှစ်သိမ့်ခြင်းပီတိကို ထင်ရှားစေ၍ ထွက်လေကို ထုတ်အံ့ဟု အား ထုတ်၏။

၂။ ချမ်းသာခြင်းသုခကို ထင်ရှားစေ၍ ဝင်လေကို ရှုအံ့ဟု အား ထုတ်၏။ ချမ်းသာခြင်းသုခကို ထင်ရှားစေ၍ ထွက်လေကို ထုတ်အံ့ဟု အား

http://www.dhammadownload.com

ထုတ်၏။

၃။ ဝေဒနာသညာဟူသော စိတ္တသန်ဒါရကို ထင်ရှားစေ၍ ဝင်လေကို ရှူအံ့ဟု အားထုတ်၏။ ဝေဒနာ သညာဟူသော စိတ္တသန်ဒါရကို ထင်ရှားစေ၍ ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

၄။ ရုန့်ရင်းသော စိတ္တသန်ဒါရကို ချုပ်ငြိမ်းစေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၏။ ရုန့်ရင်းသော စိတ္တသန်ဒါရကို ချုပ်ငြိမ်းစေလျက် ထွက်လေ ကို ထုတ်အံ့ဟု အားထုတ်၏။

(အာနာပါနသတိသုတ်)

ပီတိကို ထင်ရှားစေ၍ အာရုံအားဖြင့် လည်းကောင်း၊ မတွေဝေသော အားဖြင့် လည်းကောင်း ဤသို့ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ပီတိကို ထင်ရှားစေအပ်၏။

(က) ပီတိနှင့်တကွ ဖြစ်ကုန်သော စတုတ္ထနည်း၌ ပဌမစျာန်၊ ဒုတိယစျာန်နှစ်ပါးတို့ကို အစဉ်သဖြင့် ဝင်စားသော ယောဂီသည် ဝင်စားဆဲခဏ၌ စျာန်ကို ရခြင်းအားဖြင့် အာရုံကို အကြောင်းပြု၍ အာရုံ၏ ထင်ရှားခြင်းကြောင့် ပီတိထင်ရှား၏။

(ခ) ပီတိနှင့်တကွ ဖြစ်ကုန်သော စတုတ္ထနည်း၌ ပဌမစျာန်၊ ဒုတိယစျာန်နှစ်ပါးတို့ကို အစဉ်အတိုင်း ဝင်စား၍ စျာန်မှထသော် စျာန်နှင့် ယှဉ်သော ပီတိ "ခယ-ဝယ=ကုန်ခြင်း၊ ပျက်ခြင်း" အားဖြင့် ရှု၏။ ယင်း ယောဂီသည်ပီတိကိုမြင်သောခဏ၊ရှုပ္ပားသောခဏ၌ပီတိ၏သဘာဝလက္ခဏာ၊သာမညလက္ခဏာကို ထိုးထွင်းသိမြင်ခြင်းဖြင့်မတွေဝေသောအားဖြင့်ပီတိကိုထင်ရှားမြင်၏။

(ဝိသုဒ္ဓိမဂ်)

သုခနှင့် စိတ္တသန်ဒါရ စျာန်သုံးပါးတို့၏ အစွမ်းဖြင့် သုခကို ထင်ရှားစေ၏။ စျာန်လေးပါးတို့၏အစွမ်းဖြင့် ဝေဒနာ၊ သညာဟူသော စိတ္တသန်ဒါရကို ထင်ရှားစေ၏။ ဆက်ဦးအံ့။ သုခပဋိသံဝေဒီ ပုဒ်၌ ကာယိက သုခ စသည်ကို ပဓာနပြုသဖြင့် ရောပြွမ်းသောသန်ဒါရကို သုံးသပ်ခြင်း၏ အစွမ်းဖြင့် ဝိပဿနာအာရုံကို ပြခြင်းငှာ ကာယိက သုခ၊ စေတသိက သုခနှစ်ပါးတို့ကို ဟောအပ်ကုန်၏။

http://www.dhammadownload.com

တစ်နည်းဆိုသော် ပီတိပဋိသံယုတ်ဝေဒီ စသည်ဖြင့် ဟောအပ်သော ကောင်္ဂာသဒ္ဒ ပီတိကိုညွှန်းသဖြင့် ပီတိနှင့်ယှဉ်သောဝေဒနာကို ဆိုအပ်ကုန်၏။ သုခပဋိသံဝေဒီစသည်ဖြင့် ဟောအပ်သော ကောင်္ဂာသဒ္ဒ သရုပ်အားဖြင့်သာလျှင် ဒေသနာကို ဆိုအပ်ကုန်၏။ စိတ္တသန်ဓါရနှင့် စပ်ယှဉ်ကုန်သော နှစ်ကောင်္ဂာသတို့၌ သညာ၊ ဝေဒနာတို့သည် စိတ်၌မှီကုန်၏။ စိတ်နှင့်စပ်ကုန်၏။ စိတ်သည် ပြုပြင်အပ်ကုန်၏။ ထို့ကြောင့် သညာနှင့် ယှဉ်သော ဝေဒနာကို ဆိုအပ်ကုန်၏။

သို့ဖြစ်၍ ဤဒုတိယ စတုက္ကသည် ဝေဒနာနုပဿနာ၏ အစွမ်းဖြင့် ဟောအပ်၏ဟု သိပါ။ ဘုရားရှင်လည်း ဤသို့ ဟောတော်မူ၏။

> "ဝေဒနာသု ဝေဒနာညတရာဟံ ဘိက္ခဝေ ဝဒါမိ ယဒိဒံ အဿာသပဿာသံ သာဓုကံ မနသိကာရော=ရဟန်းတို့ ဝင်လေ၊ ထွက်လေတို့ကို ကောင်းစွာနလုံးသွင်းခြင်းကို သုခစသော ဝေဒနာသုံးပါးတို့တွင် တစ်ပါးအပါအပင် ဖြစ်သော သုခဝေဒနာဟူ၍ ငါဘုရားဟော၏။" (အာနာပါနသတိသုတ်)

ဝေဒနာရှုပုံ ဤ၌ သုခဝေဒနာသည် အကျိုးဖြစ်၏။ ဝါယောဓာတ်သည် အကြောင်းဖြစ်၏။ ဝင်လေ၊ ထွက်လေ ရှူပွား၍ချမ်းသာလာသောအခါ မူလရှူပွားမှဝင်လေ၊ ထွက်လေကို မရှူပွားတော့ဘဲ ချမ်းသာမှုသုခဝေဒနာအပေါ်မှာ "ချမ်းသာပါတကား" ဟု အသိကပ်ကာ ဆက်လက်ရှူပွားပါ။ သတိ၊ သမာဓိ၊ ပညာတိုးပွား၍ မဂ်ဖိုလ် အထိဆိုက်နိုင်ပါ၏။

တတိယ စတုက္က

၁။ "စိတ္တပဋိသံဝေဒီ အဿသိဿာမိ"တိ သိက္ခတိ၊
"စိတ္တပဋိသံဝေဒီ ပဿသိဿာမိ"တိ သိက္ခတိ။
၂။ "အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမိ"တိ သိက္ခတိ၊
"အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမိ"တိ သိက္ခတိ။
၃။ "သမာဒဟံ စိတ္တံ အဿသိဿာမိ"တိ သိက္ခတိ၊
"သမာဒဟံ စိတ္တံ ပဿသိဿာမိ"တိ သိက္ခတိ။
၄။ "ဝိမောစယံ စိတ္တံ အဿသိဿာမိ"တိ သိက္ခတိ၊

http://www.dhammadownload.com

"ဝိမောစယဲ စိတ္တံ ပဿသိဿာမိ" တိ တိက္ခတိ။

၁။ စိတ်ကို ထင်ရှားစေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၏။ စိတ်ကို ထင်ရှားစေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

၂။ စိတ်ကို အလွန်ရွှင်လန်းစေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၏။ စိတ်ကို အလွန် ရွှင်လန်းစေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

၃။ စိတ်ကို ကောင်းစွာ တည်ကြည်စေလျက် ဝင်လေကို ရှူအံ့ အားထုတ်၏။ စိတ်ကို ကောင်းစွာ တည်ကြည်စေလျက် ထွက်လေကို ထုတ်အံ့ဟု အား ထုတ်၏။

၄။ စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၏။ စိတ်ကို ကိလေသာမှ လွတ်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။ (အာနာပါနဿတိသုတ်)

ရှင်းလင်းချက် ဈာန်လေးပါးတို့၏ အစွမ်းဖြင့် စိတ်ကို ထင်ရှားစေသည့် အဖြစ်ကို သိအပ်၏။

သမာဓိ၏ အစွမ်းဖြင့် လည်းကောင်း၊ ဝိပဿနာ၏ အစွမ်းဖြင့် လည်းကောင်း ဤနှစ်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ရွှင်လန်းဝမ်းမြောက်စေ၏။

(က) ပီတိနှင့် တကွဖြစ်ကုန်သော ဈာန်နှစ်ပါးတို့ကို ဝင်စားသော ယောဂီသည် သမာပတ်ဝင်စားဆဲခဏ၌ ဈာန်နှင့်ယှဉ်သော ဈာန်ပီတိဖြင့် သမ္မယုတ်ဈာန်စိတ်ကိုပင်လျှင် ရွှင်လန်း ဝမ်းမြောက်စေ၏။

(ခ) ပီတိနှင့် တကွဖြစ်ကုန်သော ဈာန်နှစ်ပါးတို့ကို ဝင်စား၍ ဈာန်မှ ထသော် ဈာန်နှင့်ယှဉ်သော ပီတိကို "ခယ-ဝယ=ကုန်ခြင်း ပျက်ခြင်း" အားဖြင့် ဝိပဿနာရှု၏။ ယင်းကို ဝိပဿနာ ရှုသောခဏ၌ ဈာန်နှင့် ယှဉ်သောပီတိကို အာရုံပြု၍ ဖြစ်သော ဝိပဿနာစိတ်ကို ရွှင်လန်းဝမ်း မြောက်စေ၏။

ပဌမဈာန် စသည်တို့၏ အစွမ်းဖြင့် အာရုံ၌ စိတ်ကို အညီအညွတ် ရှေးရှု ကောင်းစွာထားခြင်းကို "စိတ်ကို ကောင်းစွာ တည်ကြည်စေသည်" မည်၏။

http://www.dhammadownload.com

တနည်းဆိုသော် ထိုဈာန်တို့ကို ဝင်စား၍ ဈာန်မှထသော် ဈာန်နှင့်ယှဉ်သော စိတ်ကို ခယ ဝိယ=ကုန်ခြင်း-ပျက်ခြင်းအားဖြင့် ရှုပွားသော ယောဂီအား ဝိပဿနာခဏ၌ အနိစ္စစသော လက္ခဏာကို ခဏတိုင်း ထိုးထွင်းသိသဖြင့် တခဏမျှတည်ခြင်းရှိသော သမာဓိသည် ဖြစ်၏။ ယင်းသို့ ဖြစ်သော ခဏိက သမာဓိစိတ်အစွမ်းဖြင့် အာရုံ၌ စိတ်ကို အညီအညွတ် ထားခြင်းသည် စိတ်ကို ကောင်းစွာ တည်ကြည်စေသည် မည်၏။

ပဌမဈာန်ဖြင့် နီဝရဏတို့မှ စိတ်ကို ဝိက္ခမ္ဘန၏ အစွမ်းဖြင့် လွတ်စေသည်ဖြစ်၍ ဒုတိယဈာန်ဖြင့် ဝိတက်၊ ဝိစာရတို့မှ တတိယဈာန်ဖြင့် ပီတိမှ စတုတ္ထဈာန်ဖြင့် သုခ၊ ဒုက္ခတို့မှ စိတ်ကို လွတ်စေသည်ကို "စိတ်ကို ကိလေသာမှလွတ်စေသည်" ဟု ခေါ်သည်။

တနည်းသော်ကား ထိုဈာန်တို့ကို ဝင်စား၍ ဈာန်မှထသော် ဈာန်နှင့် ယှဉ်သော စိတ်ကို ခယ-ဝယ=ကုန်ခြင်း၊ ပျက်ခြင်းအားဖြင့် ရှုပွား၏။ ယင်းသို့ ရှုပွားသော ယောဂီသည် ဘင်္ဂါနုပဿနာ ခဏ၌-

၁။ အနိစ္စနုပဿနာဖြင့် နိစ္စသညာမှ စိတ်ကို လွတ်စေ၏။

၂။ ဒုက္ခာနုပဿနာဖြင့် သုခသညာမှ စိတ်ကို လွတ်စေ၏။

၃။ အနတ္တာနုပဿနာဖြင့် အတ္တသညာမှ စိတ်ကို လွတ်စေ၏။

၄။ သင်္ခါရတို့၌ ငြီးငွေ့သော အခြင်းအရာဖြင့် ဖြစ်သော နိဗ္ဗိဒါနုပဿနာဖြင့် နန္ဒီခေါ် သပ္ပီတိကတဏှာမှ စိတ်ကို လွတ်စေ၏။

၅။ သင်္ခါရတို့၌ တပ်ခြင်းကင်းသော အခြင်းအရာဖြင့် ဖြစ်သော ဝိရာဂါနုပဿနာဖြင့် ရာဂမှ စိတ်ကို လွတ်စေ၏။

၆။ သင်္ခါရတို့၏ ချုပ်ခြင်းကို ရှုသော နိရောဓာနုပဿနာဖြင့် သမုဒယမှ လွတ်စေ၏။

၇။ စွန့်ပယ်သော အခြင်းအရာဖြင့် ဖြစ်သော ပဋိနိဿဂ္ဂါနုပဿနာဖြင့် နိစ္စ စသည်တို့၏ အစွမ်းဖြင့် ယူခြင်းအာဒါနမှ လွတ်စေ၏။

ဤသို့ဖြင့် ဤတတိယ စတုက္ကကို စိတ္တာနုပဿနာ၏ အစွမ်းဖြင့် ဆိုအပ်၏ ဟူ၍ မှတ်ပါလေ။ (ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

စိတ်ကိုရှုပုံ စိတ်သည် ခဏမလပ်၊ စက္ကန့်မလပ်၊ အချိန်ဟူသမျှမှာ ရုပ်နားချက်မရှိ ဖြစ်နေ၍လည်းကောင်း၊ မမြင်နိုင်သော တရားမျိုးဖြစ်နေ၍လည်းကောင်း စိတ္တာနုပဿနာကို ရှုပွားရန် အလွန့်အလွန် ခက်ခဲလှ၏။ သို့ဖြစ်၍ ဤအာနာပါနပိုင်းတွင် အာနာပါနခေါ် ဝင်လေ ထွက်လေ နှင့် ပူးကပ်ကာ ယင်းဝင်လေ ရှူစိတ် ထွက်လေထုတ်စိတ်ကို ရှုပွားပါ။

မှန်၏။ ဝင်လေ ထွက်လေတို့သည် စက္ကန့်တိုင်းမှာ အလုပ်လုပ်နေကြသဖြင့် ယင်းအလုပ်နှင့် ပူးကပ်ကာ ဝင်လေရှူစိတ် ထွက်လေထုတ်စိတ်ကို 'သရာဂံဝါစိတ္တံ' စသော စိတ္တာနုပဿနာ ရှုပွားနည်းပြ အေသနာတော်အရ ရာဂစိတ်ဖြင့်လျှင် 'ရာဂစိတ် ဖြစ်ပါတကား' ဟု ရှုပွားပါ။ ရာဂစိတ် မဖြစ်လျှင် 'ရာဂစိတ် မဖြစ်ပါတကား' ဟု ရှုပွားပါ။ ဤသို့ စသည်ဖြင့် စိတ္တာနုပဿနာစိတ် ၁၆ မျိုးတို့ကို စနစ်တကျ လေ့လာ၍ ရှုပွားပါ။ အကျယ်မူ စိတ္တာနုပဿနာခန်း ကြည့်ပါ။

သို့မဟုတ် အထက်တွင် ပြခဲ့သော ဈာန်နှင့်ယှဉ်သော စိတ်ကို 'ခဃ-ဝယ=ကုန်ခြင်း-ပျက်ခြင်း' သိမြင်အောင် ရှုပွားသလို ဝင်လေရှူစိတ်၊ ထွက်လေထုတ်စိတ်ကိုပင် 'ခဃ-ဝယ=ကုန်ခြင်း-ပျက်ခြင်း' သိမြင် အောင် ရှုပွားပါ။ နာမ်ရုပ်ကွဲသည်မှစ၍ မဂ် ဖိုလ်အထိ ဆိုက်ရောက်နိုင် ပါသည်။

စတုတ္ထစတုက္က

၁။ 'အနိစ္စာနုပဿီ အဿသိဿာမီ' တိ သိက္ခတိ၊
အနိစ္စာနုပဿီ ပဿသိဿာမီ တိ သိက္ခတိ
၂။ 'ဝိရာဂါနုပဿီ အဿသိဿာမီ' တိ သိက္ခတိ၊
ဝိရာဂါနုပဿီ ပဿသိဿာမီ တိ သိက္ခတိ၊
၃။ 'နိရောဓာနုပဿီ အဿသိဿာမီ' တိ သိက္ခတိ၊
နိရောဓာနုပဿီ ပဿသိဿာမီ တိ သိက္ခတိ၊
၄။ 'ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီ' တိ သိက္ခတိ၊
'ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီ' တိ သိက္ခတိ၊

၁။ အနိစ္စကို အဖန်ဖန် ရှုလျက် ဝင်လေကို ရှုအံ့ဟု အားထုတ်၏။ အနိစ္စကို အဖန်ဖန် ရှုလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

၂။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ဝင်လေကို ရှုအံ့ဟု

http://www.dhammadownload.com

အားထုတ်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ထွက်လေကို အားထုတ်အံ့ဟု အားထုတ်၏။

၃။ ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ဝင်လေကို ရှုအံ့ဟု အားထုတ်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် ရှုလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

၄။ ကိလေသာကို စွန့်ရာ နိဗ္ဗာန် စွန့်တတ်သော မဂ်ကို အဖန်ဖန် ရှုလျက် ဝင်လေကို ရှုအံ့ဟု အားထုတ်၏။ ကိလေသာကို စွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်ဖန် ရှုလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၏။

(အာနာပါနဿတိသုတ်)

အနိစ္စာနုပဿီ 'အနိစ္စာနုပဿီ' ပုဒ်၌ အနိစ္စ အနိစ္စတာ အနိစ္စနုပဿနာ အနိစ္စာနုပဿီ လေးမျိုးတို့ကို သိသင့်၏။ ယင်းတို့ကို အောက်ပါ လင်္ကာဖြင့် အချုပ်မှတ်ပါ။

* အနိစ္စကား	ငါးပါးခန္ဓာ
ဖြစ်ပြီးပျက်ရ	အနိစ္စတာ
မမြဲရှုမှတ်	နုပဿနာ
နုပဿီ	ယောဂီရှုသူပါ။

အဓိပ္ပါယ်မှာ ခန္ဓာငါးပါးတို့ကို 'အနိစ္စ' ဟူ၍ ခေါ်၏။ ယင်း ခန္ဓာငါးပါးတို့၏ ရှေးကမရှိ ယခုမှ ဖြစ်၍ ပျက်ခြင်း၊ ဖြစ်တိုင်းသော အခြင်းအရာအားဖြင့် မတည်မှု၍ ပျက်ခြင်းသည် 'အနိစ္စတာ' မည်၏။ ယင်းခန္ဓာငါးပါးတို့ကို 'မမြဲပါလား မမြဲပါလား' ဟု ရှုပွားသော ဉာဏ် သည် 'အနိစ္စာနုပဿနာ' မည်၏။ ယင်းသို့ ခန္ဓာငါးပါးတို့ကို 'မမြဲပါ လား မမြဲပါလား' ဟု ရှုပွားနေသော ယောဂီပုဂ္ဂိုလ်ကို 'အနိစ္စာနုပဿီ' ဟူ၍ ခေါ်၏။ (ဝိသုဒ္ဓိမဂ်)

ဝိရာဂါနုပဿီ 'ဝိရာဂါနုပဿီ' ပုဒ်၌ ဝိရာဂတို့သည် ၁။ ခယဝိရာဂနှင့် ၂။ အစ္စန္တဝိရာဂ ဟူ၍ နှစ်ပါးရှိ၏။ ယင်းတွင်-

၁။ သခါရတို့၏ ကုန်ခြင်း ပျက်ခြင်း ဟူသော ဘင်္ဂဉာဏ်သည်

http://www.dhammadownload.com

'ခယ ဝိရာဂ' မည်၏။

၂။ အလုံးစုံသော သင်္ခါရတရားတို့၏ စင်စစ် ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် 'အစ္စန္တဝိရာဂ' မည်၏။

ယင်း 'ဝိရာဂ' နှစ်ပါးစုံကို ရှုခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဝိပဿနာနှင့် မဂ်သည် 'ဝိရာဂါနုပဿနာ' မည်၏။ ယင်း အနုပဿနာနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်လေ ထွက်လေကို ရှုသော ယောဂီသည် 'ဝိရာဂါနုပဿီ' မည်၏။ (နိရောဓါနုပဿီပုဒ် နည်းတူသိပါ)

ပဋိနိဿဂ္ဂါနုပဿီ 'ပဋိနိဿဂ္ဂါနုပဿီ' ပုဒ်၌ ပဋိနိဿဂ္ဂါတို့သည်

၁။ စွန့်ပယ်ခြင်းဟု ဆိုအပ်သော တဖန် စွန့်ပစ်ခြင်း 'ပရိစ္စာဂ ပဋိနိဿဂ္ဂ'

၂။ ပြေးဝင်ခြင်းဟု ဆိုအပ်သော တဖန် စွန့်ပစ်ခြင်း 'ပက္ခန္ဒန ပဋိနိဿဂ္ဂ' ဟူ၍ နှစ်ပါးရှိကုန်၏။

ဝိပဿနာမဂ် ကိလေသာတို့ကို တဖန် စွန့်ပစ်တတ်သော ဝိပဿနာမဂ် သည်ပင်လျှင် 'ပဋိနိဿဂ္ဂါနုပဿနာ' မည်၏။ ဤပဋိနိဿဂ္ဂါနုပဿနာ ဟူသော အမည်သည် ဝိပဿနာမဂ်၏ အမည်ပင် ဖြစ်၏။

မှန်၏။ ဝိပဿနာမဂ်သည် ထိုထို အနိစ္စာနုပဿနာ စသော အင်္ဂါ၏ အစွမ်းဖြင့်၊ ဝါ - တဒင်္ဂပဟာန်၏ အစွမ်းဖြင့် ခန္ဓာ အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို စွန့်လည်း စွန့်တတ်၏။ တေဘူမကသင်္ခါရ၌ အနိစ္စတာ စသော ဒေါသကို မြင်ခြင်းကြောင့် နိစ္စ စသည်ဖြင့် ယင်း သင်္ခတမှ ပြန်သော နိဗ္ဗာန်၌ ယင်းနိဗ္ဗာန်သို့ ညွှတ်သည်၏။ အဖြစ်ဖြင့် ပြေးဝင်သကဲ့သို့လည်း ဖြစ်တတ်သောကြောင့် 'ပရိစ္စာဂပဋိနိဿဂ္ဂ' ဟူ၍ လည်းကောင်း၊ 'ပက္ခန္ဒန ပဋိနိဿဂ္ဂ' ဟူ၍လည်းကောင်း ဆိုအပ်၏။

အရိယမဂ်သည် ခန္ဓာအဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို စွန့်လည်း စွန့်တတ်၏။ အာရုံပြုသည်၏ အစွမ်းဖြင့် နိဗ္ဗာန်၌ ပြေးလည်း ပြေးဝင်တတ်သောကြောင့် 'ပရိစ္စာဂပဋိနိဿဂ္ဂ' ဟူ၍လည်းကောင်း၊ 'ပက္ခန္ဒနပဋိနိဿဂ္ဂ' ဟူ၍လည်းကောင်း ဆိုအပ်၏။

http://www.dhammadownload.com

ထိုမှတပါး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ၂ ပါးတို့သည် ရှေးဦး ဖြစ်သော ဉာဏ်တို့ကို နောက်နောက်၌ အဖန်တလဲလဲ ရှုတတ်သည့် အဖြစ်ကြောင့် 'အနုပဿနာ' ဟူ၍ ဆိုအပ်၏။ နှစ်ပါးသော 'ပဋိနိဿဂ္ဂါ နုပဿနာ' နှင့် ပြည့်စုံသည်ဖြစ်၍ ဝင်လေ ထွက်လေကို ရှုပွားသူသည် ပဋိနိဿဂ္ဂါနုပဿီ မည်၏။

ရှေးစတုက္က ၃ ပါးတို့ကား သမထ၊ ဝိပဿနာ အစွမ်းဖြင့် ဆိုအပ်ကုန်၏။ ဤစတုတ္ထ စတုက္ကကိုမူ သမထနှင့် မရောမယှက် သက်သက် ဝိပဿနာ၏ အစွမ်းဖြင့်သာလျှင် ဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်)

ဓမ္မာနုပဿနာ ဝင်လေထွက်လေကို အာရုံပြုလျက် ဉာဏ်၌ မိမိစိတ်မှာ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ခြင်းဟူသော ပဟာနဓမ္မသည်လည်း ထင်ရှားလျက်ရှိသောကြောင့် ဤစတုတ္ထ စတုက္ကကို ဓမ္မာနုပဿနာသတိပဋ္ဌာန် ဆိုသတည်း။ ဝင်လေ ထွက်လေနှင့်တကွ တွဲဖက်လျက် အနိစ္စဓမ္မကိုလည်း ရှုသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည်ဟူ၍ လည်း ဆိုသင့်၏။ (အာနာပါနဒီပနီ)

ဝိပဿနာ အာနာပါန အာရုံနှင့်တွဲဖက်၍ ဝိပဿနာ ရှုပွားလိုသူသည် ဝင်လေကို ရှုသော် အမှတ်တမဲ့ မရှုမူ၍ အနိစ္စကို အဖန်ဖန် ရှုလျက် အနိစ္စထင်အောင် ရှု၍ ရှုမည်ဟု ဝင်လေရှုတိုင်း အနိစ္စမနသိကာရ ရှေ့သွားမြဲစေရာ၏။

ထွက်လေကို ထုတ်သော် အမှတ်တမဲ့ မထုတ်မူ၍ အနိစ္စကို အဖန်ဖန် ရှုလျက် အနိစ္စထင်အောင် ထုတ်မည်ဟု ထွက်လေ ထုတ်တိုင်း အနိစ္စမနသိကာရ ရှေ့သွားမြဲစေရာ၏။

သိရန်အချက် ။ ။ ယင်းသို့ မြဲစေရာ၌ သိရန်အချက် များစွာရှိ၏။ ချဲ့ဦးအံ့။

ဝင်လေထွက်လေ၌ မြေဓါတ် ရေဓါတ် မီးဓါတ် လေဓါတ် အဆင်းဓါတ် အနံ့ဓါတ် အရသာဓါတ် အဆီသြဇာဓါတ် ဟူ၍ အမြဲအားဖြင့် ရုပ်ဓါတ် ၈ ပါးရှိ၏။ အသံဖြစ်သောအခါ သဒ္ဒဓါတ်နှင့်တကွ ရုပ်ဓါတ် ၉

http://www.dhammadownload.com

ပါး ရှိ၏။ ထိုတွင် မြေ ရေ လေ မီးဟူသော ဓါတ်ကြီးလေးပါးသည်သာ လိုရင်းပဓာနတည်း။

ဝင်လေ ထွက်လေကို အာရုံပြုသောစိတ် ဓါတ်အမှုကြီးလေးပါးကို အာရုံပြုသောစိတ် ထိုစိတ်တို့၌ ပါရှိသော သတိဝီရိယ ဉာဏ်ပညာတို့သည် နာမ်မည်ကုန်၏။

တစ်ကိုယ်လုံး၌ ရုပ်ဓါတ်အမှုကြီး ၄ ပါးသည် ကဲကြောင့် ဖြစ်သည့် လေးပါး၊ စိတ်ကြောင့်ဖြစ်သည့် လေးပါး၊ ဥတုကြောင့်ဖြစ်သည့် လေးပါး၊ အာဟာရကြောင့်ဖြစ်သည့် လေးပါး ဟူ၍ ရုပ်ဖြစ်ကြောင်း လေးပါးကို သိရာ၏။

စိတ်ဓါတ်၌မူကား ဝင်လေ ထွက်လဟူသော အာရုံကိုလည်းကောင်း မှီရာဝတ္ထုရုပ်ကိုလည်းကောင်း အစွဲပြု၍ သူ့ဝင်လေနှင့် သူ့စိတ် သူ့ထွက်လေနှင့် သူ့စိတ် နေရောင်ခြည်မျှင် တံလျှပ်မျှင်တို့ကဲ့သို့ အစဉ် ဖြစ်ပွားနေသည်ကို သိရာ၏။

မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်၊ စိတ်ဓါတ် ဟူ၍ ပဓာန ဓါတ်ကြီး ၅ ပါး ကဲ စိတ် ဥတု အာဟာရဟူ၍ ရုပ်ဖြစ်ကြောင်း တရား ၄ ပါး ဝတ္ထု-အာရုံဟူ၍ နာမ်ဖြစ်ကြောင်း တရား ၂ ပါး ဤတရားအစုံ ကို ရုပ်နာမ် ၂ ပါးပြု၍ ထားပြီးလျှင် ထိုတရားအစုံတို့ကိုလည်းကောင်း ထိုတရားစုံတို့၏ ဖြစ်ပျက်မှုကိုလည်းကောင်း ဉာဏ်ဖြင့် စေ့စေ့ရှုပွား၍-

၁။ ရူပံ အနိစ္စံ ခယဋ္ဌေန

၂။ ရူပံ ဒုက္ခံ ဘယဋ္ဌေန

၃။ ရူပံ အနတ္တာ အသာရကဋ္ဌေန

က။ ရုပ်တရားသည် ဖြစ်ပြီး၍ ပျက်စီးခြင်း ကုန်ခမ်းခြင်း အနက်သဘောကြောင့် မမြဲပါတကား။

ခ။ ရုပ်တရားသည် ဖြစ်ခြင်း ပျက်ခြင်း ဘေးအပေါင်းတို့သည် အမြဲမပြတ် နှိပ်စက်၍နေခြင်း အနက်သဘောကြောင့် ဆင်းရဲလှပါတကား။

ဂ။ ရုပ်တရားသည် အားကိုး အားထားစရာ အနှစ်သာရဟူ၍ တစုံ တရာမျှ မရှိသော အနက်သဘောကြောင့် ကိုယ်အတ္တ မဟုတ်ပါတကား။

ဟူ၍ လက္ခဏာရေး ၃ ပါးဖြင့် အဖန်ဖန် သုံးသပ်ခြင်းဟူသော ဝိပဿနာ တရားကို ရှုပွားအားထုတ်ရာ၏။ (အာနာပါနဒီပနီ)

http://www.dhammadownload.com

ကာယာယတနအနေ အာနာပါနကို ဓမ္မာနုပဿနာလာ ကာယာယတန အနေ ရှုပွားလိုသော် ဝင်လေ ထွက်လေကို မရှုပွားပဲ နှာခေါင်းဖျား၊ အထက်နှုတ်ခမ်းဖျား၌ တိုးမှု ထိမှုအရကိုသာ ရှုပွားရမည်ဖြစ်၏။ မှန်၏။ အာနာပါနကိုရှုက ကာယာနုပဿနာလာ အာနာပါန ဖြစ်၏။ ယင်း အာနာပါန၏ ထိရာဌာနကို ရှုက ဓမ္မာနုပဿနာလာ ကာယာယတနဖြစ်၏။ သို့ဖြစ်၍ ဓမ္မာနုပဿနာလာ ကာယာယတနခေါ် ကာယပသာဒရုပ်ကို ထိမှုအပေါ်မှာ ရှုပွားလိုလျှင်-

၁။ ကာယပသာဒ အကြည်ရုပ်ခါတ်၏ အထိခံရချက်ကိုလည်း သိရမည်၊

၂။ အကြည်ရုပ်ခါတ်သို့ လာထိသောအထိ အတိုး အတွန်း အကန် အတိုက်ခါတ်လည်း သိရမည်၊

၃။ ယင်းအခံအကြည်ရုပ်ခါတ်နှင့် အထိအတိုက်ရုပ်ခါတ်တို့ တိုးမိကြ၍ အသိပေါ်လာရာ ယင်းအသိ၌ ပူးတွဲပါလာသော သံယောဇဉ်ကိုလည်း သိရမည်၊

၄။ ထိတွေ့ချိန်တုန်းက မဖြစ်ပေါ်သေးသော သံယောဇဉ်တို့ ပေါ်လာခဲ့လျှင် ယင်းကိုလည်း သိရမည်၊

၅။ ထိတွေ့ချိန်တုန်းက သံယောဇဉ်တို့ ပေါ်လာခဲ့လျှင် ပယ်ဖျောက်ရမည်၊ ယင်းပယ်ဖျောက်မှုကိုလည်း သိရမည်၊

၆။ ယင်းသို့ ပယ်ဖျောက်လိုက်ခြင်းကြောင့် နောင်အခါ လုံးဝ ပေါ်လာခွင့် မရှိနိုင်တော့သည့် အဆင့်သို့ ရောက်သွားလျှင်လည်း ယင်း အခြေအနေကို သိရမည်။

ရှုပွားပုံ ရှုပွားသော် ဝင်လေ၊ ထွက်လေ၊ ထိရာ၊ တိုးရာဌာနတွင် ယောဂီ၏ အသိတွင် ထိမှုတိုးမှုထင်ရှားရာမှာ အသိကပ် တိုးမှု သက်သက်အပေါ်မှာသာ ရှုပွားနေရမည် ဝင်လေ ထွက်လေ ၂ မျိုးနောက်သို့ မလိုက်ပါ၊ မရှုပွားရ။

ယင်းသို့ ထိမှု တိုးမှုအပေါ်မှာသာ အသိကပ်ကာ အကြိမ်ကြိမ် အထပ်ထပ် ဆက်ကာ ဆက်ကာ ရှုပွားနေခဲ့သော် အထိခံ အတိုးခံ၏

http://www.dhammadownload.com

သဘောကတစ်မျိုး ထိ တိုးနေမှုသဘောက တမျိုး ယင်း ၂ မျိုးအပေါ်မှာ လိုက်ကာ သိနေမှု သဘောကတမျိုး ယင်းသိမှုဌ္ဌ ကျယ်လာပုံ၊ သိမှုအမျိုးမျိုးဝင်လာပုံ သိမှုလျော့သွားပုံ လွင့်သွားပုံ ပြန်ငြိမ်လာပုံ စသည်တို့ကို သတိသမာဓိအားကောင်းသလောက်နှင့် ပညာသိဝင်သလောက် သိလာ ပါလိမ့်မည်။ ဆက်ရှုသော် လိုရာသို့ ရောက်ပါလိမ့်မည်။

ရူပက္ခန္ဓာအနေ အာနာပါနခေါ် ဝင်လေ၊ ထွက်လေကို ဓမ္မာနုပဿနာလာ ရူပွားလိုသော် ရူပက္ခန္ဓာအနေ ရူပွားလိုသော် ရုပ်၏ လက္ခဏာ ၄ ချက်နှင့် ရုပ်ဖြစ်ကြောင်း ချုပ်ကြောင်း အရေအတွက်တို့ကို ဦးစွာ သိထား ရမည်။

၁။ ရုပ်သည် ဖောက်ပြန်သော သဘောရှိ၏။

၂။ ဖရိုဖရဲ ကြဲလာတတ်သော အနေရှိ၏။

၃။ သူ့အလိုလိုဖြင့် တစုံတရာကိုမျှ မပြုလုပ်ပေးတတ်ပုံသာ ထင်မြင်နိုင်ခွင့်ရှိ၏။

၄။ တစုံတရာ ပြုလုပ်ရေးအတွက် ဝိညာဏခါတ်ကသာ အကြောင်းခံပေးချက်ရှိသော အရာသာ ဖြစ်၏။

ဖြစ်ကြောင်း ချုပ်ကြောင်းတို့ကို ခန္ဓာပိုင်းတွင် ရှုပါ။ ရုပ်အရေအတွက်မှု ကျယ်လွန်း၍ မရေးတော့ပါ။ ယင်းသို့ သက်ဆိုင်ရာတို့ကို သိထားပြီးသော် ဝင်လေထွက်လေရုပ်ဌ္ဌ ဖောက်ပြန်လွယ်သော သဘောကိုလည်းကောင်း သို့မဟုတ် ဖရိုဖရဲ ကြဲတတ်သော သဘောကိုလည်းကောင်း၊ အရှုခံ အာရုံထားပြီး ရူပွားသော် ရုပ်၏သဘော သဘာဝဖြစ်ကြောင်း၊ ချုပ်ကြောင်းတို့ကို သိလာပြီးလျှင်-

က။ 'ဣတိ ရူပံ = ရုပ်ဆိုတာ ဒီလိုသဘော ရှိပါတကား'

ခ။ 'ဣတိ ရူပဿ သမုဒယော = ရုပ်ဖြစ်ကြောင်းဆိုတာ ဒီလိုသဘောရှိပါတကား'

ဂ။ 'ဣတိ ရူပဿ အတ္ထင်္ဂမော = ရုပ်ချုပ်ငြိမ်းကြောင်းဆိုတာ ဒီလိုသဘောရှိပါတကား'

ဟူ၍ ရူပွား သိမြင်လာနိုင်ပါလိမ့်မည်။

http://www.dhammadownload.com

အကျိုးအာနိသင် 'ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ အာနာပါနဿတိ ဧဝံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ = ရဟန်းတို့ ဤသို့ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော အာနာပါနဿတိသည် များမြတ်သော အကျိုးအာနိသင် ရှိ၏။ (အာနာပါနဿတိသုတ်)

၁။ ငြိမ်းလည်း ငြိမ်းချမ်း၏။

၂။ ပရိကမ္မ ဥပစာဖြင့် ထေးဖာလောင်းစွက် ရောယှက်မရှိ ပကတိ ငြိမ်သက်ခြင်းလည်း ရှိ၏။

၃။ မရောင့်ရဲစေတတ် မြတ်လည်း မြတ်၏။

၄။ ဝင်စားတိုင်း ကိုယ်စိတ်နှစ်ဖြာကို ချမ်းသာစေတတ်၏။

၅။ ကာမဝိတက်စသော မိစ္ဆာဝိတက် ကြဲမှားချက်ကို ပယ်ဖျက်ဖြတ်တောက်နှင်စွမ်းရှိ၏။

၆။ မဂ်၊ ဖိုလ်တို့၏ အကြောင်းရင်းမူလ ဝိပဿနာအခြေပါဒက ဖြစ်၏။

၇။ ခဏချက်ချင်း မကောင်းမှုကို ခွဲထုခါထွက် ပယ်ဖျက်တတ်၏။

၈။ စုတိစရိုက ဖြစ်၍ အဆုံးဌ ဖြစ်ကုန်သော ဝင်လေ ထွက်လေတို့လည်း ထို ယောဂီအား ထင်ရှားကုန်၏။

ထူးခြားချက် ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းတို့ကို ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်သည် အသက်ရှင်သော ခဏ၏ အပိုင်းအခြားကို ပိုင်းခြားနိုင်သည်လည်း ရှိ၏။ မပိုင်း ခြားနိုင်သည်လည်း ရှိ၏။ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်သည်ကား အသက်ရှင်သော ခဏ ၏ အပိုင်းအခြားကို ပိုင်းခြားနိုင်သည်သာလျှင်တည်း။

ယင်း ပုဂ္ဂိုလ်သည် 'ယခုအခါ၌ ငါ၏ အာယုသင်္ခါရတို့သည် ဤမျှလောက် ကာလပတ်လုံး ဖြစ်ကုန်လတ့်၊ ဤမျှလောက်ထက် အလွန်မဖြစ်လတ့်' ဟု သိ၍ မိမိ၏ သဘောအားဖြင့်သာလျှင် ကိုယ်လက်သုတ်သင်ခြင်း၊ သင်းပိုင်ဝတ်ခြင်း၊ ကိုယ်ရုံဝတ်ခြင်း အစရှိကုန်သော ကိစ္စအားလုံးတို့ကို ပြုပြင်ပြီးမှ မျက်စိတို့ကို မှိတ်ကုန်၏။

http://www.dhammadownload.com

ပုံစံသာဓက စိတ္တလတတောင် ကျောင်းတိုက်၌ ညီနောင်ထေရ် ၂ ပါး သီတင်းသုံး နေတော်မူ၏။ ထိုတွင် ထေရ်တစ်ပါးသည် လပြည့်ဥပုသ်နေ့၌ ပါတိမောက်ပြဦးသော် ရဟန်းအပေါင်း ခြံရံလျက် မိမိ နေရာအရပ်သို့ လာ၍ စကြံ့၌ ရပ်ပြီး တစိန်းစိန်း ကြည့်ရှုကာ မိမိ၏ အာယုသခါရတို့ကို စူးစမ်းမြော်တင်းလျှင် 'ငါ၏ အာယုသခါရတို့ကား ကုန်ပြီ' ဟု သိရ၍ ရဟန်းတို့ကို မိန့်တော်မူ၏။

'ငါ့ရှင်တို့၊ သင်တို့သည် အဘယ် ဣရိယာပုတ်ဖြင့် ပရိနိဗ္ဗာန်ပြု ကုန်သော ရဟန်းတို့ကို မြင်ဖူးကုန်သနည်း'

'အရှင်ဘုရား၊ တပည့်တော်တို့သည် နေရာ၌ ထိုင်နေကုန်လျက် ပရိနိဗ္ဗာန်ပြုသော ထေရ်တို့ကို မြင်လိုက်ဖူးပါကုန်၏။'

'အရှင်ဘုရား၊ တပည့်တော်တို့သည် ကောင်းကင်၌ ထက်ဝယ် ပလ္လင်ဖွဲ့ခွေ၍ ထိုင်နေကုန်လျက် ပရိနိဗ္ဗာန်ပြုသော ထေရ်တို့ကို မြင်လိုက် ပါကုန်၏။'

ဤသို့ စသည်ဖြင့် ရဟန်းတို့သည် မိမိတို့ မြင်လိုက်ဖူးသည့်အတိုင်း အသီးသီး လျှောက်ထားကြသောအခါ ထေရ်က 'ငါ့ရှင်တို့၊ ငါသည် ယခုအခါ၌ သင်တို့ကို စကြံ၌ ကန့်လန့်အရေးအသား အမှတ်တစ်ခုပြုလုပ်ကာ 'ငါ့ရှင်တို့၊ ငါသည် ဒီဘက်စကြံစွန်းမှ ဟိုဘက်စကြံန်စွန်းသို့သွား၍၊ ဟိုဘက်စကြံန်စွန်းမှ ဒီဘက်စကြံန်စွန်းသို့ ပြန်လာသည်ရှိသော် ဒီကန့်လန့် အရေးအသားအမှတ်သို့ ရောက်လျှင် ပရိနိဗ္ဗာန်ပြုပေအံ့' ဟု မိန့်တော်မူပြီးသော် စကြံသို့တက်၍ ဟိုဘက် စကြံစွန်းသို့သွားပြီး ဒီဘက် စကြံစွန်းသို့ ပြန်လာသည်ရှိသော် ခြေတစ်ဘက်ဖြင့် ကန့်လန့် အရေးအသား အမှတ်ကို နင်းမိသော ခဏ၌ပင် ပရိနိဗ္ဗာန် ပြုတော်မူ၏။ (ဝိသုဒ္ဓိမဂ်)

တိုက်တွန်းချက် 'အို စာရှုသူ၊ တိုက်တွန်းပါ၏။ ဤသို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော အာနာပါနဿတိ ဘာဝနာ၏ များစွာသော အကျိုးအာနိသင် ရှိသည့်အတွက်ကြောင့် ပညာရှိသော အသင် စာရှုသူသည် ယခု ရေးသား ပြဆိုခဲ့ပြီး နည်းများဖြင့် တပါးမက များသော အကျိုးအာနိသင်ရှိသော အာနာပါနဿတိ ဘာဝနာကို နေ့ရောညဉ့်ပါ အခါခပ်သိမ်း မမေ့မလျော့ မပျေ်ဆပဲ တအားခဲ၍ ကြိုးစားပါလော့'

http://www.dhammadownload.com

၂။ ကျရိယာပထပိုင်း

ကျရိယာပုတ် **ကျရိယာ ကိရိယာ ကာယိကပယောဂေါ ပထော ပဝတ္တာ** သရိရာ ဝ ဝတ္တာ = ခန္ဓာကိုယ်အတွက် သင့်လျော်အောင် ထိန်းသိမ်း ဆောင်ရွက်ပေးနေသည့် သွား၊ ရပ်၊ ထိုင်၊ လျောင်း ၄ ပါးကို 'ကျရိယာပထ = ကျရိယာပုတ်' ဟုခေါ်၏။ (သုတ်မဟာဝါဠိကာ)

'ကျရိယတိ ပါလေတိ ယာပေတိ တေန ဝုစ္စတိ ကျရိယာ ပါထေ တိ သမ္မာပေတိတိ ပထော = ခန္ဓာကိုယ်အား ထိန်းပေးမှု၊ မျှတစေမှု အနေသို့ ရောက်စေတတ်၊ ဖြစ်ပေါ်စေတတ်သော သွား ရပ် ထိုင် လျောင်း ၄ ပါးကို 'ကျရိယာပထ = ကျရိယာပုတ်' ဟု ခေါ်၏။

(ဝိဘင်းပါဠိတော် နှင့် သဒ္ဒနီတိ)

ရှုနည်းပြ ပါဠို ပုန စပရံ ဘိက္ခဝေ ဘိက္ခု

၁။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊

၂။ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ၊

၃။ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ၊

၄။ သယာနော ဝါ သယာနောမှိတိ ပဇာနာတိ၊

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည်

http://www.dhammadownload.com

၁။ သွားလျှင်လည်း သွားသည်ဟု သိ၏။
၂။ ရပ်လျှင်လည်း ရပ်သည်ဟု သိ၏။
၃။ ထိုင်လျှင်လည်း ထိုင်သည်ဟု သိ၏။
၄။ လျောင်းလျှင်လည်း လျောင်းသည်ဟု သိ၏။
(သုတ်မဟာဝါပါဠိတော်)

သမထအနေရှုပုံ အထက်ဖော်ပြပါ ကုရိယာပထ ရှုနည်းမှာ ဝိပဿနာ အနေ ဘုရားရှင်သည် ဟောတော်မူခဲ့၏။ သို့သော် ယင်းကို သမထ အနေနှင့်လည်း ရှုပွားနိုင်၏။ ရှုပွားလိုသော် ဤသို့ ရှုပွားရာ၏။

၁။ သွားခြင်း ကုရိယာပုတ်၌ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း 'ငါ သွား၏၊ ငါ သွား၏' ဟု ခြေ၌ တည်သော စိတ်ကို ဖြစ်စေ၍ သွားရမည်။ ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မရပ်မိစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

၂။ ရပ်ခြင်း ကုရိယာပုတ်၌ ရပ်မည်ပြုသောအခါ 'ငါရပ်မည်၊ ငါရပ်မည်' ဟု သိ၍ရပ်။ အမှတ်တမဲ့ မရပ်မိစေနှင့်။ ရပ်နေစဉ်အခါ၌ မိမိကိုယ်ကို အာရုံပြု၍ 'ငါရပ်၏၊ ငါရပ်၏' ဟု အမြဲစိတ်ကို ဖြစ်စေ၍ နေရမည်။ အပသို့ စိတ်ထွက်၍ မသွားစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

၃။ ထိုင်ခြင်း ကုရိယာပုတ်၌ ထိုင်မည်ပြုသောအခါ 'ငါထိုင်မည်၊ ငါထိုင်မည်' ဟု မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ထိုင်ရမည်။ အမှတ်တမဲ့ မထိုင်မိစေနှင့်။ ထိုင်၍နေစဉ်အခါ၌ မိမိခန္ဓာကိုယ်ကို အာရုံပြု၍ 'ငါထိုင်၏၊ ငါထိုင်၏' ဟု အမြဲစိတ်ကို ဖြစ်စေရမည်။ အပသို့ စိတ်မထွက်စေနှင့်၊ အာရုံတစ်ပါး မဝင်စေနှင့်။

၄။ အိပ်ခြင်း ကုရိယာပုတ်၌ အိပ်မည် ပြုသောအခါ 'ငါ အိပ် မည်' ဟု သိ၍ အိပ်။ အမှတ်တမဲ့ မအိပ်မိစေနှင့်။ အိပ်၍နေစဉ် အခါလည်း မိမိခန္ဓာကိုယ်ကို အာရုံပြု၍ 'ငါအိပ်သည်၊ ငါအိပ်သည်' ဟု အမြဲစိတ်ကို ဖြစ်စေရမည်။ အပသို့ စိတ်မလွင့်စေနှင့်။ အာရုံတပါး မဝင်စေနှင့်။ (အနတ္တဒီပနီ)

ငါကွာဖို့ဝေး ကာယဂတာသတိ ဆိုသည်နှင့်အညီ မိမိခန္ဓာကိုယ်မှ လွတ်ရာအပသို့ မိမိစိတ်ကို ထွက်၍ မလွင့်ပါးစေရအောင် သတိဖြင့်

http://www.dhammadownload.com

ထိန်းချုပ်မှုဖြစ်၏။ ယခုပြဆိုခဲ့ပြီးသော အစီအရင်တို့ကား ယခုကာလ၌ ရှိကြသော သူသူငါငါ အများတို့နှင့် သင့်လျော်သော အစီအရင်တို့ပေတည်း။ ယခုကာလ၌ ရှိကြသော သူတို့မူကား ဣန္ဒြိယသံဝရ သီလပြည့်စုံရုံမျှ ကာယဂတာသတိတည်မှုဌာပင်လျှင် အလွန်ခဲယဉ်းကုန်၏။ "ငါသွားသည်၊ ငါရပ် သည်" အစရှိသည်တို့၌ "ငါ"ဟူသော သတ္တသညာ၊ အတ္တသညာ၊ ဧဝံသညာ ကွာပျောက်စေရန် အခွင့်နှင့် အလွန်ဝေးကွာကြကုန်၏။ (အနတ္တ ဒီပနီ)

မှတ်နည်းကို သမထ ဆိုရကြောင်း အချုပ်မှာ ဣရိယာပထကို သမာဓိလို၍ သမထ အနေ ရှုပွားလိုသော်-

သွားသောအခါ၌- "သွားတယ်၊ သွားတယ်၊ လှမ်းတယ်၊ လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်"ဟု မှတ်ပါ။

ရပ်သောအခါ၌ 'ရပ်တယ်၊ ရပ်တယ်'ဟု မှတ်ပါ။
ထိုင်သောအခါ၌ 'ထိုင်တယ်၊ ထိုင်တယ်'ဟု မှတ်ပါ။
အိပ်သောအခါ၌ 'အိပ်တယ်၊ အိပ်တယ်'ဟု မှတ်ပါ။

အဘယ့်ကြောင့် ...းမှတ်နည်းတို့ကို သမထဟု ဆိုသနည်း။ ပညတ်ရပ် အမူအရာတို့ကို ကမ္မဋ္ဌာန်း လုပ်ငန်းအဖြစ်ထားပြီး မှတ်နေ၍ လည်းကောင်း။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှုကိစ္စ မူရင်းသဘာဝ ဝါယောဓာတ်ကို မရှုပွားဘဲ 'ခြေ'ဟူသော ပညတ်၊ 'ညာလှမ်းဗယ်လှမ်း'ဟူသော ပညတ်၊ 'ကြွ-ချ'ဟူသော ပညတ်တို့ကို အဓိကထားပြီး မှတ်နေ၍လည်းကောင်း၊ 'ပဇာနာတိ=ဟူသော ဉာဏ်ပညာသိပရမတ္ထသဘာဝ၊ ဣရိယာပထ လုပ်ငန်း ရှုပွားခန်းမဟုတ်၍ သမထဟု ဆိုသတည်း။

ကြိုတင်သိရန် သွားခိုက်၌ အင္ဂကထာ ပြသည့်အတိုင်း ဝိပဿနာအနေ ရှုပွားလိုသော် အောက်ပါ အချက်တို့ကို ဉာတပရိညာအနေ ကြိုတင် သိထားရပေမည်။

http://www.dhammadownload.com

'ဘယ်ပုဂ္ဂိုလ်၊ သတ္တဝါ၏ သွားခြင်းနည်း။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါ၏ သွားခြင်း မဖြစ်နိုင်'

'ဘယ်ပုဂ္ဂိုလ်၊ သတ္တဝါ သွားသနည်း။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါမသွား'

'ဘယ့်ကြောင့် သွားသနည်း။ သွားလိုသော စိတ်သည် ပြုစီရင်အပ်သော ဝါယောဓာတ် သတ္တိလွန်ကဲသော ရုပ်ကလာပ်၏ တုန်လှုပ်ခြင်းကြောင့် သွား၏။

ထို့ကြောင့် 'ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ=သွားလျှင်လည်း သွားသည်ဟု သိ၏။' ဟူ၍ ဆိုရာ၌ ဤသို့ အပြားအားဖြင့် သိ၏။

၁။ 'ငါသွားအံ့'ဟု သွားလိုစိတ် ဖြစ်၏။

၂။ ယင်းစိတ်သည် ဝါယောဓာတ် သတ္တိလွန်ကဲသော ရုပ်ကလာပ်ကို ဖြစ်စေ၏။

၃။ ယင်းရုပ်ကလာပ်သည် ကာယဝိညတ်ကို ဖြစ်စေ၏။

၄။ သွားလိုစိတ်သည် ပြုစီရင်အပ်သော ဝါယောဓာတ် သတ္တိလွန်ကဲသော ရုပ်ကလာပ်၏ တုန်လှုပ်ခြင်းကြောင့် တစ်ကိုယ်လုံးကို ရွှေ့သို့ဆောင်ခြင်း ကို 'သွားခြင်း'ဟူ၍ ဆိုအပ်၏။

လက္ခဏာများ သိသင့်၏ အိုစာရှူသူ၊ အထက်ပါ အဋ္ဌကထာ စကားအရ သွားခိုက်၌ ဝိပဿနာအနေ ရှုပွားလိုသော် ဝါယောဓာတ်ကို ထင်မြင်အောင် ရှုရမည်ဆိုသည်မှာ မထင်ရှားပါလော။ သို့ဖြစ်၍ စာရှူသူသည် 'တိုးသဘော၊ တွန်း၊ ကန်၊ ထောက်၊ မ၊ ဖိ၊ မြှောက်၊ ထိန်း၊ ရွေ့၊ လွှဲ သဘော' စသော ဝါယောဓာတ်၏ လက္ခဏာရသ သဘောတို့ကို ကြိုတင်၍ သိရှိကျက်မှတ်ထားပါ။

သွားခိုက်၌ရှုပုံ သွားခိုက်၌ ဝိပဿနာအနေ ရှုပွားလိုသော် အပြင်ရှိ ခြေဖဝါး၊ ဒူး၊ ပေါင်၊ ကိုယ်ကြီးစသော မျက်မြင်ပညတ်နိမိတ် အာရုံတို့ကို ငုံ့ကြည့်ကာ 'သွားတယ်၊ သွားတယ်'ဟု သမထအနေနဲ့ မမှတ်ဘဲ 'အဋ္ဌတ္ထံ ဝါကာယေ' အရ သွားမှုခေါ် ဝါယောလေဓာတ် ရုပ်ပရမတ်၏ 'ရွှေ့လျားမှု' ကို မူလစတင်၍ ဖန်တီးပေးရာ အတွင်း အဋ္ဌတ္တဘက်သို့ အသိနှင့်

http://www.dhammadownload.com

သတိကို စူးစိုက်၍ ရှုပွားပါ။

ယင်းသို့ ရှုပွားသော် အပြင်၌ သွားမှု တစ်ခုခေါ် ခြေတစ်လှမ်းစာ လှမ်းထွက်လာရေးနှင့် လှမ်းထွက်နိုင်ရေးအတွက် အတွင်းဘက်မှစ၍ 'ရွမှု-ရွှေ့မှု' ပေါင်းများစွာတို့ 'တရွရွ-တရွှေ့ရွှေ့' ပေါ်လာသည်ကို သိလာ၊ တွေ့လာပါလိမ့်မည်။

ယင်းသို့ အတွင်းဘက်က ရွမှု၊ ရွှေ့မှုများစွာတို့ စုပေါင်းမိမှ အပြင်မြင် သွားမှုတစ်ခုခေါ် ခြေတစ်လှမ်းစာ ပေါ်ထွက်လာသည်ကို ယောဂီဉာဏ်တွင် ခဏအတွင်းမှာပင် မြင်တွေ့လာပါလိမ့်မည်။

ယင်းသို့ မြင်တွေ့လာသောအခါ ရွမှု၊ ရွှေ့မှု၊ ငယ်ငယ်တွေ များစွာ စုပေါင်းမိလိုက်ရင်း အပြင်မြင် တသွား၊ တလှမ်း၊ ကိစ္စကြီးတစ်ခု ပြုလိုက်ရင်းဖြင့် အရှိန်ရလာကာ အပြင်သွားမှုခေါ် တလှမ်းအတွက် အတွင်းသွား မှုခေါ် ရွမှု-ရွှေ့မှုတွေ တပုံတပင်ကြီး အားစု ဆက်ပေးနေရာ အတွင်းသွား မှုတွေ ကိစ္စပြီးမှ အပြင်သွားမှုခေါ် ခြေတလှမ်းဟာ နောက်ဆုံးအလုပ်ပါ တကားဟု မြင်တွေ့လာပါလိမ့်မည်။

ထို့နောက် အတွင်းသွားမှုခေါ် ရွှေ့မှုအတွက် လှုပ်မှုက အလျင်လာနေပုံကို လည်းကောင်း၊ ယင်းလှုပ်မှုအတွက် တွန်းမှုက အလျင်လာနေပုံကို လည်းကောင်း၊ ယင်းတွန်းမှုအတွက် စေ့ဆော်မှုက အလျင်လာနေပုံ ကို လည်းကောင်း၊ ယင်းစေ့ဆော်မှုအတွက် ညွှတ်မှုက အလျင်လာနေပုံ ကို လည်းကောင်း၊ ယင်းညွှတ်မှုအတွက် ညွှတ်လိုမှုက အလျင်လာနေပုံကို လည်းကောင်း တွေ့မြင်လာပါလိမ့်မည်။

ထိုအခါ အတွင်း အဇ္ဈတ္တအရ၌ အတွင်းထက် အတွင်း အဆင့်ဆင့်တွေကိုပါ တိုးဆင့်၍ မြင်လာတော့သဖြင့် အပြင်မျက်စိဖြင့် မြင်သိနိုင်သော ခြေတလှမ်း ပေါ်ထွက်လာနိုင်ဖို့အတွက် အတွင်းမှ စတင်၍ လှမ်းထွက်နေကြသော-

၁။ နာမ်ခြေလှမ်း အဆင့်ဆင့်တွေမှ

၂။ ရုပ်ခြေလှမ်း အဆင့်ဆင့်သို့

ကူးဆက်သွားပြီးလျှင် သွားတယ်ခေါ် အရွှေ့ကြီးတစ်ခု ဖြစ်သော ခြေတလှမ်းဖြစ်ပေါ်လာပုံကို အတွင်းသွားမှု အစကို စူးစိုက်လျက် အသိကပ် ရှု

http://www.dhammadownload.com

ပွားရုံနဲ့ မြင်တွေ့နိုင်တော့၏။

ပုံစံခင်း၍ ရှင်းအံ့ ထို့ထက်လင်းအောင် ပုံစံခင်း၍ ရှင်းအံ့။ ယောဂီသည် စုံရပ်ထားပြီး သွားမှုပြုလိုသော် ညာခြေကစ၍ လှမ်းတော့မည်ဟု စိတ်မှန်း၊ စိတ်ကူး၊ စိတ်ညွတ်လိုက်ရာ ချက်ချင်း ညာခြေကို လှမ်းနိုင်၊ ရွှေ့နိုင်၊ မယူနိုင်သည် မဟုတ်သေးပေ။

အကြောင်းမှာ အပေါ်မှ ဖိထားသော ကိုယ်အလေးဝန်ကြီးအတွက် ပေါ့သွားဖို့ရန် ညာခြေပေါ်၌ ပိနေ၊ ရှိနေသော အလေးဝန်တွေကို ဗဟိခြေပေါ်သို့ ပြောင်းသွားအောင် ယာယီ ပေါင်း၍ ထည့်ပေးလိုက်ရန် ဗဟိခြေပေါ်သို့ အပေါ်ပိုင်း ကိုယ်ကြီးကို စောင်းငဲ့ဖိ၍ ညွတ်ပေးလိုက်မှ ညာခြေပေါ်မှ အလေးဝန်တွေ ပေါ့သွားတော့၏။

ထိုအခါ ညာခြေကို မ,ယူဖို့၊ ရွှေ့တွန်းပေးဖို့၊ လှမ်းနိုင်ဖို့အတွက် အတွင်းမှစတင်၍ လှုံ့ဆော်မှု၊ မ,ယူမှု၊ ကြွစေမှု၊ ရှေ့တွန်းပို့မှု စသည်တို့ကို အလုပ်အမျိုးမျိုး ကူးဆက်စိုက်ပေးမှ ခြေတလှမ်းခေါ် ရွှေ့လျားမှုကြီးတစ်ခု ပြုလုပ်မှုပေါ်လာရာ ထိုတလှမ်းအတွက် အတွင်းမှစ၍ ညွတ်လိုမှု၊ ညွတ်မှု၊ ထိုမှတဆင့် စေ့ဆော်မှု၊ ထိုမှတဆင့် စိတ္တဇဝါယောဓာတ်ခေါ် စိတ်မှပေါ်လာသော လေရုပ်၏ လှုပ်ရှားပေးလာမှု တိုးမှု၊ ရွမှု၊ ရွှေ့မှု၊ အဆင့်ဆင့်တို့ မှ ပကတိမျက်စိဖြင့် မြင်သိနိုင်သော သွားမှုခေါ် ခြေတလှမ်းအဖြစ် ပေါ်လာမြင်လာတော့၏။

ပညာမဝင်နိုင် ဗဟိခြေဖြင့်လှမ်းသည့်ကိစ္စမှာလည်း ညာခြေကိစ္စတွင် ဖြစ်ပေါ်ကြသော သဘာဝအစဉ်အတိုင်းပင်ဖြစ်၍ ထောက်ဆပြီး သိပါလေ၊ ယင်းသို့ ဘုရားရှင်အလိုတော်ကျ ပါဠိတော်နှင့် အဋ္ဌကထာတို့အရ ကိုက်ညီစေအောင် 'အဏ္ဏတ္တံဝါကာယေ' အရ အတွင်းသွားမှုကစ၍ ရှုပွားခဲ့သော်-

၁။ မိန်းမ၊ ယောကျ်ား၊ ရဟန်းစသော ပုဂ္ဂလပညတ်၊
၂။ လူ၊ ခွေး၊ ကြက်၊ ဝက်စသော သတ္တပညတ်၊
၃။ ငါ၊ ငါ့ဥစ္စာ၊ ငါ့ကိုယ်ဟူသော အတ္တပညတ်၊
၄။ အစုအပုံဟူသော သမူဟပညတ်၊

http://www.dhammadownload.com

၅။ အတုံးအခဲ စသော ဃနပညတ်၊

၆။ အလုံး၊ အပြား၊ အတို၊ အရှည်စသော သဏ္ဌာန်ပညတ်၊

၇။ အပြတ်မရှိ ဆက်နေသော သန္တတိပညတ်ဟူသော ဤပညတ်များ ဝင်စရာ၊ ထင်မြင်စရာ မရှိတော့ဘဲ-

၁။ နာမ်ဘက်မှလည်း ညွှတ်လိုမှု၊ ညွှတ်မှု၊ စေ့ဆော်မှု ဟူသော နာမ်အစိတ်စိတ် အမြွာမြွာမျှသာ။

၂။ ရုပ်ဘက်မှလည်း တိုးမှု၊ တွန်းမှု၊ ရွှမှု၊ ရွေ့မှုဟူသော ရုပ် အစိတ်စိတ် အမြွာမြွာမျှသာ။

ပေါ်လာ၊ ရှိလာပုံတို့ကို တွေ့လာ သိလာသဖြင့် မှားသော မိစ္ဆာဉာဏ်၏ အာရုံနှင့် ကိလေသာ၏ အာရုံအသွင် ထင်မြင်နိုင်ရန် အထက်ပါ ပညတ် ၇ မျိုးအနေသို့ ရောက်နိုင်သော အခြေခံမှ ကင်းလွတ်သွားသဖြင့် 'ပရမတ်ရုပ် ကိစ္စမျှကိုသာ' တွေ့ရှိနိုင်တော့ရာ သွားမှု၏ အစကပင် လုံးဝ ကင်းလွတ်သွားပေပြီ။

ဆောင် ၁။ သွားခိုက်ရှာဘိ၊ ကိုယ်တွင်ကြည့်၊ ကိုယ်ရွှေ့သိနေပါ။

၂။ လက်နှစ်ဘက်လွဲ၊ သွားနေဆဲ၊ လှုပ်လွဲသိနေပါ။

နိဗ္ဗာန်ရောက်နိုင် အို စာရှုသူ၊ မိမိ၏ တာဝန်သည် ဤမျှဖြင့် လုံလောက်ပြီ၊ ကျေပြီထင်ပါ၏။ ဆက်လက် ရှုပွားသော **'သာဝကာဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမသိတ္တာ နိဗ္ဗာနံ ပါပုဏန္တိ** = သာဝက တို့သည် ဓါတ်ကြီးလေးပါးတို့တွင် တစိတ်တဒေသ တစ်ပါးမျှကိုလျှင် သုံးသပ် ရှုပွားနိုင်သော် နိဗ္ဗာန်သို့ ရောက်နိုင်ကုန်၏' ဟူသော မူလ ပဏ္ဍာသ၊ မူလ ပရိယာသုတ် အဋ္ဌကထာအရ ပါရမီရှိအံ့၊ ဉာဏ်စဉ်တက်၍ မဂ်အဆုံးထိ ဆိုက်နိုင်ပါ၏။ ပါရမီ မရှိအံ့၊ သခ်ါရပေက္ခာဉာဏ်မျှနှင့် ရုပ်တန့်နေပါလိမ့်မည်။

ဆင်းရဲကင်းပျောက်ချမ်းသာရောက် အို စာရှုသူ၊ သာသနာဟူသည် ဘုရားရှင်၏ အဆုံးအမတွေကို ခေါ်၏။ ယင်း အဆုံးအမ သာသနာကို ပျော်ပျော်ကြီး ကျင့်ကြံ အားထုတ်ပါ။ အသင့်အား ယခုရော၊ နောင်ပါ ဆင်းရဲကင်းပျောက် ချမ်းသာရောက်ပါလိမ့်မည်။ သာဓက ပြဦးအံ့။

http://www.dhammadownload.com

အခါတစ်ပါး ရှင်သာရိပုတ္တရာသည် မဂဓတိုင်း နာလကရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ် သာမဏ္ဍကာနိပရိဗ္ဗိုဒ်သည် ရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးသော် ရှင်သာရိပုတ္တရာအား ဤသို့မေး၏။

'ငါ့ရှင် သာရိပုတ္တရာ၊ ဤဓမ္မဝိနယ သာသနာတော်၌ ချမ်းသာမှုဟူသည် အဘယ်နည်း။ ဆင်းရဲမှုဟူသည် အဘယ်နည်း'

'ငါ့ရှင်၊ ဤဓမ္မဝိနယ သာသနာတော်၌ မပျော်မွေ့မှုသည် ဆင်းရဲတည်း။ ပျော်မွေ့မှုသည် ချမ်းသာတည်း'

'ငါ့ရှင်၊ မပျော်မွေ့မှုရှိလျှင် သွားသော်လည်း ချမ်းသာမှု၊ သာယာမှုကို မရ၊ ရပ်သော် ထိုင်သော် လျောင်းသော် ရွာ တော သစ်ပင်ရင်း ဆိတ်ငြိမ်အရပ် လွင်တီးခေါင်နှင့် ရဟန်းတို့ အလယ်သို့ ကပ်ရောက်သော် လည်း ချမ်းသာမှု၊ သာယာမှုကို မရဟူသော ဤဆင်းရဲကို မချွတ်ဧကန် အမှန်ရလိမ့်မည်ဟု မျှော်လင့်နိုင်၏။

'ငါ့ရှင်၊ ပျော်မွေ့မှု ရှိလျှင် သွားသော်လည်း ချမ်းသာမှု။ သာယာမှုကို ရ၏။ ရပ်သော် ထိုင်သော် လျောင်းသော် ရွာ တော သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ် လွင်တီးခေါင်နှင့် ရဟန်းတို့ အလယ်သို့ ကပ်ရောက်သော်လည်း ချမ်းသာမှု သာယာမှုကို ရ၏ဟူသော ဤချမ်းသာကို မချွတ်ဧကန်ရလိမ့်မည်ဟု မျှော်လင့်နိုင်၏။ (ဒသဂုံတ္တရပါဠိတော်)

ရပ်ခိုက်၌ ရှုရန် ဌိတော ဝါ ဌိတောမိုတိ ပဇာနာတိ ရပ်လျှင်လည်း ရပ်သည်ဟု သိ၏။ ဟူ၍ ဆိုရာ၌ ဤသို့ အများ

- ့ သိ၏။

၁။ 'ငါရပ်အံ့' ဟု ရပ်လိုစိတ် ဖြစ်၏။

၂။ ယင်းစိတ်သည် ဝါယောဓါတ် သတ္တိလွန်ကဲသော ရုပ်ကလာပ်ကို ဖြစ်စေ၏။

၃။ ယင်း ရုပ်ကလာပ်သည် ကာယဝိညတ်ကို ဖြစ်စေ၏။

၄။ သွားလိုစိတ်သည် ပြုစီရင်အပ်သော ဝါယောဓါတ်သတ္တိ လွန်ကဲသော ရုပ်ကလာပ်၏ တုန်လှုပ်ခြင်းကြောင့် တစ်ကိုယ်လုံးကို အောက်အစွန်း ခြေဖဝါးအပြင်မှ စ၍ စိုက်ထောင်အပ်သည်၏

http://www.dhammadownload.com

အဖြစ်ကို 'ရပ်ခြင်း' ဟူ၍ ဆိုအပ်၏။

(သုတ်မဟာဝါအဋ္ဌကထာ)

ရပ်ခိုက်၌ ရှုပုံ ယင်း အဋ္ဌကထာအရ ရပ်ခိုက်၌ ဝိပဿနာအနေ ရှုပွားလိုသော် အပေါ်မြင် မျက်စိမြင် မတ်မတ်ကြီး ရပ်နေမှုကို ကြည့်ကာ 'ရပ်တယ်၊ ရပ်တယ်' ဟု သမထအနေနဲ့ မမှတ်ဘဲ 'အဇ္ဈတ္တံ ဝါကာယေ' အရ ရပ်တည်မှု၏ အတွင်းသို့ အသိနှင့် သတိကို စူးစိုက်ရှုပွားပါ။

ယင်းသို့ ရှုပွားသော် 'ရပ်တယ်၊ ရပ်နေတယ်' ဟု ယူဆထားကြသော ရပ်ရုပ်အစုကြီးကို ယိုင်လဲမသွားအောင် ငိုက်စိုက်ကြီး မဖြစ်စေဘဲ တည့်မတ်စွာ ရှိနေအောင် ထိန်းထားပင့်ထားရသော ဗျာပါရကိစ္စများစွာတို့ကို အထပ်ထပ် လုပ်ပေးနေရပုံကို သိရှိ၍လာလိမ့်မည်။

ထိုအခါ ရပ်တည်မှုကိစ္စ တခဏအတွက်မှာပင် ထိန်းထားရ ထိန်းပေးရ ပင့်ပေးရသော ဗျာပါရ ကိစ္စတို့သည် အကြိမ်ပေါင်းများစွာ ထပ်ဆင့်၍ အားစိုက်ဖေးမ၊ ပြုပြင်ပေးနေရပုံကို တိုး၍ တိုး၍ သိမြင်လာလိမ့်မည်။

ဥပမာပြုသော် မရပ်နိုင်သေးသော ကလေးငယ်အား ရပ်နေစေရန် ချိုင်းနှစ်ဖက်မှ ဗယ်ညာ မပေးထားရစဉ် ကလေးလွတ်ကျမသွားအောင် ဖေးမ ထိန်းပေးနေရသလို ရပ်နေသော မိမိခန္ဓာကိုယ်ကိုလည်း ယိုင်လဲ မသွားပုံကျမသွားအောင် ဖေးမပေးနေသလို ရှိ၏။

တဖုံဆိုသော် စီးထားသော စက်ဘီးလဲကျမသွားအောင် ထိန်းထားရသလိုနှင့် ရှေ့တည့်တည့်သွားနေအောင် ပြုပြင်ပေးသလိုနှင့်လည်း တူလှ၏။

ထိုအရ အပြင်မှ မြင်နေကြသည်မှာ ရပ်တယ်ဆိုသည်မှာ သစ်ငုတ်တိုနှင့် တိုင်တို့လို သူ့ဟာသူ မတ်မတ်ကြီး ရပ်တည်နေနိုင်သလို ရပ်သူမှာလည်း ရှိနေလိမ့်မည်ဟု ထင်ကြရ၏။

သို့ရာတွင် ရပ်မှုကိစ္စကို အတွင်းမှ စူးစိုက်ရှုပွားခဲ့သော် ထိုထင်တဲ့ အတိုင်းမဟုတ်ဘဲ ရပ်တည်နိုင်ရေးအတွက် 'တောင့်၊ တင်း၊ ပင့်၊ မ၊ ထိန်းပေးမှု' တွေသည် တစ်ခုပြီး တစ်ခု တရွနှင့် တရွ ဆက်ကာဆက်ကာ အားစိုက်ပြုပြင်ပေးနေရသည်ကို တွေ့ရပေမည်။

ငင်းအတွေ့သဘောကို ထောက်စာလိုက်လျှင် အပြင်ရပ်ခိုက် တခဏ

http://www.dhammadownload.com

အတွက် အတွင်းမှ 'တွန်းပေး၊ တောင့်၊ တင်း၊ ပင့်၊ မ၊ ထိန်းပေး' ဟူသော အတွင်းရုပ်မှုကလေးတွေ များစွာစုမိမှ အပြင်ရုပ်မှုကြီးတစ်ခု၊ ဖြစ်နိုင်သည်ကို တွေ့သိလာလိမ့်မည်။ ယင်းအရ အပြင်မြင်နှင့် အတွင်းတွေ့ သဘော ခြားနား သိဟု သိရာ၏။

ဤသို့အားဖြင့် ရုပ်မှုအချိန် ကြာလေလေ အတွင်းမှ ရုပ်မှုတည်နိုင် ရေးအတွက် ဗျာပါရကိစ္စ အဝဝတွေ ပို၍ သိသာထင်ရှားလာသည့်ပြင် ကလေးငယ်အား ချိုင်းမှ မ၍ ထိန်းပေးနေရသလို ဗျာပါရတာဝန်တွေကို ထမ်းဆောင်နေရသည်မှာ ဝန်လေးသလို ရှိလာတော့၏။

ဆောင် ၁။ ရုပ်မှုအရ၊ ထိန်းကိစ္စ၊ သိမှ ပြီးနိုင်ရာ၊

၂။ ထက်အောက်အပါ၊ ခွဲစိတ်ဖြာ၊ ထိန်းရာ ဝါယောသာ။

ဤသို့ဖြင့် ဆက်လက်ရှုပွားသော် သတိ၊ သမာဓိ၊ ပညာတို့ အားကောင်း သလောက် ဉာဏ်စဉ်တက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ပေါက်မြောက်နိုင် သော ဟူ၏။

ထိုင်မှုဒွန်ရှင်းလင်းချက် 'နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ = ထိုင်လျှင်လည်း ထိုင်သည်ဟု သိ၏' ဟူ၍ ဆိုရာ၌ ဤသို့ အများအားဖြင့် သိ၏။

၁။ 'ငါထိုင်အံ့'ဟု ထိုင်လိုစိတ် ဖြစ်၏။

၂။ ယင်းစိတ်သည် ဝါယောဓာတ်သတ္တိ လွန်ကဲသော ရုပ်ကလာပ်ကို ဖြစ်စေ၏။

၃။ ယင်းရုပ်ကလာပ်သည် ကာယဝိညတ်ကို ဖြစ်စေ၏။

၄။ ထိုင်လိုစိတ်သည် ပြုစီရင်အပ်သော ဝါယောဓာတ်သတ္တိ လွန်ကဲသော ရုပ်ကလာပ်၏ တုန်လှုပ်ခြင်းကြောင့် အောက်ပိုင်းကိုယ်ကို ကွေးခြင်း၊ ခွေခြင်း၊ အထက်ပိုင်းကိုယ်ကို စိုက်ထောင်အပ်သည်ကို 'ထိုင်ခြင်း'ဟူ၍ ဆိုအပ်၏။ (သုတ်မဟာဝါ အဋ္ဌကထာ)

ယင်းအဋ္ဌကထာအရ ထိုင်ခိုက်၌ ဝိပဿနာအနေ ရှုပွားလိုသော် ကိလေ

http://www.dhammadownload.com

သာ သိမျိုးဖြစ်သော အပေါ်မျက်စိမြင် ငုတ်တုတ်ထိုင်ပုံကြီးကို ကြည့်ကာ 'ထိုင်တယ်၊ ထိုင်တယ်' ဟု သမထအနေနဲ့ မမှတ်ဘဲ အချွတ်ခွာ အတွင်းရှိ ဝါယောဓာတ်သဘောကို မြင်အောင် ရှုပွားရလေ၏။

ယင်းသို့ ရှုပွားရာတွင် ထိုင်မှုပေါ်လာချက် ၂ မျိုးကို ဦးစွာသိထားရမည် ဖြစ်၏။ မှန်၏။ ထိုင်မှုအနေသို့ ပေါ်လာခြင်းသည် ၂ မျိုးရှိ၏။ ယင်း ၂ မျိုးကား-

၁။ အိပ်မှုမှ လာသော ထိုင်မှု၊

၂။ ရပ်မှုမှ လာသော ထိုင်မှု၊

ဟူ၍ ၂ မျိုးရှိ၏။ ယင်း ၂ မျိုးတွင်-

၁။ အိပ်မှုမှ ပေါ်လာသော ထိုင်မှုမှာ တစ်ကိုယ်လုံး စန့်စန့်ကြီး လဲထားရာမှ ထိုင်မှုပြုလိုသော် အထက်တစ်ပိုင်းကို ထောင်ပေးလိုက်ရုံနှင့် ထိုင်မှုအနေ ရောက်သွားတော့၏။

၂။ ရပ်မှုမှ ပေါ်လာသော ထိုင်မှုမှာ တစ်ကိုယ်လုံးထောင်ထားရာ မှ ထိုင်မှုပြုလိုသော် အောက်တစ်ပိုင်းကို ကွေးပေး၊ ခွေပေးလိုက်ရုံနှင့် ထိုင်မှုအနေရောက်သွားတော့၏။

ထိုသို့ ထိုင်မှုပေါ်ချက် ၂ မျိုးရှိနေသဖြင့် ထိုင်မှုအပေါ်မှာ စတင်၍ ရှုပွားနည်းမှာလည်း ၂ မျိုးရှိ၏။

အိပ်မှုမှလာသော ထိုင်မှုရှုပုံ သို့ဖြစ်၍ အိပ်မှုမှ ပေါ်လာသော ထိုင်မှုကို ရှုပွားလိုသော် အိပ်ရာမှ ထိုင်ရာဘက် သို့အားပြုကာ အထက်ပိုင်း ကိုယ်ကို ထောင်လာစေရန် အတွင်းမှ 'ပင့်ပေး၊ မ၊ တောင့်၊ တင်းပေး' ရသော ဗျာပါရကိစ္စတွေ စတင်ချိန်က စ၍ ထိုင်မှုအနေသို့ ရောက်လာအောင် အားစိုက်ပေးရသော ကိုယ်ကာယ၏ ယင်းဗျာပါရတွေကို အလွတ်မရှိအောင် စူးစိုက်ကာ သတိ အသိဖြင့် ရှုပွားနေရမည်။

ထိုအခါ အိပ်မှုမှ ထိုင်မှုအနေသို့ ရောက်အောင် အားစိုက်ပေးရသမျှ ကာယ၏ ဗျာပါရကိစ္စ အဝဝတို့သည် ရှုပွားရန် ရုပ်ကမ္မဋ္ဌာန်းအတွက် အာရုံရှုကွက်တွေ ဖြစ်လာတော့၏။

ထို့နောက် ဆက်လက်၍ နေထိုင်ဆဲမှာ အိပ်မှုဘက်သို့ ပြန်၍

http://www.dhammadownload.com

လဲကျမသွားအောင် 'ထိန်းပေး' ရမှုတွေ ရှေ့ဘက်သို့ ငိုက်မကျအောင် ဘေး ၂ ဘက်နှင့် ကျောဘက်သို့ လန်မကျ၊ ယိုင်မကျအောင် မတ်မတ် ထိုင်နေအောင် 'ထိန်းပေး' ရမှုတွေဟု ထိုင်မှုအတွက် အတွင်းမှ ထိန်းပေး နေရမှုတွေ များစွာ ရှိနေရာ ၄င်းတို့ကို တွန်းပေးကာ အသိနှင့်သတိတို့ ပေါ်နေသည်ကိုပင် ထိုင်မှုကိစ္စကို သိနေသည်ဟု ဆို၏။

ရပ်မှုမှလာသော ထိုင်မှုရှုပုံ ရပ်မှုမှ လာသော ထိုင်မှုအပေါ်တွင် စတင် ရှုပွား လိုသော် မရပ်မီ သွားနေ၊ လှမ်းနေခဲ့သော ပင်ပန်းမှု ဒဏ်တွေ ထို့နောက် ရပ်နေရသော ပင်ပန်းမှုဒဏ်တွေကြောင့် သက်သာသလို ပင်ပန်းဖြေလို၍ ထိုင်မှုကို ပြုလုပ်ရာတွင် သက်မဲ့ ထင်းတုံး ကျောက်တုံး စသည်ကို ပစ်ချလိုက်သလို ခန္ဓာကိုယ်ကြီးကို ပစ်ချလိုက်ကြသည် မဟုတ်ပေ။

အဟုတ်မှာ ဖရိုဖရဲနှင့် ဒရောသောပါး ကျမသွားအောင် ဥပမာ ကွဲတတ်သော ပစ္စည်းနှင့် စောင်းဖိတ်တတ်သော ပစ္စည်းများကို အသာအယာ ဖေးဖေးမမ ချထားသလို ခန္ဓာကိုယ်ကိုလည်း ဖေးဖေးမမနှင့် တွန်းပြီး ထိုင်ချကြလေ၏။

ယင်းသို့ သွားမှု၊ ရပ်မှုဒဏ်တွေကို သက်သာအောင် ထိုင်မှုပြုလာ စဉ်မှာ ဖေးဖေးမမ တွန်းပေးရသော အတွင်းရှိ ဗျာပါရကိစ္စတွေကို အသိ မလွတ်အောင် သတိထား၍ ရှုပွားရမည်။

ထို့နောက် ဆက်၍ ထိုင်စဉ်တွင် ရှေ့သို့ ငိုက်မကျအောင် နောက်သို့ လဲမကျ လန်မကျအောင် ဘေး ၂ ဘက်သို့ ယိုင်လဲမသွားအောင် မတ်မတ် တည့်တည့် ထိုင်နေအောင် တွန်းပေး၊ ပင့်ပေးနေမှုမျိုးတွေကို အသိ မလွတ်အောင် သတိထား၍ ရှုပွားရမည်။ ယင်းသို့ ရှုပွားနေမှုမျိုးကို ထိုင်မှုကိစ္စစုကို သိနေသည်ဟု ဆို၏။

ထိုအရ ဆက်၍ ထိုင်နေရာ၌ ထိုင်မှုကိစ္စ မချွတ်ယွင်းအောင် ဆက်၍ အတွင်းမှ တွန်းပေးနေရသော ဗျာပါရကိစ္စတွေ အပေါ်မှာ အသိကို ကပ်ကာ ရှုပွားနေခဲ့လျှင် ထိုင်မှုဆိုသည်မှာ ရပ်မှု အသေးစားတစ်မျိုးပင် ဖြစ်ပုံနှင့် 'ပင့်မှု၊ မ၊ ထောက်ကန်မှု' တွေအောက်မှာ ငုံ့ခံနေရသလို ထင်လာ ပေါ်လာတော့၏။

ထို့ပြင် သိလာပြန်သည်မှာ ထိုင်မှုကို တွန်းပေးနေရစဉ် ပင်ပန်းလာ၍ ငိုက်မြည်းမှု ဝင်လာရာ အသိလစ်သွားသဖြင့် ဘေးဘက်သို့ ယိုင်သွားမှ

http://www.dhammadownload.com

ဆတ်ကနဲ ရုတ်တရက် အသိပြန်ဝင်လာမှ ပြန်၍ တွန်းပေးရသည် ကို သိရသော် ထိုင်မှုအတွက် သတိလစ်၍ မရနိုင်ပုံကိုပါ ပို၍ ထင်ရှား စွာ သိရှိလာတော့၏။ ဆက်ရှုသော် ယောဂီ၏ ပါရမီအလိုက် ဉာဏ်စဉ် တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်နိုင်ပါလိမ့်မည်။ (ဉာဏ် လေ့ကားကျမ်းကြီး)

ဆောင် ၁။ ထိုင်မှုအရ၊ ထိန်းကိစ္စ၊ သိမှ ပြီးနိုင်ရာ၊
၂။ ထိုင်မှုထွေထွေ၊ ထိန်းကာနေ၊ သိလေ ဝါယောသာ။

အဖုံးဖွင့်နည်း တရားလောကတွင် အပြောများသော စကားတစ်ခုမှာ 'အိုစွကို သန္တာ ဖုံးသည်၊ ဒုက္ခကို ဣရိယာပုတ်ဖုံးသည်၊ အနတ္တကို ဃနဖုံးသည်' ဟူသော စကားဖြစ်၏။ ယင်းအရ အဖုံးကို သိပြီ၊ အဖုံးဖွင့်နည်းသာ သိရန် လိုတော့၏။ အဖုံး ဘယ်သို့ ဖွင့်မည်နည်း။

သန္တတိဖွင့် **'အနိစ္စ လက္ခဏာ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ** = အနိစ္စလက္ခဏာသည် အဖြစ်အပျက်တို့ကို နှလုံးမသွင်းခြင်း အစဉ် သန္တတိပညတ်သည် ဖုံးလွှမ်းအပ်သည့် အဖြစ်ကြောင့် မထင်။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

'သာ စ သန္တတိ ဥဒယဗ္ဗယာ မနသိကာရေန ပဋိစ္ဆာဒိကာ ဇာတာ = ထိုသန္တတိပညတ်သည် အဖြစ်အပျက်ကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းခြင်း ဖြစ်၏။ (ဝိသုဒ္ဓိမဂ်ဋီကာ)

'ဥဒယဗ္ဗယာနု ပရိဂ္ဂဟေတ္ဝာ သန္တတိယာ ဝိကောပိတာယ အနိစ္စ လက္ခဏာ ယာထာဝ သရသတော ဥပဋ္ဌာတိ = အဖြစ်အပျက်ကို သိမ်းဆည်း၍ သန္တတိပညတ်ကို ဖျက်စီးအပ်သည် ရှိသော် အနိစ္စလက္ခဏာသည် မိမိ ကိစ္စအားဖြင့် ထင်ရှား၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

'သန္တတိပညတ်ကို ဖျက်စီးအပ်သည်ရှိသော်' ၌ ရှေ့နောက် အစဉ်အား ဖြင့် ဖြစ်ကုန်သော တရားတို့ကို အချင်းချင်း တစ်ပါးစီ တစ်ပါးစီ၏ အဖြစ်ကို ကောင်းစွာ မှတ်သား ရှုပွားသဖြင့် သန္တတိပညတ်ကို ဖျက်စီးရမည်၊ ခွာရမည်၊ ဖွင့်ရမည်။

http://www.dhammadownload.com

မှန်၏။ အဖြစ်အပျက်ကို ကောင်းစွာ ရှုပွားသော ယောဂီအား တရား တို့သည် ဆက်စပ်သည်၏ အဖြစ်ဖြင့် မထင်ကုန်။ အမှန်ကား စီ၍ ထားသော သံလုံး၊ သံချောင်းတို့ကဲ့သို့ မဆက်မစပ်သည်၏ အဖြစ်ဖြင့် ထင်ကုန်၏။ ထို့ကြောင့် အနိစ္စလက္ခဏာသည် ကောင်းစွာ ထင်ရှားလာ၏။ (ဝိသုဒ္ဓိမဂ်ဋီကာ)

ဣရိယာပထဖွင့် 'ဒုက္ခ လက္ခဏံ အဘိဏှ သမ္မဋ္ဌိပိဋ္ဌနသ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ = ဒုက္ခလက္ခဏာသည် မပြတ်အဖန်တလဲလဲ နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်း၊ ဣရိယာပုတ်တို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် မထင်။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

'တေ စ ဣရိယာပထာ အဘိဏှသမ္မဋ္ဌိပိဋ္ဌနာ မနသိကာရေန ပဋိစ္ဆာဒနာ ဇာတာ = ထိုဣရိယာပုတ်တို့သည် မပြတ် အဖန်တလဲလဲ နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းကုန်၏။ (ဝိသုဒ္ဓိမဂ်ဋီကာ)

'အဘိဏှသမ္မဋ္ဌိပိဋ္ဌနံ မနသိကတ္တာ ဣရိယာပထေ ဥပ္ပဋိဋ္ဌိတေ ဒုက္ခလက္ခဏ ယာထာဝသရသတော ဥပဋ္ဌာတိ' = သိမ်းဆည်းအပ်ပြီးသော အဖြစ်အပျက်၏ အစွမ်းအားဖြင့် သန်္ဓိရတရားတို့၏ မပြတ်အဖန်တလဲလဲ နှိပ်စက်သည်၏အဖြစ်ကို နှလုံးသွင်း၍ ဣရိယာပုတ်၌ ရသင့်သော ဆင်းရဲ ဒုက္ခကို ဖုံးလွှမ်းတတ်သည့်အဖြစ်ကို ခွာအပ်သည်ရှိသော် ဒုက္ခလက္ခဏာ သည် မိမိက်စ္စ အားဖြင့် ထင်ရှား၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

'မပြတ်အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကို နှလုံးသွင်း၍' ၌ သိမ်းဆည်းအပ်သော အဖြစ်အပျက်၏ အစွမ်းအားဖြင့် သန်္ဓိရတရားတို့၏ အကြားမရှိ တစပ်တည်း နှိပ်စက်အပ်သည်၏ အဖြစ်ကို နှလုံးသွင်း ရှုပွားသော် ဒုက္ခလက္ခဏာသည် မိမိ၏ ကိစ္စအားဖြင့် ထင်ရှားလာ၏။

'ဣရိယာပုတ်ကို ခွာသည်ရှိသော်' ၌ ဣရိယာပုတ် တစ်ခု၌ ဖြစ်သော ဆင်းရဲဒုက္ခကို ပယ်ဖျောက်တတ်သော ဣရိယာပုတ်တစ်ပါးသည် ထိုဆင်းရဲကို ဖုံးလွှမ်းသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ဣရိယာပုတ်တို့၏ ထိုထိုဆင်းရဲကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကို ဟုတ်တိုင်း မှန်စွာ သိအပ် သည်ရှိသော် ထိုဣရိယာပုတ်တို့၏ ဆင်းရဲဒုက္ခကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကို ခွာနုတ်ဖွင့်လှစ်အပ်သည် မည်၏။ အဘယ်ကြောင့်နည်း။ သန်္ဓိရ တရားတို့၏

http://www.dhammadownload.com

မပြတ်မစဲ၊ ဆင်းရဲဒုက္ခဖြင့် ထိုးဆွ၊ နှိပ်စက်အပ်သည့် အဖြစ် ၏ ထင်ရှားသည့် အဖြစ်ကြောင့်တည်း။ (ဝိသုဒ္ဓိမဂ် ဋီကာ)

အထပ်ထပ်စဉ်းစားပါ အို စာရှုသူ၊ အထက်ပါ ဣရိယာပုတ် ခွာပုံစကား ကို အထပ်ထပ်ဖတ်ရှုပါ။ စဉ်းစားဝေဖန်ပါ။ မိမိ ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူးသည်မှာ 'ဒုက္ခကို ဣရိယာပုတ် ဖုံးတယ်' ထို့ကြောင့် 'ဒုက္ခထင်ရှားလာအောင် ခပ်ကြာကြာကလေး ထိုင်ပေးရမည်။ အထိုင် (ဣရိယာ ပုတ်) မဖျက်ရဘူး၊ သို့မှ ဒုက္ခပေါ်လာမည်။ ဣရိယာပုတ် ပွင့်သွားမည်' ဟူသော အယူအဆများကို အထပ်ထပ် စဉ်းစားပါ။

မဖုံးနိုင် 'သဗ္ဗေ သခ်ါရာ ဒုက္ခာ' ဟူသော ဒေသနာတော်အရ အခါခပ်သိမ်း ရုပ်နာမ်ဓမ္မ သခ်ါရ တရားတို့သည် အမြဲတမ်းပင် ဆင်းရဲ၏' ဟု ဟောထားရာ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာရှိသူ ယောဂီတို့မှာ အမြဲ တမ်းပင် သဘာဝလက္ခဏာနှင့် ဖြစ်မှု ပျက်မှုကို မြင်နေရသဖြင့် သခ်ါရ ဒုက္ခကို ဣရိယာပုတ်က ဖုံးမထားနိုင်ပါ။ နာကျဉ်ကိုက်ခဲမှုစတဲ့ ဒုက္ခကိုသာ ဣရိယာ ပုတ်က ဖုံးထားနိုင်ပါသည်။

ယောဂီ ရှုပွားရမည့် ဒုက္ခမှာ သခ်ါရဒုက္ခဖြစ်၏။ သို့ဖြစ်၍ ယောဂီ သည် ယင်းသခ်ါရ ဒုက္ခကို မြင်အောင် အထပ်ထပ် မပြတ်မလပ် ရှုပွား၍ ဣရိယာပုတ်ကို ဖွင့်ပါ။

ဃနဖွင့် 'အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိ ကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ = အနတ္တလက္ခဏာသည် ပထဝီ အာဘောစသော အထူးထူးသော ဓာတ်၊ ဖဿ၊ ဝေဒနာစသော အထူးထူး သော သဘာဝ ဓမ္မတို့ကို အသီးသီးခွဲခြမ်းဝေဖန်ခြင်းကို နှလုံး မသွင်းခြင်း ကြောင့် တခဲနက် ဃနသည် ဖုံးလွှမ်းအပ်သည့် အဖြစ်ကြောင့် မထင်။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

'နာနာဓာတုယော ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ပထာဝ သရသတော ဥပဋ္ဌာထိ = အထူးထူးသော ဓာတ်၊ သဘာဝ ဓမ္မတို့ကို

http://www.dhammadownload.com

အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြု၍ တခဲနက်ဃနကို ခွဲခြမ်း ဝေဖန်ခြင်းကို ပြုသည်ရှိသော် အနတ္တလက္ခဏာသည် မိမိကိစ္စအားဖြင့် ထင်၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

'အထူးထူးသောဓာတ် သဘာဝ ဓမ္မတို့ကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြု၍' ၌ အထူးထူးအပြားပြားကုန်သော ပထဝီ၊ အာပေါစသော ဓာတ်၊ အထူးထူးအပြားပြားကုန်သော ဖဿ ဝေဒနာစသော သဘာဝ ဓမ္မတို့ကို ပထဝီဓာတ်သည် တစ်ပါးတည်း အာပေါဓာတ်သည် တစ်ပါး တည်းစသည်ဖြင့် လည်းကောင်း၊ ဖဿသည် တစ်ပါးတည်း ဝေဒနာ သည် တစ်ပါးတည်း စသည်ဖြင့် လည်းကောင်း၊ အသီးသီး ခွဲခြမ်းဝေဖန် ခြင်းကို ပြု၍ တခဲနက်ဃနကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုသည် ရှိသော် အနတ္တလက္ခဏာသည် မိမိကိစ္စအားဖြင့် ထင်၏။ (ဝိသုဒ္ဓိမဂ် ဋီကာ)

အို စာရှုသူ၊ အဖုံးဖွင့်ပုံကို အဋ္ဌကထာ ဋီကာများ ဖွင့်ပြသည့် အတိုင်း ဖွင့်ပြခဲ့လေပြီ၊ အို စာရှုသူ၊ အလုပ်နှင့် စာပေ၊ တထပ်တည်းကျမှ မှန်ကန်ပါသည်။ အဘယ်ကြောင့်နည်း။ ပရိယတ်စာပေသည် လမ်းပြ လမ်းညွှန် ပဋိပတ်လုပ်ငန်းသည် လမ်းသွားလမ်းလာ၊ ပဋိဝေဓအကျိုးပြသည် လမ်းဆုံးပန်းတိုင် ဖြစ်သောကြောင့်တည်း။

ရှင်အာနန္ဒ တရားရပုံ ပဌမ သင်္ဂါယနာတင် ပဲ့ကြိုးကား နီးလေပြီ။ သင်္ဂါယနာတင်ပွဲအတွက် ရွေးချယ်ထားသော သံဃာတော်များတွင် ရှင်အာနန္ဒမှတပါး၊ ကျန် ၄၉၉ ပါးတို့မှာ ပိဋကသုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညာ၊ တေဝိဇ္ဇပတ္တ၊ မဟာနာဂ ရဟန္တာတွေချည်း ဖြစ်၏။ ရှင်အာနန္ဒတစ်ပါးသည်သာ သေက္ခပဋိသမ္ဘိဒါပတ္တဖြစ်၏။ ရှင်အာနန္ဒကို ချည်ရွယ်၍ ဤသို့ ပြောကြကုန်၏။

'ဤသင်္ဂါယနာတင်ပွဲဝင် ရဟန်းအပေါင်း၌ ရဟန်းတပါးသည် စိမ်းစိညို့ဟောက်သော အနုံ့ 'ဝိဿဂန္ဓ' ကို လှိုင်စေ၊ နံစေလျက် လှည့် လည်ဘိ၏။

'ဝိဿဂန္ဓ'ဟူသည် ညှီစို့စို့ အနုံ့၊ သားစိမ်း၊ ငါးစိမ်း အနုံ့မျိုးကို ခေါ်၏။ ဤနေရာ၌မူ ကိလေသာ မကင်းသေးသော ရှင်အာနန္ဒအတွက် ထိုအနုံ့နှင့်တူသော ကိလေသာကို ဝိဿဂန္ဓ' ဟု ခေါ်၏။ ရှင်အာနန္ဒသည် ယင်းစကားကို ကြားသော်-

http://www.dhammadownload.com

'ဤရဟန်းအပေါင်း၌ ငါမှတပါး စိမ်းစိုညီဟောက်သောအနုံကို လှိုင်စေလျက် လှည့်လည်သော ရဟန်းမရှိ။ မချွတ်ဧကန် အမှန်အားဖြင့် ဤရဟန်းတို့သည် ငါ့ကို ရည်ရွယ်၍ ပြောဆိုကြကုန်၏။။

ဤသို့ စဉ်းစားကြံစည်၍ ထိတ်လန့်ကြောင်း သဟောတပ္ပဉာဏ်၊ သံဝေဂ ရ၏။။ ထိုစဉ် အချို့က ရှင်အာနန္ဒကို ပြောဆို တိုက်တွန်းကြကုန်၏။။

'ငါ့ရှင် အာနန္ဒ၊ နက်ဖြန် သင်္ဂီယနာတင် သံဃာ့အစည်းအဝေး ပွဲတည်း။။ သင့်မှာလည်း သေက္ခဖြစ်၍ အထက်မင်္ဂအလို့ငှာ ပြုကျင့်ဖွယ် ကိစ္စနှင့် တကွ ဖြစ်နေ၏။။ သို့အတွက် သင်သည် သံဃာ့အစည်းအဝေးသို့ မသွားသင့်။။ မမေ့မလျော့ ကျင့်ပါလော့'

မှန်၏။။ သံဃာရွေးစဉ်ကပင် ရှင်အာနန္ဒကို မရွေးချင် မရွေးလည်း မဖြစ်။။ သို့ဖြစ်၍ တပါးချန်ကာ ၄၉၉ ပါး ရွေးထား၏။။ နောက်မှ သံဃာများ တိုက်တွန်းချက်အရ ရှင်အာနန္ဒကို ရွေးထည့်၏။။ ထိုအခါ ရှင်အာနန္ဒ သည်လည်း

'နက်ဖြန် သင်္ဂီယနာတင် သံဃာ့အစည်းအဝေးတည်း။။ ငါသည် သေက္ခဖြစ်လျက် ယင်းသို့သွားခြင်းငှာ မလျောက်ပတ်'

ဤသို့ ကြံစည်ပြီးလျှင် ထိုနေ့ များစွာသော ညဉ့်အချိန်ကို ဆဲ စသော ကောဌသ အပေါင်း၌ဖြစ်သော ကာယဂတာ သတိကမ္မဋ္ဌာန်းဖြင့် အချိန်ကို ကုန်စေလျက် အားထုတ်၏။။ ရှင်အာနန္ဒသည် စကြံသွားခြင်းဖြင့် ကျောင်းပြင်ဘက်၌ အားထုတ်ရာ တရားထူး မရနိုင်သဖြင့် ကြံစည်စဉ်းစား၏။။-

'အာနန္ဒ သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိသူဖြစ်၏။။ကမ္မဋ္ဌာန်း တရားကို ကြိုးစားအားထုတ်လော့။။ လျင်မြန်စွာ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လိမ့်မည်' ဟု ဘုရားရှင်သည် ငါ့အား ဤစကားကို မိန့်တော်မူခဲ့ဖူးသည် မဟုတ်ပါလော။။ ဘုရားရှင်တို့၏ စကားတော်သည် မချွတ်မယွင်းနိုင်။။ ငါ၏ အားထုတ်မှု ဝီရိယလွန်နေပြီ။။ ထို့ကြောင့် ငါ၏စိတ်သည် ပျံ့လွင့်မှု ဥဒ္ဓစ္စ ဖြစ်နေ၏။။ ယခု ငါသည် ဝီရိယနှင့် သမာဓိကို ညီမျှအောင် ပြုတော့အံ့။။'

ဤသို့ ကြံစည်စဉ်းစားပြီးလျှင် စကြံမှ ဆင်းကာ ခြေဆေး၍ ကျောင်းသို့ ဝင်ပြီး 'အတန်ငယ် အပန်းဖြေရဦးတော့အံ' ဟု ကြံစည်၍ ကိုယ်ကို ညွှာင် စောင်းပေါသို့ စောင့်လှည့်လိုက်၏။။ ခြေ ၂ ဘက်တို့ မြေမှ အလွတ်၊

http://www.dhammadownload.com

ဦးခေါင်းကလည်း ခေါင်းအုံးပေါ်သို့ မရောက်မီအတွင်း ၌ အာသ ကင်းကွာ ရဟန္တာ ဖြစ်သွား၏။

ဤသာသနာတော်၌ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးကျရိယာမှ ကင်းလျက် ဘယ်ရဟန်းသည် ရဟန္တာဖြစ်သနည်းဆိုသော် ရှင်အာနန္ဒဟု ဆိုသင့်၏။ အို စာရှူသူ၊ ကျရိယာပုတ် အဖုံးဖွင့်ပုံကို အထူး သတိရှိပါ။ အကယ်၍ ရှင်အာနန္ဒသည် စကြိုသွား ကျရိယာပုတ်ကို အိပ်တဲ့ ကျရိယာပုတ်သို့ စပြောင်းခဲ့၊ တရားရနိုင်ပါမည်လော။ ရှယင်း ပွား ယင်း ပြောင်းသဖြင့် ပြောင်းဆဲ ပြင်ဆဲမှာပဲ တရားရသွားသည် မဟုတ်ပါလော။

အိပ်မှုဋ္ဌရှင်းချက် 'သယာနော ဝါ သယာနောမှိ တိ ပဇာနာတိ = အိပ်လျှင်လည်း အိပ်သည်ဟု သိ၏။' ဟူ၍ ဆိုရာ၌ ဤသို့ အများအား ဖြင့်သိ၏။

၁။ 'ငါအိပ်အုံ' ဟု အိပ်လိုစိတ်သည် ဖြစ်၏။

၂။ ယင်းစိတ်သည် ဝါယောဓါတ် သတ္တိလွန်ကဲသော ရုပ်ကလာပ်ကို ဖြစ်စေ၏။

၃။ ယင်း ရုပ်ကလာပ်သည် ကာယဝိညတ်ကို ဖြစ်စေ၏။

၄။ အိပ်လိုစိတ်သည် ပြုစီရင်အပ်သော ဝါယောဓါတ်သတ္တိ လွန်ကဲသော ရုပ်ကလာပ်၏ တုန်လှုပ်ခြင်းကြောင့် တစ်ကိုယ်လုံးကို ဖိလာ ကန့်လန့်အားဖြင့် ဆန့်တန်းခြင်းကို 'အိပ်ခြင်း' ဟူ၍ ခေါ်ဆိုအပ်၏။ (သုတ် မဟာဝါအဋ္ဌကထာ)

ယင်းအဋ္ဌကထာအရ အိပ်မှုဋ္ဌ ရှုပွားလိုသော် ရှုပွားချိန် ၂ မျိုး ရှိနေ၏။ ယင်း ၂ မျိုးကား-

၁။ အိပ်ပျော်ပြီး နိုးလာသော အချိန်ကစ၍ ရှုပွားရသော အိပ်မှုမျိုးမှာ ပင်ပန်းမှုတွေ့ ကင်း၍ လန်းဆန်းသော အချိန်ကစ၍ ရှုပွားရ မှုမျိုးဖြစ်၍-

၁။ အိပ်ချင်မှု ငိုင်မျဉ်းမှုတွေ့ ကင်းခြင်း၊

၂။ သွား ရပ် ထိုင်မှုတို့မှ လာသော ပင်ပန်းမှုတွေ့ ကင်းခြင်း၊

၃။ စိတ်လန်းဆန်းရွှင်ပျခြင်း၊

၄။ ဗယ်ညာတုစောင်း မကြာခဏ ပြောင်းတတ်ခြင်း၊

http://www.dhammadownload.com

၅။ သွား ရပ် ထိုင်မှု ပြုရန် စိတ်ညှတ်မှု များခြင်းတို့နှင့် ဦးစွာ တွေ့ကြုံရပေ၏။

၂။ **သွား ရပ် ထိုင်ပြီးနောက် အိပ်မှု စချိန်က စ၍ ရှုပွားရသော အိပ်မှုမျိုးမှာ** ပင်ပန်းမှုတွေ များနေချိန်တွင် ရှုပွားရမှုမျိုး ဖြစ်၍-

၁။ အိပ်ချင်မှု ငိုက်မျဉ်းမှုတွေ များနေခြင်း၊

၂။ သွား ရပ် ထိုင်မှုတို့မှ ပါလာသော ပင်ပန်းမှုဒဏ်တွေ များနေခြင်း။

၃။ စိတ်မရှင်မလန်း ဖြစ်နေခြင်း၊

၄။ ငြိမ်သက်စွာ နေလိုမှုများနေခြင်း၊

၅။ သွား ရပ် ထိုင်မှု ပြုရန် ဝန်လေးနေခြင်းတို့နှင့် ဦးစွာ တွေ့ကြုံရပေ၏။

ထိုအရ နံပါတ် ၂ အိပ်မှုအချိန်က စတင် ရှုပွားလျှင် ပင်ပန်းချက် များနေ၍ အိပ်ပျော်မှုသို့သာ ဦးစွာ ရောက်သွားတော့၏။ သတိသမာဓိတို့ ဖြင့် အိပ်ငိုက်မျဉ်းမှုကို မတားနိုင်တော့ပေ။ နံပါတ် ၁ အိပ်မှုအချိန်က စ တင်ရှုပွားလျှင် ငိုက်မျဉ်းမှု ပင်ပန်းမှုကင်း၍ သတိ သမာဓိ တည်ရန် လွယ်ကူတော့၏။

အိပ်ခိုက်၌ ရှုပုံ အိပ်ခိုက်၌ ရှုပွားလိုသော် တုံးလုံး၊ မှောက်ခုံ၊ ပက်လက် စောင်းလျက် ကွေးလျက်စသော ပညတ်အာရုံ ပုံသဏ္ဌာန် အိပ်မှုကြီးကို ကြည့်ကာ 'အိပ်တယ် အိပ်တယ်' ဟု သမထအနေနှင့် မမှတ်ဘဲ 'အဇ္ဈတ္တံ ဝါကာယေ' အရ အဇ္ဈတ္တကာယဘက်သို့ စိတ်ကို စူးစိုက်ပြီး အသိကပ်ကာ ဝါယောဓါတ်သဘောကို မြင်အောင် ရှုပွားရ၏။

မှန်၏။ အိပ်မှုဟူသည် ငြိမ်နေမှု အနားယူနေမှုသက်သက် ကိစ္စ ဖြစ်သည်ကို ဦးစွာ သဘောပေါက်ကာ ငြိမ်နေချက်အပေါ်မှာသာ အသိကပ်ကာ ရှုပွားပါ။

ထိုအရ သွားမှုပြုစဉ်မှာ အတွင်းနှင့်အပြင် နှစ်ဌာနလုံး၌ အားထုတ်ခဲ့ရသော ဗျာပါရကိစ္စနှင့် ဝိညတ်ကိစ္စမျိုးတွေ၊ ရပ်မှုနှင့် ထိုင်မှုပြုစဉ်မှာ အားထုတ်ခဲ့ရသော အတွင်းဗျာပါရကိစ္စမျိုးတွေသည် ဤအိပ်မှုကိစ္စ အရာ၌ အလျင်းမလိုပဲ

http://www.dhammadownload.com

လုံးဝ ရပ်နားထားတော့၏။

ထိုအရ ဗျာပါရကိစ္စ လုံးဝ မရှိတော့သော ငြိမ်နေချက်အပေါ်မှာ ငြိမ်နေနိုင်အောင် ထိန်းပေးရသော သဘောကို တွေ့နိုင်၏။ ထို့နောက် အငြိမ်ကြွာလေ လှုပ်ရှားမှုနှင့် ကင်းကွာလေဖြစ်သဖြင့် လှုပ်ရှားမှု ပေါ့ပါးသော သဘောတို့ ကွယ်ကွယ်သွားပြီး လေးမှု ထိုင်းမှုတွေသာ တိုးတိုးလာသည်ကို သိလာရတော့၏။

ယင်းသို့ အလေးများသော အဝိများလေ ဖြစ်၏။ အဝိများလာသော် ညှပ်မှု၊ အင့်မှု၊ အောင့်မှု၊ ကျင်မှု၊ နာမှု၊ ပူမှုတွေ ပါဝင်လာကြတော့၏။

ထိုအခါ ယင်း ဝိမှု၊ ညှပ်၊ အင့်၊ အောင့်၊ ကျင်၊ နာ၊ ပူမှုတို့မှ ပြင်ပေးပါ၊ ကြွပေးပါ၊ ပြောင်းပေးပါဟု ဆိုသည့်အလား နှိုးဆော်လာသဖြင့် အိပ်မှုခေါ် အနားယူမှု ငြိမ်မှုကို တာရှည်မပြုနိုင်တော့ဘဲ ဟိုအနားကို မ၊ပေးရ ဒီအနားကို ပြင်၊ ပြောင်း၊ စောင်း၊ ကွေး၊ ဆန့်ပေးရသော ဗျာပါရ နှင့်တကွ ပညတ်ကိစ္စတွေကို ပြန်၍ ဆောင်ရွက်လာရသည်ကို တွေ့သိလာ ရပြန်တော့၏။

ထိုအခါ အိပ်မှု၊ လျောင်းမှုခေါ် ငြိမ်နေသော ဣရိယာပထကာယသည် တစ်စတစ်စနှင့် 'ထိန်း၊ ပင့်၊ မ၊ ထောက်၊ ကန်၊ တွန်း' စသော အတွင်း ဗျာပါရကိစ္စများနှင့် 'ကွေး၊ ဆန့်၊ မှောက်၊ လှန်၊ ဗယ်၊ ညာပြန်' စသော အပြင်ဝိညတ် ကိစ္စတို့သည် တစ်စ တစ်စနှင့် အသက်ပြန်ဝင်လာသလို ရှိတော့၏။ ယင်းသို့ လျောင်းအိပ်မှုခေါ် အနားနေမှု ငြိမ်နေမှုအပေါ်မှာ အသိကပ်ကာ ရှုပွားနေရာ ယင်း ကာယကြီးပေါ်၌ ပေါ်လာသော-

၁။ ထိန်း၊ ပင့်၊ မ၊ ထောက်၊ ကန်စသော အတွင်းဗျာပါရကိစ္စ တို့ကို လည်းကောင်း၊

၂။ ကွေး၊ ဆန့်၊ မှောက်၊ လှန်စသော အပြင်ဝိညတ်ကိစ္စတို့ကို လည်းကောင်း၊

ဤသို့ စသည်ဖြင့် များစွာသော သဘောတို့ကို ငြိမ်နေမှုအပေါ်မှာ အသိမလစ်စေဘဲ လုံ့လ ထက်ထက်သန်သန်ထားကာ သတိကပ်၍ ရှုပွားနေရုံနှင့် သိမှုတွေ တိုးတက်လာတော့၏။

ဆောင် ။ အိပ်မှုအရ ထိန်းကိစ္စ သိကြထိုင်ရပ်၊ အတိုင်းသာ။

http://www.dhammadownload.com

လေဓာတ်စွမ်းအင် 'သတ္တဝါ သွား၏။ သတ္တဝါ ရပ်၏' ဟု လောကဌ် လူတို့ခေါ်ဝေါ် ပြောဆိုကြ၏။ သို့သော် သွားတတ် ရပ်တတ်တဲ့ တစ်စုံတစ်ယောက်သော သတ္တဝါ ရှိပါလေသလော။ မရှိပါ။

အဟုတ်အမှန်ကား၊ 'လှည်းသွားသည်၊ ရပ်သည်ဌ ကဲ့သို့ တစ်စုံတစ်ခုသော သွားတတ်၊ ရပ်တတ်သည့် လှည်း မရှိပေ၊ နွားတို့ကို ယှဉ်ကပ်၍ လိမ္မာသော လှည်းမှူးသည် လှည်းကို မောင်းနှင်သော် လှည်းသွားသည် ရပ်သည် ဟု ခေါ်ဝေါ်ပညတ်မှု ဖြစ်သကဲ့သို့ ဤအတူ မသိတတ်သော အနက်သဘောကြောင့် လှည်းနှင့် ရုပ်ကာယ ခန္ဓာကိုယ်တူ၏။ နွားတို့နှင့် စိတ်ကြောင့်ဖြစ်သော ဝါယောလေဓာတ်တူ၏။ လှည်းမှူးနှင့် စိတ်တူ၏ဟု မှတ်ပါလေ။ (သုတ်မဟာဝါ အဋ္ဌကထာ)

'စိတ်စေတနာမရှိသော လှေသည် လေအဟုန်ဖြင့်၊ စိတ်စေတနာမရှိသော မြားသည် လေးညှို့ အဟုန်ဖြင့်၊ အရပ်တပါး၊ သွားနိုင်သကဲ့သို့ ထို့အတူ စိတ်စေတနာ မရှိသော ဤရူပကာယ ခန္ဓာကိုယ်သည် လေဆောင်ခြင်းကြောင့် အရပ်တပါးသွားနိုင်၏။'

'ရုပ်သေးယန္တရားရုပ်သည် ချည်ကြိုးမျှင်၏ အစွမ်းဖြင့် သွားနိုင်၊ ရပ်နိုင်၊ ထိုင်နိုင်သကဲ့သို့ ထို့အတူ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် ၄ ပါး၏အစွမ်းဖြင့် အကြောင်းတရားတို့ ယှဉ်စေအပ်သောဤကိုယ်တည်းဟူသော ရုပ်သေးယန္တရားရုပ်သည်လည်း စိတ်တည်းဟူသော ကြိုး၏အစွမ်းဖြင့် သွားနိုင်၊ ရပ်နိုင်၊ ထိုင်နိုင်၏'

'ဤလောကဌ် သွားလိုသော စိတ်၊ ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်အစရှိသော ဇနက ဥပတ္ထမ္ဘက အကြောင်း အထောက်အပံ့တို့ကို ဖယ်ထား၍ မိမိအစွမ်းသတ္တိ အာနုဘော်ဖြင့် ရပ်နိုင်၊ သွားနိုင်သော သတ္တဝါသည်ဘယ်မှာ ရှိအံ့နည်း။ မရှိသည်သာတည်း'

(သုတ်မဟာဝါ အဋ္ဌကထာ)

http://www.dhammadownload.com

၃။ သမ္မဇ္ဇဉ်ပိုင်း

သမ္မဇ္ဇဉ်ခေါ်ပုံ 'သမ္မဇညသခီါတေန ဉာဏေန' အရသမ္မဇ္ဇဉ်ဟူသည် အမြင်မှန်ဟူသော သိမ္မဉာဏ်ပညာကို ခေါ်သည်ဟု မှတ်ယူရာ၏။ (မူလပဏ္ဏာသ အဋ္ဌကထာ)

သမ္မဇ္ဇဉ် ၄ မျိုး ယင်း အမြင်မှန် သိမ္မ၊ ဉာဏ်ပညာခေါ် သမ္မဇ္ဇဉ်သည် ၄ မျိုးရှိ၏။ ယင်း ၄ မျိုးကား-

၁။ အရာရာ၌ အကျိုးရှိ၊ မရှိကို နှိုင်းချိန်ခွဲခြား၍ သိမ္မ = သာတ္ထကသမ္မဇ္ဇဉ်။

၂။ အကျိုးရှိသော်လည်း လျောက်ပတ်၊ မလျောက်ပတ်၊ ဘေးကင်း၊ မကင်းကို ခွဲခြား၍ သိမ္မ = သပ္ပာယ သမ္မဇ္ဇဉ်။

၃။ အကျိုးရှိ၊ လျောက်ပတ်သော် မိမိရှုပွားသော ကမ္မဋ္ဌာန်းအာရုံ ကို မလွတ်ဘဲ သိမ္မ = ဂေါစရသမ္မဇ္ဇဉ်။

၄။ ကမ္မဋ္ဌာန်းမလွတ် ရှုရာတွင် ကိလေသာ မကပ်နိုင်အောင် ပဟာန ပညာဖြင့် ပယ်ရှားကာ တရဏဝိပဿနာသိမ္မ = အသမ္မောဟ သမ္မဇ္ဇဉ်။ (သုတ်သီလက္ခန် အဋ္ဌကထာ)

ဟူ၍ ၄ မျိုး ရှိ၏။ ယင်းတွင် ဤသမ္မဇ္ဇဉ်ပိုင်း၌ သိမ္မကိစ္စအတွက် ပဓာန လိုအပ်သော သမ္မဇ္ဇဉ်မျိုးကား ဂေါစရ သမ္မဇ္ဇဉ်နှင့် အသမ္မောဟ သမ္မဇ္ဇဉ် ၂ မျိုးသာ လိုအပ်ပေ၏။ ယင်းသိမ္မမျိုးကို သတောကာရီ ဉာဏ်ဟုဆို၏။

http://www.dhammadownload.com

သမ္မဇ္ဇိမလွတ်ပုံ 'ပဉ္စင်းငယ်တစ်ပါးသည် သာမဏေတစ်ပါးကို ခေါ်၍ တံပူသတ်ရန် တောသို့သွား၏။ တောရောက်သော် သာမဏေသည် ပဉ္စင်းငယ်နှင့် ခွဲ၍သွား၏။ ထိုစဉ် သာမဏေသည် အသုဘကို မြင်၍ ရှုပွားလျှင် ပဌမစျာန် ရ၏။ ယင်းပဌမစျာန်ကို အခြေပါဒကပြု၍ သခ်ါရ တရားကိုယ်တို့ကို သုံးသပ် ရှုပွားသော် အနာဂါမ်ဖြစ်၏။ တစ်ဖန် အထက်မဂ်အကျိုးငှာ ကမ္မဋ္ဌာန်းတရားသိမ်းဆည်း ရှုပွားရပ်တည်နေစဉ် ပဉ္စင်းငယ်သည် သာမဏေကို ခေါ်၏။ ခေါ်သံကြားသော် သာမဏေ စဉ်းစား၏။

'ငါသည် ရှင်ပြုသည့်နေ့မှစ၍ ယနေ့တိုင် အောင် ပဉ္စင်းငယ်နှင့်အတူတကွ စကားကို လိုက်နာ၍ ပြုကြောင်း မပြုကြောင်းဖြစ်သော နှစ်ခွန်းသော စကားတို့ကို မပြောဆိုဖူးကုန်၊ ငါသည် နောက်နေ့ မှပဲ အထက်မဂ်ကို ဖြစ်စေတော့အံ့'

သာမဏေသည် ယင်းသို့စဉ်းစားပြီး စကားတုန့်ပြန်ပေးလိုက်၏။ ထိုအခါ ပဉ္စင်းငယ်က 'သာမဏေ သင်ဒီကို လာခဲ့' ဟု ခေါ်၏။ သာမဏေသည် တစ်ခွန်းတည်းသော စကားဖြင့်သာလျှင် သွား၍ရောက်သော် လျှောက်၏။

'အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော် လာသော ဒီလမ်းအတိုင်းသာ သွားပါ။ ဟိုရောက်လျှင် တပည့်တော် ရပ်သည့်နေရာ၌ ခေတ္တရပ်ပြီး၊ အရှေ့ဘက်သို့ မျက်နှာမူလျက် ရှုကြည့်တော်မူပါ'

ပဉ္စင်းငယ်သည် သာမဏေညွှန်ကိုင်းပင် ကြွသွား၍ ရှုကြည့်သော် သာမဏေကဲ့သို့ပင် အနာဂါမ်ဖြစ်လေ၏။ ဤသို့ဖြင့် အသုဘတစ်လောင်းသည် သာမဏေနှင့် ပဉ္စင်းငယ် နှစ်ပါးတို့အတွက် ဖြစ်၏။

(သုတ်သီလက္ခန် အဋ္ဌကထာ)

သမ္မဇ္ဇိပြုနည်း 'ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု'

၁။ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ၊

၂။ အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ၊

၃။ သမိဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ၊

၄။ သဃာဋိ-ပတ္တ-စီဝရဓါရဏေ သမ္မဇာနကာရီ ဟောတိ၊

http://www.dhammadownload.com

၅။ အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇနကာရီ ဟောတိ၊
၆။ ဥစ္စာရ ပဿာဝကမ္မေ သမ္မဇန ကာရီ ဟောတိ၊
၇။ ဂတေ ဋိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္မဇနကာရီ ဟောတိ၊
ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည်-
၁။ ရှေ့သို့ တိုးရာ၊ နောက်သို့ ဆုတ်ရာ၌ ပညာအဆင်အခြင် ရှိလျက် ပြုလေ့ရှိ၏။
၂။ တည့်တည့်ကြည့်ရာ တစောင်းကြည့်ရာ၌
၃။ ကွေးရာ ဆန့်ရာ၌
၄။ ဒုကူဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ရာ၌
၅။ စားရာ သောက်ရာ ခဲရာ လျက်ရာ၌
၆။ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌
၇။ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ပညာအဆင်အခြင် ရှိလျက် ပြုလေ့ရှိ၏။ (သုတ်မဟာဝါပါဠိတော်)

သမ္မဇဉ်သိဖွယ် 'သမ္မဇနကာရီ ဟောသတိ သမ္မ ဇေညေန သဗ္ဗကိစ္စကာရီ' အရ သတိပညာနှင့် ယှဉ်၍ ပြုလုပ်သော လုပ်ငန်းကိစ္စဟူသမျှသည် သတောကာရီဉာဏ်နှင့် ယှဉ်၍ ပြုလုပ်သော လုပ်ငန်းကိစ္စဟူသမျှသည် 'သမ္မဇနကာရီ' ဖြစ်၏။ (မူလပဏ္ဏာသအဋ္ဌကထာ)

ဆိုလိုချက်မှာ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်၍ ပြုလုပ်သော အလုပ်မျိုးကို 'မိစ္ဆာကမ္မန္တ' ဟုခေါ်ဆိုသလို သတိပညာနှင့် ယှဉ်၍ ပြုလုပ်သော အလုပ်မျိုးကို 'သမ္မဇဉ်အလုပ်' ဟု ဆိုလို၏။ 'သတော ကာရီအလုပ်' ဟူ၍လည်း ခေါ်ဆို၏။

အသေးအကြီး 'ထိုအရ ဣရိယာပထ ကိစ္စ ၄ ပါးတို့၌ 'ပဇာနာတိ' ဟု ဟောကြားထားသဖြင့် 'ပဇာနာတိ' အရသည် သတိပညာနှင့် သိမှုပင်ဖြစ်၍ သမ္မဇညကိစ္စတို့သည် ခန္ဓာကိုယ်၏ 'အကြီးနှင့်အသေးကိစ္စ' အနေသာ ခြားနားကြလေ၏။

သို့ရာတွင် ဘုရားရှင်သည် ဝေနေယျသတ္တဝါတို့အတွက် အသိနှင့်

http://www.dhammadownload.com

အမြင် အလွယ်နှင့်အခက်ကို ခွဲခြားပြလို၍ ခန္ဓာကိုယ်၏ ကိစ္စကိုပင် ဣရိယာပထဝိုင်း၊ သမ္မဇဉ်ပိုင်းဟူ၍ ခွဲခြားဟောထားတော်မူ၏။

ယင်းတွင် ဣရိယာပထ အရာသည် အကျဉ်းပြ အကြမ်းပြ မူတည်ပြ ဖြစ်၏။ သမ္မဇညအရာသည် အကျယ်ပြ အနုပြ အသေးစိတ်ပြဖြစ်၏။ သမ္မဇဉ် ကာယ ၂၂ မျိုးတို့ကို အကျဉ်းချုံးလိုက်လျှင် ၂ မျိုးသာ ရှိတော့၏။ ယင်း ၂ မျိုးကား-

၁။ လှုပ်ရှားလျက် ဆောင်ရွက်သော ကာယတစ်မျိုး။

၂။ ငြိမ်သက်လျက် ဆောင်ရွက်သော ကာယတစ်မျိုးဟူ၍ ၂ မျိုးသာ ရှိတော့၏။ (ဉာဏ်လှေကားကျမ်းကြီး)

ရှေ့သို့ တိုးရာ၌ 'အန္ဓပုထုဇဉ်တို့သည် ရှေ့သို့ တိုးရာ၌ 'အတ္တသည် ရှေ့သို့ တိုး၏။ အတ္တသည် ရှေ့သို့ တိုးခြင်းကို ဖြစ်စေ၏'

ငါသည် ရှေ့သို့တိုး၏။ ငါသည် ရှေ့သို့တိုးခြင်းကို ဖြစ်စေ၏။ စသည်ဖြင့် အတ္တပညတ်၊ သတ္တပညတ်၊ ပုဂ္ဂလပညတ်၊ စသော ပညတ် စသော ပညတ် အာရုံကို လွှမ်းခြုံလျက် တွေဝေစွာ သိမြင်ကုန်၏။

ယောဂီအဖို့မှာမူ ဤသို့ သိမြင်ရမည်ဖြစ်၏။

၁။ ရှေ့သို့ တိုးအံ့ဟု ရှေ့သို့ တိုးလိုစိတ်ဖြစ်၏။

၂။ ယင်းစိတ်နှင့်တကွ ယင်းစိတ်ကြောင့် ဖြစ်သော ဝါယောဓါတ်သည် ကာယဝိညတ်ကို ဖြစ်စေ၏။

၃။ ယင်းသို့ ကာယဝိညတ်ကို ဖြစ်စေသည့်အတွက်ကြောင့် ရှေ့တိုးလိုစိတ်သည် ပြုစိုရှင်အပ်သော ဝါယောဓါတ်၏ တုန်လှုပ်ခြင်း အခြင်းအရာဟု ဆိုအပ်သော ကာယဝိညတ်အစွမ်းဖြင့် ကိုယ်ဟု သမုတ်အပ်သော ဤအရိုးစုသည် ရှေ့သို့ တိုး၏။

ထိုသို့ ရှေ့သို့တိုးရာ၌ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်သည် ရှေ့သို့ တိုးနိုင်အံ့နည်း။ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်၏ ရှေ့သို့ တိုးခြင်း ဖြစ်နိုင်အံ့နည်း။ မှန်၏။ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်မျှ ရှေ့သို့ မတိုးနိုင်။ ရှေ့သို့ တိုးခြင်းလည်း မဖြစ်နိုင်။ ပရမတ္တအားဖြင့် ဓာတ်တို့၏ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းသာလျှင် ဖြစ်၏။

http://www.dhammadownload.com

ယင်းသို့ ရှေ့သို့တိုးရာ၌ ရုပ်နှင့်တကွ တစ်ပါးသော စိတ်သည် ဖြစ်၏။ အပိုင်းအခြားမရှိဘဲ အဖန်ဖန် ဆက်စပ်သော စိတ်အစဉ် ရုပ်အစဉ် မြစ်ရေအလျှင်ကဲ့သို့ အမြဲမပြတ် ဖြစ်၍နေ၏။

ယင်းသို့ သိပါမှ မတွေ့မဝေ အမှန်သိဖြစ်မည်။ (သုတ်သီလကွန် အဋ္ဌကထာ)

ရှေ့သို့ တိုးရာ၌ ရှုပုံ 'ယင်း အဋ္ဌကထာအရ ရှေ့သို့ တိုးမှုသည် ကိုယ်ကာယ ကိစ္စဖြစ်၍ ပရမတ် ကိုယ်ကာယကို ရှုမြင်နိုင်ရန် ခြေထောက်ကြီး ရှေ့သို့ တိုးနေသော ပညတ်ပုံသဏ္ဌာန်ကို ကြည့်ရှုကာ 'ရှေ့တိုးတယ်၊ ရှေ့တိုးတယ်' ဟု သမထအနေနဲ့ မမှတ်ဘဲ 'အဖ္ဖုတ္တံ ဝါ ကာယေ' အရ အတွင်းမှလာသော ရှေ့တိုးမှုအတွက် စတင်ပေးနေသော ဗျာပါရကိစ္စက စ၍ ရှုပွားရာ၏။

ယင်းသို့ အတွင်းမှ စတင်၍ တွန်းပေးနေသော အကြောင်းကာယက စတင်၍ ရှုပွားသော် ပညာတိုး၊ ပညတ်မြင်မှုတွေ မဝင်လာ မပေါ်လာဘဲ ပရမတ် တွန်းမှု၊ တိုးမှု၊ ရွေ့မှုတွေကိုသာ စတင် တွေ့သိလာပေလိမ့်မည်။

ထိုအတိုင်း စ၍ ရှုပွားသော် ပဌမအာရုံမှန်ကို သိခွင့်ရသဖြင့် ဂေါစရသမ္မဇ္ဉ အသိမျိုး စလေ၏။ ထို့နောက် အသိမှန် ဆက်မိသွားသဖြင့် ရှေ့သို့ တိုးမှုအတွက် စတင်ပေးနေကြသော အကြောင်းရင်းစိတ်နှင့် ယင်း စိတ်ကြောင့် တဆင့်ပေါ်လာသော စိတ္တဇဝါယောတို့၏ ဗျာပါရကိစ္စတို့ကိုပါ သိမြင်လာတော့ရာ အကြောင်းမှန်ကို သိနေပြီဖြစ်၍ အလွဲသိတို့မှ လွတ်သွားကာ အသမ္မောဟသမ္မဇ္ဉသိ အဖြစ်သို့ ရောက်သွားတော့၏။ ယင်းကဲ့သို့ သိမှုကိုပင် သမ္မဇ္ဉသိဟု ခေါ်၏။ (ဉာဏ်လှေကားကျမ်းကြီး)

နောက်သို့ဆုတ်ရာ၌ 'နောက်သို့ ဆုတ်မှုဟူသည် ရှေ့သို့ တိုးသွားပြီး နေရာမှတဖန် မူလနေရာသို့ ပြန်ဆုတ်မှုကိုဆိုသည်။ ထိုအရ ရှေ့တိုး နှင့် နောက်ဆုတ်သည် 'ရွေ့မှု' သာဖြစ်၍ ရှေ့သို့ တိုးမှုအတိုင်း ရှုပွား လျှင် ကိစ္စပြီးတော့၏။

http://www.dhammadownload.com

တည့်တည့်ကြည့်ရာ၌ 'တည့်တည့် ကြည့်ရာ၌ ရှုပွားလိုသော် အပြင် မြင်ပညတ်မျက်လုံးကို အာရုံပြုကာ သမထအနေနဲ့ 'မြင်တယ်၊ မြင်တယ်၊ ကြည့်တယ် ကြည့်တယ်' ဟု မမှတ်ဘဲ 'အဖျတ္တံ ဝါကာယေ' အရ အတွင်းမှ မျက်လုံးတည့်အောင် ပြုပြင်ပေးမှုကိစ္စ မျက်လုံးပွင့်နေအောင် ပြုပြင်ပေးမှုကိစ္စ၊ အမြင်ကောင်းအောင် မကြာခဏ မျက်တောင်ခတ်ပေးမှုကိစ္စ စသော မျက်လုံးနှင့်ဆိုင်သော ကိစ္စတွေ များစွာရှိနေ၏။ ယင်းသို့ ဖြစ်ပေါ်လာအောင် အတွင်းမှ လုံ့လ ပြုပေးနေသော ဝါယောဓာတ်နှင့် စိတ်တို့၏ ဗျာပါရမှုစ၍ အပြင်မျက်လုံးပေါ်၌ ကျရောက်လာသော ဗျာပါရကိစ္စ အဝဝတို့ကို အစ၊ အလယ်၊ အဆုံးတိုင် သိနိုင်အောင် သိနေအောင် သတိပညာတို့ဖြင့် သုံးသပ်ရှုပွားပါ။ (ဘဂ်လေ့ကားကျမ်းကြီး)

တစောင်းကြည့်ရာ၌ 'တစောင်းကြည့်ရာ၌ ရှုနည်းမှာလည်း တည့်တည့် ကြည့်ရာ၌ ရှုနည်းအတူပင် မှီး၍ သိရာ၏။ ဤကြည့်ရှုရာ၌ မနောဒွါရိကဇောဓ၏ အကြောင်းရင်းဖြစ်သော ပဋ္ဌဒွါရိကဝီထိ စိတ်ကို ပိုင်းခြား သိခြင်း၏ အစွမ်းဖြင့် ဖြစ်သော အသမ္မောဟ သမ္မဇဉ်ကို သိသင့်၏။

ကြည့်ရှုရာ၌ ဘဝင်စိတ်၊ ဆင်ခြင်မှု အာဝဇ္ဇန်းစိတ်၊ မြင်စိတ် ခံယူမှု သမ္ပဋိစ္ဆိုင်းစိတ်၊ စုံစမ်းမှု သန္တီရဏစိတ်၊ ဆုံးဖြတ်မှု ဝုဋ္ဌောစိတ်၊ ဇောစိတ်ဟူ၍ စိတ် ၇ မျိုး ဖြစ်၏။ ယင်းတွင် ဇောသည် ၇ ကြိမ်စောဓ၏။ဇော ၇ ကြိမ်တွင် ပဌမဇော စောသည့်တိုင် 'ဤကား မိန်းမ၊ ဤကား ယောကျ်ား' ဟု တပ်နှစ်သက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းဖြင့် ကြည့် ရှုမှု မဖြစ်နိုင်သေး။ ထိုနည်းအတူ သတ္တမဇော၌လည်း မဖြစ်နိုင်သေး။

အဟုတ်အမှန်ကား စစ်မြေပြင်၌ စစ်သားတို့သည် အောက်အထက် ပြန်လှန်သည်၏ အစွမ်းဖြင့် ကျဆုံး ပျက်စီးကုန်သကဲ့သို့ ထို့အတူ ဇော ၇ ကြိမ်တို့သည် အောက် အထက် ပြန်လှမ်းသည်၏ အစွမ်းဖြင့် ချုပ်ပျက် ၍ ကျကုန်သော် 'ဤကား ယောကျ်ား၊ ဤကား မိန်းမ' ဟု တပ်နှစ်သက် ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းဖြင့် ကြည့်ရှုခြင်းဖြစ်၏။
(သုတ်သီလကွန် အင်္ဂကထာ)

http://www.dhammadownload.com

ကွေးရာ၌ရှုပုံ 'ခန္ဓာကိုယ်မှ အစိတ်အပိုင်း တစ်ခုကို ညွတ်၊ ကိုင်း၊ ကွေး၊ ကောက်မှု တစ်ခုခုကို ပြုစဉ် ရှုပွားလိုသော် အပြင်ကိုယ်နှင့် ခြေ၊ လက်တို့ ညွတ်၊ ကိုင်း၊ ကောက်၊ ကွေးမှုပညတ်ပုံသဏ္ဌာန်ကို ကြည့်ရှုကာ 'ကွေးတယ် ကွေးတယ်' ဟု သမထအနေနှင့် မမှတ်ဘဲ 'အဒ္ဓါတ္တံ ဝါကာယေ' အရ အတွင်းမှစ၍ ညွတ်၊ ကိုင်း၊ ကွေး၊ ကောက်မှုက စ၍ ရှုပါ။

ယင်းသို့ရှုသော် စိတ်ညွတ်ကိုင်း ကွေးကောက်လိုမှုကို ဦးစွာတွေ့ မည်။ ထို့နောက် စိတ်က တဆင့်ခိုင်း၍ တိုး၊ တွန်း၊ ရွလာသော ဝါယော ဓာတ်ကို တွေ့သိလာမည်။ ထို့နောက် ယင်းဝါယောဓာတ်က တိုးတွန်းရွ ပေး၍ အပြင်မျက်စိဖြင့် မြင်နိုင်သည့် ကိုယ်ကာယကြီး၌ ညွတ် ကိုင်း ကွေး ကောက် လာမှုအထိ တွေ့မြင်နိုင်၏။ ယင်းသို့ အတွင်း ညွတ် ကိုင်း ကွေး ကောက်မှုကို ညွတ် ကိုင်း ကွေး ကောက်လိုမှု ညွတ် ကိုင်း ကွေး ကောက်စေမှုတို့ကစ၍ မြင်သိလာသော် ဉာဏ်စဉ်တက်၍ မဂ်ဆိုက်ပါလိမ့် မည်။

ဆန့်ရာ၌ရှုပုံ ညွတ် ကိုင်း ကွေး ကောက်ထားသော ကိုယ်ကာယကို တစ်ဖန်ပြန်၍ ဆန့် တန်း ဖြောင့်ရာ၌လည်း ညွတ် ကိုင်း ကွေး ကောက်စဉ်ကကဲ့သို့ 'အဒ္ဓါတ္တံဝါကာယေ'အရ အတွင်းမှစ၍ ရှုပွားခဲ့လျှင် အလားတူပင် အသိဉာဏ်များဝင်ကာ မြင့်တက်သွားနိုင်၏။

ကြာကြာကွေးရာ၌ 'တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇေတ္တာ ဝါ ပသာရေတ္တာ ဝါ ဠိတာဿ ခဏော ခဏော ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ စိတ္တံ ဇကဋ္ဌတံ နု လဘတိ၊ ကမ္မဋ္ဌာနံ ပရိပတတိ၊ ဝိသေသံ နာဓိဂစ္ဆတိ'

'ထိုသမိဉ္ဇိတေ- ပသာရိတေ' ဟူသော ပါဠိ၌ လက်ခြေတို့ကို အလွန်ကြာမြင့်စွာ ကွေး၍သော်လည်းကောင်း ဆန့်၍သော်လည်းကောင်း တည်နေသော ယောဂီအား ခဏတိုင်း ခဏတိုင်း၌ ဆင်းရဲ ဒုက္ခ ဝေဒနာတို့ ဖြစ်တတ်ကုန်၏။ စိတ်တည်ကြည် ငြိမ်သက်သည့် အဖြစ်ကို မရနိုင်။ ကမ္မဋ္ဌာန်းအာရုံမှ လျှောကျတတ်၏။ တရားထူး မရနိုင်။

(သုတ်သီလကွန်အဋ္ဌကထာ)

http://www.dhammadownload.com

အထပ်ထပ်သုံးသပ်ပါ အို စာရှုသူ၊ အထက်ပါ အင်္ဂကထာ စကားကို အထပ်ထပ်သုံးသပ်ပါ။ အချို့ယောဂီများမှာ တရား အားထုတ်ရင်း တရားမရသည့်အပြင် ရူးသွားသည်ဟု ကြားဖူးပါလိမ့်မည်။ အဘယ်ကြောင့် ရူးသွားသနည်း။

အချို့မှာ အထုပ်ထမ်းကာ လာလမ်းသို့ ပြန်ပြေးကြရသည်။ တရားကို လန့်သွားကြသည်။ အဘယ်ကြောင့်နည်း။

စာရှုသူ၏ သန္တာန်၌ အဖြေမှန် ပေါ်လောက်ပြီထင်အံ့။ မြတ်စွာ ဘုရား၏ တရားတော်သည် ရူးသူကို ပျောက်စေတတ်၏။ အမှန်စင်စစ်မှာ သတိသမ္ဗဇ္ဈင် ဉာဏ်ယှဉ်သော သမာဓိမရသေးမီ ဣရိယာပုတ်မပြင်စေဘဲ အချိန်ကြာကြာ အထိုင်ခိုင်းသော် ဣရိပုတ်မမျှတ၍ စိတ်ဖောက်ပြန်သွား တတ်၏။ တရားကို လန့်သွားတတ်၏ ဟူလိုသော်။

ဣရိယာပုတ်ပြင်ပါ 'ကာလေ သမိဇ္ဈေန္တသ ကာလေ ပသာရေန္တသ ပနတာ ဝေဒနာ နုပ္ပဇ္ဇန္တိ၊ စိတ္တံ ဧကဂ္ဂံ ဟောတိ၊ ကမ္မဋ္ဌာနံ ဖာတိ ဂစ္ဆတိ၊ ဝိသေသမဓိဂစ္ဆတိ'

အဟုတ်အမှန်ကား ကွေးသင့်ရာအခါ၌ ကွေးသော ယောဂီအား လည်းကောင်း၊ ဆန့်သင့်ရာအခါ၌ ဆန့်သော ယောဂီအား လည်းကောင်း၊ (ပြောင်းပြင်သင့်ချိန်မှာ ပြောင်းပြင်သော ယောဂီအား) ယင်းဆင်းရဲ ဒုက္ခ ဝေဒနာတို့ မဖြစ်နိုင်ကုန်။ စိတ်တည်ကြည် ငြိမ်သက်၏။ ကမ္မဋ္ဌာန်းတရား သည် ကြီးပွားခြင်းသို့ ရောက်၏။ မဂ်ဖိုလ် တရားအထူးကို ရနိုင်၏။

(သုတ်သီလကွန် အင်္ဂကထာ)

အို စာရှုသူ၊ ဤအင်္ဂကထာစကား ၂ ရပ်နှင့်ပင် ဆင်ဖြူနှင့် ဆင်မည်း ကွဲသွားပြီလော။ ဣရိယာပုတ် ပြောင်းပြင်ခြင်း၏ အကျိုးကျေးဇူး မပြောင်း မပြင်ခြင်း၏ အပြစ်အနာအဆာတို့သည် မိုးနှင့် မြေကြီးပမာ မကွာခြားပါလော။ အို စာရှုသူ၊ ဘုရားရှင်သည် ယထာဘူတဉာဏ်ရရေး အတွက် ဆရာကောင်း သမားကောင်း ရှာခိုင်းခြင်းသည် ဤလိုအချက်မျိုး တွေ့ကြောင့် ဖြစ်ပါ၏။ အို စာရှုသူ၊ အစွဲကြီးမထားပါနှင့်။ အမှန်လမ်းသို့ ပြောင်းသင့်က ပြောင်းပါ။

http://www.dhammadownload.com

ဒုကုဋ္ဌ သင်္ကန်းဆောင်ရာ၌ 'ဒုကုဋ္ဌ ဟူသည် နှစ်ထပ် သင်္ကန်းတည်း။ သင်္ကန်းဟူသည် ဧကသီနှင့် သင်းပိုင်တည်း။' ဟု ဤနေရာ၌ခွဲယူပါ။ ဤကား ရဟန်းတော်တို့အတွက် သီးခြားအဝတ်အထည်တည်း။ လူတို့အတွက်မူ ယောကျ်ား မိန်းမဆိုင်ရာ ခြုံထည် တဘက် အပေါ်အင်္ကျီ အတွင်းခံ အင်္ကျီလုံချည် လုံကွင်း ထမီ စသည်အားလုံး ဆောင်ရာ၌ ရနိုင်၏။

၄င်းတို့ကို အကျဉ်းချုပ်သော် ခြုံထည်နှင့် ဝတ်ထည်ဟူ၍ ၂ မျိုးသာ ရှိတော့၏။ ယင်းတို့ကို ဆောင်ရာ၌ ကမ္မဋ္ဌာန်းအာရုံ မလွတ်ရုံမျှ သိမှုကို အသုံးပြုခဲ့သော် ဂေါစရသမ္ပဇဉ်မျှ ဖြစ်နိုင်၏။

အသမ္မောဟသမ္ပဇဉ် ဖြစ်ပေါ်အောင် ရှုပွားလိုသော် ပညတ်မြင် ခြုံထည် ဝတ်ထည်တို့ကို ဝတ်ရုံနေပုံကို ကြည့်ကာ 'ခြုံတယ် ခြုံတယ်၊ ဝတ်တယ် ဝတ်တယ်' ဟု သမထအနေနှင့် မမှတ်ဘဲ 'အဇ္ဈတ္တံ ဝါ ကာယေ' အရ အဝတ်အခြုံတို့ကို ကိုင်ယူသော် အဝတ်အခြုံရှိရာသို့ လက် ကို ဦးစွာ ပို့ပေးရေး ကိစ္စ အဝတ်အခြုံကို ကိုင်ယူခြင်း၊ မြှောက်ချီခြင်းကိစ္စ ကိုယ့်ဘက်သို့ ယူဆောင်ခြင်း၊ ဝတ်ရုံခြင်းကိစ္စ ဤသို့ စသည်ဖြင့် လက်နှင့် အဝတ်အခြုံတို့ကို အသုံးချမှု၌ အတွင်းမှ လုံ့လပြုပေးနေရသော ဗျာပါရ ကိစ္စအဝဝတို့က စ၍ အဆုံး အဝတ်ခြုံသည်အထိ သိစရာအချက် ဟူ သမျှတို့ကို အလွတ်မရှိ သိအောင်ရှုပါ။

ယင်းသို့ ရှုသော် အဝတ်အခြုံနှင့် လက်တို့မှ ဖြစ်ပေါ်လာသော ဗျာပါရတို့သည် အခိုင်အမာရှိပုံ တာရှည်ဆက်တည်မှု မရှိပုံ ဆင်းရဲမှုပေါ် တည်နေပုံ တဖြည်းဖြည်းနှင့် ပြိုပျက်သွားနေပုံ စသည်တို့ကို သိမြင်နိုင်၏။

သိမြင်ပုံ အဝတ်ဝတ် ဝတ်မှန်းသိ၊ စိတ်ကြောင့်ဖြစ်သော လှုပ်ရှား ဝါယောဓါတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို အဟုတ်အမှန်ဟု ဉာဏ်ပညာဖြင့်သိ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓါတ်ဆိုး ဓါတ်ဝါး ထင်မြင်သလို လက်၏ အလုပ်ကိစ္စ မဟုတ်ပါတကား၊ ငါကိုယ်ကောင်း၏ အလုပ်ကိစ္စ မဟုတ်ပါတကား ဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့်သိ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။

(သစ္စဉာဏ်-ဉာတပရိညာ)

အဝတ် ဝတ်လိုစိတ်ကြောင့်ဖြစ်သော လှုပ်ရှား ဝါယောလေဓါတ်သည်

http://www.dhammadownload.com

အမြဲမရှိ အနိစ္စ အသစ်အဟောင်း တပြောင်းလဲတည်း ပြောင်းလဲ နေသောကြောင့် ဝိပရိဏာမဒုက္ခ လက်မဟုတ် အနတ္တ လူမဟုတ် အနတ္တ ကိုယ်ကောင်မဟုတ် အနတ္တ။ (ကိစ္စဉာဏ်-တိရဏပရိညာ)

'နေတံမမ' အဝတ် ဝတ်လိုစိတ်ကြောင့် ဖြစ်သော လူပ်ရှားဝါယော လေဓါတ်သည် ငါ ကိုယ်ကောင်း၏ ဥစ္စာမဟုတ်ပါ၊ တကား။ လက်၏ ဥစ္စာ မဟုတ်ပါတကား။

'နေသော ဟမသ္မိ' ငါမို့လို့ လူပ်ရှားသည် မဟုတ်ပါတကား။ လက်မို့လို့ လူပ်ရှားသည် မဟုတ်ပါတကား။ လူပ်ရှားဝါယောဓါတ်မို့လို့ အဝတ်ကို ယူနိုင် ဝတ်နိုင်တာပါတကား။

'နံ မေသော အတ္တာ' စိတ်ကြောင့်ဖြစ်သော လူပ်ရှားဝါယောလေ ဓါတ်သည် ငါကိုယ်ကောင် မဟုတ်ပါတကား။ ငါကိုယ်ကောင်သည် လူပ် ရှားဝါယောလေဓါတ် မဟုတ်ပါတကား။ လူပ်ရှားဝါယောလေဓါတ်သည် ငါ ကိုယ်ကောင်ပေါ်မှာ မမှီပါတကား။ ငါ ကိုယ်ကောင်သည် လူပ်ရှား ဝါယောဓါတ်ပေါ်မှာ မမှီပါတကား။

(ပဋ္ဌာန်းအခြေခံဝိပဿနာ)

သပိတ်ဆောင်ရာ၌ 'သပိတ်ဆောင်ရာ၌ ရှုပုံကို ဂဟန်းတော်တို့အတွက် ဦးတည်၍ ပြသည်။ လူတို့အတွက်မူ အိုး၊ ခွက်၊ ပန်းကန်၊ ဇလုံ၊ ဇွန်း၊ ခက်ရင်း၊ ယောက်ချို၊ ယောက်မ စသည် လက်ဖြင့် ကိုင်တွယ် အသုံးပြုရသမျှ ပစ္စည်းအမျိုးမျိုးကို ယူနိုင်သည်ဟု သဘောပေါက်ပါ။

ယင်းတို့ကို ကိုင်တွယ် အသုံးပြုစဉ် ကမ္မဋ္ဌာန်းအာရုံ မလွတ်ရုံမျှ ကိုင်တွယ် အသုံးပြုသော် ဂေါစရ သမ္မဇဉ်မျှ ဖြစ်နိုင်၏။ အသမ္မောဟ သမ္မဇဉ် ဖြစ်အောင် ရှုပွားလိုသော် ပညတ်လက်နှင့်ခွက်စသည်တို့ကို ကြည့်ကာ 'ကိုင် တယ် ကိုင်တယ်' ဟု သမထအနေနှင့်မမှတ်ဘဲ 'အဏ္ဏတ္တံ ဝါကာယေ' အရ ခွက်ရှိရာသို့ လက်ကို ဦးစွာ ပို့ပေးရေးကိစ္စ ခွက်ကိုဆုပ်ကိုင်ခြင်း မြှောက်ချီခြင်း ကိုယ့်ဖက်သို့ ယူဆောင်ခြင်း လေးလျှင် ကြီးလျှင် နောက်လက်တစ်ဘက်ပါ ကူညီရခြင်း လက်တွင်မက ကိုယ်ပါ ကူညီရခြင်း ကိစ္စ စသည်ဖြင့် လက်နှင့်ခွက် အသုံးချမှုဌ် အတွင်းမှ လုံလပြုပေးနေရသော ဗျာပါရကိစ္စ အဝဝတို့ကစ၍

http://www.dhammadownload.com

အဆုံး ခွက်ကို ယူလာသည်အထိ သိစရာ အချက်ဟူသမျှတို့ကို အလွတ်မရှိ သိအောင်ရှုပါ။

ယင်းသို့ရှုသော် ခွက်နှင့်လက်တို့မှ ဖြစ်ပေါ်လာသော ဗျာပါရ ကိစ္စတို့သည် အခိုင်အမာ မရှိပုံ၊ တာရှည်ဆက်တည်မှု မရှိပုံ၊ ဆင်းရဲပေါ် တည်နေပုံ တဖြည်းဖြည်းနှင့် ပြိုပျက်နေပုံ စသည်ဖြင့် စိတ်နှင့် ဝါယောဓါတ်တို့၏ ပရမတ္ထ သဘာဝတို့ကို အစအဆုံး မြင်သိပါလိမ့်မည်။

စားရာ၌ရှင်းချက် 'စားရာ၌ ရှုပွားသော လက်ကွေးမှု၊ ဆန့်မှု၊ လက်ရှေ့တိုး နောက်ဆုတ်မှု ပန်းကန် ကိုင်မှုဟု လက်ဖြင့် ဆောင်ယူမှု ငါးချက်တို့ ရောထွေးလာတတ်၏။ တစ်ဖန် ခံတွင်းကိစ္စပြုသော် စားမှု၊ သောက်မှု၊ ကိုက်ဝါးမှု၊ လျက်မျိုမှု ၄ ချက် ရောထွေးလာတတ်၏။ ယင်းသို့ ရောထွေးလာသော် သမာဓိမဖြစ်နိုင်ရှိတတ်၏။ သို့ဖြစ်၍ မရောမထွေးစေရန် 'အသိတေ' အရ စားမှုကို ပြုသော်-

၁။ ပဌမ လက်ကိစ္စ

၂။ ဒုတိယ ခံတွင်းကိစ္စ

ဟု ကိစ္စ ၂ မျိုးရှိရာ၊ ပဌမလက်ကိစ္စပြုရာ၌ လက်သက်သက် မဟုတ်ဘဲ စားဖွယ်ကို လက်ချောင်းတို့ဖြင့် ကုတ်ယူမှု၊ ဆုတ်ယူမှု၊ ခံတွင်းဘက်သို့ ပို့ပေးမှု ကိစ္စတို့သည် အချင်းချင်း ဆက်စပ်လျက်ရှိသဖြင့် လက်ကွေးမှု၊ လက်ဆန့်မှု၊ လက်ရှေ့တိုးမှု၊ လက်နောက်ဆုတ်မှုတို့ဘက်သို့ အသိရောက်ရန် မလိုတော့ပဲ၊ ပန်းကန်ကိုင်မှုနှင့်သာ ဆိုင်တော့၍ လက်ကိစ္စအတွက် ယင်း ပန်းကန်ကိုင်မှုနှင့် အလားတူ စားဖွယ်ကို ပန်းကန်ထဲမှ ကုတ်ယူ၊ ဆုပ်ယူသည်ကို အသိကပ်ပြီး-

၁။ စားဖွယ်ကို ကုတ်ယူနေမှု ဗျာပါရ၊

၂။ ဆုပ်ယူထားမှု ဗျာပါရ၊

၃။ ခံတွင်းဘက်သို့ ဆောင်ယူသွားမှု ဗျာပါရ၊

ယင်း ဗျာပါရကိစ္စ အဝဝကိုသာ 'ကုတ်ယူနေသည်၊ ဆုတ်ယူထားသည်၊ ဆောင်ယူသွားသည်'ဟု အသိကပ်ကာ ရှုပွားနေရ၏။ ဒုတိယ ခံတွင်း ကိစ္စကို ပြုရာ၌-

၁။ ခံတွင်းကို ဟပေးရမှု၊

http://www.dhammadownload.com

၂။ ပြန်၍ ပိတ်ပေးရမှု၊
၃။ လျှာနှင့် ထိုးခံရမှု၊ သွားဘက် တွန်းပို့ပေးမှု၊
၄။ သွားဖြင့် ဝါးကြိတ်ပေးမှု၊
၅။ လျှာနှင့် အာခေါင်ညှပ်ပြီး လည်ချောင်းတွင်းသို့ တွန်းပို့ပေးရမှု၊ မျိုချရမှုများ၊
ယင်းတို့ကိုသာ အသိမလွတ်အောင် အထပ်ထပ် ရှုပွားနေရ၏။ ယင်းသို့ လက်ကိစ္စနှင့် ခံတွင်းကိစ္စ အဝဝတို့ကို စား၍ မပြီးမချင်း ရှုပွားရာ၏။

မျက်မြင် ပညတ်စားမှုကို ကြည့်ကာ 'စားတယ် စားတယ်' ဟု သမထအာနေနှင့် မမှတ်ဘဲ 'အဇ္ဈတ္တံ ဝါ ကာယေ' အရ လက်ကိစ္စ၊ ခံတွင်းကိစ္စဆိုင်ရာ၌ အတွင်းကစ၍ လှုပ်ရှားမှုအဝဝတို့ကို အသိမလွတ်အောင်ရှုပွားပါ။

ရှုမြင်ရန် 'စားသောက်လိုစိတ် ဖြစ်သည်ရှိသော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောလေဓာတ် ပုံ့နှံ့သဖြင့် ထမင်းခွက်ကို ခံယူခြင်းဖြစ်၏။

'သဟဇာတ ပစ္စယောတိ- စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော' (ပစ္စယနိဒ္ဒေသ)

ထမင်းခွက်ကို လက်က ယူရာ၌ လက်ရယ်၊ ယူမှုရယ် ၂ မျိုး ၂ စား ရှိပါလျက်၊ 'လက်က ယူသည်' ဟု တပေါင်းတည်းကဲ့သို့ ပြောလည်း ပြောကြသည်၊ ထင်မြင်မှတ်သားလည်း ထင်မြင်မှတ်သားကြသည်။ စင်စစ်သော်ကား လက်က ပညတ်၊ မ,ယူနိုင်မှုက လှုပ်ရှား ဝါယောဓာတ်၊ ပရမတ်တရား။

ရှုပွားသော် 'ထမင်းခွက်ကို ယူလျှင် ယူမှန်းသိ၊ စိတ်ကြောင့်ဖြစ်သော လှုပ်ရှား ဝါယောလေဓာတ်၏ အလုပ်ကိစ္စပါတကားဟု ဉာဏ်ပညာဖြင့် သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓာတ်ဆိုး ဓာတ်ဝါး ထင်မြင်သလို လက်၏အလုပ်ကိစ္စ မဟုတ်ပါတကား၊ ငါကိုယ်ကောင်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (သစ္စာဉာဏ်၊ ဉာတပရိညာ)

စိတ်ကြောင့်ဖြစ်သော လှုပ်ရှား ဝါယောဓာတ်သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း တပြောင်းလဲတည်း ပြောင်းလဲနေသော ဝိပရိဏာမ ဒုက္ခ၊

http://www.dhammadownload.com

လက် မဟုတ် အနတ္တ၊ လူ မဟုတ် အနတ္တ။

(ကိစ္စဉာဏ်၊ တီရဏပရိဉာ)

'နေ တံ မမ' စိတ်ကြောင့် ဖြစ်သော လူပ်ရှားဝါယော လေဓာတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား။ လက်၏ ဥစ္စာ မဟုတ်ပါတကား။

'နေသောဟမသ္မိ' လက်မို့လို့ ထမင်းခွက်ကို ယူတာ မဟုတ်ပါတကား၊ ဝါယောလေဓာတ်မို့ ထမင်းခွက်ကို ယူတာပါတကား။

'န မေ သော အတ္တာ' လက်သည် ယူမှုမဟုတ်ပါတကား။ ယူမှုသည် လက် မဟုတ်ပါတကား။ လက်ပေါ်မှာ ယူမှုက မမှီပါတကား။ ယူမှုပေါ်မှာ လက်က မမှီပါတကား။

(ကတဉာဏ်၊ ပဟာနပရိဉာ)

(ထမင်းခွက်၌ လက်နှိုက်ခြင်း၊ ထမင်းကို ကုတ်ယူခြင်း၊ ဆုတ်ယူထားခြင်း၊ ခံတွင်းသို့ ဆောင်ယူခြင်း စသည် ရှုပါလေ။ တစ်ခုစီ မြင်အောင်)
(ပဋ္ဌာန်းအခြေခံဝိပဿနာ) (**စားယင်း ရဟန္တာဖြစ်ပုံဝတ္ထု ဒါနဝတ္ထု တွင်ရှုပါ**)

သောက်၊ မျိုရ၊ ခဲ၊ လျက် 'သောက်မျိုမှု ကိစ္စ၊ ကိုက်ဝါးမှုကိစ္စ၊ လျက်မှုကိစ္စ တို့သည်လည်း စားမှုကိစ္စသဘောနှင့် မခြားနားပစ္စည်းသာ ခြားနားတော့သဖြင့် စားမှုကိစ္စနှင့် နည်းမှီ၍ သိပါလေ။

ကျင်ကြီး ကျင်ငယ် 'ကျင်ကြီး၊ ကျင်ငယ်စွန့်ခိုက် ကိစ္စ ၂ ခုလုံးသည် အညစ်အကြေးကို အပြင်သို့ ရောက်စေရန် ဝါယောဓာတ်ကို အသုံးပြုရသော ကိစ္စဖြစ်၏။ ယင်းကိစ္စကို သိခဲ့လျှင် ရှုပွားရန် လွယ်ကူ၏။

ချဲ့ဦးအုံ၊ အညစ်အကြေး စွန့်နေခိုက်ကိစ္စသည် အပြင်သို့ အညစ်အကြေး ထွက်စေရန် အတွင်းမှ ဝါယောဓာတ် ပွားအောင် ညစ်မှု၊ တွန်းမှု၊ ကန်မှုကို ပြုပေးနေရသော အားစိုက်ချက် ဗျာပါရကိစ္စကို အသိကပ်ပေးလျှင် ဘင်း၊ ကျပ်၊ တောင့်လာချက် တလှည့်၊ လျော့ကျသွားချက် တလှည့် စသည်ဖြင့်

http://www.dhammadownload.com

အတွင်း၌ ဖြစ်ပေါ်လာပုံကို သိရှိနိုင်၏။

ယင်းအရ အညစ်အကြေး စွန့်မှုသည် ဘာမျှ တာဝန်မရှိဟု ထင်ရသော်လည်း အသိကပ်၍ ရှုပွားသော် အတွင်းမှ အားစိုက်ပေးမှု၊ ညစ်ပေးမှုတွေကို ပြင်းထန်သော လုပ်ငန်းတစ်ရပ်ဟု သိလာနိုင်၏။ ထိုအရ ယင်းအညစ်အကြေး စွန့်မှုအတွက်-

၁။ အတွင်းကိစ္စ၊ ၂။ အပြင်ကိစ္စ ဟု ကိစ္စ ၂ မျိုးခွဲခြား၍ ရှုပွားရ၏။ ယင်းတွင် အတွင်းကိစ္စ၌-

၁။ ဦးစွာ စွန့်လိုမှုဆန္ဒ ပြင်းပြနေခိုက်၊

၂။ စွန့်ရာဌာန၌ စွန့်မှုကို အားစိုက်နေခိုက်၊

၃။ ဆိုင်းငံ့ကာ စွန့်ရေးကို စောင့်ဆိုင်းနေခိုက်၊

ဟု ကိစ္စ ၃ မျိုးရှိရာ ယင်းအတွင်း၌ စွန့်ရေးအတွက် အတွင်းမှ ဖြစ်ပေါ်သမျှ ဗျာပါရတို့အပေါ်မှာ အသိမလစ်အောင် ရှုပွားနေရမည်။ ထိုမှတစ်ပါး အပြင်ကိစ္စ၌-

၁။ မစွန့်မီ စွန့်ရာဌာနသို့ သွားခြင်း။

၂။ စွန့်ရာသို့ရောက်လျှင် အဝတ်ကို ပြုပြင်ရခြင်း။

၃။ ထိုင်မှုကိစ္စ ပြုပေးရခြင်း။

၄။ စွန့်ပြီး၍ အညစ်အကြေးကို သုတ်သင်ရခြင်း။

၅။ သုတ်သင်ပြီး၍ ပြန်ထွက်လာခြင်း-

စသော အပြင်ကိစ္စတို့ရှိရာ ယင်းကိစ္စအားလုံး ပြုမိသမျှမှာ အသိမလွတ်စေဘဲ လိုက်၍ သိနေ၊ ရှုနေရန်ပင် ဖြစ်၏။ တွေးဆ၍ မနေရ၊ ပြုခိုက်၌ အလိုက်သင့် သိနေရုံသာ ရှိ၏။

ဘာ့ကြောင့်ရှုသနည်း အချို့ တရားအားထုတ်ရင်း ရှုသွားသည်ဟု ကြားဖူး၏။ အမှန်မှာ တရားအားထုတ်လျှင် ရှုနေသော သူပင် အရှုပ်ပျောက်ရမည် ဖြစ်၏။ မြတ်စွာဘုရားအား သက်ဝင်ယုံကြည်၍ အားထုတ်သူမှာ ကြောက်ခြင်း၊ လန့်ခြင်း၊ ကိုယ်ခက်တရော် ဖြစ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းပင် မဖြစ်နိုင်ပေ။

တရားအားထုတ်ရင်း ရှုသွားတတ်သည်မှာ အချို့က တရားအား

http://www.dhammadownload.com

ထုတ်ရာ၌ အထိုင်ကြာကြာ ထိုင်မှုကို ဂုဏ်တဂုဏ်ပြိုင် ပြုလုပ်ကြ၏။ ဘယ်လောက်ကြာကြာ ထိုင်နိုင်သလဲ၊ တရားထိုင်သလားစသည်ဖြင့် အပြိုင်အဆိုင် ပြုလုပ်တတ်ကြ၏။

သို့ဖြစ်၍ သမာဓိမရသေးမီ အားထုတ်ခါစ ယောဂီသည် 'ဝန်နှင့်အား၊ လေးနှင့်မြှား' ပမာ မိမိစွမ်းနိုင်သမျှ ကွရိယာပုတ်ဖြင့် တဖြည်းဖြည်း လေ့လာ၊ ပွားများ၊ အားထုတ်သင့်၏။ 'မနိုင်ဝန်ထမ်းက ခါးကျိုးတတ် သည့်'ပမာ မနိုင့် တနိုင်နှင့် အောင့်ကာ၊ အင့်ကာ၊ ဂုဏ်တု၊ ဂုဏ်ပြိုင် အတင်းထိုင်၍ အားထုတ်သော် ကျင်ကြိုး၊ ကျင်ငယ်စွန့်မှုကို ချုပ်တည်းထားရသည့် ဒုက္ခမှစ၍ ဒုက္ခအဖုံဖုံ စုပုံလျက် ကျရောက်လာကာ နောက်ဆုံးတွင် 'တရားထိုင်၍ ရူးရသည်'ဟူသော အဖြစ်မျိုးသို့ ရောက်ရတော့ပေ၏။

စင်စစ်မှာ 'တရားထိုင်၍ ရူးရသည် မယုတ်ပါ၊ မတရားထိုင်၍မှ ရူးရသည်' ဟု အတိအကျ မှတ်သားပါ။

အဋ္ဌကထာ သာဓက 'ထို ကျင်ကြိုး ကျင်ငယ် စွန့်မှုကို ပြုခြင်း၌ ကျင်ကြိုး ကျင်ငယ် ရင့်ကျက်ရာအခါ သို့မဟုတ် ကျင်ကြိုး ကျင်ငယ် စွန့်သင့်ရာအခါသို့ ရောက်သော် ကျင်ကြိုး ကျင်ငယ် မစွန့်သော ယောဂီ၏ တစ်ကိုယ်လုံးမှ ချွေးထွက်ကုန်၏။ မျက်စိတို့ ချာချာလည်ကုန်၏။ စိတ်တည်ကြည်မှု သမာဓိ မရနိုင်တော့။

သည်သာမကသေး။ ချွေးထွက်ခြင်း၊ မျက်စိလည်ခြင်း၊ သမာဓိ မရခြင်းမှ တပါးကုန်သော နားတံကျင်နာ၊ ဂရင်ကိုနာ၊ ရူးသွပ်နာစသော ရောဂါတို့ ဖြစ်တတ်ကုန်၏။ ကျင်ကြိုး၊ ကျင်ငယ် စွန့်သင့်ချိန်၌စွန့်သော ယောဂီအား ယင်းဆိုခဲ့ပြီး ရောဂါများမဖြစ်နိုင်။

(သုတ်သီလကွန်၊အဋ္ဌကထာ)

ချမ်းသာနှင့် ဆင်းရဲ အခါတပါး ရှင်သာရိပုတ္တရာသည် မာဂဓတိုင်း နာလကရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ် သာမဏ္ဍကာနိ ပရိဗ္ဗိဇ်သည် ရှင်သာရိပုတ္တရထံ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီးနောက် ရှင်သာရိပုတ္တရအား မေးလျှောက်၏။

http://www.dhammadownload.com

'ငါ့ရှင်သာရိပုတ္တာ၊ ချမ်းသာဟူသည် အဘယ်နည်း၊ ဆင်းရဲဟူသည် အဘယ်နည်း'

'ငါ့ရှင် ဘဝသစ်၌ ဖြစ်ရမူသည် ဆင်းရဲတည်း၊ မဖြစ်ရမူသည် ချမ်းသာတည်း။'

'ငါ့ရှင် ဘဝသစ်၌ ဖြစ်မူရှိလျှင် ချမ်းမှု၊ ပူမှု၊ သောက်လိုမှု၊ ကျင်ကြီးစွန့်လိုမှု၊ ကျင်ငယ်စွန့်လိုမှု၊ မီးလောင်မှု၊ တုတ်လှံတံထိခိုက်မှု၊ လက်နက်ထိခိုင်မှု၊ ဆွေမျိုးမိတ်ဆွေတို့ စုဝေးလာရောက်ကြ၍ ချုပ်ချယ်မှု ဟူသော ဤဆင်းရဲကို မချွတ်ရလိမ့်မည်ဟု မျှော်လင့်နိုင်၏။'

'ငါ့ရှင် ဘဝသစ်၌မဖြစ်သော ယင်းချမ်းမှု၊ ပူမှု မရှိသောချမ်းသာကို မချွတ်ရလိမ့်မည်ဟု မျှော်လင့်နိုင်၏။' (ဒသဂိုတ္တရပါဠိတော်)

သွားရာ-ရပ်ရာစသည် သွားမှု စရန် ပြုလုပ်သော ဗျာပါရ ကိစ္စအဝဝကို အသိမလပ်အောင် သတိကပ်၍ ရှုပွားလျှင် သွားရာ၌ ရှုသည်မည်၏။ ရပ်မှုစရန်၊ ထိုင်မှုစရန်၊ လျောင်းမှု၊ အိပ်မှုစရန် ပြုလုပ်ပေးသော ဗျာပါရ အဝဝကို မသိမလပ်အောင် သတိကပ်၍ ရှုပွားလျှင် ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၌ ရှုသည်မည်၏။ နိုးမှုအစ ဗျာပါရကို အသိမလပ်အောင် သတိကပ်၍ ရှုပွားလျှင် နိုးရာ၌ ရှုသည်မည်၏။

အိပ်-နိုး အာဝဇ္ဇန်းဒွေးဟု ဆိုအပ်သော ကိရိယာကြောင့် ဖြစ်သော ဆဒ္ဒာရိက ဝီထိစိတ်တို့ အိပ်ပျော်ဆဲခဏ၌ မဖြစ်ခြင်းသည် အိပ်သည်မည်၏။ အာဝဇ္ဇန်းဒွေးဟု ဆိုအပ်သော ကိရိယာကြောင့် ဖြစ်သော ဆဒ္ဒာရိကဝီထိစိတ် တို့ နိုးဆဲခဏ၌ ဖြစ်ခြင်းသည် နိုးသည်မည်၏။

(သုတ်သီလက္ခန် အဋ္ဌကထာ)

ပြောရာ၌ရှုပုံ 'တဦးနှင့်တဦး ပြောဆိုနေစဉ် အကျိုးရှိသော စကားမျိုးကို သုံးသပ်၍ ပြောဆိုနိုင်သော် သာတ္ထကသမ္မဇဉ်ဖြစ်၏။ မလျော်ရာကို ဖယ်ရှားပြီး လျော်ရာကိုသာ ပြောဆိုသော် သပ္ပါယသမ္မဇဉ် ဖြစ်၏။ ပြောဆိုသော စကားသံကို ကမ္မဋ္ဌာန်းအာရုံ အဖြစ်ထားရှိကာ သတိဆောင်၍ ပြောသော် ဂေါစရသမ္မဇဉ် ဖြစ်နိုင်၏။

အတွင်းအဇ္ဈတ္တရှိ ဝါယောဓာတ်၏ ဗျာပါရကိုလည်းကောင်း၊ဝါယော

http://www.dhammadownload.com

ဓာတ်ကြောင့် လည်းချောင်း၊ အာခေါင်၊ လျှာ၊ သွား၊ နှုတ်ခမ်း၊ မေး၊ နှာခေါင်း တို့ဖြင့် အသံရိုးရိုးမှ အက္ခရာခေါ် စာလုံးအမျိုးမျိုးပေါ်လာပုံ၊ စာလုံးတို့မှ စကား တစ်ခွန်း၊ တစ်ခွန်းဖြစ်လာပုံ စသည်ကိုလည်းကောင်း၊ ထိုဝါယောဓာတ်နှင့် ဝါယောဓာတ်၏ ဗျာပါရကိစ္စတွေကို ဖြစ်စေနေသော မနောခေါ်စိတ်၏ လှုံ့ဆော် နေပုံကို လည်းကောင်း စကားပြောဆိုနေစဉ် သုံးသပ်ရှုပွား နေနိုင်သော် အသမ္မောဟ သမ္မဇဉ် ဖြစ်၏။

အသံရှု၍ ရဟန္တာဖြစ်ခြင်း တချိန်က ကောသလတိုင်း တောအုပ် တခုဌ် တောရ ဆောက်တည်နေခါစ ရဟန်းတော်တစ်ပါးသည် အချိန်များစွာ စာအံ၊ စာပြန်လျက် နေလေ့ရှိ၏။ နောက်အခါသော် စာအံ၊ စာပြန်မှု မပြုတော့ဘဲ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေလျက် ဖလသမာပတ် ချမ်းသာ ဖြင့် အချိန်ကို ကုန်လွန်စေ၏။

ထိုအခါ ရဟန်းတော်ကို ကြည်ညိုၗ အရိပ်တကြည့်ကြည့်နှင့် နေသော တောကျောင်းအနီး ရက္ခစိုးနတ်သည် ရဟန်းတော်၏ စာအံ၊ စာပြန်သော တရားတော်ကို မကြားနာရ၍ ရဟန်းတော်ထံ ချဉ်းကပ်၍ လျှောက်မေး၏။

> 'အို၊ ရဟန်းတော်၊ သင်သည် အဘယ်ကြောင့် တရား တော်တို့ကို မရွတ်ဖတ်၊ မပြန်အံတော့သနည်း၊ ရဟန်း တော်တို့နှင့် ပေါင်းဖော်ရသူသည် တရားတော်တို့ကို နာရ သောကြောင့် မျက်မှောက်ဘဝ၌ ကြည်ညိုခြင်းကိုလည်း ရပါ၏။ ချီးမွမ်းခြင်းကိုလည်း ခံရပါ၏'

ရက္ခစိုးနတ်သည် ရဟန်းတော်များ မကျွန်းမမာ၊ ဖျားနာလေသလား၊ သို့မဟုတ် ရဟန်းတော်၏ ဥပဇ္ဈာယ် ဆရာမူလည်း ဖျားနာလေသလား၊ အဘယ် အကြောင်းကြောင့် ရှေးကလို သာယာစွာသော အသံတော်နှင့် တရားတော်တို့ကို မရွတ်ဖတ် မပြန်အံသနည်း' ဟု အကြောင်းစုံသိရန် မေးလျှောက်ခြင်းဖြစ်၏။ ထိုအခါ ရဟန်းတော်ကဖြေ၏-

> 'အို နတ်သား၊ ငါတို့သည် အရိယမဂ်သို့ မရောက်

http://www.dhammadownload.com

သေးမီ ရှေးအခါက တရားတော်တို့၌ ရွတ်ဖတ်၊ ပြန်အံခြင်း ဆန္ဒဖြစ်ပေါ်ခဲ့၏။ အရိယမဂ် သို့ရောက်ပြီးသော အခါ၌မူကား မြင်အပ်၊ ကြားအပ်၊ တွေ့ထိအပ်သော တရားအားလုံးကို သိ၍စွန့်လွှတ်ခြင်းကို သူတော်ကောင်းတို့ ချီးမွမ်းကုန်၏'

ထိုရဟန်းတော်သည် ရှေးကဆရာ၏ ဝတ်ကြီး၊ ဝတ်ငယ်ကိုပြုပြီးလျှင် ပါဠိ-အဋ္ဌာကထာကို သင်ယူကာ နေဝင်သည့်တိုင်အောင် ရွတ်ဖတ်ပြန်အံ၏။

တဖန် ဆရာကို ရေချိုးပေးပြီး ရှိခိုးဦးချကာ ပါဠိ-အဋ္ဌကထာ သင်ယူပြီးလျှင် ပဌမယာမ် ကုန်သည့်တိုင်အောင် ရွတ်ဖတ် ပြန်အံ၏။

မဇ္ဈိမယာမ်တွင် ခေတ္တ အပန်းဖြေ၍ ပစ္ဆိဇယာမ်တွင် ပါဠိ-အဋ္ဌကထာ သင်ယူကာ အာရက်တက်သည့်တိုင်အောင် ရွတ်ဖတ်၊ ပြန်အံ၏။

ယင်းသို့ ရွတ်ဖတ် ပြန်အံယင်း ချုပ်သွားသော အသံကို 'ကုန်-ပျက်' အားဖြင့် ရှုပွားများရာ ကြောမီပင် အာသဝ ကင်းတွာ ရဟန္တာ ဖြစ်သွား၏။

(သဂါထာ ဝဂ္ဂသံယုတ် ပါဠိ အဋ္ဌကထာ)

အပြစ်တင်ကောင်းအံ့လော အို စာရှုသူ၊ အချို့က စာသင် စာချ ရဟန်းတော်များကို တရားအားမထုတ်ဟု အပြစ်မြင်ကြ၏။ အပြစ်တင်ကြ၏။ အချို့က ရွတ်ဖတ် သရဇ္ဈာယ်သူတို့ကို အပြစ်မြင်ကြ၊ အပြစ်တင်ကြ၏။ အပြစ်မြင်ကောင်း အပြစ်တင်ကောင်းအံ့လော။

အို စာရှုသူ၊ စာသင် စာချ ရဟန်းတော်တို့ကို အပြစ်မြင် အပြစ်တင်သော် 'အရှင်ဘုရားတို့သည် စာမသင် စာမချပါနှင့်တော့' ဟု မဆိုသော်လည်း ဆိုရာရောက်တော့သည် မဟုတ်ပါလော။ ယင်းသို့ ဆိုရာရောက်သော် ဘုရားရှင်၏ သာသနာတော် သုံးရပ်တွင် ပရိယတ်သာသနာတော်ကို ကွယ်ပအောင် ဖျက်ဆီးရာ မရောက်ပါလော။

အို စာရှုသူ၊ ပရိယတ် သာသနာတော် ကွယ်ပ ပျက်စီးသော် ပဋိပတ် သာသနာတော်ကို ဘယ်မှာ အစရှာမည်နည်း။ မည်သို့ အားထုတ်နိုင်မည်နည်း။

ပရိယတ်သာသနာတော် တဖြည်းဖြည်း အားနည်းလာသော် ပဋိပတ် အတုအယောင်များ တဖြည်းဖြည်း တိုးပွားလာမည်မှာ အမှန်ပင်ဖြစ်၏။

http://www.dhammadownload.com

ထို့ကြောင့် ပရိယတ် သာသနာတော်ထမ်း ရှင်ရဟန်းများကို မပုတ်ခတ်သင့်ပေ။

ဆိတ်ဆိတ်နေရာ၌တုဏ္ဍိဘာဝေ = စကားမပြောဆိုတဲ့ဆိတ်ဆိတ်နေမှုကို အပြင်မှ မြင်ရသည်မှာ 'အ,နေသူ'နှင့် မခြားတော့ပေ။ သို့သော် နှုတ်မှ မပြောမိ အသံမထွက်မိအောင် အသံဖြစ်ပေါ်မည့်အရာကို အတွင်းမှ ထိန်းချုပ်ပေးခြင်းကြောင့် ဆိတ်ဆိတ်နေခြင်း ဖြစ်၏။

ထို့ကြောင့် 'တုဏ္ဍိဘာဝေ - ဆိတ်ဆိတ်နေရာ၌ ရှုပွားလိုသော် အပြင်မြင် ပါးစပ်ပညတ်ကိုကြည့်ကာ 'ဆိတ်ဆိတ်နေတယ် ဆိတ်ဆိတ်နေတယ်'ဟု သမထအနေနှင့် မမှတ်ဘဲ 'အဇ္ဈတ္တံ ဝါ ကာယေ' အရ အတွင်းမှ ထိန်းချုပ်ပေးနေမှုအပေါ်မှာ ဦးစွာစူးစိုက် ရှုပွားပါ။

ထိုအခါ နှုတ်သို့ထွက်ပေါ်စေတတ်သော အသံကို ထိန်းချုပ်ပေးနေသည့် ဝါယောဓာတ် ကိစ္စတွေကို တွေ့သိလာပေလိမ့်မည်။ ယင်းကို စူးစိုက်ရှုပြန်သော် ယင်းကို ဖြစ်စေသည့် စိတ်၏ သတ္တိကိုပါ တွေ့သိလာပေလိမ့်မည်။

ထိုအချိန်က စ၍ အတွင်းမှ ထိန်းချုပ်ပေးနေသော စိတ်နှင့် ဝါယောဓာတ်တို့ သဘာဝ ကူးစက်နေပုံ၊ ထိုအရ နှုတ်ကိစ္စ ရပ်စဲနေမှုအထိ စိတ်မှစ၍ ဗျာပါရ အဆင့်ဆင့် သွားနေပုံကို ငြိမ်နေရာမှ တွေ့သိ လာပေလိမ့်မည်။

ဆက်လက်ရှုပွားသော် စိတ်ကို ထိန်းချုပ်ရမှုအတွက် ပင်ပန်းမှု ဒုက္ခသဘောကို လည်းကောင်း၊ ထိန်းချုပ်ရမှုတွေ ပြောင်းလွဲလာပုံ အနိစ္စသဘောကို လည်းကောင်း၊ ထိန်းချုပ်ရမှုတွေ၏ အစ အလယ် အဆုံးအဖြစ် ခြားနားသွားပုံကို လည်းကောင်း၊ ထိန်းချုပ်ရမှုတွေ ပျောက်လိုက် ပေါ်လိုက် ဖြစ်လာပုံကို လည်းကောင်း၊ အပျောက်သာ များလာပုံ စသည်ကို လည်းကောင်း၊ တဆင့်ပြီး တဆင့် မြင့်ကာ အသိတွေ တိုးတက်လာပါလိမ့်မည်။

ရပ်မှုထိုင်မှုအထူး ကုရိယာပထ - ရပ်မှု ထိုင်မှုနှင့် သမ္မဇည - ရပ်မှု ထိုင်မှု ခြားနားချက်ကား မတ်တတ်ရပ်ရာမှ ထိုင်လိုသော ယောဂီသည် အထက်ပိုင်း ခန္ဓာကိုယ်ကြီးကို သတိကပ်ကာ တထိန်းတသိ တထိန်းတသိ ဖြင့် မိမိထိုင်လိုသော ပုံစံအခြေအနေသို့ ရောက်အောင် ရှုပွားပါ။ မိမိလိုသော ထိုင်ပုံ အနေသို့ ရောက်လျှင် ၄င်းထိုင်ပုံ အခြေအနေ မပျက်အောင် တထိန်းတသိ

http://www.dhammadownload.com

တထိန်းတသိဖြင့် ဆက်လက်၍ ရွှတ်ပါ။

မတ်တတ်ရပ်ရာမှ မိမိလိုသော ထိုင်မှုအထိ မရောက်မီအတွင်း အကြား ကာလသည် သမ္မဇညထိုင်မှု ဖြစ်ပါသည်။ ရောက်ပြီး နောက်ပိုင်း ဆက်လက် ထိန်းနေခြင်းသည် ဣရိယာပထ ထိုင်မှု ဖြစ်ပါသည်။

ထိုင်ရာမှ ရပ်လိုသောယောဂီသည် အထက်ပိုင်းခန္ဓာကိုယ်ကြီးကို သတိ ထားကာ တတွန်းတသိဖြင့် စန့်စန့်ကြီးရပ်မိအောင်ရွှတ်ရာ၏။ ရပ်မိသောအခေ သို့ရောက်လျှင် ၄င်း အခြေအနေမပျက်အောင် တထိန်းတသိ၊ တထိန်းတသိဖြင့် ရွှတ်ရာ၏။

ထိုင်ရာမှ စန့်စန့်ကြီးရပ်မိအောင် ရွှတ်ရသည့် အချိန်ကာလသည် သမ္မဇညရပ်မှုဖြစ်သည်။ စန့်စန့်ကြီး ရပ်တည်နေမှုကို ရွှတ်ခြင်းသည် ဣရိယာ ပထရပ်မှုဖြစ်သည်။ ဤကား ခြားနားချက်တည်း။

မူလသမ္မဇဉ် ၂၅ ပါး 'အို စာရွှသူ၊ ဤတွင် ပါဠိတော်လာ မူလသမ္မဇဉ် ၂၂ ပါးတို့ကား ပြီးပါပြီ။ 'သမ္မဇညေန သဗ္ဗကိစ္စ ကာရီ' ဟူသော အဋ္ဌကထာအရ မူလသမ္မဇဉ် ၅၂ ပါး တို့ကိုလဲရွှတ်နိုင်ပါ သေး၏။ ယင်းတို့ကား-

ဦးခေါင်းလှုပ်မှု၊ မျက်ခုံးလှုပ်မှု၊ မျက်တောင်ခတ်မှု၊ မျက်လုံးလှုပ်မှု၊ မျက်ခွံပိတ်မှု၊ နှာခေါင်းလှုပ်၊ နှပ်ညှစ်မှု၊ အသက်ရှူမှု၊ မှုတ်ထုတ်မှု၊ နှုတ်ခမ်း လှုပ်မှု၊ လျှာလှုပ်မှု၊ တံတွေးထွေးမှု၊ မို့ချမှု၊ အန်မှု၊ လေတက်မှု၊ လက်ဝါးဆုပ်မှု၊ ဖြန့်မှု၊ ကော့မှု၊ တောင့်မှု၊ ကိုင်မှု၊ လက်ချောင်းချင်းထိမှု၊ ထွာမှု၊ လက်ချင်းပူးမှု၊ ပွတ်သပ်မှု၊ ဖိမှု၊ ဖယ်မှု၊ ရှောင်မှု၊ ဆွဲမှု၊ တွန်းမှု၊ မ,မှု စသော ကိုယ်ဖြင့် ပြုလုပ်သမျှ အသေးစား ကာယမျိုးများ ဖြစ်၏။

တဖန် မှိတ်ထားပြီး မျက်စိကို ထပ်မှိတ်မှု၊ မှိတ်ပြီး မျက်စိကို တဖြည်း ဖြည်း ပြန်ဖွင့်မှု၊ နဖူးရေတွန့်မှု၊ မျက်စိမှေးကြည့်မှု၊ ပြူးကြည့်မှု၊ ပါးဖောင်းမှု၊ ဝိန်မှု၊ ရွဲမှု၊ ပိတ်ပြီးပါးစပ်ကို ထပ်ပိတ်မှု၊ နှုတ်ခမ်းကို စူတတ်မှု၊ နှုတ်ခမ်းလန်မှု၊ ပါးစပ်ကိုဖြဲမှု၊ သွားချင်းကြိတ်မှု၊ မျက်ရည်ယိုမှု၊ နှာရည်ယိုမှု၊ အသံတုန်မှု၊ သမ်းဝေမှုစသော ကိုယ်ဖြင့် နှစ်ဆင့်၊ သုံးဆင့် စသည်ပြုလုပ်၍ ဖြစ်ပေါ်လာသော ပို၍ သိမ်မွေ့သည့် အသေးစား ကာယမျိုးများ ဖြစ်၏။ (ဉာဏ်လှေကားကျမ်းကြီး)

http://www.dhammadownload.com

http://www.dhammadownload.com

၄။ ပဋိကူလမနသိကာရပိုင်း

ပဋိကူလမနသိကာရ 'ပဋိကူလဟူသည် စက်ဆုပ် ရွံရှာဖွယ်တည်း။ မနသိကာရဟူသည် နှလုံးသွင်းမှုတည်း။ ယင်းသို့ ဖြစ်၍ ခန္ဓာကိုယ်ရှိ စက်ဆုပ်ရွံရှာဖွယ်တွေကို နှလုံးသွင်းမှုကို ပဋိကူလ မနသိကာရ' ဟုခေါ်၏။ ယင်းကို ဘုရားရှင်သည် အောက်ပါအတိုင်း ဟောထား၏-

နှလုံးသွင်းပုံ 'ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက်၊ ဆံပင်ဖျားမှ အောက်၊ ထက်ဝန်းကျင် အရေပါးအဆုံး ရှိသော မစင်ကြယ်သည့် အရာမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်း ခန္ဓာကိုယ်ကိုပင် စူးစိုက်ဆင်ခြင်၏-

'အတ္ထိ ဣမသ္မိံ ကာယေ-

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
၂။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
၃။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊
၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊

http://www.dhammadownload.com

၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊

၆။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။

ဤငါး၏ ရုပ်အပေါင်း ခန္ဓာကိုယ်၌-

၁။ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ။

၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။

၃။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ သည်ရှိ၏ဟု စူးစိုက်ဆင်ခြင်၏။ (သုတ်မဟာဝါ ပါဠိတော်)

ကမ္မဋ္ဌာန်းတောင်း ‘ဤပဋိကူလ မနသိကာရ ကမ္မဋ္ဌာန်းကို ပွားများ စီးဖြန်းလိုသူ ယောဂီသည် အဆွေခင်ပွန်းကောင်း ဆရာသမားထံသို့ ချဉ်းကပ်ပြီးလျှင် ကမ္မဋ္ဌာန်းတောင်းအပ်၏။ ကမ္မဋ္ဌာန်းဆရာသည်လည်း နိမိတ်ယူရာ လိမ်မာကြောင်း ဥဂ္ဂဟကောသလ္လ ၇ ပါး၊ နှလုံးသွင်းရန် လိမ်မာကြောင်း ၁၀ ပါး တို့ကို ပိုင်းခြား တိတိ သိအောင် သင်ပေးတတ်၏။

ဥဂ္ဂဟကောသလ္လ

၁။ နှုတ်ဖြင့် ရွတ်ခြင်း။

၂။ စိတ်ဖြင့် ကြံစည်ခြင်း။

၃။ ကောဋ္ဌာသတို့၏ အဆင်း။

၄။ ပုံဟန်သဏ္ဌာန်။

၅။ ချက်မှ အထက် အောက်အရပ်။

၆။ တည်ရာဌာန။

၇။ သဘာဂ ဝိဘာဂ။

အပိုင်းအခြားအားဖြင့် ၇ ပါးတို့တည်း။ (ဝိသုဒ္ဓိမဂ်)

နှုတ်ဖြင့်ရွတ် ‘ဤပဋိကူလမနသိကာရ ကမ္မဋ္ဌာန်း၌ ပိဋ္ဌကတ် သုံးပုံ ဆောင်ရဟန်းယောဂီသော်မှလည်း ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဖတ်၊

http://www.dhammadownload.com

သရဏ္ဂုဏ်အပ်၏။ ထိုစကားသင့်စွ။ အချို့နှုတ်ဖြင့် ရွတ်ဖတ်၊ သရဏ္ဂုဏ် စဉ်ပင်လျှင် ကမ္မဋ္ဌာန်း ထင်ရှား၏။

မထေရ် ၂ ပါး ဥပမာသော် မလယဝါဒီ မဟာဒေဝ ထေရ်၏ အထံ၌ ကမ္မဋ္ဌာန်းယူကုန်သော ထေရ် ၂ ပါးတို့ကဲ့သို့ ဖြစ်၏။ ချဲဉီးအံ့။ မလယဝါသီ မဟာဒေဝထေရ်သည် ကမ္မဋ္ဌာန်းတောင်းယူသူ တပည့် ၂ ဦးတို့ကို 'လေးလပတ်လုံး ဤကမ္မဋ္ဌာန်းကိုသာလျှင် ရွတ်ဖတ် သရဏ္ဂုဏ်လော့' ဟု ပြောဆို၍ ၃၂ ကောဋ္ဌာသပါဠိကို ပေး၏။

တပည့်မထေရ် ၂ ပါးတို့သည် နိကာယ်နှစ်ခုသုံးခု ဆောင်တို့ဖြစ်ကုန်၏။ သို့သော် ဆရာ့စကားကို အရိုအသေ ခံယူ၍ လေးလတို့ ပတ် လုံး ရွတ်ဖတ် သရဏ္ဂုဏ်စဉ်ပင်လျှင် သောတာပန် ဖြစ်ကုန်၏။

(ဝိသုဒ္ဓိမဂ်)

သရဏ္ဂုဏ်ပုံ ရွတ်ဖတ် သရဏ္ဂုဏ်သည်ရှိသော် တစပဋ္ဌက စသည် တို့ကို ပိုင်းဖြတ်၍ အနုလုံ ပဋိလုံအားဖြင့် ရွတ်ဖတ်သရဏ္ဂုဏ်ရမည်။ အောက်ပါအစီအစဉ်မှာ ရွတ်ဖတ် သရဏ္ဂုဏ်ရမည့် အစီအစဉ်ပင် ဖြစ်၏။

တစပဋ္ဌက

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ (အနုလုံ)
အရေ၊ သွား၊ လက်သည်း ခြေသည်း၊ အမွေး၊ ဆံပင် (ပဋိလုံ)

ဝက္ကပဋ္ဌက

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့ (အနုလုံ)
အညို့၊ ရိုးတွင်ခြင်ဆီ၊ အရိုး၊ အကြော၊ အသား (ပဋိလုံ)
အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်

http://www.dhammadownload.com

ပဗ္ပါသပဋ္ဌက

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ် (အနုလုံ)
အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး (ပဋိလုံ)
အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား
အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်

မတ္တလုင်္ဂပဋ္ဌက

အူမ-အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက် (အနုလုံ)
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်-အူမ (ပဋိလုံ)
အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး
အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား
အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်

မေဒဆက္က

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ (အနုလုံ)
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ (ပဋိလုံ)
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ
အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊
အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား
အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်

မုတ္တဆက္က

မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် (အနုလုံ)
ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည် (ပဋိလုံ)

http://www.dhammadownload.com

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ
အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊
အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား
အရေ၊ သွား၊ လက်သည်း ခြေသည်း၊ အမွေး၊ ဆံပင်

ဤသို့ ကာလအရာ အထောင် အသိန်းပတ်လုံး နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ပြုရမည်။ မှန်၏။ နှုတ်ဖြင့် ရွတ်ဖတ်သော် ကမ္မဋ္ဌာန်းတို့သည် ရွဲလုံးတန်း၊ စောင်းရမ်းခြေအစဉ်၊ လက်ကောက် အစဉ်ကဲ့သို့ ထင်ရှားလာ၏။ စိတ်လည်း ထိုထိုဤဤ မပြေးတော့။

မှတ်ချက် ဤကား ဝိသုဒ္ဓိမဂ်လာ ရှုပွားနည်းဖြစ်၏။ ဝက္ကပဉ္စက စသည်တို့၌ ပဋိလောမကို ကောသာတိုင်အောင် ပြန်၍ ပြန်၍ ရွတ်သော နည်းလည်း ရှိသေး၏။ သမ္မောဟဝိနောဒနီလာနည်းမှာ တစပဉ္စကဋ္ဌ အနုလုံ ၅ ရက်၊ ပဋိလုံ ၅ ရက်၊ အနုလုံ ၅ ရက်အားဖြင့် ၁၅ ရက်၊ ထို့အတူ ဝက္ကပဉ္စကဋ္ဌ ၁၅ ရက်၊ ရွေးပဉ္စကနှင့်ရောရွတ် ၂ ခုဋ္ဌ ၁၅ ရက်၊ ပပ္ပါသပဉ္စကဋ္ဌ ၁၅ ရက်၊ ရွေးပဉ္စကနှင့် ရောရွတ် ၃ ခုဋ္ဌ ၁၅ ရက်၊ မတ္ထလုင်္ဂ ပဉ္စကဋ္ဌ ၁၅ ရက်၊ ရွေးနှင့်ရောရွတ် ၄ ခုဋ္ဌ ၁၅ ရက်၊ မေဒဆက္ကဋ္ဌ ၁၅ ရက်၊ ရွေးနှင့်ရောရွတ် ၅ ခုဋ္ဌ ၁၅ ရက်၊ မုတ္တဆက္ကဋ္ဌ ၁၅ ရက်၊ ရွေးနှင့်ရောရွတ် ၆ ခုဋ္ဌ ၁၅ ရက်၊ ဤသို့ ၅ လနှင့် ၁၅ ရက် ရွတ်ဖတ်သရဇ္ဈာယ်မှ ပြည့်စုံသည်ဟု ပြသော ရွတ်နည်းတို့တွင် အစနှင့်အဆုံး နှစ်နည်း၊ နှစ်နည်းကိုသာ ယူ၍ပြသော ရွတ်နည်းကို ဤဋ္ဌ ပြ၏။ တစ်နည်းဆိုသော် ရွတ်ပုံ အသီးအခြား နည်းတစ်ပါးဟု မှတ်အပ်၏။ (ဝိသုဒ္ဓိမဂ်)

စိတ်ဖြင့်ကြံစည်ခြင်း ကမ္မဋ္ဌာန်းထင်ရှား၍ စိတ် ထိုဤမပြေးသောအခါ နှုတ်ဖြင့်ရွတ်မှု ရပ်ဆိုင်း၍ ထင်တိုင်းသော အစဉ်ကို လျှောက်လျက် အောက်မေ့ ဆင်ခြင်အပ်၏။ မှန်၏။ နှုတ်ဖြင့် ရွတ်ခြင်းသည် စိတ်ဖြင့် ကောင်းစွာ ကြံခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်၏။ စိတ်ဖြင့် ကောင်းစွာ ကြံခြင်းသည် အသုဘ ပဋိကူလ လက္ခဏာကို ထိုးထွင်းသိခြင်း၏

http://www.dhammadownload.com

အကြောင်း အထောက်အပံ့ ဖြစ်၏။ ယင်းသည် မဂ်ဖိုလ်၏ အကြောင်း အထောက်အပံ့ ဖြစ်၏။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

အဆင်းစသည် ဆံပင်သည် အဆင်းမည်းနက်၏။ အိုသော သူ အား ဖြူ၏။ ချိန်ခွင်ရိုးသဏ္ဌာန် ပုံဟန်ရှည်ရှည် လုံးလုံးရှိ၏။ ချက်မှ အထက်၌ ဖြစ်၏။ စိုစွတ်သော ဦးခေါင်းရေ၌ တည်၏။ သဘာဝ ပရိစ္ဆေဒ အားဖြင့် ဝဲယာ ရှေ့နောက် အထက်အောက်ဟူသော မိမိတို့အဖို့ဖြင့် ပိုင်းခြား အပ်၏။ ဝိသဘာဝ ပရိစ္ဆေဒအားဖြင့် ဆံပင်သည် အမွေးမဟုတ်။ အမွေးသည် ဆံပင်မဟုတ်။ ဆံပင်သည် ကျင်ငယ် မဟုတ်။ ကျင်ငယ်သည် ဆံပင်မဟုတ်။ ဤသို့ ကောဋ္ဌာသတစ်ပါးနှင့် ပိုင်းခြားအပ်၏။

ဒိဋ္ဌ သုတ ဤနည်းအတူ တစပဋ္ဌက ကမ္မဋ္ဌာန်းကို မျက်စိဖြင့် ကြည့်၍ မှတ်သားပိုင်းခြားအပ်၏။ ကြွင်းသော ဝဏ္ဏပဋ္ဌက စသည်တို့ကိုကား ဆရာသမားတို့ ပြောကြားသည့်အတိုင်း မှတ်သားပိုင်းခြားအပ်၏။ ထို့ကြောင့် တစပဋ္ဌက ကမ္မဋ္ဌာန်းသည် 'ဒိဋ္ဌကမ္မဋ္ဌာန်း' မည်၏။ ကြွင်းသော ဝဏ္ဏပဋ္ဌက စသည် သည် 'သုတ ကမ္မဋ္ဌာန်း' မည်၏။

ပဋိကူလနှင့် ဓာတ် ဤပဋိကူလ မနသိကာရ ကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာန်သုတ်၌ ပဋိကူလအစွမ်းဖြင့် ဟောတော်မူ၏။ မဟာဟတ္ထိပဒောပမသုတ်၊ မဟာရာဟုလောဝါဒသုတ်၊ ဓာတုဝိဘင်္ဂသုတ်တို့၌ ဓာတ်၏ အစွမ်းအားဖြင့် ဟောတော်မူ၏။

အထူးကို ဆိုဦးအံ့။ ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာသတိသုတ်၌ ဆံအစရှိသော ကောဋ္ဌာသ၊ အညို အစရှိသော အဆင်းအားဖြင့် ထင်သောပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဆံစသည်တို့၌ ဝဏ္ဏကသိုဏ်းလျှင် အာရုံရှိကုန်သော စျာန် ၄ ပါးတို့ကို ဝေဖန်အပ်ကုန်၏။

ဝိပဿနာနှင့် သမထ ပဋိကူလဓာတ် ကမ္မဋ္ဌာန်း ၂ မျိုးတို့တွင် ဓာတ်၏ အစွမ်းအားဖြင့် ဟောအပ်သော ကမ္မဋ္ဌာန်းသည်

http://www.dhammadownload.com

ဝိပဿနာကမ္မဋ္ဌာန်း မည်၏။ ပဋိကူလ၏ အစွမ်းအားဖြင့် ဟောအပ်သော ကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်းမည်၏။ ဤ၌မူ သမထကမ္မဋ္ဌာန်းအနေနှင့် ပြ၏။

လေးလ ငါးလ ဤသို့ ဥဂ္ဂဟကောသလ္လ ၇ ပါးတို့ကို သင်ကြား ပြီးသော ယောဂီသည် ရှေးဦးစွာ လေးလ ငါးလ တန်သည် ကြာအောင် အဆင်း၊ သဏ္ဌာန်၊ အရပ်၊ တည်ရာ၊ အပိုင်းအခြား ငါးပါးတို့ကို စဉ်းစားစုံစမ်း ရှေးရှုစိတ်တမ်းလျက် မမောမပန်းရအောင် တိုးတိုးသက်သာဖြည်းညင်းစွာနှုတ်ဖြင့် ရွတ်၍ စီးဖြန်းရာ၌ မနသိကာရကောသလ္လ ၁၀ ပါးကို နားလည်ရမည်ဖြစ်၏။

မနသိကာရကောသလ္လ ၁၀ ပါး

၁။ အနုလုံ ပဋိလုံအစဉ်အတိုင်း ပွားများခြင်း
၂။ မလျင်မမြန်လွန်းစေရခြင်း
၃။ မနှေး၊ မလေးလွန်းစေခြင်း
၄။ ပျံ့လွင့်သည်ကို ပယ်ရှားတားမြစ်ခြင်း
၅။ အလွန်ထင်မြင်သောအခါ ကေသာစသော ဆံပင်စသော နာမ ပညတ်ကို လွန်မြောက်ခြင်း
၆။ ဉာဏ်၌ မထင်ရှားသော ကောဋ္ဌာသကို ပယ်ချ လွှတ်ထားခြင်း
၇။ အထင်ရှားဆုံး ကောဋ္ဌာသ တစ်ခု၌ အပွနာစျာနရအောင် စီးဖြန်းခြင်း
၈-၁၀။ အဓိစိတ္တသုတ်၊ သီတိဘာဝသုတ်၊ ဗောဇ္ဈင်္ဂကောသလ္လသုတ်အား ဖြင့် သုတ် ၃ သုတ်ကို လေ့လာဆင်ခြင်ခြင်းအားဖြင့် ဤ ၁၀ ပါးသည် မနသိကာရကောသလ္လတို့တည်း။

အနုပုဗ္ဗစသည် တစ်ခုကျော်၊ နှစ်ခုကျော် ခုန်ကျော်မှု မရှိစေရဘဲ ဆိုခဲ့ပြီးသော အနုလုံ ပဋိလုံ အစဉ်အတိုင်း ဆစ်ပိုင်း ပြန်လှန်၍ ပွားများ စေခြင်းဟူသော အစဉ် အနုပုဗ္ဗအားဖြင့် လည်းကောင်း၊ မလျင်မမြန်လွန်း စေရခြင်းဟူသော နာတိသီဃအားဖြင့် လည်းကောင်း၊ မနှေး၊ မလေးလွန်း စေရခြင်းဟူသော နာတိသဏိကအားဖြင့် လည်းကောင်း ဘဝဆက်ဆက် [illegible] သံသာစက်ကပင် လောက်လက်မွှေတတ်၊ လေခတ်သည့် ဖွဲပြာလို

http://www.dhammadownload.com

ထိုထိုအာရုံ၌ လွင့်ပါး ရောက်ပေါက်တတ်သော ဥဒ္ဓစ္စပေါင်းဖက် ထိုထိုဝိတက်ကို ချိုးဖျက်ပယ်ရှားခြင်း ဟူသော 'ဝိက္ခေပ ပဋိဟာရန' အားဖြင့် လည်းကောင်း၊

နှုတ်မတက်ခင် ပဋ္ဌကဆက္ကတစ်ခုခု၌ အသွားအပြန်အဖန်ဖန်ရွတ်လျက် အစဉ်အတိုင်း တက်၍ ပွားများအပ်၏။ တစ်လ၊ နှစ်လခန့် ကြာ၍ နှုတ်တက် သောအခါ အစမှသည် အဆုံး၊ အဆုံးမှသည် အစတိုင် အောင်သာ ရွတ်ရတော့ သည်။ မဆစ်မပိုင်းရပြီ။ လေး၊ ငါးလကြာ၍ လွန်စွာ နှုတ်တက်လတ်၊ စိတ်ပျံ့ လွင့်ခြင်းကင်းလတ်သော် နှုတ်ဖြင့်ရွတ်သော အစဉ်အတိုင်း အစမှအဆုံးတိုင် အောင်၊ အဆုံးမှအစတိုင်အောင် စိတ်ဖြင့်သာလျှင် ဆင်ခြင်အောက်မေ့အပ်၏။

'အဆင်း၊ သဏ္ဌာန်၊ အနံ့၊ ဖြစ်ကြောင်းတည်ရာ' ငါးပါးတို့ဖြင့် 'စက်ဆုပ်ရွံရှာဖွယ်' အဖြစ် 'စင်စစ်ရွံဖွယ် စက်ဆုပ်ဖွယ်' အဖြစ်ကိုလည်း ဉာဏ်ဝယ်စဉ်းစား သတိထား၍ ပွားများဆင်ခြင်အပ်၏။

ယင်းငါးပါးတို့တွင် ဆံပင် စသည်တို့၏ ပကတိအားဖြင့် စိမ်းခဲ့ ညှီဟောက်၊ သိုးအောက် နံစော်သော အနံ့၊ မီးခဲ့ ထည့်သော် ချစ်ညှော် တူးခါးသော အနံ့သည် 'ဂန္ဓ' မည်၏။ သလိပ်၊ သည်းခြေ အစရှိသော စွတ်စွတ်စိုစို ထိုထိုဖြစ်ကြောင်း၊ ပွားစီးကြောင်းသည် 'အာသယ' မည်၏။ အဆင်း ဝဏ္ဏ၊ သဏ္ဌာန်၊ အရပ်၊ ဩကာသ သိပါ။

ယင်းသို့ပွားများသော ယောဂီသည် ရွဲလုံးတန်း၊ စောင်းရန်းခြေ အစဉ်၊ လက်ကောက်အစဉ်ကဲ့သို့ ကောင္မာသ အစဉ်အားဖြင့် ထင်ရှားသော် စည်းဝေးသော သံဃာကို ရေတွက်ရာ၌ မည်သူမည်ဝါဟု အမည်သညာကို မမှတ်ဘဲ ဒြပ် လူကောင်ကိုသာ ရေတွက်သကဲ့သို့ လည်းကောင်း၊

တောမကျွမ်းကျင် သစ်ပင် အမည်သညာကို မသိသော ယောက်ျား သည် တောအရပ်သို့ ရောက်ပေါက် သွားလာသည်ရှိသော် 'ဤကား၊ မည် သည့် သစ်ပင်' ဟု အမည်သညာ ၃ ပင် ၄ ပင် စသော သန်ျာတို့ကို မမှတ်ဘဲ သစ်ပင်၏ အခြင်းအရာ ပုံသဏ္ဌာန် ဒြပ်ကိုသာ မှတ်၍ သွားသကဲ့ သို့ လည်းကောင်း၊ ကေသာစသော ဆံပင်စသော နာမပညတ်ကို မသုံးသပ် မမှတ်သားဘဲ 'ဤကား စက်ဆုပ်ဖွယ်-ဤကား စက်ဆုပ်ဖွယ်' ဟု ပဏ္ဏတ္တိ သမတိက္ကမအားဖြင့် အနုလုံ ပဋိလုံ အစုန် အဆန် ဉာဏ်ဖြင့် စဉ်းစား ဆင်ခြင် အစဉ်အတိုင်း ရှုအပ်၏။

http://www.dhammadownload.com

ရေရှားပါးသောအရပ်၌ ရေအိုင်၊ ရေထွက်၊ တွေ့မြင်လျှင် မထင်ရှား ခင်သာ ပန်း၊ တုံး၊ တိုင် ထိုးစိုက်မှတ်သားထားရသည်။ သွားလာဖန် များ၍ လမ်းထင်ရှားသည့်အခါ ပန်း၊ တုံး၊ တိုင်၊ အမှတ်အသားအသုံးမကျ သကဲ့သို့ ကောင္ဘာသဒြပ်ထင်ရှားသည့်အခါ နာမပညတ် အသုံးမကျပြီ ဖြစ်၍ လွန်မြောက်စွာ လွှတ်ရသည်။

ပုဂ္ဂိုလ်သတ္တဝါ ပျောက်ကင်းကွာ ယင်းသို့ ပဏ္ဍတ္တိ သမတိက္ကမ အားဖြင့် ရှုဆင်ခြင်၍ မိမိသန္တာန်၌ ပုဂ္ဂိုလ်သတ္တဝါ ဟူသော အမှတ်သညာ ကင်းစင်သဖြင့် ကောင္ဘာသအစုသာ ထင်သည်ရှိသော ကသိုဏ်း ပဋိဘာဂ နိမိတ်ကို ပွားစေသကဲ့သို့ သူတစ်ပါးသန္တာန်၌ ရှုဆင်ခြင်လျှင် လှည့်လည် သွားလာကုန်သော လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော သတ္တဝါ တို့သည် ကောင္ဘာသအစုသာ ထင်ရှားကုန်၏။ ထိုသတ္တဝါတို့ စားသောက်အပ် သမျှကိုလည်း သစ်ခေါင်း၊ ဝါးလုံးခေါင်းသို့ ထည့်သွတ်သော အမှိုက်စသည် ကဲ့သို့ ထင်၏။ သတ္တဝါအမှတ် သက်ရှိအမှတ်ပျောက်၏။

ယင်းသို့ ရှုဆင်ခြင်ဖန် များသဖြင့် 'ကွက်ကျား-ကွက်ကျား' အထူး အားဖြင့် ခြားနား၍ ထင်လာ၏။ ထိုအခါ မထင်ရာ ကောင္ဘာသကို ချ၍ လွှတ်၍ ဉာဏ်၌ ထင်ရှားသော ကောင္ဘာသ၌သာ နှလုံးထား၍ ကောင္ဘာသ တစ်ပါးတည်း ကျန်သည့်တိုင်အောင် ထန်း ၃၂ ပင် ရှိသော ထန်းတော၌ မုဆိုးလိုက်၍ ပစ်ခတ်အပ်သော တောမျောက်၏ အလားကဲ့သို့ အနုပုဗ္ဗမုဥ္ဇန အားဖြင့် 'စက်ဆုပ်ဖွယ်-စက်ဆုပ်ဖွယ်' အဖန်တလဲလဲ ပွားများ ဆင်ခြင်အပ်၏။ (ထန်း ၃၂ ပင်နှင့် ၃၂ ကောင္ဘာသတူ၏။ မျောက်နှင့် စိတ်တူ၏။ မုဆိုးနှင့် ယောဂီတူ၏။)

အပွနာဈာန်ရ ယင်းသို့ ဆင်ခြင်ပွားများ၍ အထူးအားဖြင့် ထင်လာသော ထိုတစ်ခုတည်းသော ကောင္ဘာသကို အခါခါ ပွားများပြန်သည် ရှိသော် ခပေါင်းရေကြည် စေ့စပ်အပ်သော ရေသည် ခဏချက်ချင်း စိမ်းမြဖြူစင် ကြည်လင်တောက်ပသည့်အတူ တစ်ခုတည်းသော အာရုံကိုယူရသော သမာဓိနှင့် ယှဉ်သဖြင့် ယောဂီ၏ စိတ်အစဉ်သည် လွန်စွာ ဖြူစင် ကြည်လင်တောက်ပ

http://www.dhammadownload.com

သည်ဖြစ်၍ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၅ ပါး တို့နှင့် ပြည့်စုံသော အပွနာဈာန်ကို ရ၏။

မလ္လကထေရ် အသုဘဉ်ကဲ့သို့ ပဌမဈာန်ကိုသာရ၏။ ထိုကောဌာသ တစ်ခုဉ် ပဌမဈာန်တို့ရလျှင် ကြွင်းသော ကောဌာသ ၃၁ ပါးတို့ဉ် လည်း မခဲယဉ်းသောအားဖြင့် မလ္လကထေရ် အလားကဲ့သို့ အပွနာဈာန်ကို ဝင်စားနိုင်တော့၏။ မလ္လကထေရ်သည် ဒီဃဘာဏက အဘယထေရ်ကို လက်ဉ် ကိုင်၍ 'ငါ့ရှင် အဘယ၊ ရှေးဦးစွာ ဤပညာကို သင်လော့' ဟု ပြော၍ ၃၂ ကောဌာသတို့ဉ် ၃၂ ပါးသော ပဌမဈာန်ကို ရသော မလ္လကထေရ်သည် ညဉ့်ဉ် တစ်ခုသော ဈာန်ကို နေ့ဉ် တစ်ခုသော ဈာန်ကို အကယ်၍ ဝင်စားအံ့။ လခွဲလွန်သဖြင့် တဖန် စပ်မိပြန်၏။ သို့မဟုတ် နေ့တိုင်း တစ်ခုသောဈာန်ကို ဝင်စားအံ့။ တစ်လ လွန်သဖြင့် တဖန် စပ်မိ၏။

နိမိတ် ၃ ပါး ဤဉ် ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ပကတိသော ဆံပင် အမွေးစသော ဒြပ်အတ္တပညတ်သည် 'ပရိကမ္မနိမိတ်' မည်၏။ အိပ်မက်ဉ် အိပ်မပျော်တပျော် မြင်မက်သော တစ္ဆေ၊ မြေဖုတ် ဘီလူးရုပ် အသွင် အဆင်းသဏ္ဍာန် စသည်ဖြင့် မနောဒွါရဉ် ထင်သော ထိုအတ္ထပညတ် သည် 'ဥဂ္ဂဟနိမိတ်' မည်၏။ ဥပစာရဘာဝနာ အပွနာဘာဝနာ ၂ ပါး၏ အာရုံဖြစ်သော အဆင်းသဏ္ဍာန်စသော ငါးပါးသော အခြင်းအရာဖြင့် လွန်စွာ စက်ဆုပ်အပ်သော ထိုအတ္ထပညတ်သည် 'ပဋိဘာဂနိမိတ်' မည်၏။

မျှတစေမှု သတိပြု ဤ ဆိုခဲ့ပြီးသော ဘာဝနာ အစီအရင်မျှဖြင့် ဈာန်ကို မရသေးလျှင် ထို ထင်လာပြီးသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ကို စောင့်ရှောက်သောအားဖြင့် အသပွါယ ၇ ပါးကို ပယ်ရှား သပွါယ ၇ ပါးတို့ကို မှီဝဲလျက် စကြဝတေးမင်းလောင်း ကိုယ်ဝန်ကိုကဲ့သို့ ကောင်းစွာ စောင့်ရှောက်လျက် အဓိစိတ္တသုတ်၊ သီတိဘာဝသုတ်၊ ဗောဇ္ဈင်္ဂကော သလ္လသုတ်တို့ဉ် ဟောတော်မူအပ်သော နည်းဖြင့် ဝီရိယနှင့် သမာဓိမျှစေ လျက် ပွားများစီးဖြန်းအပ်၏။ (သပွါယ ၇ ပါး အာနာပါနပိုင်း ပြန်ရှုပါ၊ ဝီရိယနှင့်

http://www.dhammadownload.com

သမာဓိ မျှတစေမှု ဟောချင်ပိုင်း ရှုပါ။)

ပွားများရကျိုး တောရကျောင်းနှင့် သမထဝိပဿနာအလုပ်၌ မွေ့လျော်ခြင်း။ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို နှိမ်နင်းနိုင်၏။ သစ်ကျား၊ ခြင်္သေ့စသော ဘေးကြီးဘေးငယ်ကို သည်းခံနိုင်၏။ အချမ်း၊ အပူ၊ မှက်၊ ခြင်၊ ယင်၊ ဖြုတ်၊ လေ၊ နေပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ သေအောင် ကျင်နာသော ရောဂါဆင်းရဲကို သည်းခံနိုင်၏။ ဆံ အစရှိသည်တို့၏ အဆင်းအထူးအပြားကို မှီး၍ ဈာန်လေးပါးတို့ကို ရ၏။ အဘိညာဉ် ၆ ပါးတို့ကို ဖောက်ထွင်းနိုင်၏။

တိုက်တွန်းချက် ထို့ကြောင့် ပညာရှိသော အမျိုးကောင်း သားသမီးသည် ဤသို့ တစ်ပါးကမ များသော အကျိုးအာနိသင်ရှိသော ကာယဂတာသတိခေါ်ငြား ဤပဋိကူလ မနသိကာရကမ္မဋ္ဌာန်းကို စင်စစ် မမေ့ မလျော့ အားထုတ်ရာ၏။

ဤဆိုခဲ့ပြီးသည့်အတိုင်း ပွားများစီးဖြန်း၍ရပြီးသော ဈာန်ကို မဆုတ်ယုတ်စေမူ၍ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှာ ဝိပဿနာသို့ တက်၍ မဂ်ဖိုလ်သို့ ရောက်အောင် လှမ်းရာ၏။

ဝိပဿနာသို့ ဈာန်မရမီ ဥပစာကလည်း တက်လှမ်းနိုင်၏။ ပဌမ ဈာန်စသည်မှလည်း တက်လှမ်းနိုင်၏။ သမထသည် စက္ကူကားအခံနှင့် တူ၏။ ဝိပဿနာသည် ဆေးမင်နှင့်တူ၏။ စက္ကူအခံ မရှိလျှင် ဆေးမင် မတည်နိုင် သကဲ့သို့ ယုတ်ဆွအဆုံး ခဏိကသမာဓိကိုမျှ မရလျှင် ဝိပဿနာ မထင်မြင်နိုင်။

ထို့ကြောင့် ထမင်းစားလို၍ လယ်ထွန်ယက် စိုက်ပျိုးရသကဲ့သို့ ဝိပဿနာမဂ်ဖိုလ်တို့၏ အခြေမူလ ပကတူပ ဖြစ်၍သာ သမထကို ရှေးဦးစွာ အားထုတ်ရသည်။ သမထ လိုရင်းမဟုတ်။ သမထတွင်သာ တင်းတိမ်အား ရ၍ မနေသင့်၊ မနေရာ၊ မနေကောင်းပေ။

ရှင်ဝဠိသ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် ဆဝဒူသက အတတ်ဖြင့် ကျော်ကြားနေသော ဝဠိသ သတို့သားသည် သူ၏ အခြံအရံများနှင့်အတူ ဘုရားရှင်ထံ

http://www.dhammadownload.com

ရောက်လာ၏။ သူ၏ ကျောင်စောသတင်းကို သိထားသော ဘုရားရှင်က ဤသို့ စတင် မေး၏။

'ဝံဂီသ၊ သင်သည် အတတ်ပညာကောင်းတစ်ခုကို တတ်သိ နားလည် သလော'

'အရှင်ဂေါတမ၊ အကျွန်ုပ်သည် အတတ်ပညာများစွာ တတ်မြောက် ပါ၏။ အရှင်ဂေါတမ၊ ဘယ်အတတ်ပညာကို ရည်ရွယ်၍ မေးပါသလဲ'

'သေသူ၏ ဦးခေါင်းခွံကို ခေါက်၍ "ဤသူသည် ဘယ်၌ ဖြစ် သည်" ဟုသိသော "ဆဝဒူသက အတတ်" ကို ရည်ရွယ်၍ မေးသည်'

'အရှင်ဂေါတမ၊ တတ်ပါသည်'

ထိုအခါ ဘုရားရှင်သည် မိမိ၏ အာနုဘော်တော်ဖြင့် ငရဲ၌ဖြစ်သူ၊ နတ်ပြည်၌ ဖြစ်သူတို့၏ ဦးခေါင်းခွံတို့ကို ပြ၏။ ဝံဂီသသည် မန္တန်ရွတ်၍ လက်ဖြင့် ခေါက်ကာမှုဖြင့် ငရဲ၌ ဖြစ်သည်။ နတ်ပြည်၌ ဖြစ်သည်ဟု သိ၏။ တဖန် ဘုရားရှင်သည် သူ့အား ရဟန္တာ၏ ဦးခေါင်း ခွံကို ပြ၏။ ထိုအခါတွင် မဖြေဆိုနိုင်၊ ချွေးဒီးဒီး ကျလျက် ကြံ့ရှိုင်နေ၏။ ထိုအခါ ဘုရားရှင်က မေး၏။

'ဝံဂီသ၊ သင် ပင်ပန်းသလော'

'အရှင်ဂေါတမ၊ ပင်ပန်းလှပါ၏'

'အဖန်ဖန် စုံစမ်းပါဦးလော့'

'အရှင်ဂေါတမ၊ အကျွန်ုပ် မသိတော့ပါ၊ အရှင်ဂေါတမတို့ သိပါ သလော'

'သို၏၊ ဝံဂီသ၊ ငါ့ကို အမှီပြု၍ သွားတာပဲဟာ၊ ငါသူ၏ ဂတိကို ကောင်းကောင်း သိတာပေါ့'

'အရှင်ဂေါတမ၊ သိတာဟာ မန္တန်နဲ့ သိပါသလား'

'ဟုတ်တယ် ဝံဂီသ၊ မန္တန်တစ်ခုဖြင့် သိတာပေါ့'

'အရှင်ဂေါတမ၊ ဒီလိုဆိုယင် အကျွန်ုပ် မန္တန်နှင့် အရှင့် ဂေါတမ မန္တန်လဲပါလား'

'ဝံဂီသ၊ ငါ့ရဲ့ မန္တန်က အဖိုးအခ မပေးရပါဘူး၊ မလဲလှယ်ရပါဘူး'

'ဒီလိုဆိုယင် အရှင်ဂေါတမ၊ အဲဒီမန္တန်ကို အကျွန်ုပ် ပေးပါလား'

'ဝံဂီသ၊ ငါ့ရဲ့အထဲမှာ ရဟန်းမပြုသူအား ဒီမန္တန်ကို မပေးနိုင်ဘူး'

http://www.dhammadownload.com

ဝံဂီသ သည် သူ့တပည့်များအား အကျိုးအကြောင်း ပြောကာ ပြန်လွှတ်ပြီးလျှင် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းပန်၏။ ဘုရားရှင် သည် အနီးရှိ နိဂြောဓကပ္ပထေရ်ကို ရဟန်းပြုပေးခိုင်း၏။ ရဟန်းပြုပြီး သော် ပြီးချင်း ဘုရားရှင်ထံ လာရောက်၍ ရှိခိုးကာ မန္တန်တောင်း၏။

'အရှင်ဂေါတမ၊ မန္တန်ပေးပါလော့'

'ဝံဂီသ၊ သင်တို့ အတတ်ပညာ သင်ယူသည်ရှိသော် ပရိဏာမ် ပြုလုပ်ပြီးမှ သင်ယူရတယ် မဟုတ်လား၊ ငါရဲ့ မန္တန်မှာလဲ ဒီလိုပဲ ပရိဏာမ် ရှိတယ်။ အဲဒီ ပရိဏာမ်ကို အလျင် ပြုလုပ်ဦး'

'ကောင်းပါပြီ အရှင်ဂေါတမ'

ထိုအခါ ဘုရားရှင်သည် ဝံဂီသအား ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေအစရှိသော ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပေး၏။ သူသည် ယင်းကမ္မဋ္ဌာန်းကို အနုလုံ၊ ပဋိလုံ အစဉ်အပြန် နှလုံးသွင်း၍ ဝိပဿနာ ရွှမ်းသော အစဉ်အားဖြင့် ရဟန္တာဖြစ်လေ၏။

(သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ)

ဘုရားတိုင်း မစွန့်သော ကမ္မဋ္ဌာန်း အို စာရှုသူ၊ ရှင်ဝံဂီသကို ရွှကြည့်ပါလော့၊ အဘယ် ကမ္မဋ္ဌာန်းနှင့် ရဟန္တာ ဖြစ်သွားသနည်း။ ဤ ကောဋ္ဌာသ ကမ္မဋ္ဌာန်းသည် ဘုရားရှင်တိုင်း မစွန့်သောကမ္မဋ္ဌာန်းဖြစ်၏။ ဆံပင်လို ကောဋ္ဌာသတစ်ခုမျှ ရွတ်ပွားကာနှင့် ရဟန္တာဖြစ်သွားသူတို့၏ အရေအတွက် အပိုင်းအခြားမရှိ များပြားလှဘိ၏။

ရှင်ရဟန်းလောင်းများ သတိထား ရှင် ရဟန်း ပြုခါနီးဖြစ်သော ရှင်လောင်း ရဟန်း လောင်းများအား ယင်း ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုပင် သင်ပြ၍ ဆံပင်ရိတ်ရ၏။ ၃၂ ကောဋ္ဌာသလုံး မတတ်နိုင်မူ တစပဋ္ဌက မျှတော့ ဓကနံ ပေးရ သင်ပြရ၏။ ယင်း တစပဋ္ဌက ကမ္မဋ္ဌာန်းကို စီးဖြန်း စေ၍ ရှင်ရဟန်းလောင်းတို့အား ခေါင်းရိတ်ရ၏။ တချို့မှာ တစ်ချက်ရိတ် လျှင် သောတာပန် ဖြစ်၏။ နှစ်ချက် ရိတ်လျှင် သကဒါဂါမ် ဖြစ်၏။ သုံးချက်ရိတ်လျှင် အနာဂါမ်ဖြစ်၏။ တစ်ခေါင်းလုံး ပြီးသော် ရဟန္တာဖြစ်၏။ (ဓမ္မပဒ)

http://www.dhammadownload.com

လက်ာနှင့်လည်း ရှုပွားနိုင် ယင်း တစပဋ္ဌာန ကမ္မဋ္ဌာန်းကို ရှင်လောင်း၊ ရဟန်း လောင်းများ အလွယ်တကူ ကျက်မှတ် ရွတ်ပွားနိုင် အောင် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးက ဤသို့ လက်ာဖြင့် စီမံပေးခဲ့၏။

'ငါ၏ ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည် လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်း တထွေ။ အရေတမျိုး၊ ညှိနှံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား'

မလိမ္မာသော ဆရာသမားတို့သည် ယင်း ကမ္မဋ္ဌာန်းမပေးဘဲ ရှင် ရဟန်းလောင်းတို့အား ခေါင်းရိတ်၍ ရှင် ရဟန်းပြုပေးသော် ရှင် ရဟန်းလောင်း တို့၏ အရဟတ္တဖိုလ်၏ အထောက်အပံ့ ဥပနိဿယကို ဖျက်ဆီးပစ်သည် မည်ကုန်၏။ (ဓမ္မပဒ)

အို စာရှူသူ၊ ဝိပဿနာ ခေတ်စားလာသော ဤအချိန်တွင် ယင်း ကမ္မဋ္ဌာန်းကို သမထဆိုပြီး ပယ်ရှားကြကုန်၏။ သို့ဖြစ်၍ ယင်းကမ္မဋ္ဌာန်း မှာ ကွယ်ပသလောက် ဖြစ်နေသည်။ ယင်းသို့ ကွယ်ပသလောက် ဖြစ် နေသော် အထက်ပါ အဋ္ဌကထာစကားအရ ရှင် ရဟန်းလောင်းတွေမှာ အရဟတ္တဖိုလ်၏ ဥပနိဿယကြီး ပျက်စီးမသွားပါသလော။

ပါဠို-မြန်မာပူးတွဲ အို စာရှူသူ၊ အရေးကြီးလှသော ၃၂ ကောဋ္ဌာသ ကို ပါဠို-မြန်မာ ၂ ဘာသာ ပူးတွဲလျက် ပခုက္ကူမြို့ မဟာဝိဘုဘာရာမ တိုက်၊ ဂဏမဟာဝိနာယက၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ် ရေးသားအပ်သော လက်ာသွားအနက်ကို ကျက်မှတ်၍လည်း ရွတ်ပွားနိုင်ပါ၏။

ဘိက္ခဝေ = သံသရာစက်၊ ဝဲဂယက်မှ၊ ထွက်ချင်လို လား၊ အိုချစ်သားတို့၊ ပုနစပရံ = တမျိုးတခြား၊ ကာယာနု ပဿနာ၊ သတိပဋ္ဌာန် တစ်ပါးကိုလည်း၊ ထင်ရှားတစ်ဖန်၊ ဟောခဲ့ပြန်အံ့၊ ဘိက္ခု = မမှားတိတိ၊ တရားရှိကို၊ ကြားသိ လိုငြား၊ ချစ်သားရဟန်းသည်၊ ပါဒတလာ = ခြေဖဝါးအပြင်

http://www.dhammadownload.com

မှ၊ ဥဒ္ဓံ - အထက်ဖြစ်သော အရပ်၌လည်းကောင်း၊ ကေသ မတ္ထကာ= အထက်ဆံထိပ်၊ ဆံဖျားမှ၊ အဓော = အောက်ဖြစ် သော အရပ်၌လည်းကောင်း၊ တစပရိယန္တံ = အရေလျှင် အဆုံးအပိုင်းအခြားရှိသော၊ နာနပ္ပကာရ ဿ = အထူးထူး အပြားပြားရှိသော၊ အသုစိနော = မစင်မကြယ်၊ရွံဖွယ် ဝတ္ထု၊ ဓာတ်အစုသည်၊ ပူရံ = တင်း ကျမ်း ပြည့်သော၊ ဣမမေဝ ကာယံ= တလံပမာဏ၊ တိုင်းတာရသည့်၊ ဤရူပကာယ၊ ခန္ဓာကိုယ်သာလျှင်၊ ပစ္စ ဝေက္ခတိ = ဉာဏ်စက္ခုဖြင့် အသီးသီး ရှုဆင်ခြင်၏။ ဝါ = အဖန်တလဲလဲ ရှုဆင်ခြင်၏။ ကိံ = အဘယ်သို့၊ ပစ္စဝေက္ခတိ = ဉာဏ်စက္ခုဖြင့် အသီးသီး ရှုဆင်ခြင်သနည်း၊ ဝါ= အဖန်တလဲလဲ ရှုဆင်ခြင်သနည်း။

'ဣမသ္မိံ ကာယေ = ဒါ့ကို ဒါဟာ၊ ဒါဥစ္စာဟု၊ တွယ်တာမြတ်နိုး၊ ဆောင်လွယ် ပိုးသည့်၊ အစိုးမရ၊ ဤရူပ ကာယခန္ဓာကိုယ်၌-

၁။ ကောသာ = သမန်းမြက်ရုံ၊ တောင်ပို့ ခြုံလို၊ ထွေးအုံရစ်ပွေ၊ နှစ်ကုဋေနှင့် လွန်လေငါးသန်း၊ ဂဏန်းရေမှု၊ ဆံအစုတို့သည်၊ အတ္ထိ = အသုဘကောင်၊ သုဘဆောင် လျက်၊ လူယောင်ဝါးဝါး၊ ဉာဏ်ရိုးမှားဖို့၊ ထင်ရှားဖုံဖုံ၊ ရှိကြ ကုန်၏။

၂။ လောမာ = မြေဇာမြက်ခင်း၊ ရွာပျက် ကျင်းသို့၊ မွေးညှင်းကိုးသောင်း၊ ကိုးထောင်ပေါင်းဟု၊ ပြန့်လှောင်း တွယ်မှု၊ ရွံဖွယ်အစုတို့သည်၊ အတ္ထိ= အသုဘပင်၊ သုဘထင် လျက်၊ မြင်သူတစ်ပါး၊ ခင်မှုမှားအောင်၊ ထင်ရှား ဖုံဖုံ၊ ရှိကြကုန်၏။

၃။ နခါ = သစ်မယ်ဇယ်စေ့၊ အခွံသွေ့ကို၊ ထိုး၍

http://www.dhammadownload.com

စင်ထား၊ တုတ်လုံသွားသို့၊ လက်ဖျားခြေဦး၊ ကွန့်ထွက်မြူးလျက်၊ အထူးရွှံဖွယ်၊ နှစ်ဆယ်သော လက်သည်းခြေသည်းတို့သည်၊ အတ္ထိ= အသုဘတစု၊ သုဘပြု လျက်၊ ဉာဏ်နုသူအား၊ ကြည့်ရှုမှားဖို့၊ ထင်ရှား ဖုံဖုံ၊ ရှိကြကုန်၏။

၄။ ဒန္တာ= မြေစိုင်ခဲ၌၊ ဗူးစေ့စိုက်သို့၊ မေးရိုး၌လျှောက်၊ ဖြူရောင်တောက်သား၊ တစ်ယောက်ပုဂ္ဂိုလ်၊ မခေါ်ဆိုရ၊ စီးစိုညစ်လျောင်း၊ ရွံဖွယ်ကောင်းသည့်၊ သုံးဆယ့်နှစ်ချောင်း၊ သွားအပေါင်းတို့သည်၊ အတ္ထိ= မတင့်တယ်ဘဲ၊ တင့်တယ်နဲသို့၊ စဉ်းလဲ စဉ်းစား၊ သတိမှားဖို့၊ ထင်ရှားဖုံဖုံ၊ ရှိကြကုန်၏။

၅။ တစော= စောင်းကွက်ကြက်ထား၊ သားရေပါးသို့၊ ဖြူထွားညက်ညက်၊ ဖွေးဖွေးလက်မျှ၊ အသက်ပုဂ္ဂိုလ်၊ မခေါ်ဆိုရ၊ ဇေဂ္ဂစ္ဆဟူ၊ အရေထူသည်၊ အတ္ထိ = လူသဏ္ဌာန်တူ၊ ပုံဟန်ပြုလျက်၊ ထပ်ရှုပစေ၊ ရှိပါပေ၏။

၆။ မံသံ= ကျီနံရံကို၊ မြေကျဲသရွတ်၊ လိမ်းကျံပွတ်သို့၊ ထွတ်ထွတ်နီမြန်း၊ ကသစ်ပန်းလို၊ စိမ်းစိမ်းညှီညစ်၊ ကိုးရာသော အသားတစ်သည်၊ အတ္ထိ= ဖြိုးမောက်ဝေချော၊ တပ်မက်မောဖို့၊ ညက်ညော ဖြစ်ပေ၊ ရှိပါပေ၏။

၂။ နှာရု= သစ်ပင်၌နွယ်၊ လှည့်ပတ်တွယ်သို့၊ ကိုယ်ဝယ်ရစ်ခြုံ၊ အရိုးပုံကို၊ ယွဲ့ရုံယိမ်းယိုင်၊ မတိမ်းနိုင်အောင်၊ တဲခိုင်တတ်ရာ၊ သတ္တဝါနှင့်၊ ဓိဝှာမနှော၊ ကိုးရာသော အကြောသည်၊ အတ္ထိ= ငါကောင် ငါကား၊ မျက်မာန်ပွား သို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

http://www.dhammadownload.com

၃။ အင်္ဒီ = အိမ်အိုချင်ကျဲ၊ ပမာနဲသို့၊ ယှက်တွဲလိမ်ခက်၊ ချင်းချင်းဆက်လျက်၊ ကြည့်ခက် ရုပ်ဆိုး၊ သုံးရာသော အရိုးသည်၊အတ္ထိ = ထ-ထိုင်-ရပ်-သွား၊ လူအလားသို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၄။ အင်္ဒိမိဉ္ဇံ = မီးနှင့်နှပ်နူး၊ ကြိမ်ညှန့်ဖူးကို၊ ဖန်ဗူးပုလင်း၊ ထည့်သွတ်သွင်းသို့၊ အဆင်းဖြူရောင်၊ ပုပ်နံဟောင်လျက်၊ တွင်းလျောင်ခိုတည်၊ စက်ဆုပ် အပ်သော ခြင်ဆီသည်၊ အတ္ထိ= ပုဂ္ဂိုလ်တစ်ပါး၊ ထုတ်ဆိုမှားဖို့၊ ထင်ရှား ပုံသေ၊ ရှိပါပေ၏။

၅။ ဝက္ကံ = နှလုံးပြွတ်ဆိုင်၊ သရက်ခိုင်လို၊ ရင်ဆိုင်အသည်း၊ တွဲလျားဆွဲလျက်၊ ရဲရဲနီလွင့်၊ ကသစ်ပွင့်လို၊ ပုဂ္ဂိုလ်မဟုတ်၊ ရိယိုပုပ်လျက်၊ စက်ဆုပ်ဖွယ်မှု၊ အညှို့နှစ်ခုသည်၊ အတ္ထိ= လူဟုတစ်ပါး၊ ယူရှုမှားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၁။ ဟဒယံ= ရင်ချိုင့်အလယ်၊ ကြာဖူးငယ်သို့၊ အောက်ဝယ်လှည့်ထား၊ အတွင်းသားမှု၊ သပွတ်အူနှယ်၊ ပြင်ဝယ်ချောမော၊ နီသောသွေးစုံ၊ နွားသတ် ရုံသို့၊ နံဟုံညှီဟောက်၊ ရဲရဲတောက်မျှ၊ ထိတ်ကြောက်လန့်ပါး၊ နှလုံးသားသည်၊ အတ္ထိ= မဝံ့မစား၊ စိတ်ရှုံ့ပွားကို၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၂။ ယကနံ= လက်ျာနံစောင်း၊ တည်းခိုအောင်းလျက်၊ နီမောင်းရောက်လက်၊ ကသစ်ရွက်လို၊ သန္ဓာန်ဆို့ရှ၊ ပုဂ္ဂိုလ်မမည်။ နံစော်ညှီသော၊ အသည်းသည်၊ အတ္ထိ= ငါပင် ငါကား၊ ခင်မင်မှားသို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

http://www.dhammadownload.com

၃။ ကိလောမကံ= အညှိုနှလုံး၊ လှည့်ပတ်ရုံးလျှက်၊ ရစ်ဖုံးတထွေ၊ သားရေ နှစ်ထပ်၊ မဿွေရပ်၌၊ တည်ကပ်သနဲ့၊ နှစ်ဖုံကွဲသော၊ အမြွေးသည်၊ အတ္ထိ= အခြေတပါး၊ အနေခြားလျက်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၄။ ပိဟကံ= လက်ဝဲနံစောင်း၊ တည်ကပ်မြှောင်းလျက်၊ ညှီဟောင်းနံစွာ၊ နွားနက်လျှာလို၊ တောဇာတ်မီး၊ ပူမချိ၍၊ ကျိကျိလျှံတက်၊ သရက်ရွက်နှင့်၊ တစ်ချက်တေလုံး၊ အဖျဉ်းသုဉ်းသည့်၊ ရွဲမုန်းဖွယ်မှု၊ အဖျဉ်းစုသည်၊ အတ္ထိ= ကိုယ်ဟုတစ်ပါး၊ ဆိုရှုမှားသို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၅။ ပပ္ဖါသံ= အသည်းနှလုံး၊ လှည့်ရစ်ဖုံးသည့်၊ သုံးဆယ့်နှစ်ခု၊ သားစု မည်မှတ်၊ နီလတ်အဆင်း။ မရှင်းပွေရှုပ်၊ ရိယိသောအဆုတ်သည်၊ အတ္ထိ= ရွဲဖွယ်တပါး၊ ဉာဏ်ဝယ်သားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၆။ အန္တံ= သွေးဆေးကျင်းရပ်၊ မြွေခေါင်းဖြတ်ကို၊ ဝိသဧကော၊ ရစ်ပတ် ခွေသို့၊ အရှည်သုံးဆယ်၊ နှစ်တောင်ကယ်၍၊ ယူဖွယ်ယောကျ်ား၊ မိန်းမ ကားယုတ်၊ လေးတောင်နှုတ်သည်၊ နှစ်ဆယ့်ရှစ်တောင်၊ ရေတွက်ဆောင်ဘိ၊ စက်ဆုပ်ဆူဝေ၊ အူမခွေသည်၊ အတ္ထိ= ခင်မင်မှတ်သား၊ မတပ်မှားအောင်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၂။ အန္တဂုဏံ= ကြိမ်းကြိုးခြေသုတ်၊ မပြေပြုတ်အောင်၊ ချုပ်သည့်ကြိုးငယ်၊ ပမာနှယ်သို့၊ ပတ်လည်အူခွေ၊ မပျက်လေအောင်၊ ယှက်ပွေချုပ်လိမ်၊ ကြာမြစ်အိမ်သို့၊ သေးသိမ်နုနယ်၊ စက်ဆုပ်ဖွယ်မူ၊ အူသိမ်အစုသည်၊ အတ္ထိ=

http://www.dhammadownload.com

အသိမမှား၊ သတိထားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။။

၃။ ဥဒရိယံ= ကြိတ်ညှပ်သွားချေး၊ တံထွေးရေနှင့်၊ ဖျော်လေကျိုခြွဲ၊ စာအိမ်ထဲသို့၊ ရစ်ဆွဲသွင်းယူ၊ တေဇောပူကြောင့်၊ လျှံဆူလှည့်ပွက်၊ စိစိတက်၍၊ ရင့်ကျက်ဖောင်းပွ၊ ထောင်းထောင်းကြွလျက်၊ ကာယမစစ်၊ အစာသစ်သည်၊ အတ္ထိ= ငါပင် ငါကား မယူမှားအောင်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။။

၄။ ကရီသံ= ရွှစ်သစ် ကျိတွင်း၊ မြေညက်သွင်းသို့၊ သက်ဆင်း အူခွေ၊ စာသစ်ကျေ၍၊ တည်နေဖောင်းသိပ်၊ စာဟောင်းအိတ်၌၊ ဆို့ပိတ်လှောင်ထား၊ ရွံဖွယ်များသည့်၊ မြင်ကြားမကောင်း၊ အစာဟောင်းသည်၊ အတ္ထိ=ကိုယ်ပင် ကိုယ်ကား၊ ကိုယ်ရွံပါးအောင်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။။

၅။ မတ္ထလုင်္ဂံ= ဗူးအုံအထဲ၊ မြေညက်ခဲသို့၊ ယှက်တွဲဆက်ဆုံ၊ ဦးခေါင်းအုံ၌၊ မွှိုင်အဆင်း၊ ဖွေးဖွေးလင်းမျှ၊ မရှင်းနောက်ကျ၊ ဦးနှောက်စုသည်၊ အတ္ထိ= ငါကိုယ်တကား၊ မထင်မှားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။။
(ဤကား ပထဝီဓာတ် ၂၀ တည်း)

၁။ ပိတ္တံ= အဆုတ်နှလုံးကြား၊ အသည်းနှားဝယ်၊ သပွတ်ခါးသီး၊ သဏ္ဌာန်ကြီးသို့၊ အိမ်မှီးသည်းခြေ၊ နည်းတထွေမှာ၊ စိုလေကိုယ်လုံး၊ လှည့်ရစ်ဖုံး၍၊ နှစ်ကြုံးဖြန့်မိုး၊ သစ်ခြေနှစ်မျိုးသည်၊ အတ္ထိ= ပီယအရှင်း၊ ဇီဝကင်းလျက်၊ ကိုယ်တွင်းတည်နေ၊ ရှိပါပေ၏။။

၂။ သေမ့ံ= အရည်ပျစ်ခွဲ၊ မုန့်နှစ်ခဲသို့၊ စေးနဲဖြူရိုက်၊

http://www.dhammadownload.com

စာသစ်အိမ်ကို၊ အုပ်နှိမ်ဖုံးလွှမ်း၊ ရုံဖွယ်ပြွမ်းသည့်၊ တက္ကမ်းစာဆုံ၊ စလယ်ခန့်မျှ၊ အနံ့မစဲ၊ သလိပ်ခဲသည်၊ အတ္ထိ= ဂတိမလိုက်၊ သတိပိုက်ဖို့၊ ကိုယ်၌ မသွေ၊ ရှိပါပေ၏။

၃။ ပုဗ္ဗော= ထိခိုက်စူးရှ၊ အမာဝ၌၊ လာကြခိုအောင်း၊ သွေးအပေါင်းတို့၊ ခါညောင်းရက်ကြာ၊ ရင့်ကျက်လာ၍၊ ပုပ်စော်နံညှီ၊ စက်ဆုပ်ဖွယ်သော ပြည်သည်၊ အတ္ထိ= အထည်တပါး၊ အမည်အားဖြင့်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၄။ လောဟိတံ= ကိုယ်လုံးနံမှီ၊ ချင်းချင်းနီမျှ၊ နံညှီပြန့်လောင်း၊ သွေးအပေါင်း သည်၊ အတ္ထိ= ရုံဖွယ်မကင်း၊ ဉာဏ်ဝယ်သွင်းသို့၊ ကိုယ်တွင်းတည်နေ၊ ရှိပါပေ၏။

၅။ သေဒေါ= တစ်ကိုယ်လုံးရောက်၊ မွေးညင်းပေါက်မှ၊ စီးလျှောက်ချောင်း ချောင်း၊ ချွေးအပေါင်းသည်၊ အတ္ထိ= ငါပင် ငါကား၊ မထင်မှားအောင်၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၆။ မေဒေါ = နနွင်းဆိုရေ၊ ပုဆိုးနေလို၊ ဝါရွေအဆင်း၊ သားရေတွင်း၌၊ ဝင်းဝင်းလျှပ်လျှပ်၊ အထပ်ထပ်ဖြင့်၊ ပုပ်စပ်ညှီရွဲ၊ အဆီခဲသည်၊ အတ္ထိ = ငါမထင်ရ၊ အမြင်ပြလျှက်၊ ဓမ္မယူစေ၊ ရှိပါပေ၏။

၇။ အဿု= ကျိန်းစပ်ပူပြင်း၊ ဝိရယ်ခြင်းကြောင့်၊ သက်ဆင်းလျှောရောက်၊ မျက်ကွင်းပေါက်မှ၊ ပြောင်တောက်အရည်၊ နှင်းဆီကြည်လို၊ ငန်ညှီနုပုပ်၊ ကိုယ်မဟုတ်ဘဲ၊ စက်ဆုပ်ဖွယ်မှု၊ မျက်ရည်အစုသည်၊ အတ္ထိ= သတိတရား၊ အသိမှားဖို့၊ ထင်ရှားပုံသေ၊ ရှိပါပေ၏။

၂။ ဝသာ= ဖဓိုးခြေဦး၊ ထိပ်နဖူး၌၊ ကွန့်မြူးထွေထွေ၊ ဆီကြည်ရေသည်၊ အတ္ထိ= အထင်အရှား၊ အမြင်အားဖြင့်၊ အများဗိုလ်ခြေ၊ ရှိပါပေ၏။

http://www.dhammadownload.com

၃။ ခေဠော= နှလုံးနောက်ကျူ ငြီးတောက်မှုနှင့်၊ ငါးခုဟောခဲ့၏၊ ချိုအချဉ်ကို၊ မြင်လျှင်နီးပါး၊ ကိုယ်ပင်စားက၊ ပါးနှစ်ဘက်ဆင်း၊ လက်ယက်တွင်းသို့၊ ကုန်ခြင်းမရှိ၊ များဘိ ထွေထွ၊ တံထွေးရေသည်၊ အတ္ထိ= အသုဘ သဘော၊ ထင်စွာပြောလျက်၊ မတပ်မောစေ၊ ရှိပါပေ၏။

၄။ သိၿင်္ဃာဏိကာ= ဦးနှောက်မှဆင်း၊ နှာညွှန့်နှင်းသည်၊ ရွဲမင်းဖွယ်မှု၊ နှပ်အစုသည်၊ အတ္ထိ= အသိအမြင်၊ သတိထင်ဖို့၊ ခိုဝင်ကပ်နေ၊ ရှိပါပေ၏။

၅။ လသိကာ= တရာရှစ်ချက်၊ အရိုးဆက်ကို၊ မပျက်မကျိုး၊ လှည့်စား ထိုးသို့၊ ပုပ်သိုးဖြူဝင်း၊ နွားနို့ဆင်းနှယ်၊ ရိုးချင် လာမြွေး၊ မကွာဝေးအောင်၊ စပ်ရေးအမှု၊ အစေးစုသည်၊ အတ္ထိ= မမှားစေရ၊ တရားပြလျက်၊ သိကြပစေ၊ ရှိပါပေ၏။

၆။ မုတ္တံ= ညှီနံ့ဆူကြွက်၊ ရွံညှဉ်ဖွယ်၌၊ မှောင်လျက်ပစ်ထား၊ အိုးငယ်လားသို့၊ ချက်နားအောက်ထိပ်၊ စီပေါင်းအိတ်၌၊ ဆိုပိတ်အတွင်း၊ စိမ့်ဝင်ဆင်း၍၊ တောင့်တင်းတည်နေ၊ ဆပ်ပြာရေလို၊ ဝါရွှေရောင်ဆင်း၊ နံစော်ခြင်းဖြင့်၊ လွန်မင်းစွာဘိ၊ ရွံဖွယ်ရှိသည့်၊ ကျိကျိညစ်ကျူ၊ ကျင်ငယ်စုသည်၊ အတ္ထိ= အငြိမခင်၊ သတိထင်ဖို့၊ ကိုယ်တွင် တစေ၊ ရှိပါပေ၏။
(ဤကား အာပေါဓာတ် ၁၂ ပါးတည်း)

ကိုယ့်အပြစ် ကိုယ်စစ် ‘အပေါင်းရှုပ၊ ဤကာယကား၊ သုဘတစိ၊ ကောင်းမရှိဘူး၊ ပဋိသန္ဓေ၊ အရေစွန့်လဲ၊ မှိုဝဲဇာတ်တူ၊ မိန်းရူအိပ်မွေ့၊ စုတ္တေကာလ၊ ငါးဌာနခဲ့၊ နာဂရုပ်ဆင်း၊ ပေါရခြင်းဖြင့်၊ မကင်းနိုင်တတ်၊ ရေနတ်နွယ်ရိုး၊ အတိတ်မျိုးသို့၊ နှိုင်းနိုးပုံသွင်၊ ဤလူ့ခွင်၌၊ အကြင်လူများ၊ ယောကျ်ားမိန်းမ၊ ရွယ်ပျိုလှတို့၊ တမျှနတ်တူ၊ တူပစေကာ၊ အခါငါးပါး၊ ကာလ

http://www.dhammadownload.com

ညားက၊ ထင်ရှားမူလ၊ သဘာဝတိုင်း၊ အသုဘစစ်၊ ပေါ်မြဲဖြစ်၏'

'အညစ်အကြေး၊ အစေးအညော်၊ မြင်မလျော်အောင်၊ နံစော်ပုပ် လှောင်း၊ ညှီနံ့ထောင်း၏။ ဟောင်းလောင်းထက်အောက်၊ အပေါက်ကိုးဒွါ၊ လွန်ဆိုးစွာသား၊ အမာကိုးဝ၊ ဒုဂ္ဂန္ဓနှင့်၊ ကာယညူးညစ်၊ ကိုယ့်အပြစ်ကို၊ စိစစ်သောအား၊ ဉာဏ် အလားဖြင့်၊ ပိုင်းခြားမှန်ဟုတ်၊ ကြိုးအားထုတ်လော့' (မာဃဒေဝ)

စတုဓာတုဝဝတ္ထန် 'ဤကား သမထအနေဖြင့် ရှုပွားနည်းကို ပြခဲ့ခြင်းဖြစ်၏။ ယင်း ကောဋ္ဌာသတွေကို စတုဓာတုဝဝတ္ထန် ဝိပဿနာ ကမ္မဋ္ဌာန်း အနေ စီးဖြန်းလိုသောယောဂီသည် တိက္ခပညာပုဂ္ဂိုလ် ဖြစ်အံ့၊ အကျဉ်း အားဖြင့် နာတိတိက္ခပညာပုဂ္ဂိုလ်ဖြစ်အံ့ အကျယ်အားဖြင့် ရှုပွားအပ်၏။

တိက္ခပညပုဂ္ဂိလ် 'ဤ ဓာတ်ကမ္မဋ္ဌာန်းကို ရှုပွားလိုသော တိက္ခပည ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ အထူးထူးသော အာရုံမှ စိတ်ကိုတားမြစ်ကာ ကမ္မဋ္ဌာန်းအာရုံ၌ ကပ်ငြိသော စိတ်ရှိသည်ဖြစ်လျက် မိမိ၏ ရူပကာယ ခန္ဓာကိုယ်တစ်ခုလုံးကို ဆင်ခြင်၍-

၁။ ငါ၏ ဤရူပကာယခန္ဓာကိုယ်၌ မာခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်း ခြင်း၊ ခက်ထန်ခြင်း၊ သဘောသည် ပထဝီဓာတ်တည်း။

၂။ ယိုဆင်းမှု၊ စိမ့်ထွက်မှု၊ ဖွဲ့စည်းမှု၊ သဘောသည် အာပေါဓာတ် တည်း။

၃။ ပူခြင်း၊ လောင်ကျွမ်းခြင်း၊ အေးစိမ့်ခြင်း၊ သဘောသည် ဇေါဇော ဓာတ်တည်း။

၄။ တွန်းခြင်း၊ တိုးခြင်း၊ ကန်ခြင်း သဘောသည် ဝါယောဓာတ်တည်း။

ဟု ဤသို့ အကျဉ်းအားဖြင့် ဓာတ်တို့ကို အစိတ်စိတ် အဖန်ဖန် သိမ်းဆည်း ပြီး၍-

'ဤသို့လျှင် ဤရူပကာယခန္ဓာကိုယ်သည် စိတ်မရှိ၊ပုဂ္ဂိုလ်၊သတ္တဝါ ဟု မဆိုအပ်သော အဗျာကတ တရားတည်း။ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသည် မှ ဆိတ်၏။ သတ္တဝါမဟုတ်။ အသက်ဝိညဉ်၊ အရှင်မဟုတ်။ မြေဓာတ်၊ရေ ဓာတ်၊ မီးဓာတ်၊ လေဓာတ်အားဖြင့်၊ ဓာတ် ၄ ပါး အစုသာလျှင် တည်းဟု ဤသို့

http://www.dhammadownload.com

အဖန်ဖန် ဆင်ခြင်ရှုပွားအပ်၏။

ယင်းသို့ ရှုပွားသော် နွားကို သတ်လျက် လမ်းဆုံလမ်းခွ၊ လမ်းလေးမခွဲ လေးဘက် ခတ်လှီးချပြီးသောအခါ နွားသတ်ယောကျ်ားအား နွားဟူသော အမှတ်သညာပျောက်၍ အမဲဟူသော အမှတ်သညာရောက်လာသကဲ့သို့ ဣရိယာပုတ် လေးပါးတို့၌ သတ္တ၊ ဇီဝသညာကို ပယ်ခွာထုခွဲ၍ ဓာတ်အစုသာလျှင် ထင်၏။ ဥပစာရသမာဓိကို ရ၏။

တနည်းဆိုသော် အိမ်ဟူ၍ ထင်ရှားမရှိဘဲလျက် သစ်သား၊ ကြိမ်နွယ်၊ သက်ငယ်၊ မြေကျဲသရွတ်တို့ကို အစွဲပြု၍ အတွင်းအပ ထက်ဝန်းကျင်ခြံရံ၍ တည်သော ကောင်းကင်ကိုပင် 'အိမ်' ဟူ၍ ခေါ်ဆိုအပ်သကဲ့သို့ ဤကိုယ်၌ အလွန်ထင်ရှား အများဆုံးမူလအထည်ကိုယ်ဖြစ်သော ကောဋ္ဌာသ ၄ ခုကိုအစွဲပြု၍ အတွင်းအပ ထက်ဝန်းကျင် ခြံရံ၍တည်သော ကောင်းကင်ကိုပင် 'ကိုယ်' ဟူ၍ ခေါ်ဝေါ်အပ်၏။ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ 'အရိုး၊ အကြော၊ အသား အရေ = အရေ၊ အသား၊ အကြော၊ အရိုး၊' လေးမျိုးသော ကောဋ္ဌာသ အစုအဝေးသာတည်း။

ဤသို့ 'အရိုး၊ အကြော၊ အသား၊ အရေ' ဟူသော ထိုထို ကောဋ္ဌာသတို့၏ အကြားသို့ အစဉ်လျှောက်သော ဉာဏ်လက်ဖြင့် အကြိမ်များစွာ ဖြေ၍ အသီးသီးခွဲခြမ်းစိတ်ဖြာကာ 'ဤ ကောဋ္ဌာသ ၄ ခုတို့၌ မာခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း သဘောသည် ပထဝီဓာတ်တည်း' စသည်ဖြင့် ရှေးနည်းအတူ ပွားများသိမ်းဆည်းအပ်၏။

နာတိတိက္ကမညပုဂ္ဂိုလ် အကျယ် ရှုပွားသော် - ဤငါ၏ ရှုပ ကာယခန္ဓာကိုယ်၌ ဆံပင်သည် ပထဝီ၊ ဥိးနှောက်သည် ပထဝီ ဓာတ်တည်း။ သည်းခြေ သည် အာပေါဓာတ်တည်း။ ကျင်ငယ်သည် အာပေါဓာတ်တည်း။ (ဖော်ဆိုပါ)

ဤကိုယ်၌ တရက်ချန်ဖျားခြင်းစသော လျော့ပူ-သန္တာပန မီးသည် တေဇောဓာတ်တည်း။ အိုမင်းရင့်ရော်စေသော အိုပူ-ဇိရဏ မီးသည် တေဇောဓာတ်တည်း။ ပူလောင်လှမ်းဟု မြည်တမ်းရသော တိုးပူ ဒဟမီးသည်တေဇော

http://www.dhammadownload.com

ဓာတ်တည်း။ အစာကို ကြေကျက်စေသော ပါစကမီးသည်တဖောဖောဓာတ်တည်း။

"ဤကိုယ်၌ အထက်သို့ ဆန်တက်သောလေသည် ဝါယောဓာတ်၊ အောက်သို့ စုန်ဆင်းသောလေသည် ဝါယောဓာတ်၊ ဝမ်းတွင်း၌ တည်သော လေသည် ဝါယောဓာတ်၊ အူတွင်း၌ တည်သော လေသည် ဝါယောဓာတ်၊ အင်္ဂါကြီးငယ်သို့ လျှောက်သောလေသည် ဝါယောဓာတ်၊ ထွက်လေ ဝင်လေ ဝါယောဓာတ်တည်း" ဟု ပထဝီကောဋ္ဌာသ ၂၀၊ အာပေါ ကောဋ္ဌာသ ၆ ပါး အားဖြင့် ၄၂ ပါးသော ကောဋ္ဌာသတို့၌ တစ်ခုစီ တစ်ခုစီသော ဓာတ်လွန် ၄ ပါးတို့ကို ပိုင်းခြား၍ ပွားအပ်၏။ ထိုအခါ ဓာတ် ၄ ပါး ထင်ရှားလိမ့်မည်။ ယင်းတို့ကို အဖန်ဖန် နှလုံးသွင်းဆင်ခြင်လျှင် ဥပစာရစျာန်ကို ရ၏။ (ဤကား သသမ္ဘာရသခေါ်ပနည်းတည်း)

တနည်းပွားဟန် ယင်းသို့ ပွား၍မှ မထင်သေးမူ "နှုတ်ဖြင့်ရွတ်ခြင်း စသော ပြခဲ့ပြီးသောအတိုင်း ဆစ်ပိုင်းပြန်လှန်၍ အဖန်ဖန်ပွားများသရဇ္ဈာယ်သည့်အဆုံး၌ "ဆံပင်တို့သည် ကိုယ်၌ အသီးအခြားဖြစ်သော အစုအပုံတည်း။ စိတ်မရှိ၊ အဗျာကတ တရားတည်း၊ ကိုယ်ဟူသည်မှ ဆိတ်၏။ သတ္တဝါ မဟုတ်။ အသက်ဝိညာဉ် အရှင်မဟုတ်။ မာခြင်း လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ မြေဓာတ်သဘောသာတည်း" (အမွေး တို့သည် စသည်သိပါ)

"သည်းခြေသည် ဤကိုယ်၌ ··· အသက်ဝိညာဉ် အရှင်မဟုတ်၊ ယိုဆင်းမှု၊ စိမ့်ထွက်မှု၊ ဖွဲ့စည်းမှု ရေဓာတ်သဘောတည်း" (သလိပ်သည် စသည်သိပါ)

"တစ်ရက်ချန် ဖျားခြင်းစသော လျှာပူ- သန္တပ မီးသည် ဤကိုယ်၌ ··· အသက်ဝိညာဉ် အရှင်မဟုတ်၊ ပူခြင်း၊ လောင်ကျွမ်းခြင်း၊ အေးစိမ့်ခြင်း၊ တဖောဓာတ်သဘောတည်း" (ကြွင်းနည်းတူသိပါ)

"အထက်သို့ ဆန်တက်သောလျှောက်လေသည်၊ ဤကိုယ်၌ အသက်ဝိညာဉ် အရှင် မဟုတ်၊ တွန်းခြင်း၊ တိုးခြင်း၊ ကန်ခြင်း လေဓာတ်သဘောတည်း" (ကြွင်း နည်းတူ သိပါ)

ဤသို့ အဖန်ဖန် ပွားများသည်ရှိသော် သတ္တ၊ ဇီဝ၊ သညာ ကင်းပြတ်၍ ဓာတ် ၄ ပါး အစုသာထင်၏။ ဥပစာရစျာန်ကို ရ၏။ (ဤကား သသမ္ဘာရ ဝိဘတ္တိနည်းတည်း)

http://www.dhammadownload.com

တစ်နည်းပွားဟန် ယင်းတို့ ပွားများ၍မှ ကမ္မဋ္ဌာန်းမပြည့်စုံသေးလျှင် 'ဤငါ၏ ကိုယ်၌ ဆံပင်တို့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်သာတည်း။ (အမွေးတို့သည်··· သိပါ) သည်းခြေသည် အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ပထဝီဓာတ်သာတည်း။ (သလိပ်သည်း··· သိပါ) တစ်ရက်ချန် ဖျားခြင်းစသော လျှော့ပူ သန္တပွန မီးသည် တေဇောဓာတ်၊ ဝါယောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်သာတည်း' (ကြွင်းသိပါ) အထက်သို့ဆန်တက်သောလေတို့သည် ဝါယောဓါတ်၊ ပထဝီဓါတ်၊ အာပေါဓာတ်၊ တေဇောဓါတ်သာတည်း။ (ကြွင်းသိပါ)

ယင်းသို့ တစ်ခုတစ်ခုသော ကောင္ဌာသ၌ အများ၊အနည်း၊ထင်ရှား၊ မထင်ရှား၊ ရှိသမျှ ဓာတ် ၄ ပါးတို့ကို ပိုင်းခြားရှုပွားရ၏။ (ဤကား သလက္ခဏာ သင်္ခေပနည်းတည်း)

တစ်နည်းပွားဟန် ယင်းသို့ ပွားများ၍မှ ကမ္မဋ္ဌာန်းမပြည့်စုံသေးလျှင် 'ဆံပင်တို့သည် ဤကိုယ်၌ အသီးအခြား ဖြစ်သော အစု အပုံတည်း စိတ်မရှိ။ အဗျာကတ တရားတည်း။ ကိုယ်ဟူသည်မှ ဆိတ်၏။ သတ္တဝါမဟုတ်၊ အသက် ဝိညာဉ် အရှင် မဟုတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်သာတည်း။ (ကြွင်းသိပါ)

သည်းခြေသည်·· တစ်ရက်ချန် ဖျားခြင်းစသော လျှော့ပူသန္တပွမီးသည်- အထက်သို့ ဆန်တက်သောလေတို့သည် (နည်းတူ သိပါ)

ယင်းသို့ တစ်ခုတစ်ခုသော ကောင္ဌာသ၌ အများ၊ အနည်း၊ထင်ရှား၊ မထင်ရှား၊ ဓာတ်လေးပါးတို့ကို ပိုင်းခြားရ၏။ ဤနည်း၌ ၄၂ ကောင္ဌာသတို့ကို ဓာတ် ၄ ပါးနှင့် မြှောက်၍ ဓာတ်ပေါင်း ၁၆၈ ပါး သိမ်းဆည်း၏။ (ဤကား သလက္ခဏ ဝိဘတ္တိနည်းတည်း)

၁၃ နည်းပွားဟန် ယင်းသို့ ပွားများ၍မှ ကမ္မဋ္ဌာန်း မပြည့်စုံသေးလျှင် -

၁။ ပထဝီစသော သဒ္ဒါတို့၏ အနက် ဝစနတ္ထအားဖြင့် [illegible]ည်းကောင်း၊
၂။ ပရမာနုမြူ အတိုင်းအရှည်ရှိသော ကလာပ် အားဖြင့်လည်းကောင်း၊
၃။ ကလာပ်၌ အကျုံးဝင်သော တရားတို့ကို ပထဝီဓာတ်စသည်ဖြင့်

http://www.dhammadownload.com

အသီးသီး၊ အသေးစိတ် အမှုန့်အားဖြင့် လည်းကောင်း၊
၄။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် အားဖြင့် လည်းကောင်း၊
၅။ ကမ္မသမုဋ္ဌာန်စသော ဖြစ်ကြောင်းအားဖြင့် လည်းကောင်း၊
၆။ ထူးပြားသည်၏အဖြစ်၊ တူသည်၏ အဖြစ်အားဖြင့် လည်းကောင်း
၇။ အသီးခွဲခြမ်း ဝေဖန်အပ်၊ မဝေဖန်အပ်သော အားဖြင့် လည်းကောင်း၊
၈။ သဘောတူ မတူ အားဖြင့် လည်းကောင်း၊
၉။ အတွင်းအပြင်၊ သက်ရှိ သက်မဲ့ ဓာတ်တို့၏ အထူးအားဖြင့် လည်းကောင်း၊
၁၀။ သမုဋ္ဌာန် တူခြင်း သဂြိုလ် ပေါင်းစုသော အားဖြင့် လည်းကောင်း၊
၁၁။ အချင်းချင်း ကျေးဇူးပြု ထောက်ပံ့သော အားဖြင့် လည်းကောင်း၊
၁၂။ နှလုံးမသွင်းတတ်သော အားဖြင့် လည်းကောင်း၊
၁၃။ မိမိအားကျေးဇူးပြုတတ်သော တရားအထူး ကျေးဇူးပြုတတ်သည့် အဖြစ်ဟူသော သတ္တိ အထူးအားဖြင့် လည်းကောင်း၊

ဤ ၁၃ ပါးသော အကြောင်း အခြင်းအရာတို့ဖြင့်လည်း ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။ (အကျယ်လိုမူ ဝိသုဒ္ဓိမဂ်ရှုပါ)

ရှုပွားရကျိုး ဤစတုဓာတုဝဝတ္ထာန်။ ကမ္မဋ္ဌာန်းကို ရှုပွားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်-

၁။ ကိုယ်ဟူသော အတ္တမှ ဆိပ်သုဉ်းသောအဖြစ်သို့ သက်ဝင်၏။
၂။ ပုဂ္ဂိုလ် သတ္တဝါဟူသော အမှတ်သညာကို ပယ်နိုင်၏။
၃။ (မိမိသန္တာန်၌ကဲ့သို့ သူတစ်ပါး သန္တာန်၌လည်း ဓာတ်မျှအဖြစ်ကို ကောင်းစွာ မြင်ခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်ကဲ့သို့) သားရဲ၊ ဘီလူး၊ ရက္ခိုဿ စသည်ဖြင့် အထူးအထွေ ခွဲဝေကြံစည်ခြင်းသို့ မရောက်မူ၍ ဘေးကြီး ဘေးငယ်ကို သည်းခံနိုင်၏။
၄။ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းရတိ၊ သမထ၊ ဝိပဿနာ၊ ဆိတ်ငြိမ်ရာတို့၌ မမွေ့မလျော်နိုင်ခြင်း အရတိ တို့ကို နှိမ်နင်းနိုင်၏
၅။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ တပ်မက် ရွဲငြိုးခြင်း၊ နှလုံးမသာယာ မျက်နှာ ငုံ့လျှိုးခြင်းသို့ မရောက်။

http://www.dhammadownload.com

၆။ ကြီးကျယ်သော ပညာရှိ၏။
၇။ ဤပစ္စုပ္ပန်ဘဝ၌ပင် နိဗ္ဗာန်ချမ်းသာ ရနိုင်၏။
၈။ ဤဘဝ၌နိဗ္ဗာန်မရသော် တမလွန်ဘဝ၌ သုဂတိသို့သာလား၏။

တိုက်တွန်းခြင်း 'သို့စင်ကြီးဘို အာနုဘော်ရှိသော လူသုံးဦး၌ ထူးမြတ်သော ဘုရားတည်းဟူသော ခြသေ့မင်း၏ ပစ္စဝေက္ခဏာဉာဏ်၊ ဒေသနာဉာဏ်တော်ဖြင့် ကွန့်မြူးရာဖြစ်သော၊ အသိန်းမကခဲ့သာ ယောဂီ လူထူးတို့၏ ကွန့်မြူးမွေ့လျော်ရာလည်းဖြစ်သော ၁၉ ပါးသော ဘာဝနာနည်းတို့ဖြင့် တန်ဆာဆင်အပ်သော ဤစတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို ကိလေသာ ကျောက်တောင်ဃနကို ဖြိုဖျက်လိုသော ယောဂီပညာရှိသည် အမြဲမပြတ် မှီဝဲ သုံးဆောင်ရာ၏။' (ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

၅။ ဓာတုမနသိကာရပိုင်း

ဓာတုမနသိကာရ မိမိတို့၏ သဘောကိုဆောင်တတ်သောကြောင့် ဓာတ်ဟုခေါ်သည်။ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့် ဓာတ်ဟုခေါ်သည်။ ဆင်းရဲခြင်းကို စီရင်ခြင်းမျှ ဖြစ်သောကြောင့် ဓာတ်ဟု ခေါ်သည်။ သံသရာဝဋ်ဆင်းရဲကို စီရင်ကြောင်း ဖြစ်သောကြောင့် ဓာတ်ဟု ခေါ်သည်။ သံသရာဝဋ်ဆင်းရဲကို ထားရာဖြစ်သောကြောင့် ဓာတ်ဟု ခေါ်သည်။ ယင်းဓာတ်သည် များစွာ အပြားရှိ၏။ ဤတွင်မူ မဟာဘုတ်ဓာတ်ကြီး ၄ ပါးကို ဆိုလို၏။ မနသိကာရ ဟူသည် နှလုံးသွင်းတည်း။

ဓါတုမနသိကာရ = ဓာတ်သဘောအားဖြင့် မိမိရှုပကာယ ခန္ဓာကိုယ်ကို ရှုပွားမှုမျိုးကို ဓာတုမနသိကာရ ခေါ်သည်။ ဓာတုမနသိကာရ ဓာတု ကမ္မဋ္ဌာန်း၊ စတုဓာတုဝဝတ္ထန်ဟု ကျမ်းဂန်တို့၌ အမည်သုံးမျိုးတို့ဖြင့် ဟောကြွန်၏။ သို့သော် ဆိုလိုချက် အဓိပ္ပာယ်မှာမူ အတူတူပင်မှတ်ရာ၏။

http://www.dhammadownload.com

အကျဉ်း-အကျယ် ယင်းဓာတ် ကမ္မဋ္ဌာန်းကို ဘုရားရှင်သည် အကျဉ်းအားဖြင့် တစ်မျိုး၊ အကျယ်အားဖြင့် ကစ်မျိုးဟူ၍ ၂ မျိုးဟောတော်မူသည်။ ယင်း ၂ မျိုးတွင် ဤဌာန အကျဉ်းအားဖြင့် ပြပါမည်။ အကျယ်မူ မဟာဟတ္ထိပဒေါပမသုတ်၊ ရာဟုလောဝါဒသုတ်၊ ဓာတုဝိဘင်္ဂသုတ် တို့၌ ရှုပါတော့။

ကျဉ်း-ကျယ်ကြောင်း အဘယ့်ကြောင့် ဘုရားရှင်သည် အကျဉ်းအကျယ် ၂ မျိုး ဟောတော်မူသနည်း။ ပညာထက်သူ ဓာတ်ကမ္မဋ္ဌာန်းရှုပွားရေးအတွက် အကျဉ်းအားဖြင့် ဟောတော်မူ၏။ ပညာနုံ့သူ ဓာတ်ကမ္မဋ္ဌာန်း ရှုပွားရေးအတွက် အကျယ်အားဖြင့် ဟောတော်မူ၏။ သို့ဖြစ်၍ ဤတွင် ဖော်ပြမည်ဖြစ်သော ဓာတ်ကမ္မဋ္ဌာန်း ရှုပွားနည်းမှာ ပညာထက်သူများအတွက် အကျဉ်းပြချက်ဟူ၍ မှတ်ယူပါ။ ယင်းတွင် အသင်စာရှုသူလည်း ပါဝင်ပါသည်။

ရှုနည်းပြ ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ဤရိယာပုတ်တစ်မျိုးမျိုးဖြင့် တည်မြဲ၊ ထားမြဲတိုင်းသော ဤမိမိရူပကာယ ခန္ဓာကိုယ်ကိုဘဲကြည့် ဓာတ်အားလုံး ရေးအားဖြင့် ရှုပွား၏။ အဘယ်သို့ ရှုပွား သနည်း။

အတ္ထိ ဣမသ္မိံကာယေ-

၁။ ပထဝီဓာတု ၂။ အာပေါဓာတု

၃။ တေဇောဓာတု ၄။ ဝါယောဓာတု

ဤ ငါ၏ ရူပကာယ ခန္ဓာကိုယ်တွင်းမှ-

၁။ ပထဝီဓာတ် ရှိ၏။ ၂။ အာပေါဓာတ် ရှိ၏။

၃။ တေဇောဓာတ် ရှိ၏။ ၄။ ဝါယောဓာတ် ရှိ၏။

ဟု ဤသို့ ဓာတ်သဘော အနေအားဖြင့် ရှုပွား၏။ (သင်္ဂဟ၊ ဂဟ၊ ပါဠိတော်)

ဝါယောက စပြမည် အို စာရှုသူ၊ ဘုရားရှင် ဟောကြားသွန်သင်ချက်မှာ ဤမျှပင် ဖြစ်ပါ၏။ ယင်းကို စာရှုသူ ရှုပွားနိုင်အောင် ဓာတ်

http://www.dhammadownload.com

ကြီး ၄ ပါးတို့၏ သဘော သဘာဝတို့ကို ဖော်ပြပါမည်။ ဓာတ် ၄ ပါးတွင် အထင်ရှားဆုံးသော ဝါယောဓာတ်က စ၍ ပြပါမည်၊ ယင်းသို့ ဆိုလျှင် စာရှုသူ အလွယ်တကူ ရှုပွားနိုင်ပါမည်။

ဝါယောဓာတ်ရှုရန် ဝါယောဓာတ်သည် ကာယာနုပဿနာ ကိစ္စဖြစ်နေ၍ မိမိတို့ ခန္ဓာကိုယ်နှင့်စပ်နေသော ဝါယောဓာတ်များတို့တွင် အင်္ဂါ ၃ ပါးနှင့် ညီညွတ်သော ဝါယောဓာတ်များကိုသာ ရှုပွားနိုင်လေသည်။ ယင်းတို့ကား-

၁။ အဇ္ဈတ္တကာယရှိ ဝါယောဓာတ်ဖြစ်ရခြင်း။

၂။ ခဏတိုင်း၌ တွေ့ရှိနိုင်သော ဝါယောဓာတ်ဖြစ်ရခြင်း။

၃။ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်ဟူသော ပရမတ္ထသဘာဝကို ဖော်ပြပေးနိုင်သော ဝါယောဓာတ်ဖြစ်ရခြင်း ဟူ၍ အင်္ဂါ ၃ ပါးတို့တည်း။

လက္ခဏာစသည် ၁။ တွန်းခြင်း၊ တိုး၊ ကန်၊ ထောက်၊ မ၊ ပင့်၊ ဖိ၊ ညှပ်၊ ရွေ့ခြင်းစသော လက္ခဏာဝါယောဓာ၏ ဝိထွမ္ဘနကိစ္စ။

၂။ ရှန်းခြင်း၊ လှုပ်၊ ရွ၊ လှိမ့်၊ အားစိုက်၊ ကြောင့်ကြခြင်း စသော ရသဝါယောဓာ၏ သမုဒီရဏာကိစ္စ။

၃။ လှမ်း၊ သွား၊ ထွက်၊ လိမ့်၊ ပြောင်းလွဲ၊ ထောင်း၊ ထု၊ ဆွဲငင်၊ ရှံ့တွ၊ ရောင်ပွ၊ ဖောင်း၊ ပိန်ခြင်းစသော ပစ္စုပဋ္ဌာန ဝါယောဓာ၏ အဘိနီဟာရကိစ္စ။

သမထနှင့် ဝိပဿနာ ဤသို့ အားဖြင့် ဝါယောကိစ္စသည် ၃ မျိုးရှိ၏။ ယင်းတွင် ဝိပဿနာအသိမျိုးကိုလိုလျှင် လက္ခဏာနှင့် ရသဝါယောကိစ္စ ၂ မျိုးကိုသာ ရှုပွားရမည်။ သမထ အသိမျိုးကိုလိုလျှင် ပစ္စုပဋ္ဌာနဝါယော ကိစ္စမျိုး ရှုပွားရလေ၏။ မှန်၏။ ပစ္စုပဋ္ဌာန ဝါယောကိစ္စတို့သည် ပရမတ်၏ အကျိုးဆက်၊ အကျိုးဖျား ဖြစ်နေသဖြင့် ပရမတ်ရုပ်အစစ်ကို ဖုံးကွယ်ကာ ပညတ်ရုပ်အသွင်သို့ ဆောင်ပြနေသော ဝိကာရရုပ်ခေါ် ပညတ်များတွေ ဖြစ်နေ၍ ပစ္စုပဋ္ဌာန ဝါယောကိစ္စကို သမထအတွက် ရှုပွားရ၏။

သွားခိုက်ရှုပုံ သွားခိုက်၌ ဝါယောဓာတ်ကို ရှုပွားလိုသော 'အဇ္ဈတ္တံဝါ

http://www.dhammadownload.com

ကာယေ' အရ ခန္ဓာကိုယ်၏ အတွင်းကိုသာ ရှုရမည်၊ သို့ဖြစ်၍ ယောဂီသည် အောက်ပိုင်းခန္ဓာကိုယ်၏အတွင်းမှ သွားမှုကိစ္စကို အစပြု၍ 'တွန်းပေး၊ တိုးပေး၊ ကန်ပေး' နေသော ဝါယောဓာတ်၏ သဘောများကို စူးစိုက်၍ မိမိဉာဏ်တွင် ထင်ရှားရာ တစ်ခုခုကို အသိကပ်ကာ 'တွန်းနေတယ်-တွန်းနေတယ်' စသည်ဖြင့် အထပ်ထပ် ရှုပွားနေပါ။

ထိုအခါ ဝါယောခေါ် တွန်းမှု၊ တိုးမှု၊ ကန်မှုတစ်ခုခုက သွားမှု အတွက် အတွင်းက ဖန်တီးပေးနေသည်ကို သိရှိ၊ တွေ့မြင် လာပါလိမ့် မည်။ အပြင်မြင် လှမ်း၊ သွားနေမှုမှာ အတွင်းက တွန်းမှု၊ တိုးမှု၊ ကန်မှု တွေကြောင့် သွား၊ လှမ်း၊ နေတာကိုပါ သိလာလိမ့်မည်။ ထိုအခါ တွန်း၊ တိုး၊ ကန်၊ ထောက်၊ မ ကိစ္စတို့နှင့် ရွေ့၊ လှုပ်၊ ပင့်ကိစ္စတို့တွင် မိမိအသိ ဉာဏ်၌ ထင်ရှားရာကိုသာ စူးစိုက်ရှုပွားနေပါ။

အပြင်မျက်စိမြင် ခြေထောက်ကြီး လှမ်းကြွနေသည်ကို ငုံ့ကြည့်ကာ 'သွားတယ်-သွားတယ်' ဟု သမထအနေနှင့် မမှတ်ဘဲ 'အဏ္ဏတ္တံ ဝါကာယေ' အရ အတွင်းမှ တွန်း၊ တိုး၊ ကန်ထောက် မ နေသော ဝါယောကိစ္စတို့ကိုသာ အာရုံပြုကာ အထပ်ထပ် ရှုပွားပါ။

ယင်းသို့ရှုပွားသော် တွန်း၊ တိုးမှု စသည်တို့သည် ခန္ဓာကိုယ်အောက်ပိုင်းတွင်မျှ မဟုတ်တော့ဘဲ ကိုယ်ကာယတစ်ခုလုံးသို့ပါ ပြန့်နှံ့ပြီး တွန်း၊ တိုး၊ ကန်၊ ထောက်၊ မ၊ နေပုံတွေကိုပါ သိလာလိမ့်မည်။

ယင်းသို့ ဆက်ရှုနေသော် ကိုယ်ကာယ တစ်ခုလုံးသည် တွန်းတိုးမှု တွေသာ ရှိနေတော့၍ ကိုယ်ကာယကြီးဟူ၍ လည်းကောင်း၊ ငါ၊ သူ၊ တပါး၊ ယောကျ်ား၊ မိန်းမ၊ သတ္တဝါဟူ၍ လည်းကောင်း၊ ထင်မှတ်စရာ မတွေ့ရတော့ဘဲ၊ တွန်းတိုးမှု ကိစ္စစုတွေမျှ စုပြုံနေပုံတွေကိုသာ တွေ့သိ နေပေလိမ့်မည်။

ဆက်၍ရှုသော် တွန်းတိုးမှုတွေက ရှေ့မှနေ၍ သိမှု ရှုပွားမှုတို့က နောက်မှလိုက်နေသည်ကို တွေ့သိလာပေလိမ့်မည်။ ဆက်၍ရှုသော် 'အာရုံရှုစိတ် အပြိုင်ချိတ်' အရ တွန်းတိုးမှုတွေနှင့် သိမှုတွေသည် ရင်ဆိုင်ကြုံလာသလို ပြိုင်တူသဖွယ် အချိန်အချည်ညီ တွေ့သိလာပါလိမ့်မည်။ ဆက်၍ရှုသော် ပါရမီအလိုက် ဉာဏ်စဉ်တက်၍ မဂ်ဆိုက်ပါလိမ့်မည်။

http://www.dhammadownload.com

ရပ်ခိုက်၌ရှုပုံ ရပ်ခိုက်၌ ဝါယောဓာတ်ကို ရှုပွားလိုသော် ပညတ်မျက်စိမြင်ရပ်မှကြီးကို ကြည့်ကာ 'ရပ်တယ်-ရပ်တယ်' ဟု သမထအနေနှင့် မမှတ်ဘဲ 'အဏ္ဏတ္တံ ဝါကာယေ' အရ ရပ်ကိစ္စ တည်နေနိုင်အောင် အတွင်းမှ ထောက်မှု၊ မ၊ ပင့်၊ ထိန်းမှု ဟူသော ဝါယောကိစ္စတွေ ရှိနေပုံကို သိရှိရန် အတွင်းသို့ ရူးစိုက်ကာ ရှုပွားပါ။

ယင်းသို့ ရှုပွားသော် ရပ်မှုအနေအထားမှ လဲ၊ ယိုင်၊ ညွတ်၊ ခွေ၊ ကျ၊မသွားအောင် အတွင်းမှ ထောက်မှု မ၊ပင့် ထိန်းမှုတွေကို တွေ့မြင်လာပါလိမ့်မည်။ ယင်းသို့ တွေ့မြင်လာသော် အသိဉာဏ်၌ ထင်ရှားရာတစ်ခု ကိုသာ အသိကပ်ကာ 'ထောက်ထားတယ်၊ ထိန်းထားတယ်' စသည်ဖြင့် အသိလိုက်ကာ ရှုပွားနေပါ။

ယင်းသို့ရှုသော် သွားခိုက်၌ ဝါယောသဘောတွေ ပေါ်သလို ဓာတ်အာရုံပေါ်မှာ အသိဉာဏ် အဆင့်ဆင့်တက်ကာ သိသင့် သိနိုင်ရာ သဘောတွေကို 'ထောက်မှု၊ မ၊ ပင့်၊ ထိန်းမှုဟူသော ဝါယောဓာတ်နှင့်သိမှုဟူသော ဝိညာဏဓာတ်၊ ဓမ္မဓာတ်တို့က ဆင့်ကာဆင့်ကာ ခေါ်ဆောင်သွားပါလိမ့်မည်။

ထိုင်ခိုက်ရှုပုံ ထိုင်ခိုက်၌ ဝါယောဓာတ် ရှုပွားလိုသော် ပညတ်မျက်စိမြင် ထိုင်မှုကို ကြည့်ကာ 'ထိုင်တယ်-ထိုင်တယ်'ဟု သမထအနေနှင့်မမှတ်ဘဲ ထိုင်မှုကိစ္စကို တည်နေအောင် ထိုင်မှုအနေအထားမှ လဲ၊ ယိုင်၊ ညွတ်၊ ခွေ၊ မကျအောင် အတွင်းမှ ဖန်တီးပေးနေချက်ကို သိရှိနိုင်ရန် 'အဏ္ဏတ္တံ ဝါကာယေ' အရ အတွင်းသို့ ရူးစိုက်ရှုပွားသော်၊ ထောက်မှု၊ မပင့် ထိန်းမှုဟူသော ဝါယောကိစ္စတို့ကို တွေ့သိလာပါလိမ့်မည်။

ထိုအခါ ထင်ရှားလာချက် အမှတ်လက္ခဏာကို မူတည်ပြီး အသိမပြတ်သွားအောင် သတိကပ်လျက် အထပ်ထပ်ရှုပွားနေပါလျှင် ဉာဏ်အဆင့်ဆင့် တက်လာပါလိမ့်မည်။

အိပ်ခိုက်၌ရှုမှု အိပ်ခိုက်၌ အမြဲရှုပွားနိုင်သော ဝါယောဓာတ်မှာ နှာခေါင်းလေ စိတ္တဇဝါယောနှင့်နှလုံးလေ ကမ္မဇဝါယော ၂ မျိုးရှိရာ လိုရာ အသိဝင်ရာကို ရှုပွားနိုင်သည်။ လျောင်းအိပ်ချိန်တွင် ထိန်းချုပ် တောင့်ပေး

http://www.dhammadownload.com

ရမှုတွေမှ လွတ်သွားပြီး ဖိမှုကိစ္စဘက်သို့ ဦးတည်သွားတော့၏။ ခန္ဓာကိုယ်တစ်ကိုယ်လုံးအစန့်လိုက် ဖိထားပုံ၊ မှောက်လျက်ဖိထားပုံ စသည်အမျိုးမျိုး ရှိ၏။

သို့ဖြစ်၍ ဖိမှုအပေါ် ရှုပွားလိုသော် ပညတ်မျက်စိမြင် အိပ်ပုံကြီးကိုကြည့်ကာ 'အိပ်တယ်၊ အိပ်တယ်' ဟု သမထအနေနှင့် မမှတ်ဘဲ ခေါင်းအုံးကို ခေါင်းဖြင့်ဖိနေပုံ၊ အောက်ဘက်ကထားသောကိုယ်ကို အပေါ်ဘက် ကိုယ်က ဖိနေပုံစသည်ဖြင့် အသိဉာဏ်ထင်ရှားရာကို 'ဖိနေတယ်၊ ဖိနေတယ်' ဟု အသိကပ်ကာ ရှုပွားနေပါ။

စိတ္တဇဝါယောရှုပုံ ၂ မျိုး အာနပါနခေါ် စိတ္တဇဝါယောဓာတ်ကို ရှုပွားလိုသော်၊ နာဘန်အတွင်းတိုးမှု၊ တွန်းမှုတစ်ပိုင်းနှင့် ရင်ခေါင်း၊ အူချောင်းအတွင်း တိုးမှုတွန်းမှုတစ်ပိုင်းဟု ၂ ပိုင်းထား၍ ရှုပွားရမည်။

ယင်းတွင်-

၁။ နာဘန်းအတွင်းမှာ ရှုလိုသော် နာဘန်အတွင်း၌ တိုးမှု၊ တွန်းမှု၊ ကန်မှုဟူသော ဝါယောဓာတ်ကိုသာ ရှုပွားရသည်။ နာသီးဖျားကိုမရှုရ၊ ရှည်မှုတိုးမှုကိုလည်း မရှုရ။ ရှုသော် သမထဖြစ်သွား၏။

၂။ ရင်ခေါင်းနှင့် အူချောင်းအတွင်းမှာ ရှုလိုသော် နာဘန်အတွင်းမှာလိုပင် တိုးမှု၊ တွန်းမှု၊ ကန်မှုတွေကိုသာရှုပါ။ ဖောင်းပိန်လှုပ်ရှားမှုများ ကို မရှုရ၊ ရှုသော် ဝါယောကသိုဏ်းရှုရာ၌ လှုပ်သောလေကို ရှုရသလို ပညတ်နှင့် စပ်သွား၍ သမထလမ်း ဖြစ်သွားသည်။

ကမ္မဇဝါယောရှုပုံ နှလုံးမှတိုးနေသော ကမ္မဇ ဝါယောဓာတ်ကို ရှုလိုသော် အလား တူပင် တွန်းတိုးကန်မှု ပြုနေသည်ကိုသာ ရှုပွားပါ။ သွေးတိုးမှုကိစ္စသည် အိပ်နေစဉ် ပို၍ထင်ရှားရာ ယင်းကိုလည်း ရှုပွားနိုင်ပါ၏။

၄င်းပြင် လက်၊ ခြေ၊ စသော ကိုယ်အင်္ဂါတို့ကို ရွေးခြင်း၊ ပြင်ခြင်း၊ ဗယ်ညာပြောင်းခြင်း၊ မှောက်ခြင်း၊ လှန်ခြင်းစသော ဝါယောကိစ္စကိုလည်း မလွတ်တမ်းရှုနိုင်သည်။ လျောင်းအိပ်ခိုက်၌ ဝါယောကိစ္စတို့ကို ရှုပွားရန် များစွာ ရှိနေ၏။ မိမိအသိဉာဏ် ထင်ရှားရာကိုသာ အာရုံအဖြစ်ယူပြီး ရှုပွားပါ။

ရှင်နာဂသမာလ ရှင်နာဂသမာလသည် တစ်ခိုန်က ဘုရားရှင်၏ အလုပ်အကျွေး

http://www.dhammadownload.com

ဖြစ်ဖူး၏။ အရှင်မြတ်သည် မြို့တွင်းသို့ ဆွမ်းခံကြွဝင်စဉ် တစ်နေ့သ၌ ဆွမ်းခံလမ်းဝယ် ကပွဲတစ်ခုနှင့် ဆုံမိနေ၏။ တူရိယာမျိုးစုံ တီးမှုတ်၍ အမျိုးသမီးတစ်ယောက် ကခုန်နေသည်ကို ရှေ့တည့်တည့်တွင် ပက်ပင်းမြင်တိုးနေမိ၏။ ထိုအခါ အရှင်မြတ်က-

"ဤကား စိတ်ကြောင့်ဖြစ်သော ဝါယော လေဓာတ် ရုပ်ပရမတ်၏ တုန်လှုပ်ခြင်း၏အစွမ်းဖြင့် ကိုယ်ကာယ၏ ထိုထိုဤဤရွေ့ရှား ပြောင်းပြန်ခြင်းမျှ ဖြစ်၏။ သခ်ါရ တရားတို့သည် သြော် မမြဲကုန်စွတကား"

ဟု ဝါယောဓာတ်ကို 'ခယ-ဝယ=ကုန်-ပျက်' အားဖြင့် ရှုပွားသော် ဝိပဿနာဉာဏ်စဉ်တက်၍ အရဟတ္တမဂ်သို့ ဆိုက်ရောက်တော်မူ၏။

(ထေရဂါထာ အဋ္ဌကထာ)

ပထဝီဓာတ်ရှင်းချက် ကာယာနုပဿနာ ပထဝီဓာတ်နှင့် ရှုပွားလိုသော် အင်္ဂါသုံးချက်နှင့် ညီညွတ်သော ပထဝီဓာတ်မျိုးကိုသာ ရှုပွားနိုင်သည်။ ယင်း အင်္ဂါတို့ကား-

၁။ အဒ္ဓတ္တကာယရှိ ပထဝီဓာတ် ဖြစ်ရခြင်း၊

၂။ ခဏတိုင်း၌ တွေ့ရှိ ရှုပွားနိုင်သော ပထဝီဓာတ် ဖြစ်ရခြင်း၊

၃။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ဟူသော ပရမတ္ထ သဘာဝကိုဖော်ပြပေးနိုင်သော ပထဝီဓာတ် ဖြစ်ရခြင်း၊

ဟူ၍ အင်္ဂါ ၃ ချက်တို့တည်း။

လက္ခဏာစသည် ၁။ မာခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ သက်လျောခြင်း၊ ငိုက်ဆင်းခြင်း၊ ဝိကျခြင်း၊ ညပ်လာခြင်း၊ ငြိမ့်ဝပ်ခြင်း၊ မလှုပ်မရှား ဖြစ်လာခြင်း၊ ရပ်သွားခြင်းစသော လက္ခဏာ ပထဝီကိစ္စ။

၂။ မှီစရာဖြစ်လာခြင်း၊ ခံစရာ ဖြစ်လာခြင်း၊ အမှီခံ ပြုနိုင်လာခြင်းစသော ရသပထဝီကိစ္စ။

၃။ မှီလာ ဖိလာ၊ ညပ်လာ၊ တိုးလာမှုတို့ကို အမာခံ ရှိထားသော

http://www.dhammadownload.com

အနေဖြင့် ခံပြခြင်း စသော ပစ္စုပ္ပန္နာန ပထဝီကိစ္စ။

သွားခိုက်၍ရှုပုံ သွားခိုက်၌ ပထဝီဓာတ်ကို ရှုမှားလိုသော် - မျက်မြင်ပညတ် ခြေထောက်စသည်ကို ငုံကြည့်ကာ 'သွားတယ်၊ သွားတယ်' ဟု သမထအနေနှင့် မမှတ်ဘဲ သွားမှုပြုရန် ခြေကို မ,ရာ၊ ကြွရာတွင် လေးလံသောသဘော၊ ခြေကိုချခိုက်တွင် ထိုးဆင်းလာသောသဘော၊ နင်းချ ခိုက်တွင် ပိမှု၊ မာမှု၊ တင်းမှု၊ ညပ်မှုသဘော၊ အောက်ခံတို့၌ မာမှု၊ ကြမ်းမှု၊ တင်းမှုသဘောအပြင် နင်းမှုကို ခံပေးခြင်းသဘော အထက်ပိုင်း ကိုယ်၏အလေးကို အောက်ပိုင်းကိုယ်တို့က ခံထားပေးမှုသဘော၊ အထက်ပိုင်း ကိုယ်ဆိုင်ရာတို့က အောက်ပိုင်းကိုယ်ဆိုင်ရာတို့အပေါ်မှာ အမှီပြု နေမှုသဘော စသည်တို့သည်သွားမှုပြုသူတိုင်းမှာ ရှိနေရာ သဲကွဲစွာ သိဖို့လိုပေ၏။ ယင်းတို့ကိုသိလျှင် ပထဝီဓာတ်ကို သိသည်ဟု ဆို၏။

ထို့ကြောင့် သွားခိုက်၌ တင်း၊ မာ၊ လေး၊ ထိုင်းမှုတို့မှ ထင်ရှားရာကို အာရုံအဖြစ်ထားပြီး သွားမှုကိစ္စအပေါ်မှာ စိတ်က ကပ်လိုက်စေပြီး မှုးစိုက်ရှုမှားနေပါ။ ယင်းသို့ရှုနေသော် သွားမှုသည် ပဓာနအနေမထင်တော့ဘဲ တင်း၊ မာ၊ လေး၊ ထိုင်းမှုတွေသာ ထင်နေပေလိမ့်မည်။

၄င်းပြင် အပေါ်ခန္ဓာကိုယ်နှင့် အောက်ခန္ဓာကိုယ်တို့လည်း အချင်းချင်း အမှီပြုနေပုံကိုပါ သိလာပေလိမ့်မည်။ ထို့နောက် လှမ်းမှုကိစ္စထဲတွင်မက ခန္ဓာကိုယ်အချင်းချင်းထိမိရာ တိုင်းမှာလည်း တင်း၊ မာမှုတွေကိုသာ တွေ့နေပေတော့မည်။ တစ်ဖန် အဝတ်တန်ဆာနှင့် ထိမိရာမှာလည်းကောင်း၊ နှုတ်ခမ်းချင်း၊ လျှာနှင့်နှုတ်ခမ်း၊ လျှာနှင့်သွား ထိမိရာမှာလည်း တင်း၊ မာမှု၊ လေးမှုသဘောတွေ ရှိနေပုံကိုပါ သိလာပါလိမ့်မည်။

တစ်ဖန်ခံကွင်းမှ လေအန်ရာ၊ လေတက်ရာမှာလည်းကောင်း၊ လေသက်ရာမှာ လည်းကောင်း၊ နှာခေါင်းဖြင့် အသက်ရှူမှုထဲမှာ လည်းကောင်း၊ နှုတ်ကချောင်းဟန့်သံ၊ ချောင်းဆိုးသံ၊ စကားပြောသံထဲမှာလည်းကောင်း၊ မာ၊ တင်း၊ လေးမှုသဘောတွေရှိနေပုံကိုပါ သိလာလိမ့်မည်။

ထို့ပြင် တစ်ကိုယ်လုံးမှာ မာ၊ တင်း၊ လေး၊ ပိ၊ ညပ်မှုတွေသာ ရှိနေမှုကို သိနေတော့ရာ ကိုယ်ကောင်ကြီးအနေ၊ သဏ္ဌာန်ကြီးအနေ၊ ပုဂ္ဂိုလ်၊

http://www.dhammadownload.com

သတ္တဝါ၊ ယောကျ်ား၊ မိန်းမအနေဟူ၍ မတွေ့ရတော့ဘဲ မာ၊ တင်း၊ လေးပိမှု သဘောတွေကိုသာ တွေ့နေရပေမည်။ ဆက်ရှုသော် ပါရမီအလိုက်ဉာဏ်စဉ် တက်၍ မဂ်ဖိုလ် ဆိုက်ပါလိမ့်မည်။

ထူးခြားချက် ပထဝီဓာတ်၏ သဘောကိစ္စသည် ခန္ဓာကိုယ် အနေအထားတွေ မည်မျှပင် ပြောင်းလဲနေစေကာမူ ပထဝီ၏ သဘောလက္ခဏာတို့မှာ ပြောင်းလဲမှုမရှိဘဲ တသမတ်တည်းသာရှိနေသဖြင့် ဣရိယာပုတ်လေးမျိုးပြောင်းတိုင်း ရှုပွားမှုကိစ္စပြောင်း၍ မရှုရတော့ဘဲ တစ်မျိုးတည်း အတိုင်းသာ ရှုပွားနေရတော့သည်ကို အထူးသတိပြုပါ။

သို့ဖြစ်၍ ပထဝီဓာတ် ရှုပွားလိုသူသည် ပထဝီ၏ လက္ခဏာစသည်တို့တွင် မာမှု၊ လေး၊ ကြမ်း၊ တင်း၊ ပိ၊ ညပ်မှုတို့မှ မိမိဉာဏ်၌ ထင်ရှားရာကိုသာ ရှုပွားလျှင် ပထဝီကိစ္စ ပေါက်မြောက်နိုင်တော့၏။

အထူးမှတ်ချက် ပိမှုနှင့် ညပ်မှုသည် ပထဝီဓာတ်။
ဖိမှုနှင့် ညှပ်မှုသည် ဝါယောဓာတ်။

သုညတမြင်မှ **ပထဝီဓာတူတိ အာဒီသု ဓာတ္ဝတ္ထောနာမ သဘာဝတ္ထော၊ သဘာဝတ္ထော နာမ သုညတတ္ထော။**

သုညတတ္ထော = ပထဝီဓာတ် အစရှိသည်တို့၌ ဓာတ်နက် မည်သည်ကား ပရမတ် သဘောဖြစ်သော အနက်တည်း။ ပရမတ် သဘောဖြစ်သော အနက်မည်သည်ကား ဒြပ်၊ သဏ္ဌာန်၊ နိမိတ်၊ အရိပ်အရောင်၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ စသည်တို့မှ ကင်းဆိတ်သော အနက် သဘောတည်း။
(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

"ဘဝေါ ဟိ နာမ ဓာတ္ဝတ္ထော၊ ဓာတ္ဝတ္ထော နာမ ကော" ကိရိယာ၊ သဘောတရားမည်သည် ဓာတ်နက်တည်း၊ ဓာတ်နက်ဟူသည် အဘယ်နည်း။ အမှုအရာသတ္တိမျှသာ ဖြစ်ပေ၏။ (သဒ္ဒါငယ်ပါဠ်)

အို စာရှုသူ၊ ဤအခန်းကား နလုံးသွင်း ရှုပွားခန်းဖြစ်၏။ သို့ဖြစ် ၍

http://www.dhammadownload.com

ဓာတ်သဘောကို ပေါက်အောင် အထက်ပါ အင္ဂကထာနှင့် သဒ္ဒါဝယ် စကားရပ်တို့ကို အထူးသတိရှိပါ။ ဓာတ်သဘောပေါက်အောင် ရှုပွားပါ။

တေဇောဓာတ်ရှင်းချက် ကာယာနုပဿနာ တေဇောဓာတ်ကို ပွားရှုလိုသော် အင်္ဂါ ၃ ချက်နှင့် ညီညွတ်သော တေဇောဓာတ်မျိုးကိုသာ ရှုပွားနိုင်သည်။ ယင်းတို့ကား-

၁။ အစ္ဆရိယကာယရှိ တေဇောဓာတ်မျိုး ဖြစ်ရခြင်း၊

၂။ ခဏတိုင်း၌ တွေ့ရှိနိုင်သော တေဇောဓာတ်မျိုးဖြစ်ရခြင်း၊

၃။ ပရမတ္ထ သဘာဝကို ဖော်ပြပေးသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန အဖြစ်ဖြင့် ရရှိနိုင်သော တေဇောဓာတ်မျိုး ဖြစ်ရခြင်း၊

ဟူ၍ အင်္ဂါ ၃ ချက်တို့တည်း။

လက္ခဏာစသည် ၁။ ပူခြင်း၊ လောင်စားခြင်း၊ လောင်ကျွမ်းခြင်း၊ အေးစိမ့်ခြင်း၊ စူးရှခြင်း၊ ဖောက်ထွင်းခြင်း၊ ချေဖျက်ခြင်းစသော လက္ခဏာ တေဇောကိစ္စ။

၂။ ရင့်ရော်ခြင်း၊ မှည့်ခြင်း၊ အိုမင်းခြင်း၊ အိုက်ခြင်း၊ စပ်ဖျင်းခြင်း၊ နာခြင်း၊ အောင့်ခြင်း၊ မခံသာခြင်း၊ သွေ့ခြောက်ခြင်း၊ ခန်းခြင်း၊ ဆွေးခြင်း၊ ကြေ ခြင်း၊ မွမွကြွခြင်း၊ အက်ကွဲခြင်း၊ ပေါက်ထွက်ခြင်းစသော ရသ တေဇောကိစ္စ။

၃။ ပျော့ပျောင်းခြင်း၊ နုညက်ခြင်း၊ နူးနပ်ခြင်း၊ ကျက်ခြင်း၊ အခိုးထခြင်း၊ အလျှံထခြင်း၊ အဆင်းအရောင် တောက်ပြောင်ခြင်း၊ လင်းထိန်ခြင်း၊ ပေါ့ ပါးခြင်း၊ လျင်မြန်ခြင်း၊ သွက်လက်ခြင်း၊ ဖျတ်လတ်ခြင်းစသော ပစ္စုပဋ္ဌာန် တေဇောကိစ္စ။

ထိုင်ခိုက်၌ရှုပုံ ထိုင်ခိုက်၌ တေဇောဓာတ်ကို ရှုပွားလိုသော် မျက်စိမြင် ပညတ် ထိုင်ပုံကြီးကို ကြည့်ကာ 'ထိုင်တယ်၊ ထိုင်တယ်' ဟု သမထ အနေနှင့်မမှတ်ဘဲ 'အစ္ဆရိယကာယော' အရ ခန္ဓာကိုယ်အတွင်း၌ အပူနှင့် အအေး ၂ မျိုးအနက် ထင်ရှားရာတစ်မျိုးကို ရှုပွားနိုင်၏။ အပူကို တွေ့သော် ယင်းအပူကို စိတ်စိုက်လျှက် 'ပူတယ်၊ ပူတယ်' ဟု အသိကပ်ကာ စူးစိုက်

http://www.dhammadownload.com

ရှုပွားပါ၊ သိမှုဆက်လေ အပူထင်ရှားလေ ဖြစ်လာပါလိမ့်မည်။

ယင်းသို့ ရှုပွားသော် အပူဓာတ်တို့သည် တဖြည်းဖြည်း ပြန့်နှံ့လာတော့ရာမှ မကြာမီ တစ်ကိုယ်လုံး အပူတုံးကြီးအနေသို့ ရောက်လာပုံကို တွေ့ရပေလိမ့်မည်။ ထိုအခါ ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ အပူလွှတ်ရာမရှိ တော့သဖြင့် မည်သည့် နေရာကိုပင် ရှုရှု၊ အပူဓာတ်ကိုသာ တွေ့သိနေပေလိမ့်မည်။

ထိုအခါ ယင်းအပူစုကြီးထဲ၌ ယားခြင်း၊ နာခြင်း၊ အောင့်ခြင်း စသော ဒုက္ခများ ကြားညှပ် ဝင်လာတတ်ပြန်သည်။ သို့ရာတွင် ယင်းဒုက္ခတို့သည် မကြာမီပင် ကွယ်ပျောက်သွားကြပြီး အပူဓာတ်သာ ဆက်၍တည် နေတော့မည်။

ဆက်ရှုသော် ယခင်က တွေ့သိနေသော ခန္ဓာကိုယ်ကောင်ကြီးအစား အပူဓာတ်အပူလောကကြီးကိုသာ တွေ့နေတော့မည်။ ပုဂ္ဂိုလ်၊ သတ္တဝါ ခန္ဓာကိုယ်ကြီး ကွယ်သွားကာ အပူဓာတ်စုသာ တွေ့နေမည်။ ဆက်ရှုသော် ဉာဏ်စဉ် တက်၍ မဂ်ဆိုက်ပါလိမ့်မည်။

ဤတေဇောဓာတ်မှာလည်း ခန္ဓာကိုယ် အနေအထားတို့ကို ခွဲခြားသတ်မှတ်၍ ရှုပွားမှုကိုလည်း ခွဲခြားပြင်ဆင်ပြီး ရှုပွားရန်မလိုပေ။ အများအားဖြင့် လက္ခဏာ တေဇောကိုသာ ရှုပါ။

"ဓမ္မတာကိစ္စ၊ ဗဟိဒ္ဓက၊ သီတဉ္စာ၊ နှစ်ဖြာဥတု၊ ဓာတ်မီးစု ဖြင့်၊ လေးခုမဟာ၊ ဘုတ်ခန္ဓာကိုယ်၊ စကြဝဠာတိုက်ကြီး၊ ဝိုက်ဆီးကာမိုး၊ တွင်းဝန်းအိုး၌၊ အခိုးလူလူ၊ ကြိုက်ကြိုက်ဆူအောင်၊ ရှိန်ပူအုတ်အုတ်၊ နေ့တိုင်းပြုတ်၏။ ဤဘုတ်ကာယ၊ ကရဇ၏ အန္တမည်ခြင်း၊ ကိုယ်အတွင်းလည်း၊ ပူခြင်းသဘော၊ မပြတ်ပြောသည်၊ တေဇောဓာတ်ရှိနိုး မီးကြီးတည်း" (မဃဒေဝ)

"တေဇောဓာတ်ရှိနိုး၊ တထိန်ထိန်ကြောင့်၊ သားပိန်ရေခန်း၊ နေဝယ်လှန်းသို့၊ မလန်းရုပ်ဝါ၊ ချည့်ပမာလျှင်၊ ကေသာမြရွက်၊ ဖောက်ပြားကွက်၍၊ ပျက်ခဲ့လက္ခဏာ၊ ထင်တုံလာပြီ၊ ပညာဆေးဝါး၊ ဘယ်စွမ်းအားမျှ၊ ကြိုးစားအံ့တာ၊ မတတ်ရာလည်း" (မဃဒေဝ)

အာပေါဓာတ်ရှုင်းချက် ကာယာနုပဿနာ အာပေါဓာတ်ကို ရှုပွားလိုသော် အင်္ဂါ ၃ ချက်နှင့် ညီညွတ်သော အာပေါဓာတ်ကိုသာ ရှုပွားရမည်၊ ယင်းတို့ကား-

http://www.dhammadownload.com

၁။ အဇ္ဇုတ္တကာယရှိ အာပေါဓာတ် ဖြစ်ရခြင်း။

၂။ ခဏတိုင်း၌ တွေ့ရှိရှုပွားနိုင်သော အာပေါဓာတ် ဖြစ်ရခြင်း။

၃။ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန် ဟူသော ပရမတ္တသဘာဝကို ဖော်ပြပေးနိုင်သော အာပေါဓာတ်ဖြစ်ရခြင်း။

ဟူ၍ အင်္ဂါ ၃ ပါးတို့တည်း။

လက္ခဏာ စသည် ၁။ ယိုဆင်းမှု၊ စိမ့်ထွက်မှု၊ စီးထွက်မှု၊ စိုထိုင်းမှု၊ အရည်ပျော်မှု၊ ပြင်းတွဲမှု၊ ဖွဲ့နှောင်မှုစသော လက္ခဏာ အာပေါကိစ္စ။

၂။ တိုးပွားမှု၊ စည်ကားမှု၊ စိမ်းစိုလန်းဆန်းမှု၊ ကြီးထွားလာမှု၊ ကျယ်ပြန့်မှု၊ နှံ့သွားမှု၊ အင်အားပြန့်မှု၊ လျှံဝေမှု၊ အရည်သွက်မှု၊ အရည်ကြဲမှုစသော ရသ အာပေါကိစ္စ။

၃။ ဖွဲ့ပေးမှု၊ စည်းနှောင်ပေးမှု၊ ချုပ်ထိန်းမှု၊ အသံတိတ်မှု၊ ပူးစပ်မှု၊ အချင်းချင်းတွဲနေမှု၊ တဆက်တည်း တည်နေမှု၊ တလုံးတစည်းတည်း တည်ရှိနေမှု၊ မပြိုမကွဲတည်နေမှု၊ တဆက်တည်းတည်နေမှု၊ အကြားအပေါက် ကွယ်သွားမှု၊ သဏ္ဌာန်အဖြစ် ပေါ်ထွက်လာမှု စသော ပစ္စုပဋ္ဌာန အာပေါကိစ္စ။

မှတ်ဖွယ် အာပေါဓာတ်သည် အစိုနှင့်အခြောက်ဟု ၂ မျိုး ကွဲပြားနေရာ ယင်းအစိုနှင့်အခြောက်သဘောကို လိုက်၍ပင် အာပေါဓါတ်လက္ခဏာလည်း 'ပွားစည်းဖွဲ့နှောင်' ဟူ၍ ၂ မျိုး ခြားနားသွားတော့၏။ ယင်းသို့ ခြားနားသော်လည်း အာပေါဓါတ်၏ ကိစ္စလုပ်ငန်းကား အခြားဓါတ်ကြီး ၃ ပါးတို့ ထွားကျိုင်းပေါ်ထွက်လာအောင် 'ပွားစည်း-ဖွဲ့နှောင်' ကိစ္စ ၂ ရပ်ကိုပင် ဆောင်ရွက်နေသော၏ လက္ခဏာ ၂ မျိုးလုံးပင် သက်ဝင် တည်ကိန်းလျက်ရှိနေသည်ဟု သဘောပေါက်ပါ။

ရှုလိုသူအင်္ဂါ ၁။ အာပေါဓါတ်ကို ရှုပွားလိုသူသည် ပထဝီ၊ တေဇော၊ ဝါယောဟူသော ဓါတ်ကြီး ၃ ပါးတို့ကို တစ်ခုစီခွဲ၍ သခ်ါရုပေက္ခာဉာဏ်အထိ ပေါက်မြောက်အောင် ရှုပွားပြီးသူ ဖြစ်ရမည်။

၂။ ဓါတ်တစ်ပါးအပေါ်၌ သိရှိရမည့် ဝိပဿနာ ဘာဝနာဉာဏ် ကိစ္စတွေ မပြီးမချင်း အခြားဓါတ်တစ်ပါးကို ကူးပြောင်းပြီး မရှုပွားရ။

၃။ ပထဝီ၊ တေဇော၊ ဝါယောဟူသော ဓါတ်ကြီး ၃ ပါးလုံး၌

http://www.dhammadownload.com

ဝိပဿနာဘာဝနာဉာဏ်တွေ ကျပွန်စွာ ပေါက်မြောက်ပြီးခိုန်မှာ အာပေါဓါတ်ကို ရှုပွားပါ။

ပထဝီအခြေခံ၍ ပထဝီဓါတ်ကို အခြေခံထား၍ အာပေါဓါတ်ကို ပွားလိုသော် သွားခိုက်၊ ထိုင်ခိုက် တစ်မျိုးမျိုးဌ် တွေ့နိုင်သော 'မာမှု၊ တင်းမှု' ခေါ် ပထဝီလက္ခဏာတစ်ခုခုကို တွေ့အောင် ဦးစွာရှုပါ။ မာမှု၊ တင်းမှုတွေ့သော် ယင်းကို အာရုံအဖြစ် ထားရှိနိုင်အောင် ဆက်၍ အသိကပ်ကာ ရှုပွားနေပါ။

ယင်း ရှု၍ မာမှု ထင်ရှားလာခဲ့သော် ယင်း မာမှု၊ တင်းမှုတို့အပေါ်မှာ လက္ခဏာအာပေါဓါတ်၏ ကိစ္စဖြစ်သော 'စပ်တွဲ၊ စုရုံး၊ ဖွဲ့စည်း၊ ပြန့်ကျယ်' သဘောကိုဖြစ်စေ၊ အသိဌ် ပေါ်လွင်ရာ တစ်မျိုးမျိုးကို မူလ အာရုံအဖြစ်ဖြင့် ရှုပွားထားသော မာမှု တင်းမှုအပေါ်မှာ ထပ်ပြီး ရှုပွားပါ။ ထိုအခါ မူလအာရုံ အဖြစ်ဖြင့် ရှုပွားထားသော မာမှု တင်းမှုတို့သည် ပို၍ တိုးပွား ကျယ်ပြန့်လာသည်ကိုလည်း တွေ့ပေမည်။ သို့မဟုတ် စုရုံး၊ ဖွဲ့စပ်လာသည်ကိုလည်း တွေ့ပေမည်။

ထိုအခါ အသိဌ် ထင်ရှားရာ တစ်ခုကိုသာ အသိကပ်ပြီး ဆက်လက် ရှုပွားနေပါ။ မာမှု တင်းမှု ပြန့်ကျယ်လာသည်ကို တွေ့နေသော် ယင်း မာမှု တင်းမှုဟူသော ပထဝီဓါတ်တွေသည် ပြန့်ကျယ်လာမှုခေါ် အာပေါဓါတ်က ဆောင်လာနေတော့သဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးသို့ မာမှု တင်းမှုတွေ ပြန့်နှံ့လွှမ်းမိုးလာသည်ကို တွေ့ရပေလိမ့်မည်။

ထိုအခါ မာမှု တင်းမှုခေါ် ပထဝီသဘောတွေ၏ ပြန့်ကျယ်သွားမှု ပွားတိုးသွားမှုဖြစ်ပေါ်ရခြင်းသည် အာပေါကြောင့်သာ ဖြစ်ရပါတကား၊ အာပေါ သာမရှိခဲ့လျှင် တစ်ကိုယ်လုံးသို့ မာမှုတွေ ပြန့်နှံ့ဖို့ကို မဆိုထားဘိ တစ်နေရာ တည်းမှာပင် မာမှုကြီးတစ်ခုအဖြစ် မဖြစ်ပေါ်နိုင်ပါတကား၊ ဟု သိလာပေလိမ့်မည်။

ထို့နောက် မာမှု တင်းမှုတွေ ပြန့်ကျယ်သွားလိုက် ပြန့်ကျယ်မှုတွေ ဖွဲ့စပ်သွားလိုက်ကိုပါ သိလာပေလိမ့်မည်။ ဆက်ရှုသော် ပါရမီအလိုက် ဉာဏ်စဉ် တက်၍ မဂ်ဆိုက်ပါလိမ့်မည်။

တေဇောအခြေခံ၍ တေဇောဓါတ်ကို အခြေခံထား၍ အာပေါဓါတ်ကို

http://www.dhammadownload.com

ရှုပွားလိုသော် သွားခိုက် ထိုင်ခိုက် တစ်မျိုးမျိုး၌ တွေ့နိုင်သော ပူ၊ အေး၊ စိမ့်၊ ဖျင်း၊ ထုံ၊ ကျဉ် စသော လက္ခဏာတရော ကိစ္စကို ဖြစ်စေ၊ အိုက်၊ စပ်၊ ဖျင်း၊ ထုံ၊ ကျဉ်စသော လက္ခဏာတရော ကိစ္စကိုဖြစ်စေ လွယ်ရာတစ်ခုခုကို အသိကပ်ကာ ဦးစွာ ရှုပွားပါ။

အပူကို သုံးသပ် ရှုပွားမိခဲ့သော် ယင်း ပူတဲ့သဘောသည် တစ်နေရာတည်းတွင် စုမနေ၊ ဝပ်မနေတော့ပဲ တဖြည်းဖြည်း ပွားလာ များလာ ပြန့်ကျယ်လာသည်ကို တွေ့လာပေလိမ့်မည်။ ယင်းသို့ ပြန့်ကျယ်လာသော ကိစ္စသည် အာပေါဓါတ်ကိစ္စပင် ဖြစ်၏။

မှန်၏။ ပူမှုခေါ် တေဇောဓါတ်သဘောသည် ပူရုံသာ တတ်နိုင်၏။ ပြန့်ကျယ်လာအောင် မတတ်နိုင်။ ပြန့်ကျယ်လာအောင်၊ ပွားလာအောင်တတ်နိုင်ရေးမှာ အာပေါဓါတ်ဖြစ်၍ အာပေါဓါတ်ကိစ္စဟု သိပါ၏။

သို့ဖြစ်၍ မူတည် ပူမှုအပေါ်မှာ အာပေါဓါတ်၏ ကိစ္စဖြစ်သော ပြန့်ကျယ်မှုတွေနဲ့ကာ သွားနေမှုကို အသိကပ်ကာ အပူတွေ ပြန့်နေတယ်ဟု တွေ့ထားသည့်အတိုင်း ဆက်၍ ရှုပါလေသော်...

ဝါယောအခြေခံ၍ ဝါယောဓါတ်ကို အခြေခံပြုကာ အာပေါဓါတ်ကို ရှုပွားလိုသော် တွန်း၊ ထိုး၊ ကန်မှုဟူသော လက္ခဏာဝါယောကိစ္စကို ဖြစ်စေ၊ ရွမှု၊ လှုံ့ဆွမှုဟူသော ရသဝါယောကိစ္စကို ဖြစ်စေ လွယ်ရာတစ်ခုခုကို အသိကပ်ကာ ရှုပွားနေပါ။

တွန်းမှု တိုးမှုတို့အပေါ်မှာ ရှုပွားနေခဲ့သော် ယင်း တွန်းမှု တိုးမှုတို့သည် တဖြည်းဖြည်းပြန့်ကျယ်လာကာ လက္ခဏာဝါယောဓါတ်အဖြစ်မှ ရသဝါယော အဖြစ် ယင်းမှတဆင့် ပစ္စုပ္ပဋ္ဌာနဝါယောအဖြစ် အထိ ပြန့်ကျယ် တိုးပွားပြီး ကူးဆက်သွားတော့၏။

ယင်း၌ တွန်းမှု တိုးမှုကား ဝါယောကိစ္စ ပြန့်ကျယ်လာမှု တိုးပွားလာမှု တို့ကား အာပေါကိစ္စဖြစ်သည်ကို သဘောက်သက်ဝင်ပါ။ ယင်းနောက် တွန်းမှု တိုးမှု၏ ပြန့်ကျယ်လာမှုအပေါ်မှာသာ ဆက်၍ ရှုပွားနေပါလေသော်။

အာပေါနှင့် အဝိဇ္ဇာ ရုပ်တရားတို့တွင် အာပေါဓါတ်သည် ဃန၊ သမူဟ၊ သဏ္ဌာန်ပညတ် ဖြစ်လာအောင် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ဦးဆောင်၍ ပြလေ၏။ နာမ်တရားတို့တွင် အဝိဇ္ဇာသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊

http://www.dhammadownload.com

ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေဖြင့် မြင်အောင် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ဦးဆောင်၍ ပြလေ၏။

ဓါတ်ကြီး ၄ ပါး ဓါတ်ကြီး ၄ ပါးတို့ကို တစ်ချိန်တည်း ပူးတွဲ ရှုပွားလိုသော် **တစ်ချိန်းတည်းရှု** ပဌမ ပထဝီဓါတ်၏ မာမှုသာမန်မှ မာမှုထုထည်ကြီးအထိ မြင်တွေ့လာအောင် ရှုပွားပါ။ ဒုတိယ တေဇောဓါတ်၏ ပူမှုသာမန်မှ ပူမှုထုထည်ကြီးအထိ မြင်တွေ့လာအောင် ရှုပွားပါ။ တတိယ ဝါယောဓါတ်၏ တွန်းကန်မှုသာမန်မှ တွန်းကန်မှုထုထည်ကြီးအထိ မြင်တွေ့လာအောင် ရှုပွားပါ။

ယင်းသို့ ရှုပွားသော် ပထဝီမာမှု ထုထည်ကြီးအပေါ်မှာ အသိတလှည့် တေဇောပူမှု ထုထည်ကြီးအပေါ်မှာ အသိတလှည့် ဝါယောတွန်းကန်မှုအပေါ်မှာ အသိတလှည့်စီထားကာ ရှုပွားလာနိုင်၏။

ဥပမာသော် ခဲသုံးလုံးကို တစ်လှည့်စီမြှောက်၍ ကစားနေသလို ဉာဏ်ကြီးသူတို့၏ ဓါတ်ကြီး ၃ ပါးကို တလှည့်စီ သုံးသပ်နေသလို သုံးသပ်ရှုပွားလာနိုင်တော့၏။

ယင်းသို့ ထုထည်ကြီး ၃ ခုတို့အပေါ်မှာ တလှည့်စီ အသိဉာဏ်ကို တင်ပေးလာနိုင်သော် တဖြည်းဖြည်းနှင့် ၄င်းထုထည်ကြီး ၃ မျိုးကိုလည်း ပွားတိုးလာရာမှ အချင်းချင်းပူးစပ် ပေါင်းဖွဲ့ကာ ထုထည်ကြီးတခုတည်း အနေသို့ ဖွဲ့စပ်သွားလေတော့၏။ ယင်းသည် အာပေါဓာတ်၏သတ္တိလွန် ကဲပုံကို ဆောင်ပြလိုက်မှုဖြစ်၏။

ထိုအချိန်တွင် အသိဉာဏ်၌ ထင်နေသည်မှာ ခန္ဓာကိုယ်၏အတွင်းနှင့် အပြင် နှစ်ဌာနလုံးမှာပင် မာမှု၊ ပူမှု၊တွန်းကန်မှု ဟူသော ထုထည်ကြီးသုံးမျိုးလုံးတို့သည် တစုတရုံးတည်း ပေါင်းစပ်မိကာ တင်းတင်းကြီးသဖွယ် ခံနေသဖြင့် တကိုယ်လုံးကို ထုထည်ကြီးသုံးမျိုးတို့၏ မျိုထားမှုခံနေ ရသလို ရှိနေတော့၏။ ထိုအခါ ကြောက်လန့်လာတတ်၏။သတိပြုပါလေ။

ယင်းသို့ မာ၊ ပူ၊ တွန်းကန်၊ ဟူသော ဓာတ်ကြီးသုံးပါးတို့နှင့် ထုထည်ကြီး ပတ်ဖွဲ့ချက်ဟူသော အာပေါဓာတ်၊ ယင်းဓာတ်ကြီး ၄ ပါး တို့သည် ဉာဏ်ကြီးသူ၊ ထက်မြက်သူ ယောဂီ၏အသိဉာဏ်၌ ထုထည်ကြီး သုံးခုတို့ လွှမ်းမိုးဖုံးအုပ်ထားရာမှ တဆင့်တက်ပြီး ပေါ်လိုက် မြုပ်လိုက် အနေသို့ ကူးပြောင်းသွားပြန်တော့၏။

http://www.dhammadownload.com

ယင်းနောက်ပေါ်မှု၊ မရှိသလိုဖြစ်ကာ မြုပ်၍ ပျောက်သလိုရှိရာမှ သဲကမ်းပါး ပြိုဆင်းလာသလိုတားဆီးမရနိုင်အောင် ပြိုဆင်းမှုတွေသာဆက်၍ပေါ်နေ၊ ထင်နေတော့၏။ ဆက်ရှုသော် ဓမ္မလမ်းစဉ်အတိုင်း လိုရာရောက်ပါလိမ့်မည်။

ဤရှုပွားနည်းကား ဓာတ်ကြီး ၃ ပါး ပြီးမြောက်သူ၊ ဉာဏ်ကြီးထွားသူများသာ သီးခြားရှုပွားနိုင်သော နည်းဖြစ်၏။ သာမန်လူများ မရှုနိုင်။

မြွေဆိုးလေးကောင် "မဟာဘုတ်မျိုး၊ ဆိပ်ရှိန်တိုးသား၊ မြွေဆိုးလေးကောင်၊ ကိုယ်တွင်းလှောင်၏၊ မာန်ထောင်ညနေ့၊ ခိုးငွေ့မစဲ၊ တရဲရဲလျှင်၊ အမြဲလွှတ်ကြို၊ ဥဒဟိုသား၊ ဤကိုယ်ကာယ၊ ကိုးဒွါရဖြင့်၊ ကိုးဝဟောင်းလောင်း၊ တောင်ပို့ခေါင်းမှ၊ ခြောင်းခြောင်းထွက်အန်၊ ဆိပ်လျှံအလား၊ တဖွားဖွားနှင့်၊ ဆိုးဝါးယုတ်မာ၊ ကိလေသာဟူ၊ တဏှာပဋိဃ၊ သင်္ကပ်ဂကို၊ မွေးဘရာဇာ၊ ခွါကြိုးခွါဝိမ့်၊ မိစ္ဆာရမ္မက်၊ ထိုဝိတက်ဖြင့်၊ မထွက်မလျှံတိုပြီဘူး။ (မဃဒေဝ)

ဇရာမြွေဆိပ် "ချည်းနှီးမျှသာ၊ လိမပါသည့်၊ မဟာဘူတ၊ ဤကာယကား၊ နေ့ညမကင်း၊ ရေစာသွင်း၍၊ မပျင်းလုပ်ကျွေး၊ ပြုစုမွေးလည်း၊ ကျေးဇူးမယှဉ်၊ အကတညူ၊ မြွေလေးခုသို့၊ ကိုက်မှုမစဲ၊ ခဲမှုမငြိမ်း၊ ကိုယ်လုံးရှိန်းအောင်၊ ရှောင်မတိမ်းသာ၊ ဇရာမြွေဆိပ်၊ တရိပ်ရိပ်ဖြင့်၊ ဦးထိပ်ထက်စီး၊ ရောက်လာပြီးပြီ" (မဃဒေဝ)

သေတွင်းမဝင် "မြေကြီး သဘော၊ ခိုက်ခက် မောဏ၊ ဝါယော ဓာတ်တွက်၊

နေချိမ့်နည်း ရုတ်ရုတ်ရက်ဖြင့်၊ ငြိမ်သက်မတည်၊ မီးတမည်မူ၊ လောင်သည်မယွင်း၊ ရှိန်ပူပြင်းလျက်၊ အိုခြင်းရင့်ရွယ်၊ ကြေပျက်လွယ်၏။ ရေဝယ်နူးညံ့၊ မခံတွင်းပြင်၊ သွေးရှင်သံပြော၊ အေးမြသောရှင့်၊ သဘောချင့်နှိုင်း၊ ဓာတ်အတိုင်းဖြင့်၊ ပတ်တိုင်းရောက်တိုင်း၊ လေပိုင်းမီးပိုင်း၊ ရေအပိုင်းနှင့်၊ မြေပိုင်း လှည့်ကာ၊ ဖြစ်မြဲသာတည့်။ (မဃဒေဝ)

"သတ္တဝါ ရုပ်ဓာတ်၊ စိတ္တဇပ္ပါဒ်လည်း၊ ထိုဓာတ်မလွဲ၊ ဖေါက်ပြန်မြဲကြောင့်၊ ဓာတ်လဲဓာတ်ပြောင်း၊ ဆိုးကောင်းရသာ၊ သြဇာဝတ္ထု၊ စာရေစုနှင့် ဥတုပူအေး၊ လွန်ဘေးယုတ်နာ၊ ဝေဒနာဖြင့်၊ ဓာတ်နာကပ်နာ၊ မပြတ်စွာအောင် ရောဂါဥပါဒ်၊ ၇နတ်ထွေပြား၊ တွေ့ခံစားလျက်၊ အများတကာ၊ ဤလူ့ရွာတွင် သူငါတသင်း၊ လူခပင်းသည်၊ သေတွင်းမဝင်၊ နေချိမ့်နည်း။ (မဃဒေဝ)

http://www.dhammadownload.com

၆။ နဝ သိဝထိကဝိုင်း

နဝ သိဝထိကခေါ်ပုံ နဝ = ကိုးမျိုး၊ သိဝထိက = သုသာန်၊ သင်းချိုင်း၌ စွန့်ပစ်ထားသော လူသေကောင် အသုဘ။ "နဝသိဝထိက = သုသာန်၊ သင်းချိုင်း၌စွန့်ပစ်ထားသော လူသေကောင် အသုဘကို သွား၍ ရှုပွားရသော ကမ္မဋ္ဌာန်းကိုးမျိုး" ဟူ၍ ခေါ်၏။

ယခုခေတ်တွင်မူ သေခါစ ခေါင်းမသွင်းသေးခင်နှင့်၊ သုသာန်ရောက်၍ မြေမြှုပ်ခါနီး၊ မီးသင်္ဂြိုဟ်ခါနီးတွင် ခေါင်းဖွင့်ချိန်မျှလောက်သာ ရှုပွားနိုင်တော့၏။

အသုဘ ၉ ပါး "သေပြီး၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ရှိသော ညိုကွက်မလာခင် ဖူးဖူးရောင်သော လူသေကောင်ကို 'ဥဒ္ဓုမာတက အသုဘ' ခေါ်သည်။ ပုပ်၍ညိုမဲနေသော၊ ဖူးဖူးရောင်ပြီး၊ ပေါက်ကွဲခါနီး၊ အညိုအနီ စသည် ရောလျက် အကွက်၊ အကွက်ပေါ်ထ၊ ပုပ်ရိသော လူသေကောင်ပုပ်ကြီးကို "ဝိနီလက အသုဘ" ခေါ်သည်။ ပုပ်ရိပြီး၍ သွေးပြည်တို့ဖြင့် အက်ကွဲယိုကျ၍နေသော လူသေကောင်ပုပ်ကြီးကို "ဝိပုဗ္ဗက အသုဘ" ခေါ်သည်။ ယင်း ၃ ပါးကိုမှ ဤတွင် တပါးဟူ၍ ယူဆသည်။ (၁)

ကျီး၊ ခွေး၊ လင်းတ စသည်တို့ ထိုးဆွကိုက်ခဲ၍ စားစရာတွေရှိသော လူသေကောင်ကို 'ဝိက္ခာယိတက အသုဘ' ခေါ်သည်။ ပိုးလောက်တွေ ကျိကျိတက်၊ ရွရွတက်၊ ပြည့်၍နေသော လူသေကောင်ပုပ်ကို 'ပုဠုဝက အသုဘ' ခေါ်သည်။ ယင်း ၂ ပါးကိုမှ ဤတွင် တပါးယူသည်။ (၂)

လူသေကောင်၏ အရိုးကို 'အဋ္ဌိက အသုဘ' ခေါ်သည်။ ယင်းသည် အသား၊ အသွေး၊ ရှိသေးပြီး အကြောနှင့် စပ်သော အရိုး (၃) အသားမရှိ၊ အသွေးသာရှိပြီး အကြောနှင့် စပ်သော အရိုး (၄) အသား အသွေးမရှိ မူ၍၊ အကြောနှင့်စပ်သော အရိုး (၅) အသား အသွေးမရှိ၊ အကြောနှင့်မစပ်ဘဲ ပြန့်ကြဲနေသော အရိုး (၆)

ခရုသင်း အဆင်းနှင့် တူသော ဖြူဖွေးသော အရိုးစု (၇) နှစ်လွန်၍ စုပုံနေသော အရိုးဟောင်း (၈)

ဆွေးမြေ့ပြီး ကြေမွ၍ အမှုန့်ဖြစ်ကာ ဖရိုဖရဲ ဖြစ်နေသည့် အရိုး(၉)

http://www.dhammadownload.com

ဟူ၍ 'အင်္ဂါက အသုဘ' ၇ မျိုးရှိသည်။ ဤသို့အားဖြင့် အသုဘ ၉ မျိုးရှိသည်။ (ကမ္မဋ္ဌာန် ကျမ်းကြီးနှင့် ပရမတ္ထ-သရုပဘေဒနီ)

ရှုပွားပုံ 'သော ဣမမေဝ ကာယံ ဥပသံဟရတိ' အယမ္ပိဓေါ၊ ကာယော ဇဝံ ဓမ္မော, ဇဝံဘာဝီ, ဇဝံအနတီတော' တိ=ငါ၏ ရှုပကာယ ခန္ဓာကိုယ်သည်လည်း ဤသို့ သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့ သဘောကို မလွန်ဆန်နိုင်'ဟု အသုဘကမ္မဋ္ဌာန်း ရှုပွားသော ထိုယောဂီသည် မိမိ၏ ရှုပကာယ ခန္ဓာကိုယ်သာလျှင် နှိုင်းစာ၍ ရှု၏။

(မဟာသတိပဋ္ဌာန်သုတ်)

အပြစ်ကိုရှု 'နဝ သိဝထိကပဗွာ ဝိပဿနာ ဉာဏေသုယေဝ အာဒီနာဝါ နုပဿနာ ဝသေန ဝုတ္တာ = ထကိုးပါးကုန်သော သိဝထိက ကမ္မဋ္ဌာန်းအဝိုင်း အခန်းတို့ကို ဝိပဿနာဉာဏ်တို့တွင် အပြစ်ဒေါသကို ရှုသော အာဒီနဝါ နုပဿနာဉာဏ်၏ အစွမ်းဖြင့် ဟောတော်မူအပ်ကုန်၏။

(ဝိသုဒ္ဓိမဂ်)

စျာန်ရရန်ရှုပုံ 'ဥဒ္ဓုမာတက အသုဘ'ကို ရှုပွားလိုသူသည် မျက်စိနှင့်မြင်သော အတိုင်း စိတ်ထဲကမှတ်၍ စိတ်ထဲ၌စွဲကပ်၊ ထင်မြင်ကာပါလာအောင် 'စက်ဆုပ်ဖွယ်သော အကောင်ပုပ်'ဟု မျက်စိနှင့် ကြည့်၍ နမိတ်ယူရာ၏။

ဥဂ္ဂဟနိမိတ်သည် မျက်စိနှင့်မြင်သောအတိုင်းပင် စက်ဆုပ်ဖွယ်၊ ကြောက်မက်ဖွယ်ကြီး ထင်၏။ ပဋိဘာဂ နိမိတ်သည် ကြောက်မက်ဖွယ်၊ စက်ဆုပ်ဖွယ်မရှိ၊ အလွန်ချောမောလှပစွာ ပြည့်ဖြိုးစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ယင်းနိမိတ် ၂ ပါးကိုပင် 'စက်ဆုပ်ဖွယ်'ဟု စိတ်ထား၍ နှလုံးသွင်း ရှုပွားအပ်၏။ ရှုဖန်များသောအခါ ပဌမစျာန် ဇောဝိထိက္ခဏလာ၏။ ပဌမစျာန်ကို ရ၏။ အာရုံကြမ်းတမ်းခြင်းကြောင့် ဒုတိယစျာန် စသည်ကို မရနိုင်။

(ကမ္မဋ္ဌာန်းကျမ်းကြီး)

'ဝိနီလက အသုဘ'ကို ရှုပွားလိုသူသည် 'ပုပ်၍ ညိုမည်းနေသော

http://www.dhammadownload.com

လူသေကောင်' ဟု စိတ်ထဲကမှတ်၍ ဥဒ္ဒုမာတကအသုဘနည်းတူ နိမိတ် ယူရာ၏။ နိမိတ် ၂ ပါး ထင်ပုံလည်း တူ၏။

'ဝိပုဗ္ဗက အသုဘ'ကို ရှုပွားလိုသူသည် 'ပြည်ယိုနေသော လူသေကောင်'ဟု စိတ်ထဲကမှတ်၍ ဥဒ္ဒုမာတက အသုဘနည်းတူ နိမိတ်ယူရာ၏။ နိမိတ် ၂ ပါး ထင်ပုံလည်း တူ၏။

'ဝိက္ခာယိတကနှင့် ပုဋ္ဌဝကတို့ ရှုပွားပုံ သိပါတော့။ အထူးဆိုဖွယ် မရှိပြီ'

'အဋ္ဌိကအသုဘ'ကို ရှုပွားလိုသူသည် ပြခဲ့ပြီးအရိုး ၇ မျိုးတို့တွင် ရရာ အရိုးကိုပင် ရှုကြည့်ရာ၏။ တကွဲ တခြားစီနေသော အရိုးတို့ကိုကား စု၍ ရလျှင် ပေါင်းစုယှဉ်ထား၍ ရှုကြည့်ရာ၏။ ရသမျှပင် ရှုကြည့်ရာ၏။ တရိုးတည်း တချောင်းတည်းကိုပင်လည်း ရှုကြည့်ရာ၏။ 'စက်ဆုပ်ဖွယ် သော အရိုးစု'ဟု စက်ဆုပ်ဖွယ် အနေ စိတ်ထား၍ ကသိဏ်းနိမိတ်ယူသကဲ့သို့ စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် ရှုကြည့်ရာ၏။ ရှုကြည့်၍ နိမိတ်ယူရာ၏။

ဤအဋ္ဌိကဋ္ဌ ဥဂ္ဂဟနိမိတ်သည် မျက်စိနှင့် မြင်သော အတိုင်းပင် စက်ဆုပ်ဖွယ် အခြင်းအရာအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ပြေပြစ် လှပချောမောစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။(ကမ္မဋ္ဌာန်းကျမ်းကြီး)

ကိုးပါး-ဆယ်ပါး အသုဘ တပါးပါး၌ပင် စွာန်ရသော ယောဂီသည် ရဟန္တာ ကဲ့သို့ ရာဂကင်းကွာ လျှပ်ပေါလော်လည်ခြင်း မရှိရကား တစ်ပါးပါးကို ဟောလျှင် အကျိုးပြီးတော့သည်။ သို့သော်လည်း ခန္ဓာကိုယ် သွေဖောက်လျှင် ရောက်မြဲ သဘောအားဖြင့် လည်းကောင်း၊ရာဂစရိုက်အပြားဖြင့် လည်းကောင်း၊ တွေ့ရှိရမိရရာ၊ သင့်လျော် လျောက်ပတ်ရာရာ ရှုပွားစေခြင်းငှာ ၁၀ ပါး လုံးကိုပင် ဟောတော်မူသည်။ မဟာသတိပဋ္ဌာန်သုတ် စသည်တို့၌ကား အလိုလို ဖောက်ပြန်သည်ကိုသာယူ၍ ၉ ပါး ဟောတော်မူသည်။
(ဝိသုဒ္ဓိမဂ် မဟာဋီကာ)

ထလာဘီသကဲ့သို့ အကောင်အထည် မပျက်သေးသော အသုဘကောင် ကို ရှုသော် နိမိတ်ထင်ခါနီးအခါ၌ အသုဘကောင်

http://www.dhammadownload.com

သည် ထ၍မားမားရပ်သကဲ့သို့ လည်းကောင်း၊ မိမိထံသို့ လွှမ်းမိုး၍ လိုက်သကဲ့သို့လည်းကောင်း၊ ကြောက်အားကြီးသဖြင့် စိတ်ထဲမှာထင်တတ်၏။

ထိုအခါ ကြောက်လန့်၍ နှလုံးသွေးများ ပျက်မတတ် ရူးသွပ်တတ်သည်၊ အထူးသတိပြုအပ်၏။ ဤအသုဘ ကမ္မဋ္ဌာန်းအာရုံ၌ ကမ္မဋ္ဌာန်းကောင်၏ အလွန်ကြောက်ဖွယ်ရှိသည့်အဖြစ်ကြောင့် စျာန်မှ ရွေ့လျော ထွက်ပြေးသောသူ ဖြစ်တတ်၏။ ထိုအခါ စိတ်ကိုကောင်းစွာ တည်တံ့ခိုင်မာစေ၍ သတိကောင်းစွာ ထင်စေလျက် ဤသို့ဆင်ခြင်ရာ၏။

"ဤဖူးဖူးပုပ်ရောင် သူသေကောင်သည် ထ၍ လိုက်ရိုးထုံးစံမရှိချေ။ မှန်၏။ ထိုသူသေကောင်၏ အနီးဌ၌ရှိသော ကျောက်ခဲ၊ နွယ်၊ မြက်သည် အကယ်၍လာငြားအံ့၊ သူသေကောင်လည်း လာရာ၏။ စင်စစ် ကျောက်ခဲ၊ နွယ်၊ မြက်သည် မလာတတ်သကဲ့သို့ သူသေကောင်လည်း မလာတတ်ချေ။ သို့ပါလျက် ဤကဲ့သို့ထင်မှုသည် သင့်စိတ်ရင့်သန်၍ နိမိတ်ထင်ခါနီးမို့ ထင်ခြင်းသာတည်း၊ သင် မကြောက်လင့်။

"ယင်းသို့ မိမိကိုယ်ကို မိမိဆုံးမ၍ ကြောက်ခြင်းကင်းစေကာ နှစ်သက်ဝမ်းမြောက်စွာ ဆက်လက်၍ရှုပွားရာ၏။ တရားအထူးရနိုင်ပါ၏" (ဝိသုဒ္ဓိမဂ်)

ဖုတ်ဝင်တတ်ခြင်း "အကောင်အထည် အရေပါး မစုတ်သေး၊ မပျက်သေးလျှင် ဖုတ်ဝင်၍ ဖြစ်နိုင်သေး၏။ စုတ်ပျက်ချွတ်ယွင်းနေလျှင် ဖုတ်ဝင်၍မဖြစ်။ အကယ်၍ ဖုတ်ဝင်ပြီး ထလိုက်လာခဲ့သော်တောင်ဝှေးဖြင့် တွန်းထိုး၍ လွှဲအပ်၏။ ပရိတ်မန္တန်ဖြင့်သော်လည်း လွှဲအပ်၏။ တစ်ယောက်တည်း အသုဘရှုသူ ယောဂီသည် တောင်ဝှေး၊ ပရိတ် စသည် ဆောင်အပ်၏။" (ကမ္မဋ္ဌာန်းကျမ်းကြီး)

အထူး ကသိဏ်းအာရုံတို့သည်ကား လှမှု၊ နှစ်သက်ဖွယ်မှု အတွက်နှင့် စိတ်တွယ်ဖို့ဖြစ်၏။ အသုဘ အာရုံတို့ကား ကြောက်မှု၊ ရွံမှုအတွက်နှင့် စိတ်တွယ်ဖို့ဖြစ်၏။ တစ္ဆေ၊ မသာကို အလွန်ကြောက်တတ် ရွံဘတ်သူအချို့အား မလွှဲသာ၍ အသုဘကောင်များကို ကိုင်ရလျှင် အသုဘကောင်ကြီး စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါနေ၏။ စောင်းအိပ်လျှင် အသုဘကောင်ကြီးနံဘေးက

http://www.dhammadownload.com

ဝတ္ထုကသိုဏ်းဖြစ်အောင် ရှု၍ စျာန်ရစေရာ၏။ အထူးမှာ အသုဘအခါတွင် နိမိတ်ကိုကြီးအောင် မပွားအပ်၊ ကသိုဏ်းဖြစ်သောအခါမှသာ နိမိတ်ကို ကြီးအောင် ပွားအပ်၏။

သမထ-ဝိပဿနာ အသုဘရှုရာ၌ နိမိတ်ရအောင် စျာန်ပေါ်အောင် ရှုမှု သမထနှင့် မဂ်ဖိုလ်ရအောင် ရှုမှုဝိပဿနာဟု ၂ မျိုးရှိ၏။ ယင်းတွင် အသုဘအာရုံကို နိမိတ်ရအောင် ကသိုဏ်းကြည့်မကြည့်ဘဲ 'ဤသူသည် မမြဲပါကလား၊ ဤကဲ့သို့ဖြစ်၍ သွားပါလား။ ငါလဲပဲ ဤသူကဲ့သို့ပင် မမြဲပြီ။ သေရလတံ့၊ ဤကဲ့သို့ ဖြစ်ရလတ္တံ့။ ဤသူသည် ဤကဲ့သို့ မတင့်မတယ်၊ စက်ဆုပ်ပါကလား၊ မကောင်းဖွယ်ပါကလား။ ငါလဲပဲ ဤလူကဲ့သို့ပင် မတင့်မတယ် စက်ဆုပ်ဖွယ်တည်း၊ မကောင်းဖွယ်တည်း။ ဤသူသည် ဘာမှ မလှုပ်ရှားတတ်၊ အသက်မရှိ မြက်မှိုက်ထင်းချောင်းတို့နှင့်သာတထပ်တည်း တူသောအဖြစ်သို့ ရောက်လတ္တံ့၊ ယခုလည်းတူသည်ပင်တည်း' ဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုသော် ဝိပဿနာ ဖြစ်၏။

ရှုနည်းထူးခြား ထိုတွင် သမထနည်း ရှုသူမှာ ယောဂျိုးအား မိန်းမ အသုဘ၊ မိန်းမအား ယောဂျိုး အသုဘဟူသော ဝိသဘာဂ အသုဘ အာရုံသည် လည်းကောင်း၊ အင်္ဂါကြီးငယ် အသွင်သဏ္ဌာန်မပျက်စီးသေးသော အသုဘ အာရုံသည်လည်းကောင်း၊ မလျှောက်ပတ်၊ မရှုအပ်၊ တပ်မက်ခြင်း ရာဂဖြစ်၍ လာတတ်၏။ နိမိတ်မရခင်လည်း ဖြစ်လာတတ်၏။ နိမိတ်ရပြီးသော် အကယ်၍ ဥဂ္ဂဟနိမိတ်တွင် မဖြစ်မေမယ့် ပဋိဘာဂနိမိတ်ကျလျှင် ရာဂ ဖြစ်ပေါ် လာတတ်၏။

ဝိပဿနာ ရှုသူမှာကား ဝိသဘာဂ အသုဘ အာရုံသည် အထူးသာလွန်၍ လျှောက်ပတ်၏။ ဝိသဘာဂ အသုဘကိုပင် တမင်ရှု၍ ရှုအပ်၏။ ထို့ကြောင့် ပင် ဘုရားရှင်သည် ရာဂစရိုက် လွန်စွာအားကြီးသဖြင့် ဝိပဿနာနည်း အသုဘ ရှုသော ကုလ္လထေရ်အား မာတုဂါမ အသေကောင်ကိုပင် တမင်ဖန်ဆင်း၍ ပေးတော်မူသည်။

၄င်းပြင် ပြည့်တန်ဆာမ သီရိမာကို ချစ်ကြိုက်၍ မစားနိုင်၊ မသောက်

http://www.dhammadownload.com

မြောင်လျက်၊ ပက်လက်အိပ်လျှင် အပေါ်က မိုးလျက်ထင်နေတော့၏။ အိပ်၍ မဖြစ်တော့။ ဤလိုထင်သည်မှာ ဥဒ္ဓုမာတက အသုဘ ဥဂ္ဂဟ နိမိတ်ထင်မှုဟု မှတ်။ အသုံးမချတတ်၍ ကြောက်မက်ဖွယ် သေးဒုက္ခကြီး ဖြစ်နေသည်။ အသုံးချတတ်သူမှာကား ဤကဲ့သို့ထင်လျှင် ပတ္တမြားတုံးကြီးကို ရဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ချမ်းသာသုခကြီး ဖြစ်၏။

ဤကဲ့သို့ ထင်မြင်မှသာ ဥဂ္ဂဟနိမိတ်ထင်သည်ဟု မှတ်ရမည်။ မသာလောင်းကောင်ရှိတဲ့နေရာမှာ စိတ်ထဲက လှမ်း၍ သိသည်ကို ဥဂ္ဂဟ နိမိတ်ထင်သည်ဟု မမှတ်နှင့်။ (ကမ္မဋ္ဌာန်းကျမ်းကြီး)

ကြောက်ရွံ့မှုထင် ဤအသုဘနိမိတ်ကား ကြောက်ရွံ့မှုထင်လွယ်၏။ ကြပ်ကြပ်ကြောက်ရွံ့တတ်လျှင် ကြပ်ကြပ်ထင်လွယ်၏။ မကြောက်ရွံ့တတ်သော သင်းချိုင်းစောင့်၊ စဏ္ဍာလ၊ အသုဘရာဇာများတို့ကား မထင်တော့ပြီ။ ထို့ကြောင့် နိမိတ်ယူသော ယောဂီသည် အသုဘကို လက်နှင့်မကိုင်အပ်၊ အကျွမ်းမဝင်အပ်၊ နေရာရွှေ့လို၊ ပေါင်းစုလိုလျှင် သူတပါးကို ခိုင်းအပ်၏။ ခိုင်းစရာမရှိလျှင် တောင်ဝှေးဖြင့် ကော်၍ရွှေ့အပ်၊ ပေါင်းစု အပ်၏။

တိရစ္ဆာန်လဲရ အသုဘပွားမှုသည် လူသေကောင်မှ မဟုတ်၊ တိရစ္ဆာန်သေကောင် အသုဘတို့ကိုလည်း ရှုကြည့်၍ နိမိတ်ဈာန်ရနိုင်၏။ အင်္ဂီက အသုဘတို့ကိုလည်း ပြင်ဘက်အင်္ဂီကကို နိမိတ်ယူ၍ ရလွယ်၏။ မိမိကိုယ်တွင်း အင်္ဂီကကိုကား ရခဲ၏။ ကိုယ်တွင်းအင်္ဂီကကို ရအောင်ယူနိုင်မှ အလွန်ကောင်း၏။ ဈာန်၊ မဂ် ၂ ပါးလုံး အလွယ်နှင့် ရနိုင်တော့၏။ (ကမ္မဋ္ဌာန်း ကျမ်းကြီး)

ဝဏ္ဏကသိုဏ်း အသုဘအာရုံတို့ကို အသုဘအနေနှင့် ထင်အောင် စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း စိတ်ထား ရှုယူ၍ ပဌမဈာန်ကို ရပြီးသော ယောဂီသည် ဒုတိယဈာန် စသည်တို့ကို ရလိုသောအခါ ထို မိမိရပြီးသော အသုဘနိမိတ်၌ အညို၊ အဝါစသော အဆင်း တစ်ခုခုကို 'အညို-အညို' သို့မဟုတ် 'အဝါ-အဝါ' စသည်ဖြင့် ပါသော အဆင်းအတိုင်း နှလုံးသွင်း၍

http://www.dhammadownload.com

နိုင် တထွေထွေ ကြံဖွိုင်၍နေသော ရဟန်းကလေး ကိုလည်း ထိုသီရိမာ၏ အလောင်း အသုဘကိုပင် ပြ၍ မဂ်ဖိုလ်တရားအထူးကို ရစေတော်မူသည်။ (ကမ္မဋ္ဌာန်းကျမ်းကြီး)

အရိုးစုရှုပုံ စေတီယတောင်၌ သီတင်းသုံးသော ရှင်မဟာတိဿသည် ဆွမ်းခံကြွစဉ် လင်ယောကျ်ားနှင့် စိတ်ဆိုးပြီးလာသော အမျိုးသမီးနှင့် လမ်းတွင်ဆုံ၏။ အမျိုးသမီးသည် ရှင်မဟာတိဿကိုမြင်သော် ရာဂစိတ် ဖြစ်၍ သူ့ကိုကြည့်ရှုအောင် တမင်သက်သက် ကျယ်စွာရယ်လိုက်၏။ ရှင်မဟာတိဿသည် 'ဒီအသံကား ဘာသံလဲ' စူးစမ်းကြည့်ရှုသော် အမျိုးသမီး၏ သွားဋ္ဌိ 'အရိုးစုဟူသောအမှတ်= အဋ္ဌိကသညာ'ကို ရ၍ ရဟန္တာဖြစ်သွားလေ၏။ ထိုအမျိုးသမီးသည် ခရီးဆက်၏။ အရှင်မြတ်လည်း ဆွမ်းခံဆက်ကြွ၏။ မကြာမီ အမျိုးသမီး၏ လင်ယောကျ်ားနောက်မှ တကောက်ကောက် လိုက်လာရာမှ အရှင်မြတ်ကိုမြင်တွေ့သော် မေးလျှောက်၏။

"အရှင်ဘုရား၊ ဒီလမ်းမှာ မိန်းမတစ်ယောက်သွားတာကို မြင်လိုက်ပါသလား"

"အို၊ ဒါယကာ၊ ဒီလမ်းသွားသူဟာ မိန်းမလား၊ ယောကျ်ားလားလို့ ငါအမှတ် မထားလိုက်ဘူး။ စင်စစ် အရိုးစုတစ်ခုခုတော့ ဒီလမ်းသွားပါလေရဲ့"

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ရှုပွားပုံအမျိုးမျိုး အသက်ရှင်သော ဤကောင်သည် ဖူးဖူးရောင်ဖော စက်ဆုပ်ဖွယ်ကောင်းသော အသေကောင်တို့နှင့် မခြားတမူ အလားတူသာ ခင်မင်ဖွယ်မရှိ၊ စက်ဆုပ်ဖွယ်အတိသာ ဖြစ်လိမ့်မည်ဟု အသက်ရှင်နေသော ကိုယ်ကောင်ဝယ် စက်ဆုပ် ရွံရှာဖွယ်ဟု ရှုနိုင်ခြင်းငှာ အသက်မရှိသော အသုဘကောင်ကို ဟောတော်မူ၏။

သေ၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ရှိသော အကောင်ပုပ်စသည် ကို မြင်ရ၍ 'ယခု အသက်ရှင်နေသော ဤကိုယ်ကောင်သည်လည်း ဤသို့ဖူးဖူးရောင်ဖော စက်ဆုပ်ဖွယ်ကောင်းသော သဘောရှိ၏။ ဤသဘောအတိုင်းပင် ဖြစ်လိမ့်မည်။ ဤစက်ဆုပ်ဖွယ်သဘောကို မလွန်မြောက်နိုင်' ဟု မိမိကိုယ်၏

http://www.dhammadownload.com

အနီးသို့ အသုဘကောင်ကို ဆောင်ယူကာ ယှဉ်ကြည့်ရာ၏။

"အသက်ရှင်နေသော ဤကိုယ်ကောင်ကဲ့သို့ ထို့အတူ ဖူးဖူးရောင်ဖော ဥဒ္ဓုမာတက စသော အသေကောင်သည်လည်း စက်ဆုပ်ရွံရှာဖွယ် သဘောရှိ၏။ ဖူးဖူးရောင်သော ဥဒ္ဓုမာတကစသော အသေကောင်ကဲ့သို့ ထို့အတူ အသက်ရှင်နေသော ဤကိုယ်ကောင်သည်လည်း စက်ဆုပ်ရွံရှာဖွယ် သဘောရှိ၏။" ဟု မိမိကိုယ်ကို အနီးသို့ ဆောင်ယူကာ အသေကောင်နှင့် ယှဉ်ကြည့်ရာ၏။

ဖူးဖူးရောင်ဖော၍ ညှိမည်းနေသော အကောင်ပုပ် စသည်တို့သည် စက်ဆုပ်ရွံရှာဖွယ် သဘောရှိသကဲ့သို့ ထို့အတူ အသက်ရှင်နေသော ဤကိုယ်ကောင်သည်လည်း စက်ဆုပ်ရွံရှာဖွယ် သဘောရှိ၏။ အသက်ရှိမူ၊ မရှိမူ နှစ်ခုသာ မတူထူးခြား ကွဲပြားတော့၏။

'ဖူးဖူးရောင်ဖော၍ ညှိမည်းနေသော အကောင်ပုပ်စသည်လည်း စိုးစဉ်းအနည်းငယ်မျှ တင့်တယ်ခြင်းသဘော မရှိပေ။ အသက်ရှင်၍နေသော ငါ၏ ခန္ဓာကိုယ်၌လည်း အကုန်မွေနှောက်ကာ အမျိုးမျိုးရှာဖွေသော်လည်း စိုးစဉ်းအနည်းငယ်မျှ တင့်တယ်ခြင်းသဘော မရှိပေ။

(စတုရာရက္ခကျမ်း)

ရှင်ဝဠီသ 'စိတ်အစဉ်သည် လျင်မြန်သော အပြန်ရှိသောကြောင့် စိတ်အစဉ်၌ ကျရောက်ဖြစ်လာသော တဏှာရာဂကို အသုဘဟူ နှလုံးသွင်းခြင်းဖြင့် ပယ်ဖျက်၍ ဣန္ဒြိယသံဝရ သီလကို ပြည့်စုံစေအပ်၏' ဤတွင် ရှင်ဝဠီသကို ပုံစံပြသင့်၏။

ရဟန်းသစ် ရှင်ဝဠီသသည် တစ်နေ့သ၌ ဆွမ်းခံကြွစဉ် အလွန်တရာ ချောမောလှပသော သတို့သမီးကညာတစ်ယောက်ကို မြင်၍ ရာဂဖြစ်၏။ ထိုအခါ ရှင်ဝဠီသသည် ရာဂဖြစ်ကြောင်း ရိုးသားပွင့်လင်းစွာ ရှင်အာနန္ဒာအား လျှောက်ထား၏။-

"ဂေါတမနွယ်ဖွား ရှင်အာနန္ဒာဘုရား၊ တပည့်တော်ကို ကာမရာဂမီးသည် ပြင်းစွာလောင်အပ်ပါ၏။ တပည့်တော်၏ စိတ်ကို လောင်အပ်ပါ၏။ တောင်းပန်ပါ၏။ တပည့်တော်ကို အစဉ်သနားသောအားဖြင့် ရာဂမီးငြိမ်းကြောင်း တရား

http://www.dhammadownload.com

ကောင်းကို ဟောတော်မူပါလော"

"ငါ့ရှင်ဝံဂီသ၊ အသုဘ၌ သုဘဟူ၍ အမှတ်မှား ခြင်းကြောင့် သင်၏စိတ်ကို ရာဂသည် လောင်အပ်၏။ ရာဂနှင့်စပ်သော ရာဂဖြစ်ကြောင်း သုဘနိမိတ်ကို ရှောင်ကြဉ်လော့။ အသုဘ ဘာဝနာဖြင့် စိတ်ကိုပွားများလော့။ တစ်ခုတည်းသော အသုဘအာရုံရှိသည်၊ အသုဘအာရုံ၌ ကောင်းစွာ စိတ်ကိုထားအပ်သည် ဖြစ်အောင်ပွားများလော့"

"တောဘူမက သခ်ါရတရားတို့ကိုလည်း သူစိမ်း ပြင်ပဟူ၍ရှုလော့။ ဒုက္ခဟူ၍ ရှုလော့။ အတ္တမဟုတ်ဟူ၍ လည်းရှုလော့။ ဘုံသုံးပါးကို၊ လွှမ်းမိုးနှိပ်စက်၍ အရာကျယ်သော အာဏာရှင်ကြီးဖြစ်သော ရာဂမီးကို ငြိမ်းစေလော့။ ယခုပူလောင်သကဲ့သို့ ထပ်ပြန်တလဲလဲ မပူလောင်စေသင့်"

ရှင်ဝံဂီသသည် ရှင်အာနန္ဒအမိန့်ရှိတိုင်း ရာဂမီးကို အသုဘဘာဝနာဖြင့် ပယ်ဖျောက်၍ ဆွမ်းခံ ဆက်လက်ကြွသွား၏။

(သဂါထာဝဂ္ဂသံယုတ်)

အဿက်စွန့်ပွား 'လှပတင့်တယ် နှစ်သက်ဖွယ်ဟု ရှုမှတ်တတ်သော သုဘသညာကို ပယ်ခွာခြင်းငှာ အသက်ကို စွန့်ကာ အလွန်အလွန် ပြင်းထန်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍ မတင့်မတယ်ရွံရှာဖွယ်ဟု ရှုမှတ်တတ်သော အသုဘ ဘာဝနာကို ဆင်ခြင်စဉ်းစား နလုံးထားကာ ပွားများရာ၏'

'လှပတင့်တယ် နှစ်သက်ဖွယ်'ဟု တပါးသောအမှုကို အလေးမမူ လျစ်လျူရှုလျက် အသုဘ ဘာဝနာကိုသာ အခါခါ ပွားများပါမူ ယခုဘဝမှာပင် ရာဂမီး အရှိန်အဟုန် နည်းပါး၍ အခြားဘဝသို့ ရောက်ရသည့် နောက်အခါမှာ လွယ်ကူစွာ ငြိမ်းလိမ့်မည်။

'ဤ ကိုယ်ခန္ဓာဟု ရုပ်အစုကို အသုဘရှုခြင်းသာလျှင် ငါ၏ကိစ္စပင်တည်း' ဟု ကြံစည်နှိုင်းဆ သဘောကျ၍ မတင့်မတယ် ရွံရှာဖွယ်ဟု ရှုမှတ်တတ်သော အသုဘ ဘာဝနာကို အခါခါပွားများပါမူ ယခုအခါမှာပင် ရာဂမီး အရှိန်အားနည်းလျက် နှစ်သက်ဝမ်းမြောက်ခြင်းကို စင်စစ် ဧကန်ရပေ

http://www.dhammadownload.com

လိမ့်မည်' (စတုရာရက္ခကျမ်း)

ပညာမီးဖြင့်ကြည့် 'ရာဂမီးဖြင့် မမြင်အပ် မမြင်ကောင်းသည် ဖြစ်၍ စင်စစ် ထင်ရှား ဟုတ်မှန်သော စက်ဆုပ်ဖွယ်သဘောအစုကို ပညာတည်းဟူသော ဆီမီးရောင်ဖြင့် မပြတ်မစဲ အမြဲသာလျှင် ကောင်းစွာ ရှုစားရာ၏

ထိုကိုယ်ခန္ဓာ၌ ထင်ရှားရှိသည်ဖြစ်၍ စင်စစ်ဟုတ်မှန်သော စက်ဆုပ်ဖွယ်သဘောကို ထင်မြင်အောင် ရှုပွားလိုသည့် သတိမြဲသူသည် ပညာဆီမီးရောင်ဖြင့်သာ ရှုရာ၏။ ရာဂမီးရောင်ဖြင့် မရှုရာ'

မာန်မထောင်သင့် 'သတိသမ္ဗဇ္ဈင် အဆင်အခြင်ရှိသော သူသည် စက်ဆုပ်ဖွယ်သဘောရှိ၍ ရွံရှာဖွယ် ဖြစ်သော မိန်းမဝမ်းမှ ထွက်လာခဲ့ရပြီးနောက် ယနေ့နက်ဖြန်ပင် ဧကန် သေမျောက်ရမည်ဖြစ်သော ဤခန္ဓာကိုယ်ဖြင့် တက်ကြွထောင်လွှား မာန်မာနထားခြင်းငှာ မသင့်လျော်ပါတကား'

'အသင်သည် ငါ့ကို ဘယ်လို သဘောရှိသောသူဟု မှတ်ထင်ဘိသနည်း၊ ငါ့မှာမူကား ရှိသမျှဥာဏ် အလုံးစုံ စက်ဆုပ်ရွံရှာဖွယ် ကောင်းသည့် မိန်းမဝမ်းခေါင်းမှ အနှံ့တထောင်းထောင်းနှင့် ထွက်လာခဲ့ရသော သူပါတည်းဟူ၍သာလျှင် ပြောဆိုခြင်းငှာ ထိုက်ပေရာ၏'

'လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ် လေးပါးလုံးမှာပင် ခန္ဓာကိုယ်ဝယ် စက်ဆုပ်ဖွယ်ဟု ရှုပွားတတ်သော သညာကိုသာလျှင် အမြဲမကွာ ပြုသင့်ရာ၏။ ထိုခန္ဓာကိုယ်၌ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးဖွယ်သည် အဘယ်မှာမှ မရှိပြီ'

အဆုံးသတ်-မသတ် 'လှပတင့်တယ် နှစ်သက်ဖွယ်ဟု ရှုမှတ်တတ်သော သုဘသညာကြောင့် စိတ်ထားနုပျိုး၍နေသော မိမိခန္ဓာကိုယ်ကို မတင့်မတယ် ရွံရှာဖွယ်ဟု ရှုမှတ်တတ်သော အသုဘသညာဖြင့် ရင့်အောင်ပြုရာ၏။ မတင့်မတယ် ရွံရှာဖွယ်ဟု ရှုမှတ်သဖြင့် စိတ်ထားရင့်လာသူအား ကျင်လည်မျောပါးရမည့် သံသရာသည် အဆုံးရှိ၏။ စွဲလန်းနှစ်သက်တပ်မက်ခြင်း အားကြီးသည်ဖြစ်၍ အမြဲစိတ်ထား နုပျိုနေသူအား ကျင်လည်

http://www.dhammadownload.com

မျောပါးရမည့် သံသရာသည် အဆုံးမရှိနိုင်တော့ပြီ'

'လှပတင့်တယ် နှစ်သက်ဖွယ်ဟု နှလုံးသွင်းခြင်း ရှိသူတို့သည် တစ်နေ့ ထက်တစ်နေ့ စိတ်ထားနုသည်ထက် နုကုန်သည်ဖြစ်၍ နိမ့်ရာ၊ နိမ့်ရာအောက် တန်းသို့သာ ရှေးရှုရောက်နေကြကုန်၏။ မတင့်မတယ် စက်ဆုပ်ဖွယ်ဟု ရှုမှား သော သူတော်ကောင်းတို့သည်ကား တစ်နေ့ထက်တစ်နေ့ စိတ်ထားရင့်သည် ထက် ရင့်ကုန်သည်ဖြစ်၍သာလျှင် တပ်နှစ်သက်ခြင်း ရာဂကင်းကုန်လျက် သံသရာဘဝစက်ကို အဆုံးသတ်နိုင်ကြကုန်၏'

အပူ-အအေး 'စက်ဆုပ်ဖွယ်အပေါင်း မကောင်းသော ကိုယ်ကို နှစ်သက် ဖွယ်အပေါင်း ကောင်းသောကိုယ်ဟု ကြံစည်၍ ခင်မင်စုံမက် နှစ်သက်သူ တို့သည် ဆောက်ဆုံးတွင် စိုးရိမ် ပူဆွေး ငိုကြွေးရခြင်းစသော အပူကြီးတွေ နှင့် တွေ့ကြုံရကုန်၏။ အပူငြိမ်းလိုသူသည် စက်ဆုပ်ဖွယ်အပေါင်း မကောင်း သောကိုယ်ဟု ကြံစည်ရာ၏'

'ခန္ဓာကိုယ်၌ စက်ဆုပ်ဖွယ် အစုအပုံမျိုးကို အောက်မေ့အပ်လှ သည်သာလျှင်တည်း။ စက်ဆုပ်ဖွယ်အစုအပုံကို အဖန်ဖန်တလဲလဲ အောက် မေ့သူသည် အားနည်းသော ရာဂရှိသည်ဖြစ်၍ နှလုံး အေးမြခြင်းကိုရနိုင်၏'

'သံသရာစခန်း၌ မပြတ် ဖမ်းစားလေ့ရှိသော မဆုံးနိုင်အောင် ဆင်းရဲကို ပေးဆောင်တတ်သည့် ရာဂဘီလူးကို မတင့်မတယ် ရွံရှာဖွယ် အသုဘသဘော ဟူသော အတုမရှိသည့် မန္တန်ရားဖြင့် တားမြစ်ပါလော့၊ ထိုရာဂဘီလူးသည် အသုဘ မန္တန်ရားကို အမှန်ကြောက်၏'

(စတုရာရက္ခကျမ်း)

ရှင်သူဋ္ဌ အသုဘရှု သာဝတ္ထိပြည်၌ အမျိုးကောင်းသား တစ်ယောက်ရှိ ၏။ သူသည် သာသနာတော်၌ ရဟန်းပြုလိုက်၊ လူထွက်လိုက်နှင့် ပြုလုပ်နေရာ ခြောက်ကြိမ်ရှိသွားပြီ။ သူ့ကို ရဟန်းတော်တို့က 'စိတ်အလိုသို့လိုက်ကာ သွားလာလှည့်ပတ်တတ်၍ 'စိတ္တဟာဋ္ဌ' ဟု ခေါ်ကြ ကုန်၏။

ယင်းသို့ လူထွက်လိုက်၊ ရဟန်းဝတ်လိုက်နှင့် တပြောင်းပြန်ပြန်

http://www.dhammadownload.com

လှည့်လည်နေစဉ် သူ၏ ဇနီးသည် ကိုယ်ဝန်ရှိလာ၏။ သူသည် ခုနစ်ကြိမ်မြောက် 'ရဟန်းပြုခဲ့' ဟု တဖန် ကြဲရွယ်လျက် သင်္ကန်းယူရန် အခန်းထဲဝင်သွား၏။ ထိုစဉ် သူ၏ ဇနီးသည် အိပ်ပျော်နေ၏။-

'ဝတ်ထားသော ခါးဝတ်မှာ လျော်ကျနေ၏။ ဆံပင်တို့သည် ဖရိုဖရဲကြဲနေကုန်၏။ ခံတွင်းမှာလည်း ဟလျက် အရိုအရွဲ့ ယိုစီးနေ၏။ နှာခေါင်းမှလည်း ပြင်းထန်စွာ ဟောက်သံပေးလျက်ရှိ၏။ သတိကင်းလျက် ပက်လက်အိပ်စက်နေသည်မှာ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်သော လူသေကောင်ကဲ့သို့ ဖြစ်နေ၏။

သူသည် ယင်းကို မြင်သော် ဇနီးသည်အား ဖူးဖူးရောင်သော အကောင်ပုပ်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်ဟု ထင်လေ၏။ ထိုအခါ 'ဤခန္ဓာကိုယ်သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရ အနတ္တ၊ ရွံရှာဖွယ် အသုဘ' ပါတကားဟု အမှတ်သညာကိုရ၍ 'ငါသည် ဤမျှလောက် သော အချိန်ကာလပတ်လုံး ရဟန်းပြုပြီးလျှင် ဤမိန်းမကို အမှီပြု၍ ရဟန်းအဖြစ်၌ တည်တံ့ခြင်းငှာ မတတ်နိုင်' ဟု ကြံစည် စဉ်းစားကာ သင်္ကန်းကို အမြန်ယူပြီး အိမ်မှ ထွက်သွားလေ၏။

လမ်းတစ်လျှောက်တွင်လည်း အမြဲမရှိအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရ အနတ္တ၊ ရွံရှာဖွယ် အသုဘ' ဟု ရွတ်ဖွားလျက် သွားသော် သွားစဉ် ပင်လျှင် လမ်း၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ကျောင်းရောက်သော် ရဟန်းပြုခွင့် အမြန်တောင်း၏။ ထိုအခါ ရဟန်းတော်တို့က ပြော၏။

'အို စိတ္တဟဋ္ဌ၊ ငါတို့ သင့်ကို ရဟန်းပြုမပေးနိုင်ဘူး။ သင်၏ ရဟန်းအဖြစ်သည် ဘယ်မှာလဲ၊ ထွက်လိုက်ဝင်လိုက်နှင့်၊ သင်၏ ဦးခေါင်းသည် ဓားသွေးကျောက်နှင့် တူလှတော့၏'

'အရှင်ဘုရားတို့၊ ယခုတစ်ကြိမ်သာ တပည့်တော်ကို ရဟန်းပြုပေးတော်မူကြပါကုန် ဘုရား'

ရဟန်းတော်တို့သည် ရဟန်းပြုပေးလိုက်၏။ ရှင်စိတ္တဟဋ္ဌသည် တရားကို ကြိုးစားအားထုတ်ရာ၊ နှစ်ရက်၊ သုံးရက်နှင့်ပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်၏။ (ဓမ္မပဒ အဋ္ဌကထာ)

http://www.dhammadownload.com

လူမိုက်နှင့်လူလိမ္မာ ‘မတင့် မတယ် စက်ဆုပ်ဖွယ်သော ခန္ဓာကိုယ်ကို လှပတင့်တယ် နှစ်သက်ဖွယ်ဟု မှတ်ထင် သူထက်သာလွန်၍ မိုက်၊ ကန်း၊ ရူးသွပ်သူသည် အဘယ်မှာ ရှိအံ့နည်း။ ထိုသူမျိုးသည် မိမိကိုယ်ကို မိုက်၊ ကန်း၊ ရူးသွပ်သော အနေအားဖြင့် ဘယ်အခါမှာမှ မမှတ်ထင်နိုင်ချေ’။

‘မတင့်မတယ် စက်ဆုပ်ဖွယ် သဘော အသုဘအစစ်ဖြစ်သော ကိုယ်၌ လှပတင့်တယ်နှစ်သက်ဖွယ်ဟု မှတ်ထင်မှုရှိသဖြင့် မိမိ၏ မသိမိုက်မဲသော အဖြစ်ကို သိအောင် အောက်မေ့ဆင်ခြင် မိမိခန္ဓာကိုယ်ကို မတင့်မတယ် စက်ဆုပ်ဖွယ်ဟု အောက်မေ့ဆင်ခြင်လျက် မိမိအထင်လွဲနေသော မိုက်မဲမှု ကင်းလွတ်အောင် ကြံဆောင်အားထုတ်ရာ၏။’

‘ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော ထင်မြင်မှု ရှိသဖြင့် မှားယွင်း မိုက်မဲနေသော မိမိကိုယ်ကို ကဲ့ရဲ့ပြစ်တင်ပြီးလျှင် လှပ တင့်တယ်နှစ်သက်ဖွယ်ဟု မှတ်ထင်မှုကို ပယ်ဖျောက်ရာ၏။ မတင့်မတယ် စက်ဆုပ်ဖွယ်ဟု ထင်မှတ်ခြင်း ရှိသော အဖြစ်ကို ကြံစည်အားထုတ် ပြုလုပ်ရာ၏။’

‘အသုဘ ဖြစ်သောကိုယ်၌ လှပတင့်တယ် နှစ်သက်ဖွယ်ဟု မှတ်ထင်မှု ရှိသူသည် အကြွားအမြင် များပါသော်လည်း လူမိုက်စင်စစ် ဖြစ်သည်သာတည်း။ အသုဘဖြစ်သော ကိုယ်၌ မတင့်မတယ် စက်ဆုပ်ဖွယ်ဟု အထူးရှုသူသည် အကြွားအမြင် နည်းပါးသော်လည်း ပညာရှိ ခေါ်ထိုက်ပေ၏။’

‘အရာ၊ အထောင်မကသော အသက်မွေးဝမ်းကျောင်း အတတ်ကောင်းတို့ကို တတ်သိလိမ္မာသူထက် ကိုယ်တစ်ခုကို အသုဘဟု မုချတိတိ သိမြင်ခြင်းသည် သံသရာဝဋ်မှ ကင်းလွတ်ကြောင်းဖြစ်၍ မွန်မြတ်သည်သာတည်း။ အသုဘမှတပါးသော အတတ်ကို တတ်ခြင်းသည် မမွန်မြတ်သည်သာတည်း’

‘အသုဘဟူ၍ ဘုရားရှင် ဟောတော်မူအပ်သော ကိုယ်ကို ထိုဘုရားရှင် ဟောတော်မူတိုင်းသာလျှင် ယူကုန်လျက် ဘုရားရှင် အလိုတော်သို့ လိုက်ကုန်သော ပညာရှိတို့သာလျှင် ဘုံသုံးပါးမှ လွတ်ကုန်၏။’

‘အသုဘဟူ၍ ဘုရားရှင်ဟောတော်မူအပ်သော ကိုယ်ကို သုဘဟု စွဲယူ၍ မိုက်မဲတွေဝေကာ ဘုရားရှင်နှင့် ဆန့်ကျင်ဘက် ပြုကုန်သူတို့သည် ဘုံသုံးပါးမှ မလွတ်နိုင်ကုန်’

http://www.dhammadownload.com

ရာဂစင်ကြယ်ကြောင်း ရာဂစင်ကြယ်ခြင်း၏ အကြောင်းတို့ကား-

၁။ မတင့်မတယ် ရွံရှာဖွယ်သော အသုဘအာရုံကို မျက်စိဖြင့် ထင်မြင်အောင်ရှုခြင်း၊

၂။ စိတ်ဖြင့် ကြံစည်အောက်မေ့ခြင်း၊

၃။ မိမိပမာဏနှင့် လျော်အောင် နှိုင်းယှဉ်၍ စားသောက်ခြင်း၊

၄။ စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊

၅။ အဆွေခင်ပွန်းကောင်း ရှိခြင်း၊

၆။ ရာဂကင်းကြောင်းနှင့်စပ်သော စကားကို ပြောခြင်း၊

ဟူသော ၆ ပါးတို့ကား ရာဂ စင်ကြယ်ကြောင်းတည်း။

မျက်မှောက်ကျိုးငါးပါး မတင့်မတယ် ရွံရှာဖွယ်ဟု ရှုသော အသုဘဘာဝနာ၏ မျက်မှောက်အကျိုးငါးပါးတို့ကို ဤသို့ သိအပ်ကုန်၏-

၁။ တပ်နှစ်သက်တတ်သော ရာဂမှ စင်ကြယ်ခြင်း၊

၂။ စိုးရိမ်ပူဆွေး၊ ငိုကြွေးမှု မရှိခြင်း၊

၃။ ကိုယ်-စိတ်ဆင်းရဲမှ ကင်းခြင်း၊

၄။ အရိယမဂ်သို့ ရောက်ခြင်း၊

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း တို့တည်း။

(စတုရာရက္ခကျမ်း)

ရှင်မဟာကာဠ 'ဘုရားရှင် သေတဗျမြို့အနီး ယင်းတိုက်တော၌ သီတင်းသုံးတော်မူစဉ် စူဠကာဠနှင့် မဟာကာဠ ညီနောင်နှစ်ယောက်တို့သည် ဘုရားရှင်ထံ ရဟန်းပြုကုန်၏။ မဟာကာဠသည် ရဟန်းပြုပြီးသော် ကမ္မဋ္ဌာန်း တရားသင်ကြား၍ သုသာန်ဓုတင် ဆောက်တည်ကာ အသုဘ ဘာဝနာ ရှုပွားလျက်နေ၏။ တစ်နေ့သော် သုသာန်စောင့် ကာလီဒကာမကြီးက မေးလျှောက်၏။-

'အရှင်ဘုရား၊ ဒီသုသာန်၌ နေ့စဉ် သီတင်းသုံးပါးသလား'

'သီတင်းသုံးနေတယ် ဒကာမကြီး'

http://www.dhammadownload.com

'အရှင်ဘုရား၊ သုသာန်မှာ သီတင်း သုံးသူဟာ ဝတ္တရားတွေကို သင်ယူ လိုက်နာသင့်ပါတယ်'

'ဘယ်လို ဝတ္တရားတွေကို သင်ယူ လိုက်နာရမှာလဲ ဒကာမကြီး'

'အရှင်ဘုရား၊ သုသာန်၌နေသော ရဟန်းဆိုတာ သုသာန်စောင့် ကျောင်းရှိ မဟာထေရ်ကြီးနှင့် ရွာသူကြီး ၃ ဦး တို့အား ပန်ကြားသင့် ပါပေ၏'

'အဲဒီ ၃ ဦး တို့ကို အဘယ်အကြောင်းကြောင့် ပန်ကြားရတာလဲ ဒကာမကြီ'

'အရှင်ဘုရား၊ သူခိုးတွေက သူတစ်ပါးဥစ္စာတွေ ခိုးယူပြီး သုသာန်ထဲမှာ ဝှက်ထားတတ်ပါတယ်။ ထိုအခါ အရှင်ဘုရားအား ခိုးသူအမှတ်ဖြင့် အန္တရာယ် ဖြစ်နိုင်ပါတယ်။ ထိုအခါ သုသာန်စောင့် ရွာသူကြီးနှင့်မဟာထေရ်ကြီး ၃ ဦး တို့က ခိုးသူမဟုတ်ကြောင်း အာမခံပေးကာကွယ်နိုင်ပါတယ်'

သုသာန်ဓုတင် ဆောက်တည်သူကို ခိုးသူထင်ပြီး အရိုက်ခံရသော အဖြစ်အပျက်မှာ မိမိကိုယ်တိုင်ပင် အရိုက်ခံရသော ကိုယ်တော်နှင့်တွေ့၍ သိထား ဖူးပါသည်။

'နောက် ဘာတွေ လိုက်နာရဦးမလဲ ဒကာမကြီး'

'အရှင်ဘုရား၊ သုသာန်ဓုတင် ဆောက်တည်သူဟာ ငါး၊ အမဲ၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ တင်လဲ စသည်တို့ကို မစားရပါ။ နေ့ခင်းအခါလဲ မအိပ်ရပါ။ မပျင်းမရိ လုံ့လရှိရပါတယ်။ ကောက်ကျစ် စဉ်းလဲ၊ လှည့် ပတ်ဖြားယောင်းမှုလဲ မရှိရပါဘူး။ မြင့်မြတ်သော အလိုဆန္ဒ ရှိရပါတယ်။ ညအခါ သူများတွေ အိပ်မှ သုသာန်သို့ လာရပါတယ်။ နံနက်စောစော သူများတွေ မနိုးခင် ကျောင်းသို့ ပြန်ရပါတယ်'

သုသာန်ထဲမှာ အခိုင်အမာ အဆောက်အအုံဆောက်၍ နေ့ရောညပါ အများသိမြင် မနေသင့်ကြောင်းကို အထက်ပါ စကားများအရ အထူးမှတ် သင့်၏။

'အရှင်ဘုရားသာ ဒီသုသာန်မှာ ယခု တပည့်တော် ညွှန်ပြသည့် နည်းလမ်းအတိုင်း ကျင့်သုံး၍ ရဟန္တာဖြစ်လျှင် အရှင်ဘုရား ပျံလွန်တော်မူသည့် အခါ အရှင်ဘုရား၏ အလောင်းကို တပည့်တော် ကမ္မလာအကွတ် စုလစ် မွှန်းခွန်တပ်သော တလားကြီးသို့ တင်၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက်

http://www.dhammadownload.com

သင်္ကြိုလ်ပါမည်။ အကယ်၍ ရဟန္တာမဖြစ်ဘဲ ပြန်လွန်တော်မူပါလျှင် ထင်းပုံသို့ တင်၍ မီးတိုက်လျက် တံစူးဝါးချိတ်ဖြင့် ဆွဲငင်၍ အပသို့ ကော်ပစ်ပြီး ပေါက်ဆိန်ဖြင့် ပေါက်ခွဲကာ အပိုင်းပိုင်းဖြတ်ပြီး ပြန်၍ မီးသင်္ကြိုလ်ပါအံ့'

'ကောင်းပါပြီ ဒကာမကြီး၊ နောက်တစ်ခါ အလောင်းတစ်လောင်း ရသော် အသုဘရှုရန် လျှောက်ထားပါဘိ'

သုသာန်စောင့် ဒကာမကြီးသည် 'ကောင်းပါပြီ အရှင်ဘုရား' ဟု ဝန်ခံ၍ မကြာမီပင် ရုတ်တရက်သေသော လှပသော အမျိုးသမီး အလောင်းတစ်လောင်း ရသော် အရှင်မြတ်အား လျှောက်ထား၏။ အရှင်မြတ်သည် သွားရောက်ရှုကြည့်ပြီး 'ဒီအလောင်းကောင်သည် ကောင်းမွန်သေး၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ ယင်းအလောင်းကောင် မီးသင်္ကြိုလ် သောအခါ ပြောကြားပါဘိ' ဟု မှာ၍ ပြန်သွား၏။ သုသာန်စောင့် ဒကာမကြီးသည် မီးသင်္ကြိုလ်သည်ကို အရှင်မြတ်အား လျှောက်ထား။ အရှင်မြတ်သည် အသုဘရှု၏။

'အလောင်းကောင်တွင် မီးတောက်မီးလျှံထိခိုက်၍ လောင်ရာအရပ်သည် ပြောက်ကျားသော နွားမနှင့်တူသော ကိုယ်အဆင်းရှိ၏။ ခြေတို့သည် မီးထင်ပုံမှ ထွက်၍ တွဲရရွဲဆွဲလျက်ကျကုန်၏။ လက်တို့သည် တွန့်လိမ် ကောက်ကွေးကြကုန်၏။ ပေါင်နှင့်နဖူးပြင်သည် အရေးရှိဖြစ်လေ၏။' ထို့အခြင်းအရာကို ရှုမြင်ရသော အရှင်မြတ်သည် ဤသို့သုံးသပ်ရှုပွား၏။

'ဩော် ဒီအလောင်းကား ယခုပင် ကြည့်ရှုကုန်သော သူတို့အား အပိုင်းအခြားမရှိ နှစ်သက်ခြင်းကို ပြုနိုင်သည် ဖြစ်ပါလျက် ယခုပင်လျှင် 'ခယ-ဝယ = ကုန်ပျက်ခြင်း' သို့ ရောက်ခဲ့လေပြီတကား'

ယင်းသို့ သုံးသပ်ရှုပွားပြီးသော် ညဉ့်သန့်ရာနေရာသို့ ကြွသွားထိုင်နေတော်မူလျက် 'ခယ-ဝယ = ကုန်ခြင်း၊ ပျက်ခြင်း' ကို ကောင်းစွာ ထင်ထင်ရှုမြင်တော်မူလျက်-

'သခ်ါရတရားတို့သည် အမြဲမရှိကုန်စွတကား။ ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏။ ဖြစ်ပြီးသော် ချုပ်ပျက်ကုန်၏။ ယင်းသခ်ါရတရားတို့ ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်သည် အလွန်တရာ ချမ်းသာလှပေ၏' ဟူသော ဂါထာကို ရွတ်ဆိုကာ ဝိပဿနာ ရှုပွားသော် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။ (ဓမ္မပဒအဋ္ဌကထာ)

http://www.dhammadownload.com

သင်းချိုင်းပမာ ရဟန်းတို့ သင်းချိုင်း၌ အပြစ်တို့သည်-

၁။ မစင်ကြယ်၊

၂။ မကောင်းသောအနံ့ရှိ၏။

၃။ ဘေးဘျမ်းရှိ၏။

၄။ သရဲ၊ သဘက်တို့၏ နေရာဖြစ်၏။

၅။ များစွာသော လူအပေါင်းတို့၏ ငိုကြွေးရာ ဖြစ်၏။

ဟူ၍ ငါးမျိုးတို့ ရှိကုန်၏။

ရဟန်းတို့၊ ဤအတူသာလျှင် သင်းချိုင်းဥပမာရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် ငါးမျိုးတို့ ရှိကုန်၏။ ယင်းတို့ကား-

၁။ ရဟန်းတို့၊ သင်ချိုင်းသည် မစင်ကြယ်သကဲ့သို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကာယက်၊ ဝစီက်၊ မနောက်နှင့် ပြည့်စုံ၏။ ဤသည်ကို ထိုပုဂ္ဂိုလ်၏ မစင်ကြယ်မှုဟူ၍ ငါဆို၏။ သင်းချိုင်း ဥပမာရှိသူဟူ၍ ငါဆို၏။

၂။ ရဟန်းတို့၊ သင်းချိုင်းသည် မကောင်းသောအနံ့ရှိသကဲ့သို့ မစင်ကြယ်သော ကာယက်၊ ဝစီက်၊ မနောက်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်အား မကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ထွက်၏။ ဤသည်ကို ထိုပုဂ္ဂိုလ်၏ မကောင်းသောအနံ့ဟူ၍ ငါဆို၏။ သင်းချိုင်းဥပမာရှိသည်ဟူ၍ ငါဆို၏။

၃။ ရဟန်းတို့၊ သင်းချိုင်းသည် ဘေးဘျမ်းနှင့်တကွ ဖြစ်သကဲ့သို့ မစင်ကြယ်သော ကာယက် ဝစီက်၊ မနောက်နှင့် ပြည့်စုံသူအား သီလကို ချစ်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့သည် ဝေးစွာရှောင်ကြဉ်ကုန်၏။ ဤသည်ကို ထိုပုဂ္ဂိုလ်၏ ဘေးဘျမ်းနှင့်တကွ ဖြစ်ခြင်းဟူ၍ ငါဆို၏။ သင်းချိုင်း ဥပမာရှိသည်ဟူ၍ ငါဆို၏။

၄။ ရဟန်းတို့၊ သင်းချိုင်းသည် သရဲသဘက်တို့၏ နေရာဖြစ် သကဲ့သို့ မစင်ကြယ်သော ကာယက်၊ ဝစီက်၊ မနောက်နှင့် ပြည့်စုံသူသည် သဘောတူပုဂ္ဂိုလ် မစင်ကြယ်သူတို့နှင့် အတူနေ၏။ ဤသည်ကို ထိုပုဂ္ဂိုလ်၏ သရဲ၊ သဘက်ဟူ၍ငါဆို၏။ သင်းချိုင်း ဥပမာရှိသူဟူ၍ ငါဆို၏။

http://www.dhammadownload.com

၅။ ရဟန်းတို့၊ သင်းချိုင်းသည် လူအများ၏ ငိုကြွေးရာဖြစ်သကဲ့သို့ မစင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံသူအား သီလကို ချစ်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့မြင်၍ 'ငါတို့သည် ဤသို့သဘော ရှိသော ပုဂ္ဂိုလ်တို့နှင့် အတူနေရ၏။ ငါတို့အား ဆင်းရဲလေစွတကား'ဟု ရှုတ်ချကုန်၏။ ဤသည်ကို ထိုပုဂ္ဂိုလ်၏ ငိုကြွေးရာဟူ၍ ငါဆို၏။ သင်းချိုင်း ဥပမာရှိသည်ဟူ၍ ငါဆို၏။

ရဟန်းတို့၊ ဤသည်လျှင် သင်းချိုင်းနှင့်တူသော ပုဂ္ဂိုလ်၏ အပြစ် ငါးမျိုးတို့တည်း။ (ပဥ္စဂုံတ္တရပါဠိတော်)

မဂ်ဖိုလ် မျိုးစေ့ 'နတ်တို့ မျက်စိ၊ အသိဉာဏ် မျက်စိဖြင့်လည်း မမြင်နိုင် ကောင်းသည့် ကိုယ်၌ရှိသော အသုဘ အာရုံကို ပညာစက္ခုဖြင့် အထူးရှုပါကုန်လော့။ ထိုကိုယ်၌ရှိသော အသုဘသဘောကို မြင်ခြင်းသည် ယခုဘဝတရားမရသေးသော် နောင်ဘုရားလက်ထက်တော်၌ မဂ်ဖိုလ်ရဖို့ရာ မျိုးစေ့ဖြစ်ပါလိမ့်မည်'

'နောက်နောင်အခါ မဂ်ဖိုလ်ကို ရခြင်းငှာ မျိုးစေ့ဖြစ်သော ပညာစက္ခုဖြင့် အထူးရှုပါကုန်လော့ ထိုကိုယ်၌ရှိသော အသုဘသဘောကို မြင်ခြင်းသည် ယခု ဘဝ တရားမရသေးသော နောင်ဘုရားလက်ထက်တော်၌ မဂ်ဖိုလ်ရဖို့ရာ မျိုးစေ့ ဖြစ်ပါလိမ့်မည်။

"နောက်နောင်အခါ မဂ်ဖိုလ်ကိုရခြင်းငှာ မျိုးစေ့ဖြစ်သော အသုဘ ဘာဝနာကို ကျင့်ကြံအားထုတ် ပြုလုပ်ရာ၏။ မျိုးစေ့မရှိခဲ့သော် အဘယ်မှာ မဂ်ဖိုလ်ကို ရနိုင်အံ့နည်း။ ထိုစကားသည်မှန်၏။ မတင့်မတယ် စက်ဆုပ်ဖွယ် ဟုရှုမှတ်မှု အသုဘဘာဝနာသည် မဂ်ဖိုလ်မျိုးစေ့အစစ်အမှန်ဖြစ်၏။"

"မဂ်၊ ဖိုလ် မျိုးစေ့ရှိသူသည် အကုသိုလ် အဟုန်ကြောင့် အပယ် လေးဘုံ၌ နစ်မြုပ်နေငြားသော်လည်း ဉာဏ်အရောင်တောက်၍ မဂ်ဖိုလ်ရချိန် ရောက်သောအခါ ပြန်၍ပေါ်လာပြီးလျှင် ပွင့်လတ္တံသော ဘုရားရှင်တို့၏ အထံ တော်၌ မဂ်ဖိုလ်ကို ရလေရာ၏။"

"မဂ်ဖိုလ်မျိုးစေ့ မရှိသူအား ကျင်လည်မျောပါရမည့် သံသရာသည် အလွန်တရာ ရှည်လျားလျက် အဆုံးမရှိနိုင်ချေ။ ထို့ကြောင့် သံသရာဝဋ္ဌမှ

http://www.dhammadownload.com

လွတ်မြောက်လိုသူသည် အသုဘ ဘာဝနာဟူသော မဂ်ဖိုလ်မျိုးစေ့ကို လုံးပမ်းကြိုးကုတ် အားထုတ်ရာ၏။"

(စတုရာရက္ခကျမ်း)

ရှင်ယသ အတိတ်ရှေးခါ ကပ်ကမ္ဘာ တစ်ခုသောဘဝ၌ ငါးဆယ့်ငါးယောက်သော သူငယ်ချင်းတို့သည် အစုအဖွဲ့၊ အသင်းအဖွဲ့အားဖြင့် ပေါင်းစုဖွဲ့စည်းလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်၏။ ကိုးကွယ်ရာမဲ့ သေလွန်သူတို့၏ အလောင်းတို့ကို မြှုပ်နှံခြင်း၊ မီးသင်္ဂြိုလ်ခြင်း ပြုကုန်၏။ ထိုသူငယ်ချင်း တစ်စုတို့သည် တနေ့သ၌ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် သေလွန်သော် "မီးသင်္ဂြိုလ်ကြကုန်အံ့" ဟု တိုင်ပင်၍ သုသန်သို့ ထုတ်ဆောင်ကြကုန်၏။

ယင်းတွင် ငါးဆယ်သော သူငယ်ချင်းတို့သည် ငါးယောက်သော သူငယ်ချင်းတို့အား "သင်တို့ပဲ မီးသင်္ဂြိုလ်ရစ်ကြပါကုန်လော့" ဟု ပြောဆို မှာကြား၍ သုသာန်၌ထားခဲ့ကာ ပြန်သွားကြကုန်၏။ ယသ သတို့သားသည် ယင်းကိုယ်ဝန်ဆောင်အလောင်းကို တံစူးဝါး ဖြင့် ထိုးဆွ၍ ထိုမှဤမှ ပြန်လှန်ကာ မီးသင်္ဂြိုလ်သော် အသုဘအမှတ် သညာကို ရလေ၏။

ထိုအခါ ယသ သတို့သားသည် မိမိမှတပါး လေးယောက်သော သူငယ်ချင်းတို့အား "အို အဆွေတို့ မစင်မကြယ် ရွံဖွယ်မှန်လှ ဤအလောင်းကောင် အသုဘကို ရှုကြကုန်လော့" ဟု ပြော၍ အသုဘကိုပြ၏။ ယင်းတို့လည်း အလောင်းကောင်၌ အသုဘရှုသော် အသုဘအမှတ်သညာ ကို ရကြကုန်၏။ ယသ သတို့သားနှင့် မိတ်ဆွေလေးယောက်တို့သည် ရွာသို့ ပြန်ရောက်သော် ကြွင်းသော သူငယ်ချင်း ငါးဆယ်တို့အားလည်း မိမိတို့ ရခဲ့သော အသုဘသညာကို ပြောပြောကုန်၏။

ယသ သတို့သားသည်ကား အိမ်ရောက်သော် မိဘနှစ်ပါးနှင့် ဇနီးမယား တို့ကို ပြောပြော၏။ ထိုသူအားလုံးတို့လည်း အသုဘဘာဝနာ ကို ပွားများကြကုန်၏။ ဤကား ယသ သတို့သားနှင့် သူငယ်ချင်းများ မိဘ ၂ ပါး၊ ဇနီးမယားတို့၏ရှေ့၌ အားထုတ်အပ်သော အကြောင်းရင်း ကောင်းမှုပါရမီတည်း။ ယင်းအကြောင်းရင်း ကောင်းမှု ပါရမီကြောင့် ယသသတို့သားသည် ကချေသည် အပေါင်းတို့၌ သုသာန်ဟူသော အမှတ်သညာဖြစ်ကာ =

http://www.dhammadownload.com

"အို အချင်းတို့၊ တဏှာအစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်ပေစွတကား၊ အို အချင်းတို့၊ တဏှာအစရှိသော ကိလေသာတို့သည် ညှင်းဆဲအပ်ပေစွတကား" ဟု ဥဒါန်းစကား မြွက်ကြားရွတ်ဆို၍ ဘုရားထံမှောက် အရောက်ပြေးသွား၍ တရားနာကြားရသော် အဆုံး၌ ရဟန္တာ ဖြစ်လေ၏။ (သူငယ်ချင်း ၄ ယောက်တစ်တွဲ၊ သူငယ်ချင်း ငါးဆယ် တစ်တွဲ၊ ရဟန်းပြုကြောင်း အကျယ်ဝိနည်းမဟာဝါ ပါဠိတော်တွင်ရှုပါ)

(ပါစိတ္တာဒိအင်္ဂကထာနှင့် ဝိနည်းမဟာဝါ ပါဠိတော်)

http://www.dhammadownload.com

ဘာဝနာဝတ္ထု

ဝေဒနာနုပဿနာ သတိပဋ္ဌာန်

နှင့်

စိတ္တာနုပဿနာ သတိပဋ္ဌာန်

http://www.dhammadownload.com

၂။ ဝေဒနာ နုပဿနာ

ဝေဒနာခေါ်ပုံ "ရဟန်းတို့၊ အဘယ် အကြောင်းကြောင့် ဝေဒနာဟု ဆိုအပ်သနည်း။ ရဟန်းတို့ ခံစားတတ်သောကြောင့် ဝေဒနာ ဟု ဆိုအပ်၏။ အဘယ်ကို ခံစားတတ်သနည်း။ချမ်းသာကိုလည်း ခံစားတတ်၏။ ဆင်းရဲကိုလည်း ခံစားတတ်၏။ ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်ကိုလည်း ခံစားတတ်၏။ **(ခန္ဓသံယုတ်)**

"ဝေဒနာ" ဟူသော စကားလုံးသည် ပါဠိစကားလုံးဖြစ်၏။ ယင်းကို မြန်မာပြန်သော် "ခံစားမှု" ဟု ပြန်ရ၏။ နာကျင်မှု၊ အောင့်မှု၊ မခံသာမှုဟု မပြန်ဆိုရ။ ဝေဒနာ တစ်လုံးတည်းကလည်း ယင်းအဓိပ္ပါယ် များကို မပြနိုင်။

ဆောင် ။ ။ ဘုရင်မင်းနှယ်၊ ပွဲတော်တယ်သို့၊ သွယ် သွယ်အာရုံ၊ ရသာစုံကို၊ ကုန်အောင်မှန်ငြား၊ ချန်မထား၊ ခံစား ဝေဒနာ သဘောတည်း။ (သင်္ဂြိဟ်ဘာသာဋီကာ)

သီရန်အချုပ် "ကုဓ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ" = **ဘိက္ခဝေ** - ရဟန်းတို့၊ **ကုဓ** = ဤသာသနာတော်၌၊ ဘိက္ခု = ရဟန်းသည်-

http://www.dhammadownload.com

၁။ **အာတာပီ** = ဝေဒနာကို အာရုံပြု၍ ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇာနော = ဝေဒနာကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင် နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိမာ = ဝေဒနာကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊

၂။ **လောကေ** = ဝေဒနုပါဒါနက္ခန္ဓာဟူသော လောကဌ်၊

၃။ **အဘိဇ္ဈာဒေါမနဿံ** = ဝေဒနာကို တပ်သောအားဖြင့် ရှေးရှု ကြံခြင်းဟူသော လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာ ခြင်းဟူသော ဒေါမနဿကို၊ ဝိနေယျ = တဒင်္၊ ဝိက္ခမ္ဘနအားဖြင့် ဖျောက်၍၊

၄။ **ဝေဒနာသု** = သုခ စသော ဝေဒနာတို့၌၊

၅။ **ဝေဒနာနုပဿာ** = ဣဋ္ဌာရုံကို အာရုံပြု၍ သုခဝေဒနာဖြစ်၏။ အနိဋ္ဌာရုံကို အာရုံပြု၍ ဒုက္ခဝေဒနာဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ ဥပေက္ခာ ဝေဒနာဖြစ်၏ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

ဝေဒနာနုပဿီ = သုခဝေဒနာကို ဒုက္ခအားဖြင့်၊ ဒုက္ခဝေဒနာကို ငြောင့်တံသင်းနှင့် တူသောအားဖြင့်၊ ဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

ဝေဒနာနုပဿီ = သုခဝေဒနာသည် တည်သဖြင့် ချမ်းသာ၏။ ဖောက်ပြန်ပျက်စီးသဖြင့် ဆင်းရဲ၏။ ဒုက္ခဝေဒနာသည် တည်သဖြင့် ဆင်းရဲ၏။ ဖောက်ပြန်ပျက်စီးသဖြင့် ချမ်းသာ၏။ ဥပေက္ခာ ဝေဒနာသည် သိမြင့်သဖြင့် ချမ်းသာ၏။ မသိမမြင်သဖြင့် ဆင်းရဲ၏ဟု အဖန်တလဲလဲ ရှုသည် ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

http://www.dhammadownload.com

ဝေဒနာနုပဿီ = ဝေဒနာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။ (သုတ်မဟာဝါပါဠိတော်)

သိရန်အချက်များ အထက်ပါ ပါဠိတော်၌ အမှတ် (၁) ဖြင့် ဝေဒနာနုပဿနာ ရှုပွားလိုသူ ယောဂီ၌ ပြည့်စုံရမည့် ဝိရိယ၊ ပညာ၊ သတိ၊ သုံးပါးကိုပြ၏။ အမှတ် (၂) ဖြင့် မည်သည့်လောက ၌ဟု လောကကို ပြသည်။ အမှတ် (၃) ဖြင့် ယောဂီရရှိမည့်အကျိုးတရား ကို ပြသည်။ အမှတ် (၄) ဖြင့် ယောဂီသိရမည့် ဝေဒနာအပြားကို ပြသည်။ အမှတ် (၅) ဖြင့် ရှုပွားပုံ အခြားအရာကို ပြသည်။ ဤအချက်ငါးချက်ကို အထူးသတိရှိပါ။

ဝေဒနာအပြား (၅) ပါး ဝေဒနာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ အားဖြင့် ငါးပါးအပြားရှိ၏။ ယင်းတွင် -

သုခဝေဒနာ သုခဝေဒနာဆိုသည်မှာ ကိုယ်၏ချမ်းသာမှုကို ခေါ်သည်။ ကိုယ်တွင်း၊ ကိုယ်ပ၊ ကိုယ်အင်္ဂါမှာ "ကောင်းသည်၊ ကောင်းသည်" ဟုခံစားမှု၊ ပူအိုက်သောအခါ အေးမြသောရေကို ချိုးရ၍ ယပ်လေ ခတ်သည်ကို ခံရ၍၊ တစ်ကိုယ်လုံးအေးချမ်းမှု၊ အလွန်ချမ်းအေးနေရာ ထူထဲသောအခြံအလုံကို ခြုံရ၍ ပူနွေးသောမီးကို လှုံရ၍ တစ်ကိုယ်လုံး ပူနွေးမှု၊ နေပူသောအခါ အရိပ်မှာနေရ၍၊ ချမ်းအေးသောအခါ နေပူမှာနေရ၍ ချမ်းသာမှု၊ သိမ်မွေ့နူးညံ့သောအခင်း၊ အရံ၊ အခြုံ၊ အဝတ်၊ အထည်တို့ကို သုံးဆောင်ရ၍ ကိုယ်တွေ့ချမ်းသာမှု၊ ကာမဂုဏ်အရာမျိုးနှင့်စပ်လျဉ်း၍ အလွန်ကောင်းသည်ဟု ကိုယ်တွင်းသန္တာန်မှာ ဖြစ်ပေါ်လာသောချမ်းသာမှု၊ ဤသို့အစရှိသည်ကား သုခဝေဒနာချည်းပင်တည်း။

ဒုက္ခဝေဒနာ ဒုက္ခဝေဒနာ ဆိုသည်မှာ မခံသာမှုတည်း။ မချမ်းသာမှု၊ နာမှု၊ ညောင်းညာမှု၊ ထုံကျင်ကိုက်ခဲမှု၊ အိုက်မှု၊ ပူလောင်မှု၊ မနေသာမှု၊ မတတ်သာမှု၊ မခံသာအောင် အေးမှု၊ ချမ်းမှု၊ မောမှု၊ ပန်းမှု၊

http://www.dhammadownload.com

အောင့်မှု၊ အင့်မှု၊ ယားယံမှု၊ မခံသာသောအမှု၊ မခံချင်သောအမှု၊ အခံခက်မှု ဤအလုံးစုံတို့သည် ဒုက္ခဝေဒနာချည်းသာတည်း။ (ဝေဒနာကုန်ပြီဆိုသူသည် ဤစာပိုဒ်ကို အထူးသတိပြု၍ ရှုသင့်၏။)

သုခနှင့်စပ်သောမနသ် သောမနဿဝေဒနာ ဆိုသည်မှာ ဝမ်းသာ ဝမ်းမြောက်မှုတည်း။ စိတ်ရွှင်လန်းမှု၊ စိတ်နှစ်ခြိုက်မှု၊ စိတ်နှစ်သက်မှု၊ စိတ်နှလုံးသာယာမှု၊ မျက်နှာရွှင်လန်းမှု၊ မျက်နှာပွင့်လန်းမှု၊ ပြုံးမှု၊ ရယ်မှု၊ အလိုရှိသော အာရုံကိုမြင်ရ၍ စိတ်ရွှင်မှု၊ စိတ်ကြည်မှု၊ ကြားရ၍ နမ်းရ၍ စားသောက်ရ၍ ကိုယ်အင်္ဂါနှင့်တွေ့ထိရ၍ စိတ်ထဲမှာ အလိုရှိရာကို ထွေထွေလာလာ ကြံဖန်ရ၍ စိတ်ရွှင်မှု၊ စိတ်ပျော်မှုတည်း။ ဤသို့ အစရှိသည်ကား သောမနဿ ဝေဒနာချည်းသာတည်း။

ဒေါသနှင့်စပ်ဒေါမနသ် ဒေါမနဿ ဝေဒနာဆိုသည်မှာ စိတ်ညှိုးနွမ်းပင်ပန်းမှုတည်း။ စိတ်နာမှု၊ စိတ်နှလုံး မသက်သာမှု၊ စိတ်နှလုံး မသာယာမှု၊ စိတ်နှလုံးမချမ်းသာမှု၊ စိတ်နှလုံး မကြည်သာမှု၊ စိတ်နှလုံး မကောင်းမှု၊ စိတ်နှလုံး မအေးချမ်းမှု၊ စိတ်နှလုံးပူပန်ဝမ်းနည်းမှု၊ စိတ်နှလုံး မနှစ်သက်မှု၊ စိတ်အိုက်ခြင်း၊ စိတ်ပူခြင်း၊ စိတ်ဆွေးခြင်း၊ စိတ်ပန်းခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ငိုမဲ့ခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မြင်ရ၍ ကြားရ၍ နမ်းရ၍ စားသောက်ရ၍ ကိုယ်အင်္ဂါနှင့် တွေ့ထိရ၍ စိတ်မကြည်မှု၊ နှလုံးမှာ သိရ၍ စိတ်မကြည်သာမှု အစရှိသော ဒေါသနှင့်စပ်သမျှ စိတ်အမှုအရာစုံသည် ဒေါမနဿ ဝေဒနာချည်းပင်တည်း။

ကောင်း-မကောင်း မထင်ရှား ဥပေက္ခာ ဝေဒနာဆိုသည်မှာ သုခရသ၊ ဒုက္ခရသ၊ သောမနဿရသ၊ ဒေါမနဿရသတို့မှ အလွတ်ကွက်လပ်တို့၌ ကောင်းသည်ဟူ၍လည်း မထင်ရှား၊ မကောင်းဘူးဟူ၍လည်း မထင်ရှားသော ဝေဒနာမျိုးတည်း။ ခြောက်ဒွါရ၌ ထင်လာသမျှသော အာရုံ ၆ ပါး တို့ကို စိတ်ဖြင့် အာရုံပြုသမျှမှာ စိတ်၏ခံစားမှုဟူသော ဝေဒနာ မပါသည်ဟူ၍ မရှိ။ စိတ်ဖြစ်လျှင် ဝေဒနာအမြဲပါတော့သည်။

http://www.dhammadownload.com

ကောင်း သည်၊ မကောင်းသည်ဟု ထင်ရှားသော အချက်မျိုးကား ကြိုးကြား ကြိုးကြားသာ ရှိ၏။ လူ့ပြည်မှာ မထင်ရှားသော ဥပေက္ခာဝေဒနာသာ များ၏။ (အနတ္တဒီပနီ)

ဝေဒနာကျဉ်းကျယ် ယင်းဝေဒနာတို့ကို အကျဉ်းချုပ်သော် ၂ မျိုးသာ ရှိ၏။ ယင်း ၂ မျိုးကား-

၁။ ကာယိကဝေဒနာ = ကိုယ်၌ ခံစားမှု၊ ကိုယ်ဖြင့် ခံစားမှု၊

၂။ စေတသိကဝေဒနာ = စိတ်၌ ခံစားမှု၊ စိတ်ဖြင့် ခံစားမှုဟူ၍ ၂ မျိုး သာ ရှိ၏။ ယင်းတွင် 'ကာယိက ဝေဒနာ' သည် ၃ မျိုးပွားပြန်၏။ ယင်း ၃ မျိုးကား

၁။ ကာယိကသုခဝေဒနာ = ကိုယ်၌ ဖြစ်ပေါ်လာသော ချမ်းသာမှု ဟူသမျှ ကို ခံစားခြင်း ခံစားမှု၊

၂။ ကာယိကဒုက္ခဝေဒနာ = ကိုယ်၌ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ ကို ခံစားခြင်း ခံစားမှု၊

၃။ ကာယိကဥပက္ခာဝေဒနာ = ကိုယ်၌ ဖြစ်ပေါ်လာသော ဆင်းရဲနှင့် ချမ်းသာ ၂ မျိုးလုံးမှ လွတ်သော ကြားခံစားခြင်း ခံစားမှု။

ဟူ၍ ၃ မျိုးရှိ၏။

စိတ်၌ ခံစားမှု 'စေတသိကဝေဒနာ' သည်လည်း ၃ မျိုးရှိပြန်၏။ ယင်း ၃ မျိုးကား-

၁။ စေတသိကသုခဝေဒနာ = စိတ်၌ ဖြစ်ပေါ်လာသော ချမ်းသာ ဟူသမျှ တို့ကို ခံစားခြင်း ခံစားမှု၊

၂။ စေတသိကဒုက္ခဝေဒနာ = စိတ်၌ ဖြစ်ပေါ်လာသော ဆင်းရဲဟူသမျှ ကို ခံစားခြင်း ခံစားမှု၊

၃။ စေတသိကဥပေက္ခာဝေဒနာ = စိတ်၌ ဖြစ်ပေါ်လာသော ဆင်းရဲနှင့် ချမ်းသာ ၂ မျိုးတို့မှ လွတ်သော ကြားခံခြင်း ခံစားမှု။

အငြိမ်းစားနေသင့်သလော အို စာရှုသူ၊ သတ္တဝါတို့၌ ခဏတိုင်း စက္ကန့်တိုင်း မှာပင် ယင်း ဝေဒနာ ၆ မျိုးတို့မှ တစ်မျိုးမျိုးသည်

http://www.dhammadownload.com

အပြတ်မရှိ တရစပ် ဖြစ်ပေါ်နေတော့သဖြင့် ဝေဒနာ မဖြစ်သော ခဏစက္ကန့်ဟူ၍ ရှိပါသေးသလော။

အို စာရှူသူ၊ သတ္တဝါတို့၌ ခဏတိုင်း၊ စက္ကန့်တိုင်းတွင် ဝေဒနာဖြစ်ပေါ်နေသလို ပဋိစ္စသမုပ္ပါဒ်ခေါ် သံသရာစက်လည်း ခဏတိုင်း စက္ကန့်တိုင်းတွင် ဝေဒနာဖြစ်ပေါ်နေသလို ပဋိစ္စသမုပ္ပါဒ်ခေါ် သံသရာစက်လည်း ခဏတိုင်း စက္ကန့်တိုင်းမှာပင် လည်လျက် ရှိနေတော့သည် မဟုတ်ပါလော။

အို စာရှူသူ၊ ဝေဒနာဖြစ်သော် တဏှာစသည် ဖြစ်သောကြောင့် ခဏတိုင်း၊ စက္ကန့်တိုင်းမှာပင် ပဋိစ္စသမုပ္ပါဒ်ခေါ် သံသရာစက်လည်း ခဏတိုင်း၊ စက္ကန့်တိုင်းမှာပင် လည်လျက် ရှိနေတော့သည် မဟုတ်ပါလော။

အို စာရှူသူ၊ ဝေဒနာဖြစ်သော် တဏှာစသည် ဖြစ်သောကြောင့် ခဏတိုင်း၊ စက္ကန့်တိုင်းမှာပင် ပဋိစ္စသမုပ္ပါဒ်ခေါ် သံသရာစက်ကြီး လည်နေရကား ယင်းစက်ကြီး လည်ခွင့်မရ ပြတ်သွားရန် ဖြစ်ပေါ်လာသမျှသော ဝေဒနာကို သတိ၊ အသိတို့ဖြင့် အမြဲတမ်း ရှုပွားသင့်သည် မဟုတ်ပါလော။ ဝေဒနာကုန်ပြီဟူ၍ အငြိမ်းစား နေသင့်သလော။

ဝေဒနာအပြား အငြင်းပွား ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူခိုက် လက်သမားဆရာကြီး ပဉ္စကင်္ဃသည် ရှင်ဥဒါယိထံမှောက်သို့ လာရောက်၍ ဤသို့မေးလျှောက်၏။

"အရှင်ဥဒါယိ၊ ဘုရားရှင်သည် ဝေဒနာဘယ်နှစ်မျိုးတို့ကို ဟောထားအပ်ပါသနည်း"

"လက်သမားဆရာကြီး 'သုခ၊ ဒုက္ခ၊ ဥပေက္ခာ' ဟူ၍ ဝေဒနာ ၃ မျိုးကို ဘုရားရှင်ဟောထားအပ်ကုန်၏။"

"အရှင် ဥဒါယိ၊ ဘုရားရှင်သည် ဝေဒနာ ၃ မျိုးတို့ကို ဟောထားအပ်သည်မဟုတ်ပါ။ သုခ၊ ဒုက္ခဟူ၍ ဝေဒနာ ၂ မျိုးတို့ကိုသာ ဟောထားအပ်ပါ၏။ အရှင်ဥဒါယိ၊ ဥပေက္ခာ ဝေဒနာကို ငြိမ်သက်ကောင်းမြတ်သော သုခ၌ သွင်း၍ ဘုရားရှင် ဟောထားတော်မူအပ်ပါ၏။"

"လက်သမားဆရာကြီး၊ ဝေဒနာ ၂ မျိုးတို့ကိုသာ ဘုရားရှင်ဟောထား

http://www.dhammadownload.com

အပ်သည် မဟုတ်ပါ။ သုခ၊ ဒုက္ခ၊ ဥပေက္ခာအားဖြင့် ၃ မျိုးတို့ကို ဘုရားရှင် ဟောထားအပ်ပါကုန်၏။"

ဤသို့ဖြင့် လက်သမားဆရာကြီးသည် သုံးကြိမ်တိုင်တိုင် မေး၏။ ရှင်ဥဒါယိလည်း သုံးကြိမ် တိုင်တိုင်ဖြေ၏။ သို့သော် တစ်ဦးသည် တစ်ဦးကို နားလည်အောင် ရှင်းမပြနိုင်ခဲ့။

ယင်းတို့ ၂ ဦး ပြောစကားအားလုံးကို ကြားသိသော ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှောက်သို့ သွားရောက်၍ လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က ရှင်အာနန္ဒာအား ဤသို့မိန့်၏။

"အာနန္ဒာ၊ ထင်ရှား ရှိသော အကြောင်းကိုဝင်လျှင် လက်သမားဆရာ ကြီးသည် ဥဒါယိအား ဝမ်းမမြောက်စေနိုင်။ ဥဒါယိသည်လည်း လက်သမား ဆရာကြီးအား ဝမ်းမမြောက်စေနိုင်"

"အာနန္ဒာ၊ ဝေဒနာ ၂ ပါးတို့ကိုလည်း အကြောင်း ပရိယာယ်အားဖြင့် ငါ ဟောအပ်ကုန်၏။ ဝေဒနာ သုံးပါး၊ ငါးပါး၊ ခြောက်ပါး၊ တစ်ဆယ့်ရှစ်ပါး၊ သုံးဆယ့်ခြောက်ပါး၊ ဝေဒနာ တစ်ရာ့ရှစ်ပါးတို့ကိုလည်း အကြောင်းပရိယာယ် အားဖြင့် ငါ ဟောအပ်ကုန်၏"

"အာနန္ဒာ၊ ငါသည် တရားဓမ္မတို့ကို ဤသို့အကြောင်းပရိယာယ်အား ဖြင့် ဟောထားအပ်ပါလျက် အချင်းချင်း ကောင်းစွာဆိုအပ်၊ ပြောအပ်သည်ဟု မမှတ်ထင်။ ခွင့်လည်း မလွှတ်နိုင်။ ဝမ်းလည်း မမြောက်နိုင်ကြကုန် သူတို့အား ခိုက်ရန် ငြင်းခုံဖြစ်ကြကုန်လျက် ဝါဒကွဲခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်း နှုတ်လှံထိုး၍ နေကြကုန်လိမ့်မည်ဟူသော ဤအဖြစ်မျိုးကို ဇကန် ရလိမ့်မည်ဟု မျှော်လင့်အပ်၏"

"အာနန္ဒာ၊ ငါသည် တရား ဓမ္မကို ဤသို့ အကြောင်းပရိယာယ်အားဖြင့် ဟောအပ်၏။ ယင်းသို့ ဟောအပ်သော တရားဌ အချင်းချင်း ကောင်းစွာဆိုအပ်၊ ပြောအပ်သည်ဟု မှတ်ထင်လျက် ခွင့်လည်းခွင့်လွှတ်၊ ဝမ်းလည်းမြောက်ကြကုန် လျက် မငြင်းခုံဘဲ နို့နှင့်ရေအလား တသားတည်း ဖြစ်ကြပြီးလျှင် အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ရှုကြကုန်၍ နေကြလိမ့်မည်ဟူသော အဖြစ်ကို ဇကန် ရလိမ့်မည်ဟု မျှော်လင့်အပ်၏"

(ဝေဒနာသံယုတ်)

http://www.dhammadownload.com

ဝေဒနာဟူသမျှ ဒုက္ခ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူနေစဉ် ရဟန်းတစ်ပါးသည် ဘုရားရှင်ထံမှောက်သို့ လာရောက်ပြီးလျှင် ရှိခိုးလျှက် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။-

"သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ ဝေဒနာ ၃ မျိုးတို့ကို ဘုရားရှင်ဟောအပ်ပါကုန်၏။ ယင်းသို့ ဟောအပ်ပါလျှက် 'ဝေဒနာဟူသမျှသည် ဆင်းရဲဒုက္ခမည်၏' ဟူသော ဤစကားကိုလည်း ဘုရားရှင် ဟောတော်မူပြန်ပါ၏။ ယင်းစကားကို အဘယ်ကို ရည်ရွယ်၍ ဘုရားရှင် ဟောတော်မူပါသနည်း"

"ရဟန်း၊ ကောင်းပေစွ၊ ကောင်းပေစွ၊ ရဟန်း 'ဝေဒနာဟူသမျှသည် ဆင်းရဲဒုက္ခမည်၏' ဟူသော ထိုစကားကို ပြုပြင် ဖန်တီးအပ်သော သခါရတို့၏ အမြဲမရှိခြင်း၊ ကုန်ခြင်းသဘောရှိခြင်း၊ ပျက်ခြင်းသဘောရှိခြင်း၊ စွဲမက်မှုကင်းခြင်း သဘောရှိခြင်း၊ ချုပ်ခြင်း သဘောရှိခြင်း၊ ဖောက်ပြန် ပြောင်းလဲခြင်း သဘောရှိခြင်းကို ရည်ရွယ်၍ ငါဘုရား ဟော်တော်မူ၏" (ဝေဒနာသံယုတ်)

ဝေဒနာဖြစ်ကြောင်း **"ဖဿပစ္စယာ ဝေဒနာ"** ဟူ၍ လည်းကောင်း၊ **"ဖဿမူဒယာ ဝေဒနာသမူဒယော"** ဟူ၍ လည်းကောင်း၊ ဟော်တော်မူအပ်သည်နှင့်အညီ စက္ခု သမ္ဖဿ၊ သောတ သမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဟူသော ဖဿ ၆ ပါးသည် ဝေဒနာတို့၏ ဖြစ်ပေါ်ရန် အကြောင်းတရားတည်း။

ခြောက်ဒွါရ၌ ထိခိုက်လာသော အာရုံ ၆ ပါးကို သိကာမျှသော အမူအရာသည် စိတ်၊ ဝိညာဏ်တည်း။ ထိုသိမှုဟူသော စိတ်ဖြစ်သည်ရှိသော် အာရုံ၏အရသာကို ဖိနှိပ်၊ ကြိတ်ဝါး၊ ထိပါး၊ ထိခိုက်မှုဟူသော ဖဿဓာတ်သည် သိမှုနှင့် အတူတကွ ဖြစ်ပေါ်၏။ ယင်း ဖဿဓာတ်၏ အစွမ်းကြောင့် အာရုံ၏ ရသသည် ထင်ရှား ပေါ်လေ၏။ ထိုရသကို ခံစားသော ဝေဒနာလည်း ထိုသိမှု၊ ထိမှုတို့နှင့် အတူတကွ ဖြစ်ပေါ်ရလေ၏။ (အနတ္တဒီပနီ)

http://www.dhammadownload.com

ဖဿကြောင့် ဝေဒနာဖြစ် ရဟန်းတို့ ဥပမာသော်ကား ထင်းခြောင်းနှစ်ခုတို့၏ ထိခိုက်မှုကြောင့်၊ ပေါင်းဆုံမှုကြောင့်၊ အပူဥသွေဟူ၍ ဖြစ်ပေါ်လာ၏။ မီးတောက် တစေ့ဟူ၍ ဖြစ်ပေါ်လာ၏။ ထိုထင်းခြောင်း ၂ ခုတို့၏ ပင်လျှင် တစ်ခြားစီ ဖြစ်နေခြင်း၊ ခွဲထားခြင်းကြောင့် ထိုအားလျော်စွာ ဖြစ်သော အပူဥသွေသည် ချုပ်ငြိမ်း၏။

ရဟန်းတို့၊ ဤအတူပင် ဝေဒနာ ၃ မျိုးတို့သည် တွေ့ထိမှုဖဿကြောင့် ဖြစ်ကုန်၏။ တွေ့ထိမှု ဖဿလျှင် အရင်းမူလ ရှိကုန်၏။ တွေ့ထိမှုဖဿဟူသော အကြောင်း၊ အထောက်အပံ့ရှိကုန်၏။ ထိုအားလျော်သော တွေ့ထိမှုဖဿကို အစွဲပြု၍ ထိုအားလျော်သော ဝေဒနာသည်ဖြစ်၏။ ထိုအားလျော်သော တွေ့ထိမှု၏ ချုပ်ငြိမ်းခြင်းကြောင့် ထိုအားလျော်သော ဝေဒနာသည် ချုပ်ငြိမ်း၏။

(ဝေဒနာသံယုတ်)

ဝေဒနာ-ဝေဒနာဖြစ်ကြောင်း ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်း သုံးတော်မူစဉ် ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ဘုရားရှင်အား ရှိခိုးလျှောက်ထား၏။

၁။ မြတ်စွာဘုရား၊ ဝေဒနာတို့ကား အဘယ်နည်း၊

၂။ ဝေဒနာဖြစ်ကြောင်းကား အဘယ်နည်း၊

၃။ ဝေဒနာ၏ ချုပ်ငြိမ်းရာကား အဘယ်ပါနည်း၊

၄။ ဝေဒနာ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကား အဘယ်ပါနည်း၊

၅။ ဝေဒနာ၏ သာယာဖွယ်ကား အဘယ်ပါနည်း၊

၆။ ဝေဒနာ၏ အပြစ်ကား အဘယ်ပါနည်း၊

၇။ ဝေဒနာ၏ ထွက်မြောက်ရာကား အဘယ်ပါနည်း၊

အာနန္ဒာ၊ ဝေဒနာတို့ကား သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ ၃ မျိုးတို့တည်း၊ (၁)

အာနန္ဒာ၊ တွေ့ထိမှုဖဿဖြစ်ခြင်းကြောင့် ခံစားမှုဝေဒနာဖြစ်၏။ (၂)

http://www.dhammadownload.com

တွေ့ထိမှု ဖဿချုပ်ခြင်းကြောင့် ခံစားမှု ဝေဒနာ ချုပ်၏။ (၃)
အင်္ဂါရုစ်ပါးရှိသော အရိယမဂ်သည်ပင် ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်း၊ (၄)
ဝေဒနာကို အစွဲပြု၍ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ဖြစ်ခြင်းသည် ဝေဒနာ၏ သာယာဖွယ်တည်း၊ (၅)
မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောသည်ကား ဝေဒနာ၏ အဖြစ်တည်း၊ (၆)
ဝေဒနာ၏ လိုချင်မှု၊ စွဲမက်မှုကို ဖျောက်ခြင်း၊ ပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာတည်း၊ (၇) (ဝေဒနာသံယုတ်)

သိရမည့်အချက်များ အို စာရှုသူ၊ ဝေဒနာနုပဿနာကို ရှုပွားလိုသူသည် ဖော်ပြပါ အချက် (၇) ချက်ကို သေချာစွာသိရှိပါမှ ရှုပွားရာ၌ လမ်းမှန်နိုင်ပါမည်။ သို့မဟုတ်ပါက လမ်းမှန်ဖို့ရာ ခဲယဉ်းကြောင်းကို စာရှုသူကိုယ်တိုင် သိကောင်းသိပါလိမ့်မည်။ ယင်းတွင် (၁-၂-၃) အချက်တို့ကို ပြပြီးပါပြီ။ (၄) အချက်ကို သစ္စာခန်းတွင် ရှုပါ။ (၅-၆) ကို ယခုပြပါမည်။ (၇) အချက်မှာ ရှုပွားလျှင် ရရှိမည့် အကျိုးတရားသာတည်း။

သာယာ-မသာယာဖွယ် ဝေဒနာတို့၏ သာယာဖွယ် "အဿာဒ" ဆိုသည်မှာ နှစ်သက်မှုပိတိ၊ ဝမ်းမြောက်မှု သောမနဿ ပွားများမှုတည်း။ မသာယာဖွယ် "အာဒီနဝ" ဆိုသည်မှာ ကိုယ်ဆင်းရဲမှုဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ ပွားများမှုတည်း။

အလိုရှိအပ်သော ဝတ္ထုကို အလိုရှိတိုင်း ရခြင်း လောဘ၊ အခြံအရံ အကျော်အစော၊ ဂုဏ်သတင်းနှင့်ပြည့်စုံခြင်း ယသ၊ အချီးအမွမ်းခံရခြင်း ပသံသ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသုခ ဟူသော ဤကျွန်ုပ်လောကဓံ လေးပါးကား သာယာဖွယ် အဿာဒတည်း။

အလိုရှိအပ်သော ဝတ္ထုကို အလိုရှိတိုင်း မရခြင်း အလာဘ၊ အခြံအရံ အကျော်အစောနှင့် မပြည့်စုံခြင်း အယသ၊ ကဲ့ရဲ့ပြစ်တင်ပြောဆိုမှုကို ခံရခြင်း နိန္ဒာ၊ ကိုယ်စိတ် ဆင်းရဲခြင်း ဒုက္ခ ဟူသော ဤအနိဋ္ဌလောကဓံ လေးပါး၊

http://www.dhammadownload.com

မသာယာဖွယ် အာဒီနဝတည်း။ (အနတ္တဒီပနီ)

လောကဓမ္မတာ ကွင်းလဟာတွင် နေသူကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ လေအမျိုးမျိုးတိုက်သည်ကို ခံနေရသကဲ့သို့ ဘုံသုံးပါး၌ ဖြစ်နေကြရသော လောကသားသတ္တဝါတို့မှာ တထိုင်တည်းမှာပင် ထိုက္ကဋ္ဌလောကဓံ လေကောင်း၊ အနိဋ္ဌလောကဓံ လေဆိုး တို့သည် အမျိုးမျိုး တိုက်ခိုက်ခံကြရမြဲ ဖြစ်ကုန်၏။

က္ကဋ္ဌလောကဓံ လေကောင်းနှင့် တွေ့ကြုံခိုက်မှာ သုခ ဝေဒနာ၊ သောမနဿဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။ ယင်း ဝေဒနာတို့ ဖြစ်ပေါ်ဆဲ အခါတို့၌ သာယာဖွယ် အဿာဒဖြစ်ရ၏။ ပီတိသောမနဿ ဖြစ်ရ၏။ သုခ သောမနဿ တို့ ချုပ်ကွယ် ပျက်ဆုံးသော အခါတို့၌ မသာယာဖွယ် အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်ရ၏။

အနိဋ္ဌလောကဓံ လေဆိုးနှင့် တွေ့ကြုံခိုက်မှာ ဒုက္ခဝေဒနာ၊ ဒေါမနဿ ဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။ ယင်းဝေဒနာတို့ ဖြစ်ပေါ်ဆဲ အခါတို့၌ မသာယာဖွယ် အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ စသည်တို့ ဖြစ်ရ၏။ ဒုက္ခ၊ ဒေါမနဿတို့ ချုပ်ကွယ်၊ ပျောက်ငြိမ်းသောအခါတို့၌ သာယာဖွယ် အဿာဒ ဖြစ်ရ၏။ ပီတိသောမနဿ ဖြစ်ရ၏။

ချုပ်မှု ၂-မျိုး လူ၊ နတ်၊ ဗြဟ္မာ ပြည်တို့၌ ရှိကြသော လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာ ဟူသမျှတို့သည် တည်ရှိနေဆဲအခါ ရှေးအဖို့တို့၌ အဿာဒဖြစ်ရ၏။ အဆုံး၌ကား အာဒီနဝ ချုပ်၏။ ပျက်စီးရဦးမည် ဧကန္တတည်း။ အပါယ်ဘုံသားတို့မှာ ရှေးအဖို့၌ သောက၊ ပရိဒေဝ စသော အာဒီနဝ ရှိ၏။ အဆုံး၌ကား အပါယ်ဘုံမှ ကျွတ်လွတ်မှုဟူသော အဿာဒတွင် ချုပ်၏။

ရှေ့-နောက် ညှပ်လျက် နှိပ်စက်ချက် လူ့ဘဝ၌ ပစ္စည်းဥစ္စာကို ရလို၍ ကုန်သွယ်၊ လယ်လုပ်မှု စသည်ကို လုပ်ဆောင်ကြရသော ဒုက္ခသည် ပစ္စည်းဥစ္စာ ရှာမှီးသူ၏ ရှေးအဖို့၌ သွပ်သော အာဒီနဝ ဒုက္ခတည်း၊ ထိုဒုက္ခကို ခံနိုင်၍ ရရှိလာသော ပစ္စည်းဥစ္စာ

http://www.dhammadownload.com

ချမ်းသာသုခသည် အနိစ္စဓမ္မမျိုး ဖြစ်ခဲ့၍ ကုန်ဆုံးမှု ဒုက္ခသည် နောက်အဖို့၌ ညှပ်သော အာဒီနဝ ဒုက္ခတည်း။

ထမင်းစားမှုသည် အဿာဒသုခတည်း။ ထမင်းချက်မှု ဒုက္ခသည် ရှေးအဖို့၌ ညှပ်သော အာဒီနဝ ဒုက္ခတည်း။ ထမင်းကို ခံတွင်း၌သွင်း၍ ဝါးလေရာ ခွေးအနှံဖတ်ကဲ့သို့ စက်ဆုပ်ဖွယ် ဖြစ်သည်မှစ၍ ကျင်ကြီး၊ ကျင်ငယ် ကိစ္စ နှပ်၊ တံတွေး၊ မျက်ချေး၊ နားချေးညှော် ကိစ္စ၊ ထိုထမင်းဘောဇဉ်ကြောင့် ဖြစ်ပွားသော ညောင်းညာမှု၊ ရောဂါရမှု ကိစ္စစုသည် နောက်အဖို့၌ ညှပ်သော အာဒီနဝ ဒုက္ခစုတည်း။

သားမယားနှင့် စံစား၊ ခံစားမှုသည် သားမယား၏ အဿာဒသုခတည်း။ သားမယားကို မွေးမြူရန် ပစ္စည်းဥစ္စာ ရှာဖွေအားထုတ်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု ဒုက္ခ၊ သား၊ မယား၊ အိမ်ရာရှိနေသည့်အတွက် မင်းမှု၊ စိုးမှု၊ ရပ်မှု၊ ရွာမှုတို့နှင့် တွေ့ကြုံရ၊ ကြောင့်ကြစိုက်ရသော ဒုက္ခ၊ သားမယားကြောင့် နှလုံးမချမ်းမသာ၊ စိုးရိမ်ကြောင့်ကြရသော ဒုက္ခ၊ မိမိစကားကို နားမထောင်၊ မိမိအလိုကို မသိတတ်သော သားမယားဖြစ်၍ နှလုံးဆင်းရဲသော ဒုက္ခ၊ သားမယား မကျန်းမမာရှိ၍ သေဆုံးမှုတွေ့ကြုံရသော ဒုက္ခ၊ သားမယား ရှိနေသည့်အတွက် ကိလေသာပွားမှု၊ ဒုစရိုက်ပွားမှု၊ အပါယ်ဝင်ရဲသို့ ကျမှု ဒုက္ခစုသည်ကား သားမယား၏ အာဒီနဝ ဒုက္ခစုချည်းတည်း။

အင်းကြီးသုံးအင်း တဏှာနှင့်တကွသော အဿာဒသည် အလွန် မြမြထက်သော ငါးမျှားချိတ်နှင့် တကွသော သားတစ်ခဲတွေနှင့် တူ၏။ (၁)

အာဒီနဝသည် သားတစ်ကို မျိုး၍ အသည်းနှလုံးမှာ ငါးမျှားချိတ်စူးငြိ၍ အသီးသီး ကြိုးကြီးတန်းလန်းနှင့် ငါးမျှားတိုင် အနီးတွင် တလောက်လက်လက် နေကြသော ငါးတွေကို ကြိုးမှကိုင်ဆွဲ ဖမ်းယူပြီးလျှင် အတွင်သတ်သော တံငါသူကြီးနှင့် တူ၏။ (၂)

ဘုံသုံးပါးသည် ငါးတွေ ပြည့်နေသော အင်းကြီး ၃ အင်းနှင့် တူ၏။ (၃)

ဘုံဗိမာန် သားမယား စည်းစိမ် ချမ်းသာစုသည် အင်းကြီး ၃ အင်းမှာ အပြည့်စိုက်ထားသော ငါးမျှားဟိုင်ကြီးတွေနှင့် တူ၏။ (၄)

http://www.dhammadownload.com

လူနတ်ဗြဟ္မာ သတ္တဝါတို့သည် သားတစ်ကိုမျိုကြ၍ အသည်းနှလုံးမှာ ငါးမျှားချိတ်စူးမြုပ်လျှက် ကြိုးကြီးတန်းလန်းနှင့် တိုင်နားမှာ တဝဲလည်လည် နေကြသော ငါးတွေနှင့် တူကုန်၏။ (၅)

အပါယ်လေးဘုံသည် ထိုငါးတို့ကို သတ်ဖြတ်ရာ တံငါကြီး၏ ဝင်းခြံနှင့် တူ၏။ (၆)

ဝဋ္ဋနာရောဂါ တစ်ကိုယ်လုံးမှာ အလွန်ယားယံသော၊ အလွန်ဆန်းကြယ်စွာသော ဝဋ္ဋနာရောဂါ စွဲကပ်နေသူ တစ်ယောက်သည် ရှိသတတ်။ သူသည် မိမိလက်နှင့် အယားဖျောက်သော်လည်း မငြိမ်းနိုင်ရှာ။ သူတစ်ပါးတို့ဝိုင်း၍ အယားဖျောက်မှ နေနိုင်ရှာ၏။ အယားပျောက်ငြိမ်းအောင် ပွတ်သတ်၍နေလျှင် အလွန်ကောင်းသော အရသာကြီးဖြစ်ပွား၍နေ၏။ ပွတ်သပ်မည့်သူ မရှိလျှင် အလွန်ယားယံမြဲ ယားယံပြန်၏။ ပွတ်သပ်မည့် လူသူမရှိလျှင် မနေနိုင်၍ ပွတ်သပ်ရန်၊ တုံး၊ တိုင်၊ နံရံရှိရာသို့ ပြေးရ၏။ ပွတ်သပ်ပြန်လျှင် ပွတ်သပ်ရာဌာနမှာ သွေးပြည်ပုပ် ပွားစီးပြန်၍ ငန်းမန်း ပွားစီးပြန်၏။

စပ်ဟပ်ချက် ၁။ လူ-နတ်တို့၏ စိတ်သန္တာန်မှာ ရှိနေကြသော တဏှာရာဂသည် ထိုဝဋ္ဋနာကြီးနှင့် တူ၏။

၂။ အနာငန်းထ၍ ယားတိုင်း ပွတ်သပ်မည့်သူထံသို့ ချဉ်းကပ်ရသကဲ့သို့၊ တုံး၊ တိုင်၊ နံရံနားသို့ ချဉ်းကပ်ရသကဲ့သို့၊ အဆင်းသဏ္ဌာန်ကို သာယာသော ရူပတဏှာသည် သတ္တဝါတို့၏စိတ်ကို အယားတိုက်၏။ စိတ်သည် မနေနိုင် မထိုင်နိုင် တရွရွ ယားယံ၏။ အဆင်းသဏ္ဌာန်ရှိရာသို့ ကပ်ရ၏။ မျက်စိ၌ အဆင်းသဏ္ဌာန်ရှိသော ဝတ္ထုဖြင့်ပွတ်သပ်၍ ပေးသောအခါ ချမ်းသာသော အရသာ၊ ကောင်းသောသုခ၊ သောမနဿဝေဒနာ ဖြစ်ပေါ်ရ၏။ ထိုဝေဒနာကို သာယာခံစားသော ရူပတဏှာ သာ၍ ငန်းမန်းထပြန်၏။

(အသံကို သာယာသော သဒ္ဒတဏှာ၊ အနံ့ကို သာယာသော ဂန္ဓတဏှာ၊ အရသာကို သာယာသော ရသတဏှာ၊ အတွေ့အထိကို သာယာသော ဖောဋ္ဌဗ္ဗတဏှာ၊ သဘောတရားကို သာယာသော ဓမ္မတဏှာနည်းတူသိ)

http://www.dhammadownload.com

ဓမ္မတဏှာ ဓမ္မတဏှာဆိုသည်မှာ ထိုတဏှာနှင့်ခံစားပြီးနောက် ထိုတဏှာထိုဝေဒနာတို့ကို အမှတ်ရ၍ သာယာပြန်သော တဏှာသည်လည်းကောင်း၊ ထိုမှတပါး လောကဂုဏ်ကျက်သရေကို သာယာသောတဏှာ၊ မိမိ၏ ဒါနဂုဏ်၊ သီလဂုဏ်၊ ဘာဝနာဂုဏ်၊ ပရိယတ်ဂုဏ်၊ သဒ္ဒါ-ပညာ၊ မိမိပြုသော ဒုစရိုက်မှု၊ သုစရိုက်မှုကို သာယာသောတဏှာ စသည်သည် ဓမ္မတဏှာ မည်၏။

အဿာဒ အာဒီနဝ လူ၊ နတ်ပြည်တို့သည် ကာမဘုံဖြစ်၍ ကာမတဏှာငန်းမန်းထက္ကြသဖြင့် စိတ်ယားယံတိုင်း ကာမဝတ္ထုသို့ ချဉ်းကပ်ကြရကုန်၏။ ကာမဝတ္ထုအမျိုးမျိုးတို့ကို လက်ရှိမကွာ သိမ်းပိုက်၍ထားကြရကုန်၏။ လက်မလွတ်နိုင်ကြကုန်။ လက်မလွတ်နိုင်ကြသည့်အတွက် ဒုက္ခအမျိုးမျိုး၊ ကိလေသာအမျိုးမျိုး၊ ဒုစရိုက်အမျိုးမျိုး၊ အပါယ်ဒုက္ခအမျိုးမျိုးပွား၍ နေကြကုန်၏။ တဏှာ၊ ဝေဒနာ၊ ကာမဝတ္ထုစုသည် အဿာဒတည်း။ ဒုက္ခအမျိုးမျိုးသည် အာဒီနဝတည်း။ (အနတ္တဒီပနီ)

ဝေဒနာ ပြဿနာများ အို စာရှုသူ ယခုဆိုလျှင် ဝေဒနာနုပဿနာ ရှုပွားရေးအတွက် သိသင့်သိထိုက်သော အခြေခံအချက်အလက်များကို ပြခဲ့ပြီးပါပြီ။ သဘော မပေါက်သေးသော် ရှေ့ဆက်၍ မဖတ်သေးဘဲ ပြန်ဖတ်ပါဦး။ သဘောပေါက်မှ ရှေ့ဆက်ဖတ်ပါ။ ယခုဆက်လက်၍ ဝေဒနာနှင့်ပတ်သက်သော ပြဿနာများကို ပြပါဦးမည်။ အခါတစ်ပါး မိလိန္ဒမင်းကြီးက ရှင်နာဂသေနအား လျှောက်၏-

ရဟန္တာသည် ဝေဒနာ ခံစားပါသလော "အရှင်ဘုရား၊ ရဟန္တာသည် ပဋိသန္ဓေ မနေလျှင် ရဟန္တာသည် တစ်စုံတစ်ခုသော ဝေဒနာကို ခံစားဦးမည်လော"

"မင်းကြီး အချို့သော ဝေဒနာကို ခံစား၏။ အချို့သော ဝေဒနာကို မခံစား"

"အရှင်ဘုရား၊ အဘယ်ဝေဒနာကို ခံစားသနည်း၊ အဘယ်ဝေဒနာကို

http://www.dhammadownload.com

မခံစားသနည်း"

"မင်းကြီး ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကို ခံစား၏။ စိတ်၌ဖြစ်သော စေတသိကဝေဒနာကို မခံစား"

"အရှင်ဘုရား၊ ပဋိသန္ဓေ မနေလတ္တံ့သော ရဟန္တာသည် အဘယ်ကြောင့် ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကို ခံစားသနည်း။ အဘယ်ကြောင့် စိတ်၌ဖြစ်သော စေတသိကဝေဒနာကို မခံစားသနည်း"

"မင်းကြီး၊ ပဋိသန္ဓေကင်းလေပြီးသော ရဟန္တာသည် ကာယိကဝေဒနာ၏ ဖြစ်ခြင်း အကြောင်းတရားကို မပယ်သောကြောင့် ခံစား၏။ စေတသိကဝေဒနာ ဖြစ်ခြင်းအကြောင်းတရားကို ပယ်လေပြီးဖြစ်သောကြောင့် စေတသိကဝေဒနာကို မခံစား" (မိလိန္ဒပဉှာ)

မှတ်ချက် "ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် အနိဋ္ဌာရုံ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိက ဒုက္ခဝေဒနာဖြင့် ခံစား၏။ သုခသဟဂုတ် ကာယဝိညာဏ်သည် ဣဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိက သုခဝေဒနာဖြင့် ခံစား၏။ ထိုတရားတို့ကို သောတာပတ္တိမဂ် အစရှိသော လောကုတ္တရာ ကုသိုလ်စိတ်တို့ဖြင့် မပယ်။ ထိုသို့ အကြောင်းတရားကို မပယ်သောကြောင့် ရဟန္တာသည် ကာယိကဝေဒနာကို ခံစားသည်။

စေတသိက ဒုက္ခဟုဆိုရာ၌ စေတသိက ဒုက္ခသည် ဒေါသမူဒွေး ဖြစ်သည်။ ထိုဒေါသမူဒွေကိုမူကား သကဒါဂါမိမဂ်ကပင် ခေါင်းပါးစေ၍ အနာဂါမိမဂ်သည် အလျှင်းပယ်အပ်သောကြောင့် တဖန် ပဋိသန္ဓေမနေသော ရဟန္တာသည် အကြောင်းတရားကို ပယ်အပ် လေပြီးသောကြောင့် စေတသိကဝေဒနာကို မခံစား။

ကိုယ်၌အစိုးမရ "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ရဟန္တာသည် တစ်ခုသော ကာယိကဝေဒနာကို ခံစား၏။ စေတသိကဝေဒနာကို မခံစားဟု ဆိုကြကုန်၏။ အရှင်ဘုရား၊ ရဟန္တာတို့၏ စိတ်သည်

http://www.dhammadownload.com

ကိုယ်ကိုမှီ၍ ဖြစ်ပါလျှက် ရဟန္တာသည် ကိုယ်၌ အစိုးမရ လေသလော၊ အရှင် မဟုတ်လေသလော၊ အလိုသို့ မလိုက်လေသလော။

"မင်းကြီး ကိုယ်၌ အစိုးမရ၊ အရှင်မဟုတ်၊ အလိုသို့ မလိုက်ချေ"

"အရှင်ဘုရား၊ ထိုရဟန္တာသည် မိမိစိတ်ဖြစ်လတ်သော် ကိုယ်၌ အစိုးမရဟူသော စကားသည် ယုတ္တိ မရှိပါ"

"အရှင်ဘုရား၊ ဥပမာသော်ကား အယုတ်သဖြင့် ကောင်းကင်ပျံတတ် သော ငှက်သော်မှ မိမိအသိုက်တွင်း၌ နေ၏။ ထိုအသိုက်၌ အစိုးရပါ၏။ အလိုသို့ လိုက်ပါ၏"

"မင်းကြီး၊ အချမ်း၊ အပူ၊ အစာ ငတ်မွတ်ခြင်း၊ ရေသောက်ချင်ခြင်း၊ ကျင်ကြီး၊ ကျင်ငယ်။ ငိုက်မြည်းခြင်း၊ အိုခြင်း၊ ဖျားနာခြင်း၊ သေခြင်း" ဟူသော ဆယ်ပါးသောတရားတို့သည် ကိုယ်၌ အစဉ်အတိုင်းတည်၍ ဖြစ်တိုင်း ဖြစ်တိုင်း သော ဘဝတို့၌ ကိုယ်သို့အစဉ်လိုက်၍ ကျင်လည်ရကုန်၏။ "မင်းကြီး ထိုဆယ်ပါးသော တရားတို့၌ ရဟန္တာသည် အစိုးမရ၊ အရှင်မဟုတ်၊ အလိုသို့ မလိုက်"

"အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ရဟန္တာအား ကိုယ်၌ အာဏာ မဖြစ်ပါသနည်း၊ အစိုးမရပါသနည်း၊ ထိုစကား၌ ဒကာတော်အား အကြောင်းယုတ္တိကို ပြပါလော့"

"မင်းကြီး၊ ဥပမာသော်ကား မြေကြီးကိုမှီ၍ ဖြစ်ကုန်သောသတ္တဝါတို့ သည် မြေကြီးကိုမှီ၍ သွားကုန်၊ အသက်မွေးကုန်၏။ မင်းကြီး ထိုသတ္တဝါတို့၏ အာဏာသည် မြေကြီး၌ ရှိပါသလော၊ အစိုးတရ စိတ်ရှိတိုင်း ဖြစ်ပါသလော"

"အရှင်ဘုရား၊ စိတ်ရှိတိုင်း အစိုးတရ အာဏာ မဖြစ်ပါ"

(မိလိန္ဒပဉှာ)

ပုထုဇဉ်နှင့် ရဟန္တာ

"အရှင်ဘုရား၊ အဘယ် အကြောင်း ကြောင့် ပုထုဇဉ်သည် ကာယိက ဝေဒနာ၊ စေတသိက ဝေဒနာကို ခံစားပါသနည်း"

"မင်းကြီး၊ ပုထုဇဉ်သည် စိတ်ကို မပွားများ မထုံအပ်သော ဘာဝနာ ရှိသည် အဖြစ်ကြောင့် ယင်းဝေဒနာ ၂ ပါးကို ခံစား၏"

http://www.dhammadownload.com

"မင်းကြီး၊ ဥပမာသော်ကား၊ ငတ်မွတ်ဆာလောင်သော နွားကို အနည်းငယ်သော မြက်ပင် နွယ်ပင်တို့၌ ချည်ထားခဲ့၊ ထိုနွား အမျက်ထွက်သောအခါ ထိုချည်ထားသော မြက်ပင်၊ နွယ်ပင်နှင့်တကွ ဖယ်ထွက်သွားလေ၏။ မင်းကြီး ထိုနွားကဲ့သို့ **ဘာဝနာပွားမထားသော** ပုထုဇဉ်အား ဝေဒနာရှိသည်ဖြစ်၍ စိတ်ကို အမျက်ထွက်စေ၏။ အမျက်ထွက်သော စိတ်သည် ကိုယ်၌ယှဉ်၍ တွန့်သော သဘောရှိ၏။ ပျက်စီး၏။ တပြောင်းပြန်ပြန် ပြု၏။ ထိုအခါ ပုထုဇဉ်သည် **ဘာဝနာပွားမထားသည်** ဖြစ်၍ မြည်တွန်၏။ ကြောက်ဖွယ်သောအသံဖြင့် မြည်တမ်း ယောင်ယမ်းအော်ဟစ်၏။ မင်းကြီး ပုထုဇဉ်ပုဂ္ဂိုလ် ဝေဒနာ ၂ ပါး ခံစားခြင်း အကြောင်းကား ဤသည်ပင်တည်း"

"အရှင်ဘုရား၊ ရဟန္တာသည် တစ်ခုသော ကာယိကဝေဒနာကိုသာ ခံစား၍ စေတသိကဝေဒနာကို မခံစားခြင်း အကြောင်းကား အဘယ်ပါနည်း"

"မင်းကြီး၊ ရဟန္တာအား ကောင်းစွာ ပွားစေအပ်၊ ဆုံးမအပ်သော စကားတို့ကို လိုက်နာလွယ်သော စိတ်သည် ထင်ရှားဖြစ်၏။ ထိုရဟန္တာသည် ဒုက္ခဝေဒနာဖြင့် တွေ့သည်ရှိသော် "အနိစ္စ" ဟု အမြဲယူ၍ သမာဓိတည်းဟူသော တိုင်၌ စိတ်ကို မြဲစွာချည်၏။ သမာဓိတိုင်၌ မြဲမြံစွာ ချည်ထားအပ်ပြီးသော ရဟန္တာ၏စိတ်သည် မတုန်မလှုပ် တည်နေ၏။ မပျံ့လွင့်သော ထိုရဟန္တာ၏ စိတ်သည် ဝေဒနာပျောက်သဖြင့် မဟွန့်သော သဘောရှိ၏။ မင်းကြီး၊ ဤသည်လျှင် ရဟန္တာသည် တစ်ခုသော ကာယိကဝေဒနာကိုသာ ခံစား၍ စေတသိကဝေဒနာကို မခံစားခြင်း အကြောင်းတည်း။ (မိလိန္ဒပဉှာ)

ကိုယ်တုန်လှုပ်လျှက် စိတ်မတုန်လှုပ်

"အရှင်ဘုရား၊ လောကဌ် ကိုယ်တုန်လှုပ်ပါလျက် စိတ်မတုန်လှုပ်ဆိုသော စကားသည် အဲ့ဖွယ်ဖြစ်နေပါ၏။ ယင်းစကား၌ အကြောင်းယုတ္တိ ခိုင်လုံစွာ ပြပါလော့"

"မင်းကြီး၊ ဥပမာသော်ကား အကိုင်း၊ အခက်၊ အရွက်နှင့် ပြည့်စုံသော သစ်ပင်ကြီးကို လေမုန်တိုင်းတိုက်ခတ်သော် တုန်လှုပ်၏။ သို့သော် ပင်စည်သည် တုန်လှုပ်သလော"

"အရှင်ဘုရား၊ ပင်စည် မတုန်လှုပ်ပါ"

"မင်းကြီး၊ ထို့အတူ ရဟန္တာတို့သည် ဒုက္ခဝေဒနာနှင့် တွေ့ကြား

http://www.dhammadownload.com

သော်လည်း 'အနိစ္စ' ကို မြဲစွာယူ၏။ သမာဓိတည်းဟူသော တိုင်၌ မြဲမြံစွာ ချည်ထားသော ရဟန္တာ၏ စိတ်သည် မတုန်မလှုပ်တည်၏။ ပျံ့လွင့်သော ရဟန္တာ၏စိတ်သည် ဝေဒနာ၏ပျံ့လွင့်သော သဘောဖြင့် မတွန့်တို့၊ ရဟန္တာ၏ စိတ်သည် သစ်ပင်၏ပင်စည်ကဲ့သို့ ဝေဒနာကို မခံစား၊ မတုန်လှုပ်"

"အရှင်ဘုရား၊ ခဲ့ဖွယ်ရှိပေစွ။ ရွေးကာလ၌ မဖြစ်သောသဘောသည် ဖြစ်စွတကား။ ဒကာတော်သည် ဤသို့သဘောရှိသော အခါခပ်သိမ်း ထွန်းပခြင်း နှင့်ယှဉ်သော တရားတည်းဟူသော ဆီမီးကို မမြင်စဖူးပါဘုရား" (မိလိန္ဒပဉှာ)

ဝေဒနာခံစားခြင်း ထူးပုံ

ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည်လည်း သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာကို ခံစား၏။ အကြားအမြင်ရှိသော အရိယာတပည့်သည်လည်း သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာကို ခံစား၏။ ထိုသူနှစ်ဦးတို့၏ ထူးခြားမှု၊ လွန်ကဲမှု၊ ကွဲပြားမှုကား အဘယ်နည်း။

"ရဟန်းတို့၊ ဥပမာသော်ကား၊ ယောကျ်ားကို ငြောင့်စူးမိရာ၏။ ထိုသူကို တဖန် ဒုတိယငြောင့်သည် ပထမငြောင့် စူးရာအနီး၌ စူးပြန်သဖြင့် ငြောင့်နှစ်ချောင်းဖြင့် ဝေဒနာခံစားနေရသကဲ့သို့ ဤအတူပင် အကြားအမြင် မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ရ၏။ ပင်ပန်းရ၏။ ငိုကြွေးရ၏။ ရင်ထုလျှက် မြည်တမ်းရ၏။ မိန်းမောခြင်းသို့ ရောက်ရ၏"

"ထိုသူသည် ကိုယ်စိတ် ၂ မျိုး၌ဖြစ်သော ဝေဒနာတို့ကို ခံစားရ၏။ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်ထွက်၏။ အမျက်ထွက်သူအား ဒုက္ခဝေဒနာကြောင့်ဖြစ်သော **ပဋိဃာနုသယသည် ကိန်း၏**"

"ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိရသော် ကာမချမ်းသာကို နှစ်သက်၏။ ထိုသို့ နှစ်သက်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် ကာမချမ်းသာမှတစ်ပါး ဒုက္ခဝေဒနာမှ လွတ်မြောက်ရာကို မသိသောကြောင့်တည်း"

"ကာမချမ်းသာကို နှစ်သက်သောထိုသူအား **သုခဝေဒနာကြောင့် ဖြစ်သော ရာဂါနုသယသည် ကိန်း၏**။ ထိုသူသည် ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကို လည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ သာယာဖွယ်ကိုလည်း

http://www.dhammadownload.com

ကောင်း၊ အပြစ်ကို လည်းကောင်း၊ ထွက်မြောက်ရာကို လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ မသိ။ ယင်သို့ မသိသော ထိုသူအား **ဥပေက္ခာဝေဒနာကြောင့် ဖြစ်သော အဝိဇ္ဇာနုသယသည် ကိန်း၏**"

"ထိုသူသည် သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာတို့ကို ခံစားအံ့။ ကိလေသာနှင့် ယှဉ်သည်ဖြစ်၍ ခံစား၏"

"ရဟန်းတို့၊ အကြားအမြင်မရှိသော ဤပုထုဇဉ်ကို ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့နှင့် ယှဉ်စပ်နေသည်။ ဆင်းရဲဒုက္ခနှင့် ယှဉ်စပ်နေသူဟု ငါဆို၏။"

"ရဟန်းတို့၊ ဥပမာသော်ကား ယောကျ်ားကို ငြောင့်စူးမိရာ၏။ ထိုသူကို တဖန် ဒုတိယငြောင့်သည် နောက်ထပ်မစူးသဖြင့် ငြောင့်တစ်ချောင်းဖြင့် ဝေဒနာခံစားရသကဲ့သို့ ဤအတူပင် အကြားအမြင်ရှိသော အရိယာတပည့်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ်ရ။ မပင်ပန်းရ။ မငိုကြွေးရ။ ရင်ထုလျှက် မမြည်တမ်းရ။ မိန်းမောခြင်းသို့ မရောက်ရ။"

"ထိုသူသည် ကိုယ်၌ဖြစ်သောဝေဒနာ တစ်မျိုးကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် **အမျက်မထွက်သူအား ဒုက္ခဝေဒနာကြောင့်ဖြစ်သော ပဋိဃာနုသယသည် မကိန်း။**"

"ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိရသော် ကာမချမ်းသာကို မနှစ်သက်။ ထိုသို့ မနှစ်သက်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ အကြားအမြင်ရှိသော အရိယာတပည့်သည် ကာမချမ်းသာမှတစ်ပါး ဥပေက္ခာဝေဒနာမှ ထွက်မြောက်ရာကို သိသောကြောင့်တည်း။"

"ကာမချမ်းသာကို မနှစ်သက်သော ထိုသူအား **သုခဝေဒနာကြောင့် ဖြစ်သော ရာဂါနုသယသည် မကိန်း။** ထိုသူသည် ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကို လည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ အပြစ်ကို လည်းကောင်း၊ ထွက်မြောက်ရာကို လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ သိ၏။ ယင်းသို့သိသော ထိုသူအား **ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် မကိန်း။**"

"ထိုသူသည် သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာတို့ကို ခံစားအံ့၊ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ထိုဝေဒနာတို့ကို ခံစား၏။"

http://www.dhammadownload.com

"ရဟန်းတို့၊ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို ပဋိသန္ဓေ နေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမှုတို့နှင့် မယှဉ်စပ်သူ၊ ဆင်းရဲဒုက္ခနှင့် မယှဉ်စပ်သူဟု ငါဆို၏။"

"ရဟန်းတို့၊ ဤကား အကြားအမြင်မရှိသော ပုထုဇဉ်၏ အကြားအမြင် ရှိသော အရိယာတပည့်နှင့် ထူးခြားမှု၊ လွန်ကဲမှု၊ ကွဲပြားမှုတည်း"

(ဝေဒနာသံယုတ်)

ရှုပွားခိုက်အခြေအနေ အို စာရှုသူ၊ ယခုဆိုလျှင် ဝေဒနာနှင့်ပတ်သက်သော ပြဿနာများ အတော်အတန် ပြခဲ့ပြီးပါပြီ။ ယင်း ပြဿနာကို မရှင်းလင်းက ပြန်ဖတ်ပါဦး။ ယင်းပြဿနာများအရ ရှုပွားသူသည် ရှုပွားခိုက်မှာ ဖြစ်ရှိရမည့်အခြေအနေတို့ကို အကွင်းလိုက် အကွက်လိုက်ပေါ်လွင် စေပါ၏။ သို့ဖြစ်၍ ယခုရှုပွားနည်းများကို ပြပါတော့မည်-

ရှုနည်းပြ-၁ ၁။ သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာ မိတိ ပဇာနာတိ။

၂။ သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ။

၃။ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ။

၁။ "ချမ်းသာသော ခံစားခြင်း" သုခဝေဒနာကို ခံစားလျှင်လည်း "ချမ်းသာသောခံစားခြင်း" သုခဝေဒနာကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၂။ "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ခံစားခြင်း" သုခဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာသောခံစားခြင်း" သုခဝေဒနာ ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၃။ "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသော ခံစားခြင်း" သုခဝေဒနာ ကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ခံစားခြင်း" သုခဝေဒနာကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

(သုတ်မဟာဝါပါဠိ)

http://www.dhammadownload.com

အပြားအားဖြင့်သိပုံ အဘယ်သူသည် ခံစားသနည်း။ တစ်စုံတစ်ယောက် သောပုဂ္ဂိုလ်၊ သတ္တဝါသည် မခံစားနိုင်။ (၁)

အဘယ်သူ၏ ခံစားခြင်း ဖြစ်သနည်း။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါ၏ ခံစားခြင်း မဖြစ်နိုင်။ (၂)

အဘယ်ကြောင့် ခံစားခြင်း ဖြစ်သနည်း။ ဝေဒနာ၏ တည်ရာဖြစ်၍ ဖြစ်သောရူပါရုံ အစရှိသော အာရုံကြောင့်သာလျှင် ခံစားခြင်းဖြစ်ရာ၏။ (၃)

ထို့ကြောင့် ဤယောဂီရဟန်းသည် ဤသို့ အပြားအားဖြင့် သိ၏။ အဘယ်သို့ အပြားအားဖြင့် သိသနည်း။ သုခအစရှိသည်တို့၏ ထိုထို တည် ရာဖြစ်သော ရူပ၊ သဒ္ဒ အစရှိသည်ကို အာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစား၏။ ထိုသို့ပင် ဝေဒနာသာ ခံစားပါသော်လည်း ဝေဒနာ၏ ထိုဖြစ်ခြင်းကို စွဲ၍ 'ငါသည် ဝေဒနာကို ခံစား၏' ဟု ခေါ်ဝေါ်ပညတ်၊ သမုတ်အပ်သော ပညတ်မျှ ဖြစ်၏ဟု အပြားအားဖြင့် သိ၏။ (သုတ်မဟာဝါအဋ္ဌကထာ)

သိပုံတစ်နည်း သုခဝေဒနာ ခဏ၌ ဒုက္ခဝေဒနာ၏ မရှိခြင်းကြောင့် ချမ်းသာ သော သုခဝေဒနာကို ခံစားသည်ရှိသော် "ငါသည် ချမ်းသာသော သုခဝေဒနာကိုသာလျှင် ခံစား၏" ဟု သိ၏။

ထိုသုခဝေဒနာခဏ၌ ရှေးဖြစ်၍ ဖြစ်ကုန်သော တစ်ပါးကုန်သော ဝေဒနာတို့၏ ဖြစ်ပြီး၍ မရှိခြင်းကို အပြားအားဖြင့် သိခြင်းဖြင့် ရှေး၌ဖြစ်ဖူးသော ဒုက္ခဝေဒနာ၏ ယခုအခါ၌ မရှိခြင်းကြောင့်လည်းကောင်း၊ ချမ်းသာသော ထိုဝေဒနာ၏ ဤသုခဝေဒနာ ဖြစ်ရာအခါမှ ရှေးဦးစွာ မဖြစ်ခြင်းကြောင့်လည်း ကောင်း၊ "ဝေဒနာသည် မမြဲ၊ မြဲသောအနှစ်မရှိ၊ မမြဲမြဲ မတည်တံ့ အရှည်မခံခဲ့၊ မြဲမြဲတည်တံ့ အရှည်ခံသော သဘောမရှိ။ နှစ်ပါးသော ဇရာမရဏာတို့သည် ဖောက်ပြန်စေအပ်သည်၏ အဖြစ်ဟူသော သဘောရှိ၏" ဟု သိခြင်းကို "သုခဝေဒနာ၌ ကောင်းစွာ အပြားအားဖြင့်သိခြင်း" ဟူ၍ ခေါ်၏။ ဒုက္ခဝေဒနာ စသည် နည်းတူ သိပါ။ (မဟာသတိပဋ္ဌာန်သုတ်အဋ္ဌကထာ)

ရှင်းရှင်းဆိုသော် ချမ်းသာမှုခေါ် သာယာဖွယ် တစ်ခုခုကို ခံစားခိုက်၊ ခံစားဆဲ၊

http://www.dhammadownload.com

ခံစားစဉ်မှာ "သာယာမှုကို ခံစားနေသည်၊ သာယာနေသည်" ဟု "သာယာမှုဆိုတာ ဘာလဲ ဘယ်လိုပဲ" ဟု ဥပမာ စာတစ်လုံးချင်းကို ခဲတံနှင့် ထောက်ကာ ထောက်ကာ၊ ရေးကာ ရေးကာ ကြည့်နေသလို သဲသဲကွဲကွဲ စိတ်သိမျှမက ပညာသိဖြင့် အမှန်အတိုင်း ထင်းထင်းကြီး သာယာမှုဖြစ်စ၊ ဖြစ်လယ်၊ ဖြစ်ဆုံးအထိ အလစ်မရှိဘဲ တရစပ်လိုက်ပါ သိနေခြင်းမျိုးကိုဆို၏။

သာမိသ - နိရာမိသ အလိုရှိအပ်သော ရူပါရုံစသည်ကို ရလျှင် "ငါရပေသည်" ဟူ၍ လည်းကောင်း၊ ရှုးဦ့ ရဖူးပြီးသည်ကို လည်း "ငါရလေပြီ" ဟူ၍လည်းကောင်း အောက်မေ့သောသူအား ဖြစ်သော သုခဝေဒနာသည် "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသောဝေဒနာ" သာမိသ သုခဝေဒနာမည်၏။ ယင်းကို ဂေဟသိတသုခဝေဒနာ ဟုလည်း ခေါ်၏။

ရူပါရုံစသည်တို့၏ အနိစ္စ စသော သဘောကိုမြင်၍ "ဖြစ်ဆဲဖြစ်ပြီးသော ရူပါရုံစသည်တို့သည် အနိစ္စသဘော ရှိကုန်၏" ဟု ရှုသောသူအား ဖြစ်သောသုခဝေဒနာသည် "ကာမဂုဏ်" နှင့် စပ်သော "ချမ်းသာသောဝေဒနာ" သည် နိရာမိသသုခ ဝေဒနာမည်၏။ ယင်းကို သမထသုခ၊ ဝိပဿနာသုခ၊ ဖလသုခ၊ နိရောဓသုခနှင့် စပ်သော နေက္ခမ္မသိတ သုခဝေဒနာဟုလည်းခေါ်၏။ (သုတ်မဟာဝါအဋ္ဌကထာ)

ရှုနည်းပြ ၂- "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။" (၁)

"သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယာမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။" (၂)

"နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယာမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။" (၃)

၁။ ဆင်းရဲသောခံစားခြင်း "ဒုက္ခဝေဒနာ" ကို ခံစားလျှင်လည်း ဆင်းရဲသောခံစားခြင်း "ဒုက္ခဝေဒနာ" ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၂။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသောခံစားခြင်း သာမိသဒုက္ခဝေဒနာကို ခံစားလျှင်လည်း ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသောခံစားခြင်း "သာမိသ

http://www.dhammadownload.com

ဒုက္ခဝေဒနာ” ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၃။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသောခံစားခြင်း၊ “နိရာမိသဒုက္ခဝေဒနာ” ခံစားလျှင်လည်း ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသောခံစားခြင်း “နိရာမိသဒုက္ခဝေဒနာ” ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။
(သုတ်မဟာဝါ ပါဠိတော်)

ရှင်းချက် ဆင်းရဲမှုခေါ် မသာယာဖွယ် တစ်မျိုးမျိုးကို ခံစားခိုက်၊ ခံစားဆဲ၊ ခံစားစဉ်မှာ “မသာယာမှုကို ခံစားနေရသည်၊ မသာယာပဲဖြစ်နေသည်၊ မသာယာမှုဆိုတာ ဘာလဲ၊ ဘယ်လိုလဲ” ဟု ခဲတစ်လုံးစီကို တစ်ခုချင်းကိုင်၍ ကိုင်၍ကြည့်နေသလို သဲသဲကွဲကွဲ စိတ်သိမျှမက ပညာသိဖြင့် အမှန်အတိုင်း မသာယာမှု အစ၊ အလယ်၊ အဆုံးအထိ အလစ်မရှိဘဲ တရစပ်လိုက်ပါ၍ ထင်းထင်းကြီး သိနေမှုကို ဆိုလို၏။ (ဉာဏ်လှေကားကျမ်းကြီး)

သာမိသ-နိရာမိသ အလိုရှိအပ်သော ရူပါရုံစသည်ကို မရလျှင် “ငါမရလေ” ဟူ၍လည်းကောင်း၊ ရပြီး၍ ပျောက်ပျက်သည်ကိုလည်း “ပျောက်ပျက်ခဲ့ပြီ” ဟူ၍လည်းကောင်း အောက်မေ့သောသူအား ဖြစ်သော ဒုက္ခဝေဒနာသည် “သာမိသဒုက္ခဝေဒနာ” မည်၏။ ဒေါသစသည်တို့နှင့်စပ်သော မသာယာဖွယ် အာရုံ ၆ ပါးအပေါ်၌ မသာယာမှု “ဂေဟသိတဒုက္ခဝေဒနာ” ဟုလည်း ခေါ်၏။

ရူပါရုံစသည်တို့၏ အနိစ္စစသော သဘောကိုမြင်၍ အရိယမဂ်ဖိုလ်ကို တောင့်တလျက်၊ ရအောင် အနိစ္စစသည်ဖြင့် စီးဖြန်းသော် မရသောကြောင့် နှလုံးမသာသောသူအား ဖြစ်သော ဒုက္ခဝေဒနာသည် “နိရာမိသဒုက္ခဝေဒနာ” မည်၏။ သမထ၊ ဝိပဿနာ၊ မဂ်ဖိုလ်တို့နှင့်စပ်သော ဆင်းရဲမှုဝင်ခိုက်၊ ဝင်စဉ်မှာ မသာယာမှု နေကွမသိတဒုက္ခဝေဒနာဟုလည်း ခေါ်၏။
(သုတ်မဟာဝါအဋ္ဌကထာ)

http://www.dhammadownload.com

ရှုနည်းပြ ၃- "အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ (၁)

"သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမာနော သာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" (၂)

"နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမာနော နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" (၃)

၁။ ဆင်းရဲမဟုတ်၊ ချမ်းသာ မဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားလျှင်လည်းကောင်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၂။ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားလျှင်လည်း ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။

၃။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားလျှင်လည်း ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားခြင်း "အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ" ကို ခံစားသည်ဟု အပြားအားဖြင့် သိ၏။ (သုတ်မဟာဝါပါဠိတော်)

ရှင်းရှင်းဆိုသော် ဆင်းရဲနှင့် ချမ်းသာ ၂ မျိုးတို့၏ ကြားအနေဖြင့် ခံစားဆဲ၊ ခံစားစဉ်မှာ ဆင်းရဲဘက်လည်း မပါ၊ ချမ်းသာဘက်သို့လည်း မလိုက်ဘဲ ကြားအဖြစ်ခံစားနေသည်ဟု၊ ဆင်းရဲချမ်းသာ ၂ မျိုးမှ လွတ်နေသည်ဟူသည် ဘာပဲ၊ ဘယ်လိုပဲဟု လက်ပေါ်မှာတင်၍ ကြည့်နေသလို အစ၊ အလယ်၊ အဆုံးအထိ အလစ်မရှိဘဲ တရစပ်လိုက်ပါ၍ သဲသဲကွဲကွဲ စိတ်သိမျှမကဘဲ ပညာသိဖြင့် အမှန်အတိုင်း ထင်းထင်းကြီး သိနေမှုကို ဆိုသည်။

http://www.dhammadownload.com

သာမိသ-နိရာမိသ အလိုရှိအပ်သော ရူပါရုံစသည်ကိုအာရုံပြု၍ ပုထုဇဉ် မိုက်တို့အား ဖြစ်သော ဥပေက္ခာ ဝေဒနာသည် "သာမိသ ဥပေက္ခာဝေဒနာ" မည်၏။ ကာမဂုဏ်နှင့် စပ်သော အာရုံ ၆ ပါး တို့အပေါ်၌ ကြားနေမှု ဂေဟာသိတ ဥပေက္ခာဝေဒနာဟုလည်း ခေါ်ဆို၏။

ရူပါရုံစသည်တို့၏ အနိစ္စစသော သဘောကိုမြင်၍ "ဖြစ်ဆဲ၊ ဖြစ်ပြီးသော ရူပါရုံစသည်တို့သည် အနိစ္စ၊ ဒုက္ခသဘော ရှိကုန်၏" ဟု ရှုသောသူအား ဖြစ်သော ဥပေက္ခာဝေဒနာသည် "နိရာမိသ ဥပေက္ခာဝေဒနာမည်၏။ သမထ၊ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် စပ်သော နေက္ခမ္မသိတ ဥပေက္ခာဝေဒနာဟုလည်း ခေါ်ဆို၏"

(သုတ်မဟာဝါအဋ္ဌကထာ)

သာဓကရှုနည်း ၁ "အဂ္ဂိဝေဿန၊ ချမ်းသာခံစားမှုကို ခံစားသောအခါ၌ ဆင်းရဲခံစားမှုကို မခံစားပေ။ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော ခံစားမှုကိုလည်း မခံစားပေ။ ထိုအခါ၌ ချမ်းသာသော ခံစားမှုကို ခံစား၏"

"အဂ္ဂိဝေဿန၊ ချမ်းသာခံစားမှု 'သုခဝေဒနာ' သည်လည်း မမြဲပေ။ ပြုပြင်အပ်၏။ အကြောင်းကိုစွဲ၍ ဖြစ်၏။ ကုန်တတ်သော သဘောရှိ၏။ ပျက်စီးတတ်သော သဘောရှိ၏။ တပ်မက်ဖွယ်ရာ ကင်းသော သဘောရှိ၏။ ချုပ်ပျောက်တတ်သော သဘောရှိ၏။"

(မူလပဏ္ဏာသပါဠိတော်)

သာဓကရှုနည်း ၂ "အဂ္ဂိဝေဿန၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' ကို ခံစားသောအခါ၌ ချမ်းသာခံစားမှု 'သုခ ဝေဒနာ' ကို မခံစားပေ။ ဆင်းရဲခြင်းလည်း မဟုတ်၊ ချမ်းသာခြင်းလည်း မဟုတ်သော ခံစားမှု 'အဒုက္ခ မသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ' ကိုလည်း မခံစားပေ။ ထိုအခါ၌ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' ကိုသာ ခံစား၏။

"အဂ္ဂိဝေဿန ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' သည်လည်း မမြဲပေ။ ပြုပြင်အပ်၏။ အကြောင်းကို စွဲ၍ ဖြစ်၏။ ကုန်တတ်သော သဘောရှိ၏။ ပျက်စီးတတ်သော သဘောရှိ၏။ တပ်မက်ဖွယ်ရာ ကင်းသော သဘောရှိ၏။ ချုပ်ပျောက်တတ်သော သဘောရှိ၏။"

(မူလပဏ္ဏာသပါဠိတော်)

http://www.dhammadownload.com

သာဓကရှုနည်း ၃ "အဂ္ဂိဝေဿန၊ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော မသိမသာ ခံစားမှု 'အဒုက္ခမသုခ ဝေဒနာခေါ် ဥပေက္ခာဝေဒနာ' ကို ခံစားသောအခါ၌ ချမ်းသာခံစားမှု 'သုခ ဝေဒနာ' ကို မခံစားပေ။ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' ကိုလည်း မခံစားပေ။ ထိုအခါ၌ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော မသိမသာခံစားမှု 'အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ' ကိုသာ ခံစား၏"

"အဂ္ဂိဝေဿန၊ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော မသိမသာ ခံစားမှု 'အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ' သည်လည်း မမြဲပေ။ ပြုပြင်အပ်၏။ အကြောင်းကိုစွဲ၍ ဖြစ်၏။ ကုန်တတ်သော သဘော ရှိ၏။ ပျက်စီးတတ်သော သဘောရှိ၏။ တပ်မက်ဖွယ်ရာကင်းသော သဘောရှိ၏။ ချုပ်ပျောက်တတ်သော သဘောရှိ၏။"

ပြုဖွယ်ကိစ္စမရှိတော့ "အဂ္ဂိဝေဿန၊ ဤသို့ မြင်လတ်သော် အကြား အမြင်နှင့် ပြည့်စုံသော အရိယာတို့၏ တပည့်သည် ချမ်းသာခံစားမှု 'သုခဝေဒနာ' ၌လည်း ငြီးငွေ့၏။ ဆင်းရဲခံစားမှု 'ဒုက္ခဝေနာ' ၌လည်း ငြီးငွေ့၏။ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော ခံစားမှု 'အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာ' ၌လည်း ငြီးငွေ့၏။"

"ငြီးငွေ့သော် တပ်မက်ခြင်း ကင်း၏။ တပ်မက်ခြင်း ကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏။ ကိလေသာမှ လွတ်ရာ၌ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ အရဟတ္တမဂ်ဉာဏ်အကျိုးငှာ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီ" ဟု သိအပ်၏။" (မူလပဏ္ဏာသပါဠိတော်)

ကိစ္စပြီးပြီ အို စာရှူသူ၊ အထက်ပါ ပြခဲ့သော စာရှုနည်းပြ (၁၊ ၂၊ ၃) အတိုင်းရှုသော် ဝေဒနာနုပဿနာအဆုံးတိုင် ရောက်၍ "ကိစ္စပြီးပြီ" ဟု ကိုယ်တိုင် သိနိုင်ပါ၏။ ကိုယ်တိုင် သိနိုင်ကြောင်းကို သာဓကရှုနည်း (၁၊ ၂၊ ၃) နှင့် "ပြုဖွယ်ကိစ္စမရှိတော့" ဆိုသည့် သာဓကများနှင့် ပြခဲ့ပါပြီ။

http://www.dhammadownload.com

အို စာရှုသူ၊ သာဓကရှုနည်းသည် အင်္ဂါဝေဿနခေါ် ဒီဃနခပရိဇိဓနှင့် ရှင်သာရိပုတ္တရာတို့ကို သောတာပန်နှင့် ရဟန္တာဖြစ်စေသော ရှုနည်းများပင် ဖြစ်ပါ၏။

အချုပ်သိရန် ပြခဲ့သော သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာ ၃ မျိုးတို့အတွက် အချုပ်သိမှတ်ထားရန် အချက်ကား-

၁။ အတ္ထိ ဝေဒနာတိ ဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊

၂။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ၊

၃။ အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။

ပေါ်လာသောဝေဒနာသည် အသိနှင့်ပညာ၏ အာရုံအဖြစ်ဖြင့်သာ ထင်နေစေရန်၊ သတိနှင့် ပညာတို့၏အာရုံသည် ဝေဒနာသာဖြစ်စေရန်။ (၁)

"ယင်းအာရုံအဖြစ် ထင်နေသော ဝေဒနာသည် အနုဗောဓိဓဉာဏ် ပွားဖို့နှင့် သတိပွားဖို့သာ ဖြစ်စေရန်၊ ထိုဝေဒနာကြောင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ မာန စသော ကိလေသာတို့ မတိုးပွားစေဘဲ သတိနှင့် ပညာတို့သာ တိုးပွားစေရန်။ (၂)

"၄င်းအာရုံအဖြစ်ထင်နေသော ဝေဒနာအပေါ်၌ ငါအနေ၊ ငါဟာအနေ၊ ငါကိုယ်အနေ မမှီတွယ် မပူးဝင်ရန်၊ တဏှာ မာန ဒိဋ္ဌိဟူသော ငါ ၃ မျိုး အစွဲတို့ မပူးဝင်ဘဲ သတိ၊ သမာဓိ၊ ပညာ ၃ မျိုး ခေါင်းဆောင်သော ဓမ္မက္ခန္ဓာ ၃ ပါးတို့သာ မှီတွယ် ပူးဝင်စေရန်။ (၃)

ဤအင်္ဂါ ၃ ချက်နှင့်ညီသော သိမြင်မှုမှာသာ အာရုံအဖြစ်တည်နေသော ဝေဒနာမျိုးသာ ဖြစ်ရှိရမည်ဟု ဆို၏။

"သုခဝေဒနာနှင့် ဒုက္ခဝေဒနာကို ကျော်လွန်ပြီး ဥပေက္ခာဝေဒနာအနေသို့ ရောက်အောင် ရှုပွားရန် ဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်၏။ တစ်ဖုံဆိုသော် သခါရ ဥပေက္ခာဉာဏ်သို့ ရောက်နေလျှင် ထိုအတိုင်းသာ ထင်နေတော့၏"

(သုတ်မဟာဝါပါဠိတော်နှင့် ဉာဏ်လှေကားကျမ်းကြီး)

http://www.dhammadownload.com

ရှုနည်း ၃ မျိုး ၁။ သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ၊
၂။ ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ၊
၃။ အဒုက္ခမသုခါ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။

"ရဟန်းတို့၊ သာယာဖွယ်အနေ ခံစားရချက် 'သုခဝေဒနာ' ကို ဒုက္ခ ထင်လာအောင် ရှုပွားပေးရမည်" (၁)

"မသာယာဖွယ်အနေ ခံစားချက် နာကျင် ကိုက်ခဲမှု စသော 'ဒုက္ခ ဝေဒနာ" ကို ငြောင့်စူးဝင်ဒဏ် ခံရသလို ထင်လာအောင် ရှုပွားပေးရမည်" (၂)

"ဆင်းရဲချမ်းသာ ၂ မျိုးအလွတ် ကြားခံစားချက် 'အဒုက္ခ မသုခဝေဒနာ ခေါ် ဥပေက္ခာဝေဒနာ' ကို မခိုင်မြဲသည့် အနိစ္စထင်လာအောင် ရှုပွားရမည်" (၃)

ယတော ခေါ ဘိက္ခဝေ ဘိက္ခု-
၁။ သုခါ ဝေဒနာ ဒုက္ခတော ဒိဋ္ဌာ ဟောတိ၊
၂။ ဒုက္ခာ ဝေဒနာ သလ္လတော ဒိဋ္ဌာ ဟောတိ၊
၃။ အဒုက္ခမသုခါ ဝေဒနာ အနိစ္စတော ဒိဋ္ဌာ ဟောတိ။
အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု-
အရိယော သမ္မဒဿော၊ အစ္ဆေဒ္ဓိတဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။
ရဟန်းတို့၊ မူလညွှန်ကြားချက်အတိုင်း ရှုပွားသော ယောဂီရဟန်းအား-
၁။ သုခဝေဒနာကို ဒုက္ခထင်လာအောင် ရှုမြင်ပြီးသောအခါ၊
၂။ ဒုက္ခဝေဒနာကို ငြောင့်စူးဝင်ဒဏ်အနေ ထင်လာအောင် ရှုမြင်ပြီးသောအခါ၊
၃။ ဥပေက္ခာဝေဒနာကို မမြဲသော အနိစ္စအနေ ထင်လာအောင် ရှုမြင်ပြီးသောအခါ၊
ရဟန်းတို့၊ ယင်းရဟန်းကို-
၁။ အရိယာတို့၏ အသိအမြင်ကို ရရှိလာသူ၊

http://www.dhammadownload.com

၂။ တပ်မက်မှု တဏှာဟူသမျှကို ဖြတ်တောက်နိုင်ပြီးသူ၊
၃။ သံယောဇဉ် အနှောင်အဖွဲ့ကို ဖြေချွတ် ဖျက်ချိုးနိုင်ပြီးသူ၊
၄။ မာနာနုသယကို အကြွင်းမဲ့ လွန်မြောက်နိုင်ပြီးသူ၊
၅။ ဆင်းရဲအဆုံးကို ပြုပြီးနိုင်သူ၊ ဆင်းရဲအဆုံးသို့ ရောက်ပြီးသူဟု ဆိုရ၏။ (ဣတိဝုတ်ပါဠိတော်)

သုခဝေဒနာရှုပုံ ၁။ "ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာသော ချမ်းသာမှု 'ကာယိကသုခဝေဒနာ' ကို ရှုပွားလိုသော ယောဂီသည် ဣရိယာပုတ် ၄ ပါးတွင် မိမိနေလိုသော ဣရိယာပုတ်နှင့် အသက်သာဆုံး၊ အမျှတဆုံး အနေအထားမျိုးဖြင့် နေပြီးလျှင် ခန္ဓာကိုယ်ပေါ်၌ အသက်သာဆုံး၊ အချမ်းသာဆုံးနေရာသို့ စူးစိုက်ကာ 'ချမ်းသာတယ်၊ ချမ်းသာတယ်' ဟု ထိုချမ်းသာမှုကို အသိကပ်ကာ အထပ်ထပ် ရှုပွားနေပါ။"

ယင်းသို့ ရှုပွားနေစဉ် ခန္ဓာကိုယ်ပေါ်၌ တင်းလာ၊ ကျပ်လာ၊ ပိလာ၊ လေးလာ၊ အောင့်လာ၊ နာလာ စသော မချမ်းသာမှုကလေးတွင် တစ်စတစ်စ ပေါ်ပေါက်လာတတ်ပေသည်။ ပေါ်လာသော် ဣရိယာပုတ် အနေအထားကို ပြောင်းပြင်ပေးပါ။ မျှတအောင်၊ ချမ်းသာအောင် နေပါ။

ဣရိယာပုတ် ပြောင်းပြင်ပြီး၍ ချမ်းသာမှု အနေအထားရှိသော် ချမ်းသာရာ နေရာကို တဖန်ပြန်၍ "ချမ်းသာတယ်၊ ချမ်းသာတယ်" ဟု အသိချင်းဆက်အောင် မပြတ်စူးစိုက် ရှုပွားပါ။

ယင်းသို့ ရှုသော် အကောင်းဆုံး ထမင်း ဟင်းတွေ ဆက်တိုက်စားရသော့် ငြီးငွေ့ စိတ်ပျက် ပင်ပန်းလာသလို ကိုယ်ခန္ဓာအတွင်းမှ နာကျင် ကိုက်ခဲမှု စသော မနှစ်သက်စရာ ဒုက္ခဝေဒနာကို တွေ့ရပေလိမ့်မည်။ ထိုအခါ မျှော်လင့်ထားသော ချမ်းသာသုခအစား မမျှော်လင့်သည့် ဆင်းရဲဒုက္ခ အစုကိုသာ ခန္ဓာကိုယ်၌ အနှံ့အပြား တွေ့နိုင်ပေလိမ့်မည်။

မည်မျှ ချမ်းသာသည် ထင်ထားသော သုခဝေဒနာ အာရုံကိုပင် အသိမလစ်စေဘဲ သတိကပ်၍ ရှုပွားသော် သုခဝေဒနာတို့သည် ကွယ်ပျောက်သွားပြီး ဒုက္ခဝေဒနာသာ ဆက်၍ တွေ့နေမည်။ ယင်းဒုက္ခဝေဒနာကိုပင် ဆက်၍ ရှုပွားသွားလျှင် အသိဉာဏ်တွေ ဆက်၍ရရှိပါလိမ့်မည်။

http://www.dhammadownload.com

သုခဝေဒနာ၏ လမ်းဆုံးကား ဒုက္ခဝေဒနာပင် ဖြစ်၏။ သို့ဖြစ်၍ ဘုရားရှင်လည်း "သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ" ရဟန်းတို့၊ သုခဝေဒနာကို ဒုက္ခအနေ ထင်လာအောင် ရှုပွားရမည်" ဟု မိန့်တော်မူခဲ့၏။

ဒုက္ခဝေဒနာရှုပုံ ၂။ ကိုယ်ပေါ်မှာ ဖြစ်ပေါ်လာသော "ကာယိက ဒုက္ခ ဝေဒနာ" ကို ရှုပွားလိုသော ယောဂီသည် ဣရိယာပုတ် လေးပါးတွင် မိမိ နေလိုသော ဣရိယာပုတ်နှင့် နေပြီးလျှင် ခန္ဓာကိုယ်အတွင်း အဆင်းရဲဆုံး ဒုက္ခဝေဒနာရှိရာသို့ အသိကပ်ကာ "ဆင်းရဲတယ်၊ ဆင်းရဲတယ်" ဟု အသိနှင့် သတိမပြတ်စေဘဲ ကပ်၍ ရှုပွားပါ။

ယင်းသို့ ဒုက္ခဝေဒနာကို ကျွတ်သွားအောင်၊ ကုန်သွားအောင်၊ ပျောက်သွားအောင်ဆိုသည့်သဘောနှင့် အံကြိတ်ကာ အသက်အောင့်၍ မရှူပါလေနှင့်။ ယင်းဒုက္ခဝေဒနာ၏ သဘောတရားကို သိအောင် ရှုပွားရမည်ဖြစ်၏။ ယင်းသို့ ရှုသော် ဒုက္ခဝေဒနာသည် တာရှည်မဟုတ်ဘဲ တဖြည်းဖြည်း ကြဲကြဲသွားရာမှ ပါးသွား၊ သေးသွား၊ ပျောက်သွားသည်ကိုလည်း တွေ့မည်။

သို့မဟုတ် ရှုပွားခါစထက် လျော့မသွားဘဲ တိုးတိုး ကြီးကြီးလာကာ မခံသာသော ဝေဒနာမျိုးကိုလည်း တွေ့မည်။

ထိုအရ ယာယီတွေ့ရှိသော ဒုက္ခဝေဒနာမျိုးသည် တာရှည်မခံ၍ ဘာဝနာဉာဏ်အတွက် ဆက်မပွားရှာဘဲ ရောဂါအနေ၊ သမာဓိအနေဖြင့် တွေ့ရှိသော ဝေဒနာမျိုးသည် အပျောက်နည်း၍ ဘာဝနာဉာဏ်အတွက် တာရှည်ရှုပွားနိုင်လေ၏။

သို့ဖြစ်၍ ယောဂီသည် တရစပ်တွေ့နိုင်သော ဒုက္ခဝေဒနာကို အသိမပြတ်အောင် သတိနှင့်ကပ်၍ ရှုပွားပါ။ ယင်းသို့ရှုသော် ဆူနေသော ရေနွေးအိုးထဲမှ ရေနွေးပွက်ငယ်တွေ ပေါ်ပေါ် ထွက်လာသလို ဝေဒနာတွေက တစ်ပုံ၊ ဝေဒနာပေါ်ထွက်ရာ ဌာနက တစ်ပုံလို တွေ့သိလာပေလိမ့်မည်။

ထိုအခါ ဝေဒနာက နာမ်၊ ဝေဒနာပေါ် ထွက်ရာက ရုပ်ဖြစ်သဖြင့် နာမ်ကို အခြေခံပြီး ရုပ်ကိုသိရခြင်း စသည်ဖြင့် ဉာဏ်စဉ်တက်၍ သွားပါလိမ့်မည်။

http://www.dhammadownload.com

အထူးမှတ် ။ သခ်ၤါရူပေက္ခာဉာဏ်သည် ထင်လာသော သခ်ၤါရခေါ် ရုပ်နှင့်နာမ် ၂ မျိုးလုံးတို့ကို ညီမျှစွာထားပြီး ရှုပွားသော ဉာဏ်ဖြစ်သည်။ သို့ဖြစ်၍ ဒုက္ခဝေဒနာအနေဖြင့် မူလက ထင်လာသော်လည်း သခ်ၤါရူပေက္ခာဉာဏ်အခိုက်၌ကား ဒုက္ခအနေဖြင့် မထင် မရှုပွားပေ။ သုခ အနေဖြင့် မူလက ထင်လာသော်လည်း သုခအနေဖြင့် မထင်၊ မရှုပွား၊ ကြား နေအဖြစ် ညီမျှစွာထားပြီး ရှုပွားသောဉာဏ်ဖြစ်သည်။

ထို့ကြောင့် ဝေဒနာနုပဿနာ ရှုပွားသူတို့သည် ရှေ့ပိုင်း၌သာ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာဟု ကွဲပြားနေစေကာ သခ်ၤါရူပေက္ခာဉာဏ်သို့ရောက်လာ သော် သုခ-ဒုက္ခ၊ ၂-မျိုးမှလွတ်ပြီး "အာရုံကား အပျက်ထင်၍ အသိကား ဥပေက္ခာ အနေမှာ တည်လာတော့၏"

တာဝန်မခံရဲ ပါရမီရင့်သူနှင့် မဂ်ဖိုလ်အမြန် ရောက်လိုသူတို့သည် သခ်ၤါ ရူပေက္ခာဉာဏ်မှဆက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ရောက်နိုင်ပါ၏။ ပါရမီမရင့်ကျက်သေးသူနှင့် မဂ်ဖိုလ်အမြန်မရောက်လိုသူတို့သည် သခ်ၤါ ရူပေက္ခာဉာဏ်တွင်သာ ရပ်တန့်တော့၏။ သို့ဖြစ်၍ လူတိုင်း မဂ်ဖိုလ်ရနိုင်မည်ဟု တာဝန်မခံရဲ့။ ပါရမီလည်း ရှိမှ၊ အကျင့်လည်း မှန်မှ၊ တကယ်လည်းကျင့်မှ ဉာဏ်မှန်လည်း ပေါ်ထွက်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်၏။

ရှုနည်း ၂ မျိုး ဒုက္ခဝေဒနာကို ရှုရာ၌ ယင်းဒုက္ခဝေဒနာကို သည်းမခံနိုင်၍ ခွာရှုသောနည်း၊ သည်းခံနိုင်၍ ယင်းဒုက္ခ ဝေဒနာကိုပင် တိုက်ရိုက်ရှုသောနည်းဟူ ရှုနည်း ၂ မျိုးရှိ၏။ ယင်းတွင် အောက်ပါဝတ္ထုသာဓက များကို ရှုကြည့်၍ ကြိုက်သလို ရှုပွားနိုင်ပါ၏။ ကြိုက်သလို ရှုပါ။

ဒုက္ခဝေနာ နိုင်-မနိုင် "ရဟန်းတို့၊ အကြားအမြင် မရှိသော ပုထုဇဉ်သည် "မဟာသမုဒ္ဒရာ၌ ဝဲဩဃရှိ၏" ဟူသော ဤစကား ကို ဆို၏။ ရဟန်းတို့ "ဝဲဩဃဟူသော ဤအမည်သည်" ကိုယ်၌ ကျရောက် လျက်ရှိသော ဒုက္ခဝေဒနာတို့၏ အမည်တည်း။

http://www.dhammadownload.com

"ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် ကိုယ်၌ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသည်ရှိသော် စိုးရိမ်ရ၏။ ပင်ပန်းရ၏။ ငိုကြွေးရ၏။ ရင်ထုလျှက် မြည်တမ်းရ၏။ မိန်းမောခြင်းသို့ ရောက်ရ၏။ ရဟန်းတို့၊ အကြားအမြင် မရှိသော ဤပုထုဇဉ်ကို 'ဝဲသြဃ၌ မတည်တံ့နိုင်သူ၊ ထောက်တည်ရာ မရနိုင်သူ' ဟု ဆိုရ၏။"

"ရဟန်းတို့၊ အကြားအမြင်ရှိသော အရိယာ တပည့်တို့သည်ကား ကိုယ်၌ ကျရောက်လျက်ရှိသော ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသော် မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ထုလျှက် မမြည်တမ်းရ၊ မိန်းမောခြင်းသို့ မရောက်ရ။ ရဟန်းတို့၊ အကြားအမြင်ရှိသော ဤအရိယာတပည့်ကို 'ဝဲသြဃ၌ တည်တံ့သူ၊ ထောက်တည်ရာကို ရနိုင်သူ' ဟု ဆိုရ၏။" (ဝေဒနာသံယုတ်)

ဝေဒနာသည်းခံရှူသော မထေရ် မထင်ရှားသော ထေရ်ကြီးတစ်ပါးသည် အပြင်းအထန်ဖျားနာ၍ မိမိလက်ဖြင့်ပင် အစားအစာတို့ကို မစားသုံးနိုင်တော့ဘဲ မိမိ၏ကျင်ကြီး၊ ကျင်ငယ်ထဲ၌ လဲ၍ နေလေ၏။ ယင်းတို့ကို ရဟန်းငယ်တစ်ပါးက မြင်လေလျှင် "**အဟောဒုက္ခာ ဇီဝိတသင်္ခါရာ** = ဇီဝိတန္ဒြေနှင့်စပ်သော သင်္ခါရတို့သည် သြော်၊ ဆင်းရဲကုန်စွတကား" ဟု လျှောက်ထား၏။

ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေဟူသော အာယုတေဇောဓာတ် ဥသွမာ ပဋိသန္ဓေ ဝိညာဏ်ဟူသော ဝိညာဏ၊ ဤသုံးပါးကို "ဇီဝိတသင်္ခါရ" ဟုခေါ်၏။ ရဟန်းငယ်၏စကားကို ကြားသော် ထေရ်ကြီးက ပြန်လည်မိန့်ကြား၏။

"ငါ့ရှင်၊ ပြင်းပြစွာနှိပ်စက်တတ်သော ရောဂါအမျိုးမျိုးနှင့်တွေ့၍ ပြင်းပြစွာ ဆင်းရဲရောက်သဖြင့် ဆွေ့ဆွေ့ခုန်မျှ တုန်လှုပ်နေသော ငါ၏ဒီဃနွာကိုယ်ရုပ် အကောင်ပုပ်ဟာ ချစ်ချစ်ပွသော မြေမှုန့်ထက်၌ ပစ်ချထားအပ်သော ပန်းပွင့်ကဲ့သို့ လျင်မြန်စွာ ညှိုးခြောက်တတ်ချေ၏။"

"ငါ့ရှင်၊ စက်ဆုပ်ဖွယ်ဖြစ်လျက် နှစ်သက်ဖွယ်ဟု လူမိုက်တို့ပြောဆိုအပ်သော မစင်ကြယ်ဘဲလျက် စင်ကြယ်၏ဟု လူမိုက်တို့ သမုတ်အပ်သော အကောင်ပုပ်မျိုးစုံတို့ဖြင့် ရောပြွမ်းနေတဲ့ ဒီဃနွာကိုယ်ကို အဟုတ်အမှန် နှစ်သက်ဖွယ် မမြင်နိုင်သူ လူမိုက်ကိုသာ နှစ်သက်ဖွယ်ဟု ချီးမွမ်းအပ်၏။"

"ငါ့ရှင်၊ နာလဲ နာကျင်၊ အနံ့လဲ မကောင်း၊ မစင်လဲ မစင်ကြယ်၊

http://www.dhammadownload.com

နှိပ်စက်တတ်သော သဘောလဲရှိတဲ့ ဒီခန္ဓာကိုယ်ရုပ် အကောင်ပုပ်ဟာ စင်စစ် စက်ဆုပ်ဖွယ်ကြီးပါ။ ဒီခန္ဓာကိုယ်ရုပ် အကောင်ပုပ်၌ မွေလျော်ယစ်မူး တွေဝေ မိန်းမောနေရာတို့သည် လူ့ဘုံ၊ နတ်ရပ် လားခြင်း၏ အကောင်းဖြစ်သော သီလကို အားပါးမထုတ် ဆုတ်ယုတ်လျော့ပါးစေကုန်၏။"

"ငါ့ရှင်၊ ငါယခုသေလျှင် နတ်ပြည်သို့ရောက်လိမ့်မည်။ နတ်ပြည် ရောက်ခြင်း၌ ငါ့အား ယုံမှားသံသယ မရှိပါ။ သို့သော် သီလကို ဖျက်၍ ရောက်ရသော နတ်ပြည်မှာ သိက္ခာချ၍ လူထွက်သည်နှင့် တူ၏။"

(ရဟန္တာမဖြစ်ဘဲ သေလျှင် သိက္ခာချ၍ လူထွက်သည်။ သီလပျက် သည်ဟု ဆိုလိုခြင်း ဖြစ်၏)

"ငါ့ရှင်၊ သို့ဖြစ်၍ ငါသည် 'သီလနှင့်တကွ သေအံ့' (ရဟန္တာဖြစ်ပြီးမှ သေအံ့ဟု ဆိုလိုခြင်းဖြစ်၏။)"

ထေရ်ကြီးသည် ယင်းသို့မိန့်ပြီး ထိုနေရာ၌ပင် လျောင်းလျက် ထိုရောဂါ ကို အဦးပြုကာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သုံးသပ်ရှုပွားသဖြင့် ရဟန္တာ ဖြစ်တော်မူ၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

သည်းခံခြင်းသည် မြတ်၏ စိတ္တလတောင်၌ မထင်ရှားသော ထေရ် ကြီး တစ်ပါးရှိ၏။ ထေရ်ကြီးသည် မကျန်း မမာ၊ ဖျားနာရာအခါ၌ ဝေဒနာဒဏ် ပြင်းထန်ခြင်းကြောင့် ညည်းတွားလျက် တပြောင်းပြန်ပြန် လူးလဲနေ၏။ ယင်းကို ပဉ္စင်းငယ်တစ်ပါးမြင်သော် လျှောက်၏-

"အရှင်ဘုရား၊ အရှင်ဘုရားတို့၏ အဘယ်မည်သော အရပ်ဌာနသည် နာကျင်ပါသနည်း"

"ငါ့ရှင်၊ အသီးအခြား တစ်ခုသော နာကျင်သော အရပ်ဌာန မရှိပါ။ တည်ရာဖြစ်သော ရူပသဒ္ဒ အစရှိသည်ကို အာရုံပြု၍ ဝေဒနာသည်သာ ခံစား၏"

"ဝေဒနာကို မြင်ပါသည်ဆိုလျှင် ယင်းသို့မြင်ပါမှ အမြင်မှန်ပါသည်။ ပေါင်က နာသည်၊ ဗိုက်က နာသည် စသည်ဖြင့် ပညတ်နာကျင်မှုကို မြင်လျှင် ဝေဒနာနှင့် ပတ်သက်၍ အမြင်မမှန်သေးပါ။"

"အရှင်ဘုရား၊ ဤသို့ ဝတ္ထုကို အာရုံပြု၍ ဝေဒနာသည်သာ ခံစား၏ဟု ဘုရားအခါမှစ၍ သည်းခံသင့်သည် မဟုတ်ပါလော"

http://www.dhammadownload.com

"ငါ့ရှင်၊ ငါသည် သည်းခံပါ၏"

"အရှင်ဘုရား၊ သည်းခံခြင်းသည် မြတ်ပါ၏"

ထေရ်ကြီးသည် သည်းခံ၏။ အတန်ကြာသော် လေသည် နှလုံးသားကို ကွဲစေ၏။ နှလုံးသားကို ခွဲ၏။ ညောင်စောင်းငယ်၌ အုပ်မတို့သည် စုပုံကုန်၏။ ထေရ်ကြီးသည် "ငါ့ရှင် ဤမျှလောက် သည်းခံခြင်းသည် သင့်မြတ်ပါ၏လော" ဟု ပဉ္စင်းငယ်ကို မေး၍ ပြ၏။

ပဉ္စင်းငယ်သည် စကားတုံ့မပြန်လှန် ဆိတ်ဆိတ်ပင် နေ၏။ ထေရ်ကြီးသည် ဝိရိယနှင့် သမာဓိ ညီမျှစေ၍ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လျှက် ပရိနိဗ္ဗာန် ပြုတော်မူပြီ။ (သုတ်မဟာဝါ အဋ္ဌကထာ)

ပေါင်ချိုးသော ရှင်တိဿ သာဝတ္ထိပြည်တွင် တိဿအမည်ရှိ သူကြွယ်သား သည်ရှိ၏။ ယင်းသည် မိမိဝိုင် ရွှေငွေ ကုဋေလေးဆယ်တို့ကို ညီဖြစ်သူအား လွှဲအပ် စွန့်လွှတ်ပြီး ရဟန်းပြုကာ မြို့ရွာမနီး တောအုပ်ကြီးတစ်ခုတွင် ဝိပဿနာတရား ရှုပွားအားထုတ်နေ၏။

ရှင်တိဿ၏ ခယ်မသည် ဝိသမလောဘကြောင့် ခဲအို ရဟန်းအကယ်၍ လူထွက်လာလျှင် လွှဲအပ်၊ စွန့်လွှတ်ပြီး ရွှေငွေတို့ကို ပြန်ပေးရမှာ မလိုလား၍ ခိုးသားငါးရာတို့ကို အခကြေးငွေပေးပြီး "အို.. ခိုးသားတို့ သွားတဲ့ချေ။ ဤမည်သော တောကျောင်းနေ ရှင်တိဿကို အသေသတ်တဲ့ချေ" ဟု ရှင်တိဿအား အသတ်ခိုင်း၏။

လူသတ်သမား ခိုးသားတို့သည် ရှင်တိဿထံသို့ရောက်သော် ဝိုင်း၍ ထိုင်ကြကုန်၏။ ယင်းတို့ကို ရှင်တိဿမြင်သော် မေးမြန်း၏-

"ဒကာတို့ မည်သည့်ကိစ္စထူးရှိ၍ လာကြကုန်သနည်း"

"အကျွန်ုပ်တို့ အရှင့်ကို သတ်ဖြတ်ရန်လာခဲ့ကြပါကုန်၏"

ရက်စက်ကြမ်းကြုတ်သော ခိုးသားတို့၏ အဖြေစကားကို ကြားရသော ရှင်တိဿသည် သေရမှာမကြောက်သော်လည်း ပုထုဇဉ်ဘဝနှင့် မသေလို။ ရဟန္တာဘဝနှင့်မှ နိဗ္ဗာန်ဝင်လိုရကား ခိုးသားများထံ ခွင့်တောင်း၏-

"ဒကာတို့ ယနေ့တစ်ညတာ အသက်ရှင်ခွင့်ရရန် ငါ့အား ယခု

http://www.dhammadownload.com

ချက်ခြင်း မသတ်ဖြတ်ပါနှင့်ဦး။ သင်တို့ ယုံကြည်ရန် ငါထွက်မပြေးနိုင်ကြောင်း အာမခံကောင်း ပေးပါမည်"

ခိုးသားတို့သည် ရှင်တိသဿကားကြား၍ ဟိုဟိုဒီဒီ ကြည့်ရှုသော်လည်း အနီးအနားတွင် အာမခံပေးနိုင်သူ တစ်ဦးတစ်ယောက်မျှ မမြင်ရကား သံသယ ဖြစ်ပွားကာ လျှောက်ထား၏။

"အရှင့်ကို ဒီတောအရပ်၌ အာယ်သူကလာပြီး ထွက်မပြေးနိုင်ကြောင်း အာမခံကောင်း ပေးနိုင်မှာလဲ"

ထိုအခါ ရှင်တိသဿသည် နေရာမှထ၍ ကျောက်တုံးကြီးတစ်တုံးကိုယူ၍ ပေါင်နှစ်ချောင်းကို ညက်ညက်ကြေအောင် ထုရိုက်ပြီးသော်-

"ဒကာတို့၊ ဒီလောက်ဆို ငါ့အတွက် ထွက်မပြေးနိုင်သော အာမခံကောင်း လုံလောက်ပြီလော" ဟု မေး၏။

ခိုးသားတို့သည် လုံလောက်ကြောင်း ယုံကြည်သောအားဖြင့် ရှင်တိသ အနီးအနားမှ နောက်ဆုတ်၍ စကြိန်ထိပ်ဝယ် မီးပုံရှိကာ အိပ်စောင့်နေကုန်၏။

ရှင်တိသသည် ခိုးသားများ ဖဲသွားသော် တရားကို စတင်၍ အားထုတ်ရန် ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်သော ဒုက္ခဝေဒနာကို ခွာရတော့၏။

ဝေဒနာခွာပုံ **"ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဥရုဋ္ဌိဘေဒပစ္စယံ ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ** = ဝေဒနာခွာ၍ ဟူသည်မှာ ပေါင်ကျိုးခြင်းကြောင့်ဖြစ်သော ဒုက္ခဝေဒနာကို နှလုံးမသွင်းဘဲနှင့် ဒုက္ခဝေဒနာကို ပယ်ဖျောက်၍ ခွာသည်ဟု ဆိုလို၏"

ဝေဒနာကို နှလုံးမသွင်းဘဲ ခွာပြီးသော် ဘာကိုရှုပွားသနည်း။ အချို့က ယင်းဝေဒနာကို ရှုပွားသည်ဟု အယူရှိနေ၏။ အမှန်သော် ဤသို့ဖြစ်၏-

"ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿာယ ဝိတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ = ရှင်တိသအား ပေါင်ကျိုးခြင်းကြောင့် ဖြစ်သော ဒုက္ခဝေဒနာကို ခွာ၍ မိမိသီလကို ဆင်ခြင်လတ်သော် စင်ကြယ်သောသီလကို အမှီပြုလျက် နှစ်သက်ဝမ်းမြောက်ခြင်း 'ဝိတိ ပါမောဇ္ဇ' ဖြစ်လေ၏"

http://www.dhammadownload.com

"တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော တိယာမရတ္တိံ သမဏဓမ္မံ ကတ္တာ အရုဏုဂ္ဂမနေ အရဟတ္တံ ပတ္တော = ထိုနှစ်သက်ဝမ်းမြောက်မှု 'ပီတိ ပါမောဇ္ဇ' ဖြစ်ပြီးရာမှ နောက်၌ အစဉ်အားဖြင့် ဝိပဿနာရှုပွားလျက် ညဉ့်သုံးယံပတ်လုံး ရဟန်းတရားကို အားထုတ်သောကြောင့် အာရုံတက်သော် ရဟန္တာဖြစ်လေ၏။" (သုတ်မဟာဝါအဋ္ဌကထာနှင့် ဋီကာ)

တရားအစဉ်တက်ပုံ "နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပြီးရာမှ နောက်အစဉ်အားဖြင့် ဝိပဿနာ ရှုပွားလျက်" ဆိုသော အထက်ပါ အဋ္ဌကထာစကားကို အောက်ပါ ပါဠိတော်ဖြင့် ချိန်ထိုးသင့်၏-

- "ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အခါတစ်ပါး၀ယ် ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ရှိခိုးလျှောက်ထား၏-

၁။ "မြတ်စွာဘုရား အပြစ်မရှိသော ကုသိုလ်သီလတို့သည် အဘယ်အကျိုး အာနိသင် ရှိပါကုန်သနည်း"

"အာနန္ဒာ၊ နှလုံးသာရှင်ခြင်း၊ 'အဝိပ္ပဋိသာရ' အကျိုးအာနိသင် ရှိကုန်၏"

၂။ "မြတ်စွာဘုရား၊ နှလုံးသာရှင်ခြင်း၊ 'အဝိပ္ပဋိသာရ' သည်ကား အဘယ်အကျိုး အာနိသင်ရှိပါသနည်း"

"အာနန္ဒာ၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အကျိုးအာနိသင်ရှိ၏"

၃။ "မြတ်စွာဘုရား၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' သည် အဘယ်အကျိုး အာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ နှစ်သက်မှု 'ပီတိ' အကျိုးအာနိသင်ရှိ၏"

၄။ "မြတ်စွာဘုရား၊ နှစ်သက်မှု 'ပီတိ' သည် အဘယ်အကျိုး အာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' အကျိုးအာနိသင်ရှိ၏"

၅။ "မြတ်စွာဘုရား၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' သည် အဘယ်အကျိုး အာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ ချမ်းသာမှု 'သုခ' အကျိုးအာနိသင်ရှိ၏"

http://www.dhammadownload.com

၆။ "မြတ်စွာဘုရား၊ ချမ်းသာမှု 'သုခ' သည် အဘယ်အကျိုး အာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ တည်ကြည်မှု 'သမာဓိ' အကျိုးအာနိသင်ရှိ၏"

၇။ "မြတ်စွာဘုရား၊ တည်ကြည်မှု 'သမာဓိ' သည် အဘယ်အကျိုး အာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အကျိုးအာနိသင်ရှိ၏"

၈။ "မြတ်စွာဘုရား၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' သည် အဘယ်အကျိုး အာနိသင်ရှိပါသနည်း"

"အာနန္ဒာ၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' အကျိုးအာနိသင် ရှိ၏"

၉။ "မြတ်စွာဘုရား၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' သည် အဘယ်အကျိုးအာနိသင် ရှိပါသနည်း"

"အာနန္ဒာ၊ တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' အကျိုးအာနိသင်ရှိ၏"

၁၀။ "မြတ်စွာဘုရား၊ တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' သည် အဘယ် အကျိုး အာနိသင်ရှိပါသနည်း"

"အာနန္ဒာ၊ လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် လွတ်မြောက်မှုကိုသိသော 'ဝိမုတ္တိဉာဏဒဿန' အကျိုးအာနိသင်ရှိ၏"

(ဧကာဒသကိုတ္တရပါဠိတော်)

မူလကမ္မဋ္ဌာန်း "အို ဘရှသူ၊ အထက်ပါဝတ္ထုကို ကြည့်သော် ဝေဒနာကို နှလုံးမသွင်းဘဲ သီလကို နှလုံးသွင်းဆင်ခြင်သဖြင့် နှစ်သက် ဝမ်းမြောက်မှုကို အခြေခံကာ မိမိရှုပွားနေကျ မူလကမ္မဋ္ဌာန်းကို ရှုပွား၍ ရဟန္တာ ဖြစ်သည်မှာ ထင်ရှားပါ၏"

ကျားစားခံရဟန်း ရဟန်းတော် ၃၀ တို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်း သင်ယူပြီးလျှင် တောရကျောင်းသို့ ကြွ၍ တရားအား ထုတ်နေကြကုန်၏။ တစ်နေ့သ၌ ထေရ်ကြီးသည် "ငါရှင်တို့၊ ငါတို့တတွေဟာ ညဉ့်သုံးယံပတ်လုံး ရဟန်းတရားကိုသာလျှင် အားထုတ်သင့်၏။ တစ်ပါးထံ

http://www.dhammadownload.com

တစ်ပါး မသွားသင့်" ဟု သြဝါဒစကား မိန့်ကြား၏။

ရဟန်းတော်တို့သည် ထေရ်ကြီး၏ သြဝါဒစကားကို လိုက်နာ၍ ကျင့်ကြံအားထုတ်နေကြကုန်၏။ မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ ရဟန်းတော်တို့ ငိုက်မျဉ်းကြကုန်၏။ ယင်းကို ချောင်းနေသာ ကျားတစ်ကောင်သည် တစ်နေ့လျှင် ရဟန်းတစ်ပါးကို ကိုက်၍ ချီသွား၏။

မည်သည့်ရဟန်းတော်မျှ "တပည့်တော်ကို ကျားကိုက်ပါသည်" ဟု မအော်ဟစ်၊ ယင်းသို့ဖြင့် ရဟန်းတော် ၁၅ ပါး ကျားစားခံရပြီး ဥပုသ်နေ့တွင် ဥပုသ်ပြုသော် ထေရ်ကြီးက "ငါ့ရှင်တို့၊ ရဟန်းတော် ၁၅ ပါး ဘယ်သွားကြကုန်သနည်း" ဟု မေး၏။ ရဟန်းတော်တို့သည် ထေရ်ကြီးအား အကြောင်းစုံလျှောက်ထားသော် ထေရ်ကြီးက "ငါ့ရှင်တို့ နောက်အခါ ရဟန်းတစ်ပါးပါး ကျားစားသော် 'တပည့်တော်ကို ကျားစားပါ၏' ဟု အော်ဟစ်ပြောဆိုရာ၏" ဟု မိန့်၏။

ယင်းသို့မိန့်ဆိုပြီး မကြာမီ ရဟန်းတစ်ပါးကို ကျားစားပြန်၏။ ယင်းရဟန်းတော်သည် ကျားစားကြောင်း အော်ဟစ်ပြောဆို၏။ ထိုအခါ ရဟန်းတော်သည် မီးရှူးမီးတိုင် စသည်ကိုင်ဆောင်လျှက် ကျားနောက်လိုက်လျှက် ခြောက်လှန့်၏။ စားနေကျ ကျားသည် ရဟန်းတော်များ မလိုက်နိုင်အောင် ကမ်းပါးဓောက်ကြီးကို ကျော်တက်၍ ခြေမ,ျားမှစကာ စားတော့၏။ ထိုအခါ ထေရ်ကြီးက မိန့်၏။

"သူတော်ကောင်း ဒီအခါမှာတော့ ငါတို့တတွေ မတတ်နိုင်တော့ပြီ။ ရဟန်းတော်တို့၏ တရားကြိုးစား ရှုပွားထားသည့် အကျိုးထူးသည် ဒီလိုခက်ခဲတဲ့နေရာမျိုးမှာ ထင်ရှားပါ၏။ တရားကိုသာ ကြိုးစား၍ ရှုပွားပါ"

"သော ဗျာဓုမုခေ နိပန္နောဝ တံ ဝေဒနံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေန္တော သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတ္တော = ကျားစာခံ ရဟန်းတော်သည် ကျားခံတွင်း၌ လျောင်းလျက်သာလျှင် ယင်းကျားကိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဒုက္ခဝေဒနာကို ခွာ၍ ဝိပဿနာ ရှုပွားသော် ပဋိသမ္ဘိဒါလေးပါးတို့နှင့် တကွ ရဟန္တာဖြစ်၍" ဟု ဆို၏။

ယင်းရဟန်းတော်၏ တရားရှုပွားမှုမှာ ဝေဒနာနုပဿနာ မဟုတ်ပါ။

http://www.dhammadownload.com

မိမိအားထုတ်နေကျ မူလ ကမ္မဋ္ဌာန်းကိုသာ ရှုပွား အားထုတ်၍ ရဟန္တာဖြစ်သွားကြောင်း ထင်ရှား၏။ အို စာရှုသူ၊ မိမိနှစ်သက်ရာ မှန်ကန်တိကျသည့် နည်းတစ်နည်းကို လက်ကိုင်ထား၍ အမြဲရှုပွားနေပါ။

ဆူးစူးသောရဟန်း ဘုရားရှင်လက်ထက်တော် ရဟန်းတော် ၁၂ ပါး ဘုရားရှင်ထံမှာ မိမိတို့ စရိုက်နှင့် လျော်ညီသော ကမ္မဋ္ဌာန်းတရားများကို အသီးသီး သင်ယူပြီး တောရဆောက်တည်လျှက် တရားအားထုတ်နေကြသည့်အခါတွင် ဤသို့ အချင်းချင်း ကတိကဝတ်ထားကြကုန်၏။

"ငါ့ရှင်တို့၊ ညနေစောင်းလို့ ခေါင်းလောင်းထိုးလျှင် မိမိကမ္မဋ္ဌာန်းကို မိမိယူပြီးလျှင် လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးကျရိယာပုတ် မျှတသလို အားထုတ်ကြစတမ်း၊ တစ်ပါးနှင့်တစ်ပါး စကား မပြောကြစတမ်း"

ရဟန်းတော်တို့သည် ကတိကဝတ်အတိုင်း ညီညွတ်စွာ ကြိုးစားအားထုတ်နေကြစဉ် တစ်နေ့သော ညနေ နေဝင်ခါစ ခေါင်းလောင်းထိုး၍ စကြံလျှောက် အားထုတ်သည့် ရဟန်းတစ်ပါးမှာ စကြံမှ ချော်ကျပြီး ဆူးပေါနှင်းမိလေ၏။ ဆူးသည် ခြေဖဝါးမှဖောက်၍ အပေါ်အထိ ပေါက်ထွက်၏။ အလွန်တရာပူသော ထွန်သွား၊ ထယ်သွားဖြင့် ထိုးဖောက်ဘိသကဲ့သို့ ပြင်းထန်သော ဝေဒနာကို ခံစားရ၏။

ရဟန်းတော်သည် ဆူးကိုမနုတ်ဘဲ ဆူးစူးသည့် ဝေဒနာဒဏ်ချက်ကို ခွာပြီးလျှင် မူလရှုပွားဆဲ ကမ္မဋ္ဌာန်းကို တည်ဉ့်လုံး စကြံ၌ အားထုတ်၏။ နံနက်လင်းတော့မှ အဖော်ရဟန်းတော်တစ်ပါးကို ဆူးနုတ်ပေးဖို့ လျှောက်၏။ ထိုအခါ အဖော်ရဟန်းတော်က တအံ့တသြနှင့် မေး၏-

"အရှင်ဘုရား၊ ဘယ်လိုဖြစ်တာလဲ"

"ငါ့ရှင်၊ ညနေ နေဝင်ခါစ ကတည်းက ဆူးစူးမိတယ်"

"အဘယ့်ကြောင့် တပည့်တော်တို့ကို မခေါ်သလဲ၊ ဆူးနုတ်ပြီး ဆီကလေး ဘာလေး လိမ်းပေးရတာပေါ့"

"ငါ့ရှင်၊ ငါသည် ယခု စူးနေတဲ့ဆူးကို နုတ်ရအံ့လော၊ သို့မဟုတ် ပကတိသဘောအားဖြင့် စူးဝင်၍ တည်နေသော သက္ကာယဒိဋ္ဌိဆူးကို နုတ်ရအံ့လော။ ယခု ဆူးစူးခြင်းကြောင့် ငရဲစသည့် အပါယ်လေးဘုံတို့၌ ဘေးမဖြစ်နိုင်။

http://www.dhammadownload.com

ပကတိ စူးဝင်နေတဲ့ သက္ကာယဒိဋ္ဌဆူးကြောင့်သာလျှင် ငရဲစသည့် အပါယ်လေးဘုံ တို့၌ ဘေးဖြစ်နိုင်၏" ဟု စဉ်းစားပြီး ပကတိအားဖြင့် စူးဝင်နေတဲ့ သက္ကာယဒိဋ္ဌဆူးကို နုတ်ဖို့ ကြိုးစားနေတာနဲ့ ဒီဆူးကို နုတ်ခိုင်းဖို့ အချိန်မရခဲ့ပါ"

"ပကတိအားဖြင့် စူးဝင်နေတဲ့ သက္ကာယဒိဋ္ဌဆူးကို နုတ်နိုင်ပါသလား"

"တစ်စိတ်တစ်ဒေသလောက်တော့ နုတ်နိုင်ပါတယ်"

တစ်စိတ်တစ်ဒေသလောက် နုတ်နိုင်သည် ဆိုသဖြင့် ရဟန္တာတော့ မဖြစ်။ သောတာပန်လောက်တော့ ဖြစ်ဟန်ရှိပါ၏။ (ခန္ဓသံယုတ်)

အို စာရှုသူ၊ ဝေဒနာခွာရှုနည်း၊ ဝေဒနာကို တိုက်ရိုက်ရှုနည်း၊ ဝေဒနာရှုနည်း ၂ နည်းတို့ကို ဝတ္ထုသာဓက တစ်စိတ်တစ်ဒေသနှင့် ပြပြီးပါပြီ။ စာရှုသူသည် ဒုက္ခဝေဒနာနှင့်ပတ်သက်၍ အယူအဆ မှန်ကန်စွာ ရှုပွားနိုင်ရန် အထပ်ထပ် လေ့လာဆန်းစစ်၍ အမှားပယ်ဖျောက် အမှန်ရောက်နိုင်ပါစေသော်။

ကာယိက ဥပေက္ခာ ကာယိက ဥပေက္ခာဝေဒနာ ရှုပွားလိုသော် အသိဉာဏ်တွေ့ရှိလွယ်သော ပူမှု၊ နာမှု စသော ဒုက္ခဝေဒနာတစ်ခုခုကို ဦးစွာ အရှုခံအာရုံ သိစရာအာရုံအနေမျှသာ ထားပါ။ ဥပမာ နာမှုကို တွေ့လျှင် 'နာတယ်၊ နာတယ်' ဟု အာရုံမထား အသိမလိုက်ဘဲ ဥပေက္ခာဝေဒနာအဖြစ်သို့ ရောက်သွားအောင်-

၁။ နာမှုအာရုံတွေ ထားပါတကား။
၂။ ဘယ်နေရာက နာတာလဲ။
၃။ ဘယ်လို နာသလဲ။
၄။ ဘာက နာတာလဲ။
၅။ ဘယ်ဟာကြောင့် နာတာလဲ။
၆။ ဒီနာတာဟာ ဘယ်က လာသလဲ။
၇။ နာလာအောင် ဘာက လုပ်ပေးနေလဲ။
၈။ ဘယ်မျှ ကြာအောင် နာနိုင်သလဲ။
၉။ တကယ် နာတာ ဟုတ်သလား။

ဟု နာမှုအာရုံကို နာသူအနေနှင့် မစွဲလမ်း၊ မသုံးသပ်ဘဲ အနာကို စစ်ဆေးသူ ဆေးဆရာအနေဖြင့်သာ သုံးသပ်ရပေမည်။ ယင်းသို့ သုံးသပ်နေခဲ့လျှင် ပေါ်လာသော ဝေဒနာကို ခံစားသူအဖြစ်မှ လွတ်သွားပြီး ဥပေက္ခာအဖြစ် ထားသူအနေသို့

http://www.dhammadownload.com

ရောက်သွားကာ နာမူဝေဒနာက တစ်ခြား၊ သိမှုတစ်ခြားအဖြစ်ဖြင့် ရှုလေ၊ သုံးသပ် လေပင် ကွဲလွဲခြားနားလျက် ရှိတော့အံ့။

ဆက်ရှုသော် နာမူဝေဒနာ အာရုံကို ခံစားမှုဘက် မရောက်စေတော့ဘဲ သိမှုအနေမျှသာထား၍ဖြင့် ဥပေက္ခာအနေသာ ထင်နေတော့မည်။

တဖန် သုခဝေဒနာတစ်ခုခုကို အရှုခံထားပြီး ကာယိကဥပေက္ခာ ဝေဒနာ အနေ ရှုပွားလိုသော် ဒုက္ခဝေဒနာကို အရှုခံထားပြီး ရှုသလိုပင်-

၁။ သာယာမှုတစ်ခု တွေ့နေပြီ၊
၂။ ဘယ်နေရာမှာ သာယာစရာ ရှိလဲ၊
၃။ ဘာကို သာယာသလဲ၊
၄။ သာယာစရာ ဘယ်က ရသလဲ၊
၅။ အဘယ်ကြောင့် သာယာသလဲ၊

စသည်ဖြင့် ဒုက္ခဝေဒနာစိစစ်သလို ၉ ချက် စိစစ်ပါ။ တွေ့ထားသော သာယာစရာ အာရုံကို စွဲလမ်းဖွယ်ရာအဖြစ် မထားရှိဘဲ တရားခံတစ်ဦးအား စစ်ဆေးနေသလို ရှုပွားလျှင် သုခဝေဒနာအနေမှ ဥပေက္ခာဝေဒနာ အနေသို့ရောက်သွားပြီး ဉာဏ်အဆင့်ဆင့် တက်သွားပါလိမ့်မည်။

စေတသိက သုခဝေဒနာ "စေတသိက သုခဝေဒနာကို ရှုပွားလိုသော် မိမိစိတ်ကို အတိတ်ဖြစ်သော သုခဝေဒနာအာရုံအပေါ်၌ ချထားအောက်မေ့စေ၍ ဖြစ်ပေါ်လာသော သုခဝေဒနာကို မည်သို့ပြောင်းလဲသည်ဟု သတိထား၊ ဝိရိယစိုက်ပြီး သဘောမှန်ရအောင် ရှုပွားရမည်။ 'သုခရှုလျှင်၊ ဒုက္ခထင်၊ အမြင်မှန်တော့ရာ' အရ ဒုက္ခဝေဒနာသာ တွေ့ရမည်။ ဣရိယာပုတ် အမျိုးမျိုးထား၍ ရှုပွားအားထုတ်ပါ။"

ကာယိက သုခဝေဒနာကို ဖြစ်စေ၊ စေတသိက သုခဝေဒနာကိုဖြစ်စေ၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် တရားများ မပြည့်စုံသေးလျှင် သုခဟု ထင်၏။ ယင်းမဂ္ဂင်သုံးပါး ပြည့်စုံသည်နှင့် တပြိုင်နက် "သဗ္ဗေ သင်္ခါရာဒုက္ခာ" ဟု ဆိုသည့်အတိုင်း သုခအနေနှင့် မမြင်တော့ဘဲ ဒုက္ခအနေ၊ ဥပေက္ခာအနေသာ မြင်တော့၏။

http://www.dhammadownload.com

ဝေဒနာတို့၏ ဒုက္ခသစ္စာ "သစ္စာဆိုသည်ကား မုချဧကန် မချွတ်မှန်သည်ကို ဆို၏။ ထို့ကြောင့် ဝေဒနာအားလုံးသည် ဒုက္ခဧကန် မချွတ်မှန်၏။ သုခ၊ သောမနဿဝေဒနာမှ တစ်ပါးသော ဝေဒနာတို့သည် ဒုက္ခမည်တန်စေ၊ ယင်းသုခနှင့် သောမနဿ ဝေဒနာတို့သည် အဘယ်သို့လျှင် ဒုက္ခဧကန် မချွတ်မှန်အံ့နည်း။ ကာယိက သုခ၊ စေတသိက သုခခေါ်သော သုခသည်ကား ခံစားခြင်း အနုဘဝနရသ အထူးအပြားကို ထောက်၍ အခိုက်အတန့်အားဖြင့် ထင်ရှားရှိသော အမှုမျှကို ဆိုသောသုခသာတည်း၊ အချင်းခပ်သိမ်း ဒုက္ခငြိမ်းသည်ကို ဆိုသော သုခ မဟုတ်။

ချဲ့ဦးအုံ့၊ ခံစားခြင်း အနုဘဝနရသသည် သာယာသော ခံစားခြင်းရသ၊ သုခ၊ မသာယာသော ခံစားခြင်းရသ၊ ဒုက္ခနှင့်သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်း မဟုတ်သော ခံစားခြင်းရသ၊ အဒုက္ခမသုခဟူ၍ ၃ ပါးရှိ၏။ ယင်းသို့ ခံစားခြင်း ၃ မျိုးရှိ၍ ဒုက္ခရသ၊ အဒုက္ခမသုခရသ ၂ မျိုးမှ တစ်မျိုးသော သာယာသဖြင့် ခံစားရခြင်းရသကို သုခဟူ၍ ဆို၏။ အချင်းခပ်သိမ်း ဒုက္ခငြိမ်းသောကြောင့် သုခဆိုသည်မဟုတ်။ ထိုသုခမှာ ဒုက္ခအနုန္တနှင့်ရောလျှက် ရံလျှက်ရှိသောကြောင့် သစ္စာဒေသနာတော်အလိုအားဖြင့် သုခစစ်၊ သုခမှန် မဟုတ်၊ ဒုက္ခသာ အမှန်စင်စစ်ဖြစ်၏။

သုခမှန်နှင့် ဒုက္ခမှန် သစ္စာဒေသနာတော် အလိုအားဖြင့် သုခမှန်၊ သုခစစ် ဆိုသည်ကား ခံစားခြင်းရှိသည်၊ မရှိသည် ပဓာန မဟုတ်၊ ဒုက္ခခပ်သိမ်း ငြိမ်းမှုသာ ပဓာနဖြစ်၏။ ယင်းငြိမ်းမှုဟု ဆိုအပ်သော သန္တိသင်္ခေါကိုသာ သုခမှန်၊ သုခစစ်ဆို၏။ ယင်းသန္တိသုခကို ထောက်သော် ခံစားခြင်းဟု ဆိုအပ်သောသုခသည် ဒုက္ခအနုန္တနှင့်ရောလျှက်၊ ရံလျှက်ရှိနေသော ကြောင့် သုခ မဟုတ်၊ ဒုက္ခသာ အမှန်ဖြစ်၏။

အဘယ်သို့လျှင် သုခမှာ ဒုက္ခအနုန္တ ရောလျှက်၊ ရံလျှက် ရှိနေသနည်း။ လူ့ချမ်းသာဆိုသော သုခ၌ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ သောကဒုက္ခ၊ ပရိဒေဝဒုက္ခ၊ ဒေါမနဿဒုက္ခ၊ ဥပယာသဒုက္ခ၊ ၉၆ ပါးသော အနောရောဂါ

http://www.dhammadownload.com

ဒုက္ခ၊ ၃၂ ပါးသော ကံကြမ္မာဒုက္ခ၊ ခပ်သိမ်းသော အပြင်အနှံရာယ်ဒုက္ခ၊ ခပ်သိမ်းသော အပါယ်ဒုက္ခ၊ ခပ်သိမ်းသော ကိလေသာဒုက္ခတို့သည် ထိုသုခနှင့် ရောလျှက်၊ ရံလျှက် ရှိနေကုန်၏။ အကျဉ်းအားဖြင့် ဒုက္ခ ဒုက္ခ၊ သခါရ ဒုက္ခ၊ ဝိပရိဏာမဒုက္ခ ၃ ပါး ရောလျှက်၊ ရံလျှက် ရှိနေ၏။ (အနတ္တဒီပနီ)

ဒုက္ခ ၃ ပါး ကိုယ်သဏ္ဌာန်၌ ဖြစ်ပေါ်တတ်သော ကာယိကဒုက္ခဝေဒနာမျိုး၊ စိတ်သန္တာန်၌ ဖြစ်ပေါ်တတ်သော စေတသိကဒုက္ခဝေဒနာမျိုးတို့ကို 'ဒုက္ခ ဒုက္ခ' ဟု ဆို၏။ (၁)

ဘဝတိုင်း၊ ဘဝတိုင်း အမြဲမပြတ် ကြောင့်ကြစိုက်ထုတ်၍ ပြုစုနိုင်မှတည်နေနိုင်ကြသော ရုပ်တရား၊ နာမ်တရားတို့၏ သခါရသဘောကို 'သခါရဒုက္ခ' ဟု ဆို၏။ (သခါရလက္ခဏာဖြစ်သော ဥပါဒ်၊ ဌီ၊ ဘင် (ခေါ်) ဖြစ်၊ တည်၊ ပျက် သဘောတို့ ခဏမလပ် တရစပ်နှိပ်စက်လျှက်ရှိနေသောကြောင့် သခါရဒုက္ခ ဆို၏။)

ပဋိသန္ဓေ နေပြီးသည်မှ နောက်ကာလ၌ ဘယ်အခါမှာမဆို ဘယ်နေ့ရက်မှာမဆို၊ ဘယ်နာရီမှာမဆို၊ ပျက်ခွင့်ဆိုက်လျှင် ပျက်တတ်ခြင်း၊ သေခွင့်ဆိုက်လျှင် သေတတ်ခြင်းကို 'ဝိပရိဏာမဒုက္ခ' ဟု ဆို၏။ (ဂိုဝသနာ ဒီပနီ)

မိမိလိုလားချိန်မှာ သုခဖြစ်ပြီး မလိုလားချိန်မှာ ဒုက္ခအာရုံအဖြစ်သို့ရောက်ရသော အရာမျိုးသည် 'ဝိပရိဏာမဒုက္ခ' တည်း။

နတ် ဗြဟ္မာလည်း ဒုက္ခပဲ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟု ခေါ်သော သုခတို့မှာလည်း ထိုက်သည့်အားလျော်စွာ အနိဋ္ဌလောကဓံဒုက္ခ၊ ကိလေသာဒုက္ခ၊ အဆုံးဌ် မလွဲနိုင်သော ဇရာမရဏဒုက္ခ၊ အပါယ်သို့ ကျရောက်ခြင်း အပါယဒုက္ခတို့နှင့် ရောယှက်ဆံဆံ ဝန်းရံလျှက် ရှိကြကုန်သည်သာ ဖြစ်သောကြောင့် နတ်၊ ဗြဟ္မာ ချမ်းသာစုတို့သည်လည်း ဒုက္ခစစ်၊ ဒုက္ခမျိုးသာ အမှန်ဖြစ်ကုန်၏။ သုခစစ် သုခမှန်ဆိုသည်ကား ခံစားမှုသုခဝေဒနာမျိုး မဟုတ်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှု ကင်းငြိမ်းမှုသည်သာလျှင် ဖြစ်၏။ (အနတ္တဒီပနီ)

http://www.dhammadownload.com

စေတသိကဥပေက္ခာ စေတသိကဥပေက္ခာ ဝေဒနာကိုရှုပွားလိုသော်စိတ်ကို သတ်မှတ်မထားဘဲ ဝင်လာသော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ဖြစ်သော အာရုံ ၆ ပါးကို သတိဖြင့်ခွာ၍ ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်အောင် တစ်နည်းဆိုသော် စိတ်ကို အာရုံနှင့် ငြိကပ်မှုမရှိစေဘဲ လွတ်လပ်စွာ နေနိုင်အောင် ကြိုးပမ်းပါ။ ကြိုးပမ်း၍ ဣဋ္ဌမဇ္ဈတ္တာရုံ အခြေဆိုက်ရောက်ပါက ဥပေက္ခာဝေဒနာ ပေါက်ရောက်နိုင်၏။

စိတ်သည် ဣဋ္ဌ-အနိဋ္ဌ အာရုံများနှင့် တွဲသည့်အခါ ပူနွေး၍ တင်းကျပ် ကျပ် ဖြစ်ပြီး လေးလာပါသည်။ ၎င်းဖြစ်မှုတို့ကို အပြစ်မြင်ကာ အာရုံ ၆ ပါးနှင့် မတွဲချင်၊ မတွဲလိုတော့ဘဲ ခွာမှန်းမသိ ခွာကာ၊ ကွာမှန်းမသိ ကွာကာ ဣဋ္ဌမဇ္ဈတ္တာရုံအပေါ်သို့ ရောက်၍ ဥပေက္ခာအနေသို့ ပြေးဝင်လေ၏။

ဒေါမနဿဝေဒနာ "ငါ့နှယ် ပူလိုက်တာ၊ ငါ့အပူ သိပ်ကြီးတာပဲ၊ ငါ့အပူ သူများအပူနှင့် မတူဘူး။ ငါ ပူသည်" စသည်ဖြင့် နှေ့စဉ်လိုလို ပြောဆိုနေကြ၏။ ယင်းသို့ ပြောဆိုကြရာဝယ် 'ငါပူသည်' ဟု အပြောတစ်လုံးကို ဓါတ်ခွဲ၍ ကြည့်ကြစို့။

"ငါပူသည်" ၌ ငါဆိုတာက "ခန္ဓပဉ္စက မုပါဒါယ ပုရိသပုဂ္ဂလာဒိကာ" ဟူသော လက်သန်းအဋ္ဌကထာအရ ယောက်ျားပညတ်၊ မိန်းမပညတ်၊ ပုဂ္ဂိုလ်ပညတ်၊ သတ္တဝါပညတ်၊ လူပညတ်၊ ပုံသဏ္ဌာန်ရှိလို့ သဏ္ဌာနပညတ်၊ ရုပ်နာမ်တွေ စုပေါင်းထားလို့ သမူဟပညတ်။

မှတ်ချက် ပညတ်ကို သင်္ကေတ၊ အသခ်ိတဟု မဆိုရပါ။ မဆိုနိုင်ပါ။ သို့ဖြစ်၍ ငါဆိုသော လူကောင်ကြီး တစ်ကိုယ်လုံးသည် ပညတ်တရားဖြစ်သည့်အတွက် ဘာမျှ မရှိသော ပညတ်တရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ မရှုပွားရပါ။

'ငါပူသည်' ၌ **'အဒ္ဓယံ သမနုပဿတိ'** ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရ ငါနှင့် ပူသည်မှာ နှစ်ခုဖြစ်လျက် တစ်ခုတည်းအနေ ခေါ်ဝေါ်ပြောဆိုမှုမှ "သမ္မုတိ ဌပေတွာ နိဗ္ဗတ္တိတာ ပရမတ္ထဝသေန" ဟူသော လက်သန်း အဋ္ဌကထာအရ ငါဆိုသော သမုတိပညတ်ကို အသိတရားနှင့်ဖယ်ရှားပြီး ပူမှု

http://www.dhammadownload.com

သောကခေါ်တဲ့ ဒေါမနဿဝေဒနာ၊ ဓမ္မဓာတ်၊ ပရမတ်တရားကို အသိတရားနှင့် သတိထားပြီး ရှုပွားရပါမည်။

သို့ဖြစ်၍ ငါပူသည်၌ ငါဆိုတာက ပညတ်၊ ပူမှုက ဒေါမနဿဝေဒနာ၊ **ဓမ္မဓာတ်၊ စေတသိက်** ပရမတ်တရား (ပညတ် ပရမတ်ခွဲ)

ပူမှုသည် သခိတဓာတ် ပရမတ်မှန်ခြင်းကြောင့် ခပ်မြန်မြန်ဖြစ်၍လည်း ပြပါသည်။ ပျက်၍လည်း ပြပါသည်။ ပူမှုသောကဓာတ်၏ သက်တမ်းသည် **အလွန်တိုတောင်းလှပါ**၏။

ပူမှု-သောကဓာတ်ခေါ်တဲ့ ဒေါမနဿဝေဒနာ ဓမ္မဓာတ်ကို ငါလို့၊ **လူလို့၊ အကောင်ကြီးလို့** ထင်မြင်လျှင် အတ္တဝါဒ၊ အတ္တဒိဋ္ဌိ ဖြစ်၏။ ငါမဟုတ်၊ **လူမဟုတ်၊ အကောင်**မဟုတ်၊ ဓမ္မဓာတ် သဘာဝတစ်ခုသာဟု ဟုတ်မှန်သည့် **အတိုင်း** သိမြင်လျှင် အနတ္တဝါဒ၊ သမ္မာဒိဋ္ဌိ ဖြစ်၏။ (အတ္တအနတ္တခွဲ)

ပူမှုသည် **မြေ**၊ ရေ၊ လေ၊ မီးဟူသော မဟာဘုတ်လေးပါး၊ ရုပ်ဓာတ် **တရား၏ အလုပ်ကိစ္စ** မဟုတ်ပါတကား၊ သောကခေါ်တဲ့ ဒေါမနဿဝေဒနာ **ဓမ္မဓာတ်၊ နာမ်ဓာတ်တရား**၏ အလုပ်ကိစ္စပါတကား။ (ရုပ်ကိစ္စနာမ်ကိစ္စခွဲ)

ဤ၌ သိမှု မြင်မှုက ဉာဏ်၊ အသိခံ အမြင်ခံမှုက ဒေါမနဿဝေဒနာ **ဓမ္မဓာတ်၊ နာမ်ဓာတ်ပါတကား**။

ပူမှုသောကခေါ်တဲ့ ဒေါမနဿဝေဒနာ ဓမ္မဓာတ်သည် ငါ့ကြောင့်ဖြစ် **ပေါ်လာသည် မဟုတ်ပါတကား**။ ဆွေမျိုးပျက်စီးမှု စသော ပူစရာအာရုံကြောင့် ဖြစ်**ပေါ်လာရတာပါ တကား**။ (အကြောင်းအကျိုးခွဲ)

မှတ်ချက် ။ ။ **ဝိပဿနာရှုသောအခါ** အကြောင်းရှိသမျှတို့ကို ရှုကြည့်ရန် မလိုပါ။ **အကြောင်းရင်း ပဒဋ္ဌာန်**ကို သိမြင်လျှင် ကိစ္စ ပြီးပါသည်။

ရှုပွားသော် **စိတ်ပူလျှင် စိတ်ပူမှုန်း**ကို သိ။ ဒေါမနဿဝေဒနာ၊ ဓမ္မဓာတ်၊ **နာမ်ဓာတ်တရား**တို့၏ အလုပ်ကိစ္စပါတကားဟု အဟုတ် အမှန်ကို **ဉာဏ်ပညာ ဖြင့်သိ**၊ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်**စေတသိက်** ဓာတ်ဆိုးဓာတ်ဝါး ထင်မြင်သလို ငါကိုယ်ကောင်

http://www.dhammadownload.com

တစ်ကိုယ်လုံး၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု အဟုတ် အမှန်ကို အသိဉာဏ် ပညာဖြင့် သိ။ ဉာဏ်မျက်စိ ဖြင့် မြင်အောင် ကြည့်။ (သစ္စဉာဏ်၊ ဉာတပရိညာ)

စိတ်ပူမှု ဒေါမနဿဝေဒနာ၊ ဓမ္မဓာတ်၊ နာမ်တရားတို့သည် အမြဲမရှိ အနိစ္စ၊ အသစ်အဟောင်း တပြောင်းလဲတည်း ပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမ ဒုက္ခ၊ ငါကောင်မဟုတ် အနတ္တ၊ လူမဟုတ် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုမလိုက် အနတ္တ၊ အနှစ်သာရ ဘာမျှ ရှာမရ အနတ္တ။ (ကိစ္စဉာဏ်၊ တီရဏပရိညာ)

"အကုသလော ဓမ္မော ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သေက္ခာဝါပုထုဇ္ဇနာဝါ (ဒေါသ) အကုသလံအနိစ္စတောဒုက္ခတော အနတ္တတော ဝိပသ္သန္တိ။ အာရမ္မဏ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်းပဋ္ဌာဝါရ)

"နေတံ မမ = နဒတံ မမ" ဤပူမှု ဒေါမနဿဝေဒနာ၊ ဓမ္မဓာတ် သည် ငါဉစ္စာ မဟုတ်ပါတကား၊ ငါကြောင့် ဖြစ်တာလဲ မဟုတ်ပါတကား၊ ဆွေမျိုးပျက်စီးခြင်းစသော အာရုံပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာရပါတကား"

"နေသောဟမသ္မိ = နဒသော အဟံ အသ္မိ" ငါမို့လို့ ပူတာမဟုတ် ပါတကား၊ ဒေါမနဿ ဝေဒနာ ဓမ္မဓာတ်မို့ ပူတာပါတကား"

"နမေ သော အတ္တာ = နမေ ဒသော အတ္တာ" ပူမှုသည် ငါကောင် မဟုတ်ပါတကား၊ ကိုယ်ကောင် မဟုတ်ပါတကား၊ လူ မဟုတ်ပါတကား၊ လူသည် ပူမှု မဟုတ်ပါတကား၊ ပူမှုပေါ်မှာ လူက မမှီပါတကား၊ လူပေါ်မှာ ပူမှုက မမှီပါတကား။ (ကတဉာဏ်၊ မဟာနပရိညာ)

ပူမှုဒေါမနဿဝေဒနာ၊ ဓမ္မဓာတ်သည် လူပေါ်မှာမမှီလျှင်၊ ငါကောင် ပေါ်မှာ မမှီလျှင် အဘယ်အပေါ်မှာ မှီပါသလဲ၊ အချင်းချင်း နာမကွန်နာလေးပါး၌ မှီပါတကား။

နိဿယပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန်း၊ ပစ္စယနိဒ္ဒေသ)

ထိုနာမကွန်နာ လေးပါးတို့သည် အဘယ်အပေါ်မှာ မှီပါသလဲ၊ ဟဒယ ရုပ်ဝတ္ထုပေါ်မှာ မှီပါတကား။

နိဿယ ပစ္စယောတိ - ဩက္ကန္တိကဏော နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ)

http://www.dhammadownload.com

ထိုဟဒယဝတ္ထုရုပ်သည် ဘယ်အပေါ်မှာ မှီပါသလဲ၊ မိမိကလာပ်၌ ရှိသော မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးအပေါ်မှာ မှီပါတကား။

နိဿယပစ္စယောတိ - မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ)

မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးတို့သည် ဘယ်ကို မှီပါသလဲ။ တစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အချင်းချင်း မဟာဘုတ်လေးပါးကို မှီပါတကား။

နိဿယပစ္စယောတိ - စတ္တာရော မဟာဘူတာ အညမညံ နိဿယ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ)

ခန္ဓာဖွဲ့၍ရှု **"ခု ရှေး နောင်လျှင်၊ တွင်း ပြင် နှစ်ခန်း၊ အကြမ်း အနု၊ နှစ်ခု ယုတ်မြတ်၊ နီးကပ်ဝေးကွာဆယ့်တစ်ဖြာ၊ ခန္ဓာဖွဲ့၍ရှု"**

ဟူသော လင်္ကာအရ တစ်ဆယ့်တစ်ခုသော ဝေဒနာတို့ကို စုပေါင်းထားသော ကြောင့် ဝေဒနာက္ခန္ဓာလို့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ ခန္ဓာဝိတင်း ပါဠိတော် များမှာ ဟော်တော်မူပါသည်။ မြန်မာလိုဆိုသော်-

၁။ ယခုဖြစ်ဆဲ ပူမှု (ပစ္စုပ္ပန်)
၂။ ရှေးရှေးက ပူမှု (အတိတ်)
၃။ လာလတ္တံ့သော ပူမှု (အနာဂတ်)
၄။ ကိုယ်တွင်းသန္တာန် ပူမှု (အဇ္ဈတ္တ)
၅။ သူတစ်ပါးသန္တာန် အပြင်ပူမှု (ဗဟိဒ္ဓ)
၆။ ခပ်ကြမ်းကြမ်းပူမှု (သြဠာရိက)
၇။ ခပ်နုနု ပူမှု (သုခုမ)
၈။ ယုတ်ညံ့သော ပူမှု (ဟီန)
၉။ မြင့်မြတ်သော ပူမှု (ပဏီတ)
၁၀။ နီးကပ်သော ပူမှု (သန္တိက)
၁၁။ ဝေးသော ပူမှု (ဒူရ)

ဆိုတဲ့ "ဤ ၁၁ ခုသော ပူမှုတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည်

http://www.dhammadownload.com

မဟုတ်ကြကုန်" စသည်ဖြင့် အစက ရှုတဲ့နည်းအတိုင်း ပြန်၍အစဉ်အတိုင်းရှုပါ။ (ပဋ္ဌာန်းအခြေခံ ဝိပဿနာ)

ဂေလညသုတ်ရှုနည်း ရဟန်းတို့၊ အောက်မေ့မှု သတိ၊ ဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာ အားထုတ်လျှက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကာ နေသော ယောဂီအား သုခဝေဒနာ ဖြစ်ပေါ်လာခဲ့မှု ထိုယောဂီသည် ဤသို့ သိ၏-

"ဥပွန္နာ ခေါမျာယံ သုခါ ဝေဒနာ၊ သာ စ ခေါ ပဋိစ္စ၊ နော အပဋိစ္စ။ ကီ ပဋိစ္စ၊ ဣမမေဝကာယံ ပဋိစ္စ = ငါ့အား ဤ သုခဝေဒနာ ဖြစ်ပေါ်လာခဲ့ ပေပြီ။ ထိုသုခဝေဒနာကား အစွဲပြု၍သာ ဖြစ်ပေါ်လာခဲ့၏။ အစွဲမပြုဘဲ ဖြစ်ပေါ် လာသည်မဟုတ်။ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း။ ဤခန္ဓာကိုယ် ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏။"

"အယံ ခေါပန ကာယော အနိစ္စော သခံတော ပဋိစ္စသမုပွန္နော၊ အနိစ္စံ ခေါပန သခံတံ ပဋိစ္စသမုပွန္နံကာယံ ပဋိစ္စ သုခါ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ = ဤခန္ဓာကိုယ်သည်ကား မမြဲသောသဘော၊ ပြုပြင်အပ်သော သဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိ၏။ ယင်းသို့ မမြဲသော သဘော၊ ပြုပြင်အပ်သော သဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘော ရှိသော ခန္ဓာကိုယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသော သုခဝေဒနာကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း"

"ဥပွန္နာ ခေါ မျာယံ သုခါဝေဒနာ၊ သာ စ ခေါ ပဋိစ္စ၊ နော အပဋိစ္စ၊ ကီ ပဋိစ္စ၊ ဣမမေဝ ဖဿံ ပဋိစ္စ = ငါ့အား ဤဝေဒနာဖြစ်ပေါ်ခဲ့၏။ ထိုသုခ ဝေဒနာကား အစွဲပြု၍သာ ဖြစ်ပေါ်လာခဲ့၏။ အစွဲမပြုဘဲ ဖြစ်ပေါ်လာသည် မဟုတ်။ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း။ ဤတွေ့ထိမှုဖဿကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏"

"အယံ ခေါပန ဖဿော အနိစ္စော သခံတော ပဋိစ္စသမုပွန္နော၊ အနိစ္စ

http://www.dhammadownload.com

ခေါပန သခ်ီတံ ပဋိစ္စသမုပ္ပန္နံ ဖဿံ ပဋိစ္စ ဥပ္ပန္နာ သုခါ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ = ဤတွေ့ထိမှု ဖဿသည်ကား မမြဲသော သဘော၊ ပြုပြင်အပ်သော သဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်း သဘောရှိ၏။ ယင်းသို့ မမြဲသောသဘော၊ ပြုပြင်အပ်သော သဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိသော တွေ့ထိမှုဖဿကို အစွဲပြု၍ ဖြစ်ပေါ်လာသည့် သုခဝေဒနာကား အဘယ်မှာ မြဲနိုင်ပါလိမ့်မည်နည်း"

ထိုယောဂီသည် ခန္ဓာကိုယ်၌လည်းကောင်း၊ (တွေ့ထိမှုဖဿ၌လည်းကောင်း) သုခဝေဒနာ၌ လည်းကောင်း မမြဲခြင်းသဘော၊ ပျက်စီးခြင်းသဘော၊ စွဲမက်မှုကင်းကွာခြင်းသဘော၊ ချုပ်ငြိမ်းခြင်းသဘော၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက် နေ၏။ ယင်းသို့ ရှုနေသော ထိုယောဂီအား ခန္ဓာကိုယ်၌လည်းကောင်း။ (တွေ့ထိမှုဖဿ၌လည်းကောင်း) သုခဝေဒနာ၌လည်းကောင်း၊ ရာဂါနုသယသည် ပျောက်ကင်း၏။

ထိုယောဂီသည် သုခဝေဒနာကို ခံစားခဲ့မူ ထိုဝေဒနာကား မမြဲဟု သိ၏။ လွှမ်းမိုး၍ မဖြစ်သော တရားဟု သိ၏။ မနှစ်သက်အပ်သော တရားဟု သိ၏။ ထိုယောဂီသည် သုခဝေဒနာကို ခံစားခဲ့မူ ကိလေသာနှင့် မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။

ရဟန်းတို့၊ ဥပမာသော်ကား ဆီနှင့် မီးစာကိုစွဲ၍ ဆီမီးသည် တောက်ရာ၏။ ယင်းဆီနှင့် မီးစာ၏ ကုန်ခန်းခြင်းကြောင့်ပင်လျှင် လောင်စာ မရှိသည် ဖြစ်၍ ငြိမ်းအေးလေရာသကဲ့သို့ ဤအတူပင် ယောဂီသည် ခန္ဓာကိုယ်အပိုင်း အခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏။ ခန္ဓာကိုယ် ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင် ခံစားမှုဟူသမျှတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟု သိ၏။

ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကို သုခဝေဒနာနေရာတွင် အစားထိုး၍ ပြန်လည် ဖတ်ရှုပါ။ ထူးသည်မှာ ဒုက္ခဝေဒနာ၌၊ ပဋိဃာ နုသယသည် ပျောက်ကင်း၏။ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယသည် ပျောက်ကင်း၏။ ဤမျှသာ ထူး၏။ (ဝေဒနာ သံယုတ်)

http://www.dhammadownload.com

အနုသယပယ်ခွာ "သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော = ရဟန်းတို့ သုခဝေဒနာ၌ စွဲမက်မှု ရာဂါနုသယကို ပယ်အပ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု ပဋိဃာနုသယကို ပယ်အပ်၏။ ဥပေက္ခာဝေဒနာ၌ မသိမှု အဝိဇ္ဇာနုသယကို ပယ်အပ်၏။

ရဟန်းတို့၊ သုခဝေဒနာ၌ စွဲမက်မှု ရာဂါနုသယကို၊ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု ပဋိဃာနုသယကို ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်ပြီးသော ယောဂီကို အနုသယ ကင်းကွာသူ၊ ကောင်းစွာ မြင်ပြီးသူဟု ဆိုရ၏။ ထိုယောဂီသည် တပ်မက်မှု တဏှာကို ဖြတ်တောက်လေပြီ။ အနှောင်အဖွဲ့သံယောဇဉ်ကို ဖြေချွတ်လေပြီ။ မာနကို အကြွင်းမဲ့ပယ်ခြင်းကြောင်း ဆင်းရဲ၏ အဆုံးကို ပြုလေပြီ။ (ဝေဒနာသံယုတ်)

အို စာရှူသူ၊ ဝေဒနာကို ပယ်ရမည်လော၊ အနုသယကို ပယ်ရမည်လော၊ ဝေဒနာကုန်အောင် အားထုတ်ရမည်လော၊ အနုသယကုန်အောင် အားထုတ်ရမည်လော စာရှူသူ ကိုယ်တိုင် အဖြေပေးနိုင်ပါပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

၃။ စိတ္တာ နုပဿနာ

စိတ်ခေါ်ပုံ အဘယ်ကြောင့် စိတ်ဟု ခေါ်သနည်း။ အာရုံကို သိတတ်သောကြောင့် စိတ်ဟုခေါ်၏။ အာရုံကို သိရာ၌ သညာသိ၊ ပညာသိ၊ ဝိညာဏ် (စိတ်) သိဟူ၍ ၃ မျိုး ရှိ၏။ ယင်းတွင်-

၁။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ မှတ်မိရုံသာသိခြင်း "မှတ်သိ-သိခြင်း" သည် သညာသိတည်း။

၂။ အမှားမရှိ၊ အမှန်အတိုင်း ထိုးထွင်း၍ သိခြင်းသည် ပညာသိတည်း။

၃။ အာရုံတစ်ခုကို ရယူသိခြင်းသည် ဝိညာဏ် (စိတ်) သိတည်း။

ထို့ကြောင့် ဝိဇာနာတိ - စိတ်သည် သညာ၊ ပညာတို့ သိပုံမှ တမူထူးခြား၍ တစ်မျိုးအားဖြင့် သိ၏ဟု ဋီကာကျော်ဆရာက ဖွင့်ပြ၏။

စိတ်-ဝိညာဏ်သိ ၆ မျိုး သတ္တဝါ အားလုံးတို့၏ လက်ကိုင်အဖြစ် အထိန်းအချုပ်ဖြစ်သော စိတ်၊ ဝိညာဏ်သိသည်-

၁။ ရုပ်ဒွါရ ငါးခုနှင့်ဆိုင်သော ပဉ္စဝိညာဏ် (စိတ်) သိ ငါးမျိုး၊

၂။ နာမ်ဒွါရ တစ်ခုနှင့်ဆိုင်သော မနောဝိညာဏ် (စိတ်) သိတစ်မျိုး အားဖြင့် ၆ မျိုးရှိလေ၏။ ထို့ကြောင့် ဘုရားရှင်လည်း ဤသို့ဟောတော်မူ၏-

http://www.dhammadownload.com

"ရဟန်းတို့ (စိတ်) ဝိညာဏ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ (စိတ်) ဝိညာဏ်အပေါင်းတို့သည်-

၁။ စက္ခုဝိညာဏ်၊
၂။ သောတဝိညာဏ်၊
၃။ ဃာနဝိညာဏ်၊
၄။ ဇိဝှါဝိညာဏ်၊
၅။ ကာယဝိညာဏ်၊
၆။ မနောဝိညာဏ်၊

အားဖြင့် ဤ ၆ ပါး တို့တည်း။ (ခန္ဓသံယုတ်)

ယင်းတွင် တစ်မှ ငါးအထိ ဝိညာဏ်ငါးပါးကို "ပဉ္စဝိညာဏ်" ဟု ခေါ်၏။ ရုပ်ဒွါရ ငါးခုဌ ဖြစ်၏။ ခြောက်ခုမြောက် ဝိညာဏ်ကား မနောဝိညာဏ်တည်း။ နာမ်ဒွါရတစ်ခုဌ ဖြစ်၏။ ရုပ်ဒွါရငါးခုဌ ဖြစ်ပေါ်လာသော ပဉ္စဝိညာဏ်သိ ငါးမျိုးတို့သည် ပရမတ်ရုပ်စစ်ကို တွေ့ကြ သိကြသည်။ နာမ်ဒွါရတစ်ခုဌ ဖြစ်ပေါ်လာသော မနောဝိညာဏ်သိသည် ပရမတ်နှင့် ပညတ် ၂ မျိုးလုံးကို တွေ့သိနေလေ၏။

ပဉ္စဝိညာဏ်တို့သည် မြင်၊ ကြား၊ နံ၊ လျက်၊ ထိ ဟူသော ငါးကိစ္စကို အများဆုံးအနေ သိနေ၊ ဖြစ်ပေါ်နေကြလျက် ဟိတ် ၆ ပါးကင်း သတိ၊ သမာဓိ၊ ပညာ ကင်းကြသဖြင့် အားအနည်းဆုံး ဝိညာဏ်များဖြစ်ကြသော ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း မဖြစ်ပေါ်စေနိုင်။ ကုသိုလ် အကုသိုလ် ကိုလည်း မဖြစ်ပေါ်စေနိုင်။ မှန်၏။ ဘုရားရှင်လည်း ဤသို့ဟော်တော်မူခဲ့၏။

"ပဉ္စဝိညာဏ်တို့သည် အာရုံ၏အရသာကို မခံစားနိုင်ကြကုန်။ ပဉ္စဝိညာဏ်တို့ဖြင့် အာရုံအပေါ် ဦးစွာသိမှု ကျရုံမှတစ်ပါး၊ မည်သည့် ဓမ္မသဘောတို့မျှ ထိုးထွင်း၍ မသိနိုင်။ မည်သည့် ကျေရိယာပုတ်ကိုမျှ တည်တံ့အောင် မဖန်တီးပေးနိုင်။ ကာယကံမှု၊ ဝစီကံမှုကို မစီမံနိုင်။ ကုသိုလ် အကုသိုလ်ကိုလည်း မဖန်တီးနိုင်။ သမာပတ် ၂ မျိုးလုံးကို မဝင်စားနိုင်။ ဝင်စားမှုမှလည်း ပြန်၍ မထနိုင်။ သေမှုနှင့် ပဋိသန္ဓေနေမှုကိုလည်း မပြုစွမ်းနိုင်။ အိပ်ပျော်မှု၊

http://www.dhammadownload.com

နိုးလာမှုကိုလည်း မပြုနိုင်" (ဥဏာဝိဘင်း)

ဆင်းရဲချမ်းသာ "ရဟန်းတို့၊ မဆုံးမအပ်၊ မလုံခြုံစေအပ်၊ မစောင့်ရှောက်အပ်၊ မဆိုပိတ်အပ်၊ မပွားများအပ်၊ ထင်ရှားလည်း မဖြစ်ပေါ်သေး၊ အဖန်ဖန်လည်း အလေ့အလာ မပြုအပ်သေးသော ဤစိတ်သည် ပြုခြင်းငှာ မသင့်လျော်၊ မလွယ်ကူ၊ များစွာ အကျိုးမဲ့ခြင်းငှာလည်းဖြစ်၊ ဆင်းရဲဒုက္ခကိုလည်း ဆောင်သကဲ့သို့ ဤအတူ ပြုခြင်းဌာ မသင့်လျော်၊ မလွယ်ကူ၊ များစွာ အကျိုးမဲ့ခြင်းငှာလည်းဖြစ်၊ ဆင်းရဲဒုက္ခကိုလည်း ဆောင်သော တစ်ခြားတရား တစ်ခုကိုမျှလည်း ငါမမြင်"

"ရဟန်းတို့၊ ဆုံးမအပ်၊ လုံခြုံစေအပ်၊ စောင့်ရှောက်အပ်၊ ဆိုပိတ်အပ်၊ ပွားများအပ် ထင်ရှားလည်း ဖြစ်ပေါ်၊ အဖန်ဖန် အလေ့အလာလည်း ပြုအပ်ပြီးသော ဤစိတ်သည် ပြုခြင်းငှာ သင့်လျော်၊ လွယ်ကူများစွာ အကျိုးရှိခြင်းငှာလည်းဖြစ်၊ ချမ်းသာသုခကိုလည်း ဆောင်သကဲ့သို့ ဤအတူပြုခြင်းငှာ သင့်လျော်၊ လွယ်ကူ၊ များစွာ အကျိုးရှိခြင်းဌာလည်းဖြစ်၊ ချမ်းသာသုခကိုလည်း ဆောင်သော တစ်ခြားတရားတစ်ခုကိုမျှလည်း ငါမမြင်"

စိတ်ကိုကောင်းစွာ ထား မထား "ရဟန်းတို့၊ ဥပမာသော်ကား-(အောက်သို့ အဖျားလှည့်၍) မကောင်းသဖြင့် ထားအပ်သော သလေးစပါးဆူး၊ မုယောစပါးဆူးကို လက်ဖြင့်နှိပ်၊ ခြေဖြင့်နင်းသော်လက်၊ ခြေကို စူး၍ သွေးထွက်နိုင်သော အကြောင်းရှိသကဲ့သို့။ ဤအတူပင် ရဟန်းသည် မကောင်းသဖြင့် ထားအပ်သောစိတ်ဖြင့် အဝိဇ္ဇာကို စင်စစ်ခွဲဖျက်၍ ဝိဇ္ဇာကို ဖြစ်စေအံ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အံ့သော အကြောင်းမရှိ"

"ရဟန်းတို့၊ ဥပမာသော်ကား (အထက်သို့ အဖျားလှည့်၍) ကောင်းစွာ ထားအပ်သော သလေးစပါးဆူး၊ မုယောစပါးဆူးကို လက်ဖြင့်နှိပ်၊ ခြေဖြင့်နင်းသော် လက်၊ ခြေကို စူး၍ သွေးထွက်နိုင်သော အကြောင်းရှိသကဲ့သို့ ဤအတူပင် ရဟန်းသည် ကောင်းစွာ ထားအပ်သောစိတ်ဖြင့် အဝိဇ္ဇာကို စင်စစ်ခွဲဖျက်၍ ဝိဇ္ဇာကို ဖြစ်စေအံ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အံ့သော အကြောင်းရှိ၏" (ဓကဂိုတ္တရ)

http://www.dhammadownload.com

စိတ်ကို ပွား-မပွား "ရဟန်းတို့၊ ဤ (ဘဝင်) စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏။ ထိုစိတ်သည်ပင် အကုသိုလ်ဧော ခဏ၌ ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏။ ထိုအခြင်းအရာကို ဟုတ်တိုင်းမှန်စွာ မသိသောကြောင့် အကြား အမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား စိတ်ကို ပွားများခြင်းမရှိဟု ငါဆို၏"

"ရဟန်းတို့၊ ဤ (ဘဝင်) စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏။ ထိုစိတ်သည်ပင် ကုသိုလ်ဧောခဏ၌ ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူး ကြောင်း ကိလေသာတို့မှ ကင်းလွတ်၏။ ထိုအခြင်းအရာကို ဟုတ်တိုင်းမှန်စွာ သိသောကြောင့် အကြားအမြင်ရှိသော အရိယာသာဝကအား စိတ်ကို ပွားများ ခြင်းရှိ၏ဟု ငါဆို၏" (ဧကဂိုတ္တရ)

စိတ်အတိုင်း ထားမည်လော အို စာရှူသူ၊ အထက်ပါ ဘုရားရှင်၏ ဟောကြားချက်ကို ဖတ်ရှုရသော် စိတ်ကို မပွားများဘဲ စိတ်အတိုင်းပဲ ထားရမည်လော။ သို့မဟုတ် ပြုပြင်ပွ ားများ ပေးရမည်လော။ စိတ်ကို မပြုပြင် မပွားများသူသည် အဘယ်သူ၊ ပြုပြင်ပွား များသူသည် အဘယ်သူဟူ၍ ခြားနားသည် မဟုတ်ပါလော။

စိတ်နောက်-စိတ်ကြည် "ရဟန်းတို့၊ ဥပမာသော်ကား မျက်စိကောင်းသော ယောကျ်ားသည် နောက်ကျ၍ ပေါက်ပက်ခတ်၊ ညွန်အနည်ထနေသော ရေအိုင်၌ သွားလာ၊ ရပ်တည်နေသော ယောက်သွား ခရ၊ ကျောက်ခဲ၊ အိုးခွံမဲ့ကွဲ၊ ငါးအများကို ကြည့်သော်လည်း မမြင်နိုင်ရာ သကဲ့သို့ ဤအတူပင် ရဟန်းသည် နောက်ကျနေသောစိတ်ဖြင့် စင်စစ် မိမိ အကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါးနှစ်ဦးသား အကျိုးကို မသိနိုင်။ အရိယာတို့အား လျောက်ပတ်သော ဉာဏ်အမြင် အထူးဖြစ်သည့် လူတို့၏ ကုသိုလ်ကမ္မပထတရား ၁၀ ပါးထက် လွန်မြတ်သော ဈာန်၊ မဂ်၊ ဖိုလ် တရားကိုလည်း မျက်မှောက်မပြုနိုင်"

"ရဟန်းတို့၊ ဥပမာသော်ကား မျက်စိကောင်းသော ယောကျ်ားသည် ကြည်လင်၍ ပေါက်ပက်မခတ်၊ ညွန်အနည်မထသော ရေအိုင်၌ သွားလာ၊

http://www.dhammadownload.com

ရပ်တည်နေသော ယောက်သွား၊ ခရ၊ ကျောက်ခဲ၊ အိုးခြမ်းကွဲ၊ ငါးအများကို ကြည့်သော် မြင်နိုင်ရာသကဲ့သို့ ဤအတူပင် ရဟန်းသည် ကြည်လင်သောစိတ်ဖြင့် စင်စစ် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားအကျိုးကို သိနိုင်၏။ အရိယာတို့အား လျောက်ပတ်သော ဉာဏ်အမြင် အထူးဖြစ်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ၁၀ ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကိုလည်း မျက်မှောက်ပြုနိုင်၏" (ဧကဂ်တ္တရ)

စိတ်သည်လျင်မြန် "ရဟန်းတို့၊ ဤစိတ်သည် လျင်မြန်စွာ ပြောင်းလဲသကဲ့သို့ ဤအတူ လျင်မြန်စွာ ပြောင်းလဲသော တခြားတရားကိုလည်း ငါမမြင်။ ရဟန်းတို့ စိတ်သည် အလွန် လျင်မြန်စွာ ပြောင်းလဲ၏။ ဥပမာပြုရန် မလွယ်ကူ" (ဧကဂ်တ္တရ)

"နှိမ်နင်းရန်လည်း ခဲယဉ်း၊ အဖြစ်အပျက်လည်း အလွန်မြန်၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို ချင့်တွက်မရှိ တွေ့မိတွေ့ရာ ကာမဂုဏ်၌လည်း ကျရောက်လေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် အလွန်ကောင်းမြတ်၏။ ဆုံးမ၍ ယဉ်ကျေးသော စိတ်သည် ချမ်းသာကိုဆောင်၏။" (ဓမ္မပဒ)

စိတ်ရှေ့သွား "ရဟန်းတို့၊ အကုသိုလ်ကိုမှီ၍ ဖြစ်ကုန်သော အကုသိုလ် အသင်းဝင်ဖြစ်ကုန်သော အကုသိုလ်ဟူသမျှ အားလုံးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏။ ထိုတရားတို့တွင် စိတ်သည် ရှေ့ဦးစွာဖြစ်၏။ အကုသိုလ်တရားတို့သည် အတူလိုက်၍သာလျှင် ဖြစ်ကုန်၏။"

"ရဟန်းတို့၊ ကုသိုလ်ကို မှီ၍ ဖြစ်ကုန်သော ကုသိုလ်အသင်းဝင် ဖြစ်ကုန်သော ကုသိုလ်ဟူသမျှ အားလုံးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏။ ထိုတရားတို့တွင် စိတ်သည် ရှေ့ဦးစွာဖြစ်၏။ ကုသိုလ်တရားတို့သည် အတူလိုက်၍သာလျှင် ဖြစ်ကုန်၏။" (ဧကဂ်တ္တရ)

http://www.dhammadownload.com

စိတ်တစ်ခုတော့ နိုင်ပါတယ် ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် သူဌေးသား တစ်ယောက်သည် မိမိအိမ်သို့ ကြွနေကျ ရဟန်းတော်တစ်ပါးကို ဤသို့ လျှောက်ထားမေးမြန်း၏"

"အရှင်ဘုရား၊ တပည့်တော်သည် ဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုစိတ်ရှိပါ၏။ တပည့်တော်အား ဝတ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်း တရားကောင်းကို ဟောကြားတော်မူပါဘုရား"

"ကောင်းပြီဒကာ၊ ဒါဖြင့်လျှင် စာရေးတံ ဆွမ်း လှူလော့။ ဆယ့်ငါးရက်တစ်ကြိမ် ပက္ခိကဆွမ်းလှူလော့။ ဝါဆိုကျောင်း ဆောက်လော့။ ပစ္စည်းလေးပါး လှူလော့။ မိမိရှိ ပစ္စည်းကို သုံးပုံတစ်ပုံ အရင်းပြု၊ တစ်ပုံကို သားမယားကျွေး၊ တစ်ပုံကို သာသနာတော်၌ လှူဒါန်းလော့"

ဒကာသည် "ကောင်းပါပြီ၊ အရှင်ဘုရား" ဟု ဝန်ခံပြီး အရှင်မြတ်ဟောသမျှ အားလုံးကို အစဉ်အတိုင်း အနုပုဗ္ဗအားဖြင့် ပြုလုပ်ပြီးသော် အရှင်မြတ်အား လျှောက်ပြန်၏-

"အရှင်ဘုရား၊ ထို့ထက်ကောင်းမြတ်သော တခြားဘာကိစ္စတွေ ပြုလုပ်ရပါဦးမည်နည်း ဘုရား"

"ဒကာ၊ ဒါဖြင့်လျှင် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်ဆောက်တည်လော့။ ဆယ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်းလော့"

ဒကာသည် "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံပြီးလျှင် အစဉ်အတိုင်း အနုပုဗ္ဗအားဖြင့် ပြုလုပ်၏။ သို့ဖြစ်၍ သူ၏အမည်ကို 'အနုပုဗ္ဗသေဋ္ဌိ' ဟူ၍ ခေါ်ကြ၏။ တဖန် ဒကာသည် လျှောက်ပြန်၏-

"အရှင်ဘုရား၊ ထို့ထက်ကောင်းမြတ်သော တခြားဘာကိစ္စတွေ ပြုလုပ်ရပါဦးမည်နည်း ဘုရား"

"ဒကာ ဒါဖြင့်လျှင် ရဟန်းပြုလော့"

ဒကာသည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ ရဟန်းပြု၏။ ယင်းအား ဝိနည်းဆောင် ဥပဇ္ဈာယ်ဆရာသည် ဝိနည်းတရားဟော၏။ အဘိဓမ္မာဆောင် နိဿရည်း ဆရာသည် အဘိဓမ္မာ တရားဟော၏။ ထိုအခါ ရဟန်းသစ်မှာ

http://www.dhammadownload.com

လက်၊ ခြေ မလှုပ်သာအောင် ကျဉ်းကျပ်လာ၏။ သာသနာတော်၌ မပျော်တော့ပြီ။ ငြီးငွေ့၏။ စိတ်ပျက်၏။ တရားအားမထုတ်၊ စာမသင်၊ ဘုရားမရှိခိုး၊ ပိန်ကြုံနေ၏။ ဝဲနာနှိပ်စက်ခံနေရ၏။ ယင်းကို မြင်တွေ့ကြရသော် ရဟန်းသာမဏေတို့က မေးသော် အမှန်အတိုင်း အကြောင်းစုံရှင်းပြ၏။ ထိုအခါ ရဟန်းသာမဏေတို့က ရဟန်းသစ်အား ဘုရားထံသို့ ခေါ်သွားကြ၏။

"ရဟန်းတို့၊ သင်တို့ ဘယ်က လာကြသနည်း"

"မြတ်စွာဘုရား၊ ရဟန်းသစ်ဟာ လူထွက်ချင်စိတ်ဖြစ်နေ၍ ခေါ်လာကြပါသည် ဘုရား"

"ရဟန်း၊ သူတို့ပြောတဲ့အတိုင်း မှန်သလား"

"မှန်ပါသည်၊ မြတ်စွာဘုရား"

"ရဟန်း၊ သင်ဘာကြောင့် လူထွက်ချင်ရသနည်း"

"မြတ်စွာဘုရား တပည့်တော် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် ရဟန်းပြုခဲ့ပါ၏။ တပည့်တော်အား ဥပဇ္ဈာယ်ဆရာက ဝိနည်းတရားကို ဟောပါ၏။ နိဿရဉ်းဆရာက အဘိဓမ္မာတရားကို ဟောပါ၏။ တပည့်တော်မှာ သာသနာတော်၌ လက်မျှပင် မလှုပ်ရဲအောင် ကျဉ်းကျပ်လှပါ၏။ ရဟန်းဘဝသည် အလွန်ဝန်လေးလှပါ၏။ အိမ်မှာနေပြီး သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်း ကုသိုလ်ကောင်းမှု ပြုတော့အံ့၊ လူထွက်အံ့ဟု ဆုံးဖြတ်ပါသည် မြတ်စွာဘုရား"

"ရဟန်း၊ အကယ်၍ သင်သည် တစ်ခုကလေးကိုသာ လုံခြုံအောင် စောင့်ရှောက်နိုင်လျှင် တခြားအများကြီး စောင့်ရှောက်ရန် မလိုပါ"

"မြတ်စွာဘုရား၊ အဘယ်တစ်ခုကလေးကို စောင့်ရှောက်ရပါမည်နည်း ဘုရား"

"သင်သည် စိတ်ကလေးတစ်ခု စောင့်ရှောက်နိုင်ပါ့မလား"

"မြတ်စွာဘုရား၊ စိတ်ကလေးတစ်ခုလောက်တော့ စောင့်ရှောက်နိုင်ပါတယ် ဘုရား"

"ရဟန်း၊ ဒါဖြင့်လျှင် သင်သည် တခြား ဘာမျှမစောင့်ရှောက်နှင့်။ သင့်စိတ်ကို လုံခြုံအောင် စောင့်ရှောက်လော့။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါလိမ့်မယ်"

http://www.dhammadownload.com

"ရဟန်း၊ မြင်နိုင်ရန် အလွန်ခဲယဉ်း၍ အလွန်အလွန်လည်း သိမ်မွေ့သော မျိုးနွယ်နိမ့်မြင့် သင့်မတင့်ကို ချင့်တွက်မရှိ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်နိုင်၏။"

ရဟန်းသစ်သည် ဘုရားရှင်၏တရားစကားကို လိုက်နာပြီးစိတ်တစ်လုံးကို နိုင်နင်းအောင် စောင့်ရှောက်ရာ၊ မကြာမီ သောတာပန်ဖြစ်သွား၏။ (ဓမ္မပဒ)

အခြေခံသိရန် "အို စာရှူသူ၊ စိတ်တစ်လုံးကို စောင့်ရှောက်ရေးသည် အရေးကြီးသည် မဟုတ်ပါလော။ ယင်းစိတ်တစ်လုံးကို စောင့်ရှောက်ရန် စိတ္တာနုပဿနာကို ရှုပွားလိုသူသည် ဘုရားရှင် ညွှန်ပြထားသော စိတ္တာနုပဿနာလာ စိတ် ၁၆ မျိုးကို ဦးစွာနားလည်ထားရမည် ဖြစ်၏။ သို့မှသာ ရှုပွားတတ်မည်။ ဘုရားရှင်လည်း ဤသို့ဟောထား၏-

သိရန်အချုပ် **"ကုဓ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ"** = **ဘိက္ခဝေ** = ရဟန်းတို့၊ **ကုဓ** = ဤသာသနာတော်၌၊ **ဘိက္ခု** = ရဟန်းသည်-

၁။ **အာတာပီ** = စိတ်ကို အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာ ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍၊ **သမ္ပဇာနော** = စိတ်ကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ **သတိမာ** = စိတ်ကို အောက်မေ့တတ်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊

၂။ **လောကေ** = ဝိညာဏ်ပါဒါနက္ခန္ဓာတည်းဟူသော လောက၌၊

၃။ **အဘိဇ္ဈာဒေါမနဿံ** = စိတ်ကို တပ်သောအားဖြင့် ရှေးရှုကြံခြင်းဟူသော လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို၊ **ဝိနေယျ** = တဒင်္ဂဝိက္ခမ္ဘနအားဖြင့်ဖျောက်၍၊

http://www.dhammadownload.com

၄။ **စိတ္တေ** = စိတ်၌၊

၅။ **စိတ္တာနုပဿီ** = စိတ်ကို အဖန်တလဲလဲရှုသည်ဖြစ်၍၊ **ဝိဟရတိ** = နေ၏။

သိရန်အချက်များ အထက်ပါ ပါဠိတော်၌ အမှတ် (၁) ဖြင့် စိတ္တာနုပဿနာ ရှုပွားလိုသူ ယောဂီ၌ ပြည့်စုံရမည့် အင်္ဂါကို ပြ၏။ အမှတ် (၂) ဖြင့် လောကကို ပြသည်။ အမှတ် (၃) ဖြင့် ရရှိမည့် အကျိုးတရားကို ပြ၏။ အမှတ် (၄) ဖြင့် သိရမည့် စိတ်အမျိုးအစားကို ပြ၏၊ အမှတ် (၅) ဖြင့် ယောဂီ၏ ရှုပွားပုံ အခြင်းအရာကို ပြ၏။ သို့ဖြစ်၍ အမှတ် (၄) အရ စိတ်အမျိုးအစားကို နားလည်သင့်၏-

စိတ် ၁၆ မျိုး လောဘစိတ်သည် "သရာဂစိတ်" မည်၏။ ယင်းကို ရာဂ စိတ်၊ လောဘစိတ်၊ တဏှာစိတ်ဟူ၍ အမည်သုံးမျိုးဖြင့် ခေါ်နိုင်၏။ (၁)

လောကီကုသိုလ် အဗျာကတစိတ်သည် "ဝိတရာဂစိတ်" မည်၏။ ဤ၌ ဝိတရာဂစိတ်ဆိုသဖြင့် ရဟန္တာ၌ ဖြစ်သောစိတ်ဟု အထင်မှားတတ်၏။ ထိုသို့ မဟုတ်ပါ။

လောကီကုသိုလ်စိတ်တွင် ဒါန စသည် ပြုချင်စိတ်၊ သီလ စသည် ဆောက်တည်ချင်စိတ်၊ ဘာဝနာ ပွားချင်စိတ်၊ တရားဟောလိုစိတ်၊ တရားပြလိုစိတ် စသော လောကီကုသိုလ်စိတ်များ ပါဝင်၏။

အဗျာကတစိတ်တွင် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိစိတ်၊ သဘောသိစိတ်၊ ကြံစည်စိတ်၊ စုံစမ်းစိတ်စသော အဗျာကတစိတ်များ ပါဝင်၏။ (၂)

ဒေါသမူစိတ်သည် "သဒေါသစိတ်" မည်၏။ ယင်းကို ဒေါသစိတ်၊ အမျက်ထွက်စိတ်၊ စိတ်ဆိုးစိတ်၊ စိတ်ညစ်စိတ်၊ စိတ်ပျက်စိတ်၊ စိတ်ဆိုးပူစိတ်၊ စိတ်နောက်စိတ် စသည်ဖြင့် ခေါ်နိုင်၏။

လောကီကုသိုလ်၊ အဗျာကတစိတ်သည် "ဝိတဒေါသစိတ်" မည်၏။ ဒေါသမပါသော ဒါန စသည် ပြုချင်စိတ် စသော အထက်ပါ ဝိတရာဂ

http://www.dhammadownload.com

စိတ်နည်းတူပင် ဖြစ်ပါသည်။ (၄)

ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စနှင့်တကွဖြစ်သော မောဟမူစိတ်သည် "သမောဟစိတ်" မည်၏။ ယင်းကို မောဟစိတ်၊ တွေဝေစိတ်၊ မသိစိတ်၊ အမှားသိစိတ်စသည် ခေါ်နိုင်၏။ (၅)

"လောကီကုသိုလ်၊ အဗျာကတစိတ်သည် 'ဝီတမောဟစိတ်' မည်၏။ မောဟ မပါသော ဒါနစသည် ပြုချင်စိတ် စသော အထက်ပါ ဝီတရာဂစိတ်နည်းတူပင် ဖြစ်ပါသည်" (၆)

ငိုက်မျဉ်းမှု ထိနမိဒ္ဓစိတ်သည် တွန့်တိုဆုတ်နစ်သော "သံခိတ္တစိတ်" မည်၏။ ယင်းကို တရားကိုယ် ကောက်သော် အကုသိုလ်သသခ်ါရိကစိတ် ၅ ခု ရ၏။ (၇)

ပျံ့လွင့်သော ဥဒ္ဓစ္စစိတ်သည် "ဝိက္ခိတ္တစိတ်" မည်၏။ (၈)

ရူပ-အရူပစိတ်သည် "မဟဂ္ဂတစိတ်"မည်၏။ (၉)

ကာမာဝစရစိတ်သည် "အမဟဂ္ဂတစိတ်" မည်၏။ ယင်းတွင် လောကီကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ ပါဝင်၏။ (၁၀)

ကာမာဝစရစိတ်သည် "သဥတ္တရစိတ်" မည်၏။ (၁၁)

ရူပ-အရူပစိတ်သည် "အနုတ္တရစိတ်" မည်၏။ (၁၂)

ယင်းကို တဖန်ခွဲသော် ရူပစိတ်သည် "သဥတ္တရစိတ်" မည်၏။ အရူပစိတ်သည် "အနုတ္တရစိတ်" မည်၏ ဟူ၍ ခွဲနိုင်ပါ၏။

ဥပစာရ သမာဓိ၊ အပွနာသမာဓိ ရှိသော လောကီကုသိုလ်စိတ်သည် "သမာဟိတစိတ်" မည်၏။ (၁၃)

ဥပစာရ သမာဓိ၊ အပွနာသမာဓိ မရှိသော အကုသိုလ်စိတ်သည် "အသမာဟိတစိတ်" မည်၏။ (၁၄)

တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ကိလေသာတို့မှ လွတ်ပြီးသော လောကီကုသိုလ်စိတ်သည် "ဝိမုတ္တစိတ်" မည်၏။ (၁၅)

တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ကိလေသာတို့မှ မလွတ်သေးသော အကုသိုလ်စိတ်သည် "အဝိမုတ္တစိတ်" မည်၏။ (၁၆)

http://www.dhammadownload.com

စိတ်ပျက်ပြီလော အို စာရှုသူ၊ အထက်ပါ စိတ် (၁၆) မျိုးကို ကြည့်၍ စိတ် ပျက်သွားပြီလော။ စိတ်မပျက်ပါနှင့်။ စိတ်သဘောကို နားလည်သူထံမှ တခဏမျှ မေးမြန်း၊ နာကြား၊ မှတ်သားပါက နားလည်နိုင်ပါသည်။ စိတ်ဆိုသည်မှာ မျက်စိနှင့် မမြင်နိုင်။ လက်နှင့်လည်း စမ်းသပ်မရ။ ကိုယ်နှင့်လည်း ထိမတွေ့ရ။ စိတ်ဖြင့်သာ စိတ်ကို ပြန်သိရမှာဖြစ်၍ ပြခဲ့ပြီး ရှုပွားနည်းထက်တော့ ခက်ပေ၏။ ယင်းအခက်ကို ခက်တယ်ဆိုပြီး မလေ့လာ၊ မရှုပွားသော် အဘယ်မှာ လွယ်၍ လာပါအံ့နည်း။

ရှုပွားနည်း သို့ဖြစ်၍ စိတ္တာနုပဿနာကို ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည် "ဖန္ဒနံ စပလံ စိတ္တံ = စိတ်သည် တုန်လှုပ်သည်၊ လျှပ်ပေါ်လော်လီသည်" အရ မငြိမ်သက်၊ လှုပ်ယှက်နေသောစိတ်ကို မငြိမ်မသက် လှုပ်ယှက်နေသော "ဝင်လေရှုစိတ်၊ ထွက်လေထုတ်စိတ်ကို" မှီ၍ ရှုပွားလျှင် လွယ်ကူပေ၏။

မှန်၏။ စိတ္တာနုပဿနာ ရှုပွားနည်းအချုပ်မှာ "ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုခြင်းပင်" မဟုတ်ပါလော။ ထိုအရ-

၁။ ဝင်လေရှုစိတ်ကို အသိကပ်ကာ ရူးစိုက် ရှုပွားနေပါ။ လေကို မရှုရပါ။ စိတ်ကိုသာ ရှုပွားရမည်။

၂။ သို့မဟုတ် ထွက်လေ ထုတ်စိတ်ကို အသိကပ်ကာ ရူးစိုက်ရှုပွားနေပါ။ လေကို မရှုရပါ။ စိတ်ကိုသာ ရှုပွားရပါမည်။

၃။ သို့မဟုတ် ဝင်လေရှုစိတ်၊ ထွက်လေထုတ်စိတ် နှစ်ခုအစုံကို ရှုနိုင်လည်း ရှုပွားနေပါ။ လေကို မရှုရပါ။ စိတ်ကိုသာ ရှုရပါမည်။ လေနှင့် စိတ် ကွဲပါစေ။ လေကို ရှုသော် ကာယာနုပဿနာ ဖြစ်၏။ စိတ်ကို ရှုမှသာ စိတ္တာနုပဿနာ ဖြစ်၏။

ယင်းသို့ သုံးမျိုးရှုပွားနိုင်ရာ ကြိုက်ရာ၊ သင့်ရာ တစ်မျိုးမျိုးကို ရှုပွားပါ။ ယင်းသို့ ရှုပွားသော် အကြောင်းအားလျော်စွာ လောဘစိတ် ဖြစ်လာလျှင် လောဘစိတ်ဖြစ်မှန်းသိ။ စိတ်ဆိုးစိတ် ဖြစ်လာလျှင် စိတ်ဆိုးစိတ်ဖြစ်မှန်းသိ၊ တွေဝေစိတ်ဖြစ်လာလျှင် တွေဝေစိတ်ဖြစ်မှန်းသိ၊ မနာလိုစိတ်ဖြစ်လာလျှင်

http://www.dhammadownload.com

မနာလိုစိတ်ဖြစ်မှန်းသိ၊ ဝန်တိုစိတ်ဖြစ်လျှင် ဝန်တိုစိတ်ဖြစ်မှန်းသိ။ ထောင်လွှားစိတ်ဖြစ်လျှင် ထောင်းလွှားစိတ် ဖြစ်မှန်းသိ။ ငိုက်မျဉ်းစိတ်ဖြစ်လာလျှင် ငိုက်မျဉ်းစိတ်ဖြစ်မှန်းသိ။ ပျံ့လွင့်စိတ်ဖြစ်လျှင် ပျံ့လွင့်စိတ်ဖြစ်မှန်းသိ။ ချစ်ခင်စိတ်ဖြစ်လျှင် ချစ်ခင်စိတ်ဖြစ်မှန်းသိ။ သနားစိတ်ဖြစ်လျှင် သနားစိတ်ဖြစ်မှန်းသိ။ ဝမ်းမြောက်စိတ်ဖြစ်လျှင် ဝမ်းမြောက်စိတ်ဖြစ်မှန်းသိ။ လှူချင်စိတ်ဖြစ်လျှင် လှူချင်စိတ် ဖြစ်မှန်းသိ။ သီလဆောက်တည်ချင်စိတ်ဖြစ်လျှင် သီလဆောက်တည်ချင်စိတ်ဖြစ်မှန်းသိ။ ကြားစိတ်၊ နံစိတ် စသည်ဖြစ်လျှင် ကြားစိတ်၊ နံစိတ် စသည် ဖြစ်မှန်းသိ။

ဤသို့ စသည်ဖြင့် ပုထုဇဉ်များ မပယ်ရသေးသည့် စိတ်များဖြစ်တိုင်း ဖြစ်တိုင်း ကုသိုလ်စိတ်ပဲဖြစ်ဖြစ်၊ အကုသိုလ်စိတ်ပဲဖြစ်ဖြစ် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ရှေ့စိတ်ကို နောက်စိတ်ဖြင့် မလွတ်တမ်းလိုက်၍ ရှုပွားနေပါ။

ဝင်လေရှူစိတ်က "ဖြစ်"၊ ထွက်လေထုတ်စိတ်က "ပျက်" စသည်ဖြင့် "ဖြစ်ပျက် ဖြစ်ပျက်"-ဟု မရှုပါနှင့်။ အဓိကမှာ စိတ္တာနုပဿနာဖြစ်၍ "စိတ်ကို စိတ်ချင်း ရှုနိုင်ရေးပင် ဖြစ်၏" သို့ဖြစ်ရကား ရှေ့စိတ်က ဘာစိတ်ပဲဖြစ်ဖြစ် ယင်းရှေ့စိတ်ကို နောက်စိတ်က မလွတ်တမ်း ရှုပွားနိုင်ရမည်။

တစ်နည်းဆိုသော် မိမိစိတ်ကို မိမိခန္ဓာကိုယ် တစ်နေရာရာတွင် ချထားပါ။ ဥပမာဆိုသော် ဟဒယဝတ္ထုခေါ် နှလုံးသားရှိရာသို့ မိမိစိတ်ကို ချထားကြည့်ပါ။ နှလုံးသားကို ရှုကြည့်ရန် မဟုတ်ပါ။ စိတ်ကို နေရာသတ်မှတ်ပေးထားခြင်းမျှ ဖြစ်ပါသည်။ ယင်းသို့ သတ်မှတ်ပြီးသော် ယင်းသတ်မှတ်ချက်ဆီသို့ ဦးတည်ဖြစ်ပွားနေသော ရှေ့စိတ်ကို နောက်စိတ်နှင့် မပြတ်တမ်း ရှုပွားပါ။

ယင်းသို့ ရှုပွားနိုင်သော စိတ်တွေ့ ပုတီးကုံး သီထားသည့်ပမာ တသီတတန်း၊ တစိတ်ပြီးတစိတ်၊ ဆက်ကာဆက်ကာ ဖြစ်ဖော်လာလိုက်၊ ပျောက်ပျက်သွားလိုက် စသည်ဖြင့် "စိတ်၏-ဖြစ်ပျက်" ကို တွေ့မြင်လာပါလိမ့်မည်။ ဆက်လက်ရှုပွားသော် ယင်းစိတ်များဖြစ်ပေါ်ရာဌာန စသည်ကိုပါ သိရှိလာပါလိမ့်မည်။ ဆက်လက်ရှုပွားသော် ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ဆိုက်နိုင်ပါသည်။

http://www.dhammadownload.com

"ကာမဂုဏ်အာရုံ၌ တုန်လှုပ်တတ်သော အာရုံတစ်ခုတည်း၌ မတည်တံ့နိုင်သဖြင့် လျှပ်ပေါ်သော၊ ကာမဂုဏ်အာရုံသို့ မသွားအောင် စောင့်စည်းနိုင်ခဲ၊ တားဆီးနိုင်ခဲသောစိတ်ကို "လေးသမားသည် မြှားကို တဖြည်းဖြည်းဖြောင့်သကဲ့သို့" ပညာရှိသည်၊ သမထဝိပဿနာဘာဝနာဖြင့် တဖြည်းဖြည်း ဖြောင့်လေရာ၏"
(ဓမ္မပဒ)

"ငါးသည် ရေမှဆယ်၍ ကုန်းပေါ်သို့ ပစ်တင်လိုက်သည့်အခါ လူးလွန့်လျက် တဆွေ့ဆွေ့ခုန်သကဲ့သို့ ကာမဂုဏ်အာရုံ၌ ပျော်ပါးနေကြဖြစ်သောစိတ်သည် ကိလေသာကင်းရန် ကာမဂုဏ်အာရုံတည်းဟူသော ရေမှ ဆယ်၍ ကမ္မဋ္ဌာန်းဘာဝနာတည်းဟူသော ကုန်းပေါ်သို့ တင်လိုက်သည့်အခါ တုန်တုန်လှုပ်လှုပ်ဖြစ်လေ၏"
(ဓမ္မပဒ)

"စိတ်သည် အဝေးဥ်ရှိသော အာရုံသို့လည်း သွားတတ်၏။ တစ်ခုပြီးတစ်ခု ဖြစ်တတ်၏။ အကောင်အထည်ဟူ၍လည်း မရှိ။ နှလုံးတည်းဟူသော ဟဒယဝတ္ထု လိုဏ်ဥမင်ကိုမှီ၍ ဖြစ်ပေါ်၏။ ဤစိတ်ကို လုံခြုံစွာ စောင့်ရှောက်ကုန်လော့။ စိတ်ကို လုံခြုံစွာ စောင့်ရှောက်သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့တည်းဟူသော ဆင်းရဲမှလွတ်မြောက်လေ၏"
(ဓမ္မပဒ)

မှတ်ချက် "စိတ်သည် အဝေးဥ်ရှိသော အာရုံသို့လည်း သွားတတ်၏" ဟူသော စာပိုဒ်ကို အထူးသတိရှိပါ။ အဝေးသို့သွားရာ၌ စိတ်သည် ကိုယ်မှခွာ၍ ထွက်သွားခြင်းမျိုး မဟုတ်ပါ။ အဝေးရှိအာရုံသို့ လှမ်း၍အာရုံပြုခြင်းကိုပင် အဝေးသို့ သွားတတ်၏။ ဟုဆိုပါသည်။

အချို့မှာ ယင်းသို့ အဝေးသို့ အာရုံပြုသောအားဖြင့် သွားသောစိတ်ကို ပြန်ခေါ်တတ်ပါသည်။ ယင်းသို့လည်း မခေါ်ရပါ။ အဝေးသို့သွားမှန်း သိလျှင်ပင် နောက်စိတ်ဖြစ်ပေါ်၍ အဝေးသို့ သွားစိတ် ချုပ်သွားပါပြီ။ သို့ဖြစ်၍ မူလသတ်မှတ်ချက်နေရာတွင် စိတ်ကို ပြန်လည်ထား၍ ရှေ့စိတ်ကို နောက်စိတ်ဖြင့် ဆက်လက်ရှုပွားပါ။

http://www.dhammadownload.com

http://www.dhammadownload.com

ဘာဝနာဝတ္ထု

ဓမ္မာနုပဿနာ သတိပဋ္ဌာန်

http://www.dhammadownload.com

၁။ နိဝရဏပိုင်း

နိဝရဏခေါ်ပုံ စိတ်ကို ပိတ်ဆို့တတ်၊ ဝိုင်းဖွဲ့ချည်ထားတတ်၍ နိဝရဏဟူ၍ ခေါ်၏။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

ကုသိုလ်တရားတို့ကို မဖြစ်ပေါ်အောင် ပိတ်ဆို့တတ်၊ တားမြစ်တတ်၍ နိဝရဏခေါ်၏။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

ယောဂီ၏ ကုသိုလ်စိတ်စုကို စျာန်အနေ၊ ဝိပဿနာအနေ၊ မဂ်ဉာဏ်အနေတို့ဖြင့် ဖြစ်ပေါ်ခွင့်မပေးတတ်၍ နိဝရဏဟူ၍ ခေါ်၏။ (ဋီကာကျော်)

နိဝရဏတရားတို့သည် စျာန်တရား၊ မဂ်တရားများကို ဖြစ်ခွင့်မပေးပဲ တားမြစ်ကုန်၏။ စျာန်တရားကိုကား ဖြစ်ခွင့်မပေးရုံသာမက ကာမစ္ဆန္ဒနိဝရဏ အကြမ်းစားနှင့် ဗျာပါဒနိဝရဏတို့က ဖြစ်ပြီး၊ ရအပ်ပြီးသော စျာန်တရားကိုပင် ကွယ်ပစေ၏။

http://www.dhammadownload.com

ဈာန်လျှောပုံ ရဟန္တာထေရ်ကြီးတစ်ပါးတွင် ဈာန်အသိဉာဏ်ရ ကိုရင် တစ်ပါးရှိ၏။ ကိုရင်သည် မထေရ်ကြီးစေတီပူဇော်ရန် ပန်းများကို ဟိမဝန္တာမှ တန်ခိုးနှင့်ခူးပေးလေ့ရှိ၏။ ဆွမ်းခံကြွသော် ထေရ်ကြီးနှင့် အတူ မကြွ။ နောက်မှ တန်ခိုးနှင့်ကြွလေ့ရှိ၏။ တစ်နေ့တွင် ထေရ်ကြီးဆင်ခြင်၏-

"အလွန်တန်ခိုးကြီးတဲ့ ကိုရင်ပါတကား၊ ဤတန်ခိုးကို အရှည်တည်တဲ့အောင် စောင့်ရှောက်နိုင်စွမ်း ရှိအံ့လော"

ထိုအခါ စောင့်ရှောက်နိုင်စွမ်း မရှိသည်ကိုမြင်လျှင် ကိုရင်ကို မိန့်၏-

"ကိုရင်၊ သင်ယခုအခါ တန်ခိုးကြီးပါပေ၏။ သို့သော် သင်ဟာ ဒီတန်ခိုးကို ဖျက်ဆီးပြီး နောက်အခါမှာ ယက္ခန်းသည်မ မျက်ကန်းရဲ့လက်ဖြင့် နယ်ကျွေးတဲ့ ပဒုန်းရည်ကို သောက်နေရလိမ့်မယ်"

ငယ်ရွယ်သည့် အပြစ်ပင်ဖြစ်၏။ ထေရ်ကြီးယင်းသို့ မိန့်သော်လည်း ကိုရင်သည် ထိတ်လန့်သံဝေဂမဖြစ်။ "တပည့်တော်အား ကမ္မဋ္ဌာန်းပေးပါဘုရား" ဟူ၍ မတောင်း။ "ငါ့ဉာဏ်ရှာယ်ဆရာ ဘာကိုပြောလိုရင်းလဲ" ဟုလည်း မစဉ်းစား။ မကြားသလိုနှင့်နေ၏။

ယင်းသို့ဖြင့် ရက်၊ လတွေကုန်လွန်ခဲ့၏။ တစ်နေ့သော် ထေရ်ကြီးက လမ်းအတိုင်း မြေပြင်မှဆွမ်းခံကြွ၏။ ကိုရင်က ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီး၍ ကြွ၏။ ကိုရင်၏ ဈာန်လမ်းခရီးအောက်တည့်တည့်မှ ပဒုမ္မာကြာအိုင်တွင် အလွန်တရာလှပချောမောလျှက် အသံကောင်းသော ယက်ကန်းသည် အပျိုမကလေး တစ်ယောက်သည် သီချင်းဆို၍ ပဒုမ္မာကြာပန်းခူးနေ၏။ ကိုရင်သည် ယင်းအသံ၌ တပ်မက်၏။ ထိုစဉ် ဈာန်ကွယ်ပသွား၏။ အတောင်ကျိုးသော ငှက်ကဲ့သို့ ပဒုမ္မာကြာအိုင်အနီး ကျလာ၏။

ယက်ကန်းသည် ပျိုမကလေးလဲ "ကိုရင်တော့ ငါ့ကိုစွဲမက်တာနဲ့ ဈာန်လျှောပြီ" ဟု သိ၏။ ကိုရင်သည် အိုင်စောင်းမှ ယက်ကန်းသည်ပျိုမကလေး တက်အလာကို စောင့်မျှော်လျှက်နေ၏။ တက်လာသော် အကြောင်းကို ပြောပြ၏။ ဟိုကလည်း ငြင်းဆို၏။ နောက်သော် ရည်ငံသွားကြ၏။

ကိုရင်လူထွက်သည် ယက်ကန်းယက်၏။ ဇနီးချောကလေးက ထမင်းပို့၏။ တစ်နေ့သော် ထမင်းပို့နောက်ကျသဖြင့် ဆူပူကြိမ်းမောင်း၏။ ဇနီးသည်

http://www.dhammadownload.com

က အဆူမခံ ပြန်လှန်အော်ငေါက်၏။ ထမင်းဆာဆာနှင့် စိတ်ဆိုးနေသော ကိုရင်လူထွက်သည် ရက်ဖောက်တံနှင့် ပစ်လိုက်၏။ ဇနီးသည်၏ မျက်စိကို ထိမှန်၍ မျက်စိကန်းသွားတော့၏။ ထိုအခါ ဆရာဥပဇ္ဈာယ်၏ စကားကို အမှတ်ရ၏-

"ကိုရင်၊ သင်ဟာ တန်ခိုးကြီးပါပေ၏။ နောက်အခါမှာတော့ ယက်ကန်းသည်မ မျက်ကန်းရဲ့လက်နဲ့ နယ်ကျွေးတဲ့ ပဏ္ဏဲရည်ကို သောက်ရလိမ့်မယ်"

လို့ ငါ့ဥပဇ္ဈာယ်ဆရာ ပြောခဲ့တယ်။ ငါ့ဥပဇ္ဈာယ်ဆရာဟာ ဒီအဖြစ်အပျက်ကိုမြင်လို့ ပြောတာပဲ။ အရှည်မြင်တော်မူတဲ့ ဆရာဥပဇ္ဈာယ်ပါတကား။

ကိုရင်လူထွက်သည် ဆရာဥပဇ္ဈာယ်စကားကို တွေးတောဝမ်းနည်းကာ ငိုယိုတော့၏။ ဘေးမှ ယက်ကန်းယက်ဖော်များက တရားချသော်လည်း မရ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

စျာန်လျှောသူက ဆုံးမ ရဟန်းသာမဏေ ၃၀ တို့သည် မဟာစေတီတော်ကို ဖူးမြော်ပြီး တောလမ်းခရီးမှ ပြန်ကြွလာစဉ် လမ်းခရီး မီးလောင်ပြင်မှ အလုပ်လုပ်ပြီး ပြန်လာသူ ဒကာတစ်ယောက်ကို တွေ့မြင်၏။ သူ့ကိုယ်မှာ မီးပွေးတွေပေနေ၍ မည်းညစ်နေ၏။ ပုဆိုးကို ခါးတောင်းကျိုက်ထား၏။ သူ့ကို ကြည့်ရသည်မှာ မီးလောင်ထားသည့် သစ်ငုတ်တိုနှင့် တူလှတော့၏။ ယင်းကို တွေ့မြင်သော် ကိုရင်များသည် "ငါ့ရှင်၊ အဲဒါသင့်အဖေ၊ သင့်အဖိုး၊ သင့်ဦးကြီး" စသည်ဖြင့် တစ်ပါးနှင့်တစ်ပါး ပြောင်လှောင်ကြ၏။ အနီးသို့ရောက်သော် "ဒကာကြီးနာမည် ဘယ်လိုခေါ်သလဲ" ဟု မေးပြန်၏။ ဒကာကြီးသည် စိတ်မသာမယာဖြစ်လျက် ပုဆိုးကို ပြင်ဝတ်ပြီး ရှိခိုး၍ "ခေတ္တ ဆိုင်းငံ့နေပါဦးဘုရား" ဟု လျှောက်၏။

ကိုရင်များသည် ထေရ်ကြီးများရှေ့မှောက်မှာပင် ဣန္ဒြိယမဆည်နိုင်ဘဲ ဒကာကြီးကိုကြည့်ကာ ပြောင်လှောင်ရယ်မောကြဆဲပင် ရှိသေး၏။ ထိုအခါ ဒကာကြီးက လျှောက်၏-

"အရှင်ဘုရားတို့၊ တပည့်တော်ကို ကြည့်ပြီး ပြောင်လှောင်နေကြတာလား၊ အရှင်ဘုရားတို့က ဒီလောက်ကလေးနဲ့ 'ငါတို့အထွဋ်အထိပ်ရောက်နေပြီ'

http://www.dhammadownload.com

လို့ မှတ်ထင်ထားကြပါသလား။ တပည့်တော်လည်း ရှေးတုန်းက အရှင်ဘုရား တို့လို ရဟန်းပဲပေါ့။ အရှင်ဘုရားတို့မှာ စိတ်ကြည်သာမှု သမာဓိမျှတောင် ရသေးတာ မဟုတ်ပါဘူး။ တပည့်တော်ဟာ ဒီသာသနာတော်မှာ အင်မတန် တန်ခိုးအာနုဘော်ကြီးတဲ့ ရဟန်းတစ်ပါးဖြစ်ခဲ့ပါတယ်"

"တပည့်တော် ဘယ်လောက်တန်ခိုးကြီးသလဲဆိုရင် ကောင်းကင်ကို မြေပြင်လို အသုံးပြုနိုင်ပါတယ်။ မြေပြင်ကိုလည်း ကောင်းကင်လို အသုံးပြု နိုင်ပါတယ်။ အဝေးကို အနီး၊ အနီးကို အဝေးဖြစ်အောင် ပြုလုပ်နိုင်ပါတယ်။ စကြာဝဠာတိုက်တစ်သောင်းကို ခဏချင်းသွားနိုင်ပါတယ်။ တပည့်တော်ရဲ့ လက်တွေကို ကြည့်ရှုကြပါကုန်။ ယခုအခါမှာတော့ မျောက်လက်နဲ့ တူနေပါ ကုန်၏။"

"တပည့်တော်ဟာ ဒီလက်တို့ဖြင့်ပင် လ၊ နေတို့ကို ကိုင်ခဲ့ပါကုန်ပြီ။ ဤခြေတို့ဖြင့်သာလျှင် လ၊ နေ တို့ကို ခြေပွတ်အိုးခြမ်းသဖွယ် ပြုလုပ်ခဲ့ပါကုန် ပြီ။ ဤသို့သဘောရှိသော တန်ခိုးတွေဟာ ယခုတော့ မှေ့လျော့မှု ပမာဒတရား ကြောင့် ကွယ်ခဲ့ပါကုန်ပြီ။ အရှင်ဘုရားတို့၊ မမေ့မလျော့ကြပါနှင့်။ မမေ့မလျော့ ကျင့်ကြံနေကြကုန်သော် ဇာတိ၊ ဇရာ၊ မရဏာအဆုံးကို ပြုနိုင်ကြပါကုန်လိမ့်မယ်။ ထို့ကြောင့် အရှင်ဘုရားတို့သည် တပည့်တော်ကိုသာလျှင် အာရုံတစ်ခု အကြောင်းပြု၍ မမေ့မလျော့ကြပါကုန်နှင့် ဘုရား"

ရဟန်း သာမဏေ ၃၀ တို့မှာ ဒကာကြီး ပြောကြားနေစဉ်မှာပင် သံဝေဂတရားကြီးစွာ ဖြစ်ပွားး၍ ဝိပဿနာတရားရှုပွားရာ ထိုနေရာမှာပင် အပါး ၃၀ လုံး ရဟန္တာဖြစ်ကုန်၏။ (သမောဟ ဝိနောဒနီ အဋ္ဌကထာ)

နီစရဏာ ၅ ပါး ၁။ ကာမစ္ဆန္ဒ = ကာမအာရုံ၌ လိုလားတပ်မက် သာယာမှု၊
၂။ ဗျာပါဒ = စိတ်ဆိုးမှု၊ အမျက်ထွက်မှု၊ မလိုမုန်းတီးမှု၊
၃။ ထိနမိဒ္ဓ = ငိုက်မျဉ်း၊ ထိုင်းမှိုင်းမှု၊
၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စ = ပျံ့လွင့်ပူပန်မှု၊
၅။ ဝိစိကိစ္ဆာ = ယုံမှား သံသယဖြစ်မှု

http://www.dhammadownload.com

၄င်းသဘောတရားတစ်ခုခု မိမိစိတ်ထဲ၌ဖြစ်ပေါ်နေလျှင် စျာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများနှင့် ကာမကုသိုလ်များကို ဖြစ်ခွင့်မရအောင် တားမြစ်ပိတ်ပင်တတ်သော နိဝရဏ ဝင်နေပြီ၊ နိဝရဏ ဖုံးအုပ်ထားပြီဟု သိပါ။ ထိုအခါ မိမိပညာမျက်စိ ကန်းပြီဟုသိပါ။

စိတ်အညစ်အကြေး ရဟန်းတို့၊ သံ၊ ကြေး၊ ခဲပုပ်၊ ခဲမဖြူ၊ ငွေအားဖြင့် အညစ်အကြေး ငါးပါးတို့ ညစ်ပေနေသော ရွှေသည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှာလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ ကျွတ်ဆတ်သော သဘောလည်းရှိ၏။ လက်ဝတ်တန်ဆာပြုလုပ်ခြင်းငှာလည်း ကောင်းစွာမဖြစ်နိုင်သကဲ့သို့ ဤအတူပင် ကာမဋ္ဌ လိုချင်မှု ကာမစ္ဆန္ဒ၊ စိတ်ဆိုးမှု ဗျာပါဒ၊ ထိုင်းမှိုင်းမှု ထိနမိဒ္ဓ၊ ပျံလွှင့်ပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စ၊ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာအားဖြင့် အညစ်အကြေး ငါးပါးတို့ညစ်ပေနေသော စိတ်သည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှာလည်း အသင့်မဖြစ်၊ အရောင်လည်းမထွက်၊ ကျွတ်ဆတ်သော သဘောလည်းရှိ၏။ အာသဝတို့ကုန်ခြင်းငှာ ကောင်းစွာလည်း မထားနိုင်။ (မဟာဝဂ္ဂသံယုတ်)

"ရဟန်းတို့၊ နိဝရဏငါးပါးတို့သည် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်၊ တားဆီးတတ်ကုန်၏။ စိတ်ကို ညစ်ညူးစေတတ်၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်၏။" (မဟာဝဂ္ဂ သံယုတ်)

"ရဟန်းတို့၊ နိဝရဏတရားငါးပါးတို့သည် ကန်းအောင်၊ မျက်စိမရှိအောင်၊ အသိဉာဏ်မဲ့အောင် ပြုလုပ်တတ်ကုန်၏။ ပညာကို ချုပ်ပျောက်စေတတ်ကုန်၏။ ပင်ပန်းဆင်းရဲခြင်းအဖို့ ရှိကုန်၏။ ကိလေသာမှ ငြိမ်းအေးခြင်းငှာ မဖြစ်စေနိုင်ကုန်။" (မဟာဝဂ္ဂ သံယုတ်)

"ရဟန်းတို့၊ အကုသိုလ်အစုဟု ဆိုလိုသူသည် ကောင်းစွာ ဆိုလိုခဲ့မူ နိဝရဏငါးပါးတို့ကို ဆိုရာ၏။ ရဟန်းတို့၊ နိဝရဏ ငါးပါးတို့သည် အကုသိုလ်အစု သက်သက်သာ ဖြစ်ပေ၏။" (မဟာဝဂ္ဂသံယုတ်)

http://www.dhammadownload.com

အို စာရှူသူ၊ နိဝရဏတရား၏ အပြစ်များကား များပြားလှဘိ၏။ ယင်းအပြစ်တရားမှ လွတ်အောင် မိမိသန္တာန်တွင် နိဝရဏတရား မဖြစ်ပွားရန်၊ အကယ်၍ သတိလစ်သဖြင့် နိဝရဏတရားဖြစ်မိသော် လျင်မြန်စွာပတ်ခွာနိုင်ရေးကို ကြိုးစားအားထုတ်သင့်သည် မဟုတ်ပါလော။ သို့ဖြစ်ပါ၍ စာရှူသူသည် မျက်မှောက်ရှိ လုံ့လရှိရှိနှင့် ဆက်လက်၍ နိဝရဏအကြောင်းအရာများကို ဖတ်ရှုလေ့လာပါဦး။

နိဝရဏဖြစ်ကြောင်း ရဟန်းတို့၊ ဥပမာသော်ကား ဤကိုယ်သည် အကြောင်းအာဟာရလျှင် တည်ရာရှိ၏။ အကြောင်းအာဟာရကို စွဲ၍တည်၏။ အကြောင်း အာဟာရမရှိဘဲ မတည်နိုင်သကဲ့သို့ ထို့အတူပင် နိဝရဏ ငါးပါးတို့သည် အကြောင်းအာဟာရလျှင် တည်ရာရှိကုန်၏။ အကြောင်းအာဟာရကို စွဲ၍ တည်ကုန်၏။ အကြောင်းအာဟာရမရှိဘဲ မတည်နိုင်ကုန်။

၁။ ရဟန်းတို့၊ တင့်တယ်သော သုဘနိမိတ်အာရုံ၌ မသင့်လျော်သော အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ကာမစ္ဆန္ဒ" သည်ဖြစ်၏။ ဖြစ်ပြီးသော "ကာမစ္ဆန္ဒ" သည် အတိုင်းထက် အလွန် ဖြစ်၏။ ပြန်ပြော၏။

၂။ ရဟန်းတို့၊ ထိပါးမှု "ပဋိဃ" ၏ အာရုံနိမိတ်၌ မသင့်လျော်သော အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဗျာပါဒ" သည် ဖြစ်၏။ ဖြစ်ပြီးသော ဗျာပါဒသည် အတိုင်းထက်အလွန် ဖြစ်၏။ ပြန့်ပြော၏။

၃။ ရဟန်းတို့၊ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်ငင်ဖြစ်ခြင်း၊ ထမင်းဆီယစ်ခြင်း၊ စိတ်၏ ဆုတ်နစ်ခြင်းတို့၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ထိနမိဒ္ဓ" သည် ဖြစ်၏။ ဖြစ်ပြီးသော "ထိနမိဒ္ဓ" သည် အတိုင်းထက်အလွန် ဖြစ်၏။ ပြန့်ပြော၏။

၄။ ရဟန်းတို့၊ စိတ်၏ မငြိမ်းအေးမှု၌ မသင့်လျော်သော အားဖြင့်

http://www.dhammadownload.com

နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဥဒ္ဓစ္စ-ကုက္ကုစ္စ" သည် ဖြစ်၏။ ဖြစ်ပြီးသော "ဥဒ္ဓစ္စ-ကုက္ကုစ္စ" သည် အတိုင်းထက် အလွန် ဖြစ်၏။ ပြန့်ပြော၏။

၅။ ရဟန်းတို့၊ ဝိစိကိစ္ဆာ၏ တည်ရာ အာရုံတရားတို့၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဝိစိကိစ္ဆာ" သည် ဖြစ်၏။ ဖြစ်ပြီးသော "ဝိစိကိစ္ဆာ" သည် အတိုင်းထက်အလွန် ဖြစ်၏။ ပြန့်ပြော၏။

"မသင့်သောအားဖြင့် နှလုံးသွင်းမှု" ဟူသည် အနိစ္စကို နိစ္စဟု၊ ဒုက္ခကို သုခဟု၊ အနတ္တကို အတ္တဟု၊ အသုဘကို သုဘဟု နှလုံးသွင်းမှုကို ခေါ်၏။

နိဝရဏမဖြစ်ကြောင်း ၁။ ရဟန်းတို့၊ မတင့်တယ်သော အသုဘနိမိတ်အာရုံ၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ကာမစ္ဆန္ဒ" သည် မဖြစ်၊ ဖြစ်ပြီးသော "ကာမစ္ဆန္ဒ" သည် အတိုင်းထက်အလွန် မဖြစ်၊ မပြန့်ပြော။

၂။ ရဟန်းတို့၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်သော "စေတောဝိမုတ္တိ" မည်သော မေတ္တာ၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဗျာပါဒ" သည် မဖြစ်၊ ဖြစ်ပြီးသော "ဗျာပါဒ" သည် အတိုင်းထက် အလွန်မဖြစ်၊ မပြန့်ပြော။

၃။ ရဟန်းတို့၊ ရှေးဦးစွာ အားထုတ်မှု "အာရမ္ဘဓာတ်"၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု "နိက္ကမဓာတ်"၊ အဆင့်ဆင့်အားထုတ်မှု "ပရက္ကမဓာတ်" တို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ထိနမိဒ္ဓ" သည် မဖြစ်။ ဖြစ်ပြီးသော "ထိနမိဒ္ဓ" သည် အတိုင်းထက်အလွန် မဖြစ်။ မပြန့်ပြော။

၄။ ရဟန်းတို့၊ စိတ်၏ အေးငြိမ်းမှု၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဥဒ္ဓစ္စ-ကုက္ကုစ္စ" သည် မဖြစ်၊ ဖြစ်ပြီးသော "ဥဒ္ဓစ္စ-ကုက္ကုစ္စ" သည် အတိုင်းထက်အလွန် မဖြစ် မပြန့်ပြော။

http://www.dhammadownload.com

၅။ ရဟန်းတို့၊ ကုသိုလ် အကုသိုလ်တရား၊ အပြစ်ရှိ-အပြစ်မဲ့တရား၊ အယုတ်-အမြတ် တရား၊ အကျိုးတူ အဖို့ရှိသည့် အမည်းအဖြူဖြစ်သော တရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော "ဝိစိကိစ္ဆာ" သည် မဖြစ်၊ ဖြစ်ပြီးသော "ဝိစိကိစ္ဆာ" သည် အတိုင်းထက်အလွန် မဖြစ်၊ မပြန့်ပြော။
(မဟာဝဂ္ဂသံယုတ်)

"သင့်လျော်သောအားဖြင့်၊ နှလုံးသွင်းမှု" ဟူသည် အနိစ္စကို အနိစ္စဟု၊ ဒုက္ခကို ဒုက္ခဟု၊ အနတ္တကို အနတ္တဟု၊ အသုဘကို အသုဘဟု နှလုံးသွင်းမှုကို ခေါ်၏။

နိဝရဏ ရှိပြစ် ဘုရားရှင်သည် အခါတစ်ပါး သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဘုရားရှင်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် ဘုရားရှင်အား ဤသို့လျှောက်ထား၏။

"အရှင်ဂေါတမ၊ ကာလရှည်စွာ ရွတ်အံ့ သရဇ္ဈာယ်မှုကို ပြုပါကုန်သော်လည်း တစ်ခါတစ်ရံ ဗေဒင်တို့သည် ဉာဏ်၌ မထင်ပါကုန်။ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုပါကုန်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ယင်းအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"

၁။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ၊ နန္တင်းနှင့်ဖြစ်စေ၊ မဲနယ်နှင့်ဖြစ်စေ၊ ထန်းကျင်္ကန်းနှင့်ဖြစ်စေ၊ ရောနှောထားသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရာသကဲ့သို့ ထို့အတူပင် "ကာမရာဂ" ထကြွနှိပ်စက်သော စိတ်ဖြင့်နေသောအခါ ဖြစ်ပေါ်လာသော "ကာမရာဂ" ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ၊ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ဦးသားအကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်တော့။ ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှု ပြုပါကုန်သော်လည်း ဗေဒင်တို့ ဉာဏ်၌မထင်ကုန်။ ရွတ်အံ့သရဇ္ဈာယ်မှု မပြုပါကုန်မူကား အဘယ်

http://www.dhammadownload.com

ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၂။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မီးဖြင့်ပူစေအပ်သော ဆူပွက်၍ ရေခိုး ရေငွေ့ဖြစ်နေသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်ရာသကဲ့သို့ ထို့အတူပင် "ဗျာပါဒ" ထင်ကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော "ဗျာပါဒ" ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ (အပေါ်အတိုင်း ပြန်ဖတ်ပါ)

၃။ သင်္ခါရဝပုဏ္ဏား၊ ဥပမာသော်ကား မှော်သေးရေညှိတို့ဖြင့် ခြွေးယှက်ဖုံးလွှမ်းနေသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာသကဲ့သို့ ထို့အတူ "ထိနမိဒ္ဓ" ထင်ကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ၊ ဖြစ်ပေါ်လာသော "ထိနမိဒ္ဓ" ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၄။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား လေတိုက်သဖြင့် လှုပ်ရှားတုန်လှုပ်၊ လှိုင်းထနေသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် "ဥဒ္ဓစ္စ-ကုက္ကုစ္စ" ထင်ကြွ နှိပ်စက်သောစိတ်ဖြင့် နေသောအခါ၊ ဖြစ်ပေါ်လာသော "ဥဒ္ဓစ္စ-ကုက္ကုစ္စ" တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၅။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား နောက်လည်း နောက်ကျ၊ မငြိမ်လည်း မငြိမ်သက်၊ ရွံ့နှစ်ရေလည်းဖြစ်၊ အမှောင်၌လည်း ထားသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်သကဲ့သို့ ထို့အတူပင် "ဝိစိကိစ္ဆာ" ထင်ကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော "ဝိစိကိစ္ဆာ" ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

http://www.dhammadownload.com

"သင်္ဂါရဝပုဏ္ဏား၊ ဤသည်ပင် အကြောင်း အထောက်အပံ့တည်း။ ယင်းအကြောင်းအထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုကြပါကုန်သော်လည်း ဗေဒင်တို့သည် တစ်ခါတစ်ရံ ဉာဏ်၌မထင်ကုန်၊ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"

နိဝရဏ မရှိကျိုး "အရှင်ဂေါတမ၊ ကာလရှည်စွာ ရွတ်အံ့ သရဇ္ဈာယ်မှုကို မပြုပါကုန်သော်လည်း တစ်ခါတစ်ရံ ဗေဒင်တို့သည် ဉာဏ်၌ ထင်ကြပါ၏။ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုကြပါကုန်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ ယင်းအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"

၁။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ၊ နန္တင်းနှင့်ဖြစ်စေ၊ ထန်းကျင်မှုန့်နှင့်ဖြစ်စေ၊ မရောနှောသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် "ကာမရာဂ" ထကြွနိပ်စက်သော စိတ်ဖြင့် မနေသောအခါ၊ ဖြစ်ပေါ်လာသော "ကာမရာဂ" ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားအကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏။ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"

၂။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မီးဖြင့် မပူစေအပ်၊ မဆူမပွက်၊ ရေနွေးရေငွေ့ မထွက်သော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်း မှန်စွာ သိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် 'ဗျာပါဒ' ထကြွနိပ်စက်သော စိတ်ဖြင့် မနေသောအခါ၊ ဖြစ်ပေါ်လာသော 'ဗျာပါဒ' ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိအကျိုးအဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

(အပေါ်ပြန်ဖတ်ပါ)

၃။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား မှော်သေး ရေညှိတို့ဖြင့် မမြွေးယှက်သော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို

http://www.dhammadownload.com

ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် 'ထိန်မိဒ္ဓ' ထက္ကြ နှိပ်စက်သော စိတ်ဖြင့် မနေသောအခါ၊ ဖြစ်ပေါ်လာသော 'ထိန်မိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၄။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား လေမတိုက်၍ မလှုပ်မရှား၊ မဟုန်လှုပ်၊ လှိုင်းမထသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာသိမြင်နိုင်သကဲ့သို့ ထို့အတူပင် 'ဥဒ္ဓစ္စ ကုက္ကုစ္စ' ထက္ကြနှိပ်စက်သော စိတ်ဖြင့် မနေသောအခါ၊ ဖြစ်ပေါ်လာသော 'ဥဒ္ဓစ္စ ကုက္ကုစ္စ'တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၅။ သင်္ဂါရဝပုဏ္ဏား၊ ဥပမာသော်ကား ကြည်လည်း အထူးသဖြင့် ကြည်လင်၍ မနောက်လည်း မနောက်ကျ၊ အလင်းရောင်၌လည်း ထားသော ရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာသကဲ့သို့ ထို့အတူပင် 'ဝိစိကိစ္ဆာ' ထက္ကြ နှိပ်စက်သောစိတ်ဖြင့် မနေသောအခါ၊ ဖြစ်ပေါ်လာသော 'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိသောအခါ မိမိအကျိုး အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

သင်္ဂါရဝပုဏ္ဏား၊ ဤသည်ပင် အကြောင်း အထောက်အပံ့တည်း၊ ယင်းအကြောင်း အထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ့ သရဇ္ဈာယ်မှုကို မပြုပါကုန်သော်လည်း တစ်ခါတစ်ရံ ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏။ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ (မဟာဝဂ္ဂသံယုတ်)

စာရ-စာမေ့ အို စာရှသူ၊ အထက်ပါ ပုဏ္ဏားအမေးနှင့် ဘုရားရှင်၏ အဖြေကို အထူးသတိပြုပါ။ ဗေဒင်ကို ရွတ်အံ့ကော ပုဏ္ဏားမျိုးဖြစ်၍ ဗေဒင်ရခြင်း၊ မှေခြင်းအကြောင်း မေးလျှောက်နေခြင်းဖြစ်၏။ အကယ်၍ ကျောင်းသူ၊ ကျောင်းသား တစ်ယောက်ဖြစ်အံ့၊ ဘာကို မေးမည်နည်း၊ စာကို အလွယ်တကူ ကျက်မှတ်ရကြောင်း နည်းလမ်းကောင်းနှင့် ရပြီးသားစာများ မမေ့ပျောက်

http://www.dhammadownload.com

ကြောင်း နည်းလမ်းကောင်းကို မေးလျှောက်မည်မှာ သေချာပါ၏။ မေးလျှောက်သော် အဖြေကား နည်းတူပင် ဖြစ်ပါလိမ့်မည်။

နိဝရဏဥပမာ 'ကာမစ္ဆန္ဒ ရှိသူသည် ကြွေးရှိသူနှင့်တူ၏။' ချဲ့ဦးအံ့၊ သူတပါး တို့ထံမှ ကြွေးချေးယူမိသူသည် 'သင်ငါ့ကြွေးပေးလော့' စသည်ဖြင့် ကြွေးရှင်တို့က ကြွေးတောင်းခြင်း၊ ကြိမ်းမောင်းခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ နှောင်ဖွဲ့ခြင်း၊ ရိုက်နှက်ပုတ်ခတ်၊ သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း စသည် ပြုလုပ်သော်လည်း ဘာတစ်ခွန်းမျှ ပြန်မပြောရဲဘဲ ကြွေးရှင် ပြောဆို ပြုလုပ်သမျှ ငြိမ်ငြိုး သည်းခံနေရရှာ၏။ အဘယ်ကြောင့်နည်း။ ကြွေးချေးယူမိထားခြင်းကြောင့်တည်း။

ဤအတူပင် ပုဂ္ဂိုလ်တစ်ယောက်သည် ပုဂ္ဂိုလ်တစ်ယောက်၌ တပ်မက်နှစ်သက်မှု "ကာမစ္ဆန္ဒ" ဖြစ်နေလျှင် ယင်းပုဂ္ဂိုလ်က ကြိမ်းမောင်းခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း စသည်ပြုလုပ်သော်လည်း ပြုလုပ်သမျှ အလုံးစုံကို သည်းခံရတော့၏။ အဘယ်ကြောင့်နည်း၊ အိမ်ရှင်ယောကျ်ားတို့ ရိုက်နှက်ပုတ်ခတ်၊ ညှဉ်းဆဲ နှိပ်စက်အပ်ကုန်သော မိန်းမတို့၏ "ကာမစ္ဆန္ဒ" သည် သည်းခံခြင်းနှင့်တူသော ရာဂပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပါဒ်၏ အကြောင်းဖြစ်သကဲ့သို့ ယင်းတပ်မက်နှစ်သက်သော ပုဂ္ဂိုလ်၏ "ကာမစ္ဆန္ဒ" သည် သည်းခံခြင်း၏ အကြောင်းဖြစ်တော့၏။ ဤသို့ ကာမစ္ဆန္ဒ ရှိသူသည် ကြွေးရှိသူနှင့် တူ၏။

လေးကြိမ်တိုင်လတ် လင်ကိုသတ် မိမိ၏ဇနီးကို အင်မတန် ချစ်မြတ်နိုးသော ယောကျ်ား တစ်ယောက်ရှိ၏။ သူ့ဇနီးကမူ သူ့ကိုဖယ်ထားပြီး သူညီငယ်နှင့် ဖောက်ပြားကာ ညီငယ်ကို ချစ်အားသန်နေ၏။ သို့ဖြစ်၍ ရာသန်ပန်ပေါင်းသင်းရန် လင်ကြီးကို သတ်ခိုင်း၏။ ပထမသော် ငြင်း၏။ အကြိမ်ကြိမ်ပြောသော် သတ်တော့၏။ ဇနီးသည်၌ တပ်နှစ်သက်မှု "ကာမစ္ဆန္ဒ" ပြင်းပြစွာနှင့် သေသွားရှာသဖြင့် ယင်းအိမ်၌ မွေ့ဖြစ်နေ၏။ ဇနီးဟောင်းအနီး တလည်လည်နှင့် လှည့်လည်နေရှာ၏။

ဇနီးဟောင်းသည် "ငါ့ယောကျ်ားဟောင်းနှင့် တူတယ်" ဆိုပြီး ယင်း

http://www.dhammadownload.com

မြွေကို တဖန်သတ်ခိုင်းပြန်၏။ မြွေသည် ထိုအိမ်၌ပင် ခွေးဖြစ်ပြန်၏။ ခွေးသည် ဇနီးဟောင်းနောက် တကောက်ကောက် လိုက်၏။ ဇနီးဟောင်းသည် "ငါ့ ယောကျ်ားဟောင်းနှင့် တူတယ်" ဆိုပြီး အသတ်ခိုင်းပြန်၏။ ခွေးသည် ထို အိမ်၌ နွားဖြစ်ပြန်၏။ တကောက်ကောက်လိုက်၍ အသတ်ခိုင်းပြန်၏။

နွားသည် ဇနီးဟောင်းဝမ်း၌ ပဋိသန္ဓေ ယူပြန်၏။ မွေးဖွားသော် ဘဝဟောင်းကို ပြန်လည်မှတ်မိသော "ဇာတိဿရဉာဏ်" ရ၍ "သြော် ငါ့နှယ် ဤကဲ့သို့ ရက်စက် ကြမ်းကြုတ်သော သဘောရှိတဲ့ ရန်သူမ၏ ဝမ်းတိုက်၌ ဖြစ်ရလေခြင်း" ဟု ကြောက်ရွံ့ဝမ်းနည်းကာ ဇနီးဟောင်းလက်ပင် အထိ အကိုင် မခံတော့ချေ။ ထိကိုင်လျှင် ငိုကြွေး၏။ သို့ဖြစ်၍ အဘိုးက မွေးထား ရ၏။ စကားပြောတတ်သောအခါ အဘိုးက မေး၏။

"ချစ်သား၊ သင်ဟာ အဘယ်ကြောင့် သင့်မိခင်လက်နှင့် အထိအကိုင် ပင် မခံဘဲ လက်နှင့်ထိကိုင်လျှင် ပြင်းထန်စွာငိုကြွေးတာလဲ"

"အဘိုး၊ အဲဒါ ကျွန်တော့်မိခင် မဟုတ်ပါ။ ကျွန်တော့်ရဲ့ ရန်သူမ ကြီးပါ"

သူငယ်သည် အတိတ်ဇာတ်ကြောင်း ရှေးဖြစ်ဟောင်းကို အကုန်လုံး ပြန်ပြောင်း၍ အဘိုးအား ပြောပြ၏။ ထိုအခါ အဘိုးသည် ထိတ်လန့်ပြီး သံဝေဂ ပြင်းစွာဖြစ်၍ မြေးငယ်ကို ပွေ့ဖက်ငိုကြွေးကာ "ချစ်သား၊ လာ သွားကြစို့၊ ဒို့ ဒီလိုရန်သူရှိတဲ့ နေရာမျိုးမှာ နေလို့ ဘယ်အကျိုးရှိမှာလဲ" ဟု ပြောပြီးလျှင် မြေးငယ်ကို ခေါ်၍ ကျောင်းတစ်ကျောင်းသွားပြီး ရှင်ရဟန်း ပြုကြရာ မကြာမီပင် အဘိုးရော မြေးပါ ရဟန္တာဖြစ်သွားလေ၏။
(အဂုံတ္တရ အဋ္ဌကထာ)

"မယားဌ်ပေ၊ တပ်လျက်သေ၍၊ မြွေနှင့် ခွေး နွား၊
ထံပါးဝဲရစ်၊ သုံးကြိမ်ဖြစ်ပြီး၊ တစ်ဆစ်ထိုမှ၊ လေးကြိမ်
ကျသော်၊ မယားဝမ်းခေါင်း၊ ဝင်ကာအောင်းရှင့်" (မဃဒေဝ)

"ကာမစ္ဆန္ဒ ကင်းပြီးသူသည် ကြွေးမရှိသူနှင့်တူ၏"။ ချဲ့ဦးအံ့၊ သူတစ်ပါးတို့ထံမှ ကြွေးချေးယူပြီး ကုန်သွယ်ခြင်းစသောအလုပ်ကို လုပ်သူသည်

http://www.dhammadownload.com

ကုန်သွယ်မှုစသည်က မြတ်စွန်းသောကြောင့် "ကြွေးမည်သည်ကား ထက်ဝန်းကျင်မှ အစီးအပွားကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်၏အကြောင်းရင်း 'ပလိဗောဓမူလ' ပေတည်း" ဟု ကြံစည်၍ အတိုးအရင်းနှင့်တကွသော ကြွေးကို အပြေအအေး ဆပ်ပေးပြီး စာချုပ်စာရင်းကို ဆုတ်ဖြဲရာ၏။ ထိုနောက် တစ်စုံတစ်ယောက်သောသူမျှ တမန်စေလွှတ်ခြင်း၊ ကမ္မည်းစာလွှာပါးခြင်း မပြုလုပ်နိုင်။ ကြွေးရှင်တို့ကိုမြင်သော် နေရာမှ ထလိုလျှင်လည်း ထ၏။ မထလိုလျှင်လည်း မထပဲ နေနိုင်၏။ အဘယ်ကြောင့်နည်း။ ကြွေးရှင်တို့ နှင့် ဥစ္စာအားဖြင့် ဆပ်စပ်လိမ်းကျံမှု မရှိသောကြောင့်တည်း။

ဤအတူ "ဤကာမစ္ဆန္ဒမည်သည် ထက်ဝန်းကျင်မှ ရဟန်းတရားကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်၏အကြောင်းအရင်း 'ပလိဗောဓမူလ' ပေတည်း" ဟု ကြံစည်စဉ်းစား၍ ယောဂီသည်-

၁။ ပဌမစျာန်၏ အကြောင်းဖြစ်သော အသုဘနိမိတ်ကို သင်ယူခြင်း။
၂။ အသုဘ ဘာဝနာကို အဖန်ဖန် အားထုတ်ခြင်း။
၃။ ဣန္ဒြေ ၆ ပါးတို့၌ လုံခြုံသော တံခါးရှိခြင်း။
၄။ ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း။
၅။ အသုဘ ဘာဝနာ ပွားများထားသော မိတ်ကောင်း ဆွေကောင်း ရှိခြင်း။
၆။ အသုဘ ဘာဝနာအား လျော်ကန်တတ်သော စကားကိုပြောခြင်း ဟူသော ၆ ပါးကုန်သော တရားတို့ကို ပွားစေ၊ မိမိ၌ဖြစ်စေ၍ ကာမစ္ဆန္ဒကို ပယ်စွန့်ပါ။

ယင်းသို့ ပယ်အပ်ပြီးသော 'ကာမစ္ဆန္ဒ' ရှိသူသည် ကြွေးမြီမှလွတ်သော သူ၏ ကြွေးရှင်တို့ကို မြင်သော် ကြောက်ခြင်း၊ ထိတ်လန့်ခြင်း စသည် မဖြစ်သကဲ့သို့ ဤအတူ တစ်ပါးသော ကာမအာရုံဝတ္ထု၌ ကပ်ငြိတတ်သော တဏှာ၊ နှောင်ဖွဲ့တတ်သော တဏှာ မရှိအံ့။ နတ်တို့၏ ကာမဂုဏ်အာရုံတို့ကို မြင်ရသော်လည်း ကိလေသာတို့ဖြင့် နှိပ်စက်မှု မခံရ၊ တရားကို ချမ်းသာစွာ အားထုတ်နိုင်သဖြင့် မဂ်ဖိုလ်တရား အထူးကို ရနိုင်၏။ ထို့ကြောင့် 'ကာမ

http://www.dhammadownload.com

စွန့် မရှိသူသည် ကြွေးမရှိသူနှင့် တူ၏' ဟူ၍ ဘုရားရှင် ဟော်တော်မူ၏။

ရှင်သမိဒ္ဓိ ဘုရားရှင် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ်အခါ ရှင်သမိဒ္ဓိသည် နံနက်စောစော တပေါဒါ မြစ်ထဲရေချိုးပြီး ပြန်တက်၍ ကိုယ်ကို ခြောက်သွေ့စေလျက် သင်္ကန်း တစ်ထည် တည်းဖြင့်ရပ်နေ၏။ ထိုအခါ နတ်သမီးတစ်ယောက်သည် အလွန် နှစ်သက်ဖွယ် သော အဆင်းရှိသည်ဖြစ်၍ တပေါဒါမြစ် အလုံးကို ထွန်းလင်းစေလျက် ကောင်းကင်၌ ရပ်တည်ကာ ရှင်သမိဒ္ဓိကို ချစ်တင်းဆို၏။

"အို ကိုယ်တော်ချော၊ သင်သည် ကာမဂုဏ်ငါးပါး တို့ကို မခံစားမူ၍ ဆွမ်းခံဘိ၏။ ကာမဂုဏ် ငါးပါးတို့ကို ခံစားမူ၍ ဆွမ်းမခံပါလင့်။ ကာမဂုဏ် ငါးပါးတို့ကို ခံစား ပြီးမှသာ ဆွမ်းခံပါလော့။ ကာမဂုဏ်ခံစားရာအချိန်သည် သင့်ကို မလွန်သွားပါစေလင့်"

"ဆွမ်းခံဘိ၏" ဟူသည်မှာ ရဟန်းပြုဘိ၏ဟု ဆိုလို၏။ "ဆွမ်း မခံပါလင့်" ဟူသည်မှာ ရဟန်းမပြုပါလင့်ဟု ဆိုလို၏။ "ဆွမ်းခံပါလော့" ဟူသည်မှာ ရဟန်းခံပါလော့ဟု ဆိုလို၏။

"နတ်သမီး ငါသည် သေရမည့်အခါကို မသိ။ သေရမည့်အခါသည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ငါ့အား မထင်။ ထို့ကြောင့် ငါသည် ကာမဂုဏ်ငါးပါး တို့ကို မခံစားမူ၍ ဆွမ်းခံအံ့။ တရားအားထုတ်ရာအချိန်သည် ငါ့ကိုလွန်၍ မသွားပါစေလင့်။

ထိုအခါ နတ်သမီးသည် မြေပြင်သို့ ဆင်းကာ ရှင်သမိဒ္ဓိအနီး ချဉ်းကပ်၍ ပြောပြန်၏-

"အို ကိုယ်တော်ချော၊ သင်သည် ငယ်လှ၊ ပျိုနုလှသေး၏။ အရွယ်ကောင်းနှင့် ပြည့်စုံပါလျက် ကာမဂုဏ်

http://www.dhammadownload.com

မခံစား၊ လူ့ကာမဂုဏ်တို့ကို ခံစားပါဦးလော့။ မျက်မှောက်ခံစားမှုကို စွန့်၍ နောင်ဖြစ်မည့် နတ်ကာမဂုဏ်တို့ကို မတောင့်တလင့်"

"နတ်သမီး၊ ငါသည် မျက်မှောက်ခံစားမှုကို စွန့်၍ နောင်ဖြစ်မည့် နတ်ကာမဂုဏ်တို့ကို မတောင့်တဘဲ နောင်ကာလမှဖြစ်မည့် နတ် ကာမဂုဏ်တို့ကိုလည်းစွန့်၍ကိုယ်တိုင်သိမြင်နိုင်သော လောကုတ္တရာ အကျိုးကို တောင့်တ၏။ နောင်ကာလမှဖြစ်မည့် ကာမဂုဏ်တို့ကို များသော ဆင်းရဲပင်ပန်းခြင်းရှိကုန်၏ဟု ဘုရားရှင် ဟော်တော်မူ အပ်ကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်သည် များလှ၏။ ဤလောကုတ္တရာတရားသည် ကိုယ်တိုင်သိမြင် နိုင်သော တရားဖြစ်၏။ အခါမလင့် အကျိုးပေး၏။ လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်၏။ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏။ အရိယာပညာရှင်တို့သာ ကိုယ်စီကိုယ်ငှ သိထိုက်၏"

နတ်သမီးသည် ရှင်သမိဒ္ဓိ အဖြေများကို နားမလည်၍ မေး၏။ ရှင်သမိဒ္ဓိသည် ဘုရားရှင်ကို ညွှန်၍ ဘုရားရှင်ထံ နတ်သမီး ခေါ်သွား၏။ ဘုရားရှင် တရားအဆုံး၌ နတ်သမီး သောတာပန် ဖြစ်သွား၏။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ)

ကာမစ္ဆန္ဒရှိ-မရှိ အို စာရှူသူ၊ ကာမစ္ဆန္ဒရှိခြင်း၏ အပြစ်ကား အသရေ့ အနန္တပင် များလှဘိ၏။ ကာမစ္ဆန္ဒ မရှိခြင်း၏ အကျိုးတရားသည်လည်း အသရေ့ အနန္တပင် များလှဘိ၏။ ပြဆိုခဲ့သော ဝတ္ထုကြောင်း ၂ ခုကို ထောက်ဆသော် "ကာမစ္ဆန္ဒ" ပယ်ရှားရေး အရေးကြီးလှကြောင်း မထင်ရှားပါလော။

"ဗျာပါဒရှိသူသည် ရောဂါရှိသူနှင့် တူ၏"။ ချဲ့ဦးအံ့၊ သည်းခြေနာရောဂါရှိသူသည် ပျားသကာ အစရှိသည်တို့ကို ပေးကျွေးအပ်ပါသော်လည်း မနှစ်သက်နိုင်ဘဲ "ခါးလှချည့်၊ ခါးလှချည့်" ဟူ၍ ထွေးအန်ထုတ်သကဲ့သ

http://www.dhammadownload.com

ထို့အတူ ဒေါသဗျာပါဒဖြင့် ဖောက်ပြန်သော စိတ်ရှိသည့် ယောဂီကို အစီးအပွား လိုလားသူ ဆရာသမား၊ မိတ်ဆွေများက အနည်းငယ်မျှ ဆိုဆုံးမသော် မနာခံဘဲ "သင်တို့သည် ငါ့အား အလွန်လျှင် ညှဉ်းဆဲသမှု ပြုကုန်၏" စသည်ဖြင့် နှုတ်လှဲပြန်ထိုး၍ ထိုထို ဤဤ လှည့်လည် ရှောင်ရှားသွား၏။

သည်းခြေနာ ရောဂါကြောင့် ပျားသကာ စသည်တို့၏ အရသာကို မနှစ်သက်နိုင်သကဲ့သို့ အမျက်ဒေါသ၊ ဗျာပါဒ ရောဂါကြောင့် စျာန်ချမ်းသာ အစရှိသော သာသနာတော်၏ အရသာကို မရနိုင်။ ဤသို့ အမျက်ဒေါသ၊ ဗျာပါဒရှိသူသည် ရောဂါရှိသူနှင့်တူ၏။

'ဗျာပါဒကို ပယ်ပြီးသူသည် ရောဂါကင်းသူနှင့် တူ၏။' ခဲ့ဦးအံ့၊ သည်းခြေနာရောဂါရှိသူသည် ဆေးကုသ၍ ပျောက်ကင်းသွားသော်ပျားသကာ အစရှိသည်တို့၏ အရသာကို ချမ်းသာစွာ စားသောက်နိုင်သကဲ့သို့ ဤအတူ 'ဤအမျက်ဒေါသ၊ ဗျာပါဒသည် မိမိသူတပါးနှစ်ဦးသားတို့၏ အကျိုးမဲ့မှုကို များစွာပြုတတ်၏။' ဟု ကြံစည်စဉ်းစား၍ ယောဂီသည်-

၁။ မေတ္တာ၏ အကြောင်းနိမိတ်ကို သင်ယူခြင်း၊

၂။ မေတ္တာဘာဝနာပွားခြင်း၊

၃။ သတ္တဝါတို့၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည့် အဖြစ်ကိုဆင်ခြင်ခြင်း၊

၄။ များသော ဒေါသ၊ မေတ္တာတို့၌ အပြစ်၊ အကျိုးကို ဆင်ခြင်ခြင်း၊

၅။ မေတ္တာဖြင့်နေလေ့ရှိသော မိတ်ကောင်းရှိခြင်း၊

၆။ မေတ္တာ ဘာဝနာအား လျော့ပါတ်သော စကားပြောဆိုခြင်း၊

ဟူသော ၆ ပါးကုန်သော တရားတို့ကို ပွားများကာ အမျက်ဒေါသ၊ ဗျာပါဒကို ပယ်စွန့်၏။

ယင်းသို့ အမျက်ဒေါသ၊ ဗျာပါဒကို ပယ်ပြီးသော် သည်းခြေနာ ရောဂါမှ ပျောက်ကင်းသွားသူသည် ပျားသကာ စသည်တို့၏ အရသာကို အမြတ်တနိုး မှီဝဲစားသုံးနိုင်သကဲ့သို့ ဤအတူ ယောဂီသည် စာရိတ္တသီလဟု ဆိုအပ်သော အကျင့်ကို အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ် အစရှိသည်တို့ကို ဦးထိပ်ဖြင့်ခံယူ၍ အမြတ်တနိုး ကျင့်ကြံအားထုတ်သော်

http://www.dhammadownload.com

မင်္ဂဖိုလ်တရားအထူးကို ရလေ၏။ ထို့ကြောင့် "အမျက်ဒေါသ၊ ဗျာပါဒကို ပယ်ပြီးသူသည် အနာရောဂါကင်းသူနှင့်တူ၏" ဟူ၍ဘုရားရှင် ဟောတော်မူ၏။

ဗျာပါဒပျောက်-နိဗ္ဗာန်ရောက် သာဝတ္ထိပြည်တွင် အမျိုးသမီးတစ်ယောက် ရှိ၏။ အလွန် အဆင်းလှ၏။ လိမ္မာ၏။ အရွယ်ရောက်သော် မိဘတို့က အမျိုး၊ အရွယ်၊ ဂုဏ်ရည်တူ သတို့သား တစ်ယောက်နှင့် အိမ်ရာချ၏။ သတို့သားသည် အမျိုးသမီးကို အနည်းငယ်မျှ မချစ်မြတ်နိုးဘဲ တခြား အမျိုးသမီးတစ်ယောက်ကို ချစ်မြတ် နိုး၏။ ယင်းကို သိသော် စိတ်မချမ်းမသာ "ဗျာပါဒ" ဖြစ်၍ စိတ်ပျက်မှု ပြေပျောက်ရန် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာ မောဂ္ဂလာန်တို့ကို ပင့်ဖိတ်ကာ ဆွမ်းကပ်၊ တရားနာသော် သောတာပန် ဖြစ်၏။ ထိုအချိန်မှ၍ အမျိုးသမီးသည် မင်္ဂချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေ၏။ တဖန်စဉ်းစား၏။

"ငါ့ယောကျ်ားသည် ငါ့အား အလိုမရှိ၊ မနှစ်သက်။ ငါ့အား အိမ်ရာ တည်ထောင် လူ၏ဘောင်၌ နေခြင်းဖြင့် ဘယ်အကျိုး ရှိအံ့နည်း။ ငါသည် ရဟန်းမိန်းမ ပြုအံ့"

အမျိုးသမီးသည် ယင်းသို့ စဉ်းစားပြီး မိဘတို့အား ခွင့်တောင်း၍ ရဟန်းမိန်းမ ပြုလုပ်ကာ တရားအားထုတ်သော် မကြာမီ ရဟန္တာထေရီဖြစ်သွား ၏။ (ဒုကနိပါတ်ဇာတ် အဋ္ဌကထာ)

အို စာရှူသူ၊ စိတ်ဆိုး၊ စိတ်ပျက်၊ အမျက်ဒေါသ ဗျာပါဒ ဖြစ်သော် ယင်းဗျာပါဒ ပြေပျောက်ရေးကို အမြန် ပြုကျင့်သင့်ကြောင်း နည်းကောင်း တမည် ပြခဲ့ပါပြီ။ မပြေပျောက်ဘဲ ဆထက်ကဲသော် အပါယ်ကျကြောင်းကို ပြပါဦးမည်။

ရဟန်းပြိတ္တာ ရှင်မဟာကဿပတွင် ပဉ္စင်းငယ်နှစ်ပါး ရှိ၏။ တစ်ပါးသည် ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံ၏။ တစ်ပါးကား မိမိမပြုဘဲ လျှက် မိမိပြုသကဲ့သို့ ထင်စေ၏။ ယင်းကို ရှင်မဟာကဿပသိသော် ဆုံးမ၏။

"ငါ့ရှင်၊ ရဟန်းမည်သည် မိမိပြုသည်ကိုသာ ပြု၏" ဟု ဆိုသင့်၏။ မိမိမပြုသည်ကို မပြုဟု ဆိုသင့်၏။

http://www.dhammadownload.com

ထိုအခါ ပဉ္စင်းငယ်သည် ပြောဆိုရကောင်းလားဟု ရန်ငြိုးဖွဲ့၏။ တစ်နေ့သော် ရှင်မဟာကဿပ ဆွမ်းခံကြွစဉ် ကျောင်းကို မီးရှို့၍ အသုံးအဆောင်တို့ကို ဖျက်ဆီး၍ ပြေး၏။ အရပ်တစ်ပါးရောက်သော် တစ်ကိုယ်လုံး တောက်လောင်သော ရဟန်းပြိတ္တာဖြစ်၍ သေသော် အဝီစိ ငရဲကျ၏။
(ဓမ္မပဒ အဋ္ဌကထာ)

"ထိနမိဒ္ဓ ရှိသူသည် အချုပ်အနှောင် အဖွဲ့ခံရသူနှင့်တူ၏" ။ ချဲ့ဦးအံ့၊ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပသည့်နေ့၌ အချုပ်အနှောင် အဖွဲ့ခံရသူသည် ပွဲလမ်းသဘင်၏ အစ၊ အလယ်၊ အဆုံးကို မကြည့်ရှုလိုက်ရ။ ပွဲလမ်းသဘင် ပြီး၍ အချုပ်အနှောင်အဖွဲ့မှ လွတ်သော် လူအများက "ယမန်နေ့က ပွဲလမ်းသဘင့်သည် စိတ်နှလုံးကို ပွားနိုင်ပါပေစွ။ အက၊ အခုန်၊ အဆို၊ အတီးများလဲ ကောင်းပါပေစွ" စသည်ဖြင့် ချီးကျူးစကားပြောသော်လည်း အချုပ်အနှောင် အဖွဲ့ခံရသူသည် စကားတုံ့ပြန်လှန်၍ ဝေဖန်ချက် မပေးနိုင်။ အဘယ်ကြောင့်နည်း။ ပွဲလမ်းသဘင်ကို မကြည့်ရှု မခံစားရသောကြောင့်တည်း။

ဤအတူ "ထိနမိဒ္ဓ" နှိပ်စက်ခံရသော ယောဂီသည် ဆန်းကြယ်နက်နဲသော နည်းရှိသော တရားစကားကို ကြားနာရသော်လည်း ယင်းတရားတော်၏ အစ၊ အလယ်၊ အဆုံးကို မသိလိုက်၊ တရားပွဲပြီးဆုံး၍ ထပြန်သော် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး နာကြားလိုက်ရသူများက "တရားတော်သည် အံ့သြဖွယ် ရှိပေစွ၊ အကြောင်းယုတ္တိ ရှိပေစွ၊ ဥပမာ ဥပမေယျ စုံပေစွ" စသည်ဖြင့် ချီးကျူးစကားပြောကြားသော်လည်း ထိန-မိဒ္ဓ နှိပ်စက်ခံရသူသည် စကားတုံ့ပြန်လှန်၍ ဝေဖန်ချက် မပေးနိုင်။ အဘယ်ကြောင့်နည်း။ ထိနမိဒ္ဓ နှိပ်စက်ရကား တရားစကားကို မကြားနာလိုက်ရသောကြောင့်တည်း။ ဤသို့ ထိနမိဒ္ဓရှိသူသည် အချုပ်အနှောင်အဖွဲ့ ခံရသူနှင့်တူ၏။

"ထိနမိဒ္ဓ ပယ်ပြီးသူသည် အချုပ်အနှောင်အဖွဲ့မှ လွတ်ကင်းသူနှင့်တူ၏" ။ ချဲ့ဦးအံ့၊ ပွဲလမ်းသဘင် ဆင်ယင် ကျင်းပသောနေ့၌ အချုပ်အနှောင် အဖွဲ့ခံရသူသည် နောက်အခါ ဘေးရန်ကင်းကွာ လွတ်လာ၏။ များမကြာမီ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပခြင်းနှင့် ကြုံပြန်၏။ ထိုအခါ သူသည် "ရှေး

http://www.dhammadownload.com

ပွဲလမ်းသဘင် ဆင်ယင်ကျင်းပစဉ်က ငါ့မှာ မေ့လျော့ပြစ်ကြောင့် အချုပ်အနှောင်အဖွဲ့ ခံရ၏။ ပွဲလမ်းသဘင်၏ အရသာကို မခံစားလိုက်ရပြီ။ ယခုတစ်ကြိမ် ပွဲလမ်းသဘင်မှာတော့ မမေ့မလျော့ ငါနေတောအံ့။ ယင်းသို့နေသော် ဆန့်ကျင်ဘက်ကို လိုလားသည့် ရန်သူတို့ ဖမ်းဆီးချုပ်နှောင်ခွင့် မရနိုင်ကုန်။ ယင်းသို့ မရသော် ပွဲလမ်းသဘင်၏ အစ၊ အလယ်၊ အဆုံးတိုင် ခံစားခွင့်ရ၍ 'ပွဲလမ်းသဘင်သည် ညောင် အံ့ဖွယ်ရှိပေစ၊ မြတ်နိုးဖွယ် ရှိပေစ၊' စသည်ဖြင့် တသိမ့်သိမ့် ချီးကျူးနိုင်သကဲ့သို့ ဤအတူ 'ဤထိနမိဒ္ဓသည် မျက်မှောက်တမလွန် နှစ်တန်သော အကျိုးမဲ့ကို များစွာပြုတတ်၏' ဟုစဉ်းစား၍ ယောဂီသည်-

၁။ အလွန်စားခြင်း၌ ထိနမိဒ္ဓအကြောင်းကို သင်ယူခြင်း။
၂။ ဣရိယာပုတ် ပြောင်းလဲပေးခြင်း။
၃။ အရောင်၊ အလင်းဟူ၍ဖြစ်သော အမှတ်သညာကို နှလုံးသွင်းခြင်း။
၄။ ဟင်းလင်းပြင် လွင်တီးခေါင်၌ နေခြင်း။
၅။ ပယ်အပ်ပြီးသော ထိနမိဒ္ဓရှိသော မိတ်ကောင်းရှိခြင်း။
၆။ ထိနမိဒ္ဓပယ်ခြင်းအား လျော့ကပ်တတ်သော စကားပြောခြင်း။

ဟူသော ၆ ပါးကုန်သော တရားတို့ကို ပွားများကာ ထိနမိဒ္ဓကို ပယ်၏။

ယင်းသို့ ထိနမိဒ္ဓကို ပယ်ပြီးသော ယောဂီသည် အချုပ်အနှောင်အဖွဲ့မှ လွတ်သော ယောကျ်ားသည် ပွဲလမ်းသဘင်၏ အစ၊ အလယ်၊ အဆုံးကို ခံစားရသကဲ့သို့ ဤအတူ တရားတော်၏ အစ၊ အလယ်၊ အဆုံးကို ခံစားလျက် ပဋိသန္ဓိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ ထို့ကြောင့် "ထိနမိဒ္ဓ ပယ်ပြီးသူသည် အချုပ်အနှောင်အဖွဲ့မှ လွတ်ကင်းသူနှင့် တူ၏" ဟူ၍ ဘုရားရှင် ဟော်တော်မူ၏။

"ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိသူသည် ကျွန်နှင့် တူ၏"။ ချဲ့ဦးအံ့၊ ပွဲလမ်းသဘင် ဆင်ယင် ကျင်းပကစားကြသောအခါ သူတစ်ပါးတို့၏ ကျေးကျွန်သည် အရှင်သခင်တို့က အလျင်စလို ပြုလုပ်စရာ ကိစ္စရှိသည့်အတွက် "ဒီကိစ္စ ဒီကိစ္စ တွေ့ရှိတယ်၊ သင် လျင်မြန်စွာ ဟိုနေရာသို့ သွားတဲ့ချေ၊ အကယ်၍ ဟိုနေရာသို့ သင်မသွားသော် သင်၏ လက်၊ ခြေကိုသော်လည်း ဖြတ်မယ်၊ နား၊ နှာခေါင်းကိုသော်လည်း ဖြတ်မယ်" ယင်းသို့ စသည်ပြောဆိုကာ လွတ်သဖြင့်

http://www.dhammadownload.com

ဟိုနေရာသို့ သွားရကျာ၏။ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ ကစားမှု၏ အစ၊ အလယ်၊ အဆုံးကို ကြည့်ရှုခံစား၊ ပျော်ပါးခွင့် မရတော့။ အဘယ်ကြောင့်နည်း။ သူတစ်ပါးတို့၏ ကျေးကျွန်အဖြစ်မှ မလွတ်သေးသဖြင့် သူတစ်ပါးတို့နှင့် ဆက်စပ်နေသောကြောင့်တည်း။

ဤအတူ ဝိနည်းဥပဒေ၌ ပညတ်အပ်ပြီးသော သိက္ခာပုဒ်တွေကို သင်ကြားနားလည်ခြင်းမရှိဘဲ ကိုယ်၏ အပေါင်းအဖော် ကိလေသာတို့မှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော "ကာယဝိဝေက" အကျိုးငှာ တောထွက်၍ တရားအားထုတ်သော ရဟန်းသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အယုတ်သဖြင့် စားအပ်သော အသားဟင်း၌ မစားအပ်သော အသားဟင်းဟု အမှတ်ရှိသော် "ကာယဝိဝေက" ကို ပယ်ဖျက်၍ သီလကို သုတ်သင်ရန် အလို့ငှာ ဝိနည်းဓိရ်ပုဂ္ဂိုလ်ထံ သွားရ၏။ ကာယဝိဝေက ချမ်းသာကို ခံစားခွင့် မရ။ အဘယ်ကြောင့်နည်း။ ဥဒ္ဒစ္စကုက္ကုစ္စ လွှမ်းမိုးနှိပ်စက်သည့်အတွက်ကြောင့်တည်း။ "ဤသို့ ဥဒ္ဒစ္စကုက္ကုစ္စ ရှိသူသည် သူတစ်ပါး ကျေးကျွန်နှင့် တူ၏" "**ဥဒ္ဒစ္စ-ကုက္ကုစ္စ ပယ်ပြီးသူသည် ကျွန်အဖြစ်မှ လွတ်ကင်းသူနှင့် တူ၏**"။ ချဲ့ဦးအံ့၊ သူတစ်ပါးတို့ထံမှာ ဓနကြေးငွေအတွက် ကျွန်ခံနေရသူသည် တစ်ချိန်၌ မိတ်ကောင်း အမှီရ၍ ကြွေးရှင်တို့၏ ကြွေးကိုဆပ်ပြီး ကျွန်အဖြစ်မှ လွတ်သော် မိမိပြုလုပ်လိုသော အလုပ်ကို မိမိသဘောကျ ပြုလုပ်နိုင်သကဲ့သို့ ဤအတူ "**ဤဥဒ္ဒစ္စ-ကုက္ကုစ္စသည် ပစ္စုပ္ပန်-တမလွန် နှစ်တန်သော အကျိုးမဲ့ကို များစွာ ပြုတတ်၏**" ဟု ကြံစည် စဉ်းစား၍ ယောဂီသည်-

၁။ ကြားနာအပ်ပြီးသော ပရိယတ္တိ ဗဟုသုတများခြင်း၊
၂။ အပ်-မအပ် အဖန်ဖန် ဆွေးနွေး မေးမြန်းခြင်း၊
၃။ ဝိနည်း၌ လိမ္မာကျွမ်းကျင်ခြင်း၊
၄။ ကြီးသော ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း၊
၅။ ဝိနည်းဓိရ် မိတ်ကောင်းကို ပေါင်းသင်းခြင်း၊
၆။ အပ်-မအပ် စသော ဝိနည်းနှင့်စပ်သော စကားကိုပြောခြင်း၊

ဟူသော ၆-ပါးကုန်၍ သာ တရားတို့ကို ပွားများကာ ဥဒ္ဒစ္စ ကုက္ကုစ္စကို ပယ်၏။

ယင်းသို့ ဥဒ္ဒစ္စ ကုက္ကုစ္စကို ပယ်ပြီးသော ရဟန်းသည်၊ ကျွန်အဖြစ်မှ

http://www.dhammadownload.com

လွတ်သူသည် မိမိပြုလုပ်လိုသော အလုပ်ကို မိမိသဘောကျ ပြုလုပ်နိုင်သကဲ့သို့ တစ်စုံတစ်ယောက်ကမျှ အနိုင်ကျင့်ကာ လွတ်လပ်ပြီးသူအဖြစ်မှ တဖန်ပြန်၍ ကျွန်အဖြစ်သို့ မရောက်စေနိုင်သကဲ့သို့ ဤအတူ ယောဂီရဟန်းသည် နိဝရဏတို့မှ လွတ်မြောက်ကြောင်းဖြစ်သော ဥပစာရ ဘာဝနာမှ အကျင့်ကို ချမ်းသာစွာ ကျင့်ရ၏။ ယင်းကို ဥဒ္ဓစ္စ ကုက္ကုစ္စသည် အနိုင်ကျင့်သဖြင့် ယင်းအကျင့်မှ မဆုတ်နစ်၊ မလျော့ကျ စေနိုင်။ ထို့ကြောင့် "ဥဒ္ဓစ္စ ကုက္ကုစ္စ ပယ်ပြီးသူသည် ကျွန်အဖြစ်မှ လွတ်ကင်းသူနှင့် တူ၏" ဟူ၍ ဘုရားရှင် ဟော်တော်မူ၏။

ဒကာငါးယောက် တရားနာပုံ အခါတစ်ပါး ဘုရားရှင်သည် ဒကာငါးယောက်တို့အား တရားဟောတော်မူ၏။ ဒကာငါးယောက်တို့၏ တရားနာပုံကို သိမြင်သော ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်၏။

"မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ကောင်းကင် ဂင်္ဂါမြစ်မှ ရေစီးဆင်းဘိသကဲ့သို့ တရားတော်ကို ကောင်းစွာဟောတော်မူပါပေ၏။ သို့သော် တရားနာ ဒကာငါးယောက်တွင် တစ်ယောက်က ငိုက်မျဉ်းလျှက် တစ်ယောက်က လက်ဖြင့်မြေကို ခြစ်လျှက်၊ တစ်ယောက်က သစ်ခက်ကို လှုပ်လျှက်၊ တစ်ယောက်က ကောင်းကင်ကို ကြည့်လျှက်၊ တစ်ယောက်က အရိုအသေပြုလျှက် နာကြားပါ၏"

"အာနန္ဒာ၊ ယင်းဒကာငါးယောက်တို့သည် အခြားမရှိဘဲ ဘဝငါးရာတို့ပတ်လုံး ငိုက်မျဉ်းသူက မြွေဘဝ၊ လက်ဖြင့်မြေကို ခြစ်သူက တိရစ္ဆာန်ဘဝ၊ သစ်ခက်လှုပ်သူက မျောက်ဘဝ၊ ကောင်းကင်ကြည့်သူက နက္ခတ်ဆရာ၊ အရိုအသေပြုလျှက် နာသူက ဗေဒင်ရွတ်အံ့ သရဏ္ဍာယ်သော ပုဏ္ဏားဘဝတို့၌ ဖြစ်ခဲ့ဖူးကြကုန်၏။" (ဓမ္မပဒ အဋ္ဌကထာ)

ထိုတွင် အရိုအသေပြုလျှက် နာသူတစ်ယောက်သာ သောတာပန်တည်လေ၏။ အို စာရှသူ၊ ဤတွင် အထူးသတိရှိပါ။ ဗေဒင်ရွတ်အံ့ သရဏ္ဍာယ်သူတောင်မှ တရားနာသည့်အခါ ရှိသေစွာနာနိုင်သည့် အထောက်အကူရ၍ သောတာပန် တည်လျှင် ပရိတ်ရွတ်သူများ၊ စာပြန် စာအံ့ သံဃာတော်များသည်

http://www.dhammadownload.com

ဘုရားဟောပဋ္ဌကတ်တော်များကို ရွတ်အံသရဇ္ဈာယ်နေရာ အကျိုးကို လှမ်းမျှော်ကြည့်ပါ။ သို့ပါ၍ အပြစ်မပြောမိအောင် အထူးသတိရှိပါ။

"ဝိစိကိစ္ဆာရှိသူသည် ကန္ခာရခရီးခဲ သွားသူနှင့်တူ၏"။ ချဲ့ဦးအံ့၊ အစာ ရေစာ ပါရှား၊ ခိုးသားဓါးပြ ပေါများသော ကန္ခာရခရီးခဲသို့ သွားသူသည် ခိုးသားဓါးပြကို လုယက်ရာအရပ်ကိုလည်းကောင်း၊ ရိုက်ပုတ်ရာ အရပ်ကို လည်းကောင်းမြင်သော် သစ်ကိုင်းကျိုးကျသံ၊ ငှက်ပျံသံ၊ ကြွားရသည့်အခါမှာ ခိုးသားဓါးပြတွေ လာကုန်ပြီအထင်နှင့် ဖြည်းဖြည်းသွားလိုက် ရပ်နားလိုက် နောက်ပြန်ဆုတ်လိုက် သွားရကောင်းမလား မသွားဘဲ နေရကောင်းမလားဟု ဝေခွဲမရ ဖြစ်နေရကား သွားပြီးခရီးထက် မသွားရသေးသည့်ခရီးက များနေပေ၏။ ထိုသူသည် ဆင်းရဲငြိုငြင် ပင်ပန်းစွာဖင့် ဘေးရန်ကင်းကွာ ချမ်းသာရာ အရပ်သို့ ရောက်သော်လည်း ရောက်ရာ၏။ မရောက်ပဲသော်လည်း ရှိရာ၏။

ဤအတူ ယောဂီသည် ဗုဒ္ဓ-ဓမ္မ-သံဃာ သုံးပါး သိက္ခာ၊ သံသရာ ရှေးအစွန်း၊ နောက်အစွန်း၊ ရှေးနောက်အစွန်း၊ ဣဒပ္စယတာ ပဋိစ္စသမုပ္ပါဒ် အားဖြင့် ရှစ်ပါးသော ဌာနတို့၌ ဝိစိကိစ္ဆာရှိ၍ "ဘုရားလေလော၊ ဘုရားမဟုတ်လေသလော" စသည်ဖြင့် တွေးတောယုံမှားလျက် သက်ဝင်ဆုံးဖြတ် ယုံကြည်ခြင်းဖြင့် မယူမှတ်နိုင်။ သို့ဖြစ်၍ မဂ်ဖိုလ်သို့ မရောက်နိုင်။

အစာရေစာ ပါးရှား ခိုးသားဓါးပြ ပေါများသော ကန္ခာရခရီးခဲ သွားသူသည် "ခိုးသူတို့ ရှိလေကုန်သလော၊ မရှိလေကုန်သလော" ဟု ယုံမှားတွေးတော ကြောက်ရွံ့ပြီး သွားသင့်-မသွားသင့် မဆုံးဖြတ်နိုင်သည့်အတွက် ကိုယ်စိတ်တုန်လှုပ်လျက် ဘေးရန်ကင်းကွာ ချမ်းသာရာအရပ်သို့ ရောက်ခြင်း၏ အန္တရာယ်ဖြစ်နေသကဲ့သို့ ထို့အတူ ဝိစိကိစ္ဆာရှိနေသူလည်း "ဘုရားဟုတ်လေသလော၊ မဟုတ်လေသလော" စသည်ဖြင့် ဝိစိကိစ္ဆာ ရှိနေပြီး မဆုံးဖြတ်နိုင်ရကား ကိုယ်စိတ်တုန်လှုပ်လျက် ဘေးရန်ကင်းကွာ ချမ်းသာရာ အရိယာဘုံသို့ ရောက်ခြင်း၏ အန္တရာယ်ဖြစ်နေတော့၏။ ဤသို့ "ဝိစိကိစ္ဆာရှိသူသည် အစာရေစာ ရှားပါး၊ ခိုးသားဓါးပြပေါများသော ဓရီးခဲသွားသူနှင့် တူ၏"

"ဝိစိကိစ္ဆာ ပယ်ပြီးသူသည် ဘေးမရှိရာအရပ်သို့ သွားသူနှင့် တူ၏" ချဲ့ဦးအံ့၊ တဘက်ရန်သူကို နှိပ်နှင်းဖျက်ဆီးနိုင်စွမ်းရှိသော အားခွန်ဗလနှင့် ပြည့်စုံသူသည် ရွှေငွေစသော လက်ဖြင့် ယူဆောင်နိုင်သည့် ဥစ္စာနှစ်ကိုယူ၍

http://www.dhammadownload.com

လက်နက်လူသူ အခြံအရံနှင့်တကွ ခရီးခဲကို သွားရာ၏။ ယင်းကို ခိုးသားဓါးပြတို့ အဝေးမှ မြင်လျှင်မြင်ချင်းပင် ထွက်ပြေးကုန်ရာ၏။ သူသည် ဘေးရန်ကင်းကွာ ချမ်းသာရာ အရပ်သို့ရောက်သော် ရွှင်လန်းနှစ်သက်ဖြစ်ရာသကဲ့သို့ ဤအတူ **"ဤဝိစိကိစ္ဆာသည် သမ္မာပဋိပတ် အကျင့်မြတ်၏ အကိုးမဲ့အန္တရာယ်ကို များစွာ ပြုတတ်၏"** ဟု ကြံစည် စဉ်းစား၍ ယောဂီသည် -

၁။ ကြားနာအပ်ပြီးသော ပရိယတ္တိဗဟုသုတ များခြင်း၊

၂။ ရတနာသုံးပါးကို အကြောင်းပြု၍ အဖန်ဖန် ဆွေးနွေး မေးမြန်းခြင်း၊

၃။ ဝိနည်း၌ လိမ္မာကျွမ်းကျင်ခြင်း၊

၄။ သက်ဝင်ယုံကြည်ဆုံးဖြတ်မှု သဒ္ဓါတရား များခြင်း၊

၅။ သဒ္ဓါတရား ကောင်းသော မိတ်ဆွေကောင်း ရှိခြင်း၊

၆။ ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့်စပ်သော လျောက်ပတ်သော စကားပြောခြင်း၊

ဟူသော ၆ ပါးသော တရားတို့ကို ပွားများကာ **"ဝိစိကိစ္ဆာကို ပယ်စွန့်၏"**

ယင်းသို့ ဝိစိကိစ္ဆာ ပယ်ပြီးသူ ယောဂီသည် အားခွန်ဗလနှင့် ပြည့်စုံ၍ လက်နက်လူသူ အခြံအရံနှင့်တကွ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူသည် ခိုးသားဓါးပြတို့ကို အမှိုက်မြက်တစ်ပင်မျှလောက် မရေတွက်ဘဲ ချမ်းသာစွာ ထွက်ခွာ၍ ဘေးရန်ကင်းကွာ ချမ်းသာရာသို့ ရောက်သကဲ့သို့ ဤအတူ ယောဂီသည် မကောင်းမှု ဒုစရိုက်ဟု ဆိုအပ်သော ခရီးခဲကို လွန်မြောက်၍ လွန်မြတ်သော၊ ဘေးရန်ကုန်ရာဖြစ်သည့် မြေအရပ်ဟု ဆိုအပ်တဲ့ မအိုး၊ မနာ၊ မသေ၊ အမြဲနေရာ အမြတ်နိဗ္ဗာန်သို့ ရောက်၏။ ထို့ကြောင့် **"ဝိစိကိစ္ဆာ ပယ်ပြီးသူသည် ဘေးမရှိရာအရပ်သို့ သွားသူနှင့် တူ၏"** ဟူ၍ ဘုရားရှင် ဟောတော်မူ၏။

ရှင်တိသ အခါတစ်ပါး ဘုရားရှင်၏ ဘထွေးတော်သား ရှင်တိသသည် ရဟန်းတော်တို့အား ငါ့ရှင်တို့၊ ငါ၏ ကိုယ်သည် လေးလံသကဲ့သို့ ဖြစ်နေပါ၏။ အရပ်မျက်နှာတို့လည်း ငါ့အား မထင်တော့ပါ။ တရားတွေလည်း မထင်တော့ပါ။ ထိနမိဒ္ဓကလည်း ငါ့ရဲ့စိတ်ကို လွှမ်းမိုး၍

http://www.dhammadownload.com

တည်ပါ၏။။ မပျော် မွေ့ဘဲ တရားကျင့်နေရပါ၏။။ တရားတော်တို့လည်း ဝိစိကိစ္ဆာ ဖြစ်နေပါ၏ ဟု ပြောဖူး၏။။

ထိုအခါ ရဟန်းတော်တို့သည် ရှင်တိဿအကြောင်းကို ဘုရားရှင်အား လျှောက်ကြား၍ ဘုရားရှင် ခေါ်တော်မူပြီး မေးမြန်း၍ တရားဟောရာ နှစ်ရက် သုံးရက်နှင့်ပင် ရဟန္တာ ဖြစ်သွား၏။။ (ခန္ဓဝဂ္ဂသံယုတ်)

နိဝရဏ ၆ ပါး "နိဝရဏ၊ မည်နာမဖြင့်၊ ကိစ္စအပြား၊ ဤခြောက်ပါးတွင်၊ ကြွေးစားကိုယ်နှံ၊ စေပါးခံသို့၊ အာရမ္မဏ၊ ငါးကာမ၏၊ ရသခံစား၊ ကာမသား တို့၊ တန်များကာလ၊ တစ်ဘဝလုံး၊ တဏှာကျေးကျွန်၊ မတော်လှန်ဘဲ၊ ဆန်ကန်မလှဲ့၊ တင့်ငဲ့နှင့်၊ သုံ့လက်ရစ်၊ ဖြစ်ခဲ့အပိုင်၊ မလွန်နိုင်ကြောင်း၊ သားတိုင်မြေးရောက်၊ တီတွတ်မြောက်လည်း၊ မဖောက်မပြန်၊ ကျွန်ရိုးမှန်၍၊ နိဂုန္ဇရ၊ ကိုယ့်ကိစ္စကို၊ စိတ်ကဘယ်ရွေ့၊ မအောက်မေ့သား၊ ကျွန်လေ့ကျွန်လာ၊ ကျွန်မူရာနှင့်၊ တဏှာလိုစု၊ အရှင့်မှုခဲ့၊ မပြုမနေ၊ မရချေတည့်၊ **သေသော်မြေတွင်း၊ မှုတင်းလင်းနှင့်၊ ဆင်းရသည်သာ**၊ လက်မကွာရှင့်" (၁)

"ဗျာပါအမျက်၊ ခံတွင်းပျက်၍၊ နှစ်သက်မမြိန်၊ ညှိုးကြုံပိန်သို့၊ ဘယ်ချိန်ဘယ်ခါ၊ ဘယ်ဆရာ၏၊ ရသာမမှု၊ ဩဝါဒကို၊ နားဝခံလျက်၊ နာမရွက်ဘဲ၊ မနှစ်သက်လို၊ မကြည်ညိုတတ်၊ ပဋိဃာတ်နှင့်၊ မြိန်မြတ်မသိ၊ ပီတိအရှင်း၊ ကောင်းကျိုးကင်း၏" (၂)

"အပျင်းအရိ၊ တချိချိန့်၊ ထိနမိဒ္ဓ၊ နိဝရဏကား၊ ထောင်ချသွင်းသွတ်၊ ထိတ်ကျဉ်းခတ်သို့၊ အမြတ်ဘူမိ၊ သုဂတိကို၊ မသိမထင်၊ မမြင်ရငြား၊ လွန်ဝေးပါး၏" (၃)

"ချောက်ချားတုန်လှုပ်၊ တည်းချုပ်မရ၊ ကုက္ကုစ္စနှင့်၊ ဥဒ္ဓစ္စမည်၊ ဤတို့သည်လည်း၊ လူရည်နွမ်းညှိုး၊ ကျွန့်အမျိုးဝယ်၊ အစိုးမရ၊ ဘယ်ခါမျှပင်၊ မလှမျက်နှာ၊ မသာယာသား၊ အာဏာမဆန်၊ ရှင်ရှိကျွန်သို့၊ ကျူးလွန်ရှေးပြု၊ ဆိုးကောင်းမှုခဲ့၊ ခုခုမတည်၊ စိတ်မကြည်ဘဲ၊ ခိုင်ကျည်မရှိ၊ ပူပန်ဘိ၏" (၄)

"ဝိစိကိစ္ဆာ၊ ယုံမှားစွာကား၊ ကန္တာမြို့ကြော၊ ခိုးသူတောခဲ့၊ သို့လော သို့လော၊ ကြံတွေးမောလျက်၊ သဘောရှိတိုင်း၊ မဆိုင်းမငံ့၊ မသွားဝံ့သို့၊ ရွံ့ရွံ့ရှာရှာ၊ တွန့်တိုကာကြောင့်၊ ကြီးစွာဒုက္ခ တွေ့ကြုံရ၏" (၅)

http://www.dhammadownload.com

"မောဟအဝိဇ္ဇာ၊ တောင်နယ်ကာလျက်၊ ပမာတသီး၊ ခြောက်တန်ဆီး သား၊ ကင်းကြီးအလား၊ ပိတ်ဆို့ထားသို့၊ ခြောက်ပါးနိဝရဏာ၊ ဤပါးပဖြင့်၊ လေးဝကုသိုလ်၊ မပေါက်လိုဘာ၊ မဂ်ဖိုလ်နတ်ရွာ၊ မရောက်သာသည်၊ ဗေးကွာတစေစေနှင့်သာတာမို့" (၆) (မဟာဒေဝ)

နိဝရဏာ ၈ ပါး အာဘယ်အနက်သဘောကြောင့် နိဝရဏာတို့ မည်ကုန်သနည်း။ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်တတ်သော အနက်သဘောကြောင့် နိဝရဏာတို့ မည်ကုန်၏။

၁။ ကာမမှ ထွက်မြောက်သော အလောဘဖြင့် အရိယာတို့သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်း အလောဘသည် အရိယာတို့၏ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ ကာမစ္ဆန္ဒဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ထွက်မြောက်ကြောင်း ဖြစ်သော အလောဘကို မသိရကား ကာမစ္ဆန္ဒသည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ဖင်သော "နိယျာနာဝရဏာ" မည်၏။

၂။ စိတ်မဆိုး၊ စိတ်မဖျက်ခြင်း အဗျာပါဒဖြင့် အရိယာတို့သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်းအဗျာပါဒသည် အရိယာတို့၏ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ ဗျာပါဒဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ထွက်မြောက်ကြောင်းဖြစ်သော အဗျာပါဒကို မသိရကား ဗျာပါဒသည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်သော "နိယျာနာဝရဏာ" မည်၏။

၃။ အလင်းရောင်ကို မှတ်သားခြင်း အာလောက သညာဖြင့် အရိယာတို့သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်း အာလောကသညာသည် အရိယာတို့၏ ဝဋ္ဋမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ ထိနမိဒ္ဓဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ထွက်မြောက်ကြောင်းဖြစ်သော အာလောကသညာကို မသိရကား ထိနမိဒ္ဓသည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်သော "နိယျာနာဝရဏာ" မည်၏။

၄။ စိတ်မပျံ့လွင့်ခြင်း တည်ကြည်ခြင်း "အဝိက္ခေပ" ဖြင့် အရိ

http://www.dhammadownload.com

ယာတို့သည် ဝဠုဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်း "အဝိက္ခေပ" သည် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ထွက်မြောက်ကြောင်းဖြစ်သော "အဝိက္ခေပ" မသိရကား ဥဒ္ဓစ္စသည် ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်တတ်သော "**နိယျာနာဝရဏ**" မည်၏။

၅။ ကုသိုလ်စသော တရားတို့ကို ပိုင်းခြားဆုံးဖြတ်ခြင်း၊ "ဓမ္မဝဝတ္ထာန်" ဖြင့် အရိယာတို့သည် ဝဠုဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်း "ဓမ္မဝဝတ္ထာန်" သည် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ ကုသိုလ်စသော တရားတို့၌ ယုံမှားခြင်း၊ "ဝိစိကိစ္ဆာ" ဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ဓမ္မဝဝတ္ထာန်ကိုမသိရကား ဝိစိကိစ္ဆာသည် "**နိယျာနာဝရဏ**" မည်၏။

၆။ ဉာဏ်ဖြင့် အရိယာတို့သည် ဝဠုဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်းဉာဏ်သည် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ အဝိဇ္ဇာဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်းကို မသိရကား အဝိဇ္ဇာသည် "**နိယျာနာဝရဏ**" မည်၏။

၇။ ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြင့် အရိယာတို့သည် ဝဠုဆင်းရဲမှ ထွက်မြောက်ကုန်သောကြောင့် ယင်းပါမောဇ္ဇသည် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ ဘာဝနာအလုပ်၌ မပျော်မွေ့ခြင်း၊ "အရတိ" ဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော "ပါမောဇ္ဇ" ကို မသိရကား "အရတိ" သည် "**နိယျာနာဝရဏ**" မည်၏။

၈။ အလုံးစုံသော ကုသိုလ်တရားတို့ဖြင့် အရိယာတို့သည် ဝဠုဆင်းရဲမှ ထွက်မြောက်သောကြောင့် ယင်းအလုံးစုံသော ကုသိုလ်တရားတို့သည် အရိယာတို့၏ ဝဠုဆင်းရဲမှ ထွက်မြောက်ကြောင်း "နိယျာန" တည်း။ အလုံးစုံသော အကုသိုလ်တရားတို့ဖြင့် တားမြစ်ပိတ်ပင်အပ်သည့် အဖြစ်ကြောင့်

http://www.dhammadownload.com

အရိယာတို့၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော အလုံးစုံသော ကုသိုလ်တရားကို မသိရကား အလုံးစုံသော အကုသိုလ်တရားတို့သည် "နိယျာနာဝရဏ" မည်၏။ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

ရှုနည်းပြပါဠိ "ဣဓ ဘိက္ခဝေ ဘိက္ခု-

သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ (၁)

အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာ တိ။ (၂)

ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ (၃)

ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။ (၄)

ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနတိ။ (၅)"

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည်-

၁။ မိမိအတွင်းသဏ္ဌာန်၌ ထင်ရှားဖြစ်ရှိနေသော ကာမစ္ဆန္ဒခေါ် လောဘကို "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒခေါ် လောဘသည် ရှိနေ၏" ဟု ပညာဖြင့်သိ၏။

၂။ မိမိအတွင်း အဇ္ဈတ္တသန္တာန်၌ ထင်ရှားမဖြစ် မရှိသော ကာမစ္ဆန္ဒ ခေါ် လောဘကို "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒခေါ် လောဘ မဖြစ်မရှိ" ဟု ပညာဖြင့် သိ၏။

၃။ မသင့်လျော်သော နှလုံးသွင်းမှုကြောင့် မဖြစ်သင့်သော ကာမစ္ဆန္ဒခေါ် လောဘ ပယ်ကြောင်းကိုလည်း ပညာဖြင့် သိ၏။

၄။ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကြောင့် ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒခေါ် လောဘ ပယ်ကြောင်းကိုလည်း ပညာဖြင့် သိ၏။

၅။ မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ပယ်ပြီးသော ကာမစ္ဆန္ဒ ခေါ် လောဘ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း ပညာဖြင့်သိ၏။

http://www.dhammadownload.com

ငါးခုနဲ့ ဟုတ်ပါသဖြင့် ကြွင်းနိုဝရဏတို့ကို တားမစွန့်နေရဘဲတွင် အစွမ်းထိုးပြီး တည်ရှိမျှသာ ထိုးပါတော့၏။ ထိုသို့ဖြင့် ဖတ်ရှုပါလေသည်။ (သုတ်မဟာဝါ ပါဠိတော်)

ရှုနည်းရှင်းချက် ဤနိုဝရဏ ရှုပွားနည်းကို ကျွမ်းကျင်လိုသူသည် မြဲခြံခြင်းမြဲခြင်းကို စိတ္တာနုပဿနာ ရှုပွားနည်းကို ဦးစွာ ကျွမ်းကျင်ရန်လိုအပ်၏။ ခဲ့ပြီးခဲ့၊ စိတ္တာနုပဿနာ ရှုပွားနည်းမှာ စိတ်ကိုမူတည်၍ ညွှန်ပြထားသလို ဤနိုဝရဏာရှုပွားနည်းမှာ စေတသိက်ကိုမူတည်၍ ညွှန်ပြထားပေ၏။

မှန်၏၊ စိတ္တာနုပဿနာလာ "**သရာဂံစိတ္တံ**" အရာနှင့် ဤနိုဝရဏအလာ "**ကာမစ္ဆန္ဒ**" အရာသည် တစ်မျိုးတည်း၊ ဇာပြိုင်တူသည်းပင် ဖြစ်လေ၏။ သို့ရာတွင် ဓမ္မပရိယာယ်နည်းဖြင့် ဘုရားရှင်ခွဲခြား၍ ဟောတော်မူလေ၏။ စင်စစ်အားဖြင့်မူ စိသက်သက်လည်း မဖြစ်နိုင်၊ ကာမစ္ဆန္ဒခေါ် လောဘ စေတသိက်သက်သက်လည်း မဖြစ်နိုင်ပေ။ ဖြစ်နိုင်သည်မှာ အတူတကွ တဖြိုင်တိုင်းပူးတွဲ၍ ဖြစ်နိုင်ကြပါလျက် စိတ်တရားနှင့် စေတသိက်တရားတို့၏ သဘောသွား ခြားနားပုံတရားကို လိုလားကြသော ဗုဇ္ဈတိုကို ကွဲပြားစွာ သိရှိနားလည်ကြစေရန် ရည်ဆန်တော်မူပြီး တရားမင်းဖြစ်သော ဘုရားရှင်သည် ဤစကားမျိုးစုံ ဟောကြားတော်မူလေ၏။

"ဤနာမ်တို့အရာ စိတ်တရားက စွမ်းဆောင်ရွက်လျှင် စေတသိက်တရားကိုပါ တွဲ၍ သိနိုင်သလို စေတသိက်တရားက စတင်ရွက်လျှင် စိတ်တရားကိုပါ တွဲ၍ သိနိုင်သည်ဟု ဆိုလိုရင်းဖြစ်တော်မူ၏။

ရှုပွားနည်း နိုဝရဏတရားတို့သည် ကာမဂုဏ်ရာဂ ဖြစ်သော်လည်း မိမိ၏ အာရုံ၊ ဝိဓမ္မာရုံဖြစ်၍ ပဋိဘဂါရမ္မဏ်သော ပဋိဘာရုံခေါ် မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှုဟူသော အာရုံငါးပါးတို့ မသုံးသပ်မရှုပွားဘဲ ဖယ်ရှားပြီး၊ သဒ္ဓမ္မနောဒ္ဓါရုခေါ် မနောဒ္ဓါရသက်သက် စိတ်သိသက်သက်၏ အာရုံ၊ ဓမ္မာရုံစုကိုသာ ရှုပွားရန် အာရုံအဖြစ်ဖြင့် ထားရမည်။ ထိုသို့ယူငင်ဓမ္မာရုံစုကို စိတင်ရှုပွားနိုင်ရန် မနောဒ္ဓါရ၏မိုရာ ဟဒယဝတ္ထု နေရာ၌ ရှုစိတ်၊ ရှုဉာဏ်တို့ကို စူးစိုက်ထားပြီး၊ ပေါ်လာသော နိုဝရဏတရား

http://www.dhammadownload.com

တို့အား အာရုံအဖြစ်ဖြင့် ရှုပွားနိုင်အောင် သတိကို ကပ်လိုက်နိုင်ရေးအတွက် ဝီရိယကို အားပြုပြီး သမာဓိကို မွေးမြူခဲ့သော် ပညာပေါ်လာပြီး ဓမ္မာနုပဿနာ နည်းဖြင့် နိဝရဏတရားတို့ကို ရှုပွားနိုင်တော့၏။

ယင်းသို့ရှုပွားနိုင်သော် အကျိုးနိဝရဏ တစ်ပါးပါးသော်လည်းကောင်း၊ အကြောင်း မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုသော်လည်းကောင်း မနောဒွါရ၌ ထင်လာတတ်ပေ၏။

သို့မဟုတ် လိုချင်မှု လောဘ၏ ဆန့်ကျင်ဘက် မလိုချင်မှု အလောဘ၊ စိတ်ဆိုးမှု ဒေါသ၏ ဆန့်ကျင်ဘက် ခင်မင်မှု အဒေါသ၊ ငိုက်မျဉ်းမှု ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက် ကိုယ်စိတ်တို့၏ ခန့်ကျန်းမှု အထိန-အမိဒ္ဓ၊ ပျံ့လွင့်ပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စ၏ ဆန့်ကျင်ဘက် တည်ကြည်မှု သမာဓိ၊ နှစ်သက်မှု ပီတိ၊ ယုံမှားမှု ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက် ဆုံးဖြတ်နိုင်မှု အဓိမောက္ခတို့ ပေါ်လာတတ်ပေသည်။

တခါတရံ နိဝရဏငါးမျိုးတို့မှ တစ်မျိုးမျိုး ဖုံးလွှမ်းတတ်၏။ တခါတရံ နိဝရဏတို့၏ ဆန့်ကျင်ဘက် အလောဘ၊ အဒေါသ စသော ကုသိုလ်တရားများသော်လည်းကောင်း၊ ဗောဇ္ဈင်၊ မဂ္ဂင်များသော်လည်းကောင်း ပေါ်လာတတ်ပေ၏။

ယင်းသို့ မနောဒွါရ၌ မှန်ကို ကြည့်နေသည့်အလား ရှုစိတ်၊ ရှုဉာဏ်ကို ထားပြီး စူးစိုက်ရှုပွားနေခဲ့လျှင် နိဝရဏတည်းဟူသော အကုသိုလ်တရားများနှင့် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော ကုသိုလ်တရားတို့သည် တစ်လှည့်စီ အနေ ပေါ်လာနေမည်ကို ရှုကြည့်နိုင်ပေ၏။

ယင်း၌ တစ်လှည့်စီ ဖြစ်ရကြောင်းကား ယောနိသော မနသိကာရခေါ် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကုသိုလ်တရားတို့ အလှည့်ရကြ၍ အယောနသော မနသိကာရခေါ် မသင့်သောအားဖြင့် နှလုံးသွင်းမှုက အကုသိုလ်တရား၊ နိဝရဏများ အလှည့်ရသွားကြတော့၏။

http://www.dhammadownload.com

၂။ ခန္ဓာပိုင်း

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ရဟန်းတို့၊ ခန္ဓာငါးပါးတို့ကိုလည်းကောင်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုလည်းကောင်း ဟောပေအံ့။ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့၊ ခန္ဓာငါးပါးတို့ဟူသည် အဘယ်နည်း။

၁။ ရဟန်းတို့-အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း၊ အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဖြစ်သော ရုပ်အားလုံးကို ရူပက္ခန္ဓာဟု ဆိုအပ်၏။

၂။ အတိတ်၊ အနာဂတ်...ဝေဒနာအားလုံးကို ဝေဒနာက္ခန္ဓာဟု ဆိုအပ်၏။

၃။ အတိတ်၊ အနာဂတ်...သညာအားလုံးကို သညာက္ခန္ဓာဟု ဆိုအပ်၏။

၄။ အတိတ်၊ အနာဂတ်...သင်္ခါရအားလုံးကို သင်္ခါရက္ခန္ဓာဟု ဆိုအပ်၏။

၅။ အတိတ်၊ အနာဂတ်...ဝိညာဏ်အားလုံးကို ဝိညာဏက္ခန္ဓာဟု ဆိုအပ်၏။

http://www.dhammadownload.com

ရဟန်းတို့၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ဟူသည် အဘယ်နည်း။

၁။ ရဟန်းတို့၊ အာသဝေါ၏ အာရုံဖြစ်၍ စွဲလန်းအပ်သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း၊ အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဖြစ်သော ရုပ်အားလုံးကို ရူပုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။

၂။ အာသဝေါ၏ အာရုံဖြစ်၍...ဝေဒနာအားလုံးကို ဝေဒနုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။

၃။ အာသဝေါ၏ အာရုံဖြစ်၍...သညာအားလုံးကို သညုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။

၄။ အာသဝေါ၏ အာရုံဖြစ်၍...သင်္ခါရအားလုံးကို သင်္ခါရုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။

၅။ အာသဝေါ၏ အာရုံဖြစ်၍...ဝိညာဏ်အားလုံးကို ဝိညာဏုပါဒါနက္ခန္ဓာဟု ဆိုအပ်၏။

ခန္ဓာခေါ်ပုံ အဘယ်ကြောင့် ခန္ဓာဟု ခေါ်သနည်း။ အစုအပေါင်းဟူသော အနက်သဘောကြောင့် ခန္ဓာဟု ခေါ်ပါသည်။ (ဋီကာကျော်) အဘယ်ကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသည်။ (ဋီကာကျော်)

ဥပါဒါန်တို့၏ တရားကိုယ်မှာ လောဘနှင့် ဒိဋ္ဌိဖြစ်ရကား ယင်းတို့သည် အကုသိုလ်တရားဖြစ်၍ လောကီစိတ်၊ စေတသိက်၊ ရုပ်ခန္ဓာများကိုသာ အာရုံပြုနိုင်၏။ လောကုတ္တရာခန္ဓာကို အာရုံမပြုနိုင်။ ထို့ကြောင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟူသည် လောကီစိတ် ထိုစိတ်နှင့် ယှဉ်သော စေတသိက် ရုပ်တရားများတည်းဟု မှတ်ပါ။

ခန္ဓာ ၂ ပါးအထူး လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ၊ ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားတွေကို အားလုံး သိမ်းကျုံး၍ ပြတော်မူခြင်းငှာ ပဌမ ခန္ဓာဒေသနာတော်ကို ဟောပြတော်မူသည်။

ဝိပဿနာ ရှုပွားသောအခါ၌ကား လောကုတ္တရာ ခန္ဓာများကို အာရုံပြု၍မရှုပွားရ။ဝဋ်ဒုက္ခတရားတွေကို အာရုံပြု၍ ရှုပွားမှခန္ဓာများကို အနိစ္စ၊ ဒုက္ခ၊

http://www.dhammadownload.com

အနတ္တ သဘောထင်မြင်နိုင်မည်။ လောကုတ္တရာစိတ်၊ စေတသိက်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွင် ပါဝင်သော သခ်ါရတရားပင် ဖြစ်လင့်ကစား မဂ်တရားတို့က ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း၊ ဖိုလ်တရားတို့က ဒိဋ္ဌဓမ္မနိဗ္ဗာန်စံဖို့အကြောင်း အကောင်းချည်းဖြစ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ရှုကြသော်လည်း နိဗ္ဗိန္ဒာဉာဏ်ဖြင့် ငြီးငွေ့ရန်မဟုတ်ချေ။ ထို့ကြောင့် ဝိပဿနာ ရှုပွားသောအခါ လောကီခန္ဓာများကိုသာ ရှုပွားရသည်။ ဤသို့လျှင် ဝိပဿနာရှုဖို့ အကျိုးငှာ လောကီသက်သက် ဥပါဒါနက္ခန္ဓာဒေသနာကို တဖန် ဟောတော်မူပြန်သည်။
(သင်္ဂြိဟ်ဘာသာဋ္ဌီကာ)

ခန္ဓာငါးပါးသာ ထိုခန္ဓာတို့ကို အဘယ့်ကြောင့် ငါးပါးဟူ၍ ဟောထားအပ်ပါသနည်း။ စားခွက်၊ ဘောဇဉ်၊ ဟင်းလျာ၊ လုပ်ကျွေးသူ၊ စားသောက်သူတို့နှင့် တူသောကြောင့် ငါးပါးဟူ၍သာ ဟောပါသည်။ ချဲဉီးအံ့-

၁။ ရုပ်သည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် စားခွက်နှင့်တူပါသည်.

၂။ ဝေဒနာသည် ဝေဒနာက သာယာအပ်သောကြောင့် ဘောဇဉ်နှင့် တူပါသည်။

၃။ သညာသည် ဝေဒနာကို သာယာခြင်းကို ရကြောင်းဖြစ်ခြင်းကြောင့် ဟင်းလျာနှင့်တူပါသည်။

၄။ သခ်ါရတို့သည် ဝေဒနာဟူသော ဘောဇဉ်ကို ပြုပြင်တတ်သောကြောင့် လုပ်ကျွေးသူနှင့် တူပါသည်။

၅။ ဝိညာဏ်တို့သည် ဝေဒနာဟူသော ဘောဇဉ်ကို ခံစားတတ်သောကြောင့် စားသောသူနှင့်တူပါသည်။(ဋ္ဌီကာကျော်)

ငါးပါးတိတိသာ အဘယ်ကြောင့် ခန္ဓာတို့ကို ငါးပါးအောက် ငါးပါးအထက် မပို့လွန်ဘဲ ငါးပါးတိတိသာ ဟောပါသနည်း။ အလုံးစုံသော သခ်ါရတရားတို့ကို တူသောအဖို့အားဖြင့် ပေါင်းစု၍ ယူခြင်းကြောင့်လည်းကောင်း၊ "ငါ့ကိုယ် ငါ့ဥစ္စာ" ဟု စွဲလန်းခြင်းအကြောင်း၏ ထိုငါးပါးအတိုင်း အရှည်ရှိသည့် အဖြစ်ကြောင့်လည်းကောင်း၊ တစ်ပါးသော သီလက္ခန္ဓ စသည်တို့၏ ထိုခန္ဓာ ငါးပါးတို့၌သာ ဝင်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ခန္ဓာ ငါးပါးတိတိသာ ဟောတော်မူပါသည်။ (ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

သာဓကပြရသော် ရဟန်းတို့၊ ရုပ်ရှိသော် ရုပ်ကိုပင် မှားသော အားဖြင့် နှလုံးသွင်း၍ ဤရုပ်သည် "ငါ့ဥစ္စာတည်း၊ ငါတည်း၊ ငါ့အတ္တတည်း" ဟု ဤသို့ အယူမှား၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ရှိသော် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို စွဲ၍ မှားသောအားဖြင့် နှလုံးသွင်းလျက် ဤ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် "ငါ့ဥစ္စာတည်း၊ ငါတည်း၊ ငါ့အတ္တတည်း" ဟု ဤသို့ အယူမှား၏။ (ဒီဋ္ဌသံယုတ်)

ခန္ဓာဥပမာ ၁။ သူနာနှင့်တူသော ဝိညာဏုပါဒါနက္ခန္ဓာ၏မြို့ရာ၊ တည်ရာ၊ အာရုံတို့၏ အစွမ်းအားဖြင့် နေရာဌာနဖြစ်သောကြောင့် ရူပုပါဒါနက္ခန္ဓသည် ဇရုပ်နှင့်တူ၏။ ဝါ၊ ဆေးရုံကြီးနှင့်တူ၏။

၂။ ဒုက္ခ ဒုက္ခ၊ သင်္ခါရ ဒုက္ခ၊ ဝိပရိဏာမ ဒုက္ခအဖြစ်၏ အစွမ်းဖြင့် နှိပ်စက်၊ ညှဉ်းဆဲတတ်သောကြောင့် ဝေဒနုပါဒါနက္ခန္ဓသည် အနာရောဂါနှင့်တူ၏။

၃။ ကာမသညာစသည်တို့၏ အစွမ်းအားဖြင့် ရာဂစသည်တို့နှင့် ယှဉ်သော ဝေဒနာဖြစ်သောကြောင့် သညုပါဒါနက္ခန္ဓာသည် သလိပ်၊ သည်းခြေ၊ လေစသော အနာရောဂါ ဖြစ်ခြင်းအကြောင်းနှင့် တူ၏။

၄။ ဝေဒနာဟူသော အနာရောဂါ၏ အကြောင်းရင်း အဖြစ်ကြောင့် သင်္ခါရုပါဒါနက္ခန္ဓာသည် မသင့်တင့် မလျောက်ပတ်သော ဥတုဘောဇဉ် စသည်ကို မှီဝဲသည်နှင့်တူ၏။

၅။ ဝေဒနာဟူသောအနာရောဂါမှ မလွတ်လပ်သည့်အဖြစ်ကြောင့် ဝိညာဏုပါဒါနက္ခန္ဓာသည် သူနာနှင့်တူ၏။

တစ်နည်းဆိုသော် ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည် နှောင်အိမ်သုံးဆယ့်နှစ်ပါးသော ညှဉ်းဆဲခြင်း ကံကြမ္မာ၊ လွန်ကျူးသောအပြစ်၊ ညှဉ်းဆဲတတ်သော အာဏာသား၊ အပြစ်ကျူးလွန်သူတို့နှင့် တူကုန်၏။

တစ်နည်းဆိုသော် စားခွက်၊ ဘောဇဉ်၊ စဖိုသည်၊ ဟင်းလျာ၊ စားသောသူတို့နှင့် တူကုန်၏။ (ဝိသုဒ္ဓိမဂ်)

"အဓိပ္ပါယ်မှာ၊ ခန္ဓာငါးဓာတ်၊ ဇရုပ်-ရောဂါ၊ နိုးစွာအကြောင်း၊ ဝေးသောကြောင်းဟူ၊ နာသူတစ်ကြိမ်၊ နှောင်အိမ်ထိုးပစ်၊ မှုပြစ်ထောင်စား၊ ခံသူ

http://www.dhammadownload.com

ငါးတည်း၊ စားခွက်ထမင်း၊ ဟင်းလုပ်ကျွေးသူ၊ စားသည့်သူ၊ တူ၏မြဲမြဲမှတ်"
(ပရမတ္ထသရူပဘေဒနီ)

သေခြင်းတရားဟု ရှု "အခါတစ်ပါး ရှင်ရာဓသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ဤသို့ လျှောက်ထား၏-"

"မြတ်စွာဘုရား 'သေခြင်း၊ သေခြင်း' ဟု ဆိုအပ်ပါ၏။ အဘယ်မျှသေခြင်း ဖြစ်ပါသနည်း"

"ချစ်သား ရာဓ၊ ရုပ်(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ရှိလျှင် သေခြင်းသည်လည်းကောင်း၊ သေစေသူသည်လည်းကောင်း ရှိရာ၏"

"ချစ်သား ရာဓ၊ ထိုသို့ဖြစ်သောကြောင့် သင်သည် ရုပ်(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို သေခြင်းတရားဟု ရှုလော့၊ သေစေသူဟု ရှုလော့၊ သူသေဟု ရှုလော့၊ ရောဂါဟု ရှုလော့၊ အနာဟု ရှုလော့၊ ငြောင့်ဟု ရှုလော့၊ ဆင်းရဲဟု ရှုလော့၊ ဆင်းရဲခြင်းဟု ရှုလော့၊ ထိုရုပ်(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို ဤသို့ ရှုသူတို့သည် ကောင်းစွာ ရှုသူတို့မည်ကုန်၏"

"မြတ်စွာဘုရား၊ ကောင်းစွာရှုခြင်းသည် အဘယ်အကျိုး ရှိပါသနည်း"

"ချစ်သား ရာဓ၊ ငြိုးငွေ့ခြင်း အကျိုးရှိ၏"

"မြတ်စွာဘုရား၊ ငြိုးငွေ့ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ချစ်သား ရာဓ၊ စွဲမက်မှုကင်းခြင်း အကျိုးရှိ၏"

"မြတ်စွာဘုရား၊ စွဲမက်မှုကင်းခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ချစ်သား ရာဓ၊ လွတ်မြောက်ခြင်း အကျိုးရှိ၏"

"မြတ်စွာဘုရား၊ လွတ်မြောက်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း"

"ချစ်သား ရာဓ၊ နိဗ္ဗာန်ရောက်ခြင်းအကျိုး ရှိ၏"

"မြတ်စွာဘုရား၊ နိဗ္ဗာန်ရောက်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း"

"ချစ်သား ရာဓ၊ ပြဿနာလွန်သွားပြီ၊ ပြဿနာ၏ အဆုံးကို ယူရန် မစွမ်းနိုင်၊ မြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် လဲလျောင်းရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏" (ရာဓသံယုတ်)

http://www.dhammadownload.com

ပဗ္ဗကင်းကြောင်း "မြတ်စွာဘုရား၊ အဘယ်သို့သိမြင်သူအား ဝိညာဏ် ရှိသော ဤကိုယ်၌လည်းကောင်း၊ အပဖြစ်သော အာရုံအားလုံးတို့၌ လည်း ကောင်း၊ 'ငါဟု စွဲယူမှုဒိဋ္ဌိ၊ တပ်မက်မှုတဏှာ၊ ထောင်လွှားမှု မာနာနုသယ'တို့ မဖြစ်ပါကုန်သနည်း"

"ချစ်သား ရာဓ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း၊ အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဖြစ်သော ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် 'ငါဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ့အတ္တ လည်းမဟုတ်' ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ၊ သမ္မပညာခေါ် ဝိပဿနာဖြင့် ရှု၏"

"ချစ်သား ရာဓ၊ ဤသို့ သိသူ၊ မြင်သူအား ဝိညာဏ်ရှိသော ဤကိုယ် ၌လည်းကောင်း၊ အပဖြစ်သော အာရုံအားလုံး၌ လည်းကောင်း၊ ဒိဋ္ဌိ၊ တဏှာ၊ မာနာနုသယတို့ မဖြစ်ကုန်" (ရာဓသံယုတ်)

ကပ်ငြိမှု "မြတ်စွာဘုရား၊ '**ကပ်ငြိမှု၊ ကပ်ငြိမှု**' ဟု ဆိုအပ်ပါ၏။ မြတ်စွာဘုရား၊ အဘယ်မျှလောက်ဖြင့် '**ကပ်ငြိမှု**' ဟု ဆိုအပ်ပါသနည်း"

"ချစ်သား ရာဓ၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ လိုချင်မှု ဆန္ဒ၊ စွဲမက်မှု ရာဂ၊ နှစ်သက်မှု နန္ဒီ၊ တပ်မက်မှု တဏှာကို ထို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ ကပ်ငြိတတ်၊ အလွန်ကပ်ငြိတတ် သောကြောင့် '**ကပ်ငြိမှု**' ဟု ဆိုအပ်၏"

"ချစ်သား ရာဓ၊ ဥပမာသော်ကား သူငယ်၊ သူငယ်မတို့သည် မြေမှုန့် အိမ်ငယ်တို့၌ ကစားကုန်၏။ ထိုမြေမှုန့် အိမ်ငယ်တို့၌ စွဲမက်မှု၊ လိုချင်မှု၊ ခင်တွယ်မှု၊ မွတ်သိပ်မှု၊ ပူလောင်မှု၊ တပ်မက်မှု ကင်းခြင်း မဖြစ်သေးသမျှ ထိုမြေမှုန့် အိမ်ငယ်တို့ကို တွယ်တာကုန်၏။ ကစားကုန်၏။ လိုလားကုန်၏။ မြတ်နိုးကုန်၏"

"ချစ်သား ရာဓ၊ သူငယ်၊ သူငယ်မတို့သည် ထိုမြေမှုန့် အိမ်ငယ်တို့ ၌ စွဲမက်မှု၊ လိုချင်မှု စသည် ကင်းခြင်းဖြစ်လာသောအခါ ထိုမြေမှုန့် အိမ်ငယ် တို့ကို လက်ခြေတို့ဖြင့် ကြဲဖြန့်ကုန်၏။ လွှင့်ပစ်ကုန်၏။ ဖျက်ဆီးကုန်၏။ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်၏"

http://www.dhammadownload.com

"ချစ်သား ရာဓ၊ ဤအတူ သင်တို့သည်လည်း ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို ကြဲဖြန့်ကုန်လော့၊ လွှင့်ပစ်ကုန်လော့၊ ဖျက်ဆီးကုန်လော့၊ ကစားမှု ပြီးဆုံးသည်ကို ပြုကုန်လော့၊ တဏှာကုန်အောင် ကျင့်ကုန်လော့။ ချစ်သား ရာဓ၊ မှန်၏။ တဏှာကုန်ခြင်းသည် နိဗ္ဗာန်မည်၏"
(ရာဓသံယုတ်)

ဘဝနှောင်ကြိုး ချုပ်ငြိမ်းရာ

"မြတ်စွာဘုရား၊ 'ဘဝနှောင်ကြိုး ချုပ်ငြိမ်းရာ၊ ဘဝနှောင်ကြိုး ချုပ်ငြိမ်းရာ' ဟု ဆိုအပ်ပါ၏။ အဘယ်သည် ဘဝနှောင်ကြိုးပါနည်း။ အဘယ်သည် ဘဝနှောင်ကြိုး၏ ချုပ်ငြိမ်းရာပါနည်း"

"ချစ်သား ရာဓ၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌လိုချင်မှု၊ စွဲမက်မှု၊ နှစ်သက်မှု၊ တပ်မက်မှု၊ ကပ်ရောက်မှု၊ စွဲလန်းမှု စိတ်၏ ဆောက်တည်ကြောင်း၊ အမှား နှလုံးသွင်းကြောင်း အနုသယတို့ကို 'ဘဝနှောင်ကြိုး' ဟု ဆိုအပ်၏။ ထိုလိုချင်မှု စသည်တို့၏ ချုပ်ငြိမ်းရာကို 'ဘဝနှောင်ကြိုး ချုပ်ငြိမ်းရာ' ဟု ဆိုအပ်၏" (ရာဓသံယုတ်)

သင်တို့ဥစ္စာ မဟုတ်

"ရဟန်းတို့၊ ဥပမာသော်ကား၊ ဤဇေတဝန်ကျောင်း၌ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်ကို လူအပေါင်းသည် ယူဆောင်လျှင်ဖြစ်စေ၊ မီးရှို့လျှင် ဖစ်စေ၊ အလိုရှိတိုင်း ပြုလျှင် ဖြစ်စေ၊ 'ငါတို့ကို လူအပေါင်းသည် ယူဆောင်၏၊ မီးရှို့၏၊ အလိုရှိတိုင်း ပြု၏' ဟု သင်တို့အား ဤသို့သော အထင်သည် ဖြစ်ရာသလော"

"မဖြစ်ရာပါ၊ မြတ်စွာဘုရား"

"ရဟန်းတို့၊ ယင်းသို့ မဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း"

"မြတ်စွာဘုရား၊ ဤ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်သည် တပည့်တော်တို့၏ ကိုယ်လည်း မဟုတ်၊ ကိုယ်ပိုင်လည်း မဟုတ်သောကြောင့်ပါဘုရား"

"ရဟန်းတို့၊ ဤအတူ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် သင်တို့၏ ဥစ္စာ မဟုတ်၊ ထို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို ပယ်ကြဲကုန်လော့၊ ထို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို

http://www.dhammadownload.com

ပယ်သည်ရှိသော် သင်တို့အား စီးပွားခြင်းငှာ၊ချမ်းသာခြင်းငှာ ဖြစ်လိမ့်မည်" ("ပယ်ကြကုန်လော့" ဟူသည် တဏှာကုန်အောင် ကျင့်ကြကုန်လော့ဟု ဆိုလိုပါသည်။) (ခန္ဓသံယုတ်)

ကိုက်ခဲအပ်၏ "ရဟန်းတို့၊ အကြားအမြင်ရှိသော အရိယာ တပည့်သည် ခန္ဓာငါးပါးတို့၌ ဤသို့ ဆင်ခြင်၏။"

"ယခုအခါ ငါ့ကို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ကိုက်ခဲအပ်၏။ ငါ့ကို ယခုအခါ ပစ္စုပ္ပန်၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလကလည်း ဤအတူ ငါ့ကို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ကိုက်ခဲအပ်ဖူးပြီ။ ငါသည် အနာဂတ်အခါ၌ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို နှစ်သက်ငြားအံ့၊ ငါ့ကို ယခု ပစ္စုပ္ပန် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်ကာလ၌လည်း ဤအတူ ငါ့ကို ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) သည် ကိုက်ခဲရာ၏" ဟု ဤသို့ ဆင်ခြင်၍ အတိတ် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ ငဲ့ကွက်ခြင်း ကင်း၏။ အနာဂတ် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို မနှစ်သက်၊ ပစ္စုပ္ပန် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ ငြီးငွေ့ခြင်းငှာ စွဲမက်မှု ကင်းခြင်းငှာ၊ စွဲမက်မှု ကင်းခြင်းငှာ ချုပ်ခြင်းငှာ ကျင့်၏" (ခန္ဓသံယုတ်)

သာယာဖွယ်စသည် "ရဟန်းတို့၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု သည် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ သာယာဖွယ်တည်း။ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောသည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ အပြစ်တည်း၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ လိုချင်စွဲမက်မှု ဆန္ဒရာဂကို ဖျောက်ခြင်း၊ ပယ်ခြင်းသည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ ထွက်မြောက်ရာတည်း"

"ရဟန်းတို့၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ သ...

http://www.dhammadownload.com

ဖွယ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ မစွဲမက်ကုန်ရာ။ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ သာယာဖွယ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ စွဲမက်ကုန်၏"

"ရဟန်းတို့၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ အပြစ် မရှိခဲ့ပါလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၌ မငြီးငွေ့ကုန်ရာ။ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ အပြစ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)၌ ငြီးငွေ့ကုန်၏"

"ရဟန်းတို့၊ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ ထွက်မြောက်ရာ မရှိပါလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) မှ မထွက်မြောက်နိုင်ကုန်ရာ။ ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ၏ ထွက်မြောက်ရာရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) မှ ထွက်မြောက်ကုန်၏"

"ရဟန်းတို့၊ သတ္တဝါတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍၊ အပြစ်ကိုလည်း အပြစ်ဟူ၍ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ မသိကြရသေးသမျှ ကာလပတ်လုံး နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် ရဟန်း၊ ပုဏ္ဏား၊ မင်းများ၊ လူများနှင့်တကွသော လူ့လောကမှ ထွက်မြောက် ကွေကွင်း လွတ်ကင်းကုန်သည် ဖြစ်၍ အပိုင်းအခြား မရှိသောစိတ်ဖြင့် မနေရကုန်"

"ရဟန်းတို့၊ သတ္တဝါတို့သည် ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟူ၍၊ အပြစ်ကိုလည်း အပြစ်ဟူ၍၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟူ၍ ဟုတ်တိုင်းမှန်စွာ သိကြရသောအခါမှသာလျှင် နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် ရဟန်း၊ ပုဏ္ဏား၊ မင်းများ၊ လူများနှင့်တကွသော လူ့လောကမှ ထွက်မြောက် ကွေကွင်း လွတ်ကင်းကုန်သည်ဖြစ်၍ အပိုင်းအခြား မရှိသော စိတ်ဖြင့် နေနိုင်ကုန်၏"
(ခန္ဓသံယုတ်)

http://www.dhammadownload.com

အနိစ္စ၊ ဒုက္ခ၊ အနတ္တ "ရဟန်းတို့၊ ခန္ဓာငါးပါးတို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏။ အတ္တမဟုတ်ကုန်၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်ခြင်းအကြောင်း အထောက်အပံ့သည်လည်း မမြဲကုန်၊ ဆင်းရဲကုန်၏။ အတ္တမဟုတ်ကုန်။ ရဟန်းတို့၊ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးတို့သည် အဘယ်မှာ မြဲကုန်၊ ချမ်းသာကုန်၊ အတ္တ ဖြစ်ကုန်လိမ့်မည်နည်း"

"ရဟန်းတို့၊ ဤသို့ သိမြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာငါးပါးတို့၌ ငြီးငွေ့၏။ ငြီးငွေ့သော တပ်မက်မှု ကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် ကိလေသာမှလွတ်၏။ ကိလေသာမှ လွတ်သော် ကိလေသာမှ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။" "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီ" ဟုသိ၏။ (ခန္ဓသံယုတ်)

ချုပ်မှုဟူသည် အခါတစ်ပါး ရှင်အာနန္ဒသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ဤစကားကို လျှောက်ထား၏-

"မြတ်စွာဘုရား၊ 'ချုပ်မှု၊ ချုပ်မှု' ဟု ဆိုအပ်ပါ၏၊ မြတ်စွာဘုရား၊ အဘယ်တို့၏ ချုပ်မှုကို ချုပ်မှုဟု ဆိုအပ်ပါသနည်း"

"အာနန္ဒ၊ ရုပ်သည် မမြဲ၊ အပြုပြင် ခံရ၏။ အကြောင်းကို စွဲ၍ ဖြစ်ကုန်၏။ ကုန်ခြင်းသဘော ရှိ၏။ ချုပ်ခြင်းသဘော ရှိ၏။ ထိုရုပ်၏ ချုပ်မှုကို ချုပ်မှုဟု ဆိုရ၏" (ရုပ်နေရာ ဝေဒနာစသည် အစားထိုးရုံမျှသာ) (ခန္ဓသံယုတ်)

ဆင်းရဲဖြစ်မှု "ရဟန်းတို့၊ ရုပ်၏ ဖြစ်ပေါ်မှု၊ တည်မှု၊ အသစ်ဖြစ်မှု၊ ထင်ရှားဖြစ်မှုသည် ဆင်းရဲဖြစ်ပေါ်မှုပင်တည်း။ ရောဂါတို့၏ တည်မှုပင်တည်း။ အိုခြင်း၊ သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှုပင်တည်း"

"ရဟန်းတို့၊ ရုပ်၏ ချုပ်မှု၊ ငြိမ်းမှု၊ ကင်းမှုသည် ဆင်းရဲချုပ်မှုပင်တည်း။ ရောဂါတို့၏ ငြိမ်းမှုပင်တည်း။ အိုခြင်း၊ သေခြင်း၏ ကင်းမှုပင်တည်း" (ရုပ်နေရာ ဝေဒနာစသည် အစားထိုးဖတ်ပါ) (ခန္ဓသံယုတ်)

http://www.dhammadownload.com

အကျဉ်းရှုပွားပုံ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အကျဉ်းအားဖြင့် ရှုပွားလိုသော် သန်လျက် ကိုင်ထားသော ရန်သူနှင့်တူသော အဖြစ်ဖြင့် ရှုအပ်ကုန်၏၊ လေးလံသော ဝန်နှင့် တူသောအဖြစ်ဖြင့် ရှုအပ်ကုန်၏၊ စားအံ့သော ဘီလူးနှင့် တူသော အဖြစ်ဖြင့် ရှုအပ်ကုန်၏၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၏ အဖြစ် သခ်ၤာအဖြစ် သူသတ်နှင့်တူသော အဖြစ်ဖြင့် ရှုအပ်ကုန်၏။ ယင်းသို့ ရှုသော် ယောဂီကို ခန္ဓာတို့ မည္သင်းဆဲကုန်။ (ဝိသုဒ္ဓိမဂ်)

အကျယ်ရှုပွားပုံ အကျယ်အားဖြင့် ရှုပွားလိုသော် ဥပါဒါနက္ခန္ဓာငါးပါးတို့တွင်

၁။ ဆုပ်နယ်ခြင်းငှာ မခံသည်၏ အဖြစ်ကြောင့် ရူပုပါဒါနက္ခန္ဓာကို ရေမြှုပ်ဆိုင်ကဲ့သို့ ရှုအပ်၏။

၂။ တခဏမျှသာ မွေ့လျော်အပ်သည်၏ အဖြစ်ကြောင့် ဝေဒနုပါဒါနက္ခန္ဓာကို ရေပွက်ကဲ့သို့ ရှုအပ်၏။

၃။ ချွတ်ချွတ်ယွင်းယွင်း ဆိုမည် ယောင်ယမ်းစေတတ်သည်၏အဖြစ်ကြောင့် သညုပါဒါနက္ခန္ဓာကို သန်လျက်ကဲ့သို့ ရှုအပ်၏။

၄။ အနှစ်သာရ မရှိသည်၏ အဖြစ်ကြောင့် သင်္ခါရုပါဒါနက္ခန္ဓာကို ငှက်ပျောတုံးကဲ့သို့ ရှုအပ်၏။

၅။ လှည့်ပတ်တတ်သည်၏ အဖြစ်ကြောင့် ဝိညာဏုပါဒါနက္ခန္ဓာကို မျက်လှည့်ရုပ်ကဲ့သို့ ရှုအပ်၏။

ယင်းသို့ ရှုသော် ယောဂီသည် အနှစ်သာရမရှိသော ခန္ဓာငါးပါးတို့၌ အနှစ်သာရ ရှိ၏ဟု ယူလေ့မရှိတော့။ (ဝိသုဒ္ဓိမဂ်)

အထူးရှုပွားပုံ "အထူးအားဖြင့်သော်ကား **အဿတ္တိကရုပ်ကို အသုဘ** ဟု ရှုသော ယောဂီသည် ကဗဠီကာရာဟာရကို ပိုင်းခြား၍ သိ၏။ အသုဘဖြစ်သော အဿတ္တိကရုပ်၌ သုဘဟု မှတ်မှားသော သညာဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသကို စွန့်ပယ်နိုင်၏။ ကာမောဃကို ကူးခတ်နိုင်၏။ ကာမယောဂနှင့် မယှဉ်။ ကာမာသဝအားဖြင့် အာသဝေါကင်း၏။ အဘိဇ္ဈာဟူသော ကာယဂန္ထကို ဖျက်ဆီးနိုင်၏။ ကာမုပါဒါန်ဖြင့် မစွဲလန်း။"

http://www.dhammadownload.com

"**ဝေဒနာကို ဒုက္ခ** အားဖြင့် ရှုသော ယောဂီသည် ဖဿဟာရကို ပိုင်းခြား၍ သိ၏။ ဒုက္ခ၌ သုခဟု မှတ်မှားသော ဝိပလ္လာသသုံးပါးကို ပယ်စွန့်နိုင်၏။ ဘဝေါဃကို ကူးခတ်နိုင်၏။ ဘဝယောဂနှင့် မယှဉ်၊ ဘဝါသဝအား ဖြင့် အာသဝေါကင်း၏။ ဗျာပါဒကာယဂန္ထကို ဖျက်ဆီးနိုင်၏။ သီလဗ္ဗတ ပါဒါန်ဖြင့် မစွဲလမ်း။"

"**သညာနှင့် သခ်ါရကို အနတ္တ** အားဖြင့် ရှုသော ယောဂီသည် မနော သဉ္စေတနာဟာရကို ပိုင်းခြား၍ သိ၏။ အတ္တ မဟုတ်သည်၌ အတ္တဟု မှတ် မှားသော ဝိပလ္လာသ သုံးပါးကို ပယ်စွန့်နိုင်၏။ ဒိဋ္ဌောဃကို ကူးခတ်နိုင်၏။ ဒိဋ္ဌိယောဂနှင့် မယှဉ်။ ဒိဋ္ဌာသဝအားဖြင့် အာသဝေါ ကင်း၏။ ဣဒံ သစ္စာဘိနိ ဝေသ ကာယဂန္ထကို ဖျက်ဆီးနိုင်၏။ အတ္တဝါဒုပါဒါန်ဖြင့် မစွဲလမ်း။"

"**ဝိညာဏ်ကို အနိစ္စ** အားဖြင့် ရှုသော ယောဂီသည် ဝိညာဏာဟာရကို ပိုင်းခြား၍ သိ၏။ အနိစ္စ၌ နိစ္စဟု မှတ်မှားသော ဝိပလ္လာသ သုံးပါးကို ပယ် စွန့်နိုင်၏။ အဝိဇ္ဇောဃကို ကူးခတ်နိုင်၏။ အဝိဇ္ဇာယောဂနှင့် မယှဉ်။ အဝိဇ္ဇာ သဝအားဖြင့် အာသဝေါ ကင်း၏။ သီလဗ္ဗတပရာမာသကာယဂန္ထကို ဖျက်ဆီး နိုင်၏။ ဒိဋ္ဌုပါဒါန်အားဖြင့် မစွဲလမ်း။" (ဝိသုဒ္ဓိမဂ်)

ကျက်မှတ်ရန် "အသုဘရုပ်၊ ဒုက္ခဝေဒနာ၊ သညာသခ်ါရ၊ အနတ္တတည်း၊ အနိစ္စဝိညာဏ်၊ ခွဲဝေပြန်၊ ဖန်ဖန်ရှုကုန်ကြ"

"အသုဘနှင့်၊ ဒုက္ခာနတ္တာ၊ အနိစ္စဟု၊ ရှုသောသူအား၊ ပိုင်းခြားဟာရ၊ စွန့်ထဝိပွလ်၊ လွန်ရန်ခြေဃ၊ ယောဂမယှဉ်၊ ကင်းကြဉ် အာသဝ၊ ထာက္ကမ တည်း၊ ဘိဇ္ဈာဗျာပါ၊ သစ္စာသီလဗ်၊ လေးရပ်ဂန္ထ၊ ဖျက်ဆီးရ၏။ ကာမသီလဗ်၊ အတ္တာဒိဋ္ဌ၊ စတုပါဒါန်း၊ မစွဲလန်းသည်၊ တင်းကျမ်းပြည့်စုံ အကျိုးတည်း" (ပရမတ္ထ သရူပဘေဒနီ)

တိုက်တွန်းချက် ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့် သန်လျက် ကိုင်စွဲ ထားသော ရုန်သူနှင့်တူခြင်း စသည်တို့၏ အစွမ်းအားဖြင့် ပညာမျက်စိနှင့် ရှုခြင်းသည် ပြန့်ပြောကြီးမား တိုးပွားသော အာနိသင်ရှိ၏။ ထို့ကြောင့် ခန္ဓာငါးပါးတို့ကို ပညာရှိ သူတော်ကောင်းသည် သန်လျက်ကိုင် စွဲသော ရန်သူ-သူသတ်နှင့် တူခြင်း စသည်တို့၏ အစွမ်းအားဖြင့် ရှုကြည့်ရာ

http://www.dhammadownload.com

၏။ (ဝိသုဒ္ဓိမဂ်)

မူရင်းရွှေပွားပုံ ကုဇ ဘိက္ခဝေ ဘိက္ခု-

၁။ ကုတိ ရွှေပံ။

၂။ ကုတိ ရွှေပဿ သမုဒယော၊

၃။ ကုတိ ရွှေပဿအတ္ထင်္ဂမော။

ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီရဟန်းသည် -

၁။ ရုပ်တရားကား ဤမျှ ၂၈ ပါး၊ ဤသို့ ဖောက်ပြန်ခြင်း သဘောလက္ခဏာ ရှိ၏။

၂။ ရုပ်တရား၏ ဖြစ်ကြောင်းကား ဤမျှ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်း အရှည်ရှိ၏။

၃။ ရုပ်တရား၏ ချုပ်ကြောင်းကား ဤမျှ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ချုပ်ခြင်း၊ ပျက်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်း အရှည် ရှိ၏။

မှာထားချက် "ဝေဒနာ၏ သရုပ်အမည်များ၊ ဝေဒနာ၏ သဘော လက္ခဏာများကို သိထားပါ။ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿဖြစ်ခြင်း လက္ခဏာအားဖြင့် ဝေဒနာဖြစ်ကြောင်းကို သိထားပါ။ တဖန် ယင်းဖြစ်ကြောင်း ၅ ပါးတို့ ချုပ်ကြောင်းကို သိထားပါ။"

"သညာနှင့် သင်္ခါရတို့ဖြစ်ကြောင်း ချုပ်ကြောင်းများသည် ဝေဒနာနှင့် တူပြီ။ ဝိညာဏ်၏ ဖြစ်ကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ်ဖြစ်ခြင်း လက္ခဏာအားဖြင့် ၅ ပါးတည်း။ တဖန် ယင်းဖြစ်ကြောင်း ၅ ပါးတို့ ချုပ်ကြောင်းကို သိထားပါ။

ဉာဏ်ထက်သူများ ဓမ္မာနုပဿနာနည်းဖြင့် ခန္ဓာငါးပါးတို့ကို ရွှေပွားရန်မှာ ရှေးက ပြခဲ့ပြီး နည်းများထက် ပို၍ နက်နဲ သိမ်မွေ့လှသဖြင့် ဉာဏ်ပညာထက်မြက်သူများသာ ရွှေပွားနိုင်သော ရွှေပွားနည်းဖြစ်ရကား အကျယ်မချဲ့တော့ဘဲ ဤမျှဖြင့် ပြီးဆုံးလိုက်ရပါသတည်း။"

http://www.dhammadownload.com

ခန္ဓာအပြစ် "ဤခန္ဓာညစ်၊ ကိုယ့်အဖြစ်ကား၊ အပြစ်တရား၊ အလွန်များခဲ့၊ သိကြားဗြဟ္မာ၊ စကြာမင်းစစ်၊ အကယ်ဖြစ်လည်း၊ အနှစ်မရှိ၊ အကာတိမ္မ၊ ပျက်ဘိလွယ်စွာ၊ တသက်လျာတည်း၊ ကျင့်ပါအထူး၊ ဂုဏ်ကျေးဇူးသာ၊ ချီးကျူးဥဒါန်း၊ မကုန်ကျွန်းအောင်၊ စဉ်ထွန်းကမ္ဘာ၊ နောင်မြင့်ကြာ၏။"

"မှတ်ဖွယ်တသီး၊ ပမာမှီးသော်၊ စားပြီးတုံရှောင်း၊ အစာဟောင်း၌၊ နှစ်ထောင်းဝမ်းသာ၊ မရှိရာသို့၊ ခန္ဓာဟူဆို၊ ဖြစ်ပြီးကိုယ်၌၊ အလိုရမ္မက်၊ မိစ္ဆာဖက်၍၊ နှစ်သက်ကြီးစွာ၊ မပြုရာဘူး၊ နောင်လာအသစ်၊ ကိုယ်အဖြစ်ကို၊ မနှစ်ဖို့သာ၊ အားထုတ်ရာဟု၊ ပညာရှိသူ အရေးမူ၏" (မဃဒေဝ)

http://www.dhammadownload.com

ဖွဲ့ခြင်းငှာ ကောင်းသော ဥပကာရ ရှိသည်ဟု ဆိုလတ္တံ့။ ဤသို့ ဆိုသော်
ကား ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပါ၏။ ဤသို့ ဆိုသော်ကား ဤသို့ အဓိပ္ပာယ်
ဖွင့်ဆိုပါ၏။ ဤသို့ ဆိုသော်ကား ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပါ၏။ ဤသို့
ဆိုသော်ကား ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပါ၏။ ဤသို့ ဆိုသော်ကား ဤသို့
အဓိပ္ပာယ် ဖွင့်ဆိုပါ၏။ ဤသို့ ဆိုသော်ကား ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပါ၏။
ဤသို့ ဆိုသော်ကား ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပါ၏။ ဤသို့ ဆိုသော်ကား

http://www.dhammadownload.com

၃။ အာယတနပိုင်း

အာယတနခေါ်ပုံ "စိတ်စေတသိက်တို့သည် ထိုထိုကိစ္စဖြင့် အားထုတ်ရာ ဖြစ်သောကြောင့် '**အာယာတန**' ဟု ခေါ်သည်။ ဒွါရအာရုံသည်ပင် အာယမည်သော စိတ်စေတသိက်တို့ကို ချဲ့တတ်သောကြောင့် '**အာယတန**' ခေါ်သည်။ ဒွါရအာရုံသည်ပင် ရှည်စွာသော သံသရာဆင်းရဲကို ဖြစ်စေတတ်သောကြောင့် '**အာယတန**' ခေါ်သည်။ စက္ခု ဝိညာဏ် စသည်တို့၏ နေရာ၊ စုဝေးရာ၊ ဖြစ်ရာဌာနဖြစ်သောကြောင့် 'အာယတန' ခေါ်သည်။" (ဋီကာကျော်)

သံသရာကို ချဲ့တတ်၊ ရှည်လျားစေတတ်သောကြောင့် '**အာယတန**' ခေါ်သည်။ မှန်၏၊ လောကဌ် တစ်စုံတစ်ရာ ချဲ့မှုပြုရာတွင် -

၁။ အခွဲခံစရာ၊

၂။ ချဲ့သည်ကိရိယာ တန်ဆာ၊

၃။ ချဲ့ပေးမည့်သူ၊

ဟု ၃ မျိုး ပေါင်းစပ်မှ ချဲ့မှုကိစ္စ ပေါ်လာနိုင်သည်။ ၄င်းပြင် မူလချဲ့မှုမှ တဆင့်ထပ်၍ ကျယ်သွားစေသော ကိစ္စရှိနေပြန်၏။ ယင်းအတိုင်းပင်အာယတန ခေါ် သံသရာချဲ့မှု ကိစ္စမှာလည်း မူတည် ၃ မျိုး ရှိကြလေသည်။ ယင်းတို့ကား -

http://www.dhammadownload.com

၁။ အခဲ့ခံစရာ = အဖျတ္တိ ကာယတန ၆ ပါး၊
၂။ ခဲ့သောကိရိယာတန်ဆာ = ဗာဟိရာယတန ၆ ပါး၊
၃။ ခဲ့ပေးမည့်သူ = ဝိညာဏအာယတန ၆ ပါး၊

ဟူ၍ မူတည် ၃ မျိုး ရှိလေ၏။ ထို့နောက် ၄င်းမူတည် ၃ မျိုးမှတဆင့် ထပ်၍ ကျယ်ထွက်လာအောင် -

၁။ ကျယ်သွားအောင်စတင်ဖန်တီးပေးသည့်အရာ ဖဿ ၆ ပါး၊
၂။ ကျယ်သွားအောင် အားပေးသည်အရာ ဝေဒနာ ၆ ပါး၊
၃။ ပို၍ ကျယ်သွားအောင်ဆက်လုပ်သောအရာ တဏှာ ၆ ပါး၊

ဟု အဆင့်ဆင့် ရှိသွားလေသည်။ ယင်း တဏှာအဆင့်သို့ ရောက်သွားခဲ့လျှင် ရပ်ထား၍ မရတော့ဘဲ -

၁။ တဏှာ ပစ္စယာ ဥပါဒါနံ၊
၂။ ဥပါဒါန ပစ္စယာ ဘဝေါ၊
၃။ ဘဝ ပစ္စယာ ဇာတိ၊
၄။ ဇာတိ ပစ္စယာ ဇရာမရဏာ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော ဆင်းရဲမှု အဖုံဖုံတို့ပါ စုပြုံ၍ ကျယ်ပြန့်သွားတော့၏။

အခဲ့ခံစရာ = အဖျတ္တိ ကာယတန ၆ ပါး

၁။ **စက္ခာယတန** = မျက်စိမှာရှိသော ရုပ်အကြည်ဓါတ်၊
၂။ **သောတာယတန** = နားမှာရှိသော ရုပ်အကြည်ဓါတ်၊
၃။ **ဃာနာယတန** = နှာခေါင်းမှာရှိသော ရုပ်အကြည်ဓါတ်၊
၄။ **ဇိဝှာယတန** = လျှာမှာရှိသော ရုပ်အကြည်ဓါတ်၊
၅။ **ကာယာယတန** = ကိုယ်မှာရှိသော ရုပ်အကြည်ဓါတ်၊
၆။ **မနာယတန** = စိတ်မှာရှိသော ရုပ်အကြည်ဓါတ်၊

၄င်း ၆ ပါးတို့ကို ပသာဒ ၆ ပါး၊ ဒွါရ ၆ ပါး၊ ဝတ္ထု ၆ ပါး ဟု လည်း ခေါ်၏။

http://www.dhammadownload.com

ချဲ့ပေးသော ကိရိယာတန်ဆာ = ဗာဟိရာယတန ၆ ပါး

၁။ ရူပါရုံ = အဆင်းရုပ်ဓါတ်၊
၂။ သဒ္ဒါရုံ = အသံရုပ်ဓါတ်၊
၃။ ဂန္ဓာရုံ = အနံ့ရုပ်ဓါတ်၊
၄။ ရသာရုံ = အရသာရုပ်ဓါတ်၊
၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိရုပ်ဓါတ်၊
၆။ ဓမ္မာရုံ = သိစရာ ရုပ်နာမ်ပညတ် ဓမ္မဓါတ်၊
၄င်း ၆ ပါးတို့ကို အာရုံ ၆ ပါးဟူ၍ ခေါ်သေးသည်။

ချဲ့ပေးမည့်သူ ဝိညာဏအာယတန ၆ ပါး

၁။ စက္ခုဝိညာဏ် = မြင်သိစိတ်နာမ်၊
၂။ သောတဝိညာဏ် = ကြားသိစိတ်နာမ်၊
၃။ ဃာနဝိညာဏ် = နံသိစိတ်နာမ်၊
၄။ ဇိဝှာဝိညာဏ် = လျက်၊ စားသိစိတ်နာမ်၊
၅။ ကာယဝိညာဏ် = ထိသိစိတ်နာမ်၊
၆။ မနောဝိညာဏ် = မျိုးစုံသိစိတ်နာမ်၊
၄င်း ၆ ပါးကို ဝိညာဏ် ၆ ပါး၊ ဝိညာဏဓါတ် ၆ ပါး၊ အသိဓါတ် ၆ ပါး ဟူ၍ ခေါ်သေးသည်။

ကျယ်သွားအောင် စတင် ဖန်တီးပေးသောအရာ ဖဿ ၆ ပါး

၁။ စက္ခုသမ္ဖဿ = မြင်စိတ်နှင့် တွေ့မှုနာမ်ဓါတ်၊
၂။ သောတသမ္ဖဿ = ကြားစိတ်နှင့် တွေ့မှုနာမ်ဓါတ်၊
၃။ ဃာနသမ္ဖဿ = နံစိတ်နှင့် တွေ့မှုနာမ်ဓါတ်၊
၄။ ဇိဝှာသမ္ဖဿ = လျက်စိတ်နှင့် တွေ့မှုနာမ်ဓါတ်၊
၅။ ကာယသမ္ဖဿ = ထိတွေ့စိတ်နှင့် တွေ့မှုနာမ်ဓါတ်၊
၆။ မနောသမ္ဖဿ = သိစိတ်နှင့် တွေ့မှုနာမ်ဓါတ်၊

http://www.dhammadownload.com

၄င်း ၆ ပါးတို့ကို ဖဿ ၆ ပါးဟု ခေါ်၏။ စေတသိက် နာမ်စုတို့ ဖြစ်လေ၏။

ကျယ်သွားအောင် အားပေးသည့်အရာ ဝေဒနာ ၆ ပါး

၁။ **စက္ခုသမ္ဖဿဇာဝေဒနာ** = မြင်စိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၂။ **သောတသမ္ဖဿဇာဝေဒနာ** = ကြားစိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၃။ **ဃာနသမ္ဖဿဇာဝေဒနာ** = နံစိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၄။ **ဇိဝှာသမ္ဖဿဇာဝေဒနာ** = လျက်စိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၅။ **ကာယသမ္ဖဿဇာဝေဒနာ** = ထိစိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၆။ **မနောသမ္ဖဿဇာဝေဒနာ** = သိစိတ်တွေ့မှုကို ခံစားနာမ်ခါတ်၊
၄င်း ၆ ပါးကို ဝေဒနာ ၆ ပါးဟု ခေါ်လေသည်။ စေတသိက်နာမ်စုတို့ဖြစ်၏။

ပို၍ ကျယ်သွားအောင် ဆက်လုပ်သောအရာ တဏှာ ၆ ပါး

၁။ **ရူပတဏှာ** = မြင်အာရုံအပေါ် နှစ်သက်တပ်မက်မှု နာမ်ခါတ်၊
၂။ **သဒ္ဒတဏှာ** = ကြားအာရုံအပေါ် နှစ်သက်တပ်မက်မှု နာမ်ခါတ်၊
၃။ **ဂန္ဓတဏှာ** = နံအာရုံအပေါ် နှစ်သက်တပ်မက်မှု နာမ်ခါတ်၊
၄။ **ရသတဏှာ** = အရသာအာရုံအပေါ်နှစ်သက်တပ်မက်မှုနာမ်ခါတ်၊
၅။ **ဖောဋ္ဌဗ္ဗတဏှာ** = အတွေ့အထိအာရုံအပေါ်နှစ်သက်တပ်မက်မှုနာမ်ခါတ်၊
၆။ **ဓမ္မတဏှာ** = သိအာရုံအပေါ် နှစ်သက်တပ်မက်မှု နာမ်ခါတ်၊
၄င်း ၆ ပါးတို့ကို တဏှာ ၆ ပါးဟု ခေါ်ကြသည်။ စေတသိက်နာမ်စုတို့ဖြစ်၏။

သံသရာကျယ်-ကျဉ်း အထက်ပါ သံသရာ ၆ မျိုး၊ ၆ လီ၊ ၃၆ ပါးတို့သည် သံသရာခဲ့ဖို့နှင့် ကျယ်ဖို့အတွက် နေ့ညမလပ်တရစပ် ဖြစ်ပေါ်နေသော 'သံသရာခဲ့ စက်ရုံကြီး ၆ လုံး' ဟု မှတ်သားထားရာ၏။ သံသရာကျယ်မှုသည်လည်း ယင်း ၆ မျိုးတို့က စလာ၊ ပေါ်လာခဲ့သလို သံသရာကျဉ်းမှုနှင့် ပျောက်ကွယ်သွားမှုတို့မှာလည်း ယင်း ၆ မျိုးတို့မှပင် အဆုံးသတ်ကြရလေသည်။ ထို့ကြောင့် ဘုရားရှင်သည် သတ္တဝါတို့၌ သံသရာ

http://www.dhammadownload.com

စက် ထာဝစဉ် လည်နေချက်မှ ရပ်တန့် ကုန်ဆုံးသွားစေရန် အာယတန ၆ ပါးတို့ကို ရှုပွားနိုင်ရေးအတွက် ဟောညွှန်တော်မူခဲ့လေသည်။

(ဉာဏ်လှေကား ကျမ်းကြီး)

နိဗ္ဗာန်မည်ပုံ အခါတစ်ပါး မိလိန္ဒမင်းကြီးသည် ရှင်နာဂသေနကို နိဗ္ဗာန် နှင့် စပ်လျဉ်း၍ ဤသို့ မေးလျှောက်လေ၏ -

"အရှင်ဘုရား၊ ဝဠုဆင်းရဲ၏ ကင်းရာ၊ ချုပ်ရာသည် နိဗ္ဗာန်လော"

"မင်းကြီး၊ ဝဠုဆင်းရဲ၏ ကင်းရာ၊ ချုပ်ရာသည် နိဗ္ဗာန်မည်၏"

"အရှင်ဘုရား၊ အဘယ်ကြောင့် ဝဠုဆင်းရဲ၏ ကင်းရာ၊ ချုပ်ရာသည် နိဗ္ဗာန်မည်သနည်း"

"မင်းကြီး၊ အလုံးစုံသော ဗာလပုထုဇဉ်တို့သည် အဖျတ်ကာယတန ဗာဟိရာယတနတို့၌ အလွန် နှစ်သက်ကုန်၏၊ အလွန် ချီးမွမ်းပြောဆိုကုန်၏၊ မက်မောစွာ တည်ကုန်၏၊ ထိုသို့သော သံသရာ ဝဠုဆင်းရဲအယဉ်ဖြင့် မျောကုန်၏၊ ပဋိသန္ဓေနေခြင်း ဇာတိ၊ အိုခြင်း ဇရာ၊ သေခြင်း မရဏ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ဆင်းရဲခြင်း ဒုက္ခ၊ နှလုံးမသာခြင်း ဒေါမနဿ၊ သက်ကြီးရွိုက်ငင် ပင်ပန်းခြင်း ဥပါယာသတို့မှ မလွတ်ကုန်သည်ဖြစ်၍ ဆင်းရဲခြင်း ဝဠုတရားအပေါင်းမှ မလွတ်ကုန်။

မင်းကြီး၊ မြတ်သော အရိယာတပည့်သည် အဖျတ်ကာယတန၊ ဗာဟိရာယတနတို့၌ နှစ်သက်ခြင်း မရှိ၊ အထူး ချီးမွမ်းပြောဆိုခြင်း မရှိ၊ မက်မောခြင်း မရှိသည်ဖြစ်၍ တည်ကြည်၏၊ ဤသို့ တည်ကြည်သော မြတ်သော အရိယာတပည့်အား တဏှာအယဉ် ချုပ်၏၊ တဏှာချုပ်သော် ဥပါဒါန်ချုပ်၏၊ ဥပါဒါန် ချုပ်သောကြောင့် ဘဝချုပ်၏၊ ဘဝ ချုပ်သောကြောင့် ဇာတိချုပ်၏၊ ဇာတိ ချုပ်သောကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ သက်ကြီးရွိုက်ငင် ပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဝဠုဆင်းရဲတရားအပေါင်း၏ ချုပ်ရာ၊ ချုပ်ကြောင်းတရားသည် 'နိဗ္ဗာန်' မည်၏" (မိလိန္ဒပဉှာ)

http://www.dhammadownload.com

ပြောင်ပြောင် တောက်လောင် "ဘုရားရှင်သည် ဂယာရွာ၏ အနီး ဂယာသီသအရပ်၌ ရဟန်းတော် တစ်ထောင်နှင့် သီတင်းသုံးတော်မူစဉ် ရဟန်းတို့ကို ဤတရားကို ဟောတော်မူ၏-"

"ရဟန်းတို့၊ အလုံးစုံသည် ပြောင်ပြောင် တောက်လောင်နေ၏။ ရဟန်းတို့၊ အဘယ်မည်သော အလုံးစုံသည် ပြောင်ပြောင် တောက်လောင်နေသနည်း"

၁။ မျက်စိသည် ပြောင်ပြောင် တောက်လောင်၏၊

၂။ အဆင်းတို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏၊

၃။ စက္ခုဝိညာဏ်သည် ပြောင်ပြောင် တောက်လောင်၏၊

၄။ စက္ခုသမ္ဖဿသည် ပြောင်ပြောင် တောက်လောင်၏၊

၅။ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုဝေဒနာ သုခ၊ ဒုက္ခ၊အဒုက္ခ မသုခသည်လည်း ပြောင်ပြောင် တောက်လောင်၏၊

"ရဟန်းတို့၊ အဘယ်ဖြင့် ပြောင်ပြောင် တောက်လောင်နေသနည်း"

၁။ စွဲမက်မှု-ရာဂမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၂။ အမျက်ထွက်မှု-ဒေါသမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၃။ တွေဝေမှု-မောဟမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၄။ ပဋိသန္ဓေနေမှု-ဇာတိမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၅။ အိုမှု-ဇရာမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၆။ သေမှု-မရဏမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၇။ စိုးရိမ်ပူဆွေးမှု-သောကမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၈။ ငိုကြွေးမှု-ပရိဒေဝမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၉။ ကိုယ်ဆင်းရဲမှု-ဒုက္ခမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၁၀။ စိတ်ဆင်းရဲမှု-ဒေါမနဿမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊

၁၁။ ပျင်းစွာပင်ပန်းမှု-ဥပါယာသ မီးတို့ဖြင့် ပြောင်ပြောင် တောက်လောင်၏၊

ဟု ငါဆို၏။။

ရဟန်းတို့၊ ဤသို့ ရှုသော၊ အကြားအမြင်ရှိသော၊ အရိယာတပည့်သည် -

၁။ မျက်စိ၌လည်းငြီးငွေ့၏၊

၂။ အဆင်းတို့၌လည်း ငြီးငွေ့၏၊

http://www.dhammadownload.com

၃။ စက္ခုဝိညာဏ်၌လည်း ငြိုးငွေ့၏၊
၄။ စက္ခုသမ္ဖဿ၌လည်း ငြိုးငွေ့၏၊
၅။ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုဝေဒနာ သုခ၊ ဒုက္ခ၊ ဥပေက္ခာ၌လည်း ငြိုးငွေ့၏၊

ငြိုးငွေ့သော်မစွဲမက်၊မစွဲမက်ခြင်းကြောင့် ကိလေသာမှလွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်၏။ 'ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မင်္ဂကိစ္စကို ပြုပြီးပြီ၊ ဤမင်္ဂကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏' ဟု ဟောတော်မူ၏။ (သဠာယတနသံယုတ်)

ရသေ့ညီနောင် ရှင်တစ်ထောင် အို စာရှူသူ၊ အထက်ပါ ရှုနည်းကို သဘောပေါက်အောင် ကြည့်ရှု၍ အထပ်ထပ် ရှုပွားပါ။ ဤရှုနည်းကို ဟောစဉ် ရှုပွားကြသော ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ အမှူးရှိသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့ အာသဝကင်းကွာ ရဟန္တာဖြစ်ကြပါသည်။

လောကခေါ်ပုံ မထင်ရှားသော ရဟန်းတော်တစ်ပါးသည် ဘုရားရှင်ထံ မှောက်သို့လာရောက်၍ ဤသို့ လျှောက်ထားမေးမြန်းလေ၏။

"မြတ်စွာဘုရား၊ 'လောက-လောက' ဟူ၍ ဆိုအပ်ပါ၏။ မြတ်စွာဘုရား၊ အဘယ်မျှသောအကြောင်းကြောင့် 'လောက' ဟူ၍ ဆိုအပ်ပါသနည်း"

"ရဟန်း၊ ပျက်စီးတတ်သောကြောင့် 'လောက' ဟူ၍ ဆိုအပ်၏။"

အဘယ်သည် ပျက်စီးတတ်သနည်း ရဟန်း -

၁။ မျက်စိသည် ပျက်စီးတတ်၏။
၂။ အဆင်းတို့သည် ပျက်စီးတတ်ကုန်၏။
၃။ စက္ခုဝိညာဏ်သည် ပျက်စီးတတ်၏။
၄။ စက္ခုသမ္ဖဿသည် ပျက်စီးတတ်၏။
၅။ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်သည့်ခံစားမှု ဝေဒနာ၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာသည် ပျက်စီးတတ်၏။

"ရဟန်းတို့၊ ထိုသို့ ပျက်စီးတတ်သောကြောင့် 'လောက' ဟု ဆိုအပ်

http://www.dhammadownload.com

၏။" (သဋ္ဌာယတနသံယုတ်)

လောကသည် ဆိတ်သုဉ်း၏ အခါတစ်ပါး ရှင်အာနန္ဒသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ဤသို့ ရှိခိုးလျှောက်ထား၏ -

"မြတ်စွာဘုရား၊ 'လောကသည် ဆိတ်သုဉ်း၏၊ လောကသည် ဆိတ်သုဉ်း၏' ဟု ဆိုအပ်ပါ၏။ မြတ်စွာဘုရား၊ အဘယ်မျှသောအကြောင်းဖြင့် 'လောကသည် ဆိတ်သုဉ်း၏' ဟု ဆိုအပ်ပါသနည်း"

"အာနန္ဒ၊ ငါဆိုတဲ့ အတ္တသည် လည်းကောင်း၊ ငါ့ဥစ္စာဆိုတဲ့ အတ္တနိယသည်လည်းကောင်း၊ ဆိတ်သုဉ်းသောကြောင့် 'လောကသည် ဆိတ်သုဉ်း၏' ဟု ဆိုအပ်၏"

"အာနန္ဒ၊ အဘယ်အရာသည် ငါဆိုတဲ့ အတ္တမှလည်းကောင်း၊ ငါ့ဥစ္စာဆိုတဲ့ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းသနည်း၊ အာနန္ဒ-

၁။ မျက်စိသည် ငါဆိုတဲ့ အတ္တမှလည်းကောင်း၊ ငါ့ဥစ္စာဆိုတဲ့ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏။

၂။ အဆင်းတို့သည်...

၃။ စက္ခုဝိညာဏ်သည်...

၄။ စက္ခုသမ္ဖဿသည်...

၅။ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်သည့် ခံစားမှု ဝေဒနာ၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာသည် ငါဆိုတဲ့ အတ္တမှလည်းကောင်း၊ ငါ့ဥစ္စာဆိုတဲ့ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်း၏" (သဋ္ဌာယတနသံယုတ်)

အဖော်နှင့်နေသူ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် ရှင်မိဂဇာလသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ရှိခိုးလျှောက်ထား၏ -

"မြတ်စွာဘုရား၊ 'တစ်ယောက်တည်း နေသူ၊ တစ်ယောက်တည်း နေသူ' ဟု ဆိုအပ်ပါ၏။ အဘယ်သို့ နေခြင်းဖြင့် တစ်ယောက်တည်း နေသူ ဖြစ်နိုင်ပါသနည်း၊ အဘယ်သို့ နေခြင်းဖြင့် အဖော်နှင့်နေသူ ဖြစ်နိုင်ပါသနည်း"

"ချစ်သား မိဂဇာလ၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ်သဘောလည်းရှိ၊ ကာမနှင့်လည်း စပ်လျက်၊ စွဲမက်အပ်ကုန်

http://www.dhammadownload.com

သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းတို့ကို ယောဂီရဟန်းသည် အကယ်၍ အလွန်နှစ်သက်၊ အလွန်ပြောဆိုအံ့၊ လွှမ်းမိုး၍ တည်အံ့။ ယင်းသို့သော ယောဂီရဟန်းအား နှစ်သက်မှု၊ ပြင်းစွာစွဲမက်မှု၊ စပ်ယှဉ်နှောင်ဖွဲ့မှု ဖြစ်၏။ ချစ်သား မိဂဇာလ၊ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်ခံရသော ယင်းယောဂီရဟန်းကို အဖော်နှင့်နေသူဟု ငါဆို၏"

"ချစ်သား မိဂဇာလ၊ အလိုရှိအပ်....သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော အသံတို့ကို၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော အနံ့တို့ကို၊ ဇိဝှာညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့ကို၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့အထိတို့ကို၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ကို ယောဂီရဟန်းသည် အကယ်၍ အလွန်နှစ်သက်၊ အလွန်ပြောဆိုအံ့၊ လွှမ်းမိုး၍ တည်အံ့၊ ယင်းသို့သော ယောဂီရဟန်းအား နှစ်သက်မှု၊ ပြင်းစွာ စွဲမက်မှု၊ စပ်ယှဉ်နှောင်ဖွဲ့မှု ဖြစ်၏။ ချစ်သား မိဂဇာလ၊ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်ခံရသော ယင်းယောဂီရဟန်းကို အဖော်နှင့် နေသူဟု ဆို၏"

"ချစ်သား မိဂဇာလ၊ ဤသို့နေသော ယောဂီရဟန်းသည် လူသံမရှိ၊ ကျယ်လောင်သောအသံ မရှိ၊ လူနံ့ မရှိ၊ လူတို့ လှုပ်ရှားမှုကိုပြုရန် ထိုက်တန်ကုန်သော ကိန်းအောင်းခြင်းငှာ လျောက်ပတ်ကုန်သည့် အလွန်ဝေးလံတဲ့ တော၊ တောအုပ်၊ ဖြစ်ကုန်သော ကျောင်းတို့ကို အကယ်၍ မှီဝဲနေစေကာမူ ထိုယောဂီရဟန်းကို အဖော်နှင့် အတူနေသူဟု ဆိုအပ်၏"

"ထိုသို့ ဆိုခြင်းသည် အဘယ်ကြောင့်နည်း။ တဏှာသည် ထိုယောဂီရဟန်း၏ အဖော်မည်၏။ ထိုအဖော်တဏှာကို ထိုယောဂီရဟန်းသည် မပယ်အပ်သေး။ ထို့ကြောင့် အဖော်နှင့် အတူနေသူဟု ဆိုအပ်၏"

(သဠာယတနသံယုတ်)

"တဏှာရှေ့ဆောင် ရှိကုန်သော သတ္တဝါတို့သည် ကျွှက်ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ကြကုန်၏။ ကာမရာဂစသော သံယောဇဉ် အနှောင်အဖွဲ့ ခံရကုန်သော သူတို့သည် အဖန်တလဲလဲ ကြာမြင့်စွာ ဆင်းရဲသို့ ရောက်ကြကုန်၏" (ဓမ္မပဒ)

http://www.dhammadownload.com

အနှောင်အဖွဲ့စစ် "သံဖြင့်လုပ်သော သံခြေချင်းစသော အနှောင်အဖွဲ့၊ သစ်သားဖြင့်လုပ်သော ထိတ်တုံးစသော အနှောင်အဖွဲ့၊ မြက်၊ လျှော်မျှင်တို့ဖြင့်လုပ်သော ကြိုးစသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မခေါ်ကြကုန်။ ပတ္တမြားစသော ရတနာ၊ နားတောင်းစသော တန်ဆာပလာ၊ သားမယားတို့ကို ငဲ့ကွက်၊ တပ်မက်သော တဏှာသည် ရှိလေ၏"

"ထို တဏှာတည်းဟူသော အနှောင်အဖွဲ့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ခေါ်ကြကုန်၏။ အပါယ်လေးပါးတည်းဟူသော ယုတ်နိမ့်ရာသို့ ဆောင်တတ်သော၊ ဖွဲ့မှန်းမသိ ဖွဲ့သဖြင့် လျော့ဟန်ရှိသော်လည်း လွတ်နိုင်ရန် ခဲယဉ်းသော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ပညာရှိတို့သည် ဉာဏ်တည်းဟူသော ဓားဖြင့်ဖြတ်၍ ငဲ့ကွက်ခြင်း မရှိဘဲ၊ ကာမဂုဏ်ချမ်းသာကို စွန့်ကာ ရဟန်းပြုကြကုန်၏" (ဓမ္မပဒ)

တစ်ယောက်တည်းနေသူ "ချစ်သား မိဂဇာလ၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ် သဘောလည်းရှိ၊ ကာမဂုဏ်နှင့်လည်း စပ်သွယ်လျက်၊ စွဲမက်အပ်ကုန်သည့် စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းတို့ကို ယောဂီရဟန်းသည် အကယ်၍ အလွန် မနှစ်သက်၊ အလွန် မပြောဆိုအံ့၊ လွမ်းမိုး၍ မတည်အံ့၊ ယင်းသို့သော ယောဂီရဟန်းအား နှစ်သက်မှု ချုပ်ငြိမ်း၏။ တပ်မက်မှု မဖြစ်နိုင်၊ စပ်ယှဉ်နှောင်ဖွဲ့မှု မဖြစ်။ ချစ်သား မိဂဇာလ၊ နှစ်သက်မှု သံယောဇဉ်ကြိုး အချည်မခံရသော ရဟန်းကို တစ်ယောက်တည်းနေသူဟု ဆိုအပ်၏"

"ချစ်သား မိဂဇာလ၊ အလိုရှိအပ်....သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော အသံ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော အနံ့၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့အထိ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ကို ယောဂီရဟန်းသည် အကယ်၍ အလွန် မနှစ်သက်၊ အလွန် မပြောဆိုအံ့၊ လွမ်းမိုး၍ မတည်အံ့၊ တစ်ယောက်တည်းနေသူဟု ဆိုအပ်၏"

"ချစ်သား မိဂဇာလ၊ ဤသို့သော ယောဂီရဟန်းသည် ရဟန်း

http://www.dhammadownload.com

ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမ၊ မင်း၊ မင်းအမတ်ကြီး၊ တိတ္ထိ၊ တိတ္ထိတပည့်တို့နှင့် ရောနှောကာ ရွာနီးကျောင်း၌ အကယ်၍ နေစေကာမူ တစ်ယောက်တည်း နေသူဟုပင် ဆိုအပ်၏"

"ထိုသို့ ဆိုခြင်းသည် အဘယ်ကြောင့်နည်း၊ တဏှာသည် ထိုယောဂီရဟန်း၏ အဖော်မည်၏၊ ထိုအဖော် တဏှာကို ထိုယောဂီရဟန်းသည် ပယ်အပ်၏၊ ထို့ကြောင့် တစ်ယောက်တည်းနေသူဟု ဆိုအပ်၏"
(သဋ္ဌာယတနသံယုတ်)

"တစ်ယောက်ထီးတည်း နေ၊ တစ်ယောက်ထီးတည်း အိပ်၊ တစ်ယောက်ထီးတည်း သွားလာ၍ မပျင်းမရိ၊ တစ်ယောက်ထီးတည်း မိမိကိုယ်ကို ဆုံးမသောသူသည် တောခ္ဍ မွေ့လျော်၏" (ဓမ္မပဒ)

"တစ်ယောက်ထီးတည်း ကျင့်ခြင်းသည် မြတ်၏၊ သူမိုက်နှင့် အပေါင်းအဖော် မပြုရာ။ မာတင်္ဂ ဆင်မင်းသည် တောခ္ဍ တစ်ကောင်တည်း ကြောင့်ကြမရှိ၊ လှည့်လည်သကဲ့သို့ တစ်ယောက်ထီးတည်း ကြောင့်ကြမရှိ၊ ကျင့်ရာ၏၊ မကောင်းမှုကို မပြုရာ" (ဓမ္မပဒ)

မေ့သူနှင့် မမေ့သူ "ရဟန်းတို့၊ စက္ခုန္ဒြေကို မပိတ်ဆို့သည် ဖြစ်၍ နေသောသူ၏ စိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စိုစွတ်လျက်ဖြစ်၏၊ ယင်းသို့ စိုစွတ်လျက်ဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' မဖြစ်နိုင်၊ နှစ်သက်မှု 'ပီတိ' မဖြစ်နိုင်၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' မဖြစ်နိုင်၊ ဆင်းရဲ၏၊ စိတ်မတည်ငြိမ်၊ တရားတို့သည် ထင်စွာ မဖြစ်ပေါ်နိုင်ကြကုန်။ ထို့ကြောင့် 'မေ့မေ့လျော့လျော့နေတတ်သူ' ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏"

"ရဟန်းတို့၊ သောတိန္ဒြေကို....သောတဝိညာဏ်ဖြင့် ကြားအပ်ကုန်သော ဃာနိန္ဒြေကို....ဃာနဝိညာဏ်ဖြင့် နံအပ်ကုန်သော၊ ဇိဝှိန္ဒြေကို....ဇိဝှာဝိညာဏ်ဖြင့် လျက်၊ စားအပ်ကုန်သော၊ ကာယိန္ဒြေကို....ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော၊ မနိန္ဒြေကို မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော.... ထို့ကြောင့် 'မေ့မေ့လျော့လျော့ နေတတ်သူ' ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏"

http://www.dhammadownload.com

"ရဟန်းတို့၊ စက္ခုန္ဒြေကို ပိတ်ဆို့သည် ဖြစ်၍ နေသောသူ၏ စိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့၌ စိုစွတ်လျက် မဖြစ်။ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ဖြစ်၏။ နှစ်သက်မှု 'ပီတိ' ဖြစ်၏။ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' ဖြစ်၏၊ ချမ်းသာစွာ နေရ၏၊ စိတ်တည်ငြိမ်၏၊ တရားတို့သည် ထင်စွာ ဖြစ်ပေါ်ကုန်၏။ ထို့ကြောင့် 'မမေ့လျော့ နေတတ်သူ' ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏"

[သောတိန္ဒြေကို ပိတ်ဆို့သည်ဖြစ်၍ စသည်ဖြင့် အစားထိုး၍ ဖတ်ပါ။ တူနေပြီဖြစ်၍ မရေးတော့ပါ] (သဋ္ဌာယတနသံယုတ်)

"ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ အကြောင်းအကျိုး မသိ၊ ပညာမရှိသော လူမိုက်တို့သည် မေ့မေ့လျော့လျော့ အချိန်ဖြုန်းကြ၏၊ ပညာရှိသောသူသည်ကား မမေ့မလျော့သော သတိတရားကို မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏"

"မေ့မေ့လျော့လျော့ အချိန် မကုန်ကြစေကြလင့်၊ ကိလေသာ အာရုံကာမဂုဏ်၌ မွေ့လျော် ပျော်ပါးတတ်သော တဏှာနှင့် မပေါင်း မဖေါ်ကြလင့်၊ မမေ့မလျော့ဘဲ ကမ္မဋ္ဌာန်းတရား ရှုပွားလေ့ရှိသောသူသည် ကြီးကျယ် ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာကို ရလေ၏"

"မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၏ အပြစ်ကို မြင်သော ယောဂီရဟန်းသည် မဂ်ဖိုလ်တရားတို့မှ မဆုတ်ယုတ်ဘဲ နိဗ္ဗာန်နှင့်သာ နီးကပ်လျက် ရှိ၏" (ဓမ္မပဒ)

ယုတ်လျော့သူ "ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီရဟန်းအား မျက်စိဖြင့် အဆင်းကိုမြင်သော်၊ နားဖြင့် အသံကို ကြားသော်၊ နှာခေါင်းဖြင့် အနံ့ကို နံသော်၊ လျှာဖြင့် အရသာကို လျက်စားသော်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်၊ စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန်၊ နှောင့်ဖွဲ့ကြောင်း ဖြစ်ကုန်၊ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏။ ယင်းအကုသိုလ်တရားတို့ကို ယောဂီရဟန်းသည် လက်ခံနေခဲ့မူ၊ မပယ်စွန့်ခဲ့မူ၊ မဖျောက်ဖျက်ခဲ့မူ၊ ကင်းအောင် မပြုခဲ့မူ၊ နောက်ထပ် မဖြစ်ခြင်းသို့ မရောက်စေခဲ့မူ ရဟန်းတို့၊ ဤသို့ဖြစ်မှ

http://www.dhammadownload.com

ကို ယောဂီရဟန်းသည် -

"ငါကား ကုသိုလ်တရားတို့မှ ယုတ်လျော့နေ၏။ အကြောင်းသော်ကား ဤသို့ ဖြစ်မှုကို 'ယုတ်လျော့မှု' ဟူ၍ ဘုရားရှင် ဟောတော်မူသောကြောင့် တည်း" ဟု သိထိုက်၏"

မယုတ်လျော့သူ "ရဟန်းတို့၊" ဤသာသနာတော်၌ ယောဂီရဟန်းတို့အား မျက်စိဖြင့် အဆင်းကို မြင်သော်၊ နားဖြင့် အသံကို ကြားသော်၊ နှာခေါင်းဖြင့် အနံ့ကို နမ်းသော်၊ လျှာဖြင့် အရသာကို လျက်စားသော်၊ ကိုယ်ဖြင့် အတွေ့အထိကိုတွေ့ထိသော်၊ စိတ်ဖြင့် သဘောတရားကို သိသော်၊ ပြေးသွား ကြံစည်တတ်ကုန်၊ နှောင်ဖွဲ့တတ်ကြောင်း ဖြစ်ကုန်၊ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ ဖြစ်ပေါ်လာကုန်၏။ ယင်းအကုသိုလ်တရားတို့ကို ယောဂီရဟန်းသည် လက်မခံခဲ့မူ၊ ပယ်စွန့်ခဲ့မူ၊ ဖျောက်ဖျက်ခဲ့မူ၊ ကင်းအောင်ပြုခဲ့မူ၊ နောက်ထပ်မဖြစ်ခြင်းသို့ ရောက်စေခဲ့မူ ရဟန်းတို့၊ ဤသို့ ဖြစ်မှုကို ယောဂီရဟန်းသည် -

"ငါကား ကုသိုလ်တရားတို့မှ မယုတ်လျော့၊ အကြောင်းသော်ကား ဤသို့ဖြစ်မှုကို 'မယုတ်လျော့မှု' ဟူ၍ ဘုရားရှင် ဟောတော်မူသောကြောင့် တည်း" ဟု သိသင့် သိထိုက်၏" (သဋ္ဌာယတနသံယုတ်)

ဆင်းရဲချမ်းသာ "ရဟန်းတို့၊ နတ်၊ လူတို့သည် အဆင်းလျှင် ပျော်မွေ့ရာ ရှိကုန်၏။ အဆင်း၌ ပျော်ပိုက်ကုန်၏။ အဆင်း၌ ဝမ်းမြောက်ကုန်၏။ ရဟန်းတို့၊ နတ်လူတို့သည် အဆင်း၏ ဖောက်ပြန်ကင်းပြတ်၊ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲစွာ နေရ၏။ (အသံလျှင်-အနံ့လျှင်-အရသာလျှင်-အတွေ့အထိလျှင်-သဘောတရားလျှင်စသည်ဖြည့်ဖတ်ပါတော့)

"ရဟန်းတို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရား.တို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသည့် မြတ်စွာဘုရားသည်ကား အဆင်းတို့၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ချုပ်ခြင်းကို လည်းကောင်း၊ သာယာဖွယ်ကို လည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်မှုကို လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ သိသောကြောင့် အဆင်းလျှင် ပျော်မွေ့ရာမရှိ။ အဆင်း၌ ပျော်ပိုက်ခြင်း

http://www.dhammadownload.com

မရှိ။ အဆင်းဌ ဝမ်းမြောက်ခြင်းမရှိ။ ရဟန်းတို့၊ မြတ်စွာဘုရားသည် အဆင်း၏ ဖောက်ပြန်၊ ကင်းပြတ်၊ ချုပ်ငြိမ်းခြင်းကြောင့် ချမ်းသာစွာ နေရ၏"
(အဆင်းတို့၏၊ အသံတို့၏ စသည် ဖြည့်စွက် ဖတ်ပါတော့)

"အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား အားလုံးတို့ ရှိကုန်၏ဟု ဆိုအပ်၏"

"ထိုအာရုံတို့ကို နတ်နှင့်တကွသော လူအပေါင်းသည် ချမ်းသာသုခဟု သမုတ်အပ်ကုန်၏။ ထိုအာရုံတို့ ချုပ်ရာကို နတ်နှင့်တကွသော လူအပေါင်းသည် ဆင်းရဲမှု ဒုက္ခဟု သမုတ်အပ်ကုန်၏"

"အရိယာတို့သည် သက္ကာယချုပ်ခြင်းကို ချမ်းသာသုခဟု မြင်အပ်၏။ ချမ်းသာသုခဟု မြင်သော ပညာရှိတို့၏ ဤမြင်မှုသည် တလောကလုံးနှင့် ဆန့်ကျင်၏"

"သူတစ်ပါးတို့ ချမ်းသာဟု ဆိုအပ်သော အရာကို အရိယာတို့သည် ဆင်းရဲဟု ဆိုကုန်၏၊ သူတစ်ပါးတို့ ဆင်းရဲဟု ဆိုအပ်သောအရာကို အရိယာတို့သည် ချမ်းသာဟု သိကုန်၏"

"သိနိုင်ခဲသော တရားကို ရှုစမ်းပါလော့။ ဤနိဗ္ဗာန်တရားဌ ပညာမဲ့သူတို့သည် တွေဝေကုန်၏။ ကိလေသာ ပိတ်ဖုံးအပ်ကုန်သော သူတို့အား အမိုက်တိုက် ဖြစ်နေ၏။ မမြင်နိုင်သူ၊ ပညာမဲ့သူတို့အား အမိုက်မှောင် ဖြစ်နေ၏"

"ပညာရှိ သူတော်ကောင်းတို့အား နိဗ္ဗာန်သည် အလင်းရောင်ကဲ့သို့ ပွင့်နေ၏။ သစ္စာလေးပါးတရားတို့ဌ မလိမ္မာကုန်သူတို့သည် နိဗ္ဗာန်တရားကို မသိနိုင်ကုန်"

"ဘဝတို့ဌ စွဲမက်သော တဏှာသည် နှိပ်စက်အပ်ကုန်သော ဘဝတို့ဌ စွဲမက်သော တဏှာသို့ အစဉ်လိုက်ကုန်သော မာရ်မင်းနိုင်ငံသို့ ရောက်ကုန်သူတို့သည် ဤတရားကို အလွယ်တကူ မသိနိုင်ကုန်" (သဠာယတနသံယုတ်)

တပည့်-ဆရာ-ရှိသော် "ရဟန်းတို့၊ ဤသာသနာမတ်ဌ ယောဂီရဟန်းအား မျက်စိဖြင့် အဆင်းကိုမြင်သော်၊ နားဖြင့် အသံကို ကြားသော်၊ နှာခေါင်းဖြင့် အနံ့ကို နမ်းသော်၊ လျှာ

http://www.dhammadownload.com

ဖြင့် အရသာကို လျက်စားသော်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်၊ စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန်၊ နှောင်ဖွဲ့ကြောင်း ဖြစ်ကုန်သော၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်၏။ ထို အကုသိုလ်တရားတို့သည် ယောဂီရဟန်း၏ အတွင်း၌ နေကုန်၏။ ယုတ်ညံ့သော ကုသိုလ်တရားတို့သည် ယင်းယောဂီရဟန်း၏ အတွင်း၌ နေကုန်သောကြောင့် 'အတွင်းနေ တပည့်ရှိသူ' ဟု ဆိုအပ်၏။ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ယင်းယောဂီရဟန်းကိုလွှမ်းမိုးကုန်၏။ ယုတ်ညံ့သောအကုသိုလ်တို့သည် ယင်းယောဂီရဟန်းကို လွှမ်းမိုးသောကြောင့် 'ဆရာရှိသူ' ဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသို့လျှင် အတွင်းနေ တပည့်ရှိသော၊ လွှမ်းမိုးသူဆရာရှိသော ယောဂီရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏"

တပည့်-ဆရာ-မရှိသော် "ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီရဟန်းအား မျက်စိဖြင့်အဆင်းကိုမြင်သော်၊ နားဖြင့် အသံကိုကြားသော်၊ စိတ်ဖြင့် သဘောတရားကို သိသော်၊ ပြေးသွားကြံစည်တတ်ကုန်၊ နှောင်ဖွဲ့ကြောင်း ဖြစ်ကုန်သော၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ မဖြစ်ကုန်။ ထို အကုသိုလ်တရားတို့သည် ယင်းယောဂီရဟန်း၏ အတွင်း၌ မနေကုန်။ ယုတ်ညံ့သော အကုသိုလ်တရားတို့ ယင်းယောဂီရဟန်း၏ အတွင်း၌ မနေကုန်သောကြောင့် 'အတွင်းနေ တပည့်မရှိသူ' ဟု ဆိုအပ်၏။ ထို အကုသိုလ်တရားတို့သည် ယင်းယောဂီရဟန်းကို မလွှမ်းမိုးကုန်။ ယုတ်ညံ့သော အကုသိုလ်တရားတို့ ယင်းယောဂီရဟန်းကို မလွှမ်းမိုးကုန်သောကြောင့် 'ဆရာမရှိသူ' ဟု ဆိုအပ်၏။ ရဟန်းတို့၊ အတွင်းနေ တပည့်မရှိသော၊ လွှမ်းမိုးသူ ဆရာမရှိသော ယောဂီရဟန်းသည် ချမ်းချမ်းသာသာ နေရ၏"
(သဋ္ဌာယတနသံယုတ်)

သမုဒ္ဒရာ "ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် 'သမုဒ္ဒရာ၊ သမုဒ္ဒရာ' ဟု ပြောဆို၏။ ရဟန်းတို့၊ ဤသို့ ပြောဆိုအပ်သော အရာသည် မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒရာမဟုတ်။ ကြီးကျယ်၊ များပြားသော ရေအစု၊ ရေအပြင်သာ ဖြစ်၏"

http://www.dhammadownload.com

"ရဟန်းတို့၊ မျက်စိသည် (နားသည်၊ နှာခေါင်းသည်၊ လျှာသည်၊ ကိုယ်သည်၊ စိတ်သည်) သတ္တဝါ၏ သမုဒ္ဒရာမည်၏။ ထို မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သမုဒ္ဒရာအား အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တည်းဟူသော အဟုန်သည် ရှိ၏။ ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တည်းဟူသော အဟုန်ကို သည်းခံနိုင်သူကို လှိုင်းနှင့်တကွသော၊ ဝဲနှင့်တကွသော၊ ဖမ်းယူတတ်သော၊ ရေသတ္တဝါ အထူးနှင့်တကွသော၊ ရေစောင့်ဘီလူးနှင့် တကွသော၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သမုဒ္ဒရာကို ကူးမြောက်ပြီးဖြစ်၍ တစ်ဘက်ကမ်းသို့ရောက်သူ၊ ကြည်းကုန်း၌တည်သူကို ရဟန္တာဟု ဆိုအပ်၏"

"ရဟန်းတို့၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ် သဘောလည်းရှိ၊ ကာမနှင့်လည်း စပ်သွယ်၊ စွဲလည်း စွဲမက်အပ်ကုန်သော စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့သည် ရှိကုန်၏။ ရဟန်းတို့၊ ဤအဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) ကို မြတ်စွာဘုရား၏ အဆုံးအမ၌ သမုဒ္ဒရာဟု ဆိုအပ်၏"

"ဤအဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) သမုဒ္ဒရာ၌ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ၊ ဗြဟ္မဏ၊ မင်းများ၊ လူများနှင့်တကွသော လူ့လောက ဟူသော ဤ သတ္တဝါအပေါင်းတို့သည် များသောအားဖြင့် နစ်မြုပ်လျက်၊ ချည်ခင်ထွေးကဲ့သို့ ရှုပ်ထွေးလျက်၊ စာပေါင်းသိုက်ကဲ့သို့ ဖြစ်လျက်၊ ဖြူဆံမြက်၊ ပြိတ်မြက်ကဲ့သို့ ဖြစ်လျက်၊ ချမ်းသာကင်းသော၊ မကောင်းသူတို့ လားရာ၊ ပျက်စီးကျရောက်ရာဖြစ်သော သံသရာကို မလွန်နိုင်" (သဠာယတနသံယုတ်)

မာရ်မင်းပြုတိုင်းခံရသူ

"ရဟန်းတို့၊ ဥပမာသော်ကား တံငါသည် သည်အစာတပ်ထားသော ငါးမျှားချိတ်ကို နက်သော ရေအိုင်၌ ချထားသည်ရှိသော် အစာ၌သာ မျက်စိရှိသော ငါးတစ်ကောင်သည် ယင်း ငါးမျှားချိတ်ကို မျိုမိရာ၏။ ယင်းသို့ မျိုမိသော ငါးသည်

http://www.dhammadownload.com

အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏။ တံငါသည် အလိုရှိတိုင်း အပြုခံရ၏"

"ရဟန်းတို့၊ ဤအတူပင် လောကဌ သတ္တဝါတို့ကို အကျိုးမဲ့ရန်၊ သတ္တဝါတို့ကို သတ်ဖြတ်ရန်၊ ငါးမျှားချိတ်တို့သည် (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား အားဖြင့်) ခြောက်မျိုး ရှိကုန်၏"

"ရဟန်းတို့၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ် သဘောလည်းရှိ၊ ကာမနှင့်လည်း စပ်ယှဉ်၊ စွဲလည်း စွဲမက်အပ် ကုန်သောစက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော)ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ကို ရဟန်းသည် အလွန် နှစ်သက် စွဲလမ်း၊ လွှမ်းမိုး၍ တည်ခဲ့မူ ယင်းကို မာရ်မင်း၏ ငါးမျှားချိတ်ကို မျိုမိသည် ဖြစ်၍ အကျိုးမဲ့သို့ ရောက်သူ၊ ပျက်စီးခြင်းသို့ ရောက်သူ၊ မာရ်မင်း၏ အလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်၏"

မာရ်မင်းပြုတိုင်း မခံရသူ "ရဟန်းတို့၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေအပ်၊ ချစ်ခင်ဖွယ် သဘောလည်း ရှိ၊ ကာမနှင့်လည်းစပ်ယှဉ်၊ စွဲလည်း စွဲမက်အပ်ကုန်သော၊ စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ကို ရဟန်းသည် အလွန် မနှစ်သက်၊ အလွန် မစွဲလမ်း၊ လွှမ်းမိုး၍ မတည်ခဲ့မူ၊ ယင်းကို မာရ်မင်း၏ငါးမျှားချိတ်ကို မမျိုသူ၊ ချိုးဖဲ့သူ၊ ဖျက်စီးသူ၊ အကျိုးမဲ့သို့ မရောက်သူ၊ ပျက်စီးခြင်းသို့ မရောက်သူ၊ မာရ်မင်း၏ အလိုရှိတိုင်း အပြုမခံရသူဟု ဆိုအပ်၏" (သဋ္ဌာယတနသံယုတ်)

နှစ်သက်သော-ဒုက္ခဖြစ် ဘုရားရှင် သာဝတ္ထိပြည်၊ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် ရှင်မိဂဇာလသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ရှိခိုးလျှောက်ထား၏ -

"မြတ်စွာဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ ဘုရား၊ တပည့်တော်သည် ဘုရားရှင်

http://www.dhammadownload.com

၏ ယင်းတရား အကျဉ်းကို နာကြားပြီးလျှင် တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက်၊ မမေ့မလျော့၊ ကိလေသာကို ပူပန်စေတတ်သည့် လုံ့လဝီရိယနှင့်၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေထိုင်ပါ၏"

"ချစ်သား မိဂဇာလ၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ် သဘောလည်းရှိ၊ ကာမနှင့်လည်း စပ်သွယ်၊ စွဲလည်း စွဲမက်အပ်ကုန်သော၊ စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ကို အလွန် နှစ်သက်၊ အလွန် ပြောဆို၊ လွှမ်းမိုး၍ တည်သော ယောဂီရဟန်းအား နှစ်သက်မှု 'နန္ဒီ' ဖြစ်၏။ ချစ်သား မိဂဇာလ၊ နှစ်သက်မှု 'နန္ဒီ' ဖြစ်ပေါ်လာခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ' ဖြစ်ပေါ်၏ဟု ငါဆို၏"

"ချစ်သား မိဂဇာလ၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်၊ ချစ်ခင်ဖွယ် သဘောလည်းရှိ၊ ကာမနှင့်လည်း စပ်သွယ်၊ စွဲလည်း စွဲမက်အပ်ကုန်သော၊ စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ကို အလွန် မနှစ်သက်၊ အလွန် မပြောဆို၊ လွှမ်းမိုး၍ မတည်သော ယောဂီရဟန်းအား နှစ်သက်မှု 'နန္ဒီ' ချုပ်ငြိမ်း၏။ ချစ်သား မိဂဇာလ၊ နှစ်သက်မှု 'နန္ဒီ' ချုပ်ငြိမ်းခြင်းကြောင့် 'ဒုက္ခ' ချုပ်ငြိမ်း၏ဟု ငါဆို၏"

ရှင်မိဂဇာလသည် ဘုရားရှင်၏ ယင်းအကျင့်တရားကို နှစ်သက်ဝမ်းမြောက်၍ လျှောက်ထား ဝန်ခံသည့်အတိုင်း ကျင့်ကြံရာ မကြာမီ ရဟန္တာဖြစ်လေ၏။ (သဋ္ဌာယတနသံယုတ်)

စိတ်ကို ဆွဲဆောင်နိုင်ခြင်း "ရဟန်းတို့၊ ဥပမာသော်ကား ပို့ချစ်နုနယ် ငယ်ရွယ်သော ညောင်ဗုဒ္ဓပေါ၊ ပညောင်၊ ညောင်ကြပ်၊ ရေသဖန်းစသော အစေးထွက်သည့် သစ်ပင်ကို ယောကျ်ားတစ် ယောက်သည် ခါးထက်ထက်ဖြင့် ခုတ်ထစ်သည်ရှိသော် အစေးရှိသောကြောင့် ခုတ်ထစ်လေရာအရပ်မှ အစေး ယိုထွက်လာသကဲ့သို့ ဤအတူ အမှတ်မထား တစ်ပါးပါးသော ယောဂီရဟန်း ယောကျ်ား၊ ယောဂီရဟန်း မိန်းမအား စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နံ၊) လျက်စား၊

http://www.dhammadownload.com

တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့၌ ရာဂ၊ ဒေါသ၊ မောဟ ရှိနေ၏။ ရာဂ၊ ဒေါသ၊ မောဟကို မပယ်အပ်သေး၊ ထိုယောဂီ၏ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) အား အနည်းငယ်မျှသော စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘော တရား) တို့ပင် ထိခိုက်လာစေကုန်မူ ရာဂ၊ ဒေါသ၊ မောဟ ရှိနေသေး၊ မပယ်အပ်သေးသောကြောင့် ထိုယောဂီ၏ စိတ်ကို ဆွဲဆောင်နိုင်သည်သာတည်း။ များပြားသော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း"

စိတ်ကို မဆွဲဆောင်နိုင်ခြင်း "ရဟန်းတို့၊ ခြောက်သွေ့ ပုပ်ဆွေး၍ မိုးစွတ်ပြီးသော ညောင်ဗုဒ္ဓဟေ၊ ညောင်ကြပ်၊ ရေသဖန်းစသော အစေးယိုထွက်သော သစ်ပင်ကို ခါးထက်ထက်ဖြင့် ခုတ်ထစ်သော် အစေးမရှိသောကြောင့် ခုတ်ထစ်လေရာ အရပ်မှ အစေး မထွက်ရာသကဲ့သို့ ဤအတူ အမှတ်မထား တစ်ပါးပါးသော ရဟန်း ယောဂျီး ယောဂီ ရဟန်း မိန်းမ ယောဂီအား စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့၌ ရာဂ၊ ဒေါသ၊ မောဟ မရှိ။ ရာဂ၊ ဒေါသ၊ မောဟကို ပယ်အပ်ပြီး ဖြစ်၏။ ထိုယောဂီ၏ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) အား ကောင်းမြတ်ကုန်သော စက္ခု (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော) ဝိညာဏ်ဖြင့် မြင် (ကြား၊ နမ်း၊ လျက်စား၊ တွေ့ထိ၊ သိ) အပ်ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ ထိခိုက်လာစေကုန်မူ ရာဂ၊ ဒေါသ၊ မောဟ မရှိ။ ပယ်အပ်ပြီးဖြစ်သောကြောင့် ထိုယောဂီ၏ စိတ်ကို မဆွဲဆောင်နိုင်ကုန်။ ယုတ်ညံ့ကုန်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့၏ ထိခိုက်လာခြင်း၌ကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း" (သဋ္ဌာယတနသံယုတ်)

http://www.dhammadownload.com

အတွင်းအာယတနရှုပုံ "ရဟန်းတို့၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သည် မမြဲ။ မမြဲသော မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သည်ဆင်းရဲ၏။ ဆင်းရဲသော မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သည် ကိုယ်အတ္တမဟုတ်၊ ကိုယ်အတ္တ မဟုတ်သော မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သည် 'ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်အတ္တ မဟုတ်' ဟု ဤသို့ သမ္မပညာခေါ် ဝိပဿနာပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုရမည်"

"ရဟန်းတို့၊ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာ တပည့်သည် မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှု ကင်း၏။ စွဲမက်မှု ကင်းသောကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် 'ကိလေသာမှ လွတ်မြောက်ပြီ' ဟု အသိဉာဏ် ဖြစ်ပေါ်၏။ 'ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စ ပြုပြီးပြီ။ ဤမဂ်ကိစ္စ အဖို့ဌာ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီ' ဟု သိ၏" (သဠာယတနသံယုတ်)

အပြင်အာယတနရှုပုံ "ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့သည် မမြဲကုန်။ မမြဲသော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) သည် ဆင်းရဲ၏။ ဆင်းရဲသော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) သည် ကိုယ်အတ္တ မဟုတ်။ ကိုယ်အတ္တ မဟုတ်သော အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) ကို ဤ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) သည် 'ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်အတ္တ မဟုတ်' ဟု ဤသို့ သမ္မပညာခေါ် ဝိပဿနာပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်အောင် ရှုရမည်"

"ရဟန်းတို့၊ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) ကိုလည်း ငြီးငွေ့၏။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီ" ဟု သိ၏။ (သဠာယတနသံယုတ်)

http://www.dhammadownload.com

ကာလ ၃ ပါးခွဲရှုပုံ "ရဟန်းတို့၊ အတိတ်၊ အနာဂတ်ဖြစ်သော၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) သည် မမြဲ။ ဆင်းရဲ၏။ ကိုယ်အတ္တ မဟုတ်။ ပစ္စုပ္ပန် မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ၏ မမြဲမှု၊ ဆင်းရဲမှု၊ ကိုယ်အတ္တ မဟုတ်မှုခွဲကား အဘယ်ကို ဆိုဖွယ်ရာ ရှိမည်နည်း" မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၏ မမြဲမှု၊ ဆင်းရဲမှု၊ ကိုယ်အတ္တ မဟုတ်မှုခွဲကား အဘယ်ကို ဆိုဖွယ်ရာ ရှိမည်နည်း"

"ရဟန်းတို့၊ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၌ ငဲ့ကွက်မှု ကင်း၏။ အနာဂတ်ဖြစ်သော မျက်စိ(နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)ကို မနှစ်သက်၊ ပစ္စုပ္ပန်ဖြစ်သော မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)ကို ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှု ကင်းခြင်းငှာ၊ ချုပ်ငြိမ်းခြင်းငှာ ကျင့်၏" (သဋ္ဌာယတနသံယုတ်)

"ရဟန်းတို့၊ အတိတ်၊ အနာဂတ်ဖြစ်ကုန်သော အဆင်း(အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏။ ကိုယ် အတ္တ မဟုတ်ကုန်၊ ပစ္စုပ္ပန်အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့၏ မမြဲမှု၊ ဆင်းရဲမှု၊ ကိုယ်အတ္တမဟုတ်မှုခွဲကား အဘယ် ဆိုဖွယ်ရာရှိမည်နည်း"

"ရဟန်းတို့၊ ဤသို့ ရှုမြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် အတိတ်ဖြစ်သော အဆင်း(အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့၌ ငဲ့ကွက်မှု ကင်း၏။ အနာဂတ်ဖြစ်သော အဆင်း(အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့ကို မနှစ်သက်။ ပစ္စုပ္ပန်ဖြစ်ကုန်သော အဆင်း(အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့ကို ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ငြိမ်းခြင်းငှာ ကျင့်၏" (သဋ္ဌာယတနသံယုတ်)

ဆင်းရဲကို နှစ်သက်သူ "ရဟန်းတို့၊ မျက်စိ(နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်

http://www.dhammadownload.com

၏။ ဆင်းရဲကို နှစ်သက်သူသည် ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏"

"ရဟန်းတို့၊ မျက်စိ(နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)ကို မနှစ်သက်သူသည် ဆင်းရဲကို မနှစ်သက်။ ဆင်းရဲကို မနှစ်သက်သူသည် ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏"

"ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့ကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်၏။ ဆင်းရဲကို နှစ်သက်သူသည် ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဟု ငါဆို၏"

"ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့ကို မနှစ်သက်သူသည် ဆင်းရဲကို မနှစ်သက်။ ဆင်းရဲကို မနှစ်သက်သူသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်၏ဟု ငါဆို၏"
(သဠာယတနသံယုတ်)

အိုခြင်း-သေခြင်းမှု "ရဟန်းတို့၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၏ ဖြစ်ပေါ်မှု၊ တည်မှု၊ အသစ်ဖြစ်မှု၊ ထင်ရှားဖြစ်မှုသည် ဆင်းရဲမှုပင်တည်း။ ရောဂါတို့၏ တည်တံ့မှုပင်တည်း။ အိုခြင်း၊ သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း"

"ရဟန်းတို့၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၏ ချုပ်ငြိမ်းမှု၊ ကွယ်ပျောက်မှုသည်ကား ဆင်းရဲ၏ ကွယ်ပျောက်မှုပင်တည်း။ ရောဂါတို့၏ ငြိမ်းမှုပင်တည်း။ အိုခြင်း၊ သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း"

"ရဟန်းတို့၊ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)သည် မမြဲ၊ ဆင်းရဲ၏။ ကိုယ်အတ္တမဟုတ်။ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ဖြစ်ပေါ်ခြင်း၏အကြောင်း၊ အထောက်အပံ့သည်လည်း မမြဲ၊ ဆင်းရဲ၏။ ကိုယ်အတ္တမဟုတ်။ ရဟန်းတို့ မမြဲ။ ဆင်းရဲ၏။ ကိုယ်အတ္တ မဟုတ်သောအကြောင်း၊ အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော မျက်စိ(နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)သည် အဘယ်မှာမြဲ၊ ချမ်းသာ၊ ကိုယ်အတ္တ ဖြစ်လိမ့်မည်နည်း"

"ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့၏ ချုပ်ငြိမ်းမှု၊ ကွယ်ပျောက်မှုသည် ဆင်းရဲ၏ ချုပ်ငြိမ်းမှုပင်တည်း။

http://www.dhammadownload.com

ရောဂါတို့၏ ချုပ်ငြိမ်းမှုပင်တည်း။ အိုခြင်း၊ သေခြင်း၏ ကွယ်ပျောက်မှုပင်တည်း"

"ရဟန်းတို့၊ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏။ ကိုယ်အတ္တ မဟုတ်ကုန်။ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား)တို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း အထောက်အပံ့သည်လည်း မမြဲ၊ ဆင်းရဲ၏။ ကိုယ်အတ္တ မဟုတ်။ ရဟန်းတို့ မမြဲ၊ ဆင်းရဲ၊ ကိုယ်အတ္တမဟုတ်သော အကြောင်း အထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသည့် အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား) တို့သည် အဘယ်မှာ မြဲကုန်၊ချမ်းသာကုန်၊ ကိုယ်အတ္တ ဖြစ်ကုန်လိမ့်မည်နည်း"
(သဋ္ဌာယတနသံယုတ်)

ရှုပွားပုံတစ်မျိုး ဣဓ ဘိက္ခဝေ ဘိက္ခု-

၁။ စက္ခုဉ္စ ပဇာနာတိ၊
၂။ ရူပေစ ပဇာနာတိ၊
၃။ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ၊
၄။ ယထာစ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊
၅။ ယထာစ ဥပ္ပန္နဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါဟောတိ၊ တဉ္စ ပဇာနာတိ၊
၆။ ယထာစ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းယောဂီသည် -

၁။ စက္ခုပသာဒ အခံ-အကြည် ရုပ်ဓါတ်ကိုလည်း သိရမည်။
၂။ အခံ-အကြည် ရုပ်ဓါတ်သို့ လာ၍ ထိတိုက်သည့် ဖောဋ္ဌဗ္ဗဓါတ်ခေါ် အထိအတိုက်ဓါတ် ရူပါရုံတို့ကိုလည်း သိရမည်။
၃။ အခံ-အကြည် ရုပ်ဓါတ်နှင့် အထိအတိုက် ဖောဋ္ဌဗ္ဗဓါတ်တို့

http://www.dhammadownload.com

ထိတိုက်ခြင်းကြောင့် အသိစက္ခုဝိညာဏဓါတ်ဖြစ်ပေါ်လာရာ ယင်းအသိ၌ ပူးတွဲပါလာသောသံယောဇဉ်ဖြစ်ပေါ်မှုကိုလည်း သိရမည်။

၄။ အခံ-အကြည် ရုပ်ဓါတ်နှင့် အထိအတိုက် ဖောဋ္ဌဗ္ဗဓါတ်တို့ ထိတိုက်ချိန်မှာ မဖြစ်ပေါ်လာသေးသော သံယောဇဉ်ဖြစ်ပေါ်လာသည်ကိုလည်း သိရမည်။

၅။ အခံ-အကြည် ရုပ်ဓါတ်နှင့် အထိအတိုက် ဖောဋ္ဌဗ္ဗတို့ ထိတိုက်ချိန်မှာ ဖြစ်ပေါ်လာသော သံယောဇဉ်ကို ပယ်ဖျောက်ရမည်။ ယင်းဖျောက်မှုကိုလည်း သိရမည်။

၆။ ယင်းသို့ ပယ်ဖျောက်လိုက်ခြင်းကြောင့် နောင်အခါ သံယောဇဉ်ဖြစ်ပေါ်ခြင်း မရှိလျှင်လည်း ယင်းအခြေအနေကို သိရမည်။ (သုမဟာဝါပါဠိတော်)

အမှာစကား (စက္ခုဠာနေရာတွင် "သောတဠာ၊ ဃာနဠာ၊ ဇိဝှဠာ၊ ကာယဠာ၊ မနဠာ" ဟု အစားထိုး၍ 'ရူပေစ' နေရာတွင် 'သဒ္ဒေစ၊ ဂန္ဓေစ၊ ရသေစ၊ ဖောဋ္ဌဗ္ဗေစ၊ ဓမ္မေစ' ဟု အစားထိုး၍ ပါဠိကို ဖြည့်ဖြည့် ဖတ်ရှု၍ အဓိပ္ပါယ်တွင်လည်း စက္ခုပသာဒနေရာတွင် သောတပသာဒ၊ စက္ခုဝိညာဏ်နေရာတွင် သောတဝိညာဏ် စသည် ဖြည့်၍ ဖတ်ပါတော့)

စက္ခုပသာဒရုပ်ရှုပုံ အို စာရှုသူ၊ ရှုနည်းပြပါဠိတွင် "အခံ-အကြည် စက္ခုပသာဒ ရုပ်ဓါတ်ကိုလည်း သိရမည်" ဟု ဆိုထားသည်။ အဘယ်သို့ သိရမည်နည်း။ ယင်းကို သိပါမှလည်း ဓမ္မာနုပဿနာ၊ ဝိပဿနာ ရှုနည်း ကျပါမည်။ သို့မဟုတ်က သမထမျှသာ ဖြစ်နေပါလိမ့်မည်။ သိရမည့်ပုံကို ဆက်၍ သေချာစွာ ရှုကြည့်ပါဘိ။

(ထိုထို ကောင်း၊ မကောင်းသော အဆင်း၊ အရိပ်၊ အရောင်၊ ပစ္စုပ္ပန်ရှုပါရုံ၊ ရှုပဓါတ်ကို ထိခိုက်ထင်ပေါ်လောက်အောင်) ကြည့်လင်လျှင် ကြည့်လင်မှန်းကို သိ။ စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်

http://www.dhammadownload.com

အောင်ကြည့်။ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓါတ်ဆိုးဓါတ်ဝါး ထင်မြင်သလို မျက်စိတစ်ခုလုံး၏ အလုပ်ကိစ္စ မဟုတ်ပါတကား။ ငါကိုယ်ကောင်တစ်ကိုယ်လုံး၏ အလုပ်ကိစ္စ မဟုတ်ပါတကား။ ပုဂ္ဂိုလ်သတ္တဝါ၏ အလုပ်ကိစ္စ မဟုတ်ပါတကား ဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (သစ္စဉာဏ်ဉာတပရိညာ)

"စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်သည် အမြဲမရှိ။ အနိစ္စ၊ အသစ်အဟောင်း၊ တပြောင်းလဲတည်း ပြောင်းလဲ၍ နေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ပညတ်မျက်စိမဟုတ် အနတ္တ၊ ငါကောင်မဟုတ် အနတ္တ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် အနတ္တ၊ အစိုးမရ အနတ္တ၊ အလိုမလိုက် အနတ္တ"

(ကိစ္စဉာဏ်တီရဏပရိညာ)

"နေတံ မမ = နဧတံ မမ" စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။ ငါ့ကြောင့်သာ ဖြစ်ပေါ်လာတာ မဟုတ်ပါတကား။ အတိတ်ဘဝက ကာမာဝစရကုသိုလ်ကံစေတနာကြောင့် ဖြစ်ပေါ်လာတာပါတကား။

"နေသောဟမသ္မိ = နဧသော အဟံ အသ္မိ" ငါကိုယ်ကောင်မို့လို့ ကောင်း-မကောင်း၊ အဆင်း၊ အရိပ်၊ အရောင်၊ ပစ္စုပ္ပန် ရူပါရုံ၊ ရူပဓါတ်တို့၏ အထိအတိုက်ကို ခံရသည် မဟုတ်ပါတကား။ စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်မို့ အထိအတိုက် ခံရတာပါတကား။ ပညာမျက်စိမို့ ကြည်လင်တာ မဟုတ်ပါတကား။ စက္ခုပသာဒ ရုပ်ပရမတ်မို့ ကြည်လင်တာပါတကား။

"နမေသော အတ္တာ = နမေ ဧသော အတ္တာ" စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်သည် ငါကောင် မဟုတ်ပါတကား။ ပညတ်မျက်စိ မဟုတ်ပါတကား။ ငါကောင်သည် စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ် မဟုတ်ပါတကား။ ပညတ်မျက်စိသည် စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ် မဟုတ်ပါတကား။ စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်ပေါ်မှာ ငါကောင်က မမှီပါတကား။ ငါကောင်ပေါ်မှာ စက္ခုပသာဒ မျက်စိ အကြည်အလင် ရုပ်ဓါတ် မမှီပါတကား။ (ကတဉာဏ်၊ ပဟာနပရိညာ)

"စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်သည် ငါကောင်ပေါ်မှာ မမှီလျှင် ဘယ်မှာ မှီသလဲ။ စက္ခုဒသက ကလာပ်၌ရှိသော မြေ၊ ရေ၊

http://www.dhammadownload.com

လေ၊ မီး၊ ဓါတ်ကြီးလေးပါးပေါ်မှာ မှီပါတကား"

"နိဿယ ပစ္စယောတိ မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ)

"ယင်း ဓါတ်ကြီး ၄ ပါးတို့သည် ဘယ်မှာ မှီသလဲ။ အချင်းချင်း တစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အမှီပြု၍ နေပါသည်"

"နိဿယ ပစ္စယောတိ-မဟာဘူတာ အညမညံ နိဿယ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ) (ပဋ္ဌာန်းအခြေခံဝိပဿနာ)

အဆင်းရူပါရုံ ရူပံ "အဝတ်ညိုညို" လို့ အပေါင်းခေါ် အပေါင်းကို သိလျှင် အတ္တဝါဒ၊ အတ္တဒိဋ္ဌိ ဖြစ်၏။ "အဝတ်နှင့် အဆင်းညိုညို" လို့ နှစ်မျိုး ခွဲခြားသိလျှင် အနတ္တဝါဒ သမ္မာဒိဋ္ဌိ ဖြစ်၏။

စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်ဓါတ်ပေါ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကို သိ။ ကောင်း-မကောင်းသော အဆင်း၊ အရိပ် အရောင်၊ ပစ္စုပ္ပန် ရူပါရုံ၊ ရူပဓါတ်တို့၏ အလုပ်ကိစ္စပါတကား ဟု အဟုတ် အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်၊ အတ္တဒိဋ္ဌိ အကုသိုလ်စေတသိက် ဓါတ်ဆိုးဓါတ်ဝါး ထင်မြင်သလို အဝတ်၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်။ (သစ္စဉာဏ်ဉာတပရိညာ)

"ကောင်း-မကောင်း၊ အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်တို့သည် မျက်စိပေါ်တွင် ပျောက်ကြ၍ အမြဲမရှိ အနိစ္စ၊ မူလအဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်တို့ တပြောင်းလဲတည်း ပြောင်းလဲနေသောကြောင့် ဝိပရိဏာမဒုက္ခ၊ အဝတ်အထည် မဟုတ် အနတ္တ" (ကိစ္စဉာဏ်တီရဏပရိညာ)

"နေတံ မမ" အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ ရူပဓါတ်သည် အဝတ်၏ ဥစ္စာမဟုတ်ပါတကား။ အဝတ်ကြောင့်သာ ဖြစ်ပေါ်လာတာ မဟုတ်ပါတကား။ တစ်ကြောင်း၊ နှစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် စုပေါင်းပြုပြင်ပေးမှ ဖြစ်ပေါ်၍ လာရသောကြောင့် သခ်ိတဓါတ်တရား၊ ပရမတ်တရား အစစ်အမှန်ပါတကား။

http://www.dhammadownload.com

"နေသောဟာမသ္မိ" အဝတ်မို့ စက္ခုပသာဒ မျက်စိအကြည်အလင်ရုပ်မှာ ထိတိုက်ထင်ပေါ်သည် မဟုတ်ပါတကား။ အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်မို့ စက္ခုပသာဒ မျက်စိအကြည်အလင် ရုပ်မှာ ထိတိုက်၍ ထင်ပေါ်တာပါတကား။

"နံ မေ သော အတ္တာ" အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်သည် အဝတ်၊ အထည်၊ ဝတ္ထုဇြိပ် မဟုတ်ပါတကား။ အဝတ်၊ အထည်၊ ဝတ္ထုဇြိပ် မဟုတ်ပါတကား။ အဝတ်၊ အထည်၊ ဝတ္ထုဇြိပ်သည် အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်အပေါ်မှာ အဝတ်၊ အထည်၊ ဝတ္ထုဇြိပ်က မမှီပါတကား။ အဝတ်၊ အထည်၊ ဝတ္ထုဇြိပ်ပေါ်မှာ အဆင်း၊ အရိပ်၊ အရောင်၊ ရူပါရုံ၊ ရူပဓါတ်က မမှီပါတကား။

"အဆင်း၊ အရိပ်၊ အရောင်၊ ရူပဓါတ်သည် အဝတ်၊ အထည်၊ ဝတ္ထုဇြိပ်ပေါ်မှာ မမှီလျှင် ဘယ်မှာ မှီသလဲ။ မိမိကလာပ်၌ရှိသော မြေ၊ ရေ၊ လေ၊ မီးဓါတ်ကြီးလေးပါးပေါ်မှာ မှီပါတကား"

"နိဿယပစ္စယောတိ-မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော" (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ)

ဓာတ်ကြီး ၄ ပါးသည် ဘယ်မှာ မှီပါသလဲ။ တူပြီ။

စက္ခုဝိညာဏ်ရှုပုံ "မျက်စိဖြင့် မြင်သည်၊ ငါမြင်သည်"၌ မျက်စိ ဆိုတာက စက္ခုပသာဒ အကြည်အလင် ရုပ်ပရမတ္ထ၊ မြင်မှုက စက္ခုဝိညာဏ် စိတ်ပရမတ္ထ၊ တစ်နည်းဆိုသော် မျက်စိက ရုပ်၊ မြင်မှုက နာမ်၊ ငါဆိုတာက ပညတ်ငါသည် အမည်မျှသာ ဖြစ်သောကြောင့် မမြင်တတ်၊ မမြင်နိုင်ပါ။ မြင်မှုက စက္ခုဝိညာဏ်ဓာတ် စိတ်ပရမတ်ဖြစ်၍ မြင်တတ်ပါသည်။

(ထိုထို အဆင်း၊ အရိပ်၊ အရောင်၊ ပစ္စုပ္ပန် ရူပါရုံ၊ ရူပဓာတ်တို့ကို) မကောင်းလည်း မြင်၊ ကောင်းလည်း မြင်၊ မြင်လျှင် မြင်မှန်းသိ၊ ထိုထိုအဆင်း၊ အရိပ်၊ အရောင်၊ ပစ္စုပ္ပန် ရူပါရုံ၊ ရူပဓာတ်ကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော စက္ခုဝိညာဏဓာတ် မျက်စိ စိတ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု အဟုတ်အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ အတ္တဒိဋ္ဌိ အကုသိုလ် စေတသိက်၊ ဓာတ်ဆိုး၊ ဓာတ်ဝါးထင်မြင်သလို

http://www.dhammadownload.com

စက္ခုပသာဒ မျက်စိ အကြည်အလင် ရုပ်၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု အဟုတ်၊ အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ ငါ့အလုပ်ကိစ္စ မဟုတ်ပါတကား။ ပုဂ္ဂိုလ်သတ္တဝါ၏ အလုပ်ကိစ္စမဟုတ်ပါတကားဟု အဟုတ်၊ အမှန်ကို ဉာဏ်ပညာဖြင့် သိ။ ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ (သစ္စဉာဏ်၊ ဉာတပရိညာ)

"မကောင်းလည်းမြင်၊ ကောင်းလည်းမြင်၊ မြင်မှု စက္ခုဝိညာဏဓာတ် သည်လည်း အမြဲမရှိ၊ အနိစ္စ၊ အသစ်အဟောင်း တပြောင်းလဲတည်း ပြောင်းလဲနေသောကြောင့် ဝိပရိဏာမဒုက္ခ၊ ငါကောင်မဟုတ် အနတ္တ၊ လူမဟုတ် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ၊ အလိုမလိုက် အနတ္တ၊ အစိုးမရ အနတ္တ၊ ငါမပိုင် ငါမဆိုင်၊ ငါနှင့် အလွတ်ကြီးပါတကား"

(ကိစ္စဉာဏ်၊ တီရဏပရိညာ)

ဆောင်။ ။မျက်စိကို မှိတ်၊ အာရုံဆိတ်၊ မြင်စိတ်မရှိပြီ။

"နေတံမမ" စက္ခုဝိညာဏဓာတ်၊ မြင်စိတ်ဓာတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား။ ငါကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။ ငါကြောင့်သာ ဖြစ်ပေါ်လာတာ မဟုတ်ပါတကား။ စက္ခုပသာဒ အကြည်အလင် ရုပ်ဓာတ်နှင့် အဆင်း၊ အရိပ်၊ အရောင်၊ ပစ္စုပ္ပန်ရူပါရုံ၊ ရူပဓာတ်တို့ ထိတိုက်ခြင်းကြောင့် ဖြစ်ပေါ်လာတာပါတကား။ ရူပါရုံ အာရမ္မဏ ပစ္စယသတ္တိကြောင့် ဖြစ်ပေါ်လာတာပါတကား။

"နေ သော ဟ မသ္မိ" ငါမို့လို့ မြင်တာ မဟုတ်ပါတကား။ စက္ခုဝိညာဏဓာတ် မျက်စိစိတ်ဓာတ်မို့ မြင်တာပါတကား။

"န မေ သော အတ္တာ" စက္ခုဝိညာဏဓာတ်၊ မြင်စိတ်သည်လည်း ငါကောင် မဟုတ်ပါတကား။ ငါကောင်သည် စက္ခုဝိညာဏဓာတ် မြင်စိတ် မဟုတ်ပါတကား။ မြင်စိတ်ပေါ်မှာ ငါကောင်က မမှီပါတကား။ ငါကောင် ပေါ်မှာ မြင်စိတ်က မမှီပါတကား။

(ကတညာဏ်-ပဟာနပရိညာ)

"မြင်စိတ်သည် ငါကောင်ပေါ်မှာ မမှီလျှင် ဘယ်မှာ မှီသလဲ။ အချင်း

http://www.dhammadownload.com

ချင်း နာမက္ခန္ဓာလေးပါးပေါ်မှာ မှီပါတကား။ သူတပါး ယောက်ျားမိန်းမပေါ်မှာ မမှီပါတကား"

"နိဿသပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်းပစ္စယ နိဒ္ဒေသ)

"ထို နာမက္ခန္ဓာ ၄ ပါးတို့သည် ဘယ်မှာ မှီသလဲ။ စက္ခုပသာဒ အကြည်အလင်ခေါ် ကမ္မဇရုပ်ကို မှီ၍ ဖြစ်ပါသည် တကား"

"နိဿယပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်း ပစ္စယ နိဒ္ဒေသ)

လူပုဂ္ဂိုလ်နှင့် မြင်စိတ်တို့ ဘယ်နည်းနှင့်မျှ မစပ်ဆိုင်ကောင်းဘူးလား။ လူပုဂ္ဂိုလ်သည် မြင်စိတ်ဓာတ်၏ အင်အားကောင်းသော မှီစရာ အဖြစ်ဖြင့် ကျေးဇူးပြု စပ်ဆိုင်ပါသည်။ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်သည် မြင်စိတ် ပရမတ် အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

"ဥပနိဿယ ပစ္စယောတိ-ပုဂ္ဂလောပိ ဥပနိဿယပစ္စယေနပစ္စယော" (ပဋ္ဌာန်း ပစ္စယ နိဒ္ဒေသ)

"**အဗျာကတော ဓမ္မော** ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ စက္ခုံ၊ သောတံ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ဝိပါကာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"

(ပဋ္ဌာန်း ပဉ္စဝါရ)

မှတ်ချက် "ဝိပါကာဗျာကတေ ခန္ဓေ" အတွင်း၌ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျှာစိတ်၊ ထိသိစိတ်ဟူသော ဝိပါက်စိတ်များ ပါဝင်လျက် ရှိပေသည်။ (ပဋ္ဌာန်းအခြေခံ ဝိပဿနာ)

သဟဇာတသဘော "စက္ခုဝိညာဏာဓာတ် မြင်စိတ် ဖြစ်ပေါ်လာသည့် အခါ ဖဿ၊ ဝေဒနာ စသော စေတသိက် ၇ ပါး အတူတကွ ပါလာကြသည်။ မြင်စိတ်နှင့် စေတသိက် ၇ ပါး ပေါင်းသော်

http://www.dhammadownload.com

နာမ်စာတိ ၈ ပါးသည် အချင်းချင်း သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ သဘောမျိုးတွေနှင့် ကျေးဇူးပြုကြသည်"

"သဟဇာတ ပစ္စယောတိ-စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" (ပဋ္ဌာန်း ပစ္စယ နိဒ္ဒေသ)

ခန္ဓာစသည်ဖွဲ့သော် "စက္ခုပသာဒ ရုပ်နှင့် ရူပါရုံသည် ရူပက္ခန္ဓာ၊ စက္ခု ဝိညာဏ်သည် ဝိညာဏက္ခန္ဓာ၊ ယင်းစက္ခုဝိညာဏ်နှင့် ယှဉ်ဘက်ဖြစ်သော စေတသိက် ၇ ပါးမှ ဝေဒနာသည် ဝေဒနက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စသည်သည် သင်္ခါရက္ခန္ဓာ ဖြစ်၏"

"စက္ခုပသာဒရုပ်သည် စက္ခာယတန၊ ရူပါရုံသည် ရူပါယတန၊ စက္ခု ဝိညာဏ်သည် မနာယတန၊ စက္ခုဝိညာဏ်နှင့် ယှဉ်ဘက်ဖြစ်သော ဝေဒနာ စသည်သည် ဓမ္မာယတန မည်၏"

"စက္ခုပသာဒရုပ်သည် စက္ခုဓာတ်၊ ရူပါရုံသည် ရူပဓာတ်၊ စက္ခု ဝိညာဏ်သည် စက္ခုဝိညာဏဓာတ်၊ စက္ခုဝိညာဏ်နှင့် ယှဉ်ဘက် ဖြစ်သော ဝေဒနာ စသည်သည် ဓမ္မဓာတ်မည်၏"

မြင်သူမရှိ "ဤသို့လျှင် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ ပေါင်းဆုံ စုဝေး ဖြစ်ပေါ်သည်ရှိသော် တည့်တည့်ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း စသည်ဖြင့် ကြည့်မူ၊ မြင်မှု ထင်ရှားဖြစ်၏။ စင်စစ် ကြည့်တတ်၊မြင်တတ် သူပုဂ္ဂိုလ်၊ သတ္တဝါ အဘယ်မှာ ရှိအံ့နည်း"

အနန္တရသဘော "စက္ခုဝိညာဏ်စိတ်သည် မိမိရှေးက ပဋ္ဌဒ္ဒါရာဝဇ္ဇန်း (ဆင်ခြင်)စိတ်၊ မိမိနောက်က သဋ္ဌိမ္ဗစ္ဆိုင်း (ခံယူ) စိတ်၊ ဤစိတ် ၂ ပါး၏ အလယ်ကြားမှ ဖြစ်ပေါ်ရသည်။ ဤကဲ့သို့ ရှေ့ရှေ့ စိတ်က နောက်နောက်စိတ်အား ကျေးဇူးပြုပုံကို အနန္တရပစ္စည်း သဘောရယ်လို့ ခေါ်သည်"

"အနန္တရပစ္စယောတိ-စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ

http://www.dhammadownload.com

မနောဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"
(ပဋ္ဌာန်းပစ္စယနိဒ္ဒေသ)

"ဤကဲ့သို့ ရှေးရှေးစိတ်က နောက်နောက်စိတ်အား အနန္တရသတ္တိ ဖြင့် ကျေးဇူးပြုနေခြင်းသည် နိရောဓသမာပတ်ဖြင့် ချုပ်၍ ဝိမုတ္တိနိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဘယ်အခါမှာမှ ပြတ်သည်မရှိတော့ပေ။ ရဟန္တာတို့၏ စုတိသို့တိုင်မှ အနန္တရသတ္တိ ပြတ်စဲသွားသည်"

ဝိထိစဉ်အားဖြင့် "အတိတ (လွန်ပြီး) ဘဝင်၊ စလန(လှုပ်) ဘဝင်၊ ဥပစ္ဆေဒ (ပြတ်) ဘဝင်၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း (ဆင်ခြင်) စိတ်၊ စက္ခုဝိညာဏ် (မြင်စိတ်) သမ္ပဋိစ္ဆိုင်း (ခံယူ)စိတ်၊ သန္တီရဏ(စုံစမ်း)စိတ်၊ ဝုဋ္ဌော(ဆုံးဖြတ်)စိတ်၊ ဇော(အဟုန်)စိတ် ၇ ကြိမ်၊ တဒါရုံ(ဇောအာရုံယူ) စိတ် ၂ ကြိမ်၊ ထိုနောင် ဘဝင်ရယ်လို့ ဝိထိစဉ်အားဖြင့် ဖြစ်ပေါ်လာကြသည်။ စိတ်တို့တွင် ဇောစိတ်တွေ ပါလာသည်။ ယင်းဇောစိတ်တွေသည် ကုသိုလ်လည်း ဖြစ်နိုင်သည်။ အကုသိုလ်လည်း ဖြစ်နိုင်သည်"။ "ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်မှာတော့ ကုသိုလ်အကုသိုလ်တို့ကို ပယ်ပြီး ဖြစ်သွားသည့်အတွက် ကြိယာမျှသာ ဖြစ်သည်"

"ကုသိုလ် အကုသိုလ်ဇောများ ဖြစ်ခဲ့ပါလျှင် ထိုဌပါသော စေတနာက နောင်အခါ ကောင်း-မကောင်း အကျိုးဝိပါတ်များကို ဖြစ်ပွားစေနိုင်သည်။ သည်ကဲ့သို့ စေတနာက အကျိုးဖြစ်ပေါ်အောင် ကျေးဇူးပြုပုံကို ကမ္မပစ္စည်းလို့ ခေါ်သည်"

"နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"

သံယောဇဉ် "ယင်းဇောစိတ်တွေ ဖြစ်ပေါ်လာသော် နှစ်သက်မှု၊ မနှစ်သက်မှု စသော သံယောဇဉ်များ ပေါ်လာတော့သည်။ ယင်းသံယောဇဉ်တို့က ယောဂီကို သံသရာ နောင်အိမ်တွင်းက မလွတ်ကင်းအောင် ချည်နှောင် ဖွဲ့ယှက်ထားတော့သည်။ သို့ဖြစ်၍ ယောဂီသည် သံယောဇဉ်ကို သိသင့်၏။ သံယောဇနကိုလည်း သိသင့်၏။ ယင်းတို့ကို အောက်ပါ သာဓက ဖြင့် သိမှတ်ပါတော့"

အခါတစ်ပါး ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူကြကုန်၏။

http://www.dhammadownload.com

ထိုအခါ ရှင်မဟာကောဋ္ဌိသသည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ ဤစကား ကို လျှောက်မေး၏။

"ငါ့ရှင် သာရိပုတ္တ၊ မျက်စိသည် အဆင်းတို့၏ သံယောဇဉ်လော၊ သို့မဟုတ် အဆင်းတို့သည် မျက်စိ၏ သံယောဇဉ်လော"

"ငါ့ရှင် ကောဋ္ဌိက၊ ဥပမာသော်ကား နွားနက်နှင့် နွားဖြူတို့ကို လျှော်ကြိုး၊ လွန်ကြိုး စသည် ကြိုးတစ်ချောင်းတည်းဖြင့် တွဲချည်ထားကုန်ရာ ၏။ ယင်းကို တစ်စုံတစ်ယောက်က 'နွားနက်သည် နွားဖြူ၏ သံယောဇဉ် တည်း။ နွားဖြူသည် နွားနက်၏ သံယောဇဉ်တည်း' ဟု ပြောဆိုသော် အမှန် ကို ပြောဆိုသည် မည်ရာပါသလော"

"ငါ့ရှင်၊ အမှန်ကို ပြောဆိုသည် မမည်နိုင်ပါ။ နွားနက်သည် နွားဖြူ ၏ သံယောဇဉ် မဟုတ်ပါ။ နွားဖြူသည်လည်း နွားနက်၏ သံယောဇဉ် မ ဟုတ်ပါ။ အမှန်အားဖြင့်သော်ကား ထို နွားနှစ်ကောင်ကို လျှော်ကြိုး၊ လွန်ကြိုး စသော ကြိုးတစ်ချောင်းတည်းဖြင့် ချည်ထားအပ်ကုန်၏။ ထိုကြိုးသည် နွား နှစ်ကောင်၏ သံယောဇဉ်မည်၏"

"ငါ့အရှင်၊ ကောဋ္ဌိက၊ ဤအတူ မျက်စိသည် အဆင်းတို့၏သံယောဇဉ် မဟုတ်။ အဆင်းတို့သည်လည်း မျက်စိ၏သံယောဇဉ်မဟုတ်။ အမှန်အားဖြင့် သော်ကား မျက်စိအဆင်းနှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်မှု၊ စွဲမက်မှု ဆန္ဒ ရာဂသည် ယင်းနှစ်မျိုးလုံး၌ သံယောဇဉ်မည်၏"

"ငါ့ရှင် ကောဋ္ဌိက၊ ဤအတူ မျက်စိသည်လည်း အဆင်းတို့၏ သံ ယောဇဉ်ဖြစ်ခဲ့မူ၊ အဆင်းတို့သည်လည်း မျက်စိ၏ သံယောဇဉ်ဖြစ်ခဲ့မူ၊ အကြွင်း မဲ့ ဆင်းရဲကုန်ခြင်းငှာ ဤအကျင့်မြတ်ကို ကျင့်သုံးနေမှုသည် မထင်ရှားနိုင်ရာ၊ မျက်စိသည် အဆင်းတို့၏ သံယောဇဉ်မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ သံယောဇဉ် မဟုတ်၊ အမှန်အားဖြင့်သော်ကား နှစ်မျိုးလုံးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် နှစ်မျိုးလုံး၌ သံယောဇဉ်ဖြစ်သောကြောင့် အ ကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှာ အကျင့်မြတ်ကို ကျင့်သုံးမှုသည် ထင်ရှားရှိ၏"

"ငါ့ရှင် ကောဋ္ဌိက၊ ဘုရားရှင်အား မျက်စိတော် ရှိ၏။ ဘုရားရှင်၏ မျက်စိဖြင့် အဆင်းကို ရှုကြည့်တော်မူ၏။ ဘုရားရှင်အား လိုချင်စွဲမက်မှုဆန္ဒ ရာဂမရှိ။ ဘုရားရှင်သည် ကိလေသာမှ ကောင်းစွာ လွတ်မြောက်သော စိတ် ရှိတော်မူ၏" (သဠာယတနသံယုတ်)

http://www.dhammadownload.com

နည်းတူမှတ်ပါ၊ "အို စာရှသူ၊ ဤမှ ရှေ့ သောတပသာဒ စသည်တို့တွင် အကျယ်မပြတော့ပါ။ သို့ဖြစ်၍ စာရှသူသည် ပြခဲ့ပြီး 'စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်' သုံးမျိုးတို့၏ ရှုနည်းကို သဘောမပေါက်သေးက ရှေ့ဆက်မဖတ်ဘဲ နောက်ပြန် ဖတ်ပါအုံး။ နည်းတူပြီဖြစ်၍ ရှေ့တွင် မတူရာကို ဖေါ်ပြပြီး တူရာကို ညွှန်းပါတော့မည်"

သံယောဇနိယ "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတို့သည် နှောင်ဖွဲ့ကြောင်း 'သံယောဇနိယ' တို့ မည်ကုန်၏။ ယင်းတို့၌ လိုချင်စွဲမက်မှု ဆန္ဒရာဂသည် သံယောဇဉ်မည်၏။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့သည် နှောင်ဖွဲ့ကြောင်း သံယောဇနိယတို့ မည်ကုန်၏" ယင်းတို့၌ လိုချင်စွဲမက်မှု ဆန္ဒရာဂသည် သံယောဇဉ်မည်၏။

သံယောဇဉ် ၁၀ ပါး ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် သံယောဇနိယမည်ကုန်၏စသည်ဖြင့် သံယောဇနိယတို့သည် များကုန်၏။ သံယောဇဉ်မူကား ၁၀ ပါးသာ ရှိ၏။ ပယ်သောအခါ သံယောဇဉ်ကို ပယ်ရမည်ကို အထူး သတိရှိပါ။ ဤတွင် သံယောဇဉ် ၁၀ ပါးကို ပယ်စဉ်အားဖြင့် ပြပါမည်-

အဆင်းရူပါရုံကို မြင်သောအခါ မရှုပွားနိုင်ဘဲ-

၁။ ယခုမြင်တာ ငါပါတကားဟု ထင်မြင်လျှင် ဒိဋ္ဌိသံယောဇဉ်၊

၂။ ယခုမြင်တာ ငါ့မျက်စိကြောင့်လား၊ ဖန်ဆင်းရှင်ကြောင့်လား စသည်ဖြင့် ယုံမှားရှိလျှင် ဝိစိကိစ္ဆာ သံယောဇဉ်၊

၃။ နွား၊ ခွေးစသည်တို့လို ကျင့်လျှင် နောင်အခါ ဤအဆင်းမျိုးကိုမြင်နိုင်သည်ဟု ထင်လျှင် 'သီလဗ္ဗတပရာမာသ' သံယောဇဉ်၊

၄။ တခြားသူတွေ ကိုယ်မြင်မှုထက် ပိုလွန်သော အဆင်းကို မမြင်စေလိုလျှင် 'ကုသာ' သံယောဇဉ်၊

၅။ ကိုယ်မြင်ထားသော အဆင်းကို သူတပါးတွေ မမြင်စေလိုလျှင်

http://www.dhammadownload.com

မစ္ဆရိယ သံယောဇဉ်၊
ဤသံယောဇဉ်ငါးပါးကို သောတာပတ္တိမဂ်က ပယ်သည်။
၆။ အဆင်းကိုမြင် နှစ်သက်စရာထင်လျှင် ကာမရာဂ သံယောဇဉ်၊
၇။ အဆင်းကိုမြင် မနှစ်သက်စရာထင်လျှင် ပဋိဃသံယောဇဉ်၊
(ဒေါသ)

သကဒါဂါမိမဂ်ဖြင့် အကြမ်းစားကို ပယ်၍ အနာဂါမိမဂ်ဖြင့်အကြွင်းမဲ့ ၂ ပါးလုံးကို ပယ်သည်။
၈။ ဘဝအဆက်ဆက်၌ ဤလို အဆင်းမျိုးကိုမြင်လိုလျှင် ဘဝရာဂ သံယောဇဉ်၊
၉။ ငါ့မျက်စိကောင်း၍သာမြင်ရသည်ဟုထင်လျှင် မာနသံယောဇဉ်၊
၁၀။ အထက်ပါ သံယောဇဉ် ၉ ပါးတို့ ဖြစ်ခွင့်ရအောင် ဖုံးလွှမ်းပေးမှု အဝိဇ္ဇာ သံယောဇဉ်။
ဤသုံးပါးကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သည်။

သောတပသာဒရုပ် ရှုပုံ (ထိုထိုကောင်း - မကောင်းသော အသံ၊ ပစ္စုပ္ပန်၊ သဒ္ဒါရုံ သဒ္ဒဓာတ်တို့ ထိခိုက်၊ ထင်ပေါ်လောက်အောင်)ကြည်လင်လျှင် ကြည်လင်မှုန်းကိုသိ၊သောတပသာဒ နားအကြည်အလင်ရုပ်ဓာတ်၏...နားတစ်ခုလုံး၏... (စက္ခုပသာဒ မျိုးပါတော့)

"သောတပသာဒ နားအကြည်အလင် ရုပ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ ပညတ် နားမဟုတ် အနတ္တ"

"နေတံ မမ" သောတပသာဒ နားအကြည်အလင် ရုပ်ဓာတ်သည် ငါကိုယ်ကောင်၏ ဥစ္စာ ပစ္စည်း မဟုတ်ပါတကား။

"နေသော ဟ မသ္မိ" ငါကိုယ်ကောင်မို့လို့ ကောင်း-မကောင်းသော အသံ၊ ပစ္စုပ္ပန် သဒ္ဒါရုံ၊ သဒ္ဒာဓာတ်၏ သောတာပသာဒ နားအကြည်အလင်ရုပ်ဓာတ်မို့ ပညတ်နားမို့လို့ ကြည်လင်တာ မဟုတ်ပါတကား၊ သောတပသာဒ ရုပ်ပရမတ်မို့-

"နံ မေ သော အတ္တာ" သောတပသာဒ နားအကြည်အလင် ရုပ်ဓာတ်သည် ငါကောင် မဟုတ်ပါတကား၊ ပညတ် နား မဟုတ်ပါတကား...

အသံသဒ္ဒါရုံ ရှုပုံ "ဘေရိသဒ္ဒေါ=စည်သံ" "သောတပသာဒ နား

http://www.dhammadownload.com

အကြည်အလင် ရုပ်ဓာတ်ပေါ်မှာထိခိုက်၍ ထင်ပေါ် လျှင် ထင်ပေါ်မှန်းကိုသိ၊ ကောင်း-မကောင်းသော အသံ။ ပစ္စုပ္ပန် သဒ္ဒါရုံ၊ သဒ္ဒဓာတ်တို့၏... စည်၏ အလုပ်ကိစ္စ မဟုတ်ပါတကား..."

"ကောင်း-မကောင်းသော အသံ၊ ပစ္စုပ္ပန် သဒ္ဒါရုံ သဒ္ဒဓာတ်တို့သည် နားတွင်းတွင် ပျောက်ကြ၍ အမြဲမရှိ အနိစ္စ၊ ရှေးတသံပျက်မှ နောက်တသံ ဖြစ်ပြီး အသစ်နှင့်အဟောင်း တပြောင်းလဲတည်း။ စည်မဟုတ် အနတ္တ..."

"**နေတံ မမ**" အသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ်သည် စည်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ စည်ကြောင့်သာ...

"**နေသောဟမသ္မိ**" စည်မို့လို့ သောတပသာဒ နားအကြည်အလင် ရုပ်ဓာတ်မှာ... အသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ်မို့လို့...

"**နမေသော အတ္တာ**" အသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ်သည် စည်မဟုတ်ပါ တကား။ စသည်... အသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ်ပေါ်မှာ...စည်ပေါ်မှာ...(ရှုပါရုံ မှီးပါ)

သောတဝိညာဏ်ရှုပုံ "နားနှင့်ကြားသည်၊ ငါကြားသည်"(ထိုထိုအသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ်တို့ကို) မကောင်းလည်းကြား၊ ကောင်းလည်းကြား၊ ကြားလျှင် ကြားမှန်းသိ၊ ထိုထိုအသံ၊ သဒ္ဒါရုံ၊ သဒ္ဒဓာတ် ကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော သောတဝိညာဏဓာတ် နားစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု သောတပသာဒ အကြည်အလင် ရုပ်၏...နား၏...

"မကောင်းလည်းကြား၊ ကောင်းလည်းကြား၊ ကြားမှု သောတဝိညာ ဏဓာတ် နားစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ...နားမဟုတ် အနတ္တ"

ဆောင်။ ။ နားတံခါးပိတ်၊ အာရုံဆိတ်၊ ကြားစိတ်မရှိပြီ။

"**နေတံမမ**" သောတဝိညာဏဓာတ်၊ ကြားစိတ်ဓာတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား။ ငါ့ကြောင့်သာ သောတပသာဒ အကြည်အလင်ဓာတ်နှင့် အသံ၊ ပစ္စုပ္ပန် သဒ္ဒါရုံ သဒ္ဒဓာတ်တို့ ထိခိုက်ခြင်းကြောင့်...သဒ္ဒါရုံ၏ အာရမ္မ ဏပစ္စယ သတ္တိကြောင့်...

http://www.dhammadownload.com

"နေသေးဟမသို့" ငါမို့လို့ကြားတာ မဟုတ်ပါတကား။ သောတဝိညာဏဓာတ် ကြားစိတ်မို့...

"နမေသော အတ္တာ" သောတဝိညာဏဓာတ် ကြားစိတ်သည်ငါကောင် မဟုတ်ပါတကား။ ငါကောင်သည် သောတဝိညာဏဓာတ် ကြားစိတ် မဟုတ်ပါတကား...(စက္ခုဝိညာဏ်မှီးပါ)

ဃာနပသာဒရုပ်ရှုပုံ (ထိုထိုကောင်း-မကောင်းသော အနံ့မျိုးစုံ ပစ္စုပ္ပန်ဂန္ဓာရုံ၊ ဂန္ဓဓာတ်တို့ ထိခိုက်ထင်ပေါ်လောက်အောင်) ကြည်လင်လျှင် ကြည်လင်မှန်းကို သိ၊ ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်၏...နှာခေါင်းတစ်ခုလုံး၏...

"ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ ပညတ်နှာခေါင်းမဟုတ် အနတ္တ၊"

"နေတံမမ" ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။

"နေသေးဟမသို့" ငါကိုယ်ကောင်မို့လို့ ကောင်း-မကောင်းသော အနံ့မျိုးစုံ ပစ္စုပ္ပန် ဂန္ဓာရုံ၊ ဂန္ဓဓာတ်တို့၏ ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်မို့၊ ပညတ်နှာခေါင်းမို့လို့ ကြည်လင်တာ မဟုတ်ပါတကား။ ဃာနပသာဒ ရုပ်ပရမတ်မို့၊

"နမေသော အတ္တာ" ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်သည် ငါကောင် မဟုတ်ပါတကား။ ပညတ်နှာခေါင်း မဟုတ်ပါတကား။ (စက္ခုပသာဒမှီးပါ)

ဂန္ဓာရုံရှုပုံ "ပုပ္ပဂန္ဓော=ပန်းနံ့" ဃာနပသာဒ နှာခေါင်းအကြည်အလင် ရုပ်ဓာတ်ပေါ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကိုသိ။ ကောင်း-မကောင်းသော အနံ့မျိုးစုံ၊ ပစ္စုပ္ပန်၊ ဂန္ဓာရုံ၊ ဂန္ဓဓာတ်တို့၏ ပန်း၏ အလုပ်ကိစ္စ မဟုတ်ပါတကား။

"ကောင်း-မကောင်းသော အနံ့မျိုးစုံ၊ ဂန္ဓာရုံ ဂန္ဓဓာတ် တို့သည် နှာခေါင်းတွင်းတွင် ပျောက်ကြ၍ အမြဲမရှိ အနိစ္စ...၊ ပန်းမဟုတ် အနတ္တ..."

http://www.dhammadownload.com

"နေတံမမ" အနံ့ ဂန္ဓာရုံ ဂန္ဓဓာတ်တို့သည် ပန်းဒြပ်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ပန်းကြောင့်သာ...၊

"နေသောဟမသ္မိ" ပန်းမို့လို့ ဃာနပသာဒ နှာခေါင်း အကြည်အလင်ရုပ်ဓာတ်မှာ...၊ အနံ့ ဂန္ဓာရုံ ဂန္ဓဓာတ်မို့...၊

"နံ မေ သော အတ္တာ" အနံ့ ဂန္ဓာရုံ ဂန္ဓဓာတ်သည် ပန်းမဟုတ်ပါတကား၊ ပန်းသည်...၊ အနံ့ ဂန္ဓာရုံ ဂန္ဓဓာတ်ပေါ်မှာ ပန်းပေါ်မှာ...။ (ရူပါရုံ မိုးပါ)

ဃာနဝိညာဏ်ရှုပုံ "နှာခေါင်းနှင့် နံသည်၊ ငါ နံသည်၊" ....၊ (ထိုထိုအနံ့မျိုးစုံ ဂန္ဓာရုံ ဂန္ဓဓာတ်တို့ကို) မကောင်းလည်းနံ၊ ကောင်းလည်းနံ၊ နံလျှင် နံမှန်းသိ၊ ထိုထိုအနံ့မျိုးစုံ ဂန္ဓာရုံ၊ ဂန္ဓဓာတ်တို့ကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော ဃာနဝိညာဏဓာတ် နှာခေါင်းစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကား ဟု...၊ ဃာနပသာဒ အကြည်အလင်ရုပ်၏...၊ နှာခေါင်း၏...၊

"မကောင်းလည်း နံ၊ ကောင်းလည်း နံ၊ နံမှု ဃာနဝိညာဏဓာတ် နှာခေါင်းစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ...၊ နှာခေါင်းမဟုတ် အနတ္တ...၊"

"နေတံ မမ" ဃာနဝိညာဏဓာတ်၊ နှာခေါင်းစိတ်ဓာတ်သည် ငါ့ဥစ္စာမဟုတ်ပါတကား၊ ငါ့ကြောင့်သာ...၊ ဃာနပသာဒ အကြည်အလင်ရုပ်ဓာတ် နှင့် အနံ့မျိုးစုံ၊ ပစ္စုပ္ပန် ဂန္ဓာရုံ၊ ဂန္ဓဓာတ်တို့ ထိခိုက်ခြင်းကြောင့်...၊ ဂန္ဓာရုံ၏ အာရမ္မဏပစ္စယ သတ္တိကြောင့်...၊

"နေသော ဟမသ္မိ" ငါမို့လို့ နံတာမဟုတ်ပါတကား၊ ဃာနဝိညာဏဓာတ် နှာခေါင်းစိတ်ဓာတ်မို့...၊

"နမေသော အတ္တာ" ဃာနဝိညာဏဓာတ် နှာခေါင်းစိတ်သည် ငါကောင် မဟုတ်ပါတကား၊ ငါကောင်သည် ဃာနဝိညာဏဓာတ် နှာခေါင်းစိတ်ဓာတ် မဟုတ်ပါတကား...၊ (စက္ခုဝိညာဏ် မိုးပါ)

ဇိဝှာပသာဒရုပ်ရှုပုံ (ထိုထို ကောင်း၊ မကောင်းသော အရသာမျိုးစုံ ရသာရုံ၊ ရသဓာတ်တို့ ထိခိုက် ထင်ပေါ်လောက်

http://www.dhammadownload.com

အောင်) ကြည်လင်လျှင် ကြည်လင်မှန်းကို သိ။ ဇိဇ္ဈာပသာဒ လျှာ အကြည် အလင် ရုပ်ဓာတ်၏...၊ လျှာတစ်ခုလုံး၏...၊

"ဇိဇ္ဈာပသာဒ လျှာ အကြည်အလင် ရုပ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ ပညတ်လျှာမဟုတ် အနတ္တ...၊"

"**နေတံ မမ**" ဇိဇ္ဈာပသာဒ အကြည်အလင် ရုပ်ဓာတ်သည် ငါကိုယ် ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊

"**နေသော ဟမသ္မိ**" ငါကောင်မို့လို့ ကောင်း၊ မကောင်းသော ရသာ မျိုးစုံ၊ ရသာရုံ၊ ရသဓာတ်တို့၏...၊ ဇိဇ္ဈာပသာဒ လျှာအကြည်အလင် ရုပ် ဓာတ်မို့...၊ ပညတ်လျှာမို့လို့ ကြည်လင်တာ မဟုတ်ပါတကား။ ဇိဇ္ဈာပသာဒ ရုပ်ပရမတ်မို့...၊

"**နမေသောအတ္တာ**" ဇိဇ္ဈာပသာဒ လျှာအကြည်အလင် ရုပ်ဓာတ်သည် ငါကောင် မဟုတ်ပါတကား။ ပညတ်လျှာ မဟုတ်ပါတကား...၊
(စက္ခုပသာဒ မိုးပါ)

ရသာရုံရှုပုံ "အမြစ်အရသာ၊ အနှစ်အရသာ" ဇိဇ္ဈာပသာဒ၊ လျှာအကြည် အလင် ရုပ်ဓာတ်ပေါ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ် မှန်းကို သိ။ ကောင်း၊ မကောင်းသော အရသာမျိုးစုံ၊ ပစ္စုပ္ပန် ရသာရုံ၊ ရသ ဓာတ်တို့၏...၊ အမြစ်၊ အနှစ်၏ အလုပ်ကိစ္စ မဟုတ်ပါတကား...

"ကောင်း၊ မကောင်းသော အရသာမျိုးစုံ၊ ရသာရုံ၊ ရသဓာတ်တို့သည် လျှာပေါ်တွင် ပျောက်၍ အမြဲမရှိ အနိစ္စ...၊ အမြစ်အနှစ်မဟုတ် အနတ္တ...၊"

"**နေတံ မမ**" အရသာမျိုးစုံ၊ ရသာရုံ၊ ရသဓာတ်တို့သည် အမြစ်အ နှစ်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။ အမြစ်အနှစ်ကြောင့်သာ...၊

"**နေသော ဟမသ္မိ**" အမြစ်အနှစ်တွေမို့ ဇိဇ္ဈာပသာဒ လျှာအကြည် အလင် ရုပ်ဓာတ်မှာ...၊ အရသာမျိုးစုံ၊ ရသာရုံ ရသဓာတ်မို့...၊

"**နမေသောအတ္တာ**" အရသာမျိုးစုံ၊ ရသာရုံ၊ ရသဓာတ်တို့သည် အမြစ်အနှစ် မဟုတ်ပါတကား၊ အမြစ်အနှစ်တို့သည်...၊ အရသာမျိုးစုံ၊ ရသာ ရုံ၊ ရသဓာတ်ပေါ်မှာ...၊ အမြစ်အနှစ်ပေါ်မှာ...။ (ရှုပါရုံ မိုးပါ)

http://www.dhammadownload.com

ဇိဂ္ဂါဝိညာဏ်ရှုပုံ "အရသာကို လျှာက သိသည်၊ အရသာကို ငါ သိသည်" (ထိုထို အရသာမျိုးစုံ၊ ရသာရုံ၊ ရသ ဓာတ်တို့ကို) မကောင်းလည်းစား၊ ကောင်းလည်းစား၊ စားလျှင် စားမှန်းသိ၊ ထိုထို အရသာမျိုးစုံ၊ ရသာရုံ၊ ရသဓာတ်ကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော ဇိဂ္ဂါဝိညာဏ်ဓာတ် လျှာစိတ်ဓာတ်၏ အလုပ်ကိစ္စပါတကား ဟု···၊ ဇိဂ္ဂါပသာဒ အကြည်အလင်ရုပ်၏···၊ လျှာ၏···၊

"မကောင်းလည်းစား၊ ကောင်းလည်းစား၊ စားမှု ဇိဂ္ဂါဝိညာဏဓာတ် လျှာစိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ···၊ လျှာမဟုတ် အနတ္တ···၊"

"**နေတံ မမ**" ဇိဂ္ဂါဝိညာဏဓာတ်သည် လျှာစိတ်ဓာတ်သည် ငါ့ဥစ္စာ မဟုတ်ပါတကား···၊ ငါ့ကြောင့်သာ ရသာရုံ၏···၊

"**နေသော ဟမသ္မိ**" ငါမို့လို့ အရသာမျိုးစုံ ရသာရုံ၊ ရသဓာတ်တို့ကို သိတာ မဟုတ်ပါတကား···၊ ဃာနဝိညာဏဓာတ် လျှာစိတ်ဓာတ်မို့···၊

"**နမေသော အတ္တာ**" ဇိဂ္ဂါဝိညာဏဓာတ် လျှာစိတ်ဓာတ်သည် ငါကောင် မဟုတ်ပါတကား···၊ ငါကောင်သည် ဇိဂ္ဂါဝိညာဏဓာတ် လျှာဓာတ် မဟုတ်ပါတကား···၊ (စက္ခုဝိညာဏ် မိုးပါ)

ကာယပသာဒရုပ်ရှုပုံ (ထိုထို ကောင်း၊ မကောင်းသော အတွေ့အထိမျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဖောဋ္ဌဗ္ဗဓာတ်တို့ ထိခိုက်ထင်ပေါ်လာ အောင်) ကြည်လင်လျှင် ကြည်လင်မှန်းကိုသိ၊ ကာယပသာဒ ကိုယ် အကြည် အလင် ရုပ်ဓာတ်၏···၊ ကိုယ်တစ်ကိုယ်လုံး၏···၊

"ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ ပညတ်ကိုယ်မဟုတ် အနတ္တ···၊"

"**နေတံမမ**" ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်ဓာတ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား···။

"**နေသောဟမသ္မိ**" ငါကိုယ်ကောင်မို့လို့ ကောင်း၊ မကောင်းသော အတွေ့အထိမျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဖောဋ္ဌဗ္ဗဓာတ်တို့၏···၊ ကာယပသာဒ ကိုယ် အကြည်အလင် ရုပ်ဓာတ်မို့လို့···၊ ပညတ်မို့လို့ ကြည်လင်တာ မဟုတ်ပါ တကား၊ ကာယပသာဒ ရုပ်ပရမတ်မို့···၊

http://www.dhammadownload.com

"နမေသော အတ္တာ" ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်ဓာတ်သည် ငါကောင်မဟုတ်ပါတကား၊ ပညတ်ကိုယ်ကောင် မဟုတ်ပါတကား။ (စက္ခုပသာဒမိုးပါ)

ဖောဋ္ဌဗ္ဗာရုံရှုပုံ ဖောဋ္ဌဗ္ဗဓာတ်သည် မာခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်းစသည် ပထဝီဖောဋ္ဌဗ္ဗ ပူခြင်း၊ အေးခြင်းစသော တေဇော ဖောဋ္ဌဗ္ဗနှင့် တွန်းခြင်း၊ တိုးခြင်း၊ ကန်ခြင်းစသည် ဝါယောဖောဋ္ဌဗ္ဗဟူ၍ ၃ မျိုး ရှိ၏။ ယင်းတွင် အပူဖောဋ္ဌဗ္ဗဓာတ်ကို ရှုကြည့်ကြပါစို့။

"ထမင်းပူသည်" ၌ မြေ၊ ရေ၊ လေ၊ မီး၊ အရောင်၊ အနံ့၊ အရသာ၊ အဆီ၊ သြဇာဟူသော ဤဓာတ်ရုစ်မျိုးကို "အဋ္ဌကလာပ်ရုပ်" ဟု ခေါ်၏။ ယင်း အဋ္ဌကလာပ်ရုပ်တို့ အာကာသခြား၍ မရေမတွက်နိုင်လောက်အောင် စုပေါင်း၍ နေသည်ကို "ထမင်း" ဟု ခေါ်သည်။ သို့ကလို ရုပ်ဓာတ်အစု အဝေးကို ရုပ်ဓာတ်အစုအဝေး... မသိနားမလည်ခြင်းကြောင့် နာမပညတ် အားဖြင့် "ထမင်း" ဟု ခေါ်ဝေါ်သမုတ်အပ်ပါသည်။ သမ္မုဟပညတ် သဏ္ဌာန ပညတ် ဖြစ်ပါသည်။ ယင်း ဓာတ်ရုစ်ပါးတွင် ဥဏှတေဇောခေါ် မီးဓာတ်တစ် ခုကသာလျှင် ပူပါသည်။

"ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်ဓာတ်ပေါ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကို သိ၊ ကောင်း-မကောင်းသော အတွေ့အထိ မျိုးစုံ ပစ္စုပ္ပန် ပူမှုတေဇော ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ်တို့၏ ထမင်း၏ အလုပ် ကိစ္စ မဟုတ်ပါတကား...၊"

"ပူမှု-တေဇော ဖောဋ္ဌဗ္ဗာရုံ၊ ဖောဋ္ဌဗ္ဗဓာတ်သည် အမြဲမရှိ အနိစ္စ၊ ထမင်းမဟုတ် အနတ္တ...၊"

"နေတံမမ" ပူမှု-တေဇော ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ်သည် ထမင်း၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား။ ထမင်းကြောင့်သာ...၊

"နေသော ဟမသ္မိ" ထမင်းမို့လို့ ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်ဓာတ်မှာ...၊ ပူမှု-တေဇော ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ်...၊

"နမေသော အတ္တာ" ပူမှု-ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗဓာတ်သည် ထမင်း

http://www.dhammadownload.com

မဟုတ်ပါတကား၊ ထမင်းသည် ပူမှု-ဖောင်္ဒဗ္ဗာရဲ့ ဖောင်္ဒဗ္ဗဓာတ်ပေါ်မှာ...၊ ထမင်းပေါ်မှာ...၊ (ရှုပါရဲ့ မှီးပါ)

ထမင်းသည် အေးသည်၊ ထမင်း မာသည်၊ ပျော့သည်၊ ထမင်းဖြူသည်၊ နီသည်၊ ဝါသည်၊ ထမင်းမွှေးသည်၊ ချိုသည်၊ ဆိမ့်သည်၊ ထမင်းအဆီများသည် စသည်ရှုပါ။

ကာယဝိညာဏ်ရှုပုံ "ကိုယ်နှင့် ထိတွေ့သည်၊ ငါနှင့် တွေ့ထိသည်" (ထိုထို အတွေ့အထိမျိုးစုံ ဖောင်္ဒဗ္ဗာရဲ့၊ ဖောင်္ဒဗ္ဗဓာတ်တို့ကို) မကောင်းလည်း တွေ့ထိ၊ ကောင်းလည်း တွေ့ထိ၊ တွေ့ထိလျှင်တွေ့ထိမှန်းကို သိ၊ ထိုထို အတွေ့အထိမျိုးစုံ၊ ဖောင်္ဒဗ္ဗာရဲ့၊ ဖောင်္ဒဗ္ဗဓာတ်ကြောင့် ယခုမှ အသစ်စက်စက်ဖြစ်ပေါ်လာသော ကာယဝိညာဏဓာတ် ကိုယ်စိတ်ဓာတ်၏ အလုပ်ကိစ္စပါတကား...၊ ကာယပသာဒ ကိုယ်အကြည်အလင် ရုပ်၏ ကိုယ်...၊

"မကောင်းလည်း တွေ့ထိ၊ ကောင်းလည်း တွေ့ထိ၊ တွေ့ထိ၍ သိမှု၊ ကာယဝိညာဏဓာတ်သည် ကိုယ်စိတ်ဓာတ်သည် အမြဲမရှိ အနိစ္စ...၊ ကိုယ် ကောင်မဟုတ် အနတ္တ...၊"

"နေတံ မမ" ကာယဝိညာဏဓာတ် ကိုယ်စိတ်ဓာတ်သည် ငါ့ဥစ္စာမဟုတ်ပါတကား၊ ငါ့ကြောင့်သာ...၊ ဖောင်္ဒဗ္ဗာရဲ့...၊

"နေသော ဟမသ္မိ" ငါမို့လို့ အတွေ့အထိ ဖောင်္ဒဗ္ဗာရဲ့၊ ဖောင်္ဒဗ္ဗဓာတ်တို့ကို သိတာမဟုတ်ပါတကား။ ကာယဝိညာဏဓာတ် ကိုယ်စိတ်ဓာတ်မို့...၊

"နမေသော အတ္တာ" ကာယဝိညာဏဓာတ် ကိုယ်စိတ်ဓာတ်သည် ငါကောင်မဟုတ်ပါတကား။ ငါကောင်သည် ကာယဝိညာဏဓာတ် ကိုယ်စိတ်ဓာတ်မဟုတ်ပါတကား...၊ (စက္ခုဝိညာဏ် မှီးပါ)

မနောဘဝင်အကြည်ရှုပုံ "တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်" (တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော် ထိခိုက်ထင်ပေါ်လောက်အောင်) ကြည်လင်လျှင် ကြည်လင်မှန်းကို သိ၊ မနောဘဝင် အကြည်စိတ် နာမ်ဓာတ်၏ အလုပ်ကိစ္စပါတကားဟု

http://www.dhammadownload.com

ငါကိုယ်ကောင်၏...၊

"မနောဘဝင် အကြည် စိတ်နာမ်ဓာတ်သည် အမြဲမရှိ အနိစ္စ၊ ပညတ် အကောင်အထည်မဟုတ် အနတ္တ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် အနတ္တ...၊"

"နေတံမမ" မနောဘဝင် အကြည် စိတ်နာမ်သည် ငါကိုယ်ကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား...၊

"နေသော ဟမသ္မိ" ငါကိုယ်ကောင်မို့လို့ ကောင်း-မကောင်းသော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ ဓမ္မဓာတ်တို့၏...၊ မနောဘဝင် အကြည် စိတ်နာမ်မို့...၊

"နမေသော အတ္တာ" မနောဘဝင် အကြည် စိတ်နာမ်သည် ငါကိုယ် ငါကိုယ်ကောင် မဟုတ်ပါတကား၊ ငါကိုယ်ကောင်သည် မနောဘဝင် အကြည် စိတ်နာမ် မဟုတ်ပါတကား၊ မနောဘဝင် အကြည်စိတ်နာမ်ပေါ်မှာ...၊ ငါကိုယ်ကောင်ပေါ်မှာ...၊

ဓမ္မာရုံ "တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်" မနောဘဝင် အကြည်စိတ်နာမ်ဓာတ်မှာ ထိခိုက်၍ ထင်ပေါ်လျှင် ထင်ပေါ်မှန်းကို သိ၊ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကော် ပညတ် ဓမ္မာရုံ၏ အလုပ်ကိစ္စပါတကားဟု...၊ ပစ္စုပ္ပန် ပဋ္ဌာရုံတို့၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု...၊

မှတ်ချက် "တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်သည် ပညတ် ဓမ္မာရုံဖြစ်၍ ဝိပဿနာရှုရန် မလိုပါ။ ပစ္စုပ္ပန် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ပစ္စုပ္ပန် ပဋ္ဌာရုံ ဟု ခေါ်သည်။"

မနောဝိညာဏ်ရှုပုံ "စိတ်ထဲမှာ မြင်ယောင်သည်၊ ငါမြင်ယောင်သည်" တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်သို့ ရောက်လျှင် စိတ်ရောက်မှန်းကို သိ၊ ထိုအာရုံကြောင့် ယခုမှ အသစ်စက်စက် ဖြစ်ပေါ်လာသော မဟာကုသိုလ် မနောဝိညာဏဓာတ်၏ အလုပ်ကိစ္စပါတကား ဟု...၊ ငါ၏ အလုပ်ကိစ္စ မဟုတ်ပါတကားဟု...၊

"တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိ စေတီတော်သို့ အာရုံပြုသည့်

http://www.dhammadownload.com

မဟာကုသိုလ် မနောဝိညာဏဓာတ်သည် အမြဲမရှိ အနိစ္စ၊ ကိုယ်ကောင်မဟုတ် ဒုက္ခတ္တ၊ ငါမဟုတ် ငါမဆိုင် ငါနှင့်အလွတ်ကြီးပါတကား။"

"**နေတံမမ**" မဟာကုသိုလ် မနောဝိညာဏဓာတ်သည် ငါကောင်၏ ဥစ္စာပစ္စည်း မဟုတ်ပါတကား၊ ငါ့ကိုယ်ကောင်ကြောင့် ဖြစ်ပေါ်လာတာလည်း မဟုတ်ပါတကား၊ မနောဘဝင် အကြည်နှင့် တာဝတိံသာ နတ်ပြည်ရှိ ဂူဋ္ဌာ မဏိစေတီတော်ဟူသော ပညတ်ဓမ္မာရုံတို့ ထိခိုက်ခြင်းကြောင့်...၊ ပညတ် ဓမ္မာရုံ၏...၊

"**နေသောဟမသ္မိ**" ငါမို့လို့ တာဝတိံသာ နတ်ပြည်ရှိ ဂူဋ္ဌာမဏိစေတီ တော်သို့ ရောက်တာမဟုတ်ပါတကား၊ မဟာကုသိုလ် မနောဝိညာဏဓာတ်မို့ ရောက်တာပါတကား...။

"**နမေသောအတ္တာ**" တာဝတိံသာ နတ်ပြည်ရှိ ဂူဋ္ဌာမဏိစေတီတော် သို့ လူမကူးနိုင်၊ စိတ်သာ ကူးသော စိတ်ကူးမှု မနောဝိညာဏဓာတ်သည် ငါ မဟုတ်ပါတကား၊ ငါသည် မနောဝိညာဏဓာတ် မဟုတ်ပါတကား၊ မနောဝိညာဏဓာတ်ပေါ်မှာ...၊ ငါပေါ်မှာ...၊

"မနောဝိညာဏဓာတ်သည် အချင်းချင်း နာမက္ခန္ဓာ လေးပါးပေါ်မှာ မှီပါတကား၊ ထို နာမက္ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထုရုပ်ကို မှီပါတကား၊ ဟဒယဝတ္ထုရုပ်သည် ဝတ္ထုဒသက ကလာပ်၌ ရှိသော ဓာတ်ကြီးလေးပါးကို မှီပါတကား၊ ဓာတ်ကြီးလေးပါးသည် အချင်းချင်း ဓာတ်ကြီးလေးပါးကို မှီပါ တကား၊ ဓာတ်ကြီးလေးပါးသည် အချင်းချင်း မှီကြပါတကား၊ ငါမဟုတ် ငါ မဆိုင်၊ ငါနှင့် အလွတ်ကြီးပါတကား။" (ပဋ္ဌာန်းအခြေခံ ဝိပဿနာ)

http://www.dhammadownload.com

၄။ ဗောဇ္ဈင်ပိုင်း

ဗောဇ္ဈင်ခေါ်ပုံ "အဘယ်အနက်ကြောင့် ဗောဇ္ဈင်တို့ မည်ကုန်သနည်း။ သိခြင်းဌာဖြစ်ကုန်သောကြောင့် ဗောဇ္ဈင်တို့မည်ကုန်၏။ သိတတ်ကုန်၊ တဖန် သိတတ်ကုန်၊ နောက်တဖန် သိတတ်ကုန်၊ ကောင်းစွာ သိတတ်ကုန်သောကြောင့် ဗောဇ္ဈင်တို့ မည်ကုန်၏" (ပဋိသမ္ဘိ ဒါမဂ်ပါဠိတော်)

ရှင်းလင်းချက် ဗောဇ္ဈင်္ဂ ဓောဇ္ဈ + အင်္ဂဟု ၂ ပုဒ်ရှိရာ ဗောဓိမှ ဗောဇ္ဈ ဖြစ်လာ၍ ဗောဓိ အင်္ဂဟုလည်း ခေါ်နိုင်၏။ ဗောဇ္ဈင်ဟုလည်း ခေါ်နိုင်၏။ ထိုအရ ဗောဇ္ဈင်္ဂနှင့် ဗောဓိအင်္ဂအရ အတူတူမှတ်ရာ၏။ မူလ ဗောဇ္ဈင်္ဂပုဒ်တွင် သံ-ပုဒ်တိုးလာ၍ သမ္ဗောဇ္ဈင်္ဂ ဖြစ်လာသည်။ သို့ဖြစ်၍ ဗောဇ္ဈင်၊ သမ္ဗောဇ္ဈင်၊ သမ္ဗောဓိအင်္ဂါတို့မှာ အတူတူဟု မှတ်ရာ၏။ (ဉာဏ်လှေကားကျမ်းကြီး)

သစ္စာလေးပါးတရားတို့ကို ကောင်းစွာ သိမြင်တတ်သောကြောင့် သမ္ဗောဓိ မည်၏။ သမ္ဗောဓိခေါ် မဂ်ဉာဏ်၏ အတောင်အလက်သည် သမ္ဗောဇ္ဈင် မည်၏။ အဘယ်သို့လျှင် ဗောဇ္ဈင်သည် မဂ်ဉာဏ်၏ အတောင်အလက် ဖြစ်သနည်း။

ငှက်တို့သည် အဓိဝမ်းတွင်းမှ တစ်ကြိမ်ပေါက်ဖွား၍ တဖန် ဥခွံ

http://www.dhammadownload.com

တွင်းမှ တစ်ကြိမ် ပေါက်ဖွားရကုန်၏။ ထိုနောက် အတောင်အလက် စုံလင်သောအခါ အသိုက်မှ ပျံတက်၍ အလိုရှိရာသို့ ကျွတ်လွတ်စွာ ပျံသွားကုန်သကဲ့သို့ ထို့အတူ ယောဂီသည် ကာယဂတာသတိ တည်ထောင်မိသောအခါ သမထအလုပ် ထမြောက်သောအခါ အစမထင် သံသရာခွင်မှ ပါရှိကြသော စိတ်ရူးစိတ်နောက်အတွင်းမှ တစ်ကြိမ် ကျွတ်လွတ်သွား၏။

ရုပ်နာမ်ခန္ဓာတို့၌ ဝိပဿနာအမြင် ပေါက်သောအခါ ရုန့်ရင်းသော အဝိဇ္ဇာမှ တစ်ကြိမ် ကျွတ်လွတ်၏။ ဗောဇ္ဈင် ၇ ပါး ကြီးပွား ရင့်သန်သောအခါ လောကုတ္တရာမဂ်ဉာဏ် အတောင်အလက် စုံသဖြင့် သမ္မောဓိမည်သော မဂ်ဉာဏ်သို့ရောက်၍ လောကီဘုံသူ ဘုံသား နစ်မွန်းသမားအဖြစ်မှ တစ်ကြိမ် ကျွတ်လွတ်၍ ပုထုဇဉ်မှ ပျံတက်ကာ အရိယာဘုံသူ၊ ဘုံသား၊ လောကုတ္တရာဘုံသူ၊ ဘုံသား၊ နိဗ္ဗာန်ဘုံသူ၊ ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်သောကြောင့် ဗောဇ္ဈင်သည် မဂ်ဉာဏ်၏ အတောင်အလက် ဖြစ်၏။ (ဗောဓိပက္ခိယဒီပနီ)

ဗောဇ္ဈင်မည်ပုံ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါးသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ လျှောက်ထား၏။

"မြတ်စွာဘုရား၊ "ဗောဇ္ဈင် ဗောဇ္ဈင်" ဟု ဆိုအပ်ပါကုန်၏။ အဘယ့်ကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်ပါကုန်သနည်း"

"ရဟန်းတို့၊ နိဗ္ဗာန်ကို သိခြင်းအကျိုးငှာ ဖြစ်ကုန်သောကြောင့် ဗောဇ္ဈင်တို့ဟု ဆိုအပ်ကုန်၏" (မဟာဝဂ္ဂသံယုတ်)

ဗောဇ္ဈင် ၇ ပါး ၁။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော သတိသည် "သတိသမ္ဗောဇ္ဈင်" မည်၏။ (သမ္မာသတိမဂ္ဂင်)

၂။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော ပညာသည် "ဓမ္မဝိစယသမ္ဗောဇ္ဈင်" မည်၏။

၃။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်း ဖြစ်သော လုံ့လသည် "ဝီရိယသမ္ဗောဇ္ဈင်" မည်၏။ (သမ္မာဝါယာမမဂ္ဂင်)

http://www.dhammadownload.com

၄။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော နှစ်သက်ဝမ်းမြောက်မှု ပီတိသည် "ပီတိသမ္ဗောဇ္ဈင်" မည်၏။
(သမ္မာသမာဓိ မဂ္ဂင်)

၅။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော နာမ်ခန္ဓာငြိမ်းချမ်းမှု ပဿဒ္ဓိသည် "ပဿဒ္ဓိသမ္ဗောဇ္ဈင်" မည်၏။
(သမ္မာသမာဓိ မဂ္ဂင်)

၆။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော တည်ကြည်မှု သမာဓိသည် "သမာဓိသမ္ဗောဇ္ဈင်" မည်၏။ (သမ္မာသမာဓိမဂ္ဂင်)

၇။ ကောင်းမြတ်၊ ပြည့်စုံစွာ သိမြင်နိုင်ရေးအတွက် အကြောင်းဖြစ်သော တရားတို့ကို အညီအမျှထားနိုင်မှု ဥပေက္ခာသည် "ဥပေက္ခာသမ္ဗောဇ္ဈင်" မည်၏။
(သမ္မာသမာဓိမဂ္ဂင်)

မှတ်ချက် ဗောဇ္ဈင် ၇ ပါးနောက်၌ သမ္ဗောဇ္ဈင်အရာသည် ရှေ့ပုဒ်ဖြစ်သော သတိ၊ ဓမ္မဝိစယ စသော ပုဒ်တို့၏ ဂုဏ်ပြသက်သက်သာဖြစ်၍ သတိနှင့် သမ္ဗောဇ္ဈင်အရာသည် အတူတူဟု မှတ်ပါ။ ကျန် ၆ ပုဒ်တို့လည်း အလားတူပင် မှတ်ပါ။ (ဉာဏ်လှေကားကျမ်းကြီး)

သတိသမ္ဗောဇ္ဈင်အရေးကြီးပုံ ဘာဝနာဉာဏ် ဖြစ်ပေါ်ရေးအတွက် သတိသည် အရေးအကြီးဆုံး အချက်ဖြစ်၍ ယင်း သတိကို ကွဲပြားစွာ သိဖို့နှင့် ဖမ်းယူနိုင်ဖို့အတွက် သတိအပြားကို နားလည်ဖို့ လို၏။ ယင်းသတိသည် -

၁။ ရှုပွားနေသော အာရုံ ပြတ်မသွား၊ ပျောက်မသွားစေအောင် ယင်း အာရုံနောက်သို့ ကပ်ပါ လိုက်ပါနေသော "ဥပဂ္ဂဟသတိ"

၂။ ယင်းသတိကြောင့် ရှုပွားနေသော အာရုံသည် အပြတ်နည်း၊ အပျောက်နည်းကာ ရေးရေးအနေ ပေါ်နေသော အာရုံမှတဆင့် ခပ်ထင်းထင်းကြီး ပေါ်နေအောင် ထိန်းပေးလာသော "အသမ္မောသသတိ"

၃။ ယင်းသတိက တင်ပေးထားသော အာရုံကို မိမိရရ ဉာဏ်ဖြင့် သုံးသပ်နိုင်ရန် စောင့်ရှောက်ထားနိုင်သော "အာရက္ခသတိ" ဟူ၍ သုံးမျိုးရှိ၏။

http://www.dhammadownload.com

ဤသတိသမ္ဗောဇ္ဈင်္ဂကိစ္စကား ရှုပွားနေသော အာရုံသည် မိမိရရ ထင်လာအောင် သတိကို အဆင့်ဆင့် တိုးတက်ခိုင်ခံ့ပြီး ကြီးထွား ထင်ရှားလာအောင် အားထုတ်မှုလုပ်ငန်းပင် ဖြစ်၏။

သတိသမ္ဗောဇ္ဈင်္ဂကိစ္စသည် ဓမ္မာနုပဿနာကိစ္စ၌ အခြား ဓမ္မတစ်ခုခုကို ရှုပွားလိုခဲ့သော် ဤသတိသမ္ဗောဇ္ဈင်ဖြင့်သာ ရှုပွားယူရလေသည်။

ယင်းသို့ သတိကို ပွားလိုရာတွင် ဤသတိသမ္ဗောဇ္ဈင်ဖြင့် ထပ်၍ ပွားယူရရိုး မရှိပေ။ ယင်းသတိကို အားကောင်းအောင် ပွားလိုသော် အာရုံတစ်ခုခုကို ပျောက်မသွားအောင် ဤသတိဖြင့် ကပ်လိုက်နေရုံသာ ရှိသည်။ ထို့အတိုင်း ကပ်လိုက်နေလျှင် သတိကို ပွားစေပြီး ဖြစ်ပွားတော့၏။

သတိတစ်ခုက အခြားသတိတစ်ခုကို အာရုံအဖြစ်ထားကာ သီးခြား ရှုပွားယူရသော လုပ်ငန်းမျိုး မရှိပုံကို အထူး သဘောပေါက်ပါလေ။

ထိုအရ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာနုပဿနာကိစ္စ လေးပါးလုံးမှာပင် သတိဖြင့်သာ ရှုပွားယူရသဖြင့် ကာယာ နုပဿနာ သတိပဋ္ဌာန်စသည်ဖြင့် အနုပဿနာ လေးပါးလုံး အဆုံး၌ သတိပဋ္ဌာန်ပုဒ်ကို ကပ်၍ ဘုရားရှင် ဟောတော်မူသည်။ (ဉာဏ်လှေကားကျမ်းကြီး)

ဗောဇ္ဈင်ပွားပုံ ရဟန်းတို့၊ သတိပဋ္ဌာန်လေးပါးတို့ကို အဘယ်သို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် ဗောဇ္ဈင် ၇ ပါးတို့ကို ပြည့်စေကုန်သနည်း။

၁။ ရဟန်းတို့၊ ထင်သော သတိရှိသည်ဖြစ်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလျက်နေသော ယောဂီရဟန်းအား သတိမလွတ်၊ သတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ သတိသမ္ဗောဇ္ဈင်ကို ပွားများ၏။ သတိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

၂။ ရဟန်းတို့၊ ယင်းသို့ ထင်သော သတိရှိသည်ဖြစ်၍ နေလတ်သော် ထိုတရားကို ပညာဖြင့် စိစစ်၏။ လှည့်လည်ကျက်စား၏။ အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်၏။ ထိုအခါ ယောဂီရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားများ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွားများခြင်းသို့ ရောက်၏။

http://www.dhammadownload.com

၃။ ရဟန်းတို့၊ ထိုတရားကို ပညာဖြင့် စိစစ်၊ လှည့်လည်ကျက်စား၊ အထပ်ထပ်ဆင်ခြင်ခြင်းသို့ ရောက်သော ထိုယောဂီရဟန်းအား မတွန့်မဆုတ်၊ ကြိုးစားအားထုတ်မှု ဝီရိယသည် ဖြစ်၏။ ထိုအခါ ယောဂီရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများ၏။ ပီတိသမ္ဗောဇ္ဈင်ကို ပွားများ၏။ ဝီရိယသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၄။ ရဟန်းတို့၊ ကြိုးစားအားထုတ်မှု ဝီရိယရှိသော ယောဂီရဟန်းအား ကိလေသာဟူသော အာမိသကင်းသော နှစ်သိမ့်ခြင်း ပီတိသည်ဖြစ်၏။ ထိုအခါ ယောဂီရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပီတိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

၅။ ရဟန်းတို့၊ နှစ်သိမ့်သော စိတ်ရှိသော ယောဂီရဟန်းအား ကိုယ်-စိတ် ငြိမ်းအေး၏။ ထိုအခါ ယောဂီရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

၆။ ရဟန်းတို့၊ ငြိမ်းအေးသော ကိုယ်-စိတ်ရှိ၍ ချမ်းသာသော ယောဂီရဟန်း၏ စိတ်သည် တည်ကြည်၏။ ထိုအခါ ယောဂီရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ သမာဓိသမ္ဗောဇ္ဈင်ကို ပွားများ၏။ သမာဓိသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

၇။ ရဟန်းတို့၊ ယင်းသို့ တည်ကြည်သော စိတ်ကို ယောဂီရဟန်းသည် ကောင်းစွာ အညီအမျှ ရှု၏။ ထိုအခါ ယောဂီရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

ရဟန်းတို့၊ ထင်သော သတိရှိသည်ဖြစ်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက်၊

ရဟန်းတို့၊ ထင်သော သတိရှိသည်ဖြစ်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလျက်၊

ရဟန်းတို့၊ ထင်သော သတိရှိသည်ဖြစ်၍ သဘောတရားတို့၌သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက်၊

ဤစာပိုဒ် ၃ ပိုဒ်တို့ကို တစ်ပိုဒ်စီ ဖောဖျင်ပွားပုံ အမှတ် ၁ မှစ၍

http://www.dhammadownload.com

ပြန်ပြန်ဖတ်ပါ။ နောက်ဆုံးမှ အောက်ပါ စာပိုဒ်ကို ဖတ်ပါ။

ရဟန်းတို့၊ သတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင် ၇ ပါးတို့ကို ပြည့်စေကုန်၏။ (မဟာဝဂ္ဂသံယုတ်)

သာသနာ၌သာ ဖြစ်ခြင်း ရဟန်းတို့၊ မဖြစ်ဖူးသေးကုန်သော ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဗောဇ္ဈင် ၇ ပါးတို့ကို ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူ၏။ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ၌သာ ဖြစ်ကုန်၏။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာ၌သာ ဖြစ်ကုန်၏။ (မဟာဝဂ္ဂသံယုတ်)

နိဗ္ဗာန်၌ မွေ့လျော်ခြင်း ရဟန်းတို့၊ ဤဗောဇ္ဈင် ၇ ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သံသရာဝဋ်ဟူသော ဤဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုဘက်ကမ်းသို့ ရောက်နိုင်ရန် ဖြစ်ကုန်၏။

ကောင်းစွာ ဟောကြားအပ်သော ဗောဇ္ဈင်တရားတော်၌ တရားသို့ အစဉ်လိုက်၍ ကျင့်ကြံသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနိုင်ငံကို လွန်မြောက်၍ နိဗ္ဗာန်ဟူသော တစ်ဘက်ကမ်းသို့ ရောက်ကုန်လတ္တံ့။

အရဟတ္တမဂ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင် ၇ ပါးတို့၌ စိတ်ကို ပွားများအပ်ကုန်သော ပုဂ္ဂိုလ်တို့သည် မစွဲလမ်းမူ၍ စွဲလမ်းမှု ဥပါဒါန်ကို စွန့်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ (မဟာဝဂ္ဂသံယုတ်)

အရိယမဂ်ကို ချွတ်ယွင်းစေခြင်း ရဟန်းတို့၊ ဗောဇ္ဈင် ၇ ပါးတို့ကို ချွတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏၊ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။

ရဟန်းတို့၊ ဗောဇ္ဈင် ၇ ပါးတို့ကို အားထုတ်ကြသူ ဟူသမျှတို့အား

http://www.dhammadownload.com

ကောင်းစွာ ဝင့်ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယမဂ်ကို အားထုတ်အပ်သည်မည်၏။ (မဟာဝဂ္ဂသံယုတ်)

နိဗ္ဗာန်အကျိုးငှာ ရဟန်းတို့၊ ဤဗောဇ္ဈင် ၇ ပါးတို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ဝင့်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ၊ တပ်မက်ခြင်း ကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ၊ ငြိမ်းအေးခြင်းငှာ၊ အထူးသိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်ကုန်၏။

ရဟန်းတို့၊ ဤဗောဇ္ဈင် ၇ ပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တိုးပွားခြင်းငှာ မဆုတ်ယုတ်ခြင်းငှာဖြစ်ကုန်၏။ (မဟာဝဂ္ဂသံယုတ်)

ဝိဇ္ဇာ-ဝိမုတ္တိ ရဟန်းတို့၊ ဖြူစင်ကောင်းမြတ်၍ ဝင့်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်ကုန်သော ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ်၊ စိတ်ကို မညစ်ညူးစေတတ်၊ မလွမ်းမိုးတတ်ကုန်သော ဤဗောဇ္ဈင် ၇ပါးတို့ကို ပွားများအပ်၊ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော်အရဟတ္တမဂ်အရဟတ္တဖိုလ်ဟူသော အသိဉာဏ်ဝိဇ္ဇာ၊ ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိ မဂ်အကျိုးကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။

မဗဇ်ပန်း ရဟန်းတို့၊ ဗောဇ္ဈင် ၇ ပါးတို့သည် ပညာမျက်စိကို ပြုလုပ်တတ်ကုန်၏။ အသိဉာဏ်ကို ပြုလုပ်တတ်ကုန်၏။ ပညာတိုးပွားခြင်းကို ဖြစ်စေတတ်ကုန်၏။ ပင်ပန်းဆင်းရဲခြင်းအဖို့ မရှိကုန်၊ ကိလေသာမှ ငြိမ်းအေးခြင်းငှာ ဖြစ်စေနိုင်ကုန်၏။

ရဟန်းတို့၊ သံယောဇဉ်၏ အာရုံတရားတို့ကို ပယ်ခြင်းငှာ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော၊ ဤဗောဇ္ဈင် ၇ ပါး မှတစ်ပါး အခြားတစ်ခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ (မဟာဝဂ္ဂသံယုတ်)

http://www.dhammadownload.com

ဖျင်းအ,သူနှင့် မဖျင်းအ,သူ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် ရဟန်းတော်တစ်ပါးသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ မေးလျှောက်၏ -

"မြတ်စွာဘုရား၊ 'ပညာမဲ့၍ ဖျင်းအသူ-ပညာမဲ့၍ ဖျင်းအသူ' ဟူ၍ ဆိုအပ်ပါ၏၊ မြတ်စွာဘုရား၊ အဘယ်ကြောင့် 'ပညာမဲ့၍ ဖျင်းအသူ' ဟူ၍ ဆိုအပ်ပါသနည်း"

"ရဟန်း၊ ဗောဇ္ဈင် ၇ ပါးတို့ကို မပွားများခြင်း၊ ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် 'ပညာမဲ့၍ ဖျင်းအသူ' ဟူ၍ ဆိုအပ်၏"

"မြတ်စွာဘုရား၊ 'ပညာရှိ၍ မဖျင်းအသူ၊ ပညာရှိ၍ မဖျင်းအသူ' ဟူ၍ ဆိုအပ်ပါ၏၊ မြတ်စွာဘုရား၊ အဘယ်ကြောင့် 'ပညာရှိ၍ မဖျင်းအသူ' ဟူ၍ ဆိုအပ်ပါသနည်း"

"ရဟန်း၊ ဗောဇ္ဈင် ၇ ပါးတို့ကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် 'ပညာရှိ၍ မဖျင်းအသူ' ဟူ၍ ဆိုအပ်၏"

မွဲသူနှင့် ကြွယ်ဝသူ "မြတ်စွာဘုရား၊ 'ပစ္စည်းမွဲသူ-ပစ္စည်းမွဲသူ' ဟု ဆိုအပ်ပါ၏၊ မြတ်စွာဘုရား၊အဘယ်ကြောင့် 'ပစ္စည်းမွဲသူ' ဟု ဆိုအပ်ပါသနည်း"

"ရဟန်း၊ ဗောဇ္ဈင် ၇ ပါးတို့ကို မပွားများခြင်း၊ ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် 'ပစ္စည်းမွဲသူ' ဟု ဆိုအပ်၏"

"မြတ်စွာဘုရား၊ 'ပစ္စည်းကြွယ်ဝသူ-ပစ္စည်းကြွယ်ဝသူ' ဟု ဆိုအပ်ပါ၏၊ မြတ်စွာဘုရား၊ အဘယ်ကြောင့် 'ပစ္စည်းကြွယ်ဝသူ' ဟု ဆိုအပ်ပါသနည်း"

"ရဟန်း၊ ဗောဇ္ဈင် ၇ ပါးတို့ကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် 'ပစ္စည်းကြွယ်ဝသူ' ဟု ဆိုအပ်၏"

နိဗ္ဗာန်သို့ "ရဟန်းတို့၊ ဥပမာသော်ကား ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ်ကိုင်းရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည် ဗောဇ္ဈင် ၇ ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်း၏" (မဟာဝဂ္ဂသံယုတ်)

http://www.dhammadownload.com

အတုမရှိ-စည်းစိမ် အညီအမျှ အားရှိကြကုန်သော ဗောဓျင် ၇ ပါးတို့နှင့် ပြည့်စုံသောအခါ၌ စကြာမင်းကြီးတို့ အင်္ဂါရတနာ ၇ ပါးနှင့် ပြည့်စုံသော လေးကျွန်းသေဋ္ဌနင်း စကြာမင်းကြီးသည် လူ့လောကတွင် အတုမရှိသော စည်းစိမ်ချမ်းသာကြီးကို ခံစား၊ စံစားရသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း သာသနာတော် စီးပွားတွင် လောကသုံးပါး၌ အတုမရှိသော သမဏစည်းစိမ်ကို ခံစားရလေ၏။
(ဗောဓိပက္ခိယဒီပနီ)

"ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်း၌ ဝင်၍ တည်နေသော ရုပ်နာမ်တရားကို ကောင်းစွာ၊ အထူးထင်မြင်ရသည်ဖြစ်၍ ငြိမ်းချမ်းသော စိတ်ရှိသော ယောဂီရဟန်းအား လေးကျွန်းသေဋ္ဌနင်း စကြာမင်းကြီး၏ စိတ်ပျော်မွေ့ခြင်း ထက် လွန်ကဲ ရွှင်ပျော ချမ်းမြေ့ မွေ့လျော်ခြင်း ဖြစ်၏"

"အကြင် အကြင်၊ ကိုယ်အင်္ဂါ၌ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှု-ပျက်မှုကို သုံးသပ်၏၊ အမြိုက်ချမ်းသာ အစုကို သိနိုင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား ထိုထို သုံးသပ်ရာတိုင်း၊ သုံးသပ်ရာတိုင်းမှ နှစ်သက်၊ ရွှင်လန်း၊ ဝမ်းမြောက်ခြင်းကို ရနိုင်လေ၏" (ဓမ္မပဒဝါဠိတော်)

"လူမင်း၊ နတ်မင်း၊ သိကြားမင်းတို့၏ လောကီစည်းစိမ်ကို ခံစားဆဲအခါ၌ မြိန်ရှက် နှစ်သက်ခြင်းသည် သမ္မောဓိအင်္ဂါ ညီညွတ်ပြည့်စုံ၍ ဝိပဿနာချမ်းသာကို ခံစားရသော ယောဂီပုဂ္ဂိုလ်၏ မြိန်ရှက်နှစ်သက်ခြင်းကို နှစ်ရာဂါးဆယ့်ခြောက်စိတ် စိတ်၊ တစိတ်မျှ မမီနိုင်" (ဗောဓိပက္ခိယ ဒီပနီ)

"**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ** = အလုံးစုံသော လောကီချမ်းသာအရသာဟူသမျှကို ဓမ္မချမ်းသာ တရားအရသာသည် လွှမ်းမိုးအောင်နိုင်၏" (ဓမ္မပဒဝါဠိတော်)

ရောဂါပျောက်ကင်းပုံ ဤဗောဓျင် ၇ ပါး သမ္မောဓိ အင်္ဂါများကို ကြွးနာရ၊ အနက်အဓိပ္ပာယ်များကို ကောင်းကောင်းသိကြ၍ ကြွးနာသူတို့မှာ သဒ္ဓါပသန္နာ ကြည်လင်လှသဖြင့် အနာရောဂါကြီးများ ခဏချက်ချင်း ပျောက်ငြိမ်းကြသော ဝတ္ထုများလည်း ထင်ရှားရှိ၏။

အခါတပါး ဘုရားရှင်သည် ရာဇဂြိုလ်ပြည် ရှဉ့်နက်တို့အား အစ

http://www.dhammadownload.com

ကျွး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်၍နေ၏။ ထိုအခါ ဘုရားရှင်သည် ရှင်မဟာကဿပထံသို့ ချဉ်းကပ်၍ ရှင်မဟာကဿပအား မေး၏-

"ကဿပ၊ သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် နောက်ဆုတ်ပါ၏လော၊ ရှေ့မတိုးဘဲ ရှိပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် နောက်ဆုတ်ကုန်၏ ဟု ထင်ပါ၏လော၊ ရှေ့တိုး၏ မထင်ဘဲ ရှိပါ၏လော"

"မြတ်စွာဘုရား၊ တပည့်တော်အား မခန့်ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဒုက္ခဝေဒနာတို့သည် ရှေ့တိုးပါကုန်၏။ နောက်မဆုတ်ပါကုန်၊ ရှေ့တိုး၏ဟု ထင်ပါ၏။ နောက်ဆုတ်၏ဟု မထင်ပါ"

အို စာရှုသူ၊ အထက်ပါ အမေးအဖြေကို အထူးသတိပြု၍ ရှုကြည့်ပါ။ မေးသူမှာ တရားမင်းကြီး ဖြစ်တော်မူသော ဘုရားရှင်ဖြစ်၏။ ဖြေသူမှာ ရဟန်းပြု၍ ခုနစ်ရက်အကြာမှာ ရဟန္တာဖြစ်ခဲ့သော ဓုတင် ၁၃ ပါးဆောင် ရဟန္တာထေရ်ကျော် ရှင်မဟာကဿပကြီး ဖြစ်၏။

မေး၍ ထွက်ပေါ်လာသော အဖြေတို့သည် ဒုက္ခဝေဒနာကုန်သည်ကို ပြပါသလော၊ သို့မဟုတ် အဘယ်ကို ပြနေပါသနည်း။ ဘုရားရှင်သည် ဝေဒနာကို အတိုက်ခိုင်း၊ အလိုက်ခိုင်းမည်လော၊ သို့မဟုတ် အဘယ်သို့ မိန့်မည်နည်း။ ဆက်လက်၍ ရှုကြည့်ပါဘိ။

"ကဿပ၊ ငါသည် ကောင်းစွာ ဟောကြားအပ်ကုန်သော ဤဗောဇ္ဈင် ၇ ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်ကုန်သည်ရှိသော် ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်ကုန်၏"

ယင်းသို့ မိန့်ပြီးလျှင် ဘုရားရှင်သည် ဗောဇ္ဈင် ၇ ပါး မြတ်တရားကို ဟောကြားတော်မူ၏။ ရှင်မဟာကဿပသည် ရှိသေစွာနာကြား၍ ပြီးဆုံးသော် ဘုရားရှင်အား လျှောက်ထား၏-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဗောဇ္ဈင်တရားတို့သည် စင်စစ် ကောင်းမြတ်လှပါ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ဗောဇ္ဈင်တရားတို့သည် စင်စစ် ကောင်းမြတ်လှပါကုန်၏"

http://www.dhammadownload.com

ရှင်မဟာကဿပသည် ဘုရားရှင် ဟောကြားတော်မူအပ်သောဗောဇ္ဈင်တရားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၏။ ထိုအနာရောဂါလည်း ထမြောက်၏။ ထိုနှစ်သက်ခြင်းဖြင့် အနာကို ပယ်ဖျောက်နိုင်၏။

(မဟာဝဂ္ဂသံယုတ်)

အို စာရှူသူ၊ ဤ၌ ရှင်မဟာကဿပ အရှင်မြတ်ကြီး ဗောဇ္ဈင်တရားနာကြားရ၍ ရောဂါပျောက်ပုံကို စိစစ်သင့်၏။ ဗောဇ္ဈင်ပရိတ်တန်ခိုးတော်ကြောင့် ရောဂါပျောက်သလော၊ အသင်စာရှူသူ၊ အဘယ်သို့ စိစစ်မည်နည်း။ ယင်းသို့ဆိုသော် တန်ခိုးရှင်၊ ဖန်ဆင်းရှင်ကို ယုံကြည်သော ဣသရနိမ္မာန ဟေတုဒိဋ္ဌိ မဖြစ်ဘဲ ရှိအံ့လော။ အမှန်မှာ ဗောဇ္ဈင်တရား နာကြားရသော ရှင်မဟာကဿပ အရှင်မြတ်အား-

"ငါကား ရဟန်းပြုပြီး ခုနစ်ရက်အကြာ၌ သစ္စာတရားတို့ကို ထိုးထွင်း၍ သိရသောအခါ ဤဗောဇ္ဈင်တရားများ ထင်ရှားဖြစ်လာခဲ့ဖူး၏။ ဘုရားရှင် သာသနာတော်ကား ဝဠဒုက္ခမှ လွတ်မြောက်ရေး အစစ်တကယ် ဖြစ်ပါပေ၏" ဟု အကြံဖြစ်ရာ အရှင်မြတ်ကိုယ်မှ သွေးသားများ ကြည်လင်၊ ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ ကျသော ရေပေါက်ပမာ အနာရောဂါသည် ကိုယ်မှ ကွာပျောက်ခဲ့ရလေ၏။

ဘုရားရှင် ယင်းဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်မဟာမောဂ္ဂလန်အရှင်မြတ် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်မြတ် ဖျားနာရာ ဘုရားရှင်သည် ယင်းဗောဇ္ဈင်တရားကိုပင် ဟောကြားတော်မူရာ အရှင်မြတ်၏ အနာရောဂါပျောက်ငြိမ်း၏။ ယင်း ဗောဇ္ဈင်တရား ၂ ပုဒ်ကို ချုံး၍ ပရိတ်ကြီး ပါဠိတော်တွင် ဤသို့ပြထား၏။

"အခါတပါး ဘုရားရှင်သည် ရှင်မဟာကဿပ နှင့် ရှင်မဟာမောဂ္ဂလာန်တို့ မကျန်းမမာ ဖျားနာလျက် ကိုယ်ဆင်းရဲဒုက္ခရောက်နေသည်တို့ကို မြင်တော်မူ၍ ဗောဇ္ဈင် ၇ ပါး မြတ်တရားတို့ကို ဟောကြားတော်မူပြီ"

"ထိုတပည့်ကြီး ၂ ပါးတို့သည်လည်း ဘုရားရှင် ဟောကြား ထိုဗောဇ္ဈင် တရားတော်ကို အလွန်နှစ်သက်ကြကုန်၍ ထိုခဏ၌ စွဲကပ်ကျင်နာပြင်းထန်သော အနာရောဂါမှ လွတ်ကင်းတော်မူကြကုန်ပြီ။ ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့် မကျန်းမမာ ဖျားနာနေသော သင့်အား အခါ

http://www.dhammadownload.com

ခပ်သိမ်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း"

ဘုရားရှင် ရောဂါ ပျောက်ကင်းကွာ ဘုရားရှင်၊ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာနှိပ်စက်ရကား ကိုယ်ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ ရှင်မဟာစုန္ဒသည် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်သော် 'စုန္ဒ၊ ဗောဇ္ဈင်တရားတို့ကို သင်၏ဉာဏ်၌ ထင်စေပါလော့' ဟု ရှင်မဟာစုန္ဒအား ဗောဇ္ဈင်တရား ဟောကြားခိုင်း၏။

ရှင်မဟာစုန္ဒသည် ဘုရားရှင်အား ဗောဇ္ဈင်တရားတို့ကို ရှိသေစွာ ဟောကြားပေး၏။ ဘုရားရှင်သည် ရှိသေစွာ နာကြားပြီးဆုံးသော် နှစ်သက်တော်မူ၍ "စုန္ဒ၊ ဗောဇ္ဈင်တရားတို့သည် စင်စစ် ကောင်းမြတ်ကုန်၏" ဟု မိန့်တော်မူ၏။ ထိုနှစ်သက်ခြင်းဖြင့် ထိုအနာကို ပယ်စွန့်တော်မူနိုင်၏။

ယင်းအတ္ထုပ္ပတ္တိ အကြောင်းအရာ ဗောဇ္ဈင်တရားတော်ကို ချီး၍ ပရိတ်ကြီးပါဠိတော်တွင် ဤသို့ ဖော်ပြထားသည်-

"အခါတပါး၊ တရားမင်းသခင် ဘုရားရှင်သည် မကျန်းမမာ အနာရောဂါ ပြင်းထန်စွာ နှိပ်စက်အပ်သည်ဖြစ်၍ စုန္ဒထေရ်ကို ဗောဇ္ဈင်တရား ဟောကြားစေကာ နာကြားရာမှ ဝမ်းမြောက်လှသောကြောင့် နာကြားရာမှ ခဏ၌ပင် အနာရောဂါမှ ထမြောက် ငြိမ်းပျောက်တော်မူပြီး ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့် မကျန်းမမာ ဖျားနာနေသော သင့်အား အခါခပ်သိမ်း ချမ်းသာအေးမြပါစေသတည်း"

ချမ်းသာစွာနေခြင်းငှာ အခါတပါး ရှင်ဥပဝါနှင့် ရှင်သာရိပုတ္တရာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူကုန်၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ရှင်ဥပဝါနထံသို့ ချဉ်းကပ်၍ လျှောက်မေး၏-

"ငါ့ရှင် ဥပဝါန၊ ရဟန်းသည် သင့်လျော်သောအားဖြင့် နေလုံးသွင်းခြင်းကြောင့် ဤသို့ ကောင်းစွာအားထုတ်အပ်ပြီးကုန်သော ဗောဇ္ဈင် ၇ ပါးတို့သည် ငါ့အား ချမ်းသာစွာနေခြင်းငှာ ဖြစ်ကုန်၏ဟု ကိုယ်တိုင်ပင် သိနိုင်ရာ

http://www.dhammadownload.com

သလော"

"ငါ့ရှင် သာရိပုတ္တာ၊ ကိုယ်တိုင်ပင် သိနိုင်ရာ၏"

"ငါ့ရှင်၊ သတိသမ္ဗောဇ္ဈင်ကို အားထုတ်သည်ရှိသော် 'ငါ၏စိတ်သည်လည်း ကိလေသာမှ ကောင်းစွာလွတ်မြောက်၏။ ငါ့သည် ထိန်မိဒ္ဓကိုလည်း ကောင်းစွာ နုတ်ပယ်အပ်ပြီ။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စကို ကောင်းစွာပယ်ပြီးပြီ။ လုံ့လကိုလည်း မြဲမြံစွာ အားထုတ်ပြီးပြီ။ ငါသည် အလိုရှိသည်ကို ပြု၍ နှလုံးသွင်း၏။ တွန့်ဆုတ်ခြင်းလည်း မဖြစ်' ဟု သိ၏"

"ငါ့ရှင် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို...(စသည် တူပြီ၊ သိပါတော့) 'ငါ့ရှင် သာရိပုတ္တာ၊ ဤသို့လျှင် ရဟန်းသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဤသို့ ကောင်းစွာ အားထုတ်ကုန်သော ဗောဇ္ဈင် ၇ ပါးတို့သည် ငါ့အား ချမ်းသာစွာနေခြင်းငှာ ဖြစ်ကုန်၏' ဟု ကိုယ်တိုင်ပင် သိနိုင်ရာ၏" (မဟာဝဂ္ဂသံယုတ်)

ဝိဇ္ဇာဝိမုတ္တိသို့ ရဟန်းတို့၊ ဗောဇ္ဈင် ၇ ပါး တရားတို့သည် အဘယ်သို့ အထူးရည်ရွယ်၍ ပွားများစေအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အရဟတ္တဖိုလ် ဟူသော အသိဉာဏ်ဝိဇ္ဇာ၊ ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိတရားကို ပြီးပြည့်စုံစေနိုင်ကုန်သနည်း။

"ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ကိလေသာတို့၏ ဆိတ်ရာ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ပြု၍ ပွားစေ၏"

"ဤသာသနာတော်၌ ရဟန်းသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို (...စသည် တူပြီ၊ သိပါတော့၊) ရဟန်းတို့၊ ဤသို့ ပွားများစေအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဗောဇ္ဈင် ၇ ပါးတရားတို့သည် ဝိဇ္ဇာတရား၊ ဝိမုတ္တိတရားကို ပြီးပြည့်စုံစေကုန်၏" (ဥပရိပဏ္ဏာသပါဠိတော်)

နိဗ္ဗာန်၏အမည်များ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ 'ဝိဝေက'၊ ကိလေသာတို့၏ ပျောက်ပျက်ရာ 'ဝိရာဂ'၊ ကိလေသာတို့၏ ချုပ်ဆုံးရာ 'နိရောဓ' ကိလေသာတို့ကိုစွန့်ရာ 'ဝေါဿဂ္ဂ'

http://www.dhammadownload.com

ဟူသော အမည် ၄ ပါးသည် နိဗ္ဗာန်၏ အမည်များချည်းတည်း။

ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ပေါက်ရောက်ဖို့ ရည်စူး၍ ပွားများသည်ကို 'ဝိဝေကနိဿက' ဆိုသည်။ ဝိဝဋ္ဋနိဿိတဟု ဆိုလိုသည်။ ကုသိုလ်ရရုံ ပွားများလာလျှင် ဝဋ္ဋနိဿိတ မည်၏။

သေသည်၏ အခြားမဲ့၌ နတ်အဖြစ်၊ ဗြဟ္မာအဖြစ်ဟူသော ဝဋ်ဘက်သို့ ကိုင်းရှိုင်း၍ ပွားပြန်လျှင် ဗောဇ္ဈင် ၇ ပါးသည် ဝဋ္ဋနိဿိတမျိုး ဖြစ်၍ သွားကုန်၏။ အပွနာစျာန်၊ အနိစ္စာနုပဿနာ ဖြစ်ကာမျှနှင့် အပြီးသတ်၍ ထားခဲ့သည်ရှိသော် ဝဋ်ဘက်သို့ လည်၍သွားလိမ့်မည်။

ထို့ကြောင့် ထိုမျှလောက်တွင် အပြီးသတ်၍ မထားဘဲ ယခုဘဝ၌ပင် ဝိဝဋ်စခန်းသို့ ဆိုက်ရောက်သည်တိုင်အောင် ငါ အားထုတ်မည်ဟု အကြံပြု၍ အားထုတ်သည်ကို ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ပြု၍၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ပြု၍၊ ကိလေသာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မှီသည်ပြု၍၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ပြု၍' ဟု ဆိုသည်။ ထိုသို့ တိုးတက်၍သွားမှသာ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်ရောက်နိုင်သည်။ (အာနာပါနဒီပနီ)

ဗောဇ္ဈင်အပြား "အရှင်ဘုရား၊ ဗောဇ္ဈင်တို့သည် အဘယ်မျှအပြား ရှိကုန်သနည်း"

"မင်းကြီး၊ ၇ ပါးအပြား ရှိကုန်၏"

"အရှင်ဘုရား၊ဗောဇ္ဈင်တို့ဖြင့် သိအပ်သောတရားတို့ကို အဘယ်တရားဖြင့် သိသနည်း"

"မင်းကြီး၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် တစ်ပါးဖြင့် သိ၏"

"အရှင်ဘုရား၊ အဘယ်ကြောင့် ဗောဇ္ဈင် ၇ ပါး ဟူ၍ ဟောတော်မူအပ်ပါကုန်သနည်း"

"မင်းကြီး၊ သန်လျက်ကို အိမ်ဖြင့် ထည့်ထားသော် ဖြတ်အပ်သော ဝတ္ထုကို ဖြတ်နိုင်ပါသလော"

"အရှင်ဘုရား မဖြစ်နိုင်ပါ"

"မင်းကြီး၊ ထို့အတူ ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် ကင်း၍ ခြောက်ပါသော

http://www.dhammadownload.com

သမ္မောဇ္ဇင်တို့ဖြင့် သိအပ်သော တရားကို မသိနိုင်ချေ"

"အရှင်ဘုရား၊ သင့်တင့်လျောက်ပတ်ပေ၏" (မိလိန္ဒပဉ္ဉာ)

ဗောဇ္ဇင်ပွားပုံ ဣဓ ဘိက္ခဝေ ဘိက္ခု-

၁။ သန္တံ ဝါ အဇ္ဇတ္တံ သတိသမ္မောဇ္ဇင်္ဂံ 'အတ္ထိ မေ အဇ္ဇတ္တံ သတိသမ္မောဇ္ဇင်ဂေါ်' တိ ပဇာနာတိ။

၂။ အသန္တံ ဝါ အဇ္ဇတ္တံ သတိသမ္မောဇ္ဇင်္ဂံ 'နိတ္ထိ မေ အဇ္ဇတ္တံ သတိသမ္မောဇ္ဇင်္ဂေါ်' တိ ပဇာနာတိ။

၃။ ယထာ စ အနုပ္ပန္နဿ သတိသမ္မောဇ္ဇင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

၄။ ယထာ စ ဥပ္ပန္နဿ သတိသမ္မောဇ္ဇင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည်-

၁။ မိမိ၌ထင်ရှားရှိသော မိမိအတွင်းသန္တာန်၌ဖြစ်သောသတိသမ္မောဇ္ဇင်ကိုမူလည်း 'ငါ၏အတွင်း သန္တာန်၌ သတိသမ္မောဇ္ဇင်သည်ရှိ၏' ဟု သိ၏။

၂။ မိမိ၌ ထင်ရှားမရှိသော မိမိအတွင်း သန္တာန်၌ဖြစ်သော သတိသမ္မောဇ္ဇင်ကိုမူလည်း 'ငါ၏အတွင်း သန္တာန်၌ သတိသမ္မောဇ္ဇင်မရှိ'ဟု သိ၏။

၃။ အကြင်အကြောင်းဖြင့် မဖြစ်ပေါ်သေးသော သတိသမ္မောဇ္ဇင်၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

၄။ အကြင် အကြောင်းဖြင့် ဖြစ်ပေါ်ပြီးသော သတိသမ္မောဇ္ဇင်ကို ပွားစေခြင်း၊ ပြည့်စုံခြင်းကိုလည်း သိ၏။

အဓိပ္ပါယ်မှာ မိမိ၌ သတိသမ္မောဇ္ဇင် ရှိလျှင် ရှိ၏ဟု၊ မရှိလျှင် မရှိဟု၊ မရှိ-မဖြစ်သေးသော သတိသမ္မောဇ္ဇင် ဖြစ်ရှိကြောင်းနှင့် ဖြစ်ရှိပြီးသော သတိသမ္မောဇ္ဇင် ပွားများ၊ ပြည့်စုံခြင်းကို နားလည်သိရှိရမည် ဖြစ်၏။

မှတ်ချက် ကြွင်းသော၊ ဗောဇ္ဇင် ၆ ပါးတို့ကိုလည်း နည်းတူသိပါ။

http://www.dhammadownload.com

သတိသမ္ဗောဇ္ဈင်နေရာတွင် အစားထိုး၍ ဆိုရုံမျှသာ ထူးတော့၏။ အစားထိုး၍ ဖတ်ပါလေ။

ဗောဇ္ဈင်ဖြစ်ကြောင်း ရဟန်းတို့၊ သတိသမ္ဗောဇ္ဈင်၏ တည်ရာ အာရုံဖြစ်ကုန်သော ဗောဓိပက္ခိယတရား ၃၇ ပါး၊ လောကုတ္တရာတရား ၉ ပါးတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၁)

ရဟန်းတို့၊ ကုသိုလ်တရား၊ အကုသိုလ်တရား၊ အပြစ်ရှိ၊ အပြစ်မဲ့တရား၊ အယုတ် အမြတ်တရား၊ အကျိုးတူအဖို့ရှိသည့် အမည်း အဖြူတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၂)

ရဟန်းတို့၊ ရွှေဦစွာ အားထုတ်မှု အရင့်မာတ်၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု နိက္ကမမာတ်၊ အဆင့်ဆင့် အားထုတ်မှု ပရက္ကမမာတ်တို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၃)

ရဟန်းတို့၊ ပီတိသမ္ဗောဇ္ဈင်၏ တည်ရာအာရုံဖြစ်သော တရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၄)

ရဟန်းတို့၊ ကိုယ်၏ ငြိမ်းချမ်းမှု၊ စိတ်၏ ငြိမ်းချမ်းမှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။ (၅)

ရဟန်းတို့၊ ကိလေသာငြိမ်းကြောင်း သမထ၏ အာရုံ၊ မပျံ့လွင့်သော သမာဓိ၏ အာရုံတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်

http://www.dhammadownload.com

ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော သမာဓိသမ္ဘောဈျင်သည် ဖြစ်၏။ ဖြစ်ပြီးသော သမာဓိသမ္ဘောဈျင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၆)

ရဟန်းတို့၊ ဥပေက္ခာသမ္ဘောဈျင်၏ တည်ရာအာရုံဖြစ်သော တရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ဥပေက္ခာသမ္ဘောဈျင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဥပေက္ခာသမ္ဘောဈျင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။ (၇)

ရဟန်းတို့၊ ဥပမာသော်ကား ဤကိုယ်သည် အကြောင်း အာဟာရလျှင် တည်ရာရှိ၏။ အကြောင်းအာဟာရကို စွဲ၍တည်၏။ အကြောင်းအာဟာရမရှိဘဲ မတည်နိုင်သကဲ့သို့ ထို့အတူပင် ဗောဈျင် ၇ ပါးတို့သည် အကြောင်းအာဟာရလျှင် တည်ရာရှိကုန်၏။ အကြောင်း အာဟာရကို စွဲ၍ တည်ကုန်၏။ အကြောင်း အာဟာရမရှိဘဲ မတည်နိုင်ကုန်။

(မဟာဝဂ္ဂသံယုတ်)

သတိဖြစ်ကြောင်း အင်္ဂါများ

"သတိသမ္ဘောဇ္ဈင်၊ အမြဲယှဉ်၍၊ ကြဉ်လေမူဌ၊ မှီရသံတိမာဝိမုတ္တာဟု၊လေးဖြာသတိ၊ ပွားများကြောင်းတည်း"

၁။ ကိုယ်ကိစ္စ၊ စိတ်ကိစ္စအားလုံးတို့၌ အမြဲတမ်း သတိထား၍နေခြင်း။

၂။ သတိမရှိ၊ မေ့လျော့ပေါ့ဆ ပြုလုပ် ပြောဆိုတတ်သူကို ရှောင်ကြဉ်ခြင်း။

၃။ သတိရှိ၍ မမေ့မလျော့၊ မပေါ့ဆ ပြုလုပ် ပြောဆိုတတ်သူကို ပေါင်းသင်းခြင်း။

၄။ အရာရာ၌ သတိကို ရှေ့သွားပြုကာ သတိအားကောင်းအောင် မွေးမြူခြင်း။

ဤအင်္ဂါ ၄ ပါးနှင့် ညီညွတ်လျှင် သတိသမ္ဘောဈျင် အဆင့်မီ သတိဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။ (သုတ်မဟာဝါအဋ္ဌကထာ)

http://www.dhammadownload.com

ဓမ္မဝိစယဖြစ်ကြောင်း အင်္ဂါများ "ဖန်ဖန်မေးမှု၊ ဝတ္ထုစင်စေ၊ ဣန္ဒေညီမျှ၊ ဗာလကို ကြဉ်၊ ဉာဏ်ရှိယှဉ်မှ၊ ဆင်ခြင်နက်လှ၊ ဝိမုတ္တဟု၊ ဉာဏပွားကြောင်း ခုနစ်တည်း။"

၁။ ခန္ဓာ၊ အာယတန အစရှိသည်တို့၏ အနက်ကို အဖန်ဖန် မေးခြင်း။

၂။ ကိုယ်တွင်း ကိုယ်ပ သန့်ရှင်းစင်ကြယ်မှုကို ပြုခြင်း၊

၃။ ဣန္ဒေငါးပါး ညီမျှစေခြင်း၊

၄။ ပညာမရှိသူကို ရှောင်ကြဉ်ခြင်း။

၅။ အဖြစ်အပျက်ကို သိသော ပညာရှိကို ပေါင်းသင်းခြင်း။

၆။ သိမ်မွေ့နက်နဲ ခက်ခဲသော တရားတို့ကို ဆင်ခြင်ခြင်း။

၇။ အရာရာ၌ ပညာကို ရှေ့သွားပြုကာ ပညာအား ကောင်းအောင်မွေးမြူခြင်း။

ဤအင်္ဂါ ၇ ပါးနှင့် ညီညွတ်လျှင် ဓမ္မဝိစယသမ္မောဇ္ဈင် အဆင့်မီဉာဏ် ပညာဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။
(ဓမ္မဝိစယ သမ္မောဇ္ဈင် ဟူသည် ဉာဏ်၊ ပညာ၊ သမ္မာဒိဋ္ဌိတည်း)

ကိုယ်တွင်း-ကိုယ်ပ သန့်ရှင်းခြင်း "စိတ်စေတသိက်တို့၏ တည်ရာဖြစ်သော ကိုယ်၊ ယင်းကိုယ်နှင့် စပ်သော အဝတ်၊ သင်္ကန်းအစရှိသည်တို့၏ သန့်ရှင်းစင်ကြယ်မှုကို ပြုခြင်းကို 'ကိုယ်တွင်းကိုယ်ပ သန့်ရှင်းစင်ကြယ်မှုကို ပြုခြင်း' ဟု ခေါ်၏"

ချဲ့ဦးအံ့၊ ယောဂီ၏ ဆံပင်၊ ခြေသည်း လက်သည်း၊ အမွေးရှည်အံ့၊ သည်းခြေ၊ သလိပ်၊ လေများအံ့။ ကိုယ်၌ ချွေး၊ အညစ်အကြေး လိမ်းကျံအံ့၊ ကိုယ်တွင်း မသန့်ရှင်းပြီ။ ယောဂီ၏ အဝတ်၊ သင်္ကန်း၊ ဟောင်းနွမ်းဆွေးမြည့်အံ့၊ အနံ့မကောင်းအံ့၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ အမှိုက်ရှုပ်အံ့။ကိုယ်ပ မသန့်ရှင်းပြီ။ (သုတ်မဟာဝါ)

အို စာရှုသူ၊ ကိုယ်တွင်း ကိုယ်ပတွင် ဘာဖြစ်နေနေ၊ ဘယ်အခြေအနေရောက်နေနေ၊ ရှုပွားအားထုတ်လျှင် ကိစ္စပြီးရောပေါ့ဟု ထင်မှတ်ကာ အားထုတ်ရမည်လော။ သတိပြု၍ ဆက်ရှုပါ။

http://www.dhammadownload.com

သန့်အောင်ပြုခြင်း ဆံပင် အစရှိသည်ကို ရိတ်ခြင်း၊ ဖြတ်ခြင်း၊ ညှပ်ခြင်း၊ ဝမ်းလျှောဆေး၊ အနှဆေး စသည်ကို စား၍ ကိုယ်ပေါ့ပါးအောင် ပြုခြင်း၊ ကိုယ်ကို ပွတ်တိုက်ခြင်း၊ ရေချိုးခြင်း၊ အဝတ်၊ သင်္ကန်းချုပ်ခြင်း၊ ဖွတ်ခြင်း၊ ဆိုးခြင်း၊ အပြေအပြစ် ပြုခြင်း၊ တံမြက်စည်း လှည်းခြင်း စသည်ဖြင့် ကိုယ်တွင်း ကိုယ်ပ သန့်ရှင်းအောင် ပြုရမည်။

ဆီမီးရောင်ပမာ ထင်အောင် ပြဦးအံ့၊ မစင်ကြယ်ကုန်သော ဆီမီးခွက်၊ မီးစာ၊ ဆီတို့ကို မှီ၍ ဖြစ်သော ဆီမီးလျှံ၏ အရောင်သည် မစင်ကြယ်သကဲ့သို့ ထို့အတူ ကိုယ်တွင်းကိုယ်ပ မစင်ကြယ်သော် ယင်းကို မှီ၍ ဖြစ်သော စိတ် စေတသိက်တို့၌ ဖြစ်သော ဉာဏ်သည် မစင်ကြယ်။

စင်ကြယ်ကုန်သော ဆီမီးခွက်၊ မီးစာ၊ ဆီတို့ကို မှီ၍ဖြစ်သော ဆီမီးလျှံ၏ အရောင်သည် စင်ကြယ်သကဲ့သို့ ထို့အတူ ကိုယ်တွင်းကိုယ်ပ စင်ကြယ်သော် ယင်းကိုယ်ကို မှီ၍ဖြစ်သော စိတ် စေတသိက်တို့၌ ဖြစ်သော ဉာဏ်သည် စင်ကြယ်၏။ (သုတ်မဟာဝါအဋ္ဌကထာ)

တရားအားထုတ်၍ ရူးသည်မှာ တရားအားထုတ်သော် ရူးနမ်းသူများ အရူးပျောက်၏။ သို့ပါလျက် ကောင်းနေသူများသည် တရားအားထုတ်ခါမှ ဘာ့ကြောင့် ရူးနှမ်းရသနည်းဟု စာရှုသူ သိချင်ပါသလော။ အဖြေမှာ ပေါလော ပေါနေပါပြီ။ ကိုယ်တွင်း သန့်ရှင်းမှု မပြုသည်ပြင် ညစ်သထက်ညစ်အောင် နှပ်ချေး၊ တံတွေး စသည် ထွက်စေခြင်း၊ ကျင်ကြီး ကျင်ငယ်ကို ချုပ်တီးစေခြင်း၊ သမာဓိ မရခင် ဣရိယာပုတ် မပြောင်းစေဘဲ နာရီများများ အားထုတ်စေခြင်း စသည်တို့ကြောင့် ရူးနှမ်းရ၏။

ဣန္ဒြေညီမျှ သဒ္ဓါ အစရှိသော ဣန္ဒြေငါးပါးတို့ကို ကိစ္စအားဖြင့် မယုတ်မလွန်စေမူ၍ ညီမျှအောင်ပြုခြင်းကို ဣန္ဒြေငါးပါး ညီမျှစေခြင်းဟူ၍ ဆို၏။

http://www.dhammadownload.com

ချဲ့ဦးအံ့၊ ယောဂီ၏ သဒ္ဓိန္ဒြေသည် အားရှိ၍ ကျန်ကျန္ဒြေ ၄ ပါးတို့ အားနည်းနေအံ့၊ ဝီရိယိန္ဒြေသည် ယှဉ်ဘက်တရားတို့ကို ချီးမြှောက်ခြင်းကိစ္စ၊ သတိန္ဒြေသည် အာရုံကိုကပ်၍ တည်ခြင်း၊ အာရုံကို မစွန့်လွှတ်ခြင်းကိစ္စ၊ သမာဓိန္ဒြေသည် ယှဉ်ဘက်တရားတို့၏ မပျံ့လွင့်ကြောင်း ဖြစ်သော ကိစ္စ၊ ပညိန္ဒြေသည် ဟုတ်မှန်သောအားဖြင့် အာရုံ၏ သဘောကို မြင်ကြောင်းဖြစ်သော ကိစ္စကို မပြုလုပ်နိုင်။

ထိုအခါ အားရှိသော သဒ္ဓိန္ဒြေကို သဒ္ဓေယျဝတ္ထု၏ ပစ္စည်း၊ ပစ္စယုပ္ပန်အစရှိသော သဘောတရားကို ဆင်ခြင်ခြင်းဖြင့် လည်းကောင်း၊ သဒ္ဓိန္ဒြေအားကြီးအောင် နှလုံးသွင်းမှုကို ပယ်ရှားစေခြင်းဖြင့် လည်းကောင်း၊ အခြားကျန္ဒြေများနှင့် ညီမျှအောင် ပြုအပ်၏။ (သုတ်မဟာဝါအဋ္ဌကထာ)

ရှင်ဝက္ကလိသဒ္ဓါလွန်ပုံ ရှင်ဝက္ကလိသည် ဘုရားရှင်ကို ကြည်ညိုသဒ္ဓါလွန်ရကား ဆွမ်းဘုဉ်းပေးချိန်မှ တပါး အခြားအချိန်များတွင် ဘုရားရှင်ကို ဖူးမြင်နိုင်လောက်ရာ နေရာ၌နေကာ ဖူးမြော်လျက်သာ နေလေ၏။ စာပေသင်ကြားခြင်း၊ ကမ္မဋ္ဌာန်းတရား ပွားများခြင်း၊ ဝေယျာဝစ္စပြုခြင်း စသည်များကို အလျှင်းမပြုဘဲ စွန့်ပစ်ထား၏။

ရှင်ဝက္ကလိမှာ ရှင်ရဟန်းပြုစဉ်ကတည်းက 'ငါသည် အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျှင် ဘုရားရှင်ကို အမြဲမပြတ် ဖူးမြော်ခွင့် မရနိုင်၊ ရှင်ရဟန်းပြုမှသာ ရနိုင်မည်' ဟု ကြံစည် စဉ်းစားပြီး ရှင်ရဟန်းပြုလာခြင်းဖြစ်၏။

သဒ္ဓါမဖျက်သင့် အို စာရှူသူ၊ ယခုခေတ်တွင် ရှင်ဝက္ကလိ၏ သဒ္ဓါကြီးပုံကို မသိသူအချို့က ချည့်နဲ့နဲ့ သဒ္ဓါတရားနှင့် ဘုရားဖူးခြင်း၊ ဘုရားရှိခိုး၊ ဝတ်ပြုခြင်းစသည် ပြုနေသူများကို သဒ္ဓါတက်အောင် ပြုလုပ်မပေးဘဲ ရှင်ဝက္ကလိအား ဘုရားရှင် နှင်ထုတ်ပုံကို အကိုးအကားပြုကာ သဒ္ဓါဖျက်နေကြသည်ကို မိမိမြင်တွေ့၊ ကြားသိရသည်မှာ များစွာ စိတ်မချမ်းမြေ့ပါ။ သို့ပါ၍ ချည့်နဲ့နဲ့ သဒ္ဓါတရားကို မဖျက်သင့်ပါ။ အို စာရှူသူ၊ ရှင်ဝက္ကလိအကြောင်း ဆက်လက်၍ ရှုကြည့်ပါဘို့။

http://www.dhammadownload.com

ဘုရားရှင်သည် ရှင်ဝက္ကလိ၏ ဉာဏ်ရင့်ကျက်ခြင်းကိုစောင့်ဆိုင်းလျက် ယင်းအား တစ်စုံတစ်ရာ မိန့်ကြားတော်မမူဘဲ အဖူးအမြော်ခံ နေခဲ့ရာမှ ဉာဏ်ရင့်ကျက်ချိန်သို့ ရောက်သော် ဤသို့ မိန့်တော်မူ၏-

"ဝက္ကလိ၊ လူမိုက်တို့သာ နှစ်သက်စွဲလမ်းအပ်သော ဤ ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်ကို ရှုကြည့်နေသဖြင့် သင့်အဖို့ ဘာအကျိုးရှိအံ့နည်း။ အကျိုးမရှိသည်သာ ဖြစ်၏" "ဝက္ကလိ၊ စင်စစ်တော့ တရားကို မြင်သူမှ ငါ့ကိုမြင်သူ ဖြစ်၏။ငါ့ကို မြင်သူလည်း တရားကိုမြင်သူ ဖြစ်၏" "ဝက္ကလိ၊ တရားကို ရှုကြည့်သောသူမှသာ ငါ့ကို ရှုကြည့်သောသူ ဖြစ်၏။ ငါ့ကို ရှုကြည့်သော သူသည် တရားကို ရှုကြည့်သောသူဖြစ်၏" "ဝက္ကလိ၊ ငါ့ကိုယ်ကြီးသည် အပြစ် အနှစ္စ များလှ၏။ အဆိပ်ပင် ပမာတူလှ၏။ ရောဂါမျိုးစုံတို့၏ စုဝေးရာ အိမ်ဂေဟာကြီးသဖွယ် ဖြစ်၏။ ဒုက္ခအစုအပုံ သက်သက်သာ ဖြစ်၏"

"ဝက္ကလိ၊ ထို့ကြောင့် ဒီ ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်ကြီး၌ ငြီးငွေ့၍ ခန္ဓာကိုယ်တို့၏ အဖြစ်အပျက်ကို မြင်အောင် ရှုပွားပါလော့"

ဘုရားရှင်သည် ရှင်ဝက္ကလိအား တရားအားထုတ်ရန် မိမိအား မဖူးမြော်ရန် မိမိ၏ရုကာယ ခန္ဓာကိုယ်ကိုပင် အပုပ်ကောင်ကြီးအနေ ရှင်ဝက္ကလိ အကြည်ညိုသဒ္ဓါပျက်အောင် မိန့်တော်မူလေ၏။ သို့သော် ရှင်ဝက္ကလိမှာ ဘုရားရှင်အား စွန့်ခွာ၍ အရပ်တပါး မသွားနိုင်။ ထိုအခါ ဘုရားရှင်သည် ဆင်ခြင်တော်မူ၏-

"ဤ ဝက္ကလိကား ထိတ်လန့် သံဝေဂ မရလေလျှင် သစ္စာလေးပါး တရားကို သိမြင်လိမ့်မည် မဟုတ်"

ယင်းသို့ ဆင်ခြင်တော်မူကာ ဝါဆိုရက် နီးကပ်သော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝါဆိုသောနေ့တွင် ရှင်ဝက္ကလိအား "ဝက္ကလိ၊ ငါအနီးအပါးမှ လွတ်ရာဖယ်ရှား တော်ရာသွားတော့" ဟုနှင်ထုတ်တော်မူ၏။ထိုအခါ ရှင်ဝက္ကလိသည် ဤသို့ စဉ်းစား၏-

"ယခုအခါ ငါ ဘာတတ်နိုင်တော့အံ့နည်း။ ဘုရားရှင်သည် ငါ့ကို နှင်ထုတ်တော်မူလေပြီ။ ငါ ဘုရားရှင်ကဲ့ ဖူးမြော်ခွင့် မရတော့ပြီ။ ငါ့အဖို့ ဘုရားရှင်ကို မဖူးမြော်ရတော့ဘဲ အသက်ရှင်နေခြင်းဖြင့် ဘာအကျိုးရှိတော့မှာလဲ။ ဘာ အကျိုးမျှ မရှိတော့ပြီ"

http://www.dhammadownload.com

ရှင်ဝက္ကလိသည် ယင်းသို့ ကြံစည်စဉ်းစားပြီးလျှင် ဝိဇ္ဇာကုဋ္ဌံတောင်၊ ချောက်ကမ်းပါးစောက်သို့ ရှေးရှုတက်လေ၏။ ဘုရားရှင်သည် ယင်းကို သိမြင်တော်မူလျှင် ဆင်ခြင်တော်မူလေ၏-

"ဒီ ဝက္ကလိရဟန်းသည် ငါ၏ အထံမှ သက်သာကွက်ကိုသာ မရလျှင်တော့ မင်္ဂုလ်၏ ဥပနိဿရည်း ရှေးကောင်းမှု ပစ္စည်းကိုဖျက်ဆီးပစ်လေရာ၏"

ဘုရားရှင်သည် ယင်းသို့ ဆင်ခြင်တော်မူပြီးလျှင် ရှင်ဝက္ကလိ ဖူးမြော်နိုင်ရန် ဩဘာသ ရောင်ခြည်တော်လွှတ်၍ ကိုယ်တော်ကို ပြတော်မူ၏။ ရှင်ဝက္ကလိမှာလည်း သေရလောက်အောင် ကြီးမားလှသော စိတ်ပူပန်မှု သောကမြားငြောင့်ကြီး ပယ်ပြီးသား ဖြစ်သွားတော့၏။

ယင်းအခိုက်တွင် ဘုရားရှင်သည် ခြောက်သွေ့နေသော တစ်ဘက်ဆည်ကန်ကြီး၌ ရေအယဉ်ကြီးစွာကို ဆောင်ယူ လောင်းထည့်လိုက်ဘိသို့ ရှင်ဝက္ကလိသည် သန္တာန်၌အားကြီးသော နှစ်သက်မှုပီတိ၊ ဝမ်းမြောက်မှု သောမနဿတရား ၂ ပါးဖြစ်ပွားစေခြင်းငှာ ဤသို့မိန့်တော်မူ၏-

"ချစ်သား ဝက္ကလိ၊ ဘုရားအာရုံရောက်၍ ဝမ်းမြောက်ခြင်းများပြားလှသော ရှင်ရဟန်းသည် ငါဘုရားသာသနာတော်၌ ကြည်ညိုသည်ဖြစ်၍ ငြိမ်းအေးလှစွာသော နိဗ္ဗာန်ချမ်းသာသို့ ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်နိုင်၏"

ယင်းသို့ မိန့်တော်မူပြီးလျှင် ဘုရားရှင်သည် ရွှေလက်တော်ကို ဆန့်တန်းတော်မူ၍ ရှင်ဝက္ကလိအား ခေါ်တော်မူလေ၏-

"ချစ်သား ဝက္ကလိ၊ ငါဘုရားထံမှောက်၊ ယခုပင် လာရောက်လော့၊ မကြောက်ရွံ့လင့်၊ ငါဘုရားကို ဖူးမြော်လော့၊ ငါဘုရားသည် ပတကိညွှန်ပျောင်း၌ နစ်မြုပ်နေသော ဆင်ပြောင်ကြီးကဲ့သို့ သံသရာညွှန်ပျောင်း၌ နစ်မြုပ်နေသော သင်ချစ်သားကို နိဗ္ဗာန်ကြည်းကုန်း အရောက်ထုတ်ဆောင်ပေအံ့"

"ချစ်သား ဝက္ကလိ၊ ငါဘုရားထံမှောက် ယခုပင်လာရောက်လော့၊ မကြောက်ရွံ့လင့်၊ ငါဘုရားကို ဖူးမြော်လော့၊ ငါဘုရားသည် ရာဟုလက်တွင်း သက်ဆင်းနေမိသော နေစက်ဝန်းကဲ့သို့ ကိလေသာရာဟုလက်တွင်း သက်ဆင်းမိနေသော သင်ချစ်သားကို ယခုပင် ကျွတ်လွတ်အောင် ကယ်မ,ပေအံ့"

"ချစ်သား ဝက္ကလိ၊ ငါဘုရားထံမှောက် ယခုပင်လာရောက်လော့၊ မကြောက်ရွံ့လင့်၊ ငါဘုရားကို ဖူးမြော်လော့၊ ငါဘုရားသည် ရာဟုလက်တွင်

http://www.dhammadownload.com

သက်ဆင်းဖမ်းမိနေသော သင်ချစ်သားကို ကျွတ်လွတ်အောင် ကယ်မ၊ပေအံ့"

ရှင်ဝက္ကလိသည် ဘုရားရှင်ကိုလည်း ဖူးမြော်ခွင့်ရ၊ ခေါ်သံတော်ကိုလည်း ကြားရသော် "ဩ... ငါက ဘုရားရှင်ကိုလည်း ဖူးမြော်ခွင့်ရလေပြီ။ ချစ်သား ဝက္ကလိ လာလော့ဟူ၍လည်း အခေါ်ခံရလေပြီ" ဟု အားကြီးသော နှစ်သက်ဝမ်းမြောက်မှုဖြစ်၍ "အဘယ်အရပ်မှ သွားရမည်နည်း" ဟူ၍ပင် သွားလမ်းကို မမြင်နိုင်တော့။

ဘုရားရှင်ကို ဖူးမြော်ရလျှင် ပြီးရောဆိုတဲ့သဘောနှင့် ဂိဏ္ဍကဋ္ဌတောင် ချောက်ကမ်းပါးစောက်မှ ဘုရားရှင်နှင့် မျက်နှာချင်းဆိုင်ရာ အဇ္ဈာပြင် ထက်ကောင်းကင်သို့ ပျံတက်ခုန်လွှား၍ ပထမခြေလှမ်း တောင်ပေါ်၌တည်စဉ်ပင် ဗီတိကိုခွာ၍ ဝိပဿနာရူပွားရာ ပဋိသန္ဓိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ဘုရားရှင်ကို ရှိခိုးလျက်သား မြေသို့ကျကာ ဘုရားရှင်ရှေ့မှောက်၌ ရပ်တည်နေလေ၏။

တခြားရဟန်းတို့၏ သဒ္ဓါတရားသည် ပင်ကိုယ်အားဖြင့် လျော့ပါးနေသည့်အတွက် တိုးပွားအောင် တမင်တိုက်တွန်း ဟောပြရလေ၏။ ရှင်ဝက္ကလိ၏ သဒ္ဓါတရားကား ပင်ကိုယ်အားဖြင့် ကြီးမားလွန်းလေသောကြောင့် လျော့ပါးအောင် တစ်နည်းဆင်၍ နှင်ထုတ်တော်မူရလေ၏။ သို့ဖြစ်၍ နောက်အခါတွင် ရှင်ဝက္ကလိအား "ရဟန်းတို့၊ သဒ္ဓါဓိမုတ္တ = သဒ္ဓါတရား ကြီးမားလွန်ကဲသော ငါဘုရား တပည့်သား သာဝက ရဟန်းတို့တွင် ဝက္ကလိရဟန်းသည် အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပေ၏" ဟု ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူ၏။

(ဓမ္မပဒအဂ်ိုတ္တရထေရာဂါထာ ထေရပဒါန် အဋ္ဌကထာတို့မှ)

ဝီရိယလွန်ကဲသော် ဝီရိယိန္ဒြေ အကယ်၍ အားကြီးကာနေအံ့၊ သဒ္ဓိန္ဒြေသည် အာရုံ၌ သက်ဝင်ဆုံးဖြတ်ခြင်းကိစ္စကို မပြုလုပ်နိုင်။ သတိန္ဒြေသည် အာရုံသို့ ကပ်၍တည်ခြင်း၊ အာရုံကို မစွန့်လွှတ်ခြင်းကိစ္စ၊ သမာဓိန္ဒြေသည် ယှဉ်ဘက်တရားတို့၏ မပျံ့လွင့်ကြောင်းကိစ္စ၊ ပညိန္ဒြေသည် ဟုတ်မှန်သောအားဖြင့် အာရုံ၏သဘောကို မြင်ကြောင်းကိစ္စကို မပြုလုပ်နိုင်။ ထို့ကြောင့် လွန်နေသောဝီရိယကို ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားစေခြင်းဖြင့် အခြားကုန္ဒြေများနှင့် ညီမျှအောင်

http://www.dhammadownload.com

ပြုအပ်၏။ (သုတ်မဟာဝါ အဋ္ဌကထာ)

နည်းတူသိပါ သိဒ္ဓိန္ဒြေ/ဝီရိယိန္ဒြေမှ ကြွင်းသော ဣန္ဒြေ ၃ ပါးတို့တွင်လည်း တစ်ပါးပါးသော ဣန္ဒြေအားကြီးလွန်းသော် ယင်းမှတစ်ပါးသော ဣန္ဒြေတို့၏ မိမိကိစ္စတို့၌ မစွမ်းနိုင်သည်ကို နည်းတူသိလေသော်။

ညီမျှမှု တရားရ အထူးမှာ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိတို့ ညီမျှမှုသာ ပညာရှိတို့ ချီးမွမ်းအပ်ကုန်၏။ သို့မျှမှုလည်း တရားရနိုင်၏။ ခဲ့ဦးအုံ၊ သဒ္ဓါအားကြီး၍ ပညာအားနည်းသူသည် အချည်းနှီး၊ အလကားကြည်ညိုး၏။ ယင်းကို BLIND-FAITH မျက်ကန်းယုံကြည်မှုဟု ခေါ်၏။ ကြည်ညိုစရာမဟုတ်သည်၌ ကြည်ညိုတတ်၏။ ပညာအားရှိ၍ သဒ္ဓါအားနည်းသူသည် ကောက်ကျစ်စဉ်းလဲ၏။ ဆေးကြောင့်ဖြစ်သော ရောဂါသည် အကုရဓက် သကဲ့သို့ အကုစားခက်၏။

လူဖွယ်ဝတ္ထုကို မစွန့်လွှတ်ဘဲနှင့် 'ပေးလူအုံ' ဟု ဖြစ်သော စိတ်မျှဖြင့် ဒါနကုသိုလ်ဖြစ်မြောက် အောင်မြင်၏ စသည်ဖြင့် တစ်ဘက်စွန်းသို့ ရောက်၍ ဒါနကုသိုလ် အစရှိသည်တို့ကို မပြုသော် ငရဲသို့ ကျရောက်ရ၏။ သဒ္ဓါနှင့်ပညာ ညီမျှသော်သာ သဒ္ဓါ၏ တည်ရာဖြစ်သော ကြည်ညိုစရာဝတ္ထုဖြစ်သာ ကြည်ညိုရ၏။ (သုတ်မဟာဝါအဋ္ဌကထာ)

သမာဓိနှင့်ဝီရိယ သမာဓိအားရှိ၍ ဝီရိယအား နည်းသူကို သမာဓိ၏ ပျင်းရိခြင်း 'ကောသဇ္ဇ' အဖို့ ရှိသည့်အဖြစ်ကြောင့် ပျင်းရိခြင်း 'ကောသဇ္ဇ' လွှမ်းမိုး နှိပ်စက်၏။ ဝီရိယအားရှိ သမာဓိအားနည်းသူကို ဝီရိယ၏ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' အဖို့ ရှိသည်အဖြစ်ကြောင့် ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' လွှမ်းမိုး နှိပ်စက်၏။

သမာဓိသည် ဝီရိယနှင့် ဝီရိယသည် သမာဓိနှင့် ညီမျှသော် ပျင်းရိခြင်း၊ ပျံ့လွင့်ခြင်းအဖို့၌ မကျရောက်နိုင်။ ထို့ကြောင့် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိ ညီမျှသော ကိစ္စရှိအောင် ပြုလုပ်ရာ၏။
(သုတ်မဟာဝါအဋ္ဌကထာ)

http://www.dhammadownload.com

သတိအားကြီးမှ စိတ်ကို ပျံ့လွင့်ခြင်း၊ ဥဒ္ဓစ္စ၌ကျခြင်း၊ ပျင်းရိခြင်း ကောသဇ္ဇ၌ ကျခြင်းမှ စောင့်ရှောက်တတ်သော ကြောင့် ဣန္ဒြေအားလုံးတို့၌ သတိအားကြီးသော် ကောင်းမြတ်၏။ မှန်၏။ ဟင်းလျာတိုင်း၌ ဆားခတ်ခြင်းကို အလိုရှိအပ်သကဲ့သို့ ကိစ္စအားလုံး နားလည်သော အမတ်ကို မင်းကိစ္စအားလုံးတို့၌ အလိုရှိအပ်သကဲ့သို့ ဣန္ဒြေအားလုံးတို့၌ သတိကို လိုအပ်၏။

"စိတ္တဉ် သတိမွဋ္ဌိသရဏံ = စိတ်သည် သတိ တည်းဟူသော ကိုးကွယ်၊ လဲလျောင်း၊ ပုန်းအောင်းမှီခိုရာ ရှိ၏" သတိသည်သာလျှင် စောင့်ရှောက်ခြင်းအကျိုးကို ပေးတတ် ဖြစ်စေတတ်၏။ သတိနှင့်ကင်း၍ စိတ်ကို ချီးမြှောက်ခြင်း၊ နှိပ်ခြင်း မဖြစ်နိုင်။ ထို့ကြောင့် ဘုရားရှင်လည်း ဤသို့ ဟောတော်မူ၏-

"သတိဥ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ = ရဟန်းတို့၊ သတိကိုသာလျှင် အလုံးစုံသော ဆုတ်နစ်သောစိတ်၊ ပျံ့လွင့်သောစိတ်၌ ယှဉ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏" (မဟာဝဂ္ဂသံယုတ်)

"သဒ္ဓါ-ပညာ၊ သမာ-ဝီရိ၊ စောင်းနှယ် ညှိလော့၊ လောကီဓမ္မတာ၊ လူတို့မှာလျှင်၊ သဒ္ဓါမဆွန့်၊ ကွန့်၍ဖြိုဝှန်၊ ဉာဏ်မလွန်နှင့်၊ သားမွန်လိမ္မာ၊ ဤအရာ၌၊ ပညာမဖက်၊ သဒ္ဓါထက်က၊ နက်၏ဆင်းရဲ၊ အမြဲမှန်စွာ၊ သဒ္ဓါနုန့်ဆွန့်၊ တွန့်၍ဉာဏ်ကွန့်၊ ပညာလွန်သော်၊ ဝင်္ကန်ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး"

"စင်စစ်ထိုပြိ၊ သမာဓိများ၊ ပျင်းရိပွား၏၊ အားထုတ်လွန်းက၊ ပြန့်တတ်စွာရှင့်၊ ဝီရိယဆိုး၊ ညဉ့်ကိုခိုးမူ၊ သူခိုးဖြစ်တတ်၊ ဟူတုံလတ်၏၊ မပြတ်စိတ်က၊ သတိမလော့၊ ညီမျှသော်သာ၊ ကျိုးထင်ရာခဲ့၊ သေချာမှတ်ဘိ၊ မလွန်နှင့်"

"ဉာဏ်ရှိယောကျ်ား၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျက်၍အမြဲ၊ ဖြစ်နိုင်ခဲ၏၊ ထူးကဲလက္ခဏာ၊ ဆားပမာလျှင်၊ ဟင်းလျာတိုင်းညှိ၊ ကျေးဇူးရှိသို့၊ သတိမှန်တိုင်၊ မလွန်နိုင်ငြား၊ ဤတရားကို၊ ငါ့သားမင်းစစ်၊ မလစ်ရစ်နှင့်" (မဃဒေဝ)

အို စာရှုသူ၊ ဤအခန်းကို အထပ်ထပ် ဖတ်ရှု၍ ဉာဏ်ဖြင့်သုံးသပ်သင်ခြင် စိစစ်ပါ။ တရားအားထုတ်ရတာ သက်သက်သာသာနှင့် အကျိုးရနိုင်

http://www.dhammadownload.com

ရန်မှာ ဤအခန်းကို သဘောပေါက်မှ ဖြစ်နိုင်ပါ၏။

ဝီရိယဖြစ်ကြောင်း အင်္ဂါများ "ပါယ်ဘေးဆင်ခြင်၊ မြင်သည်အကျိုး၊ လမ်းရိုးလိုက်ရာ၊ ပိဏ္ဍပစယ၊ ဒါယဇ္ဇဟု၊ သတ္တုမြတ်ဘိ၊ ဇာတိမဟတ္တ၊ သဗြဟ္မစာရီ၊ မမှီလူပျင်း၊ မှီတင်းအာရဒ္ဓ၊ ဓိမုတ္တဟု၊ လုံ့လပွားကြောင်း၊ ဆယ့်တစ်တည်း"

၁။ အပါယ်ဘေးကို ဆင်ခြင်ခြင်း။

၂။ ဝီရိယအကျိုးကို ဆင်ခြင်ခြင်း။

၃။ ဝဋ္ဌဆင်းရဲမှ ထွက်မြောက်ခြင်းငှာ သွားရောက်အပ်သော ခရီးကို ဆင်ခြင်ခြင်း။

၄။ ပြည်သူတို့၏ ဆွမ်းကို ပူဇော်တုံ့ပူဇော်ခြင်း။

၅။ အမွေခံထိုက်သည့်အဖြစ်၏ မြတ်သည့်အဖြစ်ကို ဆင်ခြင်ခြင်း

၆။ ဘုရားရှင်၏ မြတ်သည့်အဖြစ်ကို ဆင်ခြင်ခြင်း။

၇။ ဇာတ်၏ မြတ်သည့်အဖြစ်ကို ဆင်ခြင်ခြင်း။

၈။ သီတင်းသုံးဖော်တို့၏ မြတ်သည့်အဖြစ်ကို ဆင်ခြင်ခြင်း။

၉။ ပျင်းရိသူကို ရှောင်ကြဉ်ခြင်း။

၁၀။ ဝီရိယရှိသူကို ပေါင်းသင်းခြင်း။

၁၁။ အရာရာ၌ ဝီရိယကိုရှေ့သွားပြုကာ ဝီရိယအားကောင်းအောင်မွေးမြူခြင်း။

အပါယ်ဘေးကို ဆင်ခြင်ပါ "ငရဲတို့၌ ငါးပါးသာ နှောင်ဖွဲ့ခြင်းဖြင့် နှိပ်စက်ရာ အခါမှစ၍ ကြီးစွာသော ဆင်းရဲကို ခံစားရာ၌ လည်းကောင်း၊ တိရိစ္ဆာန်ဘုံ၌ ပိုက်ကွန်ပစ်ခြင်း၊ မြှုံးထောင်ခြင်း၊ အစရှိသည်တို့ဖြင့် ဖမ်းယူအပ်သောအခါ၌ လည်းကောင်း၊ ကြိမ်လုံး၊ ဆူးအစရှိသည်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်၊ နှိပ်စက်ထိုးဆွ၍ လှည်းတိုက်ရာ အခါအစရှိသည်၌ လည်းကောင်း၊ ပြိတ္တာဘုံ၌ များစွာသော နှစ်အထောင်တို့ ပတ်လုံး၌ လည်းကောင်း၊ နှစ်ဆူသော ဘုရားရှင်တို့၏ ဆင်ခုသောအကြား ကာလပတ်လုံး၌ လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရေဆာခြင်းတို့ဖြင့်

http://www.dhammadownload.com

ကျင်နာသည် ဖြစ်ရာအခါ၌ လည်းကောင်း၊ ကာလကဋ္ဌိက အသုရာတို့၌ အတောင်ခြောက်ဆယ်၊ ရှစ်ဆယ် အတိုင်းအရှည်ရှိသော အရိုး၊ အရေမျှသာရှိသောအတ္တဘောဖြင့် လေနေပူအစရှိသော ဆင်းရဲကို ခံစားရာအခါ၌ လည်းကောင်း၊ ဝီရိယသမ္ဘောဇ္ဈင်ကို မဖြစ်စေနိုင်။ အို ယောဂီ၊ ယခုအခါ၌သာသင်၏ ဝီရိယကို ပြုရာအခါတည်း" ဟု အပါယ်ဘေးကို ဆင်ခြင်သောအခါ ယောဂီအား ဝီရိယသမ္ဘောဇ္ဈင် ဖြစ်၏။ (သုတ်မဟာဝါအဋ္ဌကထာ)

ဝီရိယလွန်သော ရှင်သောဏ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူစဉ် ရှင်သောဏသည် ရာဇဂြိုဟ်ပြည် ယင်းတိုက်တော်၌ ရဟန်းတရားကို ရှုပွားဖို့ရန် တစ်ဖန်အားသစ်လေ၏။ ယင်းသို့ တစ်ဖန်အားသစ်စဉ် စဉ်းစားမိ၏။

"ငါ၏ ကိုယ်ကား အလွန်သိမ်မွေ့စွာ၏။ စင်စစ်သော်ကား မဂ်ဖိုလ်ချမ်းသာကို အလွယ်တကူနှင့် ရောက်ဖို့ရန် မတတ်နိုင်ချေ။ သို့ဖြစ်၍ မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်စေ၍လည်း ရဟန်းတရားကို ပွားများအားထုတ်မှသင့်တော်တော့မည်"

ရှင်သောဏမှာ ခြေဖဝါးကပင် အမွေးပေါက်အောင် နူးညံ့သိမ်မွေ့သူဖြစ်၏။ သို့သော် ယင်းသို့ စဉ်းစားကာ ကိုယ်ကို အမှုမထားမူ၍ လျောင်းခြင်း၊ ထိုင်ခြင်း အလျှင်းမပြုတော့ဘဲ ရပ်ခြင်း၊ စင်္ကြံသွားခြင်းဖြင့်သာ အပြင်းအထန် တစ်ဖန်တရား အားထုတ်လေတော့၏။

ထိုအခါ အလွန် သိမ်မွေ့နူးညံ့သောခြေဖဝါး အပြင်အစွန်းအနားတို့မှာ အဖူးများပေါက်ရောက်ကာ ကွဲကြသဖြင့် စင်္ကြံတစ်ခုလုံး သွေးခြင်းခြင်း နီ၍ နေတော့၏။

ရှင်သောဏသည် ခြေထောက်တို့ဖြင့် မသွားနိုင်သော် တတောင်ဆစ်၊ ဒူးခေါင်းတို့ဖြင့် လေးဘက်တွားသွားလျက် တရားကို ကြိုးစားရှုပွားလေ၏။ တစ်ဖန် တတောင်ဆစ်၊ ဒူးခေါင်းတို့လည်း ပေါက်ကွဲပြန်သဖြင့် စင်္ကြံတစ်ခုလုံး သွေးခြင်းခြင်း နီပြန်တော့၏။

ယင်းသို့ပင် အပြင်းအထန် ဝီရိယထား၍ ကြိုးစား အားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ် အရိပ်အရောင်မျှကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သော်

http://www.dhammadownload.com

ဤသို့ စဉ်းစား ကြံစည်မိလေ၏။

"ငါမှတပါး အခြားသူတစ်ယောက်သည် အကယ်၍ ဝိရိယကို အပြင်း အထန် အားထုတ်မည်ဆိုပါက ငါကဲ့သို့သာ အားထုတ်လေရာ၏။ ငါ့ထက် ပိုလွန်၍ အားမထုတ်နိုင်လေရာ"

"ငါသည် လုံ့လဝိရိယ ထက်သန်သည့် ဘုရားရှင်၏ တပည့်သား သာဝကတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏။ ငါသည် ဤသို့ပင် ပြင်းထန်စွာ အားထုတ်ပါသော်လည်း မဂ်ဖိုလ်တရား အထူးကို ရခြင်းငှာ မစွမ်းနိုင်ချေ"

"ငါသည် ဇကန်ပင် ဥဿဋ္ဌိတည်။ ဝိပဋ္ဌိတည်။ နေယျဟူသော မဂ် ဖိုလ်ရထိုက်သူ ပုဂ္ဂိုလ်မဖြစ်လေရာ။ မဂ်ဖိုလ်မရထိုက်သည့် ပဒပရမ ပုဂ္ဂိုလ် သာ ဖြစ်လေရာ၏"

"ငါ၏ အိမ်၌ စည်းစိမ်ဥစ္စာတို့သည် များစွာ ရှိကုန်၏။ ငါသည် သိက္ခာချ၍ လူထွက်ပြီးလျှင် စည်းစိမ်ဥစ္စာတို့လည်း ခံစားရမူ၊ ကောင်းမှုတို့ ကိုလည်း ပြုရမူ ကောင်းလေစွ"

ထိုအခါ ဘုရားရှင်သည် ရှင်သောဏ၏ ယင်းအကြံအစည်ကို သိတော် မူ၍ ရဟန်းအပေါင်း ခြံရံလျက် ယင်းတိုက်တော်သို့ ကြွတော်မူ၏။ သွေးခြင်း ခြင်းနီနေသော စကြိုကို မြင်လေလျှင် ရဟန်းတို့ကို မေးတော်မူ၏ -

"ရဟန်းတို့၊ နွားသတ်ရာအရပ်ကဲ့သို့ သွေးခြင်းခြင်း နီနေသော ဤ စကြိုသည့် ဘယ်ရဟန်း စကြိုနည်း"

ဘုရားရှင်သည် သိတော်မူလျက်နှင့်ပင် တရားဟောတော်မူလို၍ မေး ခြင်းဖြစ်၏။

"မြတ်စွာဘုရား၊ ပြင်းထန်စွာ ဝိရိယထား တရား ကြိုးစားအားထုတ် နေသော ရှင်သောဏ၏ စကြိုဖြစ်ပါသည် ဘုရား"

ဘုရားရှင်သည် ရှင်သောဏ၏ ကမ္မဋ္ဌာန်းကျောင်းသို့ ဆက်လက်ကြွ တော်မူလေ၏။ ရှင်သောဏသည် ဘုရားရှင်ကို ရှိခိုးဝတ်ပြုလျက် ထိုင်နေသော် ဘုရားရှင်က မေး၏ -

"ချစ်သား သောဏ၊ သင်၏ သန္တာန်၌ ဒီအကြံဖြစ်သည် မှန်သလော"

ဘုရားရှင်သည် ရှင်သောဏ၏ အကြံဖြစ်ပုံ အလုံးစုံကို အကုန်ဖော် ၍ မေးတော်မူခြင်း ဖြစ်၏။

http://www.dhammadownload.com

"မြတ်စွာဘုရား၊ ကြံစည်သည်မှာ မှန်ပါ၏"

"ချစ်သား သောဏ၊ သင်သည် ရွှေဘဝတုန်းက စောင်းတီး ကျွမ်းကျင်လိမ္မာသည် မဟုတ်လော"

"မြတ်စွာဘုရား၊ ကျွမ်းကျင် လိမ္မာပါသည်"

"ချစ်သား သောဏ၊ သင်၏ စောင်းညှို့ကြိုးများ တင်းလွန်း၍နေတဲ့အခါ သင့်စောင်းသည် အသံသာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော"

"မြတ်စွာဘုရား၊ အသံလည်း မသာယာပါ၊ တီးရန်လည်း မကောင်းပါ"

"ချစ်သား သောဏ၊ သင်၏ စောင်းညှို့ကြိုးကို မတင်းလွန်း မလျော့လွန်းမူ၍ ညီမျှသောအခါ သင်၏ စောင်းသည် အသံသာယာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော"

"မြတ်စွာဘုရား၊ အသံလည်း သာယာ၊ တီးရန်လည်း ကောင်းပါ၏"

"ချစ်သား သောဏ၊ ဤအတူပင် ထက်သန်သော ဝီရိယသည် ပုံ့လွင့်ရန် ဖြစ်၏။ လျော့လွန်းသော ဝီရိယသည် ပျင်းရိရန် ဖြစ်၏"

"ချစ်သား သောဏ၊ ထို့ကြောင့် သင်သည် ဝီရိယနှင့် သမာဓိမျှတအောင် အားထုတ်လော့။ ဣန္ဒြေ ငါးပါးတို့ ညီမျှအောင် အားထုတ်လော့။ ဣန္ဒြေညီမျှသောအခါ၌ သမထစသော နိမိတ်ကို ဖြစ်စေလော့"

"ကောင်းပါပြီ၊ မြတ်စွာဘုရား"

ဘုရားရှင်သည် ရှင်သောဏအား "ဝီဏောဝါဒ = မလျော့မတင်း စောင်းကြိုးညှင်း အဆုံးအမတရား" ဖြင့် ဆုံးမတော်မူ၍ ဝီရိယနှင့်သမာဓိမျှတအောင် ကျင့်ကြံပုံကို ဟောတော်မူပြီးလျှင် ဂိဇ္ဈကူဋ်တောင်သို့ ပြန်လည်ကြွတော်မူလေ၏။

ရှင်သောဏသည်လည်း ဘုရားရှင်၏ မျက်မှောက် အဆုံးအမသြဝါဒကို ယူတော်မူကာ ရဟန္တာဖြစ်တော်မူလေ၏။

တခြား ရဟန်းတို့မှာ ဝီရိယလျော့နေ၍ တိုးတက်အောင် ပြုလုပ်ပေးရ၏။ ရှင်သောဏမူကား ဝီရိယတင်းလွန်းနေသဖြင့် လျော့ပေးရ၏။ သို့ဖြစ်၍ နောင်အခါဝယ် ရှင်သောဏအား "ရဟန်းတို့၊ အာရဒ္ဓဝီရိယ = ထက်သန်

http://www.dhammadownload.com

သော လုံ့လဝီရိယရှိကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ကောင်မိုသအနွယ်၌ ဖြစ်သော သောဏသည် အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပေ၏" ဟု ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူ၏။

(အင်္ဂုတ္တရ ပါဠိအဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာ)

ဝီရိယလျော့သော ရဟန်း ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးကောင်းသားတစ်ယောက်သည် တရားတော်ကိုနာရ၍ ကာမဂုဏ်တို့၌ အပြစ်ကို မြင်ပြီး သာသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်လွန်စွာနှင့် ရဟန်းပြုလေ၏။ ငါးဝါတိုင်တိုင် စာပေကို ကြိုးစားသင်ကြား၏။ ဒွေမာတိကာကို အာဂုံဆောင်၏။ မိမိ အလိုရှိသော ကမ္မဋ္ဌာန်းကို သင်ယူပြီးသော် တောထွက်၍ တရားအားထုတ်၏။ ဝါတွင်းသုံးလပတ်လုံး ကြိုးစား အားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ်၊ အရိပ်အရောင်မျှ မရရှာပေ။ ထိုအခါ စဉ်းစား၏ -

"ဘုရားရှင်သည် ပုဂ္ဂိုလ်လေးမျိုးတို့ကို ဟောအပ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့တွင် ငါသည် မဂ်ဖိုလ်ကိုမရထိုက်သော ပဒပရမပုဂ္ဂိုလ် ဖြစ်ရာ၏။ ငါ့အား ဤကိုယ် ၏အဖြစ်၌ မဂ်ဖိုလ်ကို မရနိုင်ယောင်တကား။ တောခိုနေသဖြင့် ဘာအကျိုးရှိအံ့နည်း။ ဘုရားရှင်ထံပြန်သွား၍ အဆင်းတော်၏ တင့်တယ်ခြင်းကို ဖူးမြော်ကာ သာယာစွာသော တရားတော်ကို နာကြား၍သာ နေတော့အံ့"

ရဟန်းတော်သည် ယင်းသို့ စဉ်းစားပြီးလျှင် ဇေတဝန်ကျောင်းသို့ ပြန်သွားတော့၏။ ထိုအခါ အဆွေခင်ပွန်း ရဟန်းတော်တို့ မေးကြကုန်၏ -

"ငါ့ရှင် ဘယ့်နယ်လဲ၊ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းသင်ကြား၍ တရားကျင့်မယ်ဆိုပြီး တောထွက်သွားတယ်။ ယခုတော့ အခြေအရံ အပေါင်းအသင်းတွေနဲ့ မြို့ရွာအလယ်မှာ မွေ့လျော်ပျော်ပါး ကျက်စားနေပါလား။ ငါ့ရှင်မှာ ရဟန်းကိစ္စ ပြီးပြီလော။ ကျင့်စရာ ကုန်ပြီလော"

"ငါ့ရှင်တို့၊ ငါသည် မဂ်ဖိုလ်ကို မရသောကြောင့် 'ငါဟာ မဂ်ဖိုလ်ကို မရထိုက်သော ပဒပရမပုဂ္ဂိုလ် ဖြစ်ရာ၏' ဟု စဉ်းစားပြီး ဝီရိယလျော့ကာ ပြန်လာခဲ့ပါ၏"

"ငါ့ရှင် ဘယ့်နယ်လဲ၊ သင်ဟာ မြဲမြံသော လုံ့လဝီရိယ ရှိသော

http://www.dhammadownload.com

ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုပါလျက် ဝီရိယစွန့်လွှတ်သဖြင့် သင်သည် မသင့်မတော် ပြုဘိ၏။ လာလှည့် ငါ့ရှင်။ သင့်ကို ဘုရားရှင်ထံသို့ ပို့ကြကုန်အံ့"

ရဟန်းတော်တို့သည် ယင်းကို ဘုရားရှင်ထံသို့ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က မိန့်၏ -

"ရဟန်း၊ သင်သည် အဘယ့်ကြောင့် ငါဘုရား သာသနာတော်၌ ရဟန်းပြု၍ 'အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိ၏၊ အားထုတ်အပ်သော ဝီရိယရှိ၏၊' ဟု မိမိကိုယ်ကို မသိစေမူ၍ 'လုံ့လ ဝီရိယလျော့သော ရဟန်း' ဟူ၍ သိစေဘိသနည်း" ဟူ၍ ဤသို့ တစ်ဖန် ဟောတော်မူ၏။ -

"မပျင်းမရိ လုံ့လရှိကုန်သော လှည်းကုန်သည်တို့သည် သုံးရေမနီးသဲခရီး၌ တူးလတ်သော် ရေရကုန်၏။ ထို့အတူ ဤသာသနာတော်၌လည်း မပျင်းမရိသည်ဖြစ်၍ လုံ့လပြုသော ပညာရှိရဟန်းသည် ဈာန်အစရှိသည် အပြားရှိသော စိတ်၏ ငြိမ်းချမ်းခြင်းကို ပြုတတ်သည့် အရိယာတို့၏ ဘရားကို ရ၏"

ဆွမ်းတုံ့ပူဇော်ခြင်း "သင့်ကို ဆွမ်းအစရှိသည်တို့ဖြင့် လုပ်ကျွေးကြကုန်သောသူတို့သည် သင်၏ဆွေမျိုးလည်း မဟုတ်ကုန်။ ကျွန်အမှုလုပ်လည်းမဟုတ်ကုန်။ ငါတို့သည် ထိုရဟန်းကို အမှီပြု၍ အသက်မွေးကုန်အံ့ဟု နှလုံးသွင်း၍ သင့်အားမွန်မြတ်ကုန်သော ဆွမ်း သင်္ကန်းအစရှိသည်တို့ကို လှူကြသည်လည်း မဟုတ်ကုန်။ အဟုတ်အမှန်သော်ကား မိမိပြုအပ်သော ကောင်းမှုတို့၏ အကျိုးများသည့်အဖြစ်ကို မျှော်လင့်တောင့်တကြကုန်သည်ဖြစ်၍ ပေးလှူကြကုန်၏"

ဘုရားရှင်သည်လည်း "ဤရဟန်းသည် ပြည်သူတို့ ပစ္စည်းတို့ကို သုံးဆောင်၍ ကိုယ်ကို မြဲမြံတည်တံ့၊ အရှည်ခံ့ကောင်ပြုလျက် ချမ်းသာစွာ နေလတံ့" ဟု ကောင်းစွာ မြင်တော်မူသည်ဖြစ်၍ သင့်အား ပစ္စည်းလေးပါးတို့ကို ခွင့်ပြုတော်မူခဲ့သည်မဟုတ်။ အဟုတ်အမှန်သော်ကား "ဤရဟန်းသည် ပစ္စည်းလေးပါးတို့ကို သုံးဆောင်လျက် ရဟန်းတရားကို ကြိုးစား အားထုတ်

http://www.dhammadownload.com

၍ ဝင့်ဆင်းရဲမှ ထွက်မြောက်လတ္တံ့" ဟု နှလုံးသွင်း၍ သင့်အား ပစ္စည်းလေးပါးတို့ကို ခွင့်ပြုတော်မူခဲ့ကုန်ပြီ။

ယခုအခါ၌ သင်သည် ပျင်းရိ၍နေသော် ပြည်သူတို့၏ ဆွမ်းကို ပူဇော်တုံ့ပူဇော်နိုင်လိမ့်မည် မဟုတ်။ အဟုတ်အမှန်သော်ကား အားထုတ်အပ်ပြီးသော ဝီရိယရှိတဲ့ သင်၏ ပြည်သူတို့ ဆွမ်းကို ပူဇော်တုံ့ ပူဇော်ခြင်းဖြစ်၏။ ယင်းသို့ ဆင်ခြင်၍ ဝီရိယကို ကြိုးစား အားထုတ်သော် ပြည်သူတို့၏ ဆွမ်းကို ပူဇော်တုံ့ ပူဇော်သည် မည်၏။ ဤ၌ ရှင်အယျမိတ္တဝတ္ထုကို မှတ်သင့်၏။ ယင်းကို ဒါနဝတ္ထု၌ ပြခဲ့ပြီ။ ယင်း၌ ရှုကြည့်ပါ။

(သုတ်မဟာဝါ အဋ္ဌကထာ)

ဝီတိဖြစ်ကြောင်း "နုဿတိသတ်၊ ရှေ့ခုနှစ်ရပ်နှင့်၊ ချောက်တပ်သူ ပယ်၊ မှီတွယ်သိနိဒ္ဓ၊ ပသာဒတရား၊ စဉ်းစားပဋ္ဌဝေက္ခဏာ၊ ဓိမုတ္တာတည့်၊ မြတ်ပီတိ၊ မှတ်ဘိပွားကြောင်း၊ ဆယ့်တစ်တည်း"

၁။ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ခြင်း၊

၂။ တရားတော်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ခြင်း၊

၃။ သံဃာတော်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ခြင်း၊

၄။ မိမိသီလကို အဖန်ဖန် အောက်မေ့ခြင်း၊

၅။ မိမိ စွန့်ကြဲမှုဒါနကို အဖန်ဖန် အောက်မေ့ခြင်း၊

၆။ နတ်ဗြဟ္မာတို့ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အောက်မေ့ခြင်း၊

၇။ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းအားဖြင့် ကိလေသာတို့၏ ငြိမ်းခြင်းကို အဖန်ဖန် အောက်မေ့ခြင်း၊

၈။ သဒ္ဓါတရားမရှိ၊ ကြမ်းတမ်းခေါင်းပါးသူကို ရှောင်ကြဉ်ခြင်း၊

၉။ သဒ္ဓါတရားရှိ၍၊ နူးညံ့ပြေပြစ်သူကို ပေါင်းသင်းခြင်း၊

၁၀။ စိတ်ကို ကြည်လင်စေတတ်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်း၊

၁၁။ အရာရာ၌ ပီတိကို ရှေ့သွားပြုကာ ပီတိ အားကောင်းအောင် မွေးမြူခြင်း၊

http://www.dhammadownload.com

ဤအင်္ဂါ ၁၁ ပါးနှင့် ညီညွတ်လျှင် ပီတိသမ္ဗောဇ္ဈင် အဆင့်မီ ပီတိဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။ (သုတ်မဟာဝါ အဋ္ဌကထာ)

ပဿဒ္ဓိဖြစ်ကြောင်း "ဘောဇ္ဈင်မွန်မြတ်၊ လျှောက်ပတ်ဥတု၊ သုခ ကွရိယာ၊ မဇ္ဈာပယောဂ၊ သာရဒ္ဓကြည်၊ ယှဉ်အသာရဒ်၊ ဓိမုတ်မှတ်၊ ပဿဒ်ပွားကြောင်း ခုနစ်တည်း"

၁။ မွန်မြတ်သော ဘောဇ္ဈင်ကို မှီဝဲခြင်း၊

၂။ ချမ်းသာစေတတ်သော ဥတုကို မှီဝဲခြင်း၊

၃။ ချမ်းသာစေတတ်သော ကွရိယာပုတ်ကို မှီဝဲခြင်း၊

၄။ အလယ်အလတ်၌ တည်ရှိသော လုံ့လရှိခြင်း၊

၅။ ပူပန်သူကို ရှောင်ကြဉ်ခြင်း၊

၆။ ငြိမ်းအေးသူကို ပေါင်းခြင်း၊

၇။ အရာရာ၌ ပဿဒ္ဓိကို ရှေ့သွားပြုကာ ပဿဒ္ဓိ အားကောင်းအောင် မွေးမြူခြင်း၊

ဤအင်္ဂါ ၇ ပါးနှင့် ညီညွတ်လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင် အဆင့်မီပဿဒ္ဓိဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။ (သုတ်မဟာဝါ အဋ္ဌကထာ)

ဘောဇ္ဈင်မွန်မြတ် မွန်မြတ်သော ဘောဇ္ဈင်ဟူသည် မိမိနှင့် သပ္ပာယမျှတသော အစားအစာကို ဆိုသည်။ သပ္ပာယမျှသောအစာကို စားရသော် တရားရ၏။ မစားရသော် တရားမရနိုင်။ ဤတွင် ရဟန်းတော်ခြောက်ဆယ် ဝတ္ထုကို ပြသင့်၏ -

ကောသလတိုင်းရှိ တောင်ခြေတစ်ခုတွင် မာတိကအမည်ရှိ ရွာကြီးတစ်ရွာရှိ၏။ ရဟန်းတော် ၆၀ တို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်း သင်ကြား၍ တောထွက်ကာ ယင်းရွာသို့ ဆွမ်းခံကြွကြကုန်၏။ ရွာသူကြီး မာတိက၏ မိခင် မာတိကမာတာသည် ကြည်ညိုရကား ရဟန်းတော် ၆၀ တို့ကို ဝါဆိုရန် ပင့်လျှောက်ထား၏။ ရဟန်းတော်တို့သည်လည်း သည်းခံ၏။

ရဟန်းတော်တို့သည် တစ်ပါးတစ်ကျောင်း သီတင်းသုံးလျက် လုံ့လဝီရိယရှိစွာနှင့် တရားအားထုတ်နေကြကုန်၏။ တစ်နေ့သ၌ မာတိကမာတာ

http://www.dhammadownload.com

သည် တောရကျောင်းသို့ ရောက်လာကာ လျှောက်မေး၏ -

"အရှင်ဘုရားတို့ အားထုတ်နေတဲ့ ရဟန်းတရားဆိုတာ ဘယ်ဟာပါလဲ ဘုရား"

"သုံးဆယ့်နှစ်ကောဋ္ဌာသကို သရုပ်ပြာယ်၊ ခန္ဓာကိုယ် အတွင်းဘောကိုလည်း 'ခယ-ဝယ = ကုန်ခြင်း-ပျက်ခြင်း' သဘော မြင်အောင် ရှုပွား အားထုတ်တဲ့တယ် ဒကာမကြီး"

"အဲဒီ ကမ္မဋ္ဌာန်းတရားဟာ အရှင်ဘုရားတို့သာ ရှုပွား အားထုတ်ကောင်းပါသလား။ တပည့်တော်တို့လည်း မရှုပွား၊ အားမထုတ်ရဘူးလား ဘုရား"

"တရားဆိုတာ ဘယ်သူမှ ရှုပွား အားထုတ်ရမယ်၊ ဘယ်သူတော့ မရှုပွား၊ အားမထုတ်ရဘူးလို့ တားမြစ်ပိတ်ပင်ချက် မရှိပါဘူး ဒကာမကြီး"

"ဒီလိုဆိုယင် တပည့်တော်ကိုလည်း တရားရှုပွား၊ အားထုတ်နည်း သင်ပြတော်မူကြပါကုန် ဘုရား၊ တပည့်တော်လည်း ရှုပွား အားထုတ်ပါရစေ"

ရဟန်းတော်တို့သည် ရှုပွားအားထုတ်နည်း အလုံးစုံကို ဒကာမကြီး အား သင်ပြပေးလိုက်၏။ ဒကာမကြီးသည် ၃၂ ကောဋ္ဌာသကို ရွတ်၍ ခန္ဓာကိုယ်၌ 'ခယ-ဝယ=ကုန်ခြင်း-ပျက်ခြင်း' ကို မြင်အောင် ရှုပွားအားထုတ်ရာ မကြာမီ အနာဂါမ်ဖြစ်သွား၏။ ပဋိသန္ဓိဒါလေးပါးနှင့်တကွ လောကီအဘိညာဉ် များပါ ရ၏။ မဂ်ဖိုလ်ချမ်းသာမှ ထသော် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ရဟန်းတော်တို့ကို 'ငါ့သားတော် ရဟန်းတော်တို့ဟာ ဒီတရားကို ဘယ်တုန်းက ရရှိထားတာလဲ' ဟု ကြည့်ရှု၏။

ယင်းသို့ ကြည့်ရှုသော် ရဟန်းတော် ၆၀ လုံး တစ်ပါးမျှ တရား မရသေး။ ပုထုဇဉ်တွေသာ ဖြစ်မှန်း စွာန်၊ ဝိပဿနာမျှပင် မဖြစ်သေးမှန်း သိရ၏။ ထိုအခါ ဆက်လက်၍ ကြည့်ရှုပြန်၏ -

"ဘယ်လိုလဲ၊ ငါ့သားတော်တွေမှာ အရဟတ္တဖိုလ်၏ ဥပနိဿယ ရှိလား၊ မရှိဘူးလား။ ရှိတယ်"

"ကျောင်းသပ္ပာယ မျှတရဲ့လား၊ မမျှတဘူးလား။ မျှတတယ်"

"ပုဂ္ဂလသပ္ပာယ မျှတရဲ့လား၊ မမျှတဘူးလား။ မျှတတယ်"

"အာဟာရသပ္ပာယ မျှတရဲ့လား၊ မမျှတဘူးလား။ မမျှတဘူး"

http://www.dhammadownload.com

ယင်းသို့ ကြည့်ရှု၍ မြင်သိသော် ရဟန်းတို့၏ စိတ်ကို ပရစိတ္တ ဝိဇာနာနအာဘိညာဉ်ဖြင့်ကြည့်၍ ရဟန်းတော်တို့ ကြိုက်နှစ်သက်သည့် မျှတမည့် အစာအာဟာရတို့ကို တစ်ခွက်စီ အသီးသီး ချက်ပြုတ်၍ ထား၏။ ရဟန်းတော်များ ဆွမ်းခံကြွလာသော် "အရှင်ဘုရားတို့ အလိုရှိ၍ ကြိုက်နှစ်သက်သည့် အစာအာဟာရတို့ကို အလှူခံ၊ အကပ်ခံ၍ ဘုဉ်းပေးတော်မူကြပါကုန် ဘုရား" ဟု လျှောက်ထား၏

ရဟန်းတော်တို့သည် မိမိတို့ နှစ်သက်သည့် အစာအာဟာရတို့ကို အသီးသီး အကပ်ခံ၍ ဘုဉ်းပေးကြရကုန်၍ အစာအာဟာရ သပ္ပာယမျှရကာ စိတ်တည်ငြိမ်မှု သမာဓိရ၏။ တည်ကြည်သော သမာဓိဖြင့် ဝိပဿနာတရား ရှုပွားအားထုတ်သော် မကြာမီပင် ရဟန်းတော် ၆၀ လုံး ရဟန္တာဖြစ်၍ ဤသို့ စဉ်းစား ကြံစည်ကြကုန်၏ -

"သြော်၊ မာတိကာမာတာ ဒကာမကြီးသည် ငါတို့ရဲ့ ထောက်ရာ၊ တည်ရာ၊ မှီရာ ဖြစ်ပါပေ၏။ အကယ်၍ ငါတို့မှာ သပ္ပာယမျှတသော အစာအာဟာရကိုသာ မရရှိလျှင် ယခု ဝါတွင်းတွင် မင်္ဂဖိုလ်ကို ထိုးထွင်း၍ မသိနိုင် တန်ရာ။ ယခု ဝါကျွတ်ပြီ။ ပဝါရဏာ ပြုပြီးသော် ဘုရားရှင်ထံ သွားကြကုန်စို့" (ဓမ္မပဒအဋ္ဌကထာ)

အို စာရှုသူ၊ အစာအာဟာရသည် တရားအားထုတ်ရာ၌ အလွန် အရေးကြီးသည်ကို သိရပြီလော။ အစာအာဟာရ အရေးကြီးသလို အပူ၊ အအေး ဥတုလည်း အရေးကြီးပါ၏။ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးကျရိယာပုတ်လည်း အရေးကြီးပါ၏။ မျှတသော လုံ့လဝီရိယလည်း အရေးကြီးပါ၏။ အရေးကြီးသမျှ အားလုံးကို စိစစ်ပြင်ဆင် အားထုတ်နိုင်ကြပါစေသော်....။

သမာဓိဖြစ်ကြောင်း "ဝတ္ထုစင်စေ၊ ကုန္ဒြေမျှစွာ၊ လိမ်မာနိမိတ္တ၊ ပဂ္ဂဟနိဂ္ဂဟံ၊ သမ္မဟံသ၊ ဥပေက္ခာနှင့်၊ ပုံ့လွင့်သူကြဉ်၊ တည်ကြည်ယှဉ်က၊ စျာနဝိမောက်၊ ဓိမုတ်လျောက်သည့်၊ ပွင့်မြောက်ဓိတိ ဆယ်တစ်တည်း"

၁။ ကိုယ်တွင်း၊ ကိုယ်ပ ဝတ္ထုများ သန့်ရှင်းခြင်း၊

၂။ ကုန္ဒြေငါးပါး ညီမျှခြင်း၊

http://www.dhammadownload.com

၃။ ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်တို့၌ လိမ္မာခြင်း၊
၄။ ဘာဝနာစိတ်ကို ချီးမြှောက်သင့်ရာအခါ၌ ချီးမြှောက်ခြင်း၊
၅။ ဘာဝနာစိတ်ကို နှိပ်သင့်ရာအခါ၌ နှိပ်ခြင်း၊
၆။ ဘာဝနာစိတ်ကို ရွှင်စေသင့်ရာအခါ၌ ရွှင်စေခြင်း၊
၇။ ဘာဝနာစိတ်ကို လျစ်လျူရှုသင့်အခါ၌ လျစ်လျူရှုခြင်း၊
၈။ စိတ်မတည်ကြည်သူကို ရှောင်ကြဉ်ခြင်း၊
၉။ စိတ်တည်ကြည်သူကို ပေါင်းသင်းခြင်း၊
၁၀။ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်း၊
၁၁။ အရာရာ၌ သမာဓိကို ရှေ့သွားပြုကာ သမာဓိ အားကောင်းအောင် မွေးမြူခြင်း၊

ဤအင်္ဂါ ၁၁ ပါးနှင့် ညီညွတ်လျှင် သမာဓိသမ္ဗောဇ္ဈင် အဆင့်မီ သမာဓိဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။ (သုတ်မဟာဝါအဋ္ဌကထာ)

ချီးမြှောက်ရမည် အလွန်ယုတ်လျော့သောဝီရိယရှိသောအခါ ဘာဝနာစိတ်တွန့်တိုဆုတ်နစ်နေလျှင် "ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်" တို့ကို ကောင်းစွာ မြင်စေခြင်းဖြင့် ဘာဝနာစိတ်ကို ချီးမြှောက်ရမည်။

နှိပ်ပေးရမည် အားထုတ်လွန်းသော ဝီရိယရှိသဖြင့် ဘာဝနာစိတ်တုန်လှုပ်ပျံလွှင့်သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ကောင်းစွာ ဖြစ်စေခြင်းဖြင့် ဘာဝနာစိတ်ကို နှိပ်ပေးရမည်။

ရွှင်စေရမည် ပညာ၏လှုံ့ဆော်ခြင်း အားနည်းသည့် အဖြစ်ကြောင့် လည်းကောင်း၊ ကိလေသာတို့၏ ငြိမ်းအေးခြင်းကြောင့်ဖြစ်သော ချမ်းသာကို မရခြင်းကြောင့်လည်းကောင်း၊ စိတ်၏ သာယာခြင်းမှ ကင်းရာအခါ၌ ရုတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အောက်မေ့ခြင်းဖြင့် ဘာဝနာစိတ်တို့၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အောက်

http://www.dhammadownload.com

မေ့ခြင်းဖြင့် ဘာဝနာစိတ်ကို ရွှင်လန်းစေရမည်၊ သို့မဟုတ် ရှစ်ပါးသော သံဝေဂဝတ္ထုတို့ကို ဆင်ခြင်ခြင်းဖြင့် ဘာဝနာစိတ်ကို ထိတ်လန့်စေရမည်။ (မဟာဝဂ္ဂသံယုတ်)

သံဝေဂဝတ္ထု ၈ ပါး "ဇာတိ ဇရာ၊ ဗျာဓိမရဏ၊ အပါယနှင့်၊ ဒုက္ခ မဆိတ်၊ အတိတ်နာဂတ်၊ ခုဝတ္တမာန်၊ ပစ္စုပွန်ဟု၊ ရှစ်တန်ဝတ္ထု၊ သံဝေစုတွင်၊ အိုမှုဇရာ၊ ရောက်ခြင်းရာ၌၊ မဟာသံဝေဂ၊ မိုးကြိုးကျသို့၊ ကြီးလှရှိန်စော်၊ ရွှေဥဏ်တော်ဝယ်၊ ရှုမျှော်မယုတ်၊ ယထာဘုတ်ဖြင့်၊ သမုဒ်ရေလှိုင်း၊ စံတုနှိုင်းအောင်၊ ဟုတ်တိုင်းခါခါ ထင်တော်စွာ၏" (မဃဒေဝ)

လျစ်လျူရှုရမည် မဖောက်မပြန် ဟုတ်မှန်သော အကျင့်ကို အစွဲပြု၍ ဘာဝနာစိတ် မတွန့်တို၊ မဆုတ်နစ်၊ မတုန်လှုပ်၊ မပျံ့မလွင့်၊ အာရုံ၌ အညီအမျှဖြစ်သည်၊ သမထတည်းဟူသော လမ်းရိုးလမ်းမှန်သို့ သွားသည်ရှိသော် ရထားထိန်းသည် အညီအမျှ သွားကုန်သော မြင်းတို့၌ လုံ့လကြောင့်ကြ မပြုသကဲ့သို့ ဘာဝနာစိတ်ကို ချီးမြှောက်ခြင်း၊ နှိပ်ခြင်း၊ ရွှင်စေခြင်း မပြုဘဲ လျစ်လျူရှုရမည်။ (မဟာဝဂ္ဂသံယုတ်)

သူ့သဘော သူဆောင် အို စာရှုသူ၊ အားထုတ်ပါ။ သူ့သဘော သူဆောင်လိမ့်မည်ဟု မိမိ၏ ဘာဝနာစိတ်ကို ဖြစ်ချင်သလို ဖြစ်ပါစေဆိုသည့် သဘောနှင့် မကြည့်ရှု၊ လွှတ်ထားကာ အားထုတ်၍ ဖြစ်ပါမည်လော။ တရားအားထုတ်ယင်း ရူးသည်မှာ အဘယ်ကြောင့်နည်း။ စာရှုသူတွင် အဖြေပေါ်လောက်ပါပြီ။ ဝေဒနာနုပဿနာတရား အစဉ်တက်ပုံကို ပြန်ရှုကြည့်ပါ။ ပါမောဇ္ဇမှ ပီတိသို့၊ ပီတိမှ ပဿဒ္ဓိသို့၊ ပဿဒ္ဓိမှ သုခသို့၊ သုခမှ သမာဓိသို့ စသည် ပြန်ရှုကြည့်ပါ။ ဗောဇ္ဈင်များ အရေးကြီးပုံ သဘောပေါက်၍ တရားအားထုတ်ရတာ လွယ်ကူချမ်းသာ၍ တရားရပါလိမ့်မည်။

http://www.dhammadownload.com

ဥပေက္ခာဖြစ်ကြောင်း "ကမ္မဿကာ၊ နိဿတ္တာဖြင့်၊ သတ္တာမဇ္ဈာ၊ အသာမိကာ၊ အနတ္တာဖြင့်၊ သခါရမဇ္ဈာ၊ သခါရသတ်၊ ချစ်တတ်သူကြည့်၊ လျစ်လျူယှဉ်မှ၊ ဝိမုတ္တာဟု၊ မဇ္ဈာပွားကြောင်း၊ ငါးပါးတည်း"

၁။ သတ္တာဝါတို့၌ လျစ်လျူရှုခြင်း၊

၂။ သခါရတို့၌ လျစ်လျူရှုခြင်း၊

၃။ သတ္တာဝါ၊ သခါရတို့ကို ချစ်တတ်သူကို ရှောင်ကြဉ်ခြင်း၊

၄။ သတ္တာဝါ၊ သခါရတို့ကို လျစ်လျူရှုတတ်သူကို ပေါင်းသင်းခြင်း၊

၅။ အရာရာ၌ ဥပေက္ခာကို ရှေ့သွားပြုကာ ဥပေက္ခာအားကောင်းအောင် မွေးမြူခြင်း၊

ဤအင်္ဂါ ၅ ပါးနှင့် ညီညွတ်လျှင် ဥပေက္ခာသမ္ဗောဇ္ဈင် အဆင့်မီ ဥပေက္ခာဖြစ်ပြီး ဘာဝနာဉာဏ် ပြည့်စုံပါလိမ့်မည်။
(သုတ်မဟာဝါအဋ္ဌကထာ)

ကိရိယာ-တန်ဆာ "အို စာရှူသူ၊ လယ်သမားသည် လယ်ထွန်စရာ ကိရိယာတန်ဆာကို ကိုင်တွယ်သုံးစွဲမှု နားမလည်သော် အဘယ်သို့ ရှိမည်နည်း။ တရားအားထုတ်သူသည် အားထုတ်စရာ ဗောဇ္ဈင်ကိရိယာတန်ဆာကို ရှုပွားအားထုတ်အောင် နားမလည်သော် အဘယ်သို့ ရှိမည်နည်း။ စာရှူသူကိုယ်တိုင် စိစစ်၍ လေ့လာပါ"

http://www.dhammadownload.com

၅။ သစ္စာပိုင်း

သစ္စာခေါ်ပုံ "သစ္စာဆိုသည်ကား သူ့အမည် သညာနှင့် သူ့သဘာဝ အစဉ်ထာဝရ ညီညွတ်ဖြောင့်မှန်သည်ကို သစ္စာဟုခေါ်သည်" ယင်းသစ္စာသည် -

၁။ သမုတိသစ္စာ။ ၂။ ပရမတ္ထသစ္စာ ဟူ၍ ၂ ပါး အပြားရှိ၏။ ထိုတွင် -

၁။ လောကီဘုံသား၊ လူအများတို့၏ ခေါ်ရိုး၊ ပြောရိုးဖြစ်သော သမုတိပညတ်တို့၏ အလယ်၌ ဖြောင့်မှန်မှုမျိုးသည် 'သမုတိသစ္စာ' မည်၏။

၂။ ဓမ္မသဘာဝ အလိုအားဖြင့် အလွန်ဟုတ်မှန်လှသော ရှိ မရှိ စကားမျိုး၊ တရားမျိုးသည် 'ပရမတ္ထသစ္စာ' မည်၏။

ချဲ့ဦးအံ့။ အတ္တရှိ၏။ ဇီဝရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားရှိ၏။ ဦးခေါင်း၊ လက်၊ ခြေ၊ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းရှိ၏ စသည်တို့သည် 'သမုတိသစ္စာ' စကားတို့ပေတည်း။

ယင်း သမုတိသစ္စာသည် မုသာဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်၏။ မုသာဝါဒကို ပယ်နိုင်၏။ တစ်ဘဝအတွင်းတွင် အခါခါဖြစ်ခြင်း၊ ချုပ်ခြင်းဟူ၍ မရှိ၊ တစ်ခုတည်းနှင့် တစ်သက်လုံး ခိုင်မြဲနေသော အတ္တ ဇကန်ရှိ၏။ ဇီဝ အမှန်ရှိ၏ဟု ပြောဆိုကြသော စကားမျိုးတို့သည် လောကီဘုံသားလူအများတို့၏ ပြောရိုး၊ ဆိုရိုးအတိုင်း ပြောဆိုကြသော စကားဖြစ်၍ ပြောဆိုသူမှာ မုသာဝါဒမဖြစ်။ ဘယ်သူ့ကိုမှလည်း လှည့်စားခြင်း မဖြစ်။

http://www.dhammadownload.com

ရှိ မရှိ ၂ ပါးတို့တွင် ရှိသည်ကား ပထဝီဓာတ် ရှိ၏။ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ စိတ်ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊စေတနာ၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ရှိ၏၊ စသည်တို့သည် 'ပရမတ္ထ သစ္စာ' တို့ပေတည်း။

မရှိဆိုသည်ကား အတ္တ မရှိ။ ဇီဝ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား မရှိ။ ဦးခေါင်း၊ လက်၊ ခြေ၊ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း ဟူ၍ မရှိ စသည်တို့သည် "ပရမတ္ထသစ္စာ" စကားတို့ပေတည်း။ (ဝိပဿနာဒီပနီဝ)

သစ္စာ ၂ ပါးအလို သမုတိသစ္စာအလိုအားဖြင့် ပုဂ္ဂိုလ်ရှိ၏။ သတ္တဝါရှိ၏။ ပုဂ္ဂိုလ်၊ သတ္တဝါတို့သည် သံသရာ၌ တစ်ဘဝမှ တစ်ဘဝသို့ ကျင်လည်ပြောင်းသွားနေကြ၏။ ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ် မရှိ။ သတ္တဝါ မရှိ။ တစ်ဘဝမှ တစ်ဘဝသို့ ကျင်လည်ပြောင်းသွားသည်ဟူ၍ မရှိ။

ဤပရမတ္ထသစ္စာသည် ဝိပွလ္လာသတရား၏ ဆန့်ကျင်ဘက်တည်း။ ယင်း ပရမတ္ထသစ္စာ တရားမှသာလျှင် ဝိပွလ္လာသတရားကို ပယ်နိုင်မှသာလျှင် သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်နိုင်၏။ (ဝိပဿနာဒီပနီ)

သစ္စာ ၂ ပါး ဆန့်ကျင်လား သစ္စာနှစ်ပါးသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်နေဘိ၏တကား ဆိုသော် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် မဖြစ်ပါ။ သမုတိသစ္စာအလိုနှင့် ပရမတ္ထသစ္စာ အလိုဟူ၍ အလို ၂ ပါး သီးသန့် ခြားနားလျက် ရှိ၏။

မှန်၏။ သမုတိသစ္စာအလိုနှင့် "ပုဂ္ဂိုလ်၊ သတ္တဝါရှိ၏"ဟု ပြောဆိုသော် သမုတိသစ္စာအလိုအားဖြင့် ဆိုသောကြောင့် ပရမတ္ထသစ္စာ ဆရာက မငြင်းပယ်ရ။ ပုဂ္ဂိုလ်၊ သတ္တဝါဟု သမုတိပညတ်အားဖြင့် ရှိသည်ကား အမှန်ပင် ဖြစ်၏။

တစ်ဖန် ပရမတ္ထသစ္စာအလိုအားဖြင့် "ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ" ဟူ၍ ပြောဆိုသော် ပရမတ္ထသစ္စာ အလိုအားဖြင့် ဆိုသောကြောင့် သမုတိသစ္စာ ဆရာက မငြင်းပယ်ရ။ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ ပရမတ္ထသစ္စာမှာ မရှိ။ ရုပ်နာမ်

http://www.dhammadownload.com

တရား ၂ ပါးသာ ပရမတ္ထသစ္စာမှာ ရှိ၏။

ဥပမာဖြင့် ထင်စွာ ပြဦးအံ့။ မြေတွင်းတစ်ခုမှ မြေစိုင်ခဲတစ်ခုကို တူးယူ၍ အမှုန့်ပြုပြီးလျှင် အိုးတစ်ခုပြုလုပ်သုံးဆောင်သော် လောကဌ် "အိုး" ဟု အခေါ်ရှိလာ၏။ တရားစကားပြောဆိုရာဌ်မူ "လောကဌ် မြေအိုးရှိသလော" ဟုမေးသော် သမုတိသစ္စာအလိုအားဖြင့် "မြေအိုးအမှန်ပင်ရှိ၏" ဟူ၍ ဖြေရာ၏။ ပရမတ္ထသစ္စာအလိုအားဖြင့် "မြေသာရှိ၍ အိုးမရှိ" ဟူ၍ ဖြေ၏။

ယင်းနှစ်ပါးတို့တွင် သမုတိသစ္စာအလိုမှာ လောကသားတို့၏ ပြောဆိုရိုး ထင်ရှားရှိသည့် အတိုင်းပင် ပြောဆိုသည်ဖြစ်၍ ရှင်းလင်းဖွယ် မရှိ။ ပရမတ္ထသစ္စာဌ်မူကား ရှင်းလင်းဖွယ် ရှိချေ၏။

ပရမတ္ထသစ္စာ အလိုအားဖြင့် "မြေအိုး" ဟူသော စကားဌ် မြေသာ ရှိ၍ အိုးဟူ၍ မရှိ။ အကြောင်းသော်ကား မြေဟူသော အမည်သည် အိုး၏ အမည်မဟုတ်။ မြေမျိုး မြေစစ်၏ အမည်သရုပ်သာ ဖြစ်၏။ အကြောင်းမူကား သံအိုး၊ ကြေအိုး စသည်များလည်း ရှိ၏။ ယင်းအိုးများကို မြေအိုးဟူ၍ မခေါ်ရ။ အဘယ့်ကြောင့်နည်း။ မြေ မဟုတ်သောကြောင့် ဖြစ်၏။

အိုးဟူသော အမည်သည်လည်း မြေ၏ အမည်မဟုတ်။ အိုးသဏ္ဌာန် တူသော အဝန်းအဝိုင်းစသော သဏ္ဌာန်ပညတ်၏ အမည်သာဖြစ်၏။ အကြောင်းမူကား အိုးသဏ္ဌာန်မရှိသော မြေစိုင်ခဲ စသည်ကို အိုးဟူ၍ မခေါ်ရသောကြောင့် မြေဟူသော အမည်သည် အိုး၏ အမည်မဟုတ်၊ မြေစစ်၏ အမည်သာဖြစ်၏။ အိုးဟူသော အမည်သည် ထိုမြေ၏ အမည်မဟုတ်၊ သဏ္ဌာန်ပညတ်၏ အမည်သာဖြစ်၏။ သဏ္ဌာန်ပညတ်ဟူသည် ပေါင်းဖွဲ့တည်ဆောက်ပုံ အထူးကို အမှီပြု၍ စိတ်ထဲတွင် ထင်မြင်ရသော သဏ္ဌာန်နိမိတ် အရိပ်အသွင်မျှသာ ဖြစ်၏။ ထို့ကြောင့် ပရမတ္ထအလိုအားဖြင့် မြေသာရှိ၍ အိုးမရှိဟူ၍ ဖြေဆိုရာ၏။ (ဝိပဿနာဒီပနီ)

အရိယသစ္စာ ပရမတ္ထသစ္စာမှာ သမုတိသစ္စာမှတပါး အရိယာသစ္စာဟူ၍ လည်း ရှိသေး၏။ ယင်းကို အဘယ့်ကြောင့် အရိယသစ္စာဟူ၍ ဆိုအပ်ကုန်သနည်း။ ရဟန်းတို့၊ အရိယသစ္စာ ၄ ပါးတို့သည် မှန်ကုန်၏။ မချွတ်မယွင်းကုန်။ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။ ထို့ကြောင့် "အရိယသစ္စာ" ဟု ဆိုအပ်ကုန်၏။ (သစ္စသံယုတ်)

http://www.dhammadownload.com

အရိယသစ္စာ ၄ ပါး ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် အရိယသစ္စာ ၄ ပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် -

၁။ "ဤကား ဒုက္ခတည်း" ဟု ဒုက္ခပွားစီးမှုအမှန်ကို သိ၏။

၂။ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း" ဟု ဒုက္ခပွားစီးကြောင်းအမှန်ကို သိ၏။

၃။ "ဤကား ဒုက္ခချုပ်ရာတည်း" ဟု ဒုက္ခချုပ်ငြိမ်းမှု အမှန်ကို သိ၏။

၄။ "ဤကား ဒုက္ခချုပ်ငြိမ်းရာသို့ရောက်ကြောင်းအကျင့်တည်း" ဟု ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်မှန်ကို သိ၏။
(သုတ်မဟာဝါပါဠိတော်)

ဤသစ္စာ ၄ ပါးတို့ကို ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သာ ပိုင်ပိုင်နိုင်နိုင် သိအပ်သောကြောင့် "အရိယသစ္စာ" ဟူ၍ ခေါ်၏။

သစ္စာသိရေး "ရဟန်းတို့၊ အဝတ်ပုဆိုး၌သော်လည်းကောင်း၊ ဦးခေါင်း၌သော်လည်းကောင်း မီးလောင်သည်ရှိသော် အဘယ်သို့ ပြုလုပ်ရာသနည်း"

"မြတ်စွာဘုရား၊ အဝတ်ပုဆိုးကိုသော်လည်းကောင်း၊ ဦးခေါင်းကိုသော်လည်းကောင်း ငြိမ်းအေးစေခြင်းငှာ လွန်ကဲသော အလိုဆန္ဒ၊ လုံ့လအားထုတ်မှု၊ အပြင်းအထန် အားထုတ်မှု၊ မဆုတ်မနစ် အောက်မေ့မှု၊ ဆင်ခြင်ဉာဏ်ကို ပြုလုပ်ရာ၏"

"ရဟန်းတို့၊ မီးလောင်သော အဝတ်ပုဆိုးကိုသော်လည်းကောင်း၊ ဦးခေါင်းကိုသော်လည်းကောင်း၊ လျစ်လျူရှု၍ နှလုံးမသွင်းမူ၍ ထိုးထွင်းမသိရသေးသော အရိယသစ္စာ ၄ ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းအကျိုးငှာ၊ အလိုဆန္ဒ၊ လုံ့လအားထုတ်မှု၊ အပြင်းအထန် အားထုတ်မှု၊ မဆုတ်မနစ်အောက်မေ့မှု၊ ဆင်ခြင်ဉာဏ်ကို ပြုလုပ်ရမည်" (သစ္စသံယုတ်)

http://www.dhammadownload.com

လှံထိုးခံ၍ သစ္စာနာ ရဟန်းတို့၊ ဥပမာသော်ကား ယောက်ျားသည် အသက်နှစ်တစ်ရာ ရှိ၏။ အနှစ်တစ်ရာ အသက်ရှည်၏။ ထိုသူကို "အမောင်ယောက်ျား လာလော့၊ နံနက်အခါ၌ သင့်ကို လှံချက်တစ်ရာ၊ မွန်းတည့်အခါ၌ လှံချက်ဘစ်ရာဖြင့် ညှဉ်းပန်းအံ့။ ညဉ့်အခါ၌ လှံချက်တစ်ရာဖြင့် ညှင်းပန်းအံ့။ ယင်းသို့ တစ်နေ့လျှင် လှံချက်သုံးရာတို့ဖြင့် ညှဉ်းပန်းသော သင်သည် အသက် နှစ်တစ်ရာရှိသည်ဖြစ်၍ အနှစ်တစ်ရာကုန်သောအခါ ထိုးထွင်းမသိရသေးသော အရိယသစ္စာ ၄ ပါးတို့ကို ထိုးထွင်းသိရလိမ့်မည်" ဟု ဤသို့ ပြောရာ၏။

"ရဟန်းတို့၊ အကျိုး လိုလားသော အမျိုးကောင်းသားသည် အညှဉ်းပန်းခံရန် ကပ်ရောက်ထိုက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့၊ ဤသံသရာ၏ အစကို မသိနိုင်ရကား လှံထိုးခံရသူ၊ သန်လျက်ဖြတ်ခံရသူ၊ ပုဆိန်ပေါက်ခံရသူတို့၏ ရှေးအစွန်းသည် မထင်သောကြောင့်တည်း" (သစ္စသံယုတ်)

သစ္စာသိရကျိုး "ရဟန်းတို့၊ ဥပမာသော်ကား ယောက်ျားတစ်ယောက်သည် ပဲနောက်စေ့မျှရှိသော ကျောက်ခဲ ၇ လုံးတို့ကို မြင်းမိုရ်တောင်၏အနီး၌ ချထားရာ၏။ ရဟန်းတို့၊ ယင်းကျောက်ခဲ ၇ လုံးတို့နှင့် မြင်းမိုရ်တောင်သည် အဘယ်က ပို၍များသနည်း"

"မြတ်စွာဘုရား၊ မြင်းမိုရ်တောင်သည် ပို၍များပါ၏။ ကျောက်ခဲ ၇ လုံးတို့ကား အနည်းငယ်မျှသာ ဖြစ်ကုန်၏။ မြင်းမိုရ်တောင်ကို ထောက်ဆ၍ ကျောက်ခဲ ၇ လုံးတို့သည် မရေတွက်၊ မနှိုင်းယှဉ်နိုင်လောက်ကုန်။ အစိတ်အပိုင်းမျှသို့လည်း မရောက်နိုင်ပါကုန်"

"ရဟန်းတို့၊ ဤအတူပင် မင်ဉာဏ်နှင့်ပြည့်စုံသော သစ္စာကို ထိုးထွင်း၍ သိပြီးသော အရိယာတပည့်၏ ကုန်ဆုံးပြီးသော ဆင်းရဲသည်သာ ပို၍များ၏။ အကြွင်းအကျန်သည် အနည်းငယ်မျှသာတည်း။ ကုန်ဆုံးပြီးသော ရှေးက ဆင်းရဲစုကို ထောက်စာ၍ အလွန်ဆုံး ၇ ကြိမ်မျှလားရသူ သတ္တက္ခတ္တုပရမသောတာပန်၏ အဖြစ်ဟူသော ဆင်းရဲသည်ကား မရေတွက်လောက်၊ မနှိုင်းယှဉ်လောက်၊ အစိတ်အပိုင်းမျှ သို့လည်းမရောက်" (သစ္စသံယုတ်)

http://www.dhammadownload.com

သစ္စာမသိခြင်းကြောင့် "ရဟန်းတို့၊ အရိယသစ္စာ ၄ ပါးတို့ကို လျှောက်ပတ်စွာ မသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ သင်တို့သည် လည်းကောင်း၊ ဤသို့ရှည်မြင့်စွာသော သံသရာကာလပတ်လုံး တစ်ဘုံမှတစ်ဘုံသို့ သေ၍ပြေးသွားရလှလေပြီ။ တစ်ဘုံတည်း၌ အထပ်ထပ်သေ၍ ကျင်လည်ရလှလေပြီ" (သစ္စသံယုတ်)

သစ္စာသိစေရန် "ရဟန်းတို့၊ အစဉ်သနား စောင့်ရှောက်ထိုက်သူဟူသမျှတို့ကို လည်းကောင်း၊ မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေ၊ ခင်ပွန်း၊ ဆွေမျိုး၊ သားချင်းဟူသမျှတို့သည်လည်းကောင်း၊ အရိယာသစ္စာ ၄ ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှာ ဆောက်တည်စေအပ်ကုန်၏။ သွင်းထားအပ်ကုန်၏။ တည်စေအပ်ကုန်၏" (သစ္စသံယုတ်)

အနုဗောဓိပင်ခဲယဉ်း "သစ္စာ ၄ ပါးတို့ကို သိဖို့ရာ လွန်စွာခဲယဉ်းလှသည့် အဖြစ်ကြောင့် ဆရာသမားတို့ထံ၌ ရှေးဦးစွာ အနုဗောဓအားဖြင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၂ ပါးတို့ကို အကျဉ်းအကျယ်အားဖြင့် သင်ကြားခြင်း 'ဥဂ္ဂဟ'၊ အဖန်တလဲလဲ မေးမြန်းခြင်း 'ပရိပုစ္ဆာ'၊ နာခံမှတ်သားခြင်း 'သဝန'၊ ဆောင်မှတ်ခြင်း 'ဓာရဏ'၊ သုံးသပ်ခြင်း 'သမ္မသန' တို့ဖြင့် သိစေအပ်၏"

နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ၂ ပါးတို့ကိုကား နာခံမှတ်သားခြင်း 'သဝန' မျှဖြင့်သာလျှင် ထိုးထွင်း၍ သိအပ်၏။ မဂ်သို့ရောက်သောအခါ၌ကား နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် ထိုးထွင်း၍ သိခြင်း 'အာရမ္မဏာပဋိဝေဓ'၊ ကျန်သုံးပါးကို ပရိညာကိစ္စ စသော 'ကိစ္စပဋိဝေဓ' အားဖြင့် ထိုးထွင်း၍ သိစေအပ်၏။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)

မဂ်ဉာဏ်သတ္တိ "မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာ ၄ ပါးကို တပြိုင်နက် သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြားခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းဟု ကိစ္စ ၄ ပါးရှိရာ ယင်းကိစ္စ ၄ ပါးကို တပြိုင်နက် ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာ ၄ ပါး ထင်ရှားလာရသည်။

http://www.dhammadownload.com

သခ်ၤါရတို့ကို မလွတ်နိုင်သေးသော ဉာဏ်များမှာ ဤကိစ္စ ၄ ချက်ကို တပြိုင်နက် မပြုနိုင်သေး၊ မဂ်ဉာဏ်လာမှ သခ်ၤါရတွေကို လွတ်ကာ သခ်ၤါရတို့ ကင်းရာကို အာရုံပြုနိုင်၍ ကိစ္စ ၄ ချက်ကို တခါတည်း ပြုနိုင်ခြင်းဖြစ်၏။

မှန်၏။ မဂ်ဉာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂ ဝိပဿနာမဂ်ကို ရှုပွားရသည်ဖြစ်ရာ ထိုပုဗ္ဗဘာဂမဂ်သည် ဒုက္ခကို သိလျက် သမုဒယကိုပယ်လျက် ရှိ၏။ သို့သော် မိမိ၏ မဂ္ဂဘာဝနာပသည်း မပြည့်စုံ အပြီးမသတ်သေး၍ နိဗ္ဗာန်ကို မမြင်ရသေး။ ဒုက္ခသိမှု၊ သမုဒယပယ်မှုကိုလည်း အပြီးမသတ်သေး၍ ကိစ္စမပြီးသေး။ မဂ် ရောက်မှ အားလုံးကိစ္စပြီးရာ မဂ်ကသိမှုကိစ္စပြီးသောအားဖြင့် အားလုံးကို တပြိုင်နက် မတွေမဝေ ရှင်းလင်းပြီးအနေ သိနိုင်တော့၏။

ကြောင်း-ကျိုးသစ္စာ "သစ္စာလေးပါးတို့တွင် ဒုက္ခနှင့် သမုဒယသစ္စာ ၂ ပါးသည် 'လောကီသစ္စာ' တည်း။ နိရောဓနှင့် မဂ္ဂသစ္စာ ၂ ပါးသည် 'လောကုတ္တရာသစ္စာ' တည်း။ သံသရာ၌ဖြစ်ရသော ရုပ်နာမ်သည် ဒုက္ခငါးရားချည်းတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာ၌ ဖြစ်ရခြင်းဟူသော 'ပဝတ္တိသစ္စာ' တည်း။ မကောင်းသော 'အကျိုးသစ္စာ' တည်း။ သမုဒယသစ္စာသည် သံသရာ၌ ဒုက္ခဟူသမျှ၏ ဖြစ်ရဖို့အကြောင်း ဟူသော 'ပဝတ္တိဟေတုသစ္စာ' တည်း။ မကောင်းသော 'အကြောင်းသစ္စာ' တည်း။ နိရောဓသစ္စာသည် သံသရာဒုက္ခ၏ ဆုတ်နစ်မှု 'နိဝတ္တိသစ္စာ' တည်း။ ကောင်းသော 'အကျိုးသစ္စာ' တည်း။ မဂ္ဂသစ္စာသည် ထိုနိဝတ္တိသို့ရောက် ကြောင်း 'နိဝတ္တိဟေတုသစ္စာ' တည်း။ ကောင်းသော 'အကြောင်းသစ္စာ' တည်း"

သစ္စာ ၄ ပါး စဉ်ပုံ "လောကီဘုံဝယ်၊ သာယာဖွယ်ဟု၊ တာတွယ်လေး ငြား၊ ဝေနေများကို၊ တရားသံဝေ၊ ရပစေဟု၊ ထွေထွေဒုက္ခ၊ ဦးစွာပြ၏။ ဒုက္ခသောင်းပြောင်း၊ တရားပေါင်းလည်း၊ အကြောင်း မဲ့စွာ၊ မဖြစ်ရာရှင့်၊ မဟာဗြဟ္မာ၊ ထာဝရဟု၊ ဘုရားတသင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော်သွမ်း၊ တဏှာစွမ်းကြောင့်၊ ပရမ်းပတာ၊ ဖြစ်ကြရာဟော၊ သမုဒ ယောတဲ့၊ သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင့်ထွက်ရာ၊ ရတက်ဖြာသော်၊ သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံနိရောဓ၊ သုံးကြိမ်ပြ၏၊ နိဗ္ဗာနနန်း၊

http://www.dhammadownload.com

ရောက်ဖို့မှန်းက၊ ဤလမ်းဖြင့်တက်၊ ဤမင်္ဂလာကိုပွား၊ မိန့်သည့်လားသို့၊ လေးပါး မြောက်တွင်၊ မင်္ဂလာထွင်သည်၊ ဟောစဉ်လက်ရိုး၊ ဆူဆူတည်း"
(သင်္ကြိုဟ်ဘာသာဋ္ဌီကာ)

၁။ ဒုက္ခအရိယာသစ္စာအဖွင့်

ဒုက္ခခေါ်ဆိုပုံ "ဒုက္ခ" ပုဒ်၌ 'ဒု' သဒ္ဒါသည် စက်ဆုပ်အပ်သော အနက်ကို ဟောဏ်။ 'ခ' သဒ္ဒါသည် အချည်းနှီးဟူသော အနက်ကို ဟောဏ်။ မှန်ဏ်။ စက်ဆုပ်အပ်သော သားဆိုးကို 'ဒုပ္ပုတ္တ' ဟူ၍ ခေါ်ကုန်ဏ်။ အချည်းနှီးသော ကောင်းကင်ကို 'ခ' ဟူ၍ ခေါ်ကုန်ဏ်။

ဤဒုက္ခသစ္စာသည် များစွာသော ဘေးရန်၊ ဥပဒ္ဒဝေါတို့ဏ် တည်ရာဏ် အဖြစ်ကြောင့် စက်ဆုပ်အပ် ကဲ့ရဲ့အပ်ဏ်။ မိစ္ဆာဆက်ဆံ ဉာဏ်မသန့်သူ လူမိုက်တို့သည် ကြဲဆအပ်သော ခိုင်မြဲသည့်ခဝ၊ တင့်တယ်သည့်သုဘ၊ ချမ်းသာသည့်သုခ၊ အစိုးရသည့် အတ္တသဘောမှ ကင်းဆိတ်သည့်အဖြစ်ကြောင့် အချည်းနှီးဖြစ်ဏ်။ ယင်းသို့စက်ဆုပ်၊ အချည်းနှီးဖြစ်သော၊ သဘောသတ္တိ ၂ ပါးကြောင့် "ဒုက္ခ" ဟူ၍ ခေါ်ဆိုအပ်ဏ်။ (ဝိသုဒ္ဓိမဂ်)

အနက် ၄ ချက် ပါး = မိမိကိန်းရာ၊ သတ္တဝါဝယ်၊ သုံးဖြာဒုက္ခ၊ ဖြစ်ပေါ်ကြလျှက်၊ ဒုက္ခဖြစ်ရိပ်၊ ကြောင်းနိမိတ်ဖြင့်၊ ကြိတ်ကြိတ်နင်းနင်း၊ နှိပ်စက်ခြင်း၊ အနက်သဘောလည်းကောင်း (၁)

သခီတဋ္ဌော = သမုဒယဟိတ်၊ ကြောင်းမဆိတ်ဖြင့်၊ ကံစိတ် ဥတု၊ ဟာရစုတို့၊ အမှုတည်ထွင်၊ ပြုစီရင်အပ်သော၊ အနက်သဘောလည်းကောင်း (၂)

သန္တာပေါ = မင်္ဂလာရေစင် နှိုင်းစာလျှင်လည်း ပူပင်ပြင်းပြ လောင်ကျွမ်းရခြင်း၊ အနက်သဘောလည်းကောင်း (၃)

ဝိပရိဏာမဋ္ဌော = နိဗ္ဗာန်နန်းစာ၊ စခန်းကွာအောင်၊ ဇရာမရဏာ၊ နှစ်ဌာနဖြင့်၊ ကာလအရှည်၊ မတည်မြဲမြံ၊ ဖောက်ပြန်ခြင်းအနက်သဘောလည်းကောင်း (၄)

ဒုက္ခဿ = ဒုက္ခသစ္စာ၏၊ ဇတေစတ္တာရော = ဤလေးချက်သော အနက်သဘောတို့ကို၊ ဒုက္ခဋ္ဌာတိ = ဒုက္ခအတွက်၊ ရအပ်သော၊ အနက်တို့ဟူ၍

http://www.dhammadownload.com

ပဝုစ္စရေ = ဗျူဟ်ကအလိုက် ရုပ်ခါတ်ကိုက်အောင် သမိုက်အပ်ပေကုန်သတည်း။ (သင်္ဂြိဟ်ဘာသာဋီကာ)

ဒုက္ခသစ္စာဖွင့် "တန်ခိုးကြီးစွာ၊ ဗြဟ္မာသိကြား၊ ဘုန်းအားရဟတ်၊ လေးကျွန်း ပတ်သည့်၊ မန္ဒာတ်တမင့်၊ ဖြစ်လင့်စေကာ၊ သတ္တဝါကောင်းဆိုး၊ အမျိုးမျိုးဖြင့်၊ ထိုစိုးထိုမင်း၊ ထိုချင်းမချို့၊ ထိုသူတို့ကား၊ ပုဂ္ဂိုလ်ဝေါဟာ၊ ပညတ်သာမျှ၊ ဇာတိအစ၊ နာမ်ရုပ်ရသော်၊ ခဏခဏ၊ ဘိဇ္ဇနတည့်"

"နိစ္စသုခ၊ အတ္တမှတ်စွဲ၊ အမြဲချမ်းသာ၊ ကိုယ်ငါအစစ်၊ မှန်မဖြစ်ဘဲ၊ ဖျစ်ဖျစ်မြည်ကာ၊ အကြာမခံ၊ တံ့ခြိမနေ၊ ကျွမ်းကြေလောင်ရှိမ်း၊ သစ်စိမ်းရွက်လှ၊ မီးဌာကျသို့၊ တစစရင့်၊ ရွယ်ဆင့်ဆင့်နှင့်၊ ဆံပွင့်သွားကြွေ၊ အရေတွန့်ခြင်း၊ အိုးမင်းရွတ်တွ၊ ဇရာကျခြေ၊ မရဏာစစ်၊ အော်ဟစ်မကင်း၊ သေရခြင်းဖြင့်၊ အချင်းခပ်သိမ်း၊ ရွေ့ရွေ့ယိမ်း၏"

"မငြိမ်းနိုင်စွာ၊ လိုရာမရ၊ ကာရကနှင့်၊ ဇီဝပုဂ္ဂိုလ်၊ ငါဟုဆိုသား၊ ကိုယ်ကောင်မရှိ၊ ပကတိပင်၊ မချိနိုင်အောင်၊ မဆောင်နိုင်ရေး၊ အိုထိုင်းဆွေးလျှက်၊ နာဘေး သေဘေး၊ နှိပ်စက်ဘေးနှင့်၊ တေးဘူမက၊ ဖြစ်သမျှတို၊ လောဘကြဉ်ငြား၊ ဤတရားကား၊ မမှားဒုက္ခသစ္စာတည်း" (မဃဒေဝ)

ဒုက္ခ ၁၂ ပါး

၁။ ဇာတိဒုက္ခ ဤသစ္စကထာ၌ အဓိဝမ်း၌ ကိန်းအောင်းသော သတ္တဝါတို့၏ ပဋိသန္ဓေအခါမှစ၍ မွေးဖွားသည့်တိုင်အောင် အခါကို 'ဇာတိ' ဟူ၍ ဆို၏။ အဏ္ဏဇ၊ ဇလာဗုဇ၊ သတ္တဝါမှ တစ်ပါးကုန်သော သံသေဒဇ၊ ဩပပါတိက သတ္တဝါတို့အား ပဋိသန္ဓေ ခန္ဓာတို့၌ 'ဇာတိ' ဟူ၍ ဆို၏။ ယင်းစကားလည်း ပရိယာယ်စကားမျှသာတည်း။ မုချအမှန်သော် ထိုထိုဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့အား ဇကဝေါကာရုစသော ခန္ဓာတို့၏ လက်မွန်အစ ပထမ ထင်ရှားဖြစ်ခြင်းဖြင့် အခိုက်အတန့်သည် 'ဇာတိ' မည်၏။

"အဘယ်ကြောင့် ဇာတိသည် ဒုက္ခမည်သနည်း။ များစွာကုန်သော ဒုက္ခတို့၏ တည်ရာ၏အဖြစ်ကြောင့် ဇာတိသည် ဒုက္ခမည်၏" များစွာသော ဒုက္ခတို့ဟူသည်-

၁။ ဒုက္ခ ဒုက္ခ၊ ၂။ ဝိပရိဏာမဒုက္ခ၊ ၃။ သင်္ခါရဒုက္ခ၊ ၄။ ပဋိစ္ဆန္န

http://www.dhammadownload.com

ဒုက္ခ၊ ၅။ အပ္ပဋိစ္ဆန္နဒုက္ခ၊ ၆။ ပရိယာယဒုက္ခ၊ ၇။ နိပ္ပရိယာယဒုက္ခအားဖြင့် ၇ ပါးတို့တည်း။ ထိုတွင်-

ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုဖြစ်သော ကာယိကဒုက္ခ၊ စေတသိက ဒုက္ခဝေဒနာတို့သည် ဒုက္ခဝေဒနာသဘောအားဖြင့်လည်းကောင်း၊ ရအပ်သော အမည်အားဖြင့်လည်းကောင်း၊ ဆင်းရဲသည့်အဖြစ်ကြောင့် "ဒုက္ခ ဒုက္ခ" ဟု ဆိုအပ်၏။ (၁)

ချမ်းသာသော သုခဝေဒနာသည် ဖောက်ပြန်ပျက်စီးသောအားဖြင့် ဆင်းရဲဖြစ်ခြင်းအကြောင်း ဖြစ်ခြင်းကြောင့် "ဝိပရိဏာမဒုက္ခ" မည်၏။ (၂)

ဥပေက္ခာဝေဒနာသည်လည်းကောင်း၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာတို့မှ ကြွင်းသော ဘုံသုံးပါး၌ ဖြစ်ကုန်သော သခါရတရားတို့သည်လည်းကောင်း၊ "ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယဗ္ဗယ" တို့သည် အဖန်တလဲလဲ နှိပ်စက်အပ်သည် အဖြစ်ကြောင့် "သခါရဒုက္ခ" မည်၏။ (၃)

နားကိုက်ခြင်း၊ သွားကိုက်ခြင်း၊ ရာဂကြောင့်ဖြစ်သော ပူလောင်ခြင်း၊ ဒေါသကြောင့်ဖြစ်သော ပူလောင်ခြင်းအစရှိသော ကိုယ်စိတ်ကိုမှီသော အနာရောဂါသည် မေးမှသိအပ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၏ မထင်ရှားသည့်အဖြစ်ကြောင့်လည်းကောင်း၊ "ပဋိစ္ဆန္နဒုက္ခ" မည်၏။ ဖုံးလွှမ်းသည်ဖြစ်၍ မထင်ရှားသော "အပါကဋဒုက္ခ" ဟူ၍လည်း ဆိုအပ်၏။ (၄)

သုံးဆယ့်နှစ်ပါးသော ကံကြမ္မာအလျောက် ညှဉ်းဆဲခြင်းစသည်ကြောင့် ဖြစ်သော အနာရောဂါသည် မမေးဘဲ သိသိပ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ညှဉ်းဆဲခြင်း၏ ထင်ရှားသည့်အဖြစ်ကြောင့်လည်းကောင်း၊ "အပ္ပဋိစ္ဆန္နဒုက္ခ" မည်၏။ မဖုံးလွှမ်းသည်ဖြစ်၍ ထင်ရှားသော "ပါကဋဒုက္ခ" မည်၏လည်း ဆိုအပ်၏။ (၅)

ဒုက္ခ ဒုက္ခကို ထား၍ ဒုက္ခ ဒုက္ခမှ ကြွင်းသော ဒုက္ခသစ္စာဝိဘင်း၌ လာသော ဇာတိစသော အလုံးစုံသည်လည်း ထိုထိုဒုက္ခ၏ တည်ရာ၏အဖြစ်ကြောင့် 'ပရိယာယဒုက္ခ' မည်၏။ (၆)

ဒုက္ခ ဒုက္ခကို "နိပ္ပရိယာယဒုက္ခ" ဟူ၍ ဆိုအပ်၏။ (၇)

ဗာလပဏ္ဍိတသုတ် စသည်တို့၌ ဘုရားရှင် ဥပမာအစွမ်းဖြင့် ပြတော်မူအပ်သော အပါယ်၌ဖြစ်သော ဒုက္ခ၊ သုဂတိဘုံ၌ လူ့ပြည်တွင် အမိဝမ်းသို့

http://www.dhammadownload.com

သက်ခြင်းလျှင် အရင်းရှိသော "ဂဇ္ဈောဂ္ဂန္တိမူလကဒုက္ခ" ထိုဒုက္ခမျိုးစုံ၏ တည်ရာ၏အဖြစ်ကြောင့် ဇာတိသည် ဒုက္ခမည်၏။

ဂဇ္ဈောဂ္ဂန္တိမူလကဒုက္ခ ချဲ့ဦးအံ့၊ လူသတ္တဝါသည် အဓိဝမ်းဌ်ဖြစ်သည်ရှိသော် ကြာညို၊ ကြာဖြူ။ ပဒုမ္မာကြာစသည်တို့ဌ်ဖြစ်သည် မဟုတ်။ အဟုတ်သော်ကား အစာသစ်အိမ်၏ အောက်၊ အစာဟောင်းအိမ်၏ အထက်၊ ဝမ်းလွှာ၊ ကျောက်ဆူးတို့၏အလယ်၊ အလွန်ကျဉ်းမြောင်း၊ အလွန် ထူထပ်သော အမိုက်တိုက်ဖြစ်သော သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ အစာ သစ်၊ အစာဟောင်းစသော အထူးထူးသော အပုပ်တို့၏ မကောင်းနံ့ဖြင့် ကြာ မြင့်စွာ ထုံအပ်သော၊ လွန်စွာမကောင်းသည့် အနံ့ရှိသော၊ ဝမ်းလေတို့၏ သွားလာရာဖြစ်သော၊ ကာလရှည်လျားစွာ သုံးသပ်သော၊ ရေအိမ်ပမာ လွန်မင်း စွာ စက်ဆုပ်ဖွယ်ရှိသော၊ အဓိဝမ်းခေါင်းဌ် ငါးပုပ်၊ မုယောမုန့်ပုပ်၊ တံစီးအိုင် စသည်တို့ဌ် ပိုးလောက်ဖြစ်သကဲ့သို့ ဖြစ်၏။

အဓိဝမ်းခေါင်းဌ်ဖြစ်သော ယင်းသူငယ်သည် ဆယ်လတိုင်တိုင် အဓိ ဝမ်းဌ်ဖြစ်သော တေဇောဇွေ့ဖြင့် ချက်ပြုတ်အပ်သော ဟင်းမျိုးစသော အထုပ် ကဲ့သို့ ကျက်သည်ဖြစ်၍ ပေါင်းထားအပ်သည့် မုန့်ထုပ်ပမာ ပေါင်းတင်သကဲ့သို့ ဖြစ်၍ ကွေးခြင်း၊ ဆန့်ခြင်း စသည်မှကင်းသဖြင့် အလွန်ပြင်းထန်သော ဆင်းရဲ ကို ခံရရှာ၏။ ဤကား "အဓိဝမ်းသို့ သက်ခြင်းလျှင် အရင်းရှိသော = ဂဇ္ဈောဂ္ဂန္တိမူလကဒုက္ခ" တည်း။ (၁)

ဂဗ္ဘပရိဟရဏ မူလက ဒုက္ခ ထိုအဓိဝမ်းဌ် ကိန်းသော သတ္တဝါသည် အဓိ၏ အဆော တလျင် ခြေချော်၊ လက်ချော်ခြင်း၊ မဖြေးမညင်း၊ အဆော တလျင် သွားလာခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လူးလဲ ပြန်လှန်ခြင်း စသည်တို့ဌ် အရက်သမားလက်သို့ ရောက်သော ဆိတ်ငယ်ကဲ့သို့လည်းကောင်း၊ အလမ္ဘာယ် လက်ကိုရောက်သော မြွေငယ်ကဲ့သို့လည်းကောင်း၊ ရှေးရှုဆွဲငင်ခြင်း၊ ပတ်ဝန်း ကျင်ဆွဲငင်ခြင်း၊ အောက်သို့ခါခြင်း စသည်နှင့်တူသော ပယောဂဖြင့် အလွန် ပြင်းထန်သော ဆင်းရဲခြင်းကို ခံစားရ၏။

အလွန်အေးလှစွာသော ရေကို အဓိသောက်သောအခါဌ် အလွန်အေး

http://www.dhammadownload.com

သော လောကန္တရက်ငရဲ၌ ဖြစ်သကဲ့သို့၊ ယာဂုပူ၊ ထမင်းပူစသည်ကို မြိုသောက် သောအခါ၌ မီးကျိုးဖြင့် ပြွမ်းသကဲ့သို့၊ အင၌၊ အချဉ်စသော အစာကို စား မြိုသောအခါ၌ ပဲခွပ်ဖြင့် ရွေ၍ အင၌ရေပက်ဖြန်းခြင်းစသော ကံကြမ္မာသို့ ရောက်သကဲ့သို့ အလွန်ထက်မြက်သောဆင်းရဲကိုလည်း ခံစားရရှာ၏။ ဤကား "ကိုယ်ဝန်ဆောင်ခြင်း အရင်းရှိသော = ဂဗ္ဘပရိဟာရဏာမူလကဒုက္ခ" တည်း။ (၂)

ဂဗ္ဘဝိပတ္တိမူလကဒုက္ခ ထိုသူငယ်အား အဖြောင့်မသွား လမ်းမှားသော ကိုယ်ဝန်ရှိသော အမိ၏အဆွေခင်ပွန်းစသည်တို့ သည် ကြည့်ရှုခြင်းငှာ မထိုက်သောဆင်းရဲဖြစ်ရာ အရပ်၌ဖြတ်ခြင်း၊ ခွဲခြင်း စသည်တို့ဖြင့် ဆင်းရဲဖြစ်၏။ ဤကား "ကိုယ်ဝန်ပျက်ခြင်းလျှင် အရင်းရှိသော = ဂဗ္ဘဝိပတ္တိမူလကဒုက္ခ" တည်း။ (၃)

ဝိဇာယနမူလကဒုက္ခ သားဖွားသော အမိ၏ကံကြောင့်ဖြစ်သော လေတို့ သည် ထိုကိုယ်ဝန်ကို ဦးခေါင်းစောက်ထိုး၊ ခြေမိုး မျှော်အားဖြင့် ပြန်လှန်၍ နရက်ချောက်သို့ ကျစေသကဲ့သို့ အလွန်ကြောက် မက်ဖွယ်ရှိသော အမိယောနိဝသို့ ချအပ်သည်ဖြစ်၍ အလွန်ကျဉ်းမြောင်းသော အမိ၏ယောနိဝဖြင့် ဆွဲငင်ထုတ်အပ်သော သူငယ်အား ဒုက္ခဖြစ်၏။ ဥပမာသော် အလွန်ကျဉ်းမြောင်းသော သံကောင်ပေါက်၊ သော့ပေါက်ဖြင့် ဆွဲငင်ထုတ်အပ် သော ဆင်ပြောင်ကြီးအား ဆင်းရဲခြင်းဖြစ်သကဲ့သို့လည်းကောင်း၊ တောင်ကြီး တို့ဖြင့် ကြိတ်သောကြောင့် မှုန့်မှုန့်ညက်ညက်ကြေသော ငရဲသားသတ္တဝါအား ဆင်းရဲခြင်းဖြစ်သကဲ့သို့ဖြစ်၏။ ဤကား "မွေးဖွားခြင်းလျှင် အရင်းရှိသော = ဝိဇာယနမူလကဒုက္ခ" တည်း။ (၄)

ဗဟိနိက္ခမနမူလကဒုက္ခ မွေးဖွားခါစဖြစ်၍ အသားနုတက်သစ်စ ဖြစ်သော၊ အနာနှင့်တူသော၊ အလွန်သိမ်မွေ့နူးညံ့သော၊ ကိုယ် ရှိသော သူငယ်ကို လက်ဖြင့်ကိုင်ခြင်း၊ ဂေချိုးခြင်း၊ လက်ခြေစသည်ကိုဆေးခြင်း၊ အညစ်အကြေးကို အနှီးဖြင့်သုတ်သင်ခြင်းစသော အခါ၌ အပ်ဖျား၊ သင်ဓုန်း သွားတို့ဖြင့် ထိုးဆွ၊ ခွဲဖြတ်သည်နှင့်တူသော ဒုက္ခဖြစ်၏။ ဤကား "အမိဝမ်းမှ မွေးခြင်းလျှင် အရင်းရှိသော = ဗဟိနိက္ခမနမူလကဒုက္ခ" တည်း။ (၅)

(ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

"စာသစ် စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်းမည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ခွဲလောက်လို၊ ကျောက်ကိုဝမ်းပြူ၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွထုပ်မှာ၊ မျောက်အိုကုပ်နှယ်၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ဘာယ်မိ၊ မြွေငယ်ချိုသို့၊ အဓိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လေကမွှေ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေရယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ များပြားလှသည်၊ လက်စဇာတိမူရင်းတည်း" (ပရမတ္ထသရူပဘေဒနီ)

ချမ်းသာထင်၏ စာရှူသူသည် ယခု စာရှုကြည့်နေယင်း အထက်ပဋိသန္ဓေဒုက္ခကို အာရုံပြုကာ အဓိဝမ်းခေါင်းသို့ ပြန်လည်ဝင်အောင်းကြည့်စမ်းပါ။ သို့မဟုတ် သူငယ်သားကို လွယ်ထားရသော မိခင်တစ်ယောက် အနေနှင့် လွယ်ကြည့်စမ်းပါ။ အမျိုးသမီးတို့မှာ သူများဝမ်းခေါင်း အောင်းရသည့်ဒုက္ခ၊ သူများကို ကိုယ့်ဝမ်းခေါင်း၌ လွယ်ပိုးထားရသည့် ဒုက္ခဟူ၍ ဒုက္ခတွေ ပိုကြီးလှ၏။ သို့ပါလျက် အမျိုးသမီးများသည် ဒုက္ခတုံးကို ချမ်းသာထင်သေး၏-

"အာဝေဏိဟု၊ မချိလွန်ကဲ၊ ဝင့်ဆင်းရဲ၌၊ အမြဲမမွတာ၊ ခံရစွာလည်း၊ ပါရမီရင့်သန်၊ ဗောဓိဉာဏ်ကို၊ ဆူပန်မရှိ၊ ကြွတ္ထိဟူသမျှ၊ မိန်းမတကာ၊ တဏှာလောဘ၊ ကြီးဆန္ဒနှင့်၊ မောဟပိတ်ဖုံး၊ ဒုက္ခတုံးကို၊ လုံးလုံး မမြင်ချမ်းသာထင်၏" (မဃဒေဝ)

အတ္ထုပ္ပတ္တိမမူလကဒုက္ခ မွေးဖွားပြီးမှနောက် ပဝတ္တိအခါ၌ မိမိသည်ပင်လျှင် မိမိကိုယ်ကို သတ်သေသောသူအား လည်းကောင်း၊ အစေလကတက္ကဒွန်းတို့ အကျင့်ကိုကျင့်ခြင်း စသည်တို့၏အစွမ်းဖြင့် နေကိုကြည့်ခြင်း၊ အပူဖြင့် ပူစေခြင်းစသည်ကို အားထုတ်သောသူအားလည်းကောင်း၊ စိတ်ဆိုး၍ မစားမသောက်ပဲ နေသူအားလည်းကောင်း၊ ကြိုးဆွဲချသေသူအားလည်းကောင်း ဆင်းရဲဒုက္ခဖြစ်၏။ ဤကား "မိမိလုံ့လလျှင်အရင်းရှိသော = အတ္ထုပ္ပတ္တိမမူလကဒုက္ခ" (၆)

http://www.dhammadownload.com

ပရူပက္ကမမူလကဒုက္ခ သူတစ်ပါးသတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်တို့ကို ခံစားရသူအား ဆင်းရဲဒုက္ခဖြစ်၏။ ဤကား "သူတစ်ပါးလုံ့လလျှင် အရင်းရှိသော = ပရူပက္ကမမူလကဒုက္ခ" တည်း။ (၇) ဤနည်းဖြင့် ဇာတိသည် အလုံးစုံသော ဒုက္ခအပေါင်း၏အကြောင်းရင်းကိုသာ ဖြစ်၏။ (ဝိသုဒ္ဓိမဂ်)

၂။ ဇရာဒုက္ခ "ဇရာပိဒုက္ခာ" ပုဒ်၌ ဇရာသည် သခံ်တတရားတို့၏ ဌီလက္ခဏာနှင့် သွားကျိုးခြင်းစသည်ဖြင့် သမုတ်အပ်သော ခန္ဓာ အစဉ်၌ တစ်ခုသောဘဝဝယ် အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းမြင်းရင့်ရော်သည့် အဖြစ်ဟု သမုတ်အပ်သော ထင်းရှားသော ဇရာဟူ၍ ၂ ပါးရှိ၏။ ယင်းတွင် ဤ၌ ဟောင်းမြင်းရင့်ရော်သည့် အဖြစ်ဟု သမုတ်အပ်သော ထင်ရှားသော ဇရာကိုသာ လိုအပ်၏။

ထိုဇရာသည် သခံ်ါရဒုက္ခ၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုက္ခ၏ တည်ရာ၊ ဒုက္ခ၏အကြောင်းအဖြစ်ကြောင့်လည်းကောင်း၊ ဆင်းရဲမည်၏။ မှန်၏။ အင်္ဂါကြီးငယ်တို့၏ လျော့သည့်အဖြစ်၊ စက္ခုစသော ဣန္ဒြေတို့၏ ဖောက်ပြန်သည့်အဖြစ်၊ ရှိုက်ပက်၊ ရှုံ့တွ၊ အဆင်းမလှသည့်အဖြစ်၊ အရွယ်ပျက်စီးခြင်း၊ ခွန်အားပျက်စီးခြင်း၊ သတိ၊ သုတ၊ ဝီရိယ စသည်တို့၏ ကင်းခြင်း၊ သားမယား၊ ကျေးကျွန်စသော သူတစ်ပါးတို့က "သက်ကြားအို" ဟု မရိုမသေ၊ မထေမဲ့မြင်ပြုခြင်း၊ နှိပ်စက်ခြင်း စသည့် များစွာသော အကြောင်းရှိသော ကိုယ်စိတ်ဆင်းရဲဒုက္ခဖြစ်၏။ ဇရာသည် ယင်းဒုက္ခတည်ရာ အကြောင်းဖြစ်၏။ ဤအလုံးစုံသော ဒုက္ခသည် ဇရာဟူသော အကြောင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ဇရာသည် ဒုက္ခမည်၏။

၃။ မရဏဒုက္ခ "မရဏမွိဒုက္ခ" ၌ မရဏသည် ဘင်တည်းဟူသော သခံ်တလက္ခဏာနှင့် တစ်ခုသောဘဝ၌ အကျုံးဝင်သော ဇီဝီန္ဒြေ၏ အစဉ်ပြတ်ခြင်း ထင်ရှားသော မရဏဟူ၍ ၂ ပါးရှိ၏။ ယင်းတွင် ဤ၌ ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းထင်ရှားသော မရဏကိုသာ အလိုရှိအပ်၏။

ဇာတိဟူသော အကြောင်းကြောင့်ဖြစ်သော သေခြင်း၊ ပယောဂလုံ့လဖြင့်သေခြင်း၊ မိမိသဘောအားဖြင့် သေခြင်း၊ အသက်ကုန်၍ သေခြင်း၊ ဘုန်းကံကုန်၍ သေခြင်း၊ ဤသို့စသော အမည်များသည် ဇီဝိတိန္ဒြေပြတ်ခြင်း အမှတ်

http://www.dhammadownload.com

ထင်ရှားသော သေခြင်း၏ အမည်များဖြစ်၏။

အကုသိုလ်ကံစသော ကမ္မနိမိတ်၊ ဂတိနိမိတ်ကို ခွေးပုပ်လည်ဆွဲသကဲ့သို့ အဖန်တလဲလဲ မြင်ရသော သေဝနီးပါးရောက်သည့် မကောင်းမှုကံရှိသူအား စိတ်၌ဖြစ်သော ဆင်းရဲဒုက္ခဖြစ်၏။

ကွေကွင်းခြင်းကို သည်းမခံနိုင်သော သေဝနီးပါးရောက်သော ပြုအပ်ပြီးသည့် ကောင်းမှုကုသိုလ်ကံ ရှိသူအားလည်း ချစ်အပ်သောသတ္တဝါ၊ သခင်ရတို့နှင့် ကွေကွင်းခြင်းလျှင် အကြောင်းရှိသော စိတ်၌ဖြစ်သည့် ဆင်းရဲဒုက္ခသည့် ဖြစ်၏။

သာမညအားဖြင့် အလုံးစုံကုန်သော အစပ်၊ အဆက်၊ အဖွဲ့တို့ကို ဖြတ်တောက်သော လေသည် ထိုးကျင့်အပ်သော နာကျင်ရာဌာန ရှိကုန်သော သတ္တဝါတို့အား အစပ်၊ အဆက်၊ အဖွဲ့တို့၏ ပြတ်ခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခအစရှိသော ကိုယ်၌ဖြစ်သည့် သည်းမခံနိုင်အောင် နာကျင်သော နတ်ဆေးဝါး၊ မန္တရားတို့ဖြင့်ပင် ကုသ၍ မရနိုင်တဲ့ ဆင်းရဲဒုက္ခဖြစ်၏။ ဤသေခြင်းသည် ယင်းဒုက္ခအပေါင်း၏ တည်ရာဖြစ်၏။ ထို့ကြောင့် သေခြင်းသည် ဒုက္ခမည်၏။

ဒုက္ခဝဏ္ဏကွင်း "ဘုတ်ဓာတ်အလို၊ ပေါင်းသင်္ဂြိဟ်၍၊ ကိုယ်ဟုပွားဖြီး၊ ဖြစ်တပြီးကား၊ ပျက်စီးဖို့ရာ၊ အမြဲသာတည့်၊ ဇရာမရဏာ၊ ဒုက္ခဝဏ္ဏတွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနှစ်ခွေ၊ ရေခုနှစ်ထပ်၊ လေးကျွန်းရပ်ခွင်၊ ကောင်းကင်သမုဒ္ဒရာ၊ စကြာဝဠာမြေထဲ၊ ပုန်းခိုလွဲလည်း၊ အမြဲမချွတ်၊ သေဘေးဝဏ္ဏမှ၊ မလွတ်တို့သာ၊ မလွဲရာတည့်" (မဃဒေဝ)

ဘဝစက်ဝိုင်း "သုံးဆယ့်တစ်ထပ်၊ ဘုံအရပ်ဝယ်၊ မလပ်များစွာ၊ ကျင်လည်ပါသည့်၊ သတ္တဝါမြတ်ယုတ်၊ ထိုအစုတ်ကား၊ သမုဒ္ဒရာ၊ စက္ကဝါနှင့်၊ မဟာပထဝီ၊ မေဒိနီမြင်းမိုရ်၊ ယုဂန္ဓိရ်တို့၊ ပျက်ပြိုဖန်ဖန်၊ ကြိမ်ကြိမ်ပြန်လည်း၊ အလွန်မြဲလှ၊ ခိုင်ခဲ့စွသား၊ မူလနှစ်ဖြာ၊ အဝိဇ္ဇာနှင့်၊ တဏှာမြစ်ငုတ်၊ ရင်းမပြုတ်၍၊ မြတ်ယုတ်ဘာဝ၊ ဇာတိရက၊ အိုကြ သေကြ၊ မနေ

http://www.dhammadownload.com

ရဘူး၊ ဒုက္ခမြဲစွာ၊ ဓမ္မတာဖြင့်၊ ဇရာ မရဏာ၊ ဆုံးဌာနဟု၊ ဘဝစက်ဝိုင်း၊ ဤ ဆစ်ပိုင်းကား၊ ဖြစ်တိုင်းရောက်နေ ခရီးတည်း" (မဃဒေဝ)

၄။ **သောကဒုက္ခ** ဆွေမျိုးတို့၏ပျက်စီးခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏ စိတ်ပူပန်ခြင်းသည် သောကမည်၏။ ယင်းသောကသည် သဘောအားဖြင့် ဒေါမနဿ ဝေဒနာသာလျှင် ဖြစ်၏။ ယင်းစိုးရိမ်ပူပန်ခြင်း သောကသည် သတ္တဝါတို့၏ နှလုံးကို ဆိပ်လူးမြားစူးဝင်သကဲ့သို့ စူးဝင်တတ်၏။ မီးရဲရဲပူသော စဉ်းသွားကဲ့သို့ အဖန်တလဲလဲ ပြင်းစွာပူလောင်တတ်၏။ ဖျားနာခြင်းကို လွန်စွာဆောင်တတ်၏။ အိုခြင်း၊ သေခြင်း၊ ပျက်စီးခြင်းလျှင် အကြောင်းရှိသော အထူးထူး၊ အထွေထွေ၊ ရှုပ်ပွေသော ဆင်းရဲကိုလည်း လွန်စွာဆောင်တတ်၏။ ဤသို့ဖြင့် ဆင်းရဲခြင်း၏အကြောင်းရင်း အဖြစ်ကြောင့်လည်းကောင်း၊ ဆင်းရဲခြင်း၏ တည်ရာ၏ အဖြစ်ကြောင့် လည်းကောင်း "သောက" ကို ဒုက္ခဟူ၍ ဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်)

"မောဟဖုံးပြု၊ မျှားဇန္တုတို့၊ ဝတ္ထုကိလေသာ၊ နှစ်ဖြာကာမ၊ ပြည့်စုံကြစဉ်၊ လောဘကိစ္စ၊ အဿာဒဖြင့်၊ သုခသောမနဿ၊ ပုံမတတ်သို့၊ ဖြစ်လတ်သာယာ၊ နည်းမျှသာ၌၊ လွန်စွာနှစ်သက်၊ ပျော်တပ်မက်၏။ ယွင်းပျက်တဖန်၊ ဖောက်ပြန်တုံငြား၊ ဆိပ်လူးမြားဖြင့်၊ သည်းကြားစူးဝင်၊ တောသမင်သို့၊ မမြင်မမြိုး၊ စောက်ထိုးပြောင်းပြန်၊ မကိုင်ကန်အောင်၊ ကြွေလွန်အူသည်၊ ဟိုက်ကြည်းဒုက္ခ၊ ပူပြင်းပြ၏" (မဃဒေဝ)

၅။ **ပရိဒေဝဒုက္ခ** ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏စပါးဖျင်းကဲ့သို့ အချည်းနှီးငိုကြွေးသောအသံသည် ပရိဒေဝ မည်၏။ သောကမြားငြောင့်သည် နှိပ်စက်၊ ညှဉ်းဆဲအပ်သည်ဖြစ်၍ ငိုကြွေးသောသူသည် လည်ချောင်း၊ နှုတ်ခမ်း၊ အာစောက် အပြင်တို့၏သွေ့ခြောက်ခြင်းကြောင့်ဖြစ်သော သည်းမခံနိုင်လောက်အောင် စိုးရိမ်ခြင်း ဆင်းရဲ၏ အထက်၌ လွန်ကဲသော ဆင်းရဲကို ရသည်သာတည်း။

ဤသို့ဖြင့် သခါဒုက္ခ၏ အဖြစ်ကြောင့်လည်းကောင်း၊ ဆင်းရဲ၏ တည်ရာအကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း ပရိဒေဝကို ဒုက္ခမည်၏

http://www.dhammadownload.com

ဟူ၍ ဘုရားရှင်ဟောတော်မူ၏။

၆။ ဒုက္ခ ဒုက္ခ ကိုယ်၌ဖြစ်သောဆင်းရဲသည် ဒုက္ခမည်၏။ ယင်းဒုက္ခသည် ယုဉ်ဘက်တရားတို့ကို နှိပ်စက်ညှဉ်းဆဲတတ်၍ စိတ်၌ဖြစ်သော ဒုက္ခကိုလည်း လွန်စွာဖြစ်စေတတ်၏။ ယင်းဒုက္ခကို ဒုက္ခဒုက္ခ၏ အဖြစ်ကြောင့်လည်းကောင်း၊ စေတသိကဒုက္ခကို ဆောင်တတ်သည့် အဖြစ်ကြောင့်လည်းကောင်း ဒုက္ခမည်၏ဟူ၍ ဘုရားရှင်ဟော်တော်မူ၏။

၇။ ဒေါမနဿဒုက္ခ စိတ်၌ဖြစ်သော ဆင်းရဲသည် ဒေါမနဿဒုက္ခ မည်၏။ ဒုက္ခဒုက္ခ၏ အဖြစ်ကြောင့် လည်းကောင်း၊ ကာယိကဒုက္ခကို ဆောင်တတ်သည့် အဖြစ်ကြောင့်လည်းကောင်း ဒုက္ခမည်၏။ မှန်၏။ စိတ်ဆင်းရဲသော သတ္တဝါတို့သည် ဆံပင်တို့ကိုကြဲဖြန့်၍ ငိုကြွေးမြည်တမ်းကုန်၏။ ရင်ဘတ်တို့ကို တီးခတ်၊ ကြိတ်၊ နှိပ်ကုန်၏။ ရှေးရှုလူးလည်းကုန်၏။ ဗယ်ပြန်ညာပြန် ကိုယ်ကို လှိမ့်ကုန်၏။ ခြေမိုးမျှော်လည်း ဖြစ်ကုန်၏ လက်နက်ကို ဆောင်ကုန်၏။ အဆိပ်ကို စားကုန်၏။ ကြိုးဆွဲချ၍ သေကုန်၏။ မီးပုံတွင်းသို့ ခုန်ဆင်းကုန်၏။ ဤသို့အထူးထူးအပြားပြားရှိသော ဆင်းရဲကို ခံစားရကုန်၏။ ယင်းသို့ စိတ်ကိုလည်း နှိပ်စက်တတ်၊ ကိုယ်ကိုလည်း မပြတ် နှိပ်စက်ခြင်းကို ဆောင်ရကား ဒေါမနဿကို ဒုက္ခဟူ၍ ဟောတော်မူ၏။

၈။ ဥပါယာသဒုက္ခ ဆွေမျိုးပျက်စီးခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်သော သူ၏လွန်စွာ စိတ်ဆင်းရဲခြင်းသည် ဖြစ်စေအပ်သော ဒေါသသည်ပင်လျှင် ဥပါယာသမည်၏။ သခါရက္ခန္ဓာ၌ အကျုံးဝင်သော အကုသိုလ်စေတသိက် ၁၄ ပါးမှ တစ်ပါးသော တစ်ခုသော တရားဟူ၍ အချို့သော ဇကေဆရာတို့ ဆိုကုန်၏။

သခါရဒုက္ခ၏ အဖြစ်ကြောင့်လည်းကောင်း၊ စိတ်ကို ထက်ဝန်းကျင် ပူလောင်တတ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ကိုယ်ကိုပြင်းစွာ ဖောက်ပြန်သောအားဖြင့် နစ်စေခြင်း၊ ကိုယ်၏မပြန့်ခြင်းကို ပြုတတ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ လွန်စွာ ကိုယ်စိတ်ဆင်းရဲကို ဖြစ်စေတတ်ရကား ဥပါယာသကို

http://www.dhammadownload.com

ဒုက္ခဟူ၍ ဘုရားရှင်ဟောတော်မူ၏။

အထူးမှတ်ရန် သောက၊ ပရိဒေဝ၊ ဥပါယာသ သုံးပါးတို့တွင် အားနည်းသောမီးဖြင့် အိုးတွင်း၌ပင် ကျက်သောဆီကဲ့သို့ သောကကို မှတ်အပ်၏။ ပြင်းစွာသောမီးဖြင့် ကျက်သောဆီ၏ အိုးပြင်ပသို့ ဆူဝေဖိတ်လျှံခြင်းကဲ့သို့ ပရိဒေဝကို မှတ်အပ်၏။ ပြင်ပသို့ ဖိတ်လျှံဝေကျသည်မှ ကြွင်းသော မဖိတ်နိုင်လောက်သော ဆီ၏အိုးတွင်း၌ပင် ခန်းခြောက်သည့်တိုင်အောင် ကျက်သောဆီကဲ့သို့ ဥပါယာသကို မှတ်အပ်၏။

၉။ အပ္ပိယသမ္ပယောဂဒုက္ခ မချစ်မနှစ်သက်အပ်သောသတ္တဝါ၊ သင်္ခါရတို့နှင့် ပေါင်းဖော်ယှဉ်တွဲရခြင်းကြောင့် ဖြစ်သောဆင်းရဲသည် "အပ္ပိယသမ္ပယောဂဒုက္ခ" မည်၏။ ဆင်းရဲခြင်းအကြောင်း၊ ဆင်းရဲခြင်း၏ တည်ရာ၏အဖြစ်ကြောင့် ဒုက္ခမည်၏။

မချစ်နှစ်လိုအပ်သော သတ္တဝါ၊ သင်္ခါရတို့ကို မြင်ရလျှင်ပင် ဤလောကဌ ရှေးဦးစွာ စိတ်ဆင်းရဲ၏။ ထိုနောက်မှ ကိုယ်၌ ထိုမချစ်နှစ်လိုသော သတ္တဝါ၊ သင်္ခါရတို့ ပယောဂကြောင့်ဖြစ်သော ဆင်းရဲဒုက္ခဖြစ်၏။ ယင်းသို့ ကိုယ် စိတ်ဆင်းရဲနှစ်ပါးစုံ၏ အကြောင်း၏အဖြစ်ကြောင့် အပ္ပိယသမ္ပယောဂကို ဒုက္ခဟူ၍ ဘုရားရှင်ဟောတော်မူ၏။

၁၀။ ပိယဝိပ္ပယောဂဒုက္ခ ချစ်ခင်နှစ်သက်အပ်၊ စိတ်နှလုံးကို ပွားစေတတ်ကုန်သော သတ္တဝါ၊ သင်္ခါရတို့နှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် 'ပိယဝိပ္ပယောဂဒုက္ခ' မည်၏။ စိုးရိမ်ခြင်းဆင်းရဲဒုက္ခ၏ အကြောင်း၏ အဖြစ်ကြောင့် ဒုက္ခမည်၏။

ဆွေမျိုး၊ ဥစ္စာ စသည်တို့နှင့် ကွေကွင်းခြင်းကြောင့် သောကဟူသော မြားငြောင့်သည် စူးဝင်အပ်ကုန်သော မလိမ္မာသူတို့သည် နှလုံးတုန်ဆတ်အသည်းပြတ်မျှ နာကျင်လှ၏။ ထို့ကြောင့် ဤပိယဝိပ္ပယောဂကို ဒုက္ခဟူ၍ သိအပ်၏။

http://www.dhammadownload.com

၁၁။ **ဣန္ဒိတာလာဘဒုက္ခ** "ငါတို့သည် ပဋိသန္ဓေနေခြင်း သဘော မရှိလျှင် ကောင်းပေစွ" အစရှိကုန်သော တောင့်တ၍မရ ကောင်းသော ဝတ္ထုတို့၌ အလိုကိုလျှင် 'ယမ္မိစ္ဆံ န လဘတိ တမ္မိ ဒုက္ခံ' ဟူ၍ ဘုရားရှင်ဟော်တော်မူ၏။ ယင်းသည် ဆင်းရဲခြင်းအကြောင်း၏ အဖြစ်ကြောင့် ဒုက္ခမည်၏။

"ဤလူ့ပြည်၌ ထိုထိုဝတ္ထုကို တောင့်တကုန်သော သတ္တဝါတို့အား ထိုထိုအလိုရှိသော ဝတ္ထုကို မရ၍ စိတ်ပင်ပန်းခြင်းကြောင့်ဖြစ်သော ဒုက္ခ၊ ဒေါမနဿသည်ဖြစ်၏"

"တောင့်တ၍ မရကောင်းသော ဝတ္ထုတို့ကိုတောင်းတခြင်းသည် ယင်း ဒုက္ခ၊ ဒေါမနဿတို့၏ အကြောင်းဖြစ်၏။ ထို့ကြောင့်ဘုရားရှင်သည် မရ ကောင်းသော ဝတ္ထုတို့၏တောင့်တခြင်းကို ဒုက္ခ၏အကြောင်းဟူ၍ ဟောတော် မူ၏"

၁၂။ **ပဋိပါဒါနက္ခန္ဓဒုက္ခ** ဤ ဒုက္ခသစ္စာနိဒ္ဒေသ၌ ဟောပြီး၊ မင်္ဂလသေး သော အလုံးစုံရှိရှိသမျှ ဒုက္ခအပေါင်းသည် ဤဥပါဒါနက္ခန္ဓာတို့ကို ကင်းကြဉ်၍ မရနိုင်၊ မဖြစ်နိုင်။ ထို့ကြောင့်ဘုရားရှင်သည် အကျဉ်းချုပ်အားဖြင့် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို ဒုက္ခဟူ၍ ဟောတော်မူအပ်ကုန်၏။

ချဲ့ဦးအံ့- မီးသည် မီးစာကိုနှိပ်စက်သကဲ့သို့၊ လက်နက်တို့သည် လက်မှန်းတိုင်ကို နှိပ်စက်သကဲ့သို့၊ မှက်၊ ခြင်စသည်တို့သည် နွားအပေါင်းကို နှိပ်စက်ကုန်သကဲ့သို့၊ စပါးရိတ်သူတို့သည် စပါးပင်တို့ကို နှိပ်စက်ကုန်သကဲ့သို့၊ ဇာတိစသည်တို့သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုသာလျှင် အထူးထူး အပြားပြားတို့ဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ မြက်၊ နွယ်စသည်တို့သည် မြေ၌ဖြစ်ကုန်သကဲ့သို့၊ အပွင့်အသီးတို့သည် သစ်ပင်၌ ဖြစ်ကုန်သကဲ့သို့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌သာလျှင် ဖြစ်ကုန်၏။

၁။ ဇာတိသည် ဥပါဒါနက္ခန္ဓာတို့၏ အစ ဆင်းရဲတည်း။
၂။ ဇရာသည် အလယ်ဆင်းရဲတည်း။

http://www.dhammadownload.com

၃။ မရဏာသည် အဆုံး ဆင်းရဲတည်း။

၄။ သခါနိုးဠ်ဖြစ်သော ဒုက္ခသည် အလွန်နှိပ်စက်ခြင်းကြောင့် စိုးရိမ်ပူလောင်သော ဆင်းရဲသည် "သောက" မည်၏။

၅။ ထိုသေဝနိုးပါး အားကြီးသော ဆင်းရဲကို သည်းမခံနိုင်ခြင်းကြောင့် အထွေထွေယောင်ယမ်း၊ မြည်တမ်းခြင်းဟူသော ဆင်းရဲသည် "ပရိဒေဝ" မည်၏။

၆။ ထိုပရိဒေဝထက်အလွန် လည်ချောင်း ခြောက်သွေ့ခြင်း၊ အရိုးအဆက်တို့၏ အစပ်ကို ဖြတ်ခြင်းစသည်ကို ဖြစ်စေတတ်သော သလိပ်၊ သည်းခြေ၊ သွေး၊ လေမည်သော ဓါတ်ခြောက်ခြားခြင်းဟု ဆိုအပ်သော အလိုမရှိအပ်သည့် ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ကြုံခြင်းကြောင့် ကိုယ်နာကျင်ခြင်းဆင်းရဲသည် "ဒုက္ခ" မည်၏။

၇။ ထိုကာယိကဒုက္ခသည် နှိပ်စက်အပ်ကုန်သော ပုထုဇဉ်တို့အား ယင်းကာယိကဒုက္ခ၌ ဒေါသဖြစ်ခြင်းကြောင့် စိတ်နာကျင်ခြင်း ဆင်းရဲသည် "ဒေါမနဿ" မည်၏။

၈။ သောကစသည်တို့၏ ပွားခြင်းသည် ဖြစ်စေအပ်သော ပြင်းပြစွာ နာကျင်ကုန်သူတို့၏ အတွင်း၌လောင်ကျွမ်းခြင်းဆင်းရဲသည် "ဥပါယာသ" မည်၏။

၉။ နှလုံးအလိုပျက်ခြင်းသို့ ရောက်ကုန်သော သူတို့အား အလိုမပြည့်ခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် အလိုရှိအပ်သည်ကို မရခြင်း "ဣစ္ဆိတာလာဘ" မည်၏။

ဤသို့ အထူးထူး အပြားပြားအားဖြင့် ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်အပ်ကုန်သည်ရှိသော် ဥပါဒါနက္ခန္ဓာတို့သည်သာလျှင် ဒုက္ခမည်ကုန်၏ဟု မှတ်အပ်၏။ ဒုက္ခကို တစ်ပါးစီ တစ်ခုစီပြု၍ ဟောအပ်သည်ရှိသော် များစွာသော ကပ်ကမ္ဘာတို့ ပတ်လုံး အကြွင်းအကျန် မရှိသောအားဖြင့် ဟောခြင်းငှာ မတတ်နိုင်။ သို့ဖြစ်၍ အလုံးစုံရှိရှိသမျှ ဒုက္ခအပေါင်းကို သမုဒ္ဒရာရေတစ်စက်တစ်ပေါက်၌ အလုံးစုံသော သမုဒ္ဒရာ၏အရသာကိုခြုံ၍ ပြသကဲ့သို့ အမှတ်မရှိသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ "အလုံးစုံသော ဒုက္ခသည်လည်း

http://www.dhammadownload.com

ဤသို့သဘောရှိသည် သာလျှင်တည်း" ဟု အကျဉ်းချုံးကာ ရုံးစုရှ်ပြခြင်းငှာ "သံခိတ္တေန ပဉ္ဆုပါဒါန ကွန္ဓာ ဒုက္ခာ" ဟူ၍ ဘုရားရှင် ဟော်တော်မူ၏။
(ဝိသုဒ္ဓိမဂ်)

အို စာရှုသူ၊ တရားအားထုတ်သူသည် ဘာကိုသိဖို့ အရေးကြီးသနည်း ဆိုသော် အဘယ်သို့ဖြေမည်နည်း။ ဘာအကျိုးငှာ တရားအားထုတ်သနည်း။ ယင်းတို့အဖြေကို အောက်ပါဝတ္ထုသွားဖြင့် သိပါတော့။

- အခါတစ်ပါး၊ ရဟန်းများစွာတို့သည် ဘုရားရှင်ထံမှောက် လာရောက်ကုန်၍ ဤသို့လျှောက်ထားကုန်၏။

"မြတ်စွာဘုရား၊ သာသနာပြင်ပ အယူရှိကြသည့် ပရိဗိုဇ်များစွာတို့သည် တပည့်တော်တို့အား 'ငါ့ရှင်တို့၊ သင်တို့သည် ရဟန်းဂေါတမထံ၌ ဘယ်အကျိုးငှာ အကျင့်မြတ်ကိုကျင့်သုံးကုန်သနည်း' ဟု မေးမြန်းကြပါကုန်၏"

"မြတ်စွာဘုရား၊ ဤသို့အမေးခံကြရသော တပည့်တော်တို့သည် ထို ပရိဗိုဇ်တို့အား 'ငါ့ရှင်တို့၊ ငါတို့သည် ဆင်းရဲဒုက္ခကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင်းသုံး၏" ဟု ဖြေဆိုကြပါကုန်၏။

မြတ်စွာဘုရား၊ ဤသို့အမေးခံကြရသော တပည့်တော်တို့သည် ဤသို့ဖြေဆိုကြသည်ရှိသော်-

၁။ မြတ်စွာဘုရား၏ စကားကိုပင် အတုလိုက်၍ ဆိုသည်မည်ပါကုန်သလော။

၂။ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲဘဲ ရှိကြပါကုန်၏လော။

၃။ မြတ်စွာဘုရား ဟောသော တရားအား လျော်သောအကြောင်းကို ပြောဆိုမိပါကုန်၏လော။

၄။ အကြောင်းနှင့်တကွဖြစ်၍ ဝါဒဖြစ်ခြင်းသည် တစ်စုံတစ်ရာကဲ့ရဲ့ဖွယ် အကြောင်းသို့မရောက်ဘဲ ရှိပါကုန်၏လော။

အို စာရှုသူ၊ အထက်ပါအမေးစကားကို အထူးသတိထား၍ ရှုကြည့်ပါ။

http://www.dhammadownload.com

မိမိတို့ ပြောဆိုသမျှသည် ယင်းအမေးစကားပါ အချက်အလက်များနှင့် လွတ်ကင်းပါ၏လောဟုလည်း စဉ်းစားဆင်ခြင်ပါ။ ဘုရားရှင်၏အဖြေကိုလည်း အထူးသတိထား၍ ရွှကြည့်ပါ။ ဘုရားရှင် မည်သို့ဖြေမည်နည်း။ ရဟန်းတို့၊ ဤသို့မေး၍ ဤသို့ဖြေသည်ရှိသော်-

၁။ ငါ့စကားကိုပင် အတုလိုက်၍ ဆိုသည်မည်ကုန်၏။
၂။ ငါ့ကို မဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲကုန်။
၃။ ငါ့တရားအား လျော်သောအကြောင်းကို ပြောဆိုကုန်၏။
၄။ အကြောင်းနှင့်တကွဖြစ်၍ ဝါဒဖြစ်ခြင်းသည် တစ်စုံတစ်ရာကဲ့ရဲ့ဖွယ်အကြောင်းသို့ မရောက်ကုန်။

"ရဟန်းတို့၊ ဆင်းရဲဒုက္ခကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ ငါဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးရာ၏။ ရဟန်းတို့၊ သင်တို့အား 'ငါ့ရှင်တို့၊ သင်တို့သည် ဆင်းရဲဒုက္ခကို ပိုင်းခြား၍သိခြင်းအကျိုးငှာ ရဟန်းဂေါတမအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏' ဟု သင်တို့ပြောဆိုသော ထိုဆင်းရဲကား အဘယ်နည်း" ဟု ပရိဗိုဇ်တို့က တဖန်မေးကြမူ ယင်းတို့အား ဤသို့ဖြေရာ၏။ ငါ့ရှင်တို့-

(၁) မျက်စိသည် ဆင်းရဲတည်း။ (၂) အဆင်းတို့သည် ဆင်းရဲတည်း။ (၃) စက္ခုဝိညာဏ်သည် ဆင်းရဲတည်း။ (၄) စက္ခုသမ္ဗန္ဓသည် ဆင်းရဲတည်း။ (၅) စက္ခုသမ္ဗန္ဓကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု ဝေဒနာ၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာသည် ဆင်းရဲတည်း။ ထိုဆင်းရဲကို ပိုင်းခြား၍သိခြင်းငှာ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏။ (နား၊ နှာခေါင်း၊ လျှာသည်၊ ကိုယ်သည်၊ စိတ်သည် ဆင်းရဲတည်း စသည်သိပါတော့)

"ငါ့ရှင်တို့၊ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှာ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏ဟု ငါတို့ပြောသော ထိုဆင်းရဲကား ဤသည်ပင်တည်း။ ရဟန်းတို့၊ ဤသို့အမေးခံကြရသော သင်တို့သည် ထိုပရိဗိုဇ်တို့အား ဤသို့ဖြေဆိုရာ၏"

(သဠာယတနသံယုတ်)

http://www.dhammadownload.com

"အို စာရှုသူ၊ ဒုက္ခသစ္စာကား သိရမည့် သစ္စာတည်း။ သို့ဖြစ်၍ စာရှုသူ သုတမယဉာဏ်ဖြင့် ဦးစွာအမှန်သိရန် ဒုက္ခမျိုးစုံတို့ကို ကျမ်းဂန်လာ အတိုင်း ခြုံ၍ပြခဲ့ပါပြီ။ ဒုက္ခမျိုးစုံတို့၏ အိမ်ဂေဟာဖြစ်သော စာရှုသူ၏ ဥပါဒါနက္ခန္ဓာတွင်းသို့ ဉာဏ်လက်သွင်း၍ မပျင်းမရိ လုံ့လရှိရှိနှင့် ရှုကြည့် ပါလော့"

၂။ ဒုက္ခသမုဒယ အရိယသစ္စာအဖွင့်

သမုဒယခေါ်ပုံ သမုဒယပုဒ်၌ သံသဒ္ဒါသည် တကွယှဉ်ခြင်း အနက်ကိုပြ၏။ ဥသဒ္ဒါသည် ဖြစ်ခြင်းအနက်ကို ပြ၏။ အယသဒ္ဒါသည် အကြောင်းဟူသော အနက်ကိုပြ၏။ သို့ဖြစ်၍ ဤသမုဒယသစ္စာသည် မိမိမှ ကြွင်းသော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော အကြောင်းနှင့်ပေါင်းယှဉ် ခြင်းရှိသော် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ ယင်းသို့ မိမိမှကြွင်းသော အကြောင်းနှင့်ပေါင်းယှဉ်ခြင်းရှိသော် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် ဒုက္ခသမုဒယဟူ၍ ဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်)

အနက်လေးချက် အာယူဟနံ = လောကီအာရုံ၊ အဖုံဖုံဝယ်၊ ခုံမင်ပြန်မှု၊ ဒုက္ခ ထုကို၊ ပေါင်းစုခြင်း၊ အနက်သဘောလည်းကောင်း (၁)

နိဒါနဋ္ဌော = ဒုက္ခချင်းစပ်၊ မကင်းလတ်အောင်၊ နှင်းအပ်သည့် အနေ၊ ဖြစ်စေခြင်း၊ အနက်သဘောလည်းကောင်း (၂)

သံယောဂေါ = ဒုက္ခဝဋ္ဌမှ မလွတ်ရအောင် ဖွဲ့နှောင်ခြင်း၊ အနက်သဘော လည်းကောင်း (၃)

ပလိဗောဓဋ္ဌော = ဝဋ္ဌမှထွက်သွား၊ မဂ်ရထားကို၊ ဖျက်တား ကန့်ကွက် နှောင့် ယှက်ခြင်း၊ အနက်သဘောလည်းကောင်း (၄)

သမုဒယသ = သမုဒယသစ္စာ၏ **ဧတေစ တ္တောရော** = ဤလေးချက်သော အနက်သဘောတို့ကို၊ **သမုဒယဋ္ဌာတိ** = သမုဒယအတွက် ရအပ်သော အနက် တို့ဟူ၍၊ **ပဝုစ္စရေ** = ဗျူပွတ်အလိုက် ရုပ်ဓါတ်ကိုက်အောင် သမိုက် အပ်ပေ ကုန်သတည်း။ (သဒ္ဂြိဟ်ဘာသာဋီကာ)

http://www.dhammadownload.com

သမုဒယသစ္စာဖွင့် "ထိုဒုက္ခစု၊ ထိုအမှုဋ္ဌ၊ ဂရုကတာ၊ တလုံ့လဖြင့်၊ ရွရွ ညံ့ညံ့၊ တရံမပြတ်၊ ငါကောင်မှတ်လျက်၊ လူနတ်သိကြား၊ ပုဂ္ဂိုလ်အား ဖြင့်၊ ယောက်ျားမိန်းမ၊ စွဲလမ်းကြ၍၊ တောင့်တချစ်ခင်၊ တမင်မင်တည့်၊ ငါ့လင်ငါ့မယားငါ့သမီး၊ ငါ့နန်းထီးနှင့်၊ ရွာမှီးဥစ္စာ၊ မြို့ရွာတိုင်းပြည်၊ အိမ်ရာ တည်လျက်၊ လော်လည်မြူးရွင်၊ ဆုံးမခြင်အောင်၊ လိုချင်မပြီး၊ မငြီးသာယာ၊ လက္ခဏာဖြင့်၊ များစွာယှက်ပုံ၊ စေးပျစ်ချုသို့၊ အာရုံခြောက်ဖြာ၊ တဏှာသုံးထပ်၊ နှစ်ရပ်သန္တာန်၊ သုံးတန်ကာလ၊ မြောက်ထပ္ပားလစ်၊ တရှာရှစ်ဟု၊ ဆိုးညစ်ယုတ်မာ၊ ပျော်တတ် စွာသား၊ တဏှာမည်ရှိ၊ စပ်ယှဉ် ဘိတိုင်း၊ မိမိအမျှ၊ မုချဆတ်ဆတ်၊ မြဲမချုတ်အောင်၊ အုပြတ်သည်းကြွေ၊ အသက်သေနှင့်၊ ထွေထွေပြားပြား၊ ထူးထူးအားဖြင့်၊ ပျားလူးသံလျက်၊ လျှာဖြင့်လျက်သို့၊ အနက်လေးပါး၊ ထင်ရှားမြွက်ဟ၊ ဟောဖော်ပြသည်။ဒုက္ခအနေ၊ ဖြစ်စေတတ်ငြား၊ ဤတရားကား၊ မမှား သမုဒယသစ္စာတည်း" (မဃဒေဝ)

သမုဒယအပြား "အဘယ်တရားသည် ဒုက္ခသမုဒယမည်သနည်း။ လောဘသည် ဒုက္ခသမုဒယ မည်၏။ (၁) လောဘမှကြွင်းသော ကိလေသာ ကိုးပါးသည် ဒုက္ခသမုဒယမည်၏။ (၂) ကိလေသာမှကြွင်းသော အကုသိုလ် သည် ဒုက္ခသမုဒယမည်၏။ (၃) အာသဝေါ၏ အာရုံဖြစ်ကုန်သော ကုသလမူလ သုံးပါးတို့သည် ဒုက္ခသမုဒယ မည်၏။ (၄) ကုသလမူလမှကြွင်းကုန်သော အာသဝေါ၏ အာရုံဖြစ်ကုန်သော ကုသိုလ်တရားတို့သည် ဒုက္ခသမုဒယမည်၏" (၅) ဤတရားတို့သည် ဒုက္ခသမုဒယ မည်ကုန်၏။ (ဝိဘင်းပါဠိတော်)

ဒုက္ခသမုဒယ အရိယသစ္စာ ရဟန်းတို့၊ ဆင်းရဲဖြစ်ကြောင်း အရိယာတို့ သိအပ်သော အမှန်တရား "ဒုက္ခသမုဒယ အရိယသစ္စာ" ဟူသည် အဘယ်နည်း။

တဖန် ဘဝသစ်ကိုဖြစ်တတ်သော၊ နှစ်သက်တပ်မက်ခြင်းနှင့် တကွဖြစ်သော၊ ထိုထိုဘဝ အာရုံ၌ အလွန် နှစ်သက်ခြင်းရှိသော-

၁။ ကာမဘုံ၌ တပ်မက်ခြင်း ကာမတဏှာ၊

http://www.dhammadownload.com

၂။ ရူပ-အရူပဘုံတို့၌ တပ်မက်ခြင်း ဘဝတဏှာ၊
၃။ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်ခြင်း ဝိဘာဝတဏှာတို့ပေ
တည်း။ (သုတ်မဟာဝါ ပါဠိတော်)

တဏှာဖြစ်ရာဌာန ရဟန်းတို့၊ ထိုတဏှာ ဖြစ်သည်ရှိသော် အဘယ်၌ဖြစ်သနည်း။ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။

လောကဌ် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောသည်ရှိ၏။ ထိုတဏှာ ဖြစ်သည်ရှိသော် ယင်း၌ ဖြစ်၏။ တည်သည်ရှိသော် ယင်း၌ တည်၏။

ချစ်ခင်သာယာဖွယ် လောကဌ် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောသည် အဘယ်နည်း။

"လောကဌ် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်သည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ဖြစ်၏။ ယင်း၌တည်၏။"

"လောကဌ် အဆင်းရုပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ၊ သဘောတရား ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ်၊ သာယာဖွယ်ဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ ဖြစ်၏။ ယင်း၌ တည်၏။"

"လောကဌ် မျက်စိဌ်မှိသော စက္ခုဝိညာဏ်စိတ်၊ နား၌မှိသော သောတဝိညာဏ်စိတ်၊ နှာခေါင်း၌မှိသော ဃာနဝိညာဏ်စိတ်၊ လျှာ၌မှိသော ဇိဝှာဝိညာဏ်စိတ်၊ ကိုယ်၌မှိသော ကာယဝိညာဏ်စိတ်၊ စိတ်၌မှိသော မနောဝိညာဏ်စိတ်သည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ဖြစ်၏။ ယင်း၌တည်၏။"

"လောကဌ် မျက်စိအတွေ့ စက္ခုသမ္ဖဿ၊ နားအတွေ့ သောတသမ္ဖဿ နှာခေါင်းအတွေ့ ဃာနသမ္ဖဿ၊ လျှာအတွေ့ ဇိဝှာသမ္ဖဿ၊ ကိုယ်အတွေ့ ကာယသမ္ဖဿ၊ စိတ်အတွေ့ မနောသမ္ဖဿသည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ဖြစ်၏၊ ယင်း၌တည်၏။"

"လောကဌ် မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ကြောင့်ဖြစ်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊

http://www.dhammadownload.com

ကာယ၊ မနောသမ္ဖဿဇာ ဝေဒနာသည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ဖြစ်၏၊ ယင်း၌တည် ၏"

"လောက၌ အဆင်းရူပါရုံ၌ မှတ်သားခြင်း ရူပသညာ၊ အသံသဒ္ဒါရုံ၌ မှတ်သားခြင်း သဒ္ဒသညာ၊ အနံ့ဂန္ဓာရုံ၌ မှတ်သားခြင်း ဂန္ဓသညာ၊ အရသာ ရသာရုံ၌ မှတ်သားခြင်း ရသသညာ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားခြင်း ဖောဋ္ဌဗ္ဗသညာ၊ သဘောတရား၌ မှတ်သားခြင်း ဓမ္မသညာသည် ချစ်ခင်သာယာဖွယ် ဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ဖြစ်၏။ ယင်း၌ တည်၏"

"လောက၌ ရူပါရုံ၌ စေ့ဆော်ခြင်း ရူပသဉ္ဇေတနာ၊ သဒ္ဒါရုံ၌ စေ့ဆော်ခြင်း သဒ္ဒသဉ္ဇေတနာ၊ ဂန္ဓာရုံ၌ စေ့ဆော်ခြင်း ဂန္ဓသဉ္ဇေတနာ၊ ရသာရုံ၌ စေ့ဆော်ခြင်း ရသသဉ္ဇေတနာ၊ ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ခြင်း ဖောဋ္ဌဗ္ဗသဉ္ဇေတနာ၊ ဓမ္မာရုံ၌ စေ့ဆော်ခြင်း ဓမ္မသဉ္ဇေတနာသည် ချစ်ခင်သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာဖြစ်သည်၊ တည်သည် ရှိသော် ယင်း၌ ဖြစ်၏၊ ယင်း၌ တည်၏"

"လောက၌ ရူပါရုံ၌ တပ်မက်ခြင်း ရူပတဏှာ၊ သဒ္ဒါရုံ၌တပ်မက်ခြင်း သဒ္ဒတဏှာ၊ ဂန္ဓာရုံ၌ တပ်မက်ခြင်း ဂန္ဓတဏှာ၊ ရသာရုံ၌ တပ်မက်ခြင်း ရသတဏှာ၊ ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်ခြင်း ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မာရုံ၌ တပ်မက်ခြင်း ဓမ္မာတဏှာသည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ ဖြစ်၏။ ယင်း၌ တည်၏"

"လောက၌ ရူပါရုံ၌ ကြံစည်ခြင်း ရူပဝိတက်၊ သဒ္ဒါရုံ၌ ကြံစည်ခြင်း သဒ္ဒဝိတက်၊ ဂန္ဓာရုံ၌ ကြံစည်ခြင်း ဂန္ဓဝိတက်၊ ရသာရုံ၌ ကြံစည်ခြင်း ရသဝိတက်၊ ဖောဋ္ဌဗ္ဗာရုံ၌ ကြံစည်ခြင်း ဖောဋ္ဌဗ္ဗဝိတက်၊ ဓမ္မာရုံ၌ ကြံစည်ခြင်း ဓမ္မဝိတက်သည် ချင်ခင်သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာ ဖြစ်သည်၊ တည်သည်ရှိသော် ယင်း၌ ဖြစ်၏။ ယင်း၌ တည်၏"

"လောက၌ ရူပါရုံ၌ သုံးသပ်ခြင်း ရူပဝိစာရ သဒ္ဒါရုံ၌ သုံးသပ်ခြင်း သဒ္ဒဝိစာရ၊ ဂန္ဓရုံ၌ သုံးသပ်ခြင်း ဂန္ဓဝိစာရ၊ ရသာရုံ၌ သုံးသပ်ခြင်း ရသဝိစာရ ဖောဋ္ဌဗ္ဗာရုံ၌ သုံးသပ်ခြင်း ဖောဋ္ဌဗ္ဗဝိစာရ၊ ဓမ္မာရုံ၌ သုံးသပ်ခြင်း ဓမ္မဝိစာရသည် ချစ်ခင်သာယာဖွယ် သဘောဖြစ်၏။ ထိုဘဏှာ ဖြစ်သည်၊ တည်သည် ရှိသော် ယင်း၌ ဖြစ်၏။ ယင်း၌ တည်၏"

http://www.dhammadownload.com

ရဟန်းတို့ ဤတရားသဘောကို ဆင်းရဲဖြစ်ကြောင်း အရိယာတို့ သိအပ်သော အမှန်တရား 'ဒုက္ခသမုဒယ အရိယသစ္စာ' ဟူ၍ ဆိုအပ်၏။

လောဘကိုသာ အဘယ့်ကြောင့် ဘုရားရှင်သည် ဘုံးသုံးပါးတို့၌ ဒေါသအစ ရှိသော အကုသိုလ်အကြောင်းတို့သည် ထင်းရှားရှိပါကုန်လျက် လောဘကိုသာလျှင် 'သမုဒယသစ္စာ' ဟူ၍ ဟောတော်မူပါသနည်း။

"တစ်ပါးသော အကြောင်းတို့သည် ရှိပါကုန်သော်လည်း ဤလောဘ ကဲ့သို့ အကြောင်းအထူး မပြုတတ် လောဘသည်သာလျှင် အကြောင်းအထူးကို ပြုတတ်သည့် အဖြစ်ကြောင့် သမုဒယသစ္စာ ဟူ၍ ဟောတော်မူ၏"။

ထင်စွာပြဦးအံ့ မောဟသည် ဘဝတို့၌ အပြစ်ကို ဖုံးလွှမ်းရုံးမျှသာ ရှိ၏။ ဒိဋ္ဌိပါဒါနိန် စသည်တို့သည် ထိုထို အာရုံ ဘဝတို့၌ သက်ဝင်၍တဏှာကို တိုးပွားစေတတ်၏။ ဒေါသ စသည်တို့သည် ကံတို့၏ အကြောင်းမျှသာ ဖြစ်၏။ လောဘသည်ကား ထိုထိုဘဝ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တာနိကာယ၊ အမျိုး၊ စည်းစိမ်း၊ အစိုးရခြင်း အစရှိကုန်သော ဆန်းကြယ်သော ဂုဏ်အပေါင်းကို လွန်စွာ တောင့်တ၏။ ကံဆန်းကြယ်၏။ ဥပနိဿယ အပေါင်းအဖော်လည်း ဖြစ်၏။ ယင်းသို့ ဒုက္ခတရားကို အထူးပြုတတ်သည့် အဖြစ်ကြောင့် လောဘကိုသာလျှင် သမုဒယသစ္စာ ဟူ၍ ဟောတော်မူ၏။ (သာရတ္ထဒီပနီဋီကာ)

"ညစ်ကျူ ယုတ်မာ၊ ကိလေသာတိ၊ တဏှာလမ်းသွား ခရီးမှားလျှင်၊ ရေရှားပန်းပင်၊ ကန္တာရပြင်ဝယ်၊ မမြင်ရှေ့နောက်၊ အာခေါင်ခြောက်လျက်၊ သောက်လေသောက်လေ၊ ငတ်မပြေသား၊ ဆားရေတမျှ၊ နတ်ကာမလည်း၊ မဝနိုင်စွာ၊ တဆာဆာတည်း၊ ပါယ်ရွာသို့ချည်း၊ မေ့ကျော့ကျည်း၏" (မဃဒေဝ)

အထပ်ထပ်လေ့လာ အို စာရှူသူ၊ ဤသမုဒယ အဖွင့်ကို အထပ်ထပ် လေ့လာပါ။ သတ္တဝါအားလုံးတို့ ဒုက္ခသစ္စာကို ရရှိနေကြသည်မှာ ဤသမုဒယ သစ္စာကြောင့်ပင်ဖြစ်၏။ အမှန်စင်စစ် ဒုက္ခကို ကြောက်ရမှာထက် သမုဒယကို ကြောက်မှ မှန်ကန်ပါမည်။ အဘယ်ကြောင့်ဆိုသော် သမုဒယအတွက် ဒုက္ခ ဖြစ်ရသောကြောင့်တည်း။

http://www.dhammadownload.com

၃။ ဒုက္ခနိရောဓ အရိယသစ္စာအဖွင့်

နိရောဓခေါ်ပုံ နိရောဓပုဒ်၌ နိသဒ္ဒါသည် မရှိခြင်းအနက်ကို ပြ၏။ ရောဓ သဒ္ဒါသည် သံသရာနှောင်အိမ်ဟူသော အနက်ကိုပြ၏။ ထို့ကြောင့် ဤအသံ်တခါတ်၌ သံသရာနှောင်အိမ်ဟူသော ဒုက္ခအနှောင်အဖွဲ့ မရှိသောအဖြစ်သည် အလုံးစုံသော ဂတိဝါးပါးမှ လွတ်သည့်အဖြစ်ကြောင့် "နိရောဓ" ဟူ၍ ဆိုအပ်၏။

တစ်နည်းဆိုသော် သံသရာနှောင်အိမ်၏ ဆန့်ကျင်ဘက်နိဗ္ဗာန်ကို သိသည့်အဖြစ်ကြောင့် အသံ်တခါတ် နိဗ္ဗာန်ကို ရသည်ရှိသော် ယင်းပုဂ္ဂိုလ်အား သံသရာနှောင်အိမ်ဟု ဆိုအပ်သော ဒုက္ခအနှောင်အဖွဲ့မရှိတော့၍ "ဒုက္ခနိရောဓ" ဟူ၍ ဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်)

အနက်လေးချက် နိဿရဏံ = ဒုက္ခဖန်ခါ သံသရာဝယ်၊ ခန္ဓာဇာတ်သိမ်း၊ လွတ်ငြိမ်းခြင်း၊ အနက်သဘောလည်းကောင်း (၁)

ဝိဝေကဋ္ဌော = တဏှာအပေါင်း၊ တွယ်တာကြောင်းမှ၊ ကောင်းကောင်းလွတ်ကင်း၊ ဆိတ်ငြိမ်ခြင်း၊ အနက်သဘောလည်းကောင်း (၂)

အသံခိတံ = အကြောင်းကြောင်းစု၊ တစ်ခုခုမျှ၊ မပြုအပ်လျှင်း၊ အကြောင်းကင်းသော အနက်သဘောလည်းကောင်း (၃)

အမတဋ္ဌော= နဂိုရိအနေ၊ အိုမသေဘဲ၊ စိုပြေပြေခိုင်၊ တည်တံ့နိုင်သော အနက်သဘောလည်းကောင်း (၄)

နိရောဓသ-နိရောဓသစ္စာ၏၊ **ဇတေစတ္တာရော** = ဤလေးချက်သော အနက်သဘောတို့ကို၊ **နိရောဓဋ္ဌာတိ** = နိရောဓအတွက် ရအပ်သော အနက်တို့ဟူ၍၊ **ပဝုစ္စရေ** = ဗျူပတ်အလိုက် ရပ်ဓာတ်ကိုက်အောင် သမိုက်အပ်ပေကုန်သတည်း။ (သင်္ဂြိဟ်ဘာသာ ဋ္ဌီကာ)

နိရောဓသစ္စာဖွင့် "ဒုက္ခခြင်းရာ၊ ဝဋ်သစ္စာနှင့်၊ တဏှာမက်ကင်း၊ သက်သက်ရှင်း၍၊ ငြိမ်းခြင်းသေတ္တာ၊ မြို့ကြီးဆီစုသား၊ အနုပါဒိသ်၊ ကြွင်းမဲ့တိတ်အောင်၊ နိမိတ် အတ္တာ၊ ကင်းဆိတ်ကွာလျက်၊ မဂ္ဂါရမ္မဏာ၊ ဝိရာဂဟု၊ အမတဓာတ်၊ အမြတ်ဆုံးထား၊ ဤတရားကား၊ မမှား

http://www.dhammadownload.com

နိရောဓသစ္စာတည်း" (မဃဒေဝ)

ဒုက္ခနိရောဓ အရိယသစ္စာ "ရဟန်းတို့၊ ဒုက္ခချုပ်ရာ အရိယာတို့သိအပ်သော အမှန်တရား 'ဒုက္ခနိရောဓ အရိယသစ္စာ' ဟူသည် အဘယ်နည်း။ ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ၊ တဏှာကို စွန့်ရာ၊ တဏှာကို ဝေးစွာစွန့်ရာ၊ တဏှာမှ လွတ်မြောက်ရာ၊ တဏှာဖြင့် မကပ်ငြိရာ နိဗ္ဗာန်တည်း" (သုတ်မဟာပါဠိတော်)

တဏှာချုပ်ရာ "ရဟန်းတို့၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း။ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောကဌ် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘော၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ယင်း ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘော၌ ချုပ်၏"

"လောကဌ် ချစ်ခင်ဖွယ်၊ သာယာဖွယ်သဘောသည် အဘယ်နည်း။ အို စာရှူသူ၊ အဖြေကား သမုဒယသစ္စာ၌ ရှိ၏။ ပြန်ရှုပါ၊ 'ဖြစ်သည် တည်သည်' နှင့် 'ပယ်အပ်သည် ချုပ်သည်' မျှသာ ထူး၏။"

အို စာရှူသူ၊ ယင်းတဏှာ ချုပ်ရေးအတွက် ကျင့်ကြံအားထုတ်ရမည်မှာ မဂ္ဂသစ္စာဖြစ်ပါ၏။ သို့ဖြစ်၍ နိရောဓသစ္စာကို အကျယ်မပြတော့ပါ။ မဂ္ဂသစ္စာကို အသေအချာ လေ့လာပါ။

၄။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာအဖွင့်

မဂ္ဂသစ္စာခေါ်ပုံ ဤ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာကိုပင် မဂ္ဂသစ္စာဟု ခေါ်ဆို၏။ ယင်းသည် ဒုက္ခနိရောဓ ဖြစ်သော အသခံတဓာတ်သို့ အာရုံပြုသည့်အစွမ်း၊ ရှေးရှုဖြစ်သည့် အစွမ်းဖြင့် ရောက်တတ်၏။ ဒုက္ခနိရောဓသို့ ရောက်ကြောင်း အကျင့်လည်း ဖြစ်၏။ ထို့ကြောင့် ယင်း မဂ္ဂသစ္စာကို 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ' ဟူ၍ ဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

အနက် ၄ ချက် နိယျာနဒ္ဒေါ = သံသရာဒုက္ခ၊ ရှုပ်သမျှမှ၊ မုချထွက်ကြောင်း အနက်သဘော လည်းကောင်း။ (၁)

ဟေတွဒ္ဒေါစ = နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်သို့၊ ဆိုက်ကပ်ရန် အကြောင်း၊ အနက်သဘောလည်းကောင်း။ (၂)

ဒဿနံ = သစ္စာလေးတန်၊ မြတ်နိဗ္ဗာန်ကို၊ အမှန်ထင်လင်း၊ မြင်နိုင်ခြင်း အနက်သဘောလည်းကောင်း။ (၃)

အဓိပတေယျဒ္ဒေါ = လေးတန်သစ္စာ၊ မြင်ဖို့ရာနှင့်၊ ကိလေသာမီး၊ အပူကြီးကို အပြီးငြိမ်းမှု၊ ကိစ္စစုဝယ်၊ ခြယ်လှယ်လွှမ်းမိုး၊ အုပ်စိုးနိုင်ခြင်း အနက်သဘော လည်းကောင်း။ (၄)

မဂ္ဂဿ = မဂ္ဂသစ္စာ၏ **စတေစတ္တာရော** = ဤ လေးချက်သော အနက်သဘောတို့ကို **မဂ္ဂဋ္ဌာတိ** = မဂ္ဂအတွက် ရအပ်သော အနက်တို့ဟူ၍၊ **ပဝုစ္စရေ**= ဗျုပ္ပတ်အလိုက်၊ ရပ်ဓာတ်ကိုက်အောင်၊ သမိုက်အပ်ပေကုန်၏။

(သင်္ဂြိဟ်ဘာသာဋီကာ)

မဂ္ဂသစ္စာဖွင့် ယထာဘူတ၊ ရှင်စောပြဿား၊ ဒုက္ခသမုဒယ၊နိရောဓက စသည့် လက္ခဏာ၊ သိတတ်စွာသည့်၊ သမ္မာဒိဋ္ဌိ၊ သိသည့် အရ၊ နိရောဓကို၊ တောင့်တမျော်ရှေး၊ တရေးရေးဖြင့်၊ ကြံတွေးလက္ခဏာ၊ ထင်တတ်စွာတည့်၊ သမ္မာသင်္ကပ္ပ၊ စိတ်ကဆိုးယုတ်၊ ဝစီသုတ်၌၊ ဒုစရိုက်ကို၊ မကြိုက်ပယ်ခွာ၊ ကြဉ်တတ်စွာတည့်၊ သမ္မာဝါစ၊ ကာယဒုစရိ၊ ဝိရမိကို၊ ကြဉ်ဘိသည်မှာ၊ သမ္မာကမ္မန္တ၊ ကာယ-ဝစီ၊ နှစ်လီဒုစရိုက်၊ ထိုအမိုက်ကို၊ ကိုယ်၌တစ်ခု၊ သက်မွေးမှုကြောင့်၊ မပြုကြဉ်ခွာ၊ သမ္မာအာဇီဝ၊ နိရောဓခွင်၊ ရောက်ချင်ကြပ်ကြပ်၊ ပယ်အပ် ပယ်ရှား၊ ပွားအပ် ပွား၍၊ အားထုတ်တတ်စွာ၊ သမ္မာဝါယာမ၊ နိရောဓတတ်၊ တရားမြတ်ကို၊ မပြတ်မရွေ့၊ တစေ့စေ့ဖြင့်၊ အောက်မေ့သည်မှာ၊ သမ္မာသတိ၊ နိဝရဏကင်း၊ ကိလေရှင်း၍၊ ယင်းသည့် အမြတ်၊ နိရောဓတ်၌၊ သက်လပ်အပ္ပနာ၊ တည်ကြည်စွာသည့်၊ သမ္မာသမာဓိ၊ မည်ရှိထင်ရှား၊ ဤရှစ် ပါးကား၊ မဂ်သစ္စာတည်း။ (မဃဒေဝ)

မဂ္ဂသစ္စာ ရဟန်းတို့၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့် ဟူသော အရိယာတို့ သိအပ်သော အမှန်တရား

http://www.dhammadownload.com

'ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စာ' ခေါ် မဂ္ဂသစ္စာဟူသည် အဘယ်နည်း။

(၁) မှန်စွာသိမြင်ခြင်း = **သမ္မာဒိဋ္ဌိ**၊ (၂) မှန်စွာကြံခြင်း = **သမ္မာသင်္ကပ္ပ**၊ (၃) မှန်စွာပြောဆိုခြင်း = **သမ္မာဝါစာ**၊ (၄) မှန်စွာပြုလုပ်ခြင်း = **သမ္မာကမ္မန္တ**၊ (၅) မှန်စွာအသက်မွေးခြင်း = **သမ္မာအာဇီဝ**၊ (၆) မှန်စွာအားထုတ်ခြင်း = **သမ္မာဝါယာမ**၊ (၇) မှန်စွာအောက်မေ့ခြင်း = **သမ္မာသတိ**၊ (၈) မှန်စွာတည်ကြည်ခြင်း = **သမ္မာသမာဓိ** ဟူသော မြတ်သောအင်္ဂါရုစ်ပါးရှိ သော ဤမဂ်အကျင့်လမ်းတည်း။ (သုတ်မဟာဝါပါဠိ)

၁။ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိဟူသည် ဉာဏ်ပညာကို ခေါ်သည်။ ယင်း ဉာဏ်ပညာသည် -

၁။ ဒုက္ခအမှန်ကို သိသော ဉာဏ်တစ်ပါး၊

၂။ ဒုက္ခဖွားစီးကြောင်း အမှန်ကို သိသော ဉာဏ်တစ်ပါး၊

၃။ ဒုက္ခချုပ်ငြိမ်းမှု အမှန်ကို သိသော ဉာဏ်တစ်ပါး၊

၄။ ဒုက္ခချုပ်ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်းဖြစ်သော အကျင့်လမ်းမှန် ကို သိသော ဉာဏ်တစ်ပါး၊

ဟူ၍လေးပါးရှိသည်။ ယင်းဉာဏ်လေးပါးကို "သမ္မာဒိဋ္ဌိ" ဟူ၍ ခေါ်သည်။

သမ္မာဒိဋ္ဌိအပြား သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိဟူ၍ နှစ်ပါးရှိ၏။ ယင်းတွင် ကမ္မဿကတာ ဉာဏ်နှင့် သစ္စာနုလောမိကဉာဏ်သည် လောကီသမ္မာဒိဋ္ဌိ မည်၏။ တစ် နည်းသော် အာသဝနှင့်တကွဖြစ်သော၊ အလုံးစုံသော လောကီပညာသည် လောကီသမ္မာဒိဋ္ဌိ မည်၏။ မဂ်ဖိုလ်နှင့်ယှဉ်သော ပညာသည် လောကုတ္တရာ သမ္မာဒိဋ္ဌိ မည်၏။ (သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ)

တစ်နည်းဆိုသော် သမ္မာဒိဋ္ဌိသည် ဂိဟဿနာ သမ္မာဒိဋ္ဌိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် -

၁။ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသည်တို့ကို သိသော ဉာဏ်သည်

http://www.dhammadownload.com

ဝိပဿနာသမ္မာဒိဋ္ဌိ မည်၏။

၂။ လျှော အကျိုးရှိ၏ စသည်ဖြင့် သိသော ဉာဏ်သည် ကမ္မဿကတာသမ္မာဒိဋ္ဌိ မည်၏။

၃/၄။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည်ကို ပေါင်းရုံး သိမ်းဆည်းနိုင်သော ဉာဏ်သည် မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ မည်၏။

၅။ မိမိ မြင်အပ်ပြီးသော မဂ်၊ ဖိုလ်စသည်တို့ မဖောက်မပြန်၊ အမှန်ထိုးထွင်း၍ သိစွမ်းနိုင်သော ဉာဏ်သည် ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ မည်၏။ (မဟာစတ္တာရီသကသုတ် အဋ္ဌကထာ)

၂။ **သမ္မာသင်္ကပ္ပ** သမ္မာသင်္ကပ္ပသည် -

(၁) နေက္ခမ္မသင်္ကပ္ပ၊ (၂) အဗ္ယာပါဒသင်္ကပ္ပ၊ (၃) အဝိဟိံသသင်္ကပ္ပ ဟူ၍ သုံးပါးရှိ၏။ ယင်းတွင် -

ကောင်းသောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း၊ ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၌ လည်းကောင်း၊ တပ်ခြင်း၊ တွယ်တာခြင်း၊ စွဲလမ်းခြင်းကို ပယ်စွန့်နိုင်သော အလောဘနှင့်ယှဉ်သော အကြံအစည်မျိုးသည် နေက္ခမ္မသင်္ကပ္ပမည်၏။ (၁)

လူ၊ တိရိစ္ဆာန်အစရှိသော ခပ်သိမ်းသော သတ္တဝါတို့၌ ကောင်းကျိုးချမ်းသာကို လိုလားသော မေတ္တာနှင့်ယှဉ်သော အကြံအစည်မျိုးသည် အဗ္ယာပါဒသင်္ကပ္ပ မည်၏။ (၂)

ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါတို့ကို သနားညှာတာတတ်သော ကရုဏာနှင့် ယှဉ်သော အကြံအစည်မျိုးသည် အဝိဟိံသသင်္ကပ္ပ မည်၏။

၃။ **သမ္မာဝါစာ** သမ္မာဝါစာသည် -

၁။ မုသာဝါဒဝိရတိ၊ ၂။ ဝိသုဏ်ဝါစာဝိရတိ၊

၃။ ဖရုသဝါစာဝိရတိ၊ ၄။ သမ္ဖပ္ပလာပဝိရတိ ဟူ၍ လေးပါးရှိ၏။ ယင်းတွင် -

၁။ မဟုတ်သည်ကို အဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်း၊ ဟုတ်သည်ကို မဟုတ်ဟူ၍ ယူမှတ်အောင် ပြောဆိုခြင်းသည် မုသာဝါဒ မည်၏။

http://www.dhammadownload.com

ယင်း မုသာဝါဒမှလွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် "မုသာဝါဒ ဝိရတိ" မည်၏။

၂။ အချင်းချင်း ယုံကြည်လေးမြတ်၍ နေကြကုန်သော သူနှစ်ဦးကို အယုံအကြည်၊ အလေးအမြတ် ပျက်အောင်၊ စိတ်ဝမ်းကွဲပြားအောင် ပြောဆိုခြင်းကို သူနှစ်ဦးတို့၏ အကြားဌ ကုန်းတိုက်ခြင်းသည် "ပိသုဏဝါစာ" မည်၏။ ယင်း ပိသုဏဝါစာမှ ကြဉ်ရှောင်ခြင်းသည် "ပိသုဏဝါစာ" မည်၏။

၃။ ဆဲရေးလိုသော ဒေါသစိတ်ဖြင့် သူတစ်ပါးအား အမျိုးကို ထိခိုက်အောင်ဆိုခြင်း၊ အနွယ်၊ သဏ္ဌာန်၊ အလုပ်အကိုင်ကို ထိခိုက်အောင်ဆိုခြင်း အစရှိသည်တို့သည် ဖရုသဝါစာ မည်၏။ ယင်း ဖရုသဝါစာမှ ကြဉ်ရှောင်ခြင်းသည် "ဖရုသဝါစာဝိရတိ" မည်၏။

၄။ လောကဌ် ဆန်းကြယ်စွာ စီမံလုပ်ကိုင်ထားသော ဒဏ္ဍာရီဇာတ်လမ်းဝတ္ထုတို့ကို ကြားနာသူတို့အား အလိမ္မာတိုးပွားရန် အတွ-ဓမ္မ-ဝိနယနှင့် စပ်ယှဉ်သော စကားဟူ၍ မပါမရှိ။ သက်သက်အားဖြင့် စိတ်ပျော်မွေ့ဖွယ် တို့ကို လုပ်ကြံ၍ထားသော စကားမျိုးသာ ပါရှိ၏။ ယင်း စကားမျိုးကို သူတစ်ပါးတို့အား ပြောဟောခြင်းသည် သမ္ဖပ္ပလာပ မည်၏။ သုံးဆယ့် နှစ်ပါးသော တိရစ္ဆာနကထာ စကားမျိုးသည်လည်း သမ္ဖပ္ပလာပ သာမည မျိုးမည်၏။ ယင်း သမ္ဖပ္ပလာပ စကားမျိုးမှ လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည် "သမ္ဖပ္ပလာပဝိရတိ" မည်၏။

အတ္တ-ဓမ္မ-ဝိနယ"အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ဓမ္မိယလဒ္ဓဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ရနိုင်ခြင်း အစ ရှိသော ပစ္စုပ္ပန်အကျိုးနောက်ဘဝတို့၌ လူ့ချမ်းသာကို ရခြင်း အစရှိသော ကောင်းကျိုးချမ်းသာမျိုးကို ပြသော စကားမျိုးသည် အတ္တနှင့် စပ်ယှဉ်သော စကားမျိုး မည်၏"

ထိုအကျိုးတို့ကို ရရာ ရကြောင်းဖြစ်သော နည်းလမ်း ဥပဒေသ စကားမျိုးသည် ဓမ္မနှင့် စပ်ယှဉ်သော စကားမျိုး မည်၏။

လူ့ ကျင့်ဝတ်တရား၊ ရှင့် ကျင့်ဝတ်တရားတို့ဖြင့် စပ်ယှဉ်သော စကားမျိုး၊ လောဘ၊ ဒေါသကို ဖြေဖျောက်ရန် တရားမျိုးစသည်သည် ဝိနယနှင့် စပ်ယှဉ်သော စကားမျိုးမည်၏။

http://www.dhammadownload.com

အတိုင်းအရှည်သိ အတ္တ၊ ဓမ္မ၊ ဝိနယတို့၌ အလိမ္မာ ပွားစီးခြင်းကို အလိုရှိကုန်သော သူတို့သည် ထိုမုသားစကား၊ ကုန်းစကား၊ ဆဲရေးစကား၊ သမ္ဖပ္ပလာပစကား၊ တိရစ္ဆာနကထာ စကားမျိုးတို့နှင့် အချိန် နာရီကုန်ခြင်းကို ဝေးစွာ ကြဉ်ရှောင်ရာ၏။

သမထ၊ ဝိပဿနာ၊ ဘာဝနာအလုပ်များကို ကြိုးစား အားထုတ်ကြကုန်သော သူတို့အား အတ္တ၊ ဓမ္မ၊ ဝိနယနှင့် စပ်ယှဉ်သော စကားမျိုးတို့ကို သော်လည်း အတိုင်းအရှည်ကို သိ၍ ပြောဆိုကြကုန်ရာ၏။ (တိရစ္ဆာနကထာ စကား ၃၂ ပါးကို ဗုဒ္ဓဓမ္မပြဿနာများ (၁) တွင် ရှုကြည့်ပါ)

ဝါစာသုံးပါး ဝါစာသည် စေတနာဝါစာ၊ ဝိရတီဝါစာ၊ သဒ္ဒဝါစာ ဟူ၍ သုံးပါး အပြားရှိ၏။ ယင်းတွင် -

၁။ ကောင်းစွာဆိုခြင်း၊ မကောင်းသဖြင့် မဆိုခြင်း၊ အပြစ် မရှိခြင်း၊ ပညာရှိအား မထိပါးခြင်းဟူသော စကားကောင်း အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် စေတနာဝါစာ မည်၏။

၂။ ဝစီဒုစရိုက် လေးပါးတို့မှ ကောင်းစွာ ကြဉ်ရှောင်ခြင်းသည် ဝိရတီဝါစာ မည်၏။

၃။ သဒ္ဒါအနက်တို့ကို မပျက်စီးရအောင် ပြောဆိုခြင်းသည် သဒ္ဒါဝါစာ မည်၏။

ယင်းဝါစာ သုံးပါးတို့တွင် ဤသမ္မာဝါစာ အရာ၌ ဝိရတီဝါစာကို သာလျှင် ယူအပ်၏။ (အင်္ဂသာလိနီ အင်္ဂကထာ)

စကားခြောက်ခွန်း "ဟုတ် မဟုတ်ဆို၊ မနာလိုနှင့်၊ နာလိုတုံဘိ၊ ကျိုး မရှိငြား၊ စကားလေးလုံး၊ သူမိုက်သုံးကို၊ သက်ဆုံးဉာဏ်ယှဉ်၊ မမိန့်ကျင်ဘူး၊ သူပင်နာလို၊ မနာလိုတိ၊ ကျိုးရှိဟုတ်မှန်၊ ဤနှစ်တန်သာ၊ သူမွန်သူထွတ်၊ သူမြတ်ပညာဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ သုဂတတို့၊ ပြောကြစရိုး၊ နည်းမှန်ခိုးလော့" (မဃဒေဝ)

၁။ ဟုတ်လည်း မဟုတ်။ မှန်လည်း မမှန်။ အကျိုးလည်း မရှိ။ သူတစ်ပါးတို့လည်း မနှစ်သက်သော စကား။

http://www.dhammadownload.com

၂။ ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးလည်း မရှိ။ သူတစ်ပါးတို့လည်း မနှစ်သက်သော စကား။

၃။ ဟုတ်လည်း မဟုတ်။ မှန်လည်း မမှန်။ အကျိုးစီးပွားလည်း မရှိ။ သူတစ်ပါးတို့ နှစ်သက်သော စကား။

၄။ ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးကား မရှိ။ သူတစ်ပါးတို့ နှစ်သက်သော စကား။

ဤစကား လေးမျိုးကို ဘုရားရှင်တို့ ဆိုတော်မမူကုန်။

၁။ ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားလည်း ရှိ၏။ သူတစ်ပါးတို့ မနှစ်သက်သော စကား။

၂။ ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားလည်း ရှိ၏။ သူတစ်ပါးတို့လည်း နှစ်သက်သော စကား။

ဤစကား ၂ မျိုးကို ဘုရားရှင်တို့ ဆိုတော်မူကုန်၏။

၄။ သမ္မာကမ္မန္တ သမ္မာကမ္မန္တသည် - (၁) ပါဏာတိပါတ ဝိရတိ၊ (၂)အဒိန္နာဒါနဝိရတိ၊ (၃) ကာမေသုမိစ္ဆာစာရဝိရတိ ဟူ၍ သုံးပါးအပြားရှိ၏။ ယင်းတွင် -

၁။ သန်း၃၊ ကြမ်းပိုး၃ ဖျက်ဆီးခြင်း၊ ကိုယ်ဝန်ဖျက်ဆီးခြင်းတို့မှ စ၍ အသက်ရှိသော သတ္တဝါကို သေပျောက် ပျက်ဆုံးစေလိုသော စိတ်ဖြင့် သေပျောက်ပျက်ဆုံးရန် ကိုယ်နှုတ်ပယောဂကို ပြုခြင်းသည် "ပါဏာတိပါတ" မည်၏။ ယင်းပါဏာတိပါတမှ ကြဉ်ရှောင်ခြင်းသည် ပါဏာတိပါတ ဝိရတိ မည်၏။

၂။ မြက်၊ ထင်း၊ ရေတို့မှ စ၍ သူတစ်ပါးတို့၏ ဥစ္စာဟူ၍ သိမ်းပိုက်ဆဲဖြစ်သော သက်ရှိသက်မဲ့ ဝတ္ထုကို ဥစ္စာရှင် မမြင်မသိအောင် ခိုးယူလိုသော စိတ်ဖြင့် ခိုးယူခြင်း၊ ကိုယ် နှုတ် လုံ့လကို ပြုခြင်းသည် အဒိန္နာဒါန မည်၏။ ယင်း အဒိန္နာဒါနမှ ကြဉ်ရှောင်ခြင်းသည် အဒိန္နာဒါနဝိရတိ မည်၏။

http://www.dhammadownload.com

၃။ အမိစောင့်သော မိန်းမ၊ အဖစောင့်သော မိန်းမတို့မှ စ၍ မလွန်ကျူးထိုက်သော မိန်းမတို့၌ လွန်ကျူးသော ယောကျ်ားတို့၏ လွန်ကျူးမှုသည်လည်းကောင်း၊ လင်ရှိလျက် မိမိလင်မှတစ်ပါးသော မလွန်ကျူးထိုက်သော ယောကျ်ားနှင့် လွန်ကျူးသော မိန်းမ၏ လွန်ကျူးမှုသည်လည်းကောင်း ကာမေသုမိစ္ဆာစာရ မည်၏။ ယင်း ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်းသည် ကာမေသုမိစ္ဆာစာရ ဝိရတိ မည်၏။ (ယင်းအကျယ်ကို ဗုဒ္ဓဓမ္မ ပြဿနာ (၁)တွင် ရှုကြည့်ပါ)

မှတ်ချက် ယစ်မျိုးငါးပါး သောက်စားမှုကိုလည်းကောင်း၊ ဖဲ၊ ပဆစ်၊ ကြွေအန် အစရှိသော ကစားမှုများကိုလည်းကောင်း ကာမေသုမိစ္ဆာစာရ၌ သွင်း၏။ (မဂ္ဂင်္ဂဒီပနီ)

၅။ သမ္မာအာဇီဝ သမ္မာအာဇီဝသည်

၁။ ဒုစရိတမိစ္ဆာဇီဝဝိရတိ၊ ၂။ အနေသနမိစ္ဆာဇီဝဝိရတိ၊ ၃။ ကုဟနာဒိ မိစ္ဆာဇီဝဝိရတိ၊ ၄။ တိရစ္ဆာနဇီဝဝိရတိ ဟူ၍လေးပါး အပြားရှိ၏။

ယင်းတွင် -

၁။ ပါဏာတိပါတ စသော ကာယဒုစရိုက် သုံးပါး၊ မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးတို့တွင် တစ်ပါးပါးသော ဒုစရိုက်နှင့် ပစ္စည်းဥစ္စာ ရှာကြံ၍ အသက်မွေးခြင်းသည် ဒုစရိတမိစ္ဆာဇီဝ မည်၏။ ယင်း ဒုစရိတ မိစ္ဆာဇီဝမှ ကြဉ်ရှောင်ခြင်းသည် ဒုစရိတမိစ္ဆာဇီဝဝိရတိ မည်၏။

မှတ်ချက် သတ္တဝါ၊ အဆိပ်၊ လက်နက်၊ သေရည်အရက်၊ အမဲ၊ သား ငါးဟူသော မရောင်းအပ်သော ကုန်မျိုး ငါးပါးတို့ကို ရောင်းချ၍ အသက်မွေးခြင်းကိုလည်း ဤမိစ္ဆာဇီဝ၌ သင်္ဂြိဟ် ရေတွက်အပ်၏။

၂။ လူတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဓာတ်ရိုက်ခြင်း၊ ဆေးကုခြင်းစသော ၂၁ ပါးသော အနေသနမှုတို့ဖြင့် ပစ္စည်းလာဘ်လာဘကို ရအောင်ပြု၍ ရသေ့ရဟန်းတို့၏ အသက်မွေးမှုသည် အနေ

http://www.dhammadownload.com

သနမိစ္ဆာဇီဝ မည်၏။ ယင်းမှ ကြဉ်ရှောင်မှုသည် အနေသန မိစ္ဆာဇီဝ ဝိရတိ မည်၏။

၃။ ကုဟန၊ လပန စသည်ဖြင့် မိစ္ဆာဇီဝ ဝတ္ထုငါးပါး ရှိ၏။ ယင်းမှ ကြဉ်ရှောင်ခြင်းသည် ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ မည်၏။

သီလမရှိပဲလျက် သီလရှိသည်ဟု ထင်မှတ်ရအောင် ဟန်ဆောင်ခြင်း အစရှိသည်ဖြင့် မိမိ၌ မရှိသော အံ့ဖွယ်သူရဲ ထူးကဲလွန်မြတ်သော ဂုဏ်တို့ကို မိမိ၌ ရှိသည်ဟု ထင်မှတ်ရအောင် ကြံဆောင် စဉ်းလဲ၍ လာဘ်လာဘရအောင် ပြုမှုသည် 'ကုဟန' မည်၏။ (၁)

ပစ္စည်း၊ လာဘ်လာဘနှင့် စပ်လျဉ်း၍ အပြောအဆို ရဲရင့်ခြင်းသည် 'လပန' မည်၏။ (၂)

မိမိအား ပစ္စည်းဝတ္ထု လှူဒါန်းပေးကမ်းစေရန် အရိပ်နိမိတ် ပြုခြင်းသည် 'နိမိတ္တ' မည်၏။ (၃)

မလှူ မပေးဘဲ မနေသာအောင် စကားဖြင့် လှည့်ပတ် ကြိတ်နှိပ်ခြင်းသည် 'နိပ္ပေသန' မည်၏။ (၄)

တစ်အိမ်၌ တမတ်တန် ရပြီးသော လာဘ်ကို ထိုအိမ်မှ ဟစ်ကျပ်တန် လာဘ်ကိုရအောင် ပြုခြင်းသည် 'လာဘေန လာဘနိဇိဂီသန' မည်၏။ (၅)

၄။ အင်္ဂဝိဇ္ဇာအတတ်၊ လက္ခဏဝိဇ္ဇာအတတ် အစရှိသော လောကီအတတ် ပညာမျိုးသည် ရသေ့၊ ရဟန်းတို့၏ အကျင့်တရားနှင့် ဖီလာကန့်လန့် ဆန့်ကျင် ဘက်မျိုးဖြစ်၍ တိရစ္ဆာနဝိဇ္ဇာ မည်၏။ ထို အတတ်တို့ဖြင့် ဟောကြားလျက် အသက်မွေးမှုသည် ရသေ့ရဟန်းတို့၏ တိရစ္ဆာနမိစ္ဆာဇီဝ မည်၏။ ယင်းမှ ကြဉ်ရှောင်မှုသည် 'တိရစ္ဆာန မိစ္ဆာဇီဝ ဝိရတိ' မည်၏။

ရှင်သာရိပုတ္တ အခါတစ်ပါး ရှင်သာရိပုတ္တသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်တစ်နေ့သ၌ အရှင်မြတ်သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွပြီးလျှင် သောက်ရေ သုံးရေ အဆင်ပြေရာ ဇရပ်တစ်ခု၌ ဆွမ်းဘုဉ်းပေးနေ၏။ ထိုအခါ သုစိ

http://www.dhammadownload.com

မုခီ ပရိဗိုဇ်မသည် အရှင်မြတ်ထံ ချဉ်းကပ်၍ လျှောက်၏။

"ရှင်ရဟန်း၊ အောက်သို့ ငုံ့၍ စားပါသလော" "နှမ၊ ငါသည် အောက်သို့ ငုံ့၍ မစားပါ" "ရှင်ရဟန်း၊ သို့ဖြစ်၍ အထက်သို့ မော့၍ စားပါသလော" "နှမ၊ ငါသည် အထက်သို့လည်း မော့၍ မစားပါ"

"ရှင်ရဟန်း၊ သို့ဖြစ်လျှင်အရပ်လေးမျက်နှာသို့လှည့်၍စားပါသလော"

"နှမ၊ ငါသည် အရပ်လေးမျက်နှာသို့လည်း လှည့်၍ မစားပါ"

"ရှင်ရဟန်း၊ သို့ဖြစ်လျှင် အထောင့် အရပ်လေးမျက်နှာသို့ လှည့်၍ စားပါသလော"

"နှမ၊ ငါသည် အထောင့်အရပ်လေးမျက်နှာသို့လည်း လှည့်၍မစားပါ"

"ရှင်ရဟန်း၊ သို့ဖြစ်လျှင် အဘယ်သို့ စားပါသနည်း"

"နှမ၊ မြေနေရာ ကောင်းဆိုးကို သိသော မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော မြေကြန်အတတ်ဖြင့် ယွင်းမှားစွာ အသက်မွေးသော ရသေ့ရဟန်းတို့ကို အောက်သို့ ငုံ့စားသူတို့ဟု ဆိုအပ်၏။ နှမ၊ ငါကား ယင်းအတတ်ဖြင့် အသက်မမွေး၊ တရားသဖြင့် ဆွမ်းခံစား၏" "နှမ၊ မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သောနက္ခတ်အတတ်ဖြင့်ယွင်းမှားစွာ အသက်မွေးသော ရသေ့ရဟန်းတို့ကို အထက်သို့မော့၍ စားသူတို့ဟု ဆိုအပ် ကုန်၏။နှမ၊ ငါကား ယင်းအတတ်ဖြင့် အသက်မမွေး၊တရားသဖြင့်ဆွမ်းခံစား၏" "နှမ၊ တမန်အမှု အစေအခိုင်းခံမှုဖြင့် ယွင်းမှားစွာ အသက်မွေးသော ရသေ့ရဟန်းတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏။ နှမ၊ ငါကား ယင်းအမှုဖြင့် အသက်မမွေး၊ တရားသဖြင့် ဆွမ်းခံစား၏" "နှမ၊ မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော အင်္ဂါဝိဇ္ဇာအတတ်ဖြင့် ယွင်းမှားစွာ အသက်မွေးသောရသေ့ရဟန်းတို့ကို အထောင့်အရပ်လေးမျက်နှာသို့ လှည့်၍စားသူတို့ဟု ဆိုအပ်ကုန်၏။ နှမ ငါကား ယင်းအတတ်ဖြင့် အသက် မမွေး၊ တရားသဖြင့် ဆွမ်းခံစား၏"

ထိုအခါ သုစိမုခီ ပရိဗိုဇ်မသည် ရာဇဂြိုဟ်ပြည်တွင်းဝယ် လမ်းမတစ်ခုမှ လမ်းမတစ်ခုသို့ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့ လှည့်လည်ပြီးလျှင် ကြွေးကြော်ပြောကြား၏။

"သာကီဝင်မင်းသား၊ ဘုရားသားတော်တို့သည် တရားနှင့် လျော်ညီစွာ အစာကို စားကုန်၏။ အပြစ်မရှိသောအားဖြင့် အစာကို စားကုန်၏။ သာကီဝင်

http://www.dhammadownload.com

မင်းသား ဘုရားသားတော် ရဟန်းတို့အား ဆွမ်းလောင်းလှူကြကုန်လော့"
(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်)

၆။ သမ္မာဝါယာမ သမ္မာဝါယာမသည် -

၁။ ယခုဘဝတွင် မိမိသန္တာန်မှာ ဖြစ်ဖူးကုန်သော ဒုစရိုက်တရားတို့ကို ဤဘဝမှစ၍ နောင်ဘဝအဆက်ဆက်တို့၌ မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ တစ်ဖန်မဖြစ်အောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း = သမ္မာဝါယာမ

၂။ ယခုဘဝတွင် မိမိသန္တာန်မှာ မဖြစ်ဖူးကုန်သော နောင်အခါ မိမိသန္တာန်မှာ ဖြစ်လတ္တံ့သောအဖို့၌တည်နေကုန်သောဒုစရိုက်တရားတို့ကို အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် နောင်အခါ မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ မဖြစ်အောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း = သမ္မာဝါယာမ။

၃။ ယခုဘဝတွင် မိမိသန္တာန်မှာ မဖြစ်ဖူးကုန်သေးသော အထက်အထက်သော ဝိသုဒ္ဓိတို့ကို ယခုဘဝ၌ပင် မရ၊ မရောက်လျှင် မနေရအောင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း = သမ္မာဝါယာမ။

၄။ ယခုဘဝတွင် မိမိသန္တာန်မှာ ကျင့်သုံးဆောက်တည်၍ နေသော ငါးပါးသီလ၊ ရှစ်ပါးသီလ ဟူသော သီလဝိသုဒ္ဓိ တရားကို အမြဲနိယာမအဖြစ်သို့ ရောက်၍ နောင်အခါ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အစဉ်အမြဲ တည်စေခြင်းငှာ မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း = သမ္မာဝါယာမ ဟူ၍ လေးပါးအပြားရှိ၏။

ဤကား သိလွယ်ရန် ပြဆိုသော သမ္မာဝါယာမ လေးပါးတည်း။ လေးပါးဆိုသော်လည်း ကိစ္စအားဖြင့်သာ လေးပါးရှိသည်။ တရားကိုယ်မှာ ဝီရိယတစ်ပါးတည်းသာတည်း။ တစ်ခုသော ဝိသုဒ္ဓိကို ရရှိအောင် အားထုတ်သောအခါ၌ တစ်ခုသော ဝီရိယမှာ ထိုကိစ္စလေးပါး တစ်ပေါင်းတည်း ပါဝင်၏။ (မဂ္ဂင်္ဂဒီပနီ)

ကုသိုလ်၊ အကုသိုလ် သမ္မာဝါယမ လေးပါးတို့၌ သတ္တဝါတို့ကို အမြဲလျှင် ပူပန်စေတတ်၊ ညစ်ညူးစေတတ်၊ ယုတ်ညံ့သိမ်ဖျင်းခြင်းသို့ ရောက်စေတတ်သော အကုသိုလ်တရားသည် -

၁။ ဥပ္ပန္နအကုသိုလ်၊ ၂။ အနုပ္ပန္နအကုသိုလ်

http://www.dhammadownload.com

ဟူ၍ နှစ်မျိုးရှိ၏။ သတ္တဝါတို့ကို အေးငြိမ်းစေတတ်၊ ဖြူစင်စေတတ်၊ မြင့်မြတ်ကြီးပွားခြင်းသို့ ရောက်စေတတ်သော ကုသိုလ်တရားသည် -

၁။ ဥပပဇ္ဇနကုသိုလ်၊ ၂။ အနုပပဇ္ဇနကုသိုလ်

ဟူ၍ နှစ်မျိုးရှိ၏။ ယင်း ဥပပဇ္ဇန၊ အနုပပဇ္ဇန ကုသိုလ်၊ အကုသိုလ်တို့တွင် -

၁။ ဒုစရိုက်ဆယ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်ဟူ၍လည်းကောင်း၊ ဖြစ်ဆဲဟူ၍လည်းကောင်း သိရှိသော ဒုစရိုက်တရားသည် 'ဥပပဇ္ဇနအကုသိုလ်' မည်၏။

၂။ ဒုစရိုက်ဆယ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်လည်း မဟုတ်၊ ဖြစ်ဆဲလည်း မဟုတ်၊ ရှေ့သို့ ဖြစ်လတ္တံ့သောအဖို့၌ တည်နေသော ဒုစရိုက်တရားသည် 'အနုပပဇ္ဇနအကုသိုလ်' မည်၏။

၁။ ဝိသုဒ္ဓိခုနှစ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူး၏။ ဖြစ်၍ တည်သော ဝိသုဒ္ဓိတရားသည် 'ဥပပဇ္ဇနကုသိုလ်' မည်၏။

၂။ ဝိသုဒ္ဓိခုနှစ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်သေး၊ မရဖူးသေးသော ဝိသုဒ္ဓိတရားသည် 'အနုပပဇ္ဇနကုသိုလ်' မည်၏။

မဂ္ဂင်၏အာနုဘော် ယခုပစ္စုပ္ပန်ဘဝ၌ မဂ္ဂင်ရှစ်ပါးကို ရှုပွားအားထုတ်သည်ရှိသော် -

၁။ ဥပပဇ္ဇနအကုသိုလ် ဒုစရိုက်တို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် မိမိသန္တာန်မှာ နောင်တစ်ဖန် မဖြစ်ပေါ်လာကုန်ပြီ။

၂။ အနုပပဇ္ဇနအကုသိုလ် ဒုစရိုက်တို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝမှစ၍ အနုပါဒိသသနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် နောင်မိမိသန္တာန်မှာ တစ်ရံတစ်ဆစ်မျှ မဖြစ်လာကုန်ပြီ။

၃။ ဝိသုဒ္ဓိခုနှစ်ပါးတို့တွင် ယခုဘဝ၌ မိမိသန္တာန်မှာ ရရှိနေသော ဝိသုဒ္ဓိတရားသည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် မိမိသန္တာန်၌ တစ်ဖန် ပျက်စီးခြင်း မရှိသော နိယာမသဘောသို့ ဆိုက်ရောက်၍ တည်လေ၏။

၄။ ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူး၊ မရဖူး၊ မရောက်ဖူးကုန်သေးသော

http://www.dhammadownload.com

ဝိသုဒ္ဓိတရားတို့သည်လည်း မဂ္ဂင်ရှစ်ပါး၏ အာနုဘော်ကြောင့် ယခုဘဝ၌ ပင်လျှင် မိမိသန္တာန်၌ ဖြစ်ပေါ်လာကုန်၏။ (မဂ္ဂင်္ဂဒီပနီ)

ကိုယ်ကျိုးအမှန် "ဗုဒ္ဓသာသနာတော်၌ လိုရင်းပဓာနကား ဤသမ္မာဝါယာမပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်အတွင်း၌ ကြဲကြိုက်ကြရကုန်သော လူ ရှင် ရဟန်း သူတော်ကောင်းတို့မှာ မဂ္ဂင်ရှစ်ပါးကို ရှုပွားအားထုတ်ခြင်းဟူသော သမ္မာဝါယာမကိစ္စ တစ်ခုတည်း သာလျှင် ကိုယ်ကျိုး၊ ကိုယ်စီးပွား အမှန် ဖြစ်ချေသည်ဟု သိမြင်ကြရကုန်၏။ တစ်ပါးသော လူ့ကိစ္စ၊ ရှင့်ကိစ္စများသည် မနေသာ၊ မလွဲသာ၊ မရှောင်သာလှ၍ ပြုလုပ်ကြရသော ဗာဟိရ အပကိစ္စမျိုးမျှသာ ဖြစ်ချေ၏ဟု သိမြင်ကြရကုန်၏။ သိမြင်ကြပါကုန်လော့"

၇။ သမ္မာသတိ သမ္မာသတိသည် -

၁။ မိမိ၏ ရုပ်အပေါင်းအစုဟူသော ရူပကာယ ခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကျပ်အတည်း ဖွဲ့ချည်ထားကာ အထပ်ထပ် ရှုပွားခြင်း ကာယာနုပဿနာ သတိပဋ္ဌာန်။

၂။ မိမိသန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲ ဖြစ်၍နေသော ဝေဒနာအပေါင်း၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကျပ်အတည်း ဖွဲ့ချည်၍ အထပ်ထပ် ရှုပွားခြင်း ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

၃။ မိမိ သန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲ ဖြစ်၍နေသော လောဘနှင့် ယှဉ်သောစိတ်၊ ဒေါသနှင့် ယှဉ်သောစိတ် စသော စိတ်အမျိုးမျိုးတို့၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကျပ်အတည်း ဖွဲ့ချည်၍ အထပ်ထပ် ရှုပွားခြင်း စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ မိမိ သန္တာန်မှာရှိနေသော ကာမစ္ဆန္ဒ၊ ဗျာပါဒစသော တရားတို့၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကျပ်အတည်း ဖွဲ့ချည်၍ အထပ်ထပ် ရှုပွားခြင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ လေးပါး အပြားရှိ၏။

ဤကား သိလွယ်ရန် ဝေဖန်ပြသော သတိပဋ္ဌာန်လေးပါးတည်း။ လေးပါးဆိုသော်လည်း အာရုံ၏ လေးမျိုး ပြားခြင်း၊ ယူပုံ အခြင်းအရာ၏

http://www.dhammadownload.com

လေးမျိုးပြားခြင်း၊ ကိစ္စ၏ လေးမျိုးပြားခြင်းတို့ကြောင့် သတိပဋ္ဌာန် လေးမျိုးပြားရသည်။ တရားကိုယ်မှာ သတိစေတသိက် တစ်ပါးသာတည်း။
(မဂ္ဂင်္ဂဒီပနီ)

ဝိပွလ္လာသနှင့် ပယ်ရှားခြင်း ချဉ်းအံ့၊ လောကဌ် ဖောက်ပြန်မှားယွင်းမှုကို ဝိပွလ္လာသဟု ခေါ်၏။ ယင်း ဝိပွလ္လာသသည် -
၁။ နိစ္စဝိပွလ္လာသ၊ ၂။ သုခဝိပွလ္လာသ၊ ၃။ အတ္တဝိပွလ္လာသ၊ ၄။ သုဘဝိပွလ္လာသဟု လေးမျိုးရှိ၏။ ယင်းတွင် -

အနိစ္စအမှန်ဖြစ်သော ရုပ်နာမ်တရားဌ် နိစ္စဟု ထင်မှားမှုသည် 'နိစ္စဝိပွလ္လာသ' တည်း။ (၁)

ဒုက္ခ အမှန်ဖြစ်သော ရုပ်နာမ်တရားဌ် သုခဟု အထင်မှားမှုသည် 'သုခ ဝိပွလ္လာသ' တည်း။ (၂)

အနတ္တ အမှန်ဖြစ်သော ရုပ်နာမ်တရားဌ် အတ္တဟု အထင်မှားမှုသည် 'အတ္တ ဝိပွလ္လာသ' တည်း။ (၃)

အသုဘ အမှန်ဖြစ်သော ရုပ်နာမ်တရားဌ် သုဘဟု အထင်မှားမှုသည် 'သုဘ ဝိပွလ္လာသ' တည်း။ (၄)

သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို ရှုပွားသော ယောဂီပုဂ္ဂိုလ်သည် ယင်း ဝိပွလ္လာသတရားတို့ကို ထိုက်သလို ပယ်ရှားနိုင်၏။ ထင်စွာ ပြဦးအံ့။

၁။ ဆံပင်၊ အမွေး စသော ကောင္မာသပညတ်တို့ကို အာရုံပြု၍ အသုဘအခြင်းအရာ ပေါ်လာအောင် အထပ်ထပ် ရှုပွားသောအခါ မတင့်တယ် ရွံဖွယ်ဖြစ်သော အသုဘ အခြင်းအရာ ထင်လာသောကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်သည် သုဘ ဝိပလ္လာကို ပယ်ရှားခြင်း ကိစ္စ ရှိ၏။

၂။ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာတို့ကို ရှုသောအခါ အဖြစ်အပျက်ဒဏ်ကို အမြဲ ခံနေရပုံကို တွေ့မြင်ရသဖြင့် ကြောက်မက်ဖွယ် ဘေးဒုက္ခဟူ၍ ထင်လာသောကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် သုခဝိပလ္လာသကို ပယ်ရှားခြင်း ကိစ္စရှိ၏။

http://www.dhammadownload.com

၃။ စိတ်တို့ကို ခွဲခြားလျက် ဆင်ခြင် ရှုပွားသောအခါ စိတ်အမျိုးမျိုး ပြောင်းလွဲ ဖြစ်ပျက်နေပုံကို သေချာစွာ သိရှိ တွေ့မြင်ရသဖြင့် အနိစ္စ အခြင်းအရာ လွန်စွာ ထင်လာသောကြောင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် နိစ္စဝိပလ္လာသကို ပယ်ရှားခြင်း ကိစ္စ ရှိ၏။

၄။ ပရမတ် ရုပ်နာမ် ဓမ္မတို့ကို အဖန်ဖန် အာရုံပြုလျက် ရှုပွားသောအခါ အရာရာ ကိစ္စတို့၌ ယင်း ပရမတ် ရုပ်နာမ် ဓမ္မများသာ ရွက်ဆောင်လျက်နေ ကြောင်း၊ ပရမတ် ရုပ်နာမ် ဓမ္မတွေချည်းသာ ထင်းရှားရှိကြောင်းကို သိရ၍ စီမံနိုင်သော အတ္တ အကောင်ကလေး မရှိဟူသော အနတ္တအခြင်းအရာ လွန်စွာ ထင်လာသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် အတ္တဝိပလ္လာသကို ပယ်ရှားခြင်း ကိစ္စ ရှိ၏။ (သင်္ဂြိဟ်ဘာသာ ဋီကာ)

သတိပဋ္ဌာန်အလုပ် မိမိ ခန္ဓာကိုယ်ကို ရူပကာယတစ်မျိုး၊ ဝေဒနာကာယတစ်မျိုး၊ စိတ္တကာယတစ်မျိုး၊ ဓမ္မကာယတစ်မျိုးဟု လေးစု၊ လေးပုံပြု၍ ထားပြီးလျှင် မိမိအားထုတ်နိုင်မည်ဟု ပိုင်းခြားထားရာ နာရီ မိနစ်အတွင်း၌ မိမိခန္ဓာကိုယ်မှ အပအာရုံသို့ မိမိစိတ်ကို မထွက်မသွားစေမူ၍ ထိုလေးပါးသော မိမိအတွင်း အဖြတ္တကာယတို့တွင် တစ်ပါးပါး၌သာလျှင် သတိတည်းဟူသော ကြိုးလွန်ဖြင့် ဖွဲ့ချည်ထား၍ ဘဝအစက် စက်တို့က အစဉ်ပါလာသော ဝိပွလ္လာသစိတ်ရူး၊ စိတ်နောက်၊ စိတ်ပူ၊ စိတ်လောင်တွေ ပျောက်ငြိမ်းအောင် ပြုမူကို "သတိပဋ္ဌာန်အလုပ်"ဟု ဆိုသည်။ တရားအားထုတ်သည်ဟု ဆိုသည်။ (မဂ္ဂင်္ဂဒီပနီ)

၁။ သမ္မာသမာဓိ သမ္မာ သမာဓိသည်

၁။ ပထမစျာန် သမာဓိ၊ ၂။ ဒုတိယစျာန် သမာဓိ၊ ၃။ တတိယစျာန် သမာဓိ ၄။ စတုတ္ထစျာန် သမာဓိဟူ၍ လေးမျိုးပြား၏။ ယင်းတို့ အကျယ်ကို မူ ဝိသုဒ္ဓိမဂ်တွင် ရှုပါ။ ကျယ်လွန်း၍ ဤတွင် မပြတော့ပါ။

http://www.dhammadownload.com

မဂ်မည်ပုံ နိဗ္ဗာန် မဂ္ဂတိ ဂစ္ဆေသတိတိ မဂ္ဂေါ = နိဗ္ဗာန်ကို အာရုံပြု သဖြင့် ရှာမှီးတတ်သောကြောင့် မဂ်မည်၏။ (နိဗ္ဗာန်ကို အာရုံပြုတတ်သည်ကိုပင် ရှာမှီးတတ်သည်ဟု ဆို၏။)

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂိယတိ ဂစ္ဆေသိယတိတိ မဂ္ဂေါ = နိဗ္ဗာန်ကို အလိုရှိကုန်သော အမျိုးကောင်း သားသမီးတို့သည် အာရုံပြုသဖြင့် သွားတတ်သောကြောင့် မဂ်မည်၏။ (မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် ကျင့်အပ်သည်ကိုပင် ရှာမှီးအပ်သည်ဟု ဆို၏။)

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ = ကိလေသာတို့ကို သတ်ဖြတ်လျက် နိဗ္ဗာန်ကို အာရုံပြုသဖြင့် သွားတတ်သောကြောင့် မဂ်မည် ၏။ (နိဗ္ဗာန်ကို အာရုံပြုလျက် ကိလေသာတို့ကို သတ်ဖြတ်လျက် သွားသည် ဟု ဆို၏။)

ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိဂေါ၊ မော စ သော ဂေါ စာ တိ မဂ္ဂေါ = ကိလေသာတို့ကို သတ်ဖြတ်တတ်သောကြောင့် 'မ' မည်၏။ နိဗ္ဗာန်သို့ သွားတတ်သောကြောင့် 'ဂ' မည်၏။ ထိုမဂ္ဂင်ရှစ်ပါးသည် ကိလေသာတို့ကိုလည်း သတ်ဖြတ်တတ်၊ နိဗ္ဗာန်သို့လည်း သွားတတ်သော သတ္တိနှစ်ပါးကြောင့် မဂ်မည်၏။ (သစ္စပါရဂူ)

မဂ္ဂင်ခေါ်ပုံ သောတာပတ္တိမဂ်စသော မဂ်တစ်ပါးပါးကို ရရှိရန် အားထုတ်ရာ၌ လိုအပ်သောအရာများ၏ အစိတ်အပိုင်းတစ်မျိုးမျိုးကို မဂ္ဂင်္ဂံ = မဂ္ဂ + အင်္ဂံ = မဂ်၏ အင်္ဂါ = မဂ္ဂင်ဟူ၍ ခေါ်သည်။ သို့ဖြစ်၍ သောတာပတ္တိမဂ်စသော မဂ်တစ်ပါးပါးကိုရရန်အားထုတ်သူယောဂီသည် အင်္ဂါရှစ်ပါးနှင့် ညီညွတ်ပြည့်စုံစွာ အားထုတ်ရမည်။

အင်္ဂါရှစ်ပါးဟူသည် ဖော်ပြခဲ့ပြီး မဂ္ဂင်ရှစ်ပါးပင် ဖြစ်၏။ မှန်၏။ သမ္မာဒိဋ္ဌိစသော တစ်ပါးပါးစီသည် မဂ္ဂင်ဖြစ်၍ ရှစ်ပါးလုံး ပြည့်စုံလျှင် မဂ်ဖြစ်၏။ သောတာပတ္တိမဂ်စသည်ကို ရ၏။

သောတာပတ္တိမဂ်စသော မဂ်တစ်ပါးပါးကို ရရန် အားထုတ်လိုသူသည်

http://www.dhammadownload.com

အင်္ဂါရုစ်မျိုးရှိသော မဂ္ဂင်ရုစ်ပါးနှင့် ညီညွတ်လာသည်အထိ အားထုတ်ရမည် ဖြစ်ရကား ယင်းအင်္ဂါရုစ်ပါး၏ အနက်အဓိပ္ပါယ် သဘောသဘာဝကို သိထားရန် လိုအပ်ပါ၏။

မဂ္ဂင်နှင့်သိက္ခာ မဂ္ဂင်ရုစ်ပါးတို့တွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးတို့သည် **'သီလက္ခန္ဓ မဂ္ဂင်'** မည်ကုန်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါးတို့သည် **'သမာဓိမဂ္ဂင်'** မည်ကုန်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးတို့သည် **'ပညာက္ခန္ဓမဂ္ဂင်'** မည်ကုန်၏။ (ဥပရိပဏ္ဏာသ)

မဂ္ဂင်ငါးပါး အားထုတ်သောအခါမူ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်နှစ်ပါးနှင့် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင်သုံးပါးအားဖြင့် မဂ္ဂင်ငါးပါးနှင့် အားထုတ်ရသည်။ သို့ဖြစ်၍ အားထုတ်နေစဉ်အခါ ယင်းမဂ္ဂင်ငါးပါး မိမိ သန္တာန်၌ ရှိ၊ မရှိ အမြဲ သတိပြုရမည်။ ယင်းမဂ္ဂင်ငါးပါးအားရှိလာလျှင် သီလမဂ္ဂင်သုံးပါးနှင့်တကွ မဂ္ဂင်ရုစ်ပါးပြည့်၍ မင်္ဂလာတော့၏။ ယင်းမဂ္ဂင်ရုစ်ပါးတွင်-

မဂ္ဂင်၏စွမ်းအင် ၁။ သီလဖြင့် တောဝိန္ဒာ၏ ဥပနိဿယအကြောင်းကိုပြ၏။ သမာဓိဖြင့် အဘိညာဏ် ၆ ပါး၏ ဥပနိဿယ အကြောင်းကိုပြ၏။ ပညာဖြင့် ပဋိသမ္ဘိဒါ လေးပါး၏ ဥပနိဿယ အကြောင်းကိုပြ၏။

၂။ သီလဖြင့် ကာမသုခလ္လိကာနုယောဂ အစွန်းကို ပယ်နိုင်ခြင်းကိုပြ၏။ သမာဓိဖြင့် အတ္တကိလမထာနုယောဂအစွန်းကို ပယ်နိုင်ခြင်းကိုပြ၏။ ပညာဖြင့် မဇ္ဈိမပဋိပဒါကို မှီဝဲနိုင်ခြင်းကိုပြ၏။

၃။ သီလဖြင့် အပါယ်ကို လွန်မြောက်နိုင်ခြင်းကို ပြ၏။ သမာဓိဖြင့် ကာမလောကကို လွန်မြောက်နိုင်ခြင်းကို ပြ၏။ ပညာဖြင့် ဘုံသုံးပါးကို လွန်မြောက်နိုင်ခြင်းကို ပြ၏။

http://www.dhammadownload.com

၄။ သီလဖြင့် ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်ခြင်းကို ပြ၏။ သမာဓိဖြင့် ကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်ခြင်းကို ပြ၏။ ပညာဖြင့် ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်ခြင်းကို ပြ၏။

၅။ သီလဖြင့် ဝီတိက္ကမကိလေသာကို ပယ်နိုင်ခြင်းကို ပြ၏။ သမာဓိဖြင့် ပရိယုဋ္ဌာန ကိလေသာကို ပယ်နိုင်ခြင်းကို ပြ၏။ ပညာဖြင့် အနုသယ ကိလေသာကို ပယ်နိုင်ခြင်းကို ပြ၏။

၆။ သီလဖြင့် ဒုစရိတသံကိလေသကို သုတ်သင်နိုင်ခြင်းကို ပြ၏။ သမာဓိဖြင့် တဏှာသံကိလေသကို သုတ်သင်နိုင်ခြင်းကို ပြ၏။ ပညာဖြင့် ဒိဋ္ဌိသံကိလေသကို ပယ်နိုင်ခြင်းကို ပြ၏။

၇။ သီလဖြင့် သောတာပန်၊ သကဒါဂါမ်ဖြစ်ကြောင်းကို ပြ၏။ သမာဓိဖြင့် အနာဂါမ်ဖြစ်ကြောင်းကို ပြ၏။ ပညာဖြင့် ရဟန္တာဖြစ်ကြောင်းကို ပြ၏။ (ဝိသုဒ္ဓိမဂ်)

အားထုတ်ရန်အစဉ် ရှေ့တွင် သစ္စာလေးပါးတို့၏ အနက်များကို ပြခဲ့ပြီ။ ယင်းတွင် ဒုက္ခသစ္စာ၏ အနက်လေးချက်ကား 'ပရိညာကိစ္စ'၏ အချက်တည်း။ သမုဒယသစ္စာ၏ အနက်လေးချက်ကား 'ပဟာနကိစ္စ'၏ အချက်တည်း။ နိရောဓသစ္စာ၏ အနက်လေးချက်ကား 'သစ္ဆိကရဏကိစ္စ'၏ အချက်တည်း။ မဂ္ဂသစ္စာ၏ အနက်လေးချက်ကား 'ဘာဝနာကိစ္စ'၏ အချက်တည်း။ ယောဂီပုဂ္ဂိုလ်သည်ကား ဒုက္ခသစ္စာ၏ အနက်လေးချက်ကိုသာ ပိုင်နိုင်ထင်မြင်အောင် အားထုတ်ရာ၏။ ပိုင်နိုင်ထင်မြင်၍ ဒုက္ခသစ္စာ၌ ပရိညာကိစ္စ ပြီးစီးခဲ့လျှင် ကြွင်းသော သစ္စာသုံးပါးတို့၏ အနက် ၁၂ ချက်သည် အလိုလို ကိစ္စပြီးစီးကုန်၏။ တမင် အားထုတ်ဖွယ်ကိစ္စ မရှိကုန်။(စတုသစ္စဒီပနီ)

လက္ခဏာရေးသုံးပါး ဒုက္ခသစ္စာအနက်လေးချက်သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး၌ ပါဝင်လေ၏။ အနက်လေးချက်လုံး၏ ဒုက္ခလက္ခဏာရေး၌ အကုန်ဝင်၏။ ဝိပရိဏာမဒုက္ခ အနက် တစ်ခုသည် အနိစ္စလက္ခဏာရေးပင်တည်း။ အနိစ္စ၊ ဒုက္ခလက္ခဏာ နှစ်ပါး၌ ဝင်လျှင်လည်း အနတ္တ လက္ခဏာရေး၌ ဝင်တော့သည်။ ထို့ကြောင့်

http://www.dhammadownload.com

လက္ခဏာရေးသုံးပါး နေရာကျပြီးစီးခဲ့လျှင် သစ္စာအနက် ၁၆ ချက်သည် အလိုလို ပြီးစီးတော့၏။ (စတုသစ္စဒီပနီ)

တစ်ပါးဖြစ်ခြင်း လက္ခဏာရေးသုံးပါးသည် တစ်ပါးပါးနေရာကျ ပြီးစီးခဲ့သော် ကြွင်းသော နှစ်ပါးလည်း အလိုလို ပြီးစီးတော့၏။ လက္ခဏာရေး သုံးပါးတို့တွင်လည်း အနိစ္စလက္ခဏာရေး တစ်ခု သာ လိုရင်းဖြစ်ခြင်း ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်လည်း ဤသို့ ဟောတော်မူ၏-

"ချစ်သား မေဃိယ။ အနိစ္စသညာ ဖိုင်နိုင်သူအား အနတ္တသညာ အလိုလို တည်ထွန်း၏။ အနတ္တသညာ ဖိုင်နိုင်သူအား ခန္ဓာငါးပါး ရပ်နာမ် တရားတို့တို့ ငါ ငါဟူ၍ အထင်ကြီးခြင်းသည် ပျက်စီးတော့၏။ ယခု မျက်မှောက်ဘဝ၌ပင် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်၏။"
(အင်္ဂုတ္တရ ပါဠိတော်)

အနိစ္စလက္ခဏာ အနိစ္စလက္ခဏာရေးဆိုသည်ကား သေမှုမရှာ တည်း။ မိမိတို့၏ ခန္ဓာကိုယ် တစ်ကောင်လုံး၌ ရုပ်နာမ် နှစ်ရပ်လုံးမှာ မျက်တောင်တစ်ခတ်မျှ မလယ်၊ မစဲ၊ မရှာဘေးကဖယ် တိုက်နေသည်ကို အနိစ္စလက္ခဏာရေးဟု ဆိုသည်။ (စတုသစ္စဒီပနီ)

အနိစ္စဖြစ်ခြင်း-သာဓက ၁။ ရဟန်းတို့၊ တန်ဆောင်မုန်းလခေါင် လယ်သမား ကြီးသည် ကြီးစွာသော ထွန်ဖြင့် ထွန်လတ်သော် ဖွဲ့ယှက်တည်နေသော အမြစ်အားလုံးတို့ကို ဖြတ်လျက် ထွန်သကဲ့သို့။

၂။ ဖြူချဲ့ မြက်ရိတ်သမားသည် ဖြူချဲ့မြက်ကို ရိတ်၍ အဖျားမှ ကိုင်လျက် ခါရွ၊ ခါရမ်း၊ ခါပစ်သကဲ့သို့။

၃။ သရက်သီးခိုင်သည် အညာပြတ်ကျသော် အညာ၌ တွဲနေသော သရက်သီးအားလုံးတို့သည် အညာနောက်သို့ ပါကုန်သကဲ့သို့။

၄။ အထွတ်စာပ်သော အိမ်၏ အခြင်ရနယ်အားလုံးတို့သည် အထွတ်သို့ သက်ဝင်ကုန်၊ အထွတ်၌ ညွတ်ကုန်၊ ဆုံးကုန်၊ အထွတ်ကို ထိုအလုံးစုံ

http://www.dhammadownload.com

တို့၏ ထိပ်ဖျားဟု ဆိုရသကဲ့သို့၊

၅။ အမြစ်နှံ့သာ အားလုံးတို့တွင် အကြော်နှံ့သာကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊

၆။ အနှစ်နှံ့သာ အားလုံးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊

၇။ အပွင့်နှံ့သာ အားလုံးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊

၈။ အရန်မင်းငယ် အားလုံးတို့သည် စကြာဝတေးမင်း၏ နောက်လိုက်များ ဖြစ်ကြကုန်၏။ စကြာဝတေးမင်းကို ထိုမင်းငယ်တို့ထက် အမြတ်ဆုံးဟု ဆိုရသကဲ့သို့။

၉။ ကြယ်တာရာအပေါင်းတို့၏ အရောင်အားလုံးသည် လရောင်၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်မျှ တန်ဖိုးမရှိ၊ လရောင်ကို ထိုအရောင်တို့ထက် အမြတ်ဆုံးဟု ဆိုသကဲ့သို့၊

၁၀။ တန်ဆောင်မုန်းလအခါ၌ ကောင်းကင်သည် တိမ်ကင်းစင်သဖြင့် မြင့်လတ်သော် နေသည် ကောင်းကင်သို့ တက်လျှက် ကောင်းကင်၌ရှိသော အမှောင်အားလုံးကို ပယ်ခွင်း၍ တောက်ပလည်း တောက်ပ၏။ ပူလည်း ပူ၏။ တင့်တယ်လည်း တင့်တယ်သကဲ့သို့ -

"ရဟန်းတို့ ဤအတူပင် မမြဲဟူသော အမှတ် = အနိစ္စသညာကို ပွားများလေ့လာအပ်သော် ကာမတို့၌ စွဲမက်မှု ကာမရာဂ၊ ရုပ်၌စွဲမက်မှု၊ ရူပရာဂ၊ ဘဝ၌စွဲမက်မှု ဘဝရာဂအာလုံးကို ကုန်စေနိုင်၏။ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏။ ငါ ဟူသော မာနအားလုံးကို ကုန်စေနိုင်၏။" (ခန္ဓသံယုတ်)

ကြိုးအားသဲပါလော့ "အို စာရှုသူ၊ ဦးခေါင်း၌ လောင်မီး တဟုန်းဟုန်း ကျလောင်၍ နေသူ၊ ရင်ဝ၌ ထက်လှစွာသော လှံကြီးတန်းလန်းစူးစိုက်နေသူအား ထိုမီးကို ငြိမ်းစေမှု၊ ထိုလှံကြီးကို နုတ်ပယ်မှုမှတစ်ပါး ကိစ္စတစ်ခု ပြုစလောက်သော အခွင့်မရှိသကဲ့သို့ ယခုအခါ၌လည်း စာရှုသူ၏ စိတ်နှလုံး၌ အစဉ်ထာဝရ ကျလောင်စူးစိုက်ကာ ပါရှိနေသော သက္ကာယဒိဋ္ဌလောင်မီး၊ သက္ကာယဒိဋ္ဌ လှံကြီးကို ငြိမ်းသတ် ပယ်နုတ်ရန်

http://www.dhammadownload.com

ရှေ့ပိုင်းလာ အလုပ်စခန်းများမှ ကြိုက်နှစ်သက်ရာ အလုပ်စခန်း တစ်ခုကို အနီစွဲသညာထင်မြင်အောင် အားထုတ်စွဲမြဲ ကြိုးစားအားခဲပါလော့"

ကြီးပွားမြင့်မြတ်စေရာ၏ မဂ္ဂသစ္စာသည် - ၁။ ဥပ္ပာဒဘာဝနာ၊ ၂။ ဝယုနဘာဝနာဟူ၍ ဘာဝေတဗ္ဗကိစ္စနှစ်ပါးရှိ၏။ ယင်းတွင် -

၁။ မဂ္ဂင်ရှစ်ပါးတို့ကို မိမိသန္တာန်၌ မပျက်မစီး ဖြစ်စေခြင်းသည် ဥပ္ပာဒဘာဝနာ မည်၏။

၂။ တစ်နေ့ထက်တစ်နေ့ မဂ်ဉာဏ်ကို မရလျှင် ရအောင် ပွားစေခြင်းသည် ဝယုနဘာဝနာမည်၏။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးတို့တွင် သီလကွန္ဓမဂ္ဂင်ကို ရှေးဦးစွာ ဖြစ်စေလျက် သမာဓိကွန္ဓမဂ္ဂင်၊ ပညာကွန္ဓမဂ္ဂင်တို့ကို ပွားစေရာ၏။

တစ်နည်းဆိုသော် - မဂ္ဂင်ရှစ်ပါးတို့တွင် သီလကွန္ဓမဂ္ဂင်သုံးပါးသည် ဝိရတိဘာဝနာမည်၏။ သမာဓိမဂ္ဂင်သုံးပါးသည် ဧကဂ္ဂတာ ဘာဝနာမည်၏။ ပညာကွန္ဓမဂ္ဂင်နှစ်ပါးသည် ဒဿနဘာဝနာမည်၏။ ထို့ကြောင့် ဝိရတိဘာဝနာကို ရှေးဦးစွာ ဖြစ်စေလျက် ဧကဂ္ဂတာ ဘာဝနာ၊ ဒဿနဘာဝနာတို့ကို ကြီးပွားမြင့်မြတ်စေရာ၏။ (သစ္စပါရဂူ)

နိဂုံး

ရေးစရေးပြီးချိန် ဤမျှသော စကားအစဉ်ဖြင့် ရေးမြို့နေ ဒေါက်နှိုးရီ၊ အစင်ရွာ ဦးမွန်စိန်၊ ဒေါနှင်းရှိန်မိသားစု၊ ကိုဘဟုန်-မလုံ မိသားစုနှင့် မလုံ-ညီမ မခင်အေးတို့သည် သဒ္ဓါကြည်ဖြူ ဆောက်လုပ်လှူဒါန်းအပ်သော မွန်စိန် တောရကျောင်း၌ သီတင်းသုံးနေထိုင်စဉ် ၁၃၃၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၉-၆-၇၅) တနင်းလာနေ့ နံနက်မှစတင်၍ ရေးသားအပ်သော ဤ **ဘာဝနာဝတ္ထု**သည် ၁၃၃၇ ခုနှစ်၊ ဝါဆိုလပြည့် (၂၂-၇-၇၅) အင်္ဂါနေ့ နေ့လည် ၁၂ နာရီတိတိ အချိန်တွင် ဘေးမသီ၊ ရန်မခ အန္တရာယ် မမြွေးယှက် ဘဲပလီဗောဓ ကြောင့်ကြမရှိ၊ စိတ်နှလုံးအလို ပြည့်ဝစွာနှင့် ဝါတွင်းသုံးလ တရားရှုပွား အားထုတ်နိုင်ရေး အခွင့်ပေးသောအနေ အဆုံးခန်းတိုင်မြောက်

http://www.dhammadownload.com

အပြီးရောက်ပါပေသတည်း။

ကျေးဇူးဆပ်ပါ၏ ဤ ဘာဝနာဝတ္ထုကို ရေးသားရသော ကောင်းမှု များဖြင့် မိမိအပေါ်တွင် ကျေးဇူး ဥပကာရ အထူး ရှိကြပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ-ရဟန်းအမများ၊ ပစ္စည်းလေးပါး ဒကာ-ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဃာ အများတို့အား ကျေးဇူးတုန့်ပြန်ဆပ်ပါ၏။

အမျှဝေပါ၏ ဤ ဘာဝနာ ဝတ္ထုကို ရေးသားရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို "မြင့်မိုရ် စက္ကဝါ၊ ပမာဆယ်စု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော် ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ-ဒါယိကာမ၊ ဂေါစရဂံ၊ နိယံမပြတ်၊ နိစ္စဒဒဲဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကြုံးလုံးစုံ၊ နိဂုံးဇနပဒ၊ ဝေနိုးစသည်၊ ရှိကြထိုထို၊ များလူဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မ-ရုက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ္ဓိ၊ ပုညဇိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ ဂဠန္ဓစိတ္တ၊ စသည့်တွက်ဘွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အင္ဒဝိသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြိတတွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ငြားတတ်သည့်၊ မဏိမေခလ၊ နတ်မယ်လှနှင့်၊ ဒသဏ္ဍသရ၊ လောကသဟတ်၊ ဝန်းပတ်ရံခြုံ၊ မဟာဖြုံတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဘွားရေပေါက်၊ ထိုရွှေလောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံထင်အား၊ အကြင်ရှိသမျှ မကြဲရအောင်၊ စေ့ငှမသွေ၊ 'အမျှ-အမျှ-အမျှ ဝေသည်' ရစေငါနှယ် အတူတည်း" ('မဃဒေဝ' ကို အနည်းငယ် ပြင်သည်)

ဆုတောင်းလွှာ ဤ ဘာဝနာ ဝတ္ထုကို ရေးသားရကြောင့် ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုဓာ ဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်း သိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါ အများကို တရားစည်

http://www.dhammadownload.com

ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော်၊ ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

တောင်းပန်တိုက်တွန်းလွှာ ဤ ဘာဝနာ ဝတ္ထုဥဿ တိမိးပါးချုတ်ချော်၊ မလျော်ကန်ရာ၊ အဖြာဖြာတို့၊ အကယ်စင်စစ်၊ သတိလစ်ကာ၊ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။ ဗုဒ္ဓမိန့်ဟာ၊ လမ်းစဉ်ကျသည့် အပြစ်ကင်းပ၊ လမ်းပြဒေသနာ၊ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ်သတိချပ်၍၊ မပြတ်ပုံသေ၊ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ဓမ္မဒူတ-အရှင် ပညာဓောတ
ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရိပဝရ ဓမ္မာစရိယ
၁၃၃၇ ခုနှစ်၊ ဝါဆိုလပြည့်
(၂၂-၇-၇၅)